ဓိပဘာနဝတ္ထုကောင်းကြီး

(ပြင်းကောလေးနန်)

မကွေးမြို့ ရေအောင့်တိုက်နယ်
မြို့ဝန်ရာလျှင် ဘွားရာဇာတိ
ပဝတ္တိ ရန်ကုန်မြို့

J/90

သရက်တောကျောင်းတိုက်

မြို့ဝိဆရာတော် ဦးဇေယျသေန အရှင်သူဖြတ်

ရေးသားတော်မူသော

ဝိမာနဝတ္ထုတော်ကြီး

မိဘမေတ္တာ-ဦးမောင်ကြီး
ကြီးကြပ်ပြင်ဆင်သည်။

☆

မိဘမေတ္တာရှေတံဆိပ်ပုံနှိပ်တိုက်
အမှတ် ၂၇၊ ဗဟန်းလမ်းမကြီး
ရန်ကုန်မြို့။

၁၃၂၂ ခု၊ နတ်တော်လ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

ဗုဒ္ဓဘာသာတော်ကြီး

ဦးဒန်

ဗီဘမေဇ္ဇာရွှေတံဆိပ်ပုံနှိပ်တိုက်

မာတိကာ

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁။	နိဒါန်းအကြောင်း	၁
၂။	ပဏာမအကြောင်း	၅
၃။	ထိုင်ခုံအင်းပျဉ်ငယ်လှူ၍ နတ်သင်္ဃီးဖြစ်သော ပထမ ဝိဇ္ဇာရှေ့ပလွင်ပျံနတ်သူ့ဝတ္ထု။	၆
၄။	ပလွင်ပျံနတ်သင်္ဃီးဝတ္ထု၊ ဒုမ္မတ်သားဘွယ်အထူးမျှား	၁၂
၅။	ဒုတိယမြပလွင်ပျံနတ်သင်္ဃီးဝတ္ထု။	၁၄
၆။	တတိယရှေ့ပလွင်ပျံနတ်သင်္ဃီးဝတ္ထု။	၁၆
၇။	စတုတ္ထပလွင်ပျံနတ်သင်္ဃီးဝတ္ထု။	၁၈
၈။	ကုဋ္ဌရေဝိမာန-ဆင်ပျံနတ်သင်္ဃီးဝတ္ထု။	၁၉
၉။	နာဝါဝိမာန လှေယာဉ်ပျံစီးနတ်သင်္ဃီးဝတ္ထု၊ ရေလှူသောအကျိုး	၂၁
၁၀။	ဒုတိယလှေယာဉ်စီးနတ်သင်္ဃီးဝတ္ထု။	၃၂
၁၁။	တတိယလှေယာဉ်စီးနတ်သင်္ဃီးဝတ္ထု။	၃၃
၁၂။	ဇောတိရသနတ်သင်္ဃီးဝတ္ထု၊ ဆီမီးလှူခြင်းအကျိုး	၄၀
၁၃။	တိသဒေဝီနတ်သင်္ဃီးဝတ္ထု၊ နှမ်းတလက်ခုပ်လှူခြင်းအကျိုး	၄၃
၁၄။	ပတိဗ္ဗတာဒေဝီနတ်သင်္ဃီးဝတ္ထု-လင်ဝတ်ကြောသော မိန်းမအကြောင်း	၄၆
၁၅။	ဒုတိယပတိဗ္ဗတာဒေဝီနတ်သင်္ဃီးဝတ္ထု။	၄၉
၁၆။	သုဏိသာနတ်သင်္ဃီးဝတ္ထု၊ မုံ့လှူခြင်းအကျိုး	၅၁
၁၇။	ဒုတိယသုဏိသာနတ်သင်္ဃီးဝတ္ထု၊ မယောမုံ့လှူခြင်းအကျိုး	၅၂
၁၈။	ဥက္ကာရနတ်သင်္ဃီးဝတ္ထု။	၅၄
၁၉။	ဃိဏမာနတ်သင်္ဃီးဝတ္ထု။	၆[illegible]
၂၀။	ကောသကာရီနတ်သင်္ဃီးဝတ္ထု။	၇၃
၂၁။	ဒီဃိတေဒီ-ဘွဲ့နှိမ့နတ်သင်္ဃီးဝတ္ထု။	၇၇
၂၂။	ပေခမာနတ်သင်္ဃီးဝတ္ထု။	၀[illegible]
၂၃။	အ ဗေဒါယိကာနတ်သင်္ဃီးဝတ္ထု၊ ထမင်းချိုးလှူသော အကျိုး	၀၇
၂၄။	မြတ်စွာဘုရားကို တကြည်ညီရှိခိုးကာမှ နတ်သင်္ဃီးဖြစ်သော စဏ္ဍာလီနတ်သင်္ဃီးဝတ္ထု။	၉[illegible]

မာတိကာ

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၂၅။	ဘဒ္ဒိယိနတ်သမီးဝတ္ထု	၁၀၀
၂၆။	သောဏဒိန္နာနတ်သမီးဝတ္ထု	၁၀၆
၂၇။	ဥပေါသထာနတ်သမီးဝတ္ထု	၁၀၉
၂၈။	နိဒ္ဒါနတ်သမီးဝတ္ထု	၁၁၃
၂၉။	ဘိက္ခာဒါယိကာနတ်သမီးဝတ္ထု	၁၁၄
၃၀။	ဒုတိယဘိက္ခာဒါယိကာနတ်သမီးဝတ္ထု	၁၁၆
၃၁။	ဥဋ္ဌာရေနတ်သမီးဝတ္ထု	၁၁၇
၃၂။	ဥဿုံ့ဝိမာနနတ်သမီးဝတ္ထု-ကြီတချောင်းလှူခြင်းအကျိုး	၁၂၀
၃၃။	ပလ္လင်ဝိမာနနတ်သမီးဝတ္ထု	၁၂၇
၃၄။	ဝေဿဝဏနတ်မင်းကြီးသမီးဖြစ်သောလတာနတ်သမီး ဝတ္ထု၊ လင်ကိုရိုသေစွာကျင့်ခြင်းအကြောင်း	၁၃၁
၃၅။	အလောင်းတော်ဂုတ္တိလစောင်းဆရာ၏ဝတ္ထု	၁၄၀
၃၆။	ဘဒ္ဒါနှင့်သုဘဒ္ဒါနတ်သမီးညီအမနှစ်ယောက်ဝတ္ထု	၁၅၆
၃၇။	ပေသဝတီနတ်သမီးဝတ္ထု	၁၆၅
၃၈။	ဗန္ဓုလစစ်သူကြီးမယားမလ္လိကာနတ်သမီးဖြစ်ကြောင်း	၁၇၂
၃၉။	သုနန္ဒာနတ်သမီးဝတ္ထု-စေတိကိုပန်းပူဇော်ခြင်းအကျိုး	၇၅၉
၄၀။	ပါရိဆတ္တကနတ်သမီးဝတ္ထု -ပန်းပူဇော်ခြင်းအကျိုး	၁၇၁
၄၁။	နိသောဖလိဗိမာန်ခ်ိုခံစားရသော မဇ္ဇဋ္ဌကနတ်သမီးဝတ္ထု	၁၈၂
၄၂။	ပြိုးပြိုးပြက်မျှအရောင်ထွက်သော ပဘာသရနတ်သမီးဝတ္ထု	၁၈၅
၄၃။	ဆင်ဗျုံရတနာစီးသော ယသတ္တရာနတ်သမီးဝတ္ထု သက်နီးဖွဲ့ရုံလှူခြင်းအကျိုး	၁၈၇
၄၄။	အလောမနတ်သမီးဝတ္ထု မုံ့ချောက်လှူခြင်းအကျိုး	၁၉၁
၄၅။	ပုံးရည်လှူသောကိန္ဒိုကဒါယိကာနတ်သမီးဝတ္ထု	၁၉၂
၄၆။	ပဇ္ဇာရုံကျောင်းအမဝိသာခါနတ်သမီးနှင့်မိတ်ဆွေနတ်သမီး ဝတ္ထု၊ သာဓုခေါ်ခြင်းအကျိုး	၁၉၅
၄၇။	ပန်းလှူသောနတ်သမီးလေးယောက်ဝတ္ထု	၂၀၃
၄၈။	သရက်တောဘုံဗိမာန်နတ်သမီးဝတ္ထု	၂၀၆
၄၉။	ဘွေနတ်သမီးဝတ္ထု	၂၀၈

မာတိကာ

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၅၀။	ရဟန်းတို့အား လက်အုပ်ချီ၍ဂါရိုးရုံမှ ဖြင့်နတ်ပြည်ဌ ဖြစ်သော ဝန္ဒနာနတ်သွီးဝတ္ထု	၂၁၄
၅၁။	ရဇ္ဇုမာလိနတ်သွီးဝတ္ထု-အစေခံကွန်မဂ္ဂိန္ဒိပ်စက်၍ ဗိပါက်လယ်ကြောင်း	၂၁၅

ပုရိသဝိမာနဝတ္ထု၊ မာတိကာ

၅၂။	မဏ္ဍူကဘားနတ်သားဝတ္ထု-တရားနာခြင်းအကျိုး	၂၃၁
၅၃။	နန္ဒိယနတ်သားဝတ္ထု	၂၃၆
၅၄။	ဆတ္တမာဏဝနတ်သားဝတ္ထု	၂၅၂
၅၅။	ဖွေပုဇွန်နတ်သားဝတ္ထု	၂၆၂
၅၆။	တံခါးစောင့်နတ်သားဝတ္ထု	၂၆၅
၅၇။	ကရဏီယနတ်သားဝတ္ထု	၂၆၈
၅၈။	ဒုတိယ ကရဏီယနတ်သားဝတ္ထု	၂၆၉
၅၉။	အပ်လှူသောနတ်သားဝတ္ထု၊ အပ်လှူသောအကျိုး	၂၇၀
၆၀။	ဒုတိယအပ်လှူသောနတ်သားဝတ္ထု	၂၇၂
၆၁။	ဆင်ပျံခြီးနတ်သားဝတ္ထု	၂၇၃
၆၂။	ဒုတိယဆင်ပျံခြီးနတ်သားဝတ္ထု	၂၇၅
၆၃။	ကြီးခေါင်းစောင့်နတ်သားဝတ္ထု	၂၇၈
၆၄။	ရူဇ္ဇရထနတ်သားဝတ္ထု	၂၈၂
၆၅။	မဟာရထဝိမာနဂေါပါလနတ်သားဝတ္ထု	၂၉၄
၆၆။	အိမ်ထောင်ရုံနတ်သားဝတ္ထု	၃၀၄
၆၇။	ဖလဒါယကနတ်သားဝတ္ထု	၃၀၆
၆၈။	အာဝန္ဒနဟု ရဟန်းတပါးအား တည်ညီမှုတည်းဌာနနှင့် အိမ်ခံတာဝီဍင်းကို ကျောင်းကဲ့သို့လှူ၍ နတ်သားဖြစ်သော မောဂ်နှုံရုံနတ်သားဝတ္ထု	၃[illegible]
၆၉။	ရဟန်းအမျှားကိုတည်းခိုရန်လှူသော ပုတ်ယမောဂ်နှုံ၏ နတ်သားဝတ္ထု	၃[illegible]

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၇၀။	ဆွမ်းတကြိမ်လောင်းသော ဘိက္ခုဒါယကာနှတ်သားဝတ္ထု	၃၁၄
၇၁။	မယောခင်းစောင့်နှတ်သားဝတ္ထု	၃၁၆
၇၂။	ကုဏ္ဍလိနှတ်သားဝတ္ထု	၃၁၈
၇၃။	ဥတ္တရနှတ်သားဝတ္ထု	၃၂၁
၇၄။	စိတ္တလတာနှတ်သားဝတ္ထု	၃၂၄
၇၅။	နန္ဒနနှတ်သားဝတ္ထု	၃၂၅
၇၆။	မဏိထူဏာနှတ်သားဝတ္ထု	၃၂၇
၇၇။	ရွှေတောင်ထိပ်ဗိမာန်ပျော်နှတ်သားဝတ္ထု	၃၂၉
၇၈။	သရက်ခြုံစောင့်နှတ်သားဝတ္ထု	၃၃၂
၇၉။	ဂေါပါလနှတ်သားဝတ္ထု	၃၃၆
၈၀။	ဖွားဘက်တော်ကဿကမြင်းနှတ်သားဝတ္ထု	၃၄၃
၈၁။	အနေကဝဏ္ဏနှတ်သားဝတ္ထု	၃၅၅
၈၂။	မဠဝကုဏ္ဍလိနှတ်သားဝတ္ထု	၃၅၉
၈၃။	အရှင်ဂဝံပတိထေရ်၏ဝတ္ထု	၃၆၇
၈၄။	ဆန်းကြယ်သောစကားဆိုတတ်သော ဇေတဒဏ်ရှ အရှင်ကုမာရကဿပထေရ်၏ဝတ္ထု	၃၇၀
၈၅။	အရှင်ကုမာရကဿပထေရ်သည် ရာဇညမင်းကို ဆန်းကြယ်စွာသော ပုံဥပမာတရားစကားကျိုးဖြင့် ဟောပြောကြောင်း	၃၇၆
၈၆။	ပါရာသိရာဇညနှတ်သားသည် ငါးပါးသိလမြဲသော သူဘိုးအား စောင့်ရှောက်သောအကြောင်း	၄၀၀
၈၇။	သုနိက္ခိတ္တနှတ်သားဝတ္ထု	၄၂၃
၈၈။	ကျမ်းပြီးနိဂုံး	၄၂၅



ဝိမာနဝတ္ထုတော်ကြီး

နိဒါန်း။

အွေရောင်၊ ငွေရောင်၊ စိန်ရောင်၊ မြရောင်၊ ပတ္တမြားရောင်ဖြင့်၊ ထွန်းပြောင်ပြိုးပြိုး၊ ဗိမာန်ကြီးဝယ်၊ နတ်သင်္ဃနတ်သား၊ စိတ်ပျော်ပါးရှိ စံစားကြသော စည်းစိမ်ချမ်းသာကြီးကျယ်ငံနှင့်တကွ ဝိမာနဝတ္ထုပါဠိတော်ကို၊ လက်ဝဲတော်ရှိန် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်နှင့်၊ မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း။ အနက်အဓိပ္ပါယ်တို့ကို၊ ဝိဇ္ဇာကတ်ကျမ်းစာများကို မသင်ကြားနိုင်သော မိန်းမကလေး များလည်း၊ ကြည့်ရှုဖတ်ကြားရုံမျှဖြင့် အလွယ်တကူသိနိုင်လောက်အောင်၊ မြန်မာစကားတို့ဖြင့် ထုတ်ဘော်ရေးသားဟောကြားပေအုံ့။

ရတနာသုံးပါးကိုရိုသေလေးမြတ်ကြကုန်သောအမျိုးကောင်းသို့ အမျိုးကောင်းသားတို့သည် ရိုသေစွာစိတ်ကိုထား၍၊ ဖတ်ကြားကြည့်ရှုကြလေကုန်လော့။ နာယူမှတ်သားကြလေကုန်လော့၊ လေးမြတ်စွာပူဇော်ကြလေကုန်လော့၊ ဝမ္မစေတီတော်ဖြစ်သော **ဝိမာနဝတ္ထုတရား**တော်ကို အိပ်ရာခေါင်းရင်းကထား၍ ကိုးကွယ်ကြလေကုန်လော့၊ ကောင်းသောသူတို့သည်ရင်း၊ မကောင်းသောသူတို့သည်ရင်း မည်သူမဆိုသေရမြဲသဘောတရားကို မလွန်နိုင်ကြကုန်။ သေပြီးသည့်နောက်၊ နတ်ပြည် လူ့ပြည်ကိုရောက်မည်လား၊ အပါယ်ကျမည်လား၊ ပင်းစားဆင်ခြင်ကြလေကုန်လော့။ အနည်းငယ်မျှသော ထမင်းချိုးကလေးကဲ့သို့သော ကုသိုလ်ဖြင့်လည်း နတ်သင်္ဃနတ်သားဖြစ်၍ ဗဟုဗိမာနဝတ္ထုနှင့် စံစားရှိနေရကုန်၏။

ဘဝအဝတ်သက်နေးကိုဇွဲလမ်းနှစ်သက်၊ ကတ်မက်သော အကုသိုလ်သည်လည်း၊ သနေးကြမ်းပိုး၊ ခြင်မှက်၊ ပိုးပဝက်ဖြစ်၍ အပါယ်သို့ကျရောက်ရကုန်တော့၏။ (ဘယ်သူမပြုဝံ့ပြီမှ၊ ကိုယ်ပြုမှ၊ ကိုယ်ချမ်ည်။ ကိုယ်ခန်ကို ကိုယ်ထမ်း၍၊ ကိုယ်လမ်းကို၊ ကိုယ်သွားသည်)ဟူသောပုံကြီးများ ဤစကားဖြင့်၊ ပြောကြားဆုံးမလေ့ရှိကြကုန်၏။ ထိုဟူသောပုံကြီးများ၏ စကားသည် တရားတော်နှင့် အလွန်ညီညွတ်သင့်ကျော်ခြင်းကို ဤဆိုသတန်သော ဂါထာကိုဖြင့်သိအပ်၏။ ။

နိဒါန်း။

ကမ္မုနှာ ဝတ္ထုတေ လောကော၊ ကမ္မုနှာ ဝတ္ထုတေ ပဇာ။
ကမ္မနိဗန္ဓနှာ သတ္တာ၊ ရထသာဏိဝ ယာယတော။
ကမ္မေန ကိတ္တိ လဘတေ ပသံသံ၊ ကမ္မေန ဇာနိဉ္စ ဝဓဉ္စဗန္ဓံ။
တံကမ္မနှာနှာကရဏံ ဝိဒိတ္ဝာ၊ ကဿ္စာဝဒေ နတ္ထိကမ္မတ္ထိ လောကေ။
ဇေဝမေတံယထာဘူတံ၊ ကမ္မံ ပဿန္တိ ပဏ္ဍိတာ။
ပဋိဋ္ဌ သမုပ္ပါဒဿ၊ ကမ္မဝိပါက ကောဝိဒါ။ ။

(မဇ္ဈိမပဏ္ဏာသ၊ ဝါသေဋ္ဌသုတ်-၃၉၄။ ဂင်းအဋ္ဌကထာ-၂၆၅။ အဋ္ဌသာလိနီ-၉၇။ မူလဋီကာ-၆၅။ ဤဂါထာတို့ကိုရှေအောင် ကျက်ထားကြ။ လောကော၊ လောကသည်။ - ကမ္မုနှာ၊ ကံကြောင့်။ ဝတ္ထုတေ၊ ဖြစ်၏။ ပဇာ၊ သတ္တဝါအပေါင်းသည်။ ကမ္မုနှာ၊ ကံကြောင့် ဝတ္ထုတေ၊ ဖြစ်၏။ ယာယတော၊ လိမ့်လည်၍သွားသော။ ရထသာ၊ လှည်းရထားကို။ အာဏိဝ၊ နှားစောင့်မယ်နှင့် စပ်၍ ဖြစ် သကဲ့သို့။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မနိဗန္ဓနှာ၊ ကံနှင့်စပ်၍ဖြစ်ကြကုန်၏။

ကမ္မေန၊ ကံကြောင့်။ ကိတ္တိ၊ မျက်ကွယ်အရပ်၊ နှုတ်စပ်ကျော်စောခြင်းကို။ လဘတေ၊ ရ၏။ ကမ္မေန၊ ကံကြောင့်။ ပသံသံ၊ မျက်မှောက်ရှေ့တွင်၊ ကြည်လင်နှုတ်ခွန်း၊ ချီးမွမ်းပြောဆိုခြင်းကို။ လဘတေ၊ ရ၏။ ကမ္မေန ကံကြောင့်။ ဇာနိဉ္စ၊ ဆုံးပါးနစ်နာခြင်းကိုလည်း။ ဝဓဉ္စ၊ သတ်ဖြတ်ခြင်းကိုလည်း။ ဗန္ဓဉ္စ၊ ကြိုးလွန်ထင်ပင်ထောင်၊ နှောင်ဖွဲ့ခြင်းကိုလည်း။ လဘတေ၊ ရ၏။ တံကမ္မနှာနှာကရဏံ၊ ထိုကံကြောင့် ထူးထွေဆန်းကြယ်စွာဖြစ်ပုံကို ဝါ၊ တူးထွေဆန်းကြယ်စွာ ဖြစ်ပုံကို သောက်ဆ၍၊ ကံ၏ဆန်းကြယ်ထူးထွေပုံကို။ ဝိဒိတ္ဝာ၊ သိ၍။ လောကေ၊ လောကဌ။ နတ္ထိကမ္မတ္ထိ၊ ကံမရှိဟူ၍။ ကဿ္စာဝဒေ အာဘဲ့ကြောင့်ဆိုနိုင်တော့မည်နည်း။

ဇေဝံ၊ ဤသို့ဟောတော်မူသည့်အတိုင်း။ ပဋိဋ္ဌသမုပ္ပါဒဿ၊ ပဋိဋ္ဌသမုဒ်ပါဒနည်းခို။ ကမ္မဝိပါကကောဝိဒါ၊ ကံအကျိုးနှစ်ပါးကိုနားလည်တတ်သိ လိမ်မာခြင်းရှိကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဇေတံ ကမ္မံ ထိုကံကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ ပဿန္တိ မြင်တော်မူကြပေကုန်၏။ **ကမ္မုနှာ ဝတ္ထုတေ+ +**ဟူသောဂါထာခို။ **ပထမ**ပါဒဖြင့်၊ **လောက**ကိုဖြတ်ကျော်ဘုန်းဆင်းသည်၊ ထာဝရဘုရားဘုန်းဆင်းသည်ဟူသော ဒိန္နာဘယူကိုသုတ်သင်၏။ ကံကြောင့်သာလျှင် ထိုထိုဘဝကြီးငယ်ခဲ့ဖြစ်၏။ ကံမှတပါးအခြားပယ်ဝန့်ဘုန်းဆင်းနိုင်မည်နည်း။

ဒုတိယပါဒဖြင့်၊ ကံကြောင့်ထိုထိုဘဝ၌ဖြစ်သော်လည်း၊ ပဝတ္တိ အခါ၊ အတိတ်ပစ္စုပ္ပန်စသည်ပြားဖသာ ကံကြောင့်ဖြစ်၍ ဟူသော အဓိပ္ပါယ်ကိုပြု၏။ (ယခုပစ္စုပ္ပန်ဘဝ၌၊ လယ်ကိုလုပ်၍လယ်သွားဖြစ်သည် ကုန်ကိုကူး၍ကုန်သည်ဖြစ်သည်။ ရဟန်းပြု၍ ရဟန်းဖြစ်သည်။ သူ့ ပစ္စည်းကိုလိမ်ယူ၍ လူလိမ်ဖြစ်သည်၊ ခိုးယူ၍ သူခိုးဖြစ်သည်။ ဥပသိ စောင့်သုံး၍ ဥပသိသည်ဖြစ်သည်၊ ဤသို့စသည်ကို ပစ္စုပ္ပန် ကံ ဟူ၍ ဆိုသည်)။ ။

တတိယပါဒဖြင့်၊ ထိုအနက်အဓိပ္ပါယ်ကိုနိဂုမ်းအုပ်၍ပြု၏။

စတုတ္ထပါဒဖြင့်၊ ရထားသွားသည်ရှိသော် နားစောင့်မယ်နှင့်စပ် ၍ဖြစ်သကဲ့သို့ ထိုအဘဝ၊ ပဋိသန္ဓေအားဖြင့်ရင်း။ ပဝတ္တိအားဖြင့်ရင်း။ ကံနှင့်စပ်၍ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုပြု၏ (နားစောင့်မယ်နှင့်မစပ်လျှင် ရထားလှည်းဘီးကျွတ်၍လည်းသကဲ့သို့၊ အတိတ်ပစ္စုပ္ပန်ကံနှင့် မစပ် လျှင် သတ္တဝါတို့မဖြစ်နိုင်။ လယ်မလုပ်ဘဲနှင့်လယ်သွားမဖြစ်နိုင်။ ကုန် မကူးဘဲနှင့် ကုန်သည်မဖြစ်နိုင်။ ရဟန်းမခံဘဲနှင့် ရဟန်းမဖြစ်နိုင်။ ပါရ ဇိကိုမဖြည့်ကျင့်ဘဲနှင့်နိဗ္ဗာန်ကိုမရနိုင်။ ကမ္မဋ္ဌာန်းမပွားပြုနိုးဘဲနှင့် ဈာန်မဂ် ဖလကိုမရနိုင် ဤသို့စသောအဓိပ္ပါယ်ကိုပြုတော်မူ၏)။ သူတော်ကောင်း အလုပ်ကိုလုပ်လျှင် သူတော်ကောင်းဖြစ်သည်။ သူယုတ်မာအလုပ်ကို လုပ်လျှင် သူယုတ်မာဖြစ်သည်။ သူတော်ကောင်းအလုပ်သည်ကောင်း သောကံဖြစ်၏။ သူယုတ်မာအလုပ်သည် မကောင်းသော ကံ ဖြစ် ၏။ ကောင်းသောကံကြောင့် နတ်ပြည်လူ့ပြည်သို့ရောက်သည်။ မကောင်း သောကံကြောင့်အပါယ်သို့ကျသည်။ ယခုအခါ၌ ကောင်းသော ကံကို ပြုခြင်းကြောင့် ကောင်းသောနတ်ပြည်ဝယ်၊ ကောင်းသောဘုံဗိမာန်ကြီး ၌ ကောင်းစွာစံစား၍နေရပုံအကြောင်းကို ကောင်းစွာပြဆိုရေးသား ဟောကြားပေအုံ့။ ကောင်းစွာကြည့်ရှု မှတ်သား၍ ကောင်းစွာပြုလုပ် ကြလေကုန်လော့။ ။

နာနာမာလေဟိ ခာရန္တာ၊ နာနာဒေဝန္တရာ သုဘာ။
နာနာဝဏ္ဏေဟိ ဘောဘန္တာ၊ နာနာဝဏ္ဏာ ပဘာဒနာ။
နာနာရတန ဝိစိတ္တံ၊ နာနာဝိမာန ဘူသိယံ။
နာနာကုသလ ကမ္မေန။ နာနာ နာမေဟိ ဝဏ္ဏရေ။ ။

နာနာမာလေဟိခာရန္တာ စပယ်ခေါင်းရန်း နှင်းပန်းကြက်ခုံး၊ ဂျုံ သရဖီ၊ နှင်းဆီမြတ်လေး ပျံ့နေးကြ။ လှိုင်၊ မြှင်မြှင်ဝေဝေ၊ အထွေ

နိဝါန်း။

ထွေအာသူးထူးသောပန်းတို့ကို ပန်ဆင်ကြကုန်လျက်၊ သုဘာ၊ လှပ ရင်ကျေး မြင်သူငေးမှ၊ အသွေးအဆင်၊ အသွင်အရောင်၊ ထွန်းပြောင်ဝင်းဝါ တင့်တယ်စွာဖြစ်ကြကုန်သော။ နာနာဒေဝန္ဓရာ၊ အထူးထူး အဆင်ထွေထွေ ဘော်ရွေ့မျှားစွာ၊ နတ်ဂဏာတို့သည်။ နာနာဝဏ္ဏဟိ သောဘန္တာ၊ ဆန်းကြယ်တူးထွေ၊ ဖြူ။ရွှေဝါဝင်း၊ ရင်အဆင်းနှင့်၊ ကောင်းခြင်းငါးလီ၊ ရုံညီပြည့်ကြွယ်၊ တင့်တယ်လှပခြင်းခိုကြကုန်လျက် နာနာဝဏ္ဏာပသာဒနာ ထူးထွေဆန်းကြယ်၊ တင့်တယ်လှစွာ၊ အရောင်ဖြာလျှက်၊ ပုဝါဆဒိ အင်းကျည်တဘက် နှုက်သက်ပွယ်လောက်။ လျှုန်းလျှုန်းတောက်မျှ၊ လက်ကောက်ခြေကျည်း ထင်နေင်းပြောင်စွာ၊ တန်ဆာထွေဆန်း ဆင်မြန်းကြကုန်လျက်။ နာနာရတနဝိဗိတ္တံ၊ စိန်ရွှေမြသား၊ ပတ္တမြားနှင့်၊ ဆယ်ပါးရတနာ ဆန်းကြယ်စွာ စိခြယ်လျက်ခိုသော။ နာနာဗိမာနံဘူမိယံ၊ ထူးထွေဆန်းပြား ကြီးမားမြင့်ခေါင်၊ ရွှေရောင်ဝင်းလျှံ၊ ဘုံဗိမာန်၌၊ နာနာဂုဏသလဂမ္ဘနာ အထူးထူးအဖြာဖြာ ကောင်းမွန်စွာ ပြုအပ်သော ဂုဏိလင်ကံကြောင့် နာနာနာမေဟိ ထူးဆန်းထွေသော၊ နာမည်အမျိုးမျိုးတို့ဖြင့်။ ဝဇ္ဇရေ ဝဇ္ဇာနန်၊ ချမ်းသာရိပ်ညိခ၊ စည်းဂိုဏ်ပြည့်စုံ ဖြစ်ကြကုန်၏။ (ပလ္လင်ပျံနှတ်သို့၊ ဆင်ယာဉ်ကုန်တိုင်း ရထားယာဉ်ကြီးနှင့်တိုင်း စသောအမည်အမျိုးမျိုးဟူ၍ဖြင့် နှတ်သင့်အမှုမှုမျိုးဖြစ်၍နှင့် စည်းဂိုဏ်ပုံစံစားရကြကုန်၏ဟူလို)။ ဤကားကမ္ဘနာနာကရေးဝိဒေတွာ ဟူသော ဂါထာ၏ အဓိပ္ပါယ်တည်း။ ။

☆

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိမာနဝတ္ထုတော်ကြီး။

။၀။

ပဌာမ

ဝိမာနဝတ္ထုဒေသေတိ၊ ယောဗုဒ္ဓေါ လောကပူဇိတော။
တဿာဟမ္ပိ ဇာနိဿံ၊ ဝဏ္ဏယိတ္မာ သုဒ္ဓမေတသာ။ ။
အဟမ္ပိ ဒါနိ ဒေသေမိ၊ ဝိမာနဝတ္ထုဒေသနံ။
သာဓဝေ ဟိတံ သုဏိတ္မာန၊ ကရောတ ပုညသမ္ပဒံ။ ။

လောကပူဇိတော၊ ပြိယဘွာနတ်လူသုံးဘုံသူ ဗုဒ္ဓါ ဖြောက်ရာဖြစ်တော်မူသော။ ယောဗုဒ္ဓေါ၊ အကြင်သစ္စာသိမြင်ဘုရားနှင့်သည်။ ဝိမာနဝတ္ထု၊ ဝိမာနဝတ္ထုဒေသနာတော်ကြီးကို။ ဒေသေတိ၊ လူများစွာတို့ ချမ်းသာတိုးပွါး အကျိုးများအောင် ဟောကြားတော်မူပေ၏။ တဿ ထိုမြတ်စွာဘုရားကို၊ ဟမ္ပိ၊ ငါ့ကို။ ဇာနိဿံ၊ တရားတော်ကို။ ဝဏ္ဏယိတ္မာ၊ သံဃာတော်ကို။ သုဒ္ဓမေတသာ၊ သန့်ရှင်းကြည်လင် ဖြူစင်သောစိတ်ဖြင့်။ ဝန္ဒိတ္မာ ဦးခိုးပြီး၍။ ဒါနိ ယခုအခါ၌ အဟမ္ပိ၊ ငါသည်လည်း။ ဝိမာနဝတ္ထုဒေသနံ၊ ဝိမာနဝတ္ထုဒေသနာတော်ကြီးကို။ ဒေသေမိ ဖြန့်မာစကားဝတ္ထုသွားဖြင့် ဟောကြားပေအံ့။ ဟံ၊ ထိုငါဟောကြားအပ်သော ဝိမာနဝတ္ထုတရားတော်ကြီးကို သာဓဝေ၊ သူတော်ကောင်းတို့သည်။ သုဏိတ္မာန၊ ကောင်းစွာမှတ်သား နာကြားပြီး၍။ ပုညသမ္ပဒံ၊ လူ,နတ်နှင့်ဗြဟ္မာနှင့် ထူးဟန်သုခ ကောင်းစွာရပို့၊ ပုညအစု ကောင်းမှု ဟူသိုလ်၏ ပြည့်စုံခြင်းကို။ ကရောတ၊ ပြုကုန်။ ဤမျှမဆို ကုသိုလ်အသွေးဆည်းမှုးအားသုတ် ပြုလုပ်ကြလေကုန်လော့။ ။

ထိုင်ခုံ အင်းပျဉ်ငယ်လွှမ်း နတ်သမီးဖြစ်သော

ပဌမ ဝိဋ္ဌဇော်ပလွင်ပျံ နတ်သမီးဝတ္ထု။

သင်္ဃာ့ညီမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတွင်၊ ကိုယ်နီးအောင်းကျော်၊ မွေ့လျော်ရာ ကြီးပြုံး သတင်းသုံးတော်မူစဉ်အခါ၊ မဟာကောသလမင်းကြီး၏သားတော်ဖြစ်သော ဒုဘိယနုနီးစံ ပဝေသနဒိကောသလမင်းကြီးသည်။ ဘုရားအမှီခိုသော သံဃာတော်တို့အား ခုနှစ်ရက်ပတ်လုံး သူတပါးတို့မလွှဲနိုင် အတုမရှိသော အသင်ဒိသဒါနအလှူတော်ကြီးကို မပြတ်ကာဒိဗုရားကိုစိုရင်ဖေလျက် လှူဒါန်းတော်သောအခါ၌။ ဇေတဝန်ကျောင်းတိုက်ကြီးဒါယကာ အနာထပိဏ်သူဌေးကြီး။ ပုဗ္ဗာရုံ ကျောင်းတိုက်ကြီးဒါယိကာမ၊ ဝိသာခါ သူဌေးကဒတ်ကြီးတို့သည်လည်း သူတပါးတို့မလွှဲနိုင်သော အသင်ဒိသဒါနအလှူကြီးကို ဥစ္စာအင်အား ပေါမျှားသလောက်အင်ခွင်၍ လှူဒါန်းတော်ကြကုန်၏။ ထိုအသင်ဒိသဒါနအလှူတော်ကြီးသည် ဇမ္ဗူဒီပါမြို့ရှာဒေသ ဌာနအရပ်ရပ် နှင့် စပ်ကျော်ကြားမြင့်ပြီးလေသတည်း။ ထိုအခါ၌လူ့အပေါင်းတို့သည် ထိုထိုအရပ် ဌာနစပ်ရာစပ်ရာ ရုပေးကြကုန်လျက် အချင်းချင်း ဆွေးနွေးမေးမြန်း ပြောဆိုသောစကားကိုဖြစ်စေကြကုန်၏။ အဘယ်သို့သော စကားကို ဖြစ်စေ ကြကုန်သနည်း ဟူမူကား။ ဂုဏ်တော်ဆွေအပေါင်းတို့။ အသို့နည်း ဤကဲ့သို့ကြီးကျယ်လှစွာသော အလှူကြီးကိုပေးလှူနိုင်မှပင်လျှင် ကြီးကျယ်သောအကျိုးဖြစ်ပါသလော။ ထိုသို့မဟုတ်မူ၍ မိမိတတ်နိုင်သလောက် ဥစ္စာပစ္စည်းနည်းပါးမျှားမဟူ လှူနိုင်သည်ရှိ၊ အနည်းငယ်မျှသော အလှူသည်လည်း ကြီးကျယ်သော အကျိုးကိုမပေးနိုင်ပါသလော။ ဤသို့သောစကားကိုဖြစ်စေကြကုန်၏။ ထိုစကားကိုရဟန်းတို့သည် ဆွမ်းခံလှည့်လည်ရာမှကြားခဲ့ကြ၍ မြတ်စွာဘုရားအား လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရားသည်။ ချစ်သားရေဟန်းတို့။ ဥစ္စာပစ္စည်းလွှဲ ဂုဏ်ဝတ္ထုပြည့်ခုနှစ် ကြီးကြီးမားမား မျှားမျှားကြီး လှူနိုင်မှသာလျှင် အကျိုးကြီးသည်မဟုတ်။ စင်စစ်အဟုတ်သော်ကား။ စိတ်စေတနာကောင်းစွာခံခြင်း။ အလှူခံပုဂ္ဂိုလ်ကောင်းစွာခံခြင်းတို့ဖြင့် လှူသည်ခံသော်။ ဂုဏ်ရှိမရှိ ဆင်ခဲ့ တဆုတ်မျှ ဖြစ်သော်လည်း။ ပုဆိန်းပိုင်းစကလေးတဆုမျှ ဖြစ်သော်လည်း။ မျက်ခြေကလေးတဆုမျှ ဖြစ်သော်လည်း။ သစ်ခွက်အခန်းကလေးတခုမျှ ဖြစ်သော်လည်း။ ကိုးဖြူသီးတလုံး ဖန်ခါး။

သီးတလုံးမျှပြုစ်သော်ငုံ။ ကြည်လင်စွာသောစိတ်စေတနာဖြင့်၊ အ
လှူခံပုဂ္ဂိုလ်အား လှူဒါနိုးပူဇော်ပြုံးအံ့။ ထိုအနည်းငယ်မျှသောအလှူ
သည်လည်းအကျိုးကြီးသည်သာလျှင်ဖြစ်၏ဟူ၍ဟောတော်မူ၏။ ထိုသို့
မြတ်စွာဘုရား ဟောတော်မူသည်ကိုအကြောင်းပြု၍၊ သိကြားမင်းသည်
ဤ၇ ထောက်ဆိုလေသတည်း။ ။

နတ္ထိ ဗိဇ္ဇေ ပသန္နမှိ၊ အပ္ပကာနာမဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဘုဇ္ဇေ၊ အထ ဝါ တသ္သ သာဝကေ။ ။

သမ္ဘုဇ္ဇေ၊ အဂ္ဂနုံ အစဉ် ဥာဏ် သမ္ဘုဇဉ်ဖြင့်၊ သိမြင်တော်မူသော။
တထာဂတေ ဝါ၊ မြတ်စွာဘုရားခို့ငုံး။ အထ ဝါ၊ ထိုမှတပါး။ တဿ
ထိုမြတ်စွာဘုရား၏။ သာဝကေ ဝါ၊ တပည့်သားရဟန်းတော်များခို့ငုံး။
စိဇ္ဇေ၊ စိတ်သည်။ ပသန္နမှိ၊ ကြည်ညိုသည်ဖြစ်သော်။ ဒက္ခိဏာ၊ အလှ
သည်။ အပ္ပကာနာမ၊ အကျိုးနည်းသောမည်သည်။ နတ္ထိ၊ မရှိချေ။
(စိတ်ကြည်ညိုလျှင် အလှူ၏အကျိုးနည်းသည်မဟုတ်ဟူလို၏။

မြတ်စွာဘုရားဟောကြောင်းမူသည်ကိုအကြောင်းပြု၍သိကြားမင်းခွတ်
ဆိုသော ဤ၇ ထောသည်လူအပေါင်းတို့၏နှားငယ်ကြားကြသဖြင့် ဇမ္ဗူ
ဒီပတကျွန်းနယ်လုံး မျှံ့နှံ့၍သွားလေသတည်း။ ထိုအခါ၌ လူအပေါင်းတို့
သည်ရဟန်းတို့အားလည်း။ ပုဏ္ဏားတို့အား ။ည်း။ သူတောင်းစား ပုံး
တောင်းသာစကားတို့အားလည်း။ ခရီးသွားအာဂန္တုဟုဆိုသည်တို့အား
လည်း။ ဆင်းရဲနွမ်းပါးစားသောက်ရာမဲ့၊ အာဇည်းကျွန်သူ၊ သူဆင်း
ရဲဒုက္ခိတတို့အားလည်း။ တဆုတ်တခဲနဲမျှားမဆို၊ ကုသိုလ်ဖြေးခ ပေး
လှူ၏ကြောင့်တည်း။ ဒိဒိတို့အိမ်ရှေ့မျက်နှာစာ၌ သောက်ရေကန်ကို တည်
ထားကြကုန်၏။ ဒိဒိတို့အိမ်တံခါးမုတ်ဝ၌ နေရာတို့ကိုအသင့်ခင်းထား
ကြကုန်၏။ ထိုခင်းထားသောနေရာတို့၌ ခရီးသွားတို့သည် ။ည်း။ အာ
ဂန္တုအိသည်တို့သည် ။ည်း။ ဆွမ်းခံလှည့်လည်သော ရဟန်းတို့သည်
လည်း။ အမောအပန်းဖြေလူက် ရေကိုသောက်၍ ခဏခေတ္တ မှီလည်း
ထိုင်နေကြကုန်၏။ ဤသို့စသည်ဖြင့် လူအပေါင်းတို့သည် ဒိဒိတို့တတ်
အားသမျှကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်၏။ ထိုအခါ၌ပိုင်ရှင်စာ
ရိုးက ဆွမ်းခံလှည့်လည်သော ရဟန်းတပါးသည် ကြည်ညိုကြည်လင်သော
သွားခြင်း ရပ်ခြင်း မျက်လွှာချခြင်းတို့ဖြင့် ဣရိယာပုထ်နှင့် ပြည့်စုံစွာအမ်
စည်မပြတ်လှည့်ပတ်၍ ဆွမ်းခံသောအခါကွင် တခုသောဆန်မ်ဆီကျောက်
လေ၏။ ထိုအမ်ဟုသဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးသို့တယောက်သည်

ထိုမထေရ်မြတ်ကို မြင်လျှင် ကြည်ညိုသောစိတ်ဖြစ်၍ ရှိသေလေးမြတ်ခြင်းလမ်းဝမ်းမြောက်စွာသောစိတ်ဖြင့် လက်အုပ်ချီပြီးလျှင် ဒီဃပေါဿိုကြွတော်မူပါဘုရားဟုပင့်၍ ဗိမာန်အင်းပျဉ်ငယ်ကလေးကိုခင်းလျက်၊ အင်းပျဉ်ပေါ်ဒွေသောအဆင်းရှိသောအဝတ်ကိုခင်း၍။ ဤနေရာ၌ထိုင်တော်မူပါဘုရားဟုသျှောက်ကြား၍ ငါးပါးသောတည်ခြင်းဖြင့် ဂိုဏိုး ဦးချ၍။ ဗဟိမ်ပဲချက်မြှောင်းသော ထေမင်းဟင်းကိုကိုင်း၍ မထေရ်မြတ်၏ သင်္ဃာတ်ထည်းသို့သည့်လောင်း၍ ကပ်လှူ၏။

မထေရ်မြတ်သည်လည်း ထိုအင်းပျဉ်ငယ်ပေါ်ထိုင်တော်မူလျက် ဆွမ်းဘုဉ်းပေးသုံးဆောင်တော်မူ၏။ ထိုအမျိုးသည်းသည် မထေရ်မြတ်ကိုရပ်လေခပ်၍နေ၏။ ဆွမ်းစားပြီးလျှင် နေရာထိုင်ရာလှူခြင်း ဆွမ်းကျွေးခြင်းနှင့်စပ်ယှဉ်သော တရားစကားကိုဟောကြား၍ ကြွသွားတော်မူ၏။ ထိုအမျိုးသည်းသည် မိမိလျှောသော ဗါနာဂုသိုလ်မှင်း။ တရား စကားကို ရင်း။ နှုတ်သွင်းကာဆင်ခြင်၍ ဥာဏ်လမ်းဝမ်းမြောက်နှစ်သက်ခြင်း ပီတိဖြင့်ပြည့်သော ကိုယ်နှလုံးကို။ ထို အင်းပျဉ်ငယ်ကို မထေရ်မြတ် နေရာကျောင်းသို့ ပို့ဆောင်လှူ၏။ ထိုအင်းပျဉ်လှူသော အမျိုးသည်းသည် နောက်ကာလ၌ တစုံတစုသောရောဂါဖြင့် သေခြင်းသဘောကိုမလွန်နိုင်ရကား ခန္ဓာကိုယ်ကြေကွဲ ဆုံးခြင်းသို့ရောက်သည်ရှိသော်၊ တာဝတိံသာနတ်ပြည်၌ တဘဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်ဝယ် နတ်သမီး ဖြစ်လေ၏။ အရှေ့အရံနတ်သူးပေါင်းတသောင်ရှိ၏။ ထိုတဘဲ့နှစ်ယူဇနာမျှရှိသော ကျယ်ပြန့်မာန်အတွင်းဝယ်၊ အင်းပျဉ်သွယ် သောဂုဏ်သိုလ်ပေတနာကြောင့် အာနုဘော်ကြောင့် တယူဇနာရှိသောရွှေပလ္လင်ကား၊ ထိုရွှေပလ္လင်သည် စိတ်တဲ့သို့လျှင်ဖြစ်နိုင်သော အဟုန်ရှိလျက်ကောင်းကင်ပျံဖြစ်၏။ ပလ္လင်ကား အသက်ရှည်ပြီးသောပုဏ္ဏားနှစ်ရှိ၏။ ရွှေသောအဆင်းရှိသော အဝတ်ကိုခြုံ၍လျှက်သောကြောင့် ကံနှင့်လျော်ညီစွာ ရွှေအဆင်းရှိသောပလ္လင်ပျံဖြစ်၏။ ပျံ၍ဒါနိုးသောအခါ၌ နှစ်သက်ခြင်း ဝိတ်အဟုန်အားဖြင့် ထိုပလ္လင်ပျံသည် လျှင်မြန်သောအဟုန်ရှိ၏။ အလျှံခံပဂ္ဂိုလ်၏စိတ်အားကျအောက် ပျံ ဒါနိုးသောထိုပလ္လင်ပျံသည် ဒီဒီစိတ်အလို နှင့်ကွင်းသွား၏။ ကြာသည်ရှိခြင်းသဒ္ဒါတရားများသောကြောင့် အလုံးရုံကြည့်ရှုတွယ် တင့်တယ်လှပ၏။ တဘဲ့ဆယ်နှစ်သင်ဘော်ဖြင့် ရေပန်းကြီးသောနတ်သူးအပေါင်းတို့သည် ဥယျာဉ်ကစားခြင်းငှါ နန္ဒဝံဥယျာဉ်သို့သွားကြကုန်၏။ ထိုပလ္လင်ပျံ နတ်သူးသည်လည်း နတ်ဝတ်တန်ဆာလှူဖြင့် ဆင်မြန်း ကျက်

အခြွေအရံနတ်သမီးတထောင်နှင့်တကွမိမိတို့ဝိမာန်မှထွက်၍၊ ထိုပလ္လင်ပျံ ကိုစီးလျက်ကြီးစွာသော ဒေဝိဣဒ္ဓိတန်ခိုးဖြင့် နေရောင်, လရောင်ကဲ့သို့ အလွန်တင့်တယ်တောက်ပသော အရောင်အသရေဖြင့် ထွန်းလင်းတောက်ပလျက် နန္ဒဝံဥယျာဉ်သို့ သွား၏။ ထိုအခါ၌ အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာသို့ဒေသစာရီကြွတော်မူ၍၊ နတ်သူ့နတ်သားတို့အား တရားဟောမြဲဖြစ်သည့်အတိုင်း။ တာဝတိံသာသို့ဒေသစာရီကြွတော်မူ၍ ထိုပလ္လင်ပျံနတ်သမီး၏မနီးမဝေးသော ကောင်းကင်အရပ်၌ ကိုယ်တော်ကိုပြတော်မူ၏။ ထိုပလ္လင်ပျံနတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်ကိုမြင်လျှင် ကြည်ညိုလေးမြတ်သောစိတ်ကိုဖြစ်စေ၍၊ လှိုင်မြန်စွာပလ္လင်ပျံ၏အပေါ်မှ သက်ဆင်းပြီးလျှင် မထေရ်မြတ်နေတော်မူရာ၊ ကောင်းကင်အရပ်၌ငါးပါးသောတည်ခြင်းဖြင့်ရှိခိုးလှုက်လက်အုပ်ချီကာ ရပ်လေ၏။ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ယထာ ကမ္မုပဂ အဘိညာဏ်ဖြင့်သိတော်မူလျက်ပင်လျှင်ဤဂါထာတို့ဖြင့်မေးတော်မူ၏။

ပလ္လင်ပျံနတ်သမီး၏ တင့်တယ်တောက်ပသော အရောင်အဆင်း
ပြည့်စုံခြင်းကိုချီးကြူးလျက် အရှင်မောဂ္ဂလာန်မေးတော်မူသော

ဂါထာပါဠိအနက်

ပိဋ္ဌံ တေ သောဝဏ္ဏမယံ ဥဠာရံ၊ မနောဇဝံ ဂစ္ဆတိ ယေန ကာမံ။
အလင်္ကတေ မလျဓရေ သုဝတ္ထေ၊ ဩဘာသတိ ဝိဇ္ဇုရိဝဗ္ဘကူဋံ။
ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။ ။
ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဇလိတာနုဘာဝါ၊ ဝဏ္ဏော စ တေ သဗ္ဗဒိသာ
ပဘာသတိ။ ။

အလင်္ကတေ၊ ခြေကျဉ်းလက်ကောက်၊ ဝင်းဝင်းတောက်မျှ၊ မြူး မောက်လျှံဝါ၊ ရွှေရတနာဖြင့်။ ကိုယ်မှာဆန်းကြယ်၊ လျှပ်စစ်နွယ်သို့၊ ရူဘွယ်တင့်စွာ၊ တန်ဆာအဆန်း၊ ဝတ်ဆင်မြန်းလျက်။ မာလျဓရေ၊ ပန်း ကုန်းပန်းနှင်၊ မြိုင်မြိုင်ဝေဝေ၊ ပန်ဆင်လျက်နေသော။ သုဝတ္ထေ၊ နူးညံ့ ချော ညက်၊ ဖိတ်ဖိတ် လက်မျှ၊ နှစ်သက်ဘွယ်ရာ၊ ရောင်ဝါဆန်း သစ်၊ နတ်၌ဖြစ်သောနတ်ဝတ်ထဘီ၊ အင်္ကျီပုဝါ၊ ကောင်းစွာပြုပြင် ဝတ်ဆင်လျက်ရှိသော။ ဒေဝိ၊ ပျိုမြစ်နုနယ် ရူချင်ဖွယ်ဖြင့်၊ တင့်တယ် တောက်ပ၊ အဆင်းလှသောနတ်သမီး။ ဟေ၊ သင်နတ်သမီး၏။ ပိဋ္ဌံ၊

ပြာသာဒ်တုံးဆောင်အရှေ့အရောင်ဖြင့်၊ တောက်ပြောင်လတ္တာ၊ ယူဇနာကျယ်မုံးကိန်လယ်၌၊ ရောင်နွယ်ထွန်းပ၊ ဆန်းကြယ်လှသော၊ ဒေဝဲမာန်၊ ပလ္လင်ပျံသည်။ ဥဒ္ဒါရုံ၊ စာမိကရ၊ စသည်လေးထွေ၊ နှတ်ဖြစ်ရှေတွင် အရေအရောင် တောက်ပြောင်ထွန်းပ၊ မြတ်မွန်လှသော။သောဝဏ္ဏမယံ ဘင်ဂီရောင်စစ်၊ ရှေသားဖြစ်၏၊ မနောဇဝံ၊ စိတ်ပမာဏာ လျှင်မြန်လှ၏။ ယေနကာမ်၊ အလိုရှိရာ၊ ရပ်ဒီသာသို့။ ဂဆ္ဆတိ၊ စိတ်မြန်သလောက် ချက်ခြင်းရောက်အောင် သွားရောက်နိုင်၏။ အဇ္ဈတ္တရုံ၊ စက်တန်ရောင်ကွဲ၊ မိုးတံနီညွှန့်ရဲ့။ ဝိဇ္ဇုရိုဝ၊ လျှပ်စစ် နွယ်ကဲ့သို့။ ဩဘာသတိ နေလပမာ ရောင်ဂါတောက်ပ ထွန်းလင်းလှ၏။ တေ၊ သင်နှတ်သင့်၏။ တာဒိသော၊ ထိုကဲ့သို့ မုထွန်းတောက်ပသော။ဝဏ္ဏော အဆင်းအရောင်သည်။ ကေန၊ အဘယ်သို့ပြုဘုံးသောကုသိုလ်ကြောင့် ဤဤတို့ တင့်တယ်လှပ၊ ပြည့်စုံရသနည်း။ တေ သင်နှတ်သင့်၏။ ကေန အဘယ်ကုသိုလ်ကြောင့်။ ဤ၊ ဤတာဝတိ သာနှတ်ပြည့်၌။ ဤဤတို့ နိုဗ္ဗတိ၊ ဖြစ်လာရသနည်း။ ယေကေစ်၊ အလုံးစုံကုနိုသော။ တေ၊ သင်နှတ်သင့်၏။ ဘောဂါစ၊ စည်းစိမ်ရှိသည်လည်း။ မနုဿေသု၊ စိတ်နှစ်သက်ဖွယ်ရာသာလျှင်။ ဥပ္ပဇ္ဇတိ :ဖြစ်ကုနိ၏။ မဟာနုဘာဝေ၊ ကြီးသောအာနုဘော်ရှိသော။ ဒေဝိ၊ နှတ်သင့်။ တံ၊ ထိုအကြောင်းကို ပုစ္ဆာမိ၊ ငါမေးတော်မူအံ့။ မနုဿဘူတာ၊ လူဖြစ်သောအခါက။ ကိံ၊ အဘယ်သို့။ ပုညံ၊ ကောင်းမှုကို။ ဝါ၊ ကိံ ပုညံ၊ အဘယ်ကောင်းမှုမျိုးကို။ အကာသိ ပြုဘူးသနည်း။ ကေန၊ အဘယ်ကုသိုလ်ကြောင့် တေ၊ သင်နှတ်သင့်၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ ဧဝံ၊ ဤကဲ့သို့ ဇလိတာနုဘာဝါ၊ ထွန်းလင်းတောက် ပစ္စာ။ အသိ၊ ဖြစ်သနည်း။ သဗ္ဗဒိသာ၊ အလုံးရှိသောအရပ်ဆယ်မျက်နှာသို့။ ပဘာသတိ၊ ရောင် ဝါပဝင်း၊ ထွန်းလင်းတင်သနည်း။ ။

ဤသို့အခန်းမောဂ္ဂလာန်မေးတော်မူလျှင်၊ ကြည်လင်ခန့်လင်းဝမ်းမြောက်ခြင်းရှိသော**ပလ္လင်ပျံနှုတ်သို့သည်။** လူ့ပြည်၌လူ့ဖြစ်စဉ်အခါက၊ ပြုလုပ်ခဲ့သော ကုသိုလ်ကိုဆိုး။ ထုံကုသိုလ်၏အကျိုးပေးပုံကို၊ ဤဝါထာတို့ဖြင့်လျှောက်ကြား၏။ ။

အဟံ မနုဿေသု မနုဿဘူတာ၊ အဇ္ဈာ ဂတာ နာ သနကံ အဒါသိံ
အဘိဝါဒယိံ အဠလိကံ အကာသိံ၊ ယသာနုဘာဝဏ္ဏ အဒါသိ ဒါနံ။
တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဒမိဒ္ဓိ ဧဝံ။

ဥပ္ပဇ္ဇန္တိစ မေ ဘောဂါ၊ ယေကေစိ မနုဿော ဗိယာ။ ။
အက္ခာမိ တေ ဘိက္ခု မဟာနုဘာဝ၊ မနုဿဘူတာယမ္ပိ ကာသိပုညံ
တေနမ္ဘိဇဝံ့ဇလိတာနုဘာဝါ၊ ဝဏ္ဏောစ မေ သဗ္ဗဒိသာပဘာသတိ။

အဟံ၊ တပည့်တော်မပလ္လင်ပျံနှတ်သင်္ဃီးသည်။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ အနုဘာဝတာနံ-အစွမ်းအာဂတာနံ၊ မခေါ်မပင့်အပ်နိုင်သင့်ခဲ့ ဆွမ်းခံရောက်လာတော်မူကုန်သော ရဟန်းတို့အား၊ အာသနကံ၊ တပါးထိုင်သော၊ နေရာမကျယ်၊ အင်းမျည်ငယ်ကို။ အဒါသိံ၊ ;အဝတ်ခင်းကာပေးလျှပါ၏။ အဘိဝါဒယိံ၊ ခွဲသေလျှစွာ ဂါရဝပြုပါ၏။ အဒ္ဒပိကံ၊ လက်ဖနောင့်ချိုးကို။ ဒမကာသိံ၊ ကြည်ညိုလျှစွာ ပြုဘူးပါ၏။ ယထာနုဘာဝံ၊ တတ်အားသမျှသော။ ဒါနဉ္စ၊ ဆွမ်းအလှူကိုလည်း။ အဒါသိ၊ ပေးလှူဘူးပါသည်အနုဘဝများ တောန။ ထိုကုသိုလ်ကံကြောင့်။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏော။ အဆင်းသည်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်ပစွာ။ ဣဒ္ဓိ ဟ၊ တင့်တယ်လှပ၊ ပြည့်စုံရပါသည်အရှင်ဘုရား။ တောန၊ ထိုကုသိုလ်ကံကြောင့်။ မေ၊ တပည့်တော်မအား၊ ဣဓ၊ ဤတာဝတိံသာနတ်ပြည်၌။ ဣဒ္ဓိတိ-နိဗ္ဗတ္တတိ၊ ဖြစ်လာရပါသည်အရှင်ဘုရား။ မေ၊ တပည့်တော်မ၏။ ဘောဂါစ၊ စည်းစိမ်ကို့သည်လည်း။ ယေကေစိ၊ အ လုံး ရုံ၊ မနုဿော ဗိယာ၊ စိတ်နှစ်သက်ဖယ်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်လာရပါသည် အရှင်ဘုရား။ ။

မဟာနုဘာဝ၊ ကြီးသောအာနုဘော်ရှိသော။ ဘိက္ခု၊ ဓမ္မာ၌လာနမည်မှတ် ရဟန်းမြတ်။ တေ၊ အရှင်မြတ်အား။ အက္ခာမိ၊ လျှောက်ကြားပါ၏။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ ယံပုညံ၊ အကြောင်းအင်းကုသိုလ်ကို။ အကာသိ၊ ပြုဘူးပါ၏။ တေနမ္ပိ၊ ထိုကုသိုလ်ကံကြောင့်။ ဇဝံ၊ ဤသို့။ ဇလိတာနုဘာဝါ၊ ထွန်းလင်းတောက်ပစွာ။ အယံ ဖြစ်ပါသည်အရှင်ဘုရား။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏောစ၊ အဆင်းအရောင်းသည်လည်း။ သဗ္ဗဒိသာ၊ အလုံးကုံးသောအရပ်ဆယ်မျက်နှာသို့ ပဘာသတိ၊ အရောင်လက်လက် ဖြာ၍ထွက်အောင်၊ နှစ်သက်ဖွယ်ရာ၊ ထွန်းလင်းပါသည်အရှင်ဘုရား။ ။

ထက်မျက်ရှေ့မြန် တနိုင်းဗျာနိန္ဒ္ဒ အဘိညာဏ်ရှင် ဖြစ်တော်မူမေသော၊ လက်ဝဲတော်ရန်၊ မောဂ္ဂလာနမည်မှတ်၊ အရှင်မြတ်ဘုရား။ တပည့်တော်မ**ပလ္လင်ပျံနှတ်သမီးသည်** ရှေးဘဝလူဖြစ်စဉ်အခါက ရဟန်း

တပါးထိုင်သောရုံမှ ဖြစ်သော ကလထိုင်အင်းပျဉ်ယင်ကလေး တခုကို လည်း လှူဘုံးပါသည်အခ၊ဉ်ဘုရား။ ရိုသေစွာမိုးခြင်း၊ လက်အုပ်ချီ ခြင်းကိုလည်းပြုဘုံးပါသည်အခ၊ဉ်ဘုရား၊ တတ်အားသမျှသောဆွမ်းကို လည်း လောင်းလှူဘုံးပါသည်အခ၊ဉ်ဘုရား။ ထိုကုသိုလ်ကံကြောင့် အ ရပ်ဆယ်မျက်နှာအရောင်ဖြာ၍ ထွက်သောအဆင်းအရောင်နှင့် ပြည့်ဝစ၍ ပလ္လင်ပျံနှုတ်သင်းဖြာဂရပါသည် အခ၊ဉ်ဘုရားဟူ၍ လျှောက်ကြား လေသတည်း။ ။

ထိုအခါအခ၊ဉ်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ပလ္လင်ပျံ နှုတ်သင်း အား၊ အကျယ်အဝေးဖြင့်တရားဟောတော်မူပြန်၏။ ထိုတရားဒေသနာ တော်သည် အခြေခံအရုံနှုတ်သင်းတဆောင်နှင့်တကွသော ပလ္လင်ပျံ နှုတ်သင်း အား၊ အကျိုးကျေးဇူး အသရေသဖြင့်ထူးတက်ပြန်၏။ ထိုနှုတ်သင်းအား တရားဟောတော်မူပြီး၏၊ လူ့ပြည်သို့ပြန်လာပြီးလျှင် အခ၊ဉ်မောဂ္ဂလာန် ထေရ်မြတ်သည် ထိုအကြောင်းကို မြတ်စွာဘုရားအားလျှောက်ကြား၏။ မြတ်စွာဘုရားသည်လည်း အကြောင်းဆိုက်ရာ ရောက် သော သော ပ ရိသတ်ကို အားတရားဟောတော်မူပြန်၏။ ထိုကြောင့် ပလ္လင်ပျံနှုတ်သင်း ဝတ္ထုတရားတော်သည် အခ၊ဉ်မောဂ္ဂလာန်နှင့်တကွ မြတ်စွာဘုရားဟော တော်မူသော တရားတော်ဖြစ်သတည်း။ ဤဝိမာနဝတ္ထု ပါဠိတော်ရှိကား ဂါထာမှကိုသာလျှင် သင်္ဂီယနာတင်၍ ထားတော်မူကြပေ၏။

ပလ္လင်ပျံနှုတ်သမီးဝတ္ထုနှင့်မှတ်သားဘွယ်အထူးများ။

+ဒိဋ္ဌ+အင်းပျဉ်ဟူသည်ကား။ ပျဉ်ပြားစသည်ကိုပြုလုပ်သော နေ ထိုင်ရန်ဝတ္ထုအဆုံးကိုဆိုသည်။ မြင်းခုံ၊ ထိုင်ခုံ၊ နှင်းခုံ၊ စာကွက်ခုံ၊ စာတင် ခုံ၊ စားပွဲ၊ ဤအလုံးရုံသည်ရှင်း။ ကြွေမ်ကလထုပ်၊ သစ်သားကလထုပ်၊ အဝတ်ကလထုပ်၊ ခေါက်ကတာ၊ ဤအလုံးရုံသည်ရှင်း။ အင်းပျဉ်မည်သည် ကုန်၏။ ခြေဆေးရန် ပျဉ်ပြား၊ သစ်တုံးတို့ ဖင်ထိုင်ခုံယောင် နှုတ်ဖူးတော် ရန်ပြုလုပ်သောအခြေတဆောင်းဟိုသော ခုံမြင့်။ အခြေလေးချောင်းခို့သော စာ ခုံကြီးယောင် သမင်းဟင်းစားဘွယ်သောက်ဘွယ်တင်ထားသောစား ခုံကြီးယောင် ဤအလုံးရုံကို့သည်။ +ဒိဋ္ဌ+ဟူ၍ဆိုအပ်သော အင်းပျဉ် မည်ကုန်၏။ ထိုကြောင့်အဋ္ဌကထာ၌။ ဒိဋ္ဌန္တိ၊ အင်းပျဉ်ဟူသည်ကား ယံကိဉ္စိ၊ အလုံးရုံသော။ တာဒိသံ၊ ထိုကဲ့သို့သော။ဒါရုခန္ဓမ္ပိ၊ သစ်တုံးကို သော်လည်း။ အာသနမ္ပိ၊ ခုံယောင်နေထိုင်ရန်ကို ရှင်း။ ဝါ၊ ဖင်ထိုင်ခုံယောင်ကို သော်လည်း။ ဗလိကရုဏ်ဒိဋ္ဌမ္ပိ၊ နှုတ်ဖူးတော်ရန်ပြုလုပ်သောအခြေတဆောင်း

နိုမြင့်ကလေးကိုဝင်း။ ဝေတ္တာသနဗ္ဓိ၊ ကြိမ်ကလထိုင်ကိုဝင်း။ မသာရ ကာဒိ -ဝိသေသနာမံ၊ မသာ ရက အ စ ရှိ သော အ မည် ထူး ရှိသော။ ဒါရုမယာဒိ-အာသနဗ္ဓိ၊ သစ်သားပျဉ်ပြားစသည်ဖြင့် ပြုလုပ်သော ထိုင်နေရန်ကိုဝင်း၊ ဝုစ္စတိ၊ ဆိုအပ်၏။ ။ ပါဒပိဋ္ဌ၊ ခြေဆေးအင်းပျဉ်။ ဝါ၊ ခြေဆေးရန်ပျဉ်ပြား၊သစ်တုံးတို့၊အုပ်ခဲ၊ ကျောက်ခဲပြား၊ ပါဒကထလိက ခြေပွတ်သောအိုးချမ်း၊ ပျဉ်ပြား၊ ကျောက်ခဲပြား၊ အုဋ္ဌခဲစသည်။ ဤအ လုံးရုံသည်+ဝိဋ္ဌ+အင်းပျဉ်ဟူသော ဝေါဟာရဖြင့်ခေါ်ဆိုအပ်ကုန်၏။

ဤသို့လျှင်လူတို့သုံးစွဲနေထိုင်ရန်ပြုလုပ်သောထိုင်ခုံငယ်ကလေးတခုကို လှူ၍နတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော:ရွှေဗိမာန်ကြီးအတွင်းဝယ် အ လိုရှိရာစီး၍သွားနိုင်သော .**ကောင်းကင်းပျံ ပလ္လင်ကိုလည်း** ရသော ကြောင့်၊ ထိုနတ်သွီးကို**ပလ္လင်ပျံနတ်သမီး**ဟု၍ဆိုအပ်သတည်း။ ထို ပလ္လင်ပျံသည်စိတ်ကဲ့သို့လျှင်မြန်၍ နတ်သွီးအလိုရှိရာသို့ ခဏ ချက် ခြင်း ရောက်အောင် ပထဝိမြေကြီးကိုသော်လည်း ဘောက်ထွင်း၍ အဆည်း အဟား၊ အပိတ်အပင်မရှိသွားနိုင်၏။

(မနောဇဝန္ဓိဂ္ဂမိနာ သိဃသမ္ပဒံ၊ ဂဋ္ဌတိ ယေနကာမန္ဓိဂ္ဂမိနာ အပ္ပဋိဟဋ္ဌစာရတံ ဒသေသဘိ။ ။အဋ္ဌကထာ)

စကြာမင်းကြီး၏ဖိတ်အလိုအားဖြင့်စကြာရထားကြီးသည်အလိုရှိရာ သွားသကဲ့သို့၊ ထို့အတူပင်လျှင် ထိုပလ္လင်ပျံသည်လည်း နတ်သွီး၏ ဖိတ်အလိုအားဖြင့်သွားနိုင်၏၊ (ဆင်းအဋ္ဌကထာ)။ ထိုနတ်သွီး၏ကိုယ်ရှိအ ထူးထူးသောအရောင်တို့ဖြင့်တောက်ပသော လက်ကောက်, ခြေကျဉ်း, ပုတီး, နားဆောင်း အစရှိသော အဆင်တန်ဆာတို့သည်လည်း၊ သင်ဋ္ဌသ ကဒုဘာရ-လူပြည်ရှိလူတို့သုံးစွဲသော လှည်းပေါင်းခြောက်ဆယ် တိုက် လောက်သောပမာဏရှိ၏။ ဤမျှလောက်များလှစွာသော တန် ဆာ တို့ သည် နတ်သွီးကိုယ်ရှိလေးလံခြင်းမရှိ၊ ပကတိအမြဲအားဖြင့်ဆင်မြန်းလျက် နေ၏။ (လက်ကောက်ခြေကျဉ်းအစရှိသော ထိုအဆင်တန်ဆာ တို့ကို လူတို့ပြည်ရှိ ပန်းတိန်သည်ကိုအခပေး၍ လုပ်ရသကဲ့သို့၊ နတ်ပြည်ရှိပန်း တိန်သည်ကိုအခပေး၍ပြုလုပ်ကွယ်မရှိ။ ကံ၏အစွမ်းအားဖြင့် အလိုလို ဖြစ်ပေါ်လာ၏)။

ထိုနတ်သွီး၏ဦးခေါင်းရှိလည်း ကံ၏အစွမ်းအားဖြင့် ဖြစ်သော အပူး ထူးသောအဆင်းရှိသော ပန်း၊ ပန်း ပန်းနှင် ပန်းပွင့်ရှိသည်လည်းအမြဲ

ဆင်မြန်းပန်ဆင်လျက်နေ၏၊ ထိုနတ်သမီး၏ကိုယ်ခန္ဓာတော်ရုံသောအဝတ်ထ ဝိအင်းကျည် ၄၀၊ အစုံသောအဝတ်ကဲ့သည်လည်း အမြဲဝတ်ရုံ၍နေ၏ လူပြည်ခန္ဓာမဲ့သို့ ရက်ကန်းရက်ကွယ်ကဲ့စွမ်ရှိ။ ကံ၏အစွမ်းအားဖြင့်နတ်ခ ဖြစ်သောအဝတ်ကဲ့သည် အလိုလိုဖြစ်ပေါ် ၍ဝတ်ရုံလျက်နေ၏။

နတ်သမီးကံကုန်၍ရုတေလျှင် ထိုပလ္လင်ပျံအစရှိသော အဝတ်တန်ဆာ အလုံးရုံးကွဲသည်လည်းတခါတည်းကွယ်ပျောက်လေကုန်၏။ ထို့ကြောင့် ဖြစ်သမျှ ပျက်မြဟူ၍မှတ်ကြလေကုန်။ မပျက်လိုလျှင် မဖြစ်ချဲ့ကြနှင့်။ ဖြစ်ချင်လျှင် ဖြစ်ဦးမည်။ ဖြစ်လျှင်လည်း ပျက်မြဲပင်။ မဖြစ်ချေမှ မဖြစ်သည်။ မဖြစ်မှ မပျက်ဘဲ အမြဲနေရသည်။ ထို့ကြောင့်၊ ဖြစ်ချင်၊ ဖြစ်မဖြစ်ချင် မဖြစ်။ သမ္ဘာလေးပါးအစစ် ဟူ၍ဆိုအပ်သတည်း။ ။

ပဌမ ပလ္လင်ပျံနတ်သမီးဝတ္ထုပြီး၏။ ပဌမဝိဒ္ဓ-ဝိမာန။

..... (၀) .....

၃တိယမြပလ္လင်ပျံနတ်သမီးဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနံကျောင်းတော်၌ ကိန်းအောင်းမြဲ့လျော်နေတော်မူစဉ်၊ ရဟန်းတော်ကဲ့သည် သာဝတ္ထိပြည်ကွင်းသို့ နံနက်ဆွမ်းခံလှည့်လည်သောအခါ၊ ခန္ဓာဆွမ်းခံဝင်တော်မူကြ၏။ ထိုအခါသာဝတ္ထိပြည်သူ ဒိန်းမတယောက်သည် ကမ်ဆို ဆွမ်းရပ်လာသောမဟေရ၏မြတ်တပါးကိုမြင်လျှင် ကြည်ညိုသိုသောစိတ်ဖြင့် ထမင်းပေါ်သို့ပင့်၍နေထိုင်ရန် အင်းကျည်ယင်ခဲ့သိုသောအဆင်းနှင့်သော အဝတ်ကိုခင်း၍၊ ဤနေရာ၌ထိုင်တော်မူပါဘုရားဟုလျှောက်ကြား၍။ ဗိဒိတမ်ခဲ့ချက်မြင့်ကြီးသော ဆွမ်းဟင်းကိုကိုလည်း မဟေရ၏မြတ်၏ သင်တော် ထည်းသို့ ထည့်လောင်းချိုကပ်ပြီးလျှင် မဟေရ၏မြတ် ဆွမ်းဘုဉ်းပေး၍ နေ တော် မူ သောအခါ၊ နေရာအနုံးဝတ်ထိုင်လျက်ရှိသမျှ ခန့်ခုံးဦးချပြီးလျှင် ရပ်လေ ခပ်၍နေ ၏။ ဆွမ်းစားပြီးသောအခါ ထိုအင်းကျည်ယင်နှင့်တကွ ခင်းထားသောအဝတ်ကို မဟေရ၏မြတ်အမြဲသုံးဆောင် နေထိုင်ရန်ကျောင်းသို့ ပို့ဆောင်ကြ၏။ ထိုပုဏ္ဏသိုလ်ဖြင့်ရုတေသောအခါ၊ တာဝတိံသာနတ်ပြည်ရှိ ဝိဇယန္တာနာမည်သော ထိုဗိမာန်ဝယ် နတ်သမီးအမြဲအရုံ တ ထောင် နှင့် တကွဖြစ်၍။ ထိုထိုဗိမာန်အဘွားဝယ်။ ဤသောအဆင်းနှင့်သောအဝတ်ကိုခင်း၍ အင်းကျည်ယင်လှသော ကုသိုလ်၏အစွမ်းအားဖြင့်၊ ထူးဆန်းလှ

စ္စံ၁၊ မယ္ရုရဂိ၀၊ ဥဒေါင်းလည်ပင်းမွေးအဆင်းကဲ့သို့ တင့်တယ်လှပသော မြအဆင်းနှင့်တူသော**ဝေဠုရိယ မြပလွင်ပျံ**ရှိ၏။ ပမာဏအားဖြင့်တယုဇနာရှိ၏။ လျင်မြန်သောအဟုန်ဖြင့် ကောင်းကင်ပျံပလွင်ဖြစ်၏။ ထိုဝေဠုရိယ မြပလွင်ပျံ၏ အထက်အမိုးသည် ပြာသာဒ်သဏ္ဌာန်ရှိ၏။ ထို**မြပလွင်ပျံနတ်သွီးသည်**တနေ့သ၌ ပထမဈေးပလွင်ပျံနတ်သားကဲ့သို့နတ်သဘင်ကစားပျော်ပါးမြူးတူးရန် နန္ဒ၀ံဥယျာဉ်သို့ မြပလွင်ပျံကိုစီးလျက် အချွေအရံနတ်သွီးတထောင်နှင့်တကွသွားသောအခါ။ အရှင်မဟာမောဂ္ဂလာန်ကိုမြင်၍။ ပထမဈေးပလွင်ပျံနတ်သားကဲ့သို့ပင်လျှင် မြပလွင်ပျံ၏အပေါ်မှသက်ဆင်းပြီးလျှင် ရှိသေစွာခိုးလုက် ကောင်းကင်းခ၌ရပ်၏။ ထိုအခါအရှင်မဟာမောဂ္ဂလာန်သည် သိတော်မူလုက်ပင်လျှင်။

(ပိဋ္ဌ တေ ဝေဠုရိယမယံ ဥဠာရံ မနောဇံ ဂဗ္ဘတိ ယေနကာမံ။
အလက်္ခတေ မလ္လဝရေ သုဝဏ္ဏေ ဩဘာသတိ ဝိဇ္ဇုရိ၀ ဝုဋ္ဌိတံ။)

အစဉ်ရှိသောဂါထာကိုဖြင့်။ ရှေးနည်းအတိုင်းမေးတော်မူ၏။

ထိုမြပလွင်ပျံနတ်သွီးသည်လည်း။ (အဟံ မနုဿေသု မနုဿဘူတာ)
အစဉ်ရှိသောဂါထာကိုဖြင့်။ မိမိလူဖြစ်စဉ်အခါက ဇာတိသိုဒ္ဓမင်းရင်ပလာသောရဟန်းအား ညှိုသောအဆင်းရှိသော အဝတ်ကိုခံ၍အင်းပျဉ်ပယ်ခဲ့ ထိုဂိုစေပြီးလျှင် ဆွမ်းလှူ၍ရပ်လေခပ်လျှက်ခိုးဦးချသောအကြောင်းကိုလျှောက်ကြား၏။ ။ ဤ၀တ္ထုနှင့် ညှိုသော အဆင်းနှင်သော အဝတ်ကို ခင်း၍လှူသောကြောင့် ထိုကုသိုလ်အားလျော်စွာ၊ ဝေဠုရိယမြကျောက်မျိုးဘွဲ့ဖြင့် ပြီးသောပလွင်ပျံကိုရ၏။ ထိုဝေဠုရိယ မြကျောက်မျိုးသည်ကား။ ဥဒေါင်းလည်ပင်းမွေး အဆင်းနှင့်တူသော မြ ကျောက် တမျိုး။ ဝါယသပတ္တ-ကျီးဌက်၏အမွေးအတောင်နှင့်တူသော မြကျောက်တမျိုး ဝေဏုပတ္တ-ဝါးရွက်အဆင်းနှင့်တူသော မြကျောက်တမျိုး။ ဟံသပိုးမျိုးတို့တွင် ဤနတ်သွီး၏ပလွင်ပျံသည်ကား မယ္ရုရဂိ၀-ဥဒေါင်းလည်ပင်းမွေးအဆင်းနှင့်တူသော မြကျောက်မျိုးတို့ဖြင့် အလွန်ကောင်းပေ ထွေးလင်းသောအရောင်ခိုလျက် အရပ်ဆယ်မျက်နှာပြာ၍ထွက်သောအရောင်ကိုဖြင့် တင့်တယ်လှပစွာသော မြပလွင်ပျံဖြစ်သတည်း။ ။

ဒုတိယ မြပလွင်ပျံနတ်သွီး၀တ္ထုပြီး၏။ ဒုတိယ ပိဋ္ဌိပါဒေါ။

..... (၀) .....

တတိယ ရှေ့ပလင်ပျံနတ်သီးဝတ္ထု။

ပါတ်ရှည်မြတ်ဗုဒ္ဓာဘုရားသခင်ရှာ:သက်တော်ရှိတော့သမျှစည်၊ ရာဇဂြိုဟ်ပေါ် ရှေမြို့တော်၌၊ မထင်ရှား:သောဝိဿာသဝေဟာန္တာတပါး:သည်၊ ဆွမ်း:ခံ လှည့်လည်၍၊ မှုလောက်ရုံရပြီး:သောဆွမ်း:ကိုသပိတ်ဖြင့်ယူ၍ ဆွမ်း:စား ပေ:သော အခါနံနက်ကာလနှုန်း:လင်သော်။ ဆွမ်း:စား:ခြင်း:ကိစ္စကို ပြီးခြင်း:ငှာတံခါး: ဝင်ဝေ့:ကျက်ရှိသော အိမ်တစုသို့ကပ်၍ရုပ်တော်မူ၏။ ထိုအိမ်ရှင်လည်း၊ အိမ် ရှင်မနှီးမသည်သမီးတို့ကရုံးနှင့်ပြည့်ရုံ၏။ ရဟန္တာအရှင်မြတ်ရုပ်တော်မူ သောအခြင်း:အရာကိုသိ၍။ အရှင်မြတ်ဘုရား ဤအိမ်ပေါ် သို့တက်တော် မူ၍ဤအင်:ပျဉ်ပေါ် ဌိတ်ထိုင်တော်မူပြီး:လျှင်ဆွမ်း:ဘုဉ်း:ပေး:တော်မူပါအရှင် ဘုရား:ဟုလျှောက်ကြား:၍၊ အင်: ပျဉ်ယပ်တစုကိုခင်း:ပြီး:လျှင်ထိုအင်:ပျဉ် ပေါ် ဌိ ရှေ့သောအာဆင်:ရှိသော အင်:တော်ကိုခင်း:၍ပေး:၏။ ဤအင်:ပျဉ်ကို လှူရသော တပည့်တော်မအား: နောင်သောအခါ ဘွဲ့ပလ္လင်ကိုရပါစေ သောဟူ၍လည်း:သုတောင်:ခြင်း:ကိုလည်း:ပြု၏။

ထိုအခါဌိ:ရဟန္တာအရှင်မြတ်သည် ထိုအင်:ပျဉ်ယပ်ကို ထိုင်:တော်မူ၍ ဆွမ်း:ဘုဉ်း:ပေး:တော်မူပြီး:လျှင် သပိတ်ကိုဆေး:ကြော၍ ထသွား:တော်မူ သည်ခဲ့သော်။ အရှင်:ဘုရား၊ ဤအင်:ပျဉ်ကိုအရှင်:ဘုရား:အား: အမြဲသုံး: ဆောင်:တော်မူရန် အပိုင်လှူပါသည်အရှင်:ဘုရား။ တပည့်တော်မအား: နှုံ:မြှောက်တော်မူ:ခဲ့ သုံ:ဆောင်:တော်မူပါဘုရားဟု လျှောက်ကြား:၏။ ရဟန္တာအရှင်မြတ်သည် ထိုမိန်:မအား: အစဉ်သနား:ခြင်း:ကိုအကြောင်: ပြု၍ အလှူခံ:တော်မူပြီး:လျှင် သံဃာတော်ထံ:အား:လှူ စေ၏။

(ဤဝတ္ထုဌ:ခဲ့အင်:ပျဉ်ယပ်ကိုရှေ့သောအဝတ်ခင်:ရှိလှု၏။ ခဲခိုက်ဆွမ်း လောင်:ခြင်း:ကိုမပြု။ ရဟန္တာအရှင်မြတ်သည် ဆွမ်:ခံ၍ရသောမိမိဆွမ်း ကို ထိုအင်:ပျဉ်ပေါ်ခဲ့ထိုင်၍ ဘုဉ်း:ပေး:တော်မူ၏။ ထိုမိန်:မကဆွမ်:လှူ: ကြောင်:ကိုမဆို။ ဤကား:အထူ:တည်း)။

ထိုမိန်:မသည် နောက်အခါ၌ တရုံတရသောမကျန်:မာခြင်:ဖြင့်ရုတော ၍ တာဝတိံသာနတ်ပြည်ရှိ နတ်သား:အရွှေ့အရံတထောင်နှင့်တကွ၊ တ ထောင်:ဖွစ်သူဇနာဒ်သော ဘုံ:ဝီမာန်ဝယ် ရှေ့ပလ္လင် ကုန်နတ်သား: ဖြစ်လေ၏။ **ထိုရှေ့ပလင်ပျံသည်** ပဌမ ပလ္လင် ကုန်နတ်သား:၏ ပလ္လင်ကဲ့သို့ပင် လျှင် ကောင်:ကင်:ကုန်:ဖြစ်၏။ စိတ်ကဲ့သို့လျှင်:မြန်သောအဟုန်ရှိ၏။ ပဌမပလ္လင် ကုန် နတ်သား:ကဲ့သို့ပင်လျှင် အနှောင်:ပေါ်ဟောမေဂ္ဂလာ:နှင့်ရွှေ့ကြို၍ (ဗြဟ္မာ်တော်သော

ဝဏ္ဏမယံဥဒ္ဓာရုံ)အစဂ္ဂါသည်ဖြင့်မေးတော်မူသည်ကို၊ထိုတတိယပညာမျိုး နတ်သိုးသည် ဤ၇၂ထာကျိုဖြင့်လျှောက်၏။

(အပ္ပသဒ္ဓ ကမ္မသဒ္ဓ ဖလမ်မမေတံ၊ ယေနမ္ဘိ ဇေဝံ ဇလိတာနုဘာဝါ)
(ဤနှစ်ပါးဒသည်ပုံနှိပ်ပြီးသောပါဠိတော်စာအုပ်ဥပမာ)။ ။

အဟံမနုဿေသု မနုဿဘူတာ၊ ပုရိမာယဇာတိယာ
မနုဿလောကေ။
အဒ္ဒသံဝိရဇံ ဘိက္ခုံ၊ ဝိပ္ပသန္နမနာဝိလံ။
တဿ အဒါသဟံဝိဒ္ဒံ ပသန္နာသေဟိ ပါဏိဘိ။ ။
တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဒ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေကေစိ မနသော ဣယာ။ ။
အကွာမိ၊ လ၊ ပဘာသတိ။ ။

ဘဏ္ဍာမောဂ္ဂလာန၊ လက်ဝဲတော်ရံ ဘွဲ့ထူးခံသည်၊ မောဂ္ဂလာန်မည်မှတ်၊ အရှင်မြတ်။ ယေန အကြင်ကုသိုလ်ကြောင့်၊ ဇေဝံ ဤသို့ ဇလိတာနုဘာဝါ ထွန်းလင်းတောက်ပသောကိုယ်ရောင်ကိုယ်ဝါရှိသည့် အမှု ဖြစ်၏။ မမ တပည့်တော်မ၏။ အပ္ပသဒ္ဓ အနည်းငယ်မျှသော ကမ္မသဒ္ဓ ကုသိုလ်ကံ၏။ ဇေဝံဖလံ၊ ဤသို့သောအကျိုးကို။ သုလဒ္ဓံ၊ ကောင်းစွာရ၏။ အဟံ၊ တပည့်တော်မသည်။ မနုဿေသု၊ လူကို့ပြည်၌ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ မနုဿလောကေ၊ လူတို့လောက၊ ဌာနခေါ်ဆို၊ ရာဇဂြိုဟ်ဟု၊ တောင်သို့ငါးလုံး၊ မိတ်ဖုံးရုံပတ်၊ ဖြို့တော်မြတ်၌။ ပုရိမာယ-ဇာတိယာ၊ ရှေးဖြစ်သော လူဘဝ၌၊ ဝိရဇံ ကိလေသာမြူ၊ ကင်းတော်မူသော၊ ဝိပ္ပသန္နံ၊ ကြည်လင်သောစိတ်တော်ရှိသော၊ အနာဝိလံ၊နောက်ကြုံခြင်းမရှိတော်မမူသော။ဘိက္ခုံ၊ရဟန်းတော်အရှင်မြတ်ကို။ အဒ္ဒသံ ဖူးမြင်ရ၏။ တဿ၊ ထိုရဟန်းတော်အရှင်မြတ်အား။ ပသန္နာ၊ကြည်သို့သောတပည့်တော်မသည်။သေဟိပါဏိဘိ ဒိမိလက်ကို့ဖြင့်၊ ဝါ၊ ကိုယ်ကိုင်။ ဒိဒ္ဒံ၊ အင်းချည်ကို ဝါ၊ စာရေးခဲ့ ထိုင်ခုံကို။ ဝါ၊ ကလထိုင်ကို။ အဒါသိံ၊ သဒ္ဓါကြည်ညိုးလှူဘူးပါသည် အရှင်ဘုရား။ ။(ကြွင်းဂါထာများအနက်ပေးပြီး)။

လက်ဝဲတော်ရံ၊ ဘွဲ့ထူးခံသည်၊ မောဂ္ဂလာန်မည်မှတ် အရှင်မြတ် ဘုရား။တပည့်တော်မသည်ရာဇဂြိုဟ်ပြည်ရှိ လူဖြစ်စဉ်အခါက၊ ရဟန်းတော် အရှင်မြတ်တပါးကို၊ ထိုင်ခုံ အင်းချည်ကလေးတခု လှူဘူးသောကုသိုလ်

ကြောင့်၊ တပည့်တော်မ၏ အဆင်းအရောင်သည် တောက်ပြောင်ဝင်းဝါ ထွန်းလင်းစွာဖြစ်၍၊ တာဝတိံသာနတ်ပြည်ဝယ် ပလ္လင်ပျံနတ်သွီးဖြစ်ရ ပါဆည်အခ္ခင်ဘုရားဟူ၍ လျှောက်ကြားလေသတည်း။ ။

တတိယပလ္လင်ပျံနတ်သွီးဝတ္ထုပြီး၏။ ။တတိယ ဝိဋ္ဌ ဝိမာန။

စတုတ္ထပလ္လင်ပျံနတ်သွီးဝတ္ထု။

ဤစ ဒုတ္ထပလ္လင်ပျံနတ်သွီးသည်လည်း။ ရှေးဘဝ၌ ရာဇဂြိုဟ်ပြည်ဝယ် အမျိုးကောင်းသွီးဖြစ်၍။ မြို့ဘွင်း၌ ဆွမ်းခံလှည့်လည်၍ရပြီးသော ဆွမ်းကိုဘုဉီးပေးတော်မူရန် အိမ်ဝသို့ရောက်တော်မူသော ရဟန်းတပါးကို အိမ်ပေါ်သို့ပင့်ပြီးလျှင် အင်းပျဉ်ယော်ခွဲညှိသော အဆင်းရှိသော အဝတ်ကိုခင်း၍လှူ၏။ ထိုရဟန်းသည် အင်းပျဉ်ယော်ခွဲပေါ်တော်မူ၍ မိမိသဝိတ်ရှိပါသော ဆွမ်းကိုဘုဉီးပေးတော် မူပြီးလျှင် သဝိတ်ကိုဆေး၍ ကြွတော်မူသောအခါ။ အရှင်ဘုရား၊ ဤအင်းပျဉ်ယော်ကို အရှင်ဘုရား အားအပိုင်လှူပါသည် အရှင်ဘုရားဟု လျှောက်ကြား၍ လှူပြီးလျှင် ကျေးဇူးပို့စေ၏။ (ဤဝတ္ထု၌လည်း အင်းပျဉ်ကိုသာလှူသည့် ဆွမ်းကျွေးကြောင်းကိုမဆို)။

ထိုဒိန်းမသည်ရုတေသည်နောက်၊ တာဝတိံသာနတ်ပြည်သို့ရောက်၍။ ညှိသောအဆင်းရှိသောအဝတ်ကိုခင်း၍ လှူသော ဂုဏ်သိုလ် ကြောင့် **မြပလ္လင်ပျံနတ်သွီး**ဖြစ်၍။ ရှေးနည်းအတူ၊ အရှင်မောဂ္ဂလာန်ကိုမြင်၍ မေးတော်မူသောအခါ။ မိမိပြုသောဂုဏ်သိုလ်ကိုလျှောက်ကြား၍၊ ဤ၁၂ ထာတို့ကိုပင် ထပ်၍ဟောအပ်သတည်း။ ။

(ပလ္လင်ပျံနတ်သွီးလေးဦးတို့တွင်၊ ပဌမပလ္လင်ပျံနတ်သွီးနှင့် ဒုတိယပလ္လင်ပျံနတ်သွီးတို့သည်လူဖြစ်စဉ်အခါက၊ ထိုင်ခုံ အင်းပျဉ်ယော်ကိုလည်း လှူသည်။ ရိုသေစွာခိုးရှိ၍ ဆွမ်းကိုလည်းကျွေးသည်၊ ရပ်လေလည်း ခပ်သည်။ တတိယနှင့် စတုတ္ထပလ္လင်ပျံနတ်သွီးကိုသည်ကား ထိုင်ခုံ အင်းပျဉ်ကိုသာလှူသည်၊ ဆွမ်းကိုလည်းမကျွေး၊ ရပ်လေလည်းမခပ်။ ဤမျှသာထူးကြ၏)။

စတုတ္ထပလ္လင်ပျံနတ်သွီးဝတ္ထုပြီး၏။ ။စတုတ္ထ ဝိဋ္ဌ ဝိမာန။

ကုဋေရဝိမာန ဆင်ယာဉ်ပျံနှစ်သွီးဝတ္ထု။

မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်၌ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်အခါ။ တမြို့လုံးနက္ခတ်သဘင်ကြွေးကျော်၍ဝိဝိတို့စည်းစိမ်အားလျော်စွာတန်ဆာဆင်ကြကုန်လျက်နက္ခတ်သဘင်ကစားကြသောအခါမြို့တွင်းလမ်းတို့၌ သဲဖြူကိုခင်းလျက်အဆင်းငါးမျိုးရှိသော ပန်းပေါက်ပေါက်အစရှိသော ပန်းမျိုးရုံတို့ဖြင့်ကြဲဖြန့်လျက်။ ဓိမ်ဝတ်ဦးခို၌ ဌက်ပြောပင်စိုက်ခြင်း၊ ရေပြည့်အိုးတည်ခြင်း၊ အထူးထူးသောအဆင်းရှိကုန်သော တံခွန်အလံတို့ကိုဆွဲကြဆင်ရက်ကြကုန်၍ ရာဇဂြိုဟ်ပြည်တပြည်လုံးသည် နတ်ပြည်ကဲ့သို့ပျော်မွေ့ရာဖြစ်၍နေလေ၏။ ထိုအခါ၌ဗိမ္ဗိသာရမင်းကြီးသည် ရှေးကလည့်လည်သွားလာနေကြဖြစ်သော မြို့လည့်ခြင်းဖြင့်မင်း။ လူအများတို့ကို စောင့်ရှောက်ခြင်းငါးမင်း။ ရွှေနန်းတော်ပြာသာဒ်မှ ထွက်တော်မူ၍ မျှားစွာသောစစ်သည် ဗိုလ်ပါခြံရံကာဖြင့် တင့်တယ်တောက်ပသောရာဇာနုဘာဝ အရောင်အသရေရှိလျက်ရာဇဂြိုဟ်မြို့တော်ကုလက်ယာရစ်လည့်၍ ထွက်စံလည့်လည်တော်မူ၏။

ထိုအခါ၌ ရာဇဂြိုဟ်ပြည်သူဖြစ်သော အမျိုးသို့ တယောက် သည် ဗိမ္ဗိသာရမင်းကြီး၏ ကြီးကျယ်ခန်းနားစွာသော စည်းစိမ်ကိုမြင်၍အံ့သြသောစိတ်ဖြစ်လျက်။ ဤဗိမ္ဗိသာရ မင်းကြီးသည် နတ်၏စည်းစိမ်နှင့် တူသောစည်းစိမ်ချမ်းသာကို အဘယ်ကဲ့သို့ကုသိုလ်ထိုက်ကိုပြု၍ရပါသနည်းဟု ပညာရှိတို့ကိုမေးမြန်းလေ၏။ ထိုပညာရှိတို့သည် ဤသို့ဖြေဆိုကြကုန်၏။ ချစ်ဆွေနှမ၊ ကုသိုလ်ကံမည်သည်ကား စိတ်လိုတိုင်းပြီးစီးသော ဗိန္ဓာဝမယမဏိရတနာကဲ့သို့ရှင်း။ အလိုရှိရာဆွတ်ယူ၍ရနိုင်သော ပဒေသာပင်ကဲ့သို့ရှင်း။ အလှူခံပုဂ္ဂိုလ်၏ပြည့်ဝုံခြင်း၊ စိတ် ဧ ဝ တနာ သဒ္ဓါတရားတို့၏ ပြည့်ဝုံခြင်းရှိကဲ့သည်ရှိသော်။ အလိုရှိရာကိုဆုတောင်းမ်ား၍ လူပါလျှင်ပြည့်ဝုံတော့သည်သာလျှင်ဖြစ်၏။

ချစ်ဆွေနှမ၊ အလှူဝတ္ထုတို့သည် လောကဒဿ မျှားစွာ ရှိကြ ကုန်၏။ နေရာ,ထိုင်ရာ၊ မျက်မြှောအခင်း၊ အင်းမျှဉ်ကလထိုင် စသည်တို့ကို လှူခြင်းကြောင့် အမျိုးမြတ်ခြင်းဖြစ်တတ်၏။ ထမင်း,အဝေတို့ကိုလှူခြင်းကြောင့် ခွန်အားဗလနှင့်ပြည့်ဝုံခြင်းဖြစ်တတ်၏။ အဝတ်,ဆိုးကိုလှူခြင်းကြောင့် အဆင်းလှခြင်းဖြစ်တတ်၏။ လှည်းယာဉ်, ရေယာဉ်လှူခြင်းကြောင့်ကိုယ်၏ချမ်းသာခြင်းဖြစ်တတ်၏။ဆီမီးကိုလှူခြင်းကြောင့်မျက်လုံးမျက်စိ ကြည်လင်းကောင်းမွန်ခြင်းဖြစ်တတ်၏။ ကျောင်းအိမ်ကိုလှူခြင်း

ကြောင့် အလုံးစုံပြည့်စုံခြင်းဖြစ်၏။ ဤသို့ပညာရှိတို့ပြောဆိုသောစကား ကိုမှတ်သား၍၊ ထိုအမျိုးသို့သည် ဤလူ့ပြည်စည်းစိမ်ထက် နတ်ပြည် စည်းစိမ်ကသာလွန်၍ မြတ်သည်ဟု မှတ်ထင်အောင်းမေ့၍၊ ထိုပြည်၌ စိတ်ညွှတ်ခြင်းဖြစ်၍ ကုသိုလ်ကောင်းမှုပြုခြင်း၌ အလွန်ဆန္ဒအားကြီးစွာ ဖြစ်၍နေ၏။ ထိုအမျိုးသို့၏ အမိအဘတို့သည်လည်း အသစ်ဖြစ်သော အဝတ်အစုံနှင့်တကွ၊ ပဒုမ္မာကြာစည်းတခု၊ ထောပတ်ပျားသကာတို့ကို လည်း။ သို့းကိုစားသုံးစေ၍ နက္ခတ်သဘင်ပျော်ရွှင် ကစားစေခြင်း၌ ပေးကြာကုန်၏။

ထိုအမျိုးသို့းသည် ထိုအသုံးအဆောင်တို့ကိုမြင်လျှင် လူချင်လှသော စိတ်ဖြစ်၍၊ ငါသည်လူ့လိုသောစိတ်ဖြစ်သော၊ ဤလူ့ဘွယ်ဝတ္ထုတို့ကိုရ၏ ဟုနှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် နောက်တနေ့၌ အလှူကိုစိုရင် ၏။ အဘယ်သို့စိုရင်သနည်းဟူမူကား။ ရေမပါဘဲ၊ ချိုလှစွာသောမရ ပါယာသ၊ နွားနို့ကဏ္ဍာဆွမ်းကိုစိုရင်၍၊ အခြံအရံ၏ အဖြစ်ဖြင့်များ စွာသော ခဲဘွယ်ဘောဇဉ်တို့ကိုလည်းစိုရင်၍၊ အလှူရုံ၌နံ့သာတို့ဖြင့် မွှန်း မနှံချယ်လယ်၍၊ ပွင့်သောကြာပန်းတို့ဖြင့် နေရာကိုလည်းကောင်းစွာခင်း ၍၊ ထိုကြာပန်းနေရာပေါ်၌ သစ်သစ်လပ်လပ်ဖြူ။ စင်လှစွာသော အဝတ် ကိုခင်း၍ ထိုပန်းမွေ့ရာခင်းသော ကတင်၏အခြေလေးခြောင်းတို့ အ ထက်၌ ပဒုမ္မာကြာပန်းလေးခိုင်တို့ဖြင့် ပန်းကုန်းပြုလုပ်၍အထက်မှလည်း အမိုးပိတာနဲကိုပြုလုပ်၍။ ထိုပန်းမွေ့ရာကတင်၏ ပတ်လည်ထက်ဝန်း ကျင်၌ဝင်း။ အမိုးဝိတာန်၌ဝင်း ပန်းဆိုင်တို့ကိုဆွဲထား၍၊ ထို နေရာ ကတင်၏ ပတ်လည်မြေအပြင်၌ ဝတ်မှုံနှင့်တကွသော ပန်းပွင့်တို့ကိုဖြန့် ကြဲလျက်။ အလှူခံပုဂ္ဂိုလ်ရောက်လာလျှင် လှူဒါနိုးပူဇော်ခြင်းကိုပြုအံ့ဟူ၍ ပန်းပွင့်တို့ဖြင့် ပြည့်သောပန်းတောင်းကိုလည်းအသင့်ထား၏။

ဤသို့လျှင် အလှူဝတ္ထုဖြစ်သော ခဲဘွယ်ဘောဇဉ်, ပန်းမွေ့ရာနှင့်, နို့ ကဏ္ဍာဆွမ်း၊ ပန်းတောင်းတို့ကိုစိုရင်၍၊ ဦးခေါင်းလျှော်လျက်၊ စင်ကျယ် သန့်ရှင်းစွာသော အဝတ်ကိုဝတ်ဆင်လျက်။ လက်ပဲတဖက်၊ ပုခုံးထက်၌ တဘက်ပုဝါကို လက်ကတော့ထိုးလျက်။ ရဟန်းတော်များ ဆွမ်းခံလာ သောအချိန်ကိုမှတ်လျက်။ အိမ်၌ရှိသောအခေစံ မိန်းမကလေးတယောက် ကိုခေါ်ပြီးလျှင်။ ဆွမ်းခံလှည့်လည်သော အလှူခံရဟန်းတပါးကိုပင့်ချ လော့ဟုစေလွှတ်၏။ ထိုအခါ၌အရှင်သာရိပုတ္တရာမဟာထေရ်မြတ်သည် အသပြာဒဂ်ါးငွေတထောင်ထုပ်ကို ရာဇဂြိုဟ်ပြည်အိမ်ဝတ္ထိုင်း၌ ချထား

သက်ဆဲသို့၊ ဆွမ်းခံလှည့်လည်တော်မူ၏။ ထိုအစေခံမိန်းမကလေးသည် အရှင်သာရိပုတ္တရာကိုမြင်လျှင် ရှိသေစွာဂါရိုး၍။ အ ရှင် မြတ် ဘု ရား။ သပိတ်ကိုတပည့်တော်မ၏လက်သို့ပေးတော်မူပါ။ ဤလမ်းဖြင့်ကြွတော်မူ၍ တယောက်သော ဥပါသိကာမိန်းမအား ချီးမြှောက်တော်မူပါလော့ ဟုလျှောက်ကြား၏။

အရှင်သာရိပုတ္တရာသည် ထိုမိန်းမကလေး၏လက်သို့ သပိတ်ကိုပေးလိုက်၍ကြွထော်မူ၏။ ထိုမိန်းမကလေးသည်အရှင်သာရိပုတ္တရာကိုပင့်၍ ဓိမ်သို့ပို့လေ၏။ ရောက်သောအခါ ထိုအမျိုးသို့မိုးသည် ခရိုးဦးကြို၍။ ဤပန်းမွေ့ရာခင်းထားသော ကတင်ပေါ်၌ ထိုင်တော်မူပါ အရှင်ဘုရား ဟုလျှောက်ကြား၍။ အရှင်သာရိပုတ္တရာထိုင်နေတော်မူလျှင်။ ဝတ်မှု ရှိသောမွေးကြိုင်စွာသော ပန်းဘို့ဖြင့်ပူဇော်လျက်။ ပန်းမွေ့ရာကတော် ၏သက်ဝန်းကျင်ပတ်လည်၌ကြဲဖြန့်ပြီးလျှင် ငါးပါးသောတည်ခြင်းဖြင့်ရှိ ခိုးဦး၍။ရေမပါဘဲ၊ ချိုလှစွာသော၊ မရုပါယာသ၊ နွားနို့ကဏ္ဍာ ဆွမ်း ဖြင့်လုပ်ကျွေး၏။ ထောပတ်ချားသကာ၊ များစွာသော ခဲဘွယ်ဘောဇဉ် တို့ကိုလည်းကပ်၏။ နတ်ဘုံဖြစ်သော **ဆင်ပျံပြာသာဒ်ပလွင်ရတနာ**ဖြင့် တင့်တယ်စွာသောနတ်စည်းစိမ်ကိုခံစားရပါစေသောဟူ၍ဆုတောင်း၏။

ဆွမ်းစား၍ပြီးသောအခါ သပိတ်ကိုဆေးကြော၍ ချားတင်လဲထော ပတ်တို့ဖြင့် သပိတ်ကိုပြည့်စေ၍ ပန်းမွေ့ရာကတင်ခြင်းထားသော အ ဝတ်ဖြူကိုသပိတ်ခြေပြု၍မထေရ်မြတ်၏လက်သို့ကပ်၏။ အရှင်သာရိပုတ္တ ရာသည် အနုမောဒနာပြု၍ဗဲသွားသည်ရှိသော်။ ယောက်ျားနှစ်ယောက် တို့ကို။ သပိတ်ကိုခင်း၊ ကတင်ကိုခင်း ဆောင်ယူ၍ကျောင်းသို့ပို့လော့ ဟုစေ၏။ ထိုယောက်ျားနှစ်ယောက်တို့သည်လည်း ထို အမျိုး သို့မိ၏ စကားဖြင့်အရှင်သာရိပုတ္တရာ၏ သပိတ်ကိုတယောက်ယမ်း၍၊ ကတင် ကိုတယော ကိုထမ်း၍ ကျောင်းကိုက်သို့လိုက်ပြီးလျှင် အရှင်သာရိပုတ္တရာ ၏နေရာကျောင်းခွဲထား၍ ပြန်လာကြကုန်၏။

ထိုအမျိုးသို့သည် အရှင်သာရိပုတ္တရာကို၊ မရုပါယာသ-နို့ကဏ္ဍာ ဆွမ်းစသည်ကိုဖြင့် လှူဒါနိုးပူဇော်ရသော ထိုကုသိုလ်ဖြင့် ဂုဏ်သော အခါ။ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာတရာခွဲသော ဘုံဗိမာန်ခွဲ နတ်သို့ပြောင်းဖြစ်၏။ အခြံအရံနတ်သို့ပြောင်းတော်မူ၏။ ရေတောင်း၏ အစွမ်း အားဖြင့် ငါးယူဇနာရှိဒသာ မြင့်သောဆင်ပျံရတနာလည်းရှိ၏။ + + **ထိုဆင်ပျံရတနာသည်**ပရမ္မာကြားပန်းကိုဖြင့် တန်ဆာ

ပ ရ ဝ ၁

ကြာဝတ်မှုကဲ့သို့လှုပ်တင့်တယ်၏။ ကြည့်ရှုဘွယ်သောအဆင်းရှိ၏။ နှုန်းညံ့စွာသောအတွေ့ရှိ၏။ အထူးထူးအပြားပြားမျိုးစွာသော ရတနာရောင်ဖျော့ဖြင့် တောက်ပထွန်းလင်းလျက်။ ရွှေတန်ဆာကျွန်ဖြင့် ဆင်အပ်သော ဆင်ပျံ့ရတနာဖြစ်၏။ ထိုဆင်ပျံ့ရတနာ၏အပေါ်၌ တယူဇနာရှိသော ရွှေပလင်ရှိ၏။ ရတနာကျွန်ဖြင့်ပြီးသောပြာသာဒ်ဆောင်ရှိ၏။ ထိုနတ်သမီးသည်တရုံတခါ ထိုဆင်ပျံ့ရတနာ၏အထက်ရတနာဘီလူးဖြင့်ဆန်းကြယ်စွာသော ပလ္လင်ပေါ်ဝင်းလျက်နန္ဒဝနဥယျာဉ်သို့သွား၏။

လူတို့ပြည်မှနေ၍မြင်ရသော သူရိယဝိမာန-နေဗိမာန်သည် ယူဇနာ၁၂း ဆယ်ခုသည်။ စန္ဒဝိမာန-လ-ဗိမာန်သည် လေးဆဲ့ကိုးယူဇနာ ခုသည်။ ဤ ယူဇနရဝိမာန-ဆင်ယာဉ်ပျံ့နတ်သမီး၏ ဗိမာန်သည်ကား ယူဇနာတရာခွဲသည်။ နေ-လ-တို့၏ အထက် ယူဇနာလေးသောင်း နှစ်ထောင်မြင့်သော ကောင်းကင်ခွဲတည်သည်။ နေ-လ-တို့သည်ကား လူ့ပြည်မှ ယူဇနာလေးသောင်းနှစ်ထောင်မြင့်သော ကောင်းကင်ခဲတည့်သည်။ (အနေနှာကနုက အပကားဖလိ၊ နေဗိမာန်။ ။အနောမက်၊ ဗဟိရဇလ၊ လ၊ဒ္ဓိရာ) ။ ဟူသည်နှင့်အညီ။ နေဗိမာန်သည်၊ အတွင်းကား ရွှေအတိပြု၏။ အပကားဖလင်အတိပြု၏။ လ-ဗိမာန်သည်၊ အတွင်းကားပတ္တမြားဖြင့်ပြု၏။ အပကားဇွေဖြင့်ပြု၏။ အရှေ့အရံနှင့်တကွ၊ နေနတ်သား၊ နေနတ်သားကို ဝါ၊ နေရာတို့ဗိမာန်ဖြစ်၏။ ကြယ်တာရာနက္ခတ်အပေါ်ကိုသည်လည်း နတ်သားနတ်သမီးကိုနေသော ဘုံဗိမာန်ကိုဖြစ်ကုန်၏။ ဗိုလ်ကုန်ဗိမာန်၊ ကျွဲကို ယူ၍ သည် အထင်အရှားမြင်ကြရကုန်၏။ သို့လင်ကဲ့ကိုပြုသော ယူ၍သည် ဗိုလ်နတ်ဘုံကိုခွဲဖြစ်ကြကုန်၏၊ ဤကဲ့သို့ရဝိမာန **ဆင်ယာဉ်ပျံ့နတ်သမီး**သည်လည်း ၊လူ့ပြည်မှ ၊သို့လင်ကဲ့ပြုသောကြောင့် ရတောသည်ဗိုနှောက်ခဲ့တာ၀တိံသာနတ်ပြည်ယဉ် ယူဇနာတရာခွဲသော ဘုံဗိမာန်ခွဲဆင်ယာဉ်ပျံ့နတ်သမီးဖြစ်လေသတည်း။ ။

ထိုနေ့သည်နတ်သား နတ်သမီးအပေါင်းတို့သည် နတ်ဘုံသတင်းပျံ့ခြင်းမြူးထူးကြသောအခါ။ နန္ဒဝနဥယျာဉ်သို့သွားကြ ကုန်သည်ရှိသော်။ ထိုကဲ့သို့ရဝိမာန် ဆင်ယာဉ်ပျံ့နတ်သမီးသည်လည်း မိမိ၏ဆင်ယာဉ် ကိုဦးလျက် နန္ဒဝနဥယာဉ်သို့သွား၏။ ကိုအခါအခြားမဟာဝေဠုလာနသည် နတ်ပြည်ဒိုဒေသစာရီ ကြီးတော်မူသောအခါနှင့်ကြိုကြေ၍။ ထိုဆင်ယာဉ် နတ်သမီးကို ဤကဲ့သို့ဖြေမေးတော်မူ၏။ ။

ကုဋ္ဌရော တော ဝရာရောဟော့၊ နာနာရတနကပ္ပနော။
ရုစိရော ထာမသမ္ပန္နော၊ အာကာသမ္ဘိ သဒိဟ္ဟတိ။ ။
ပဒုမိ ပဒ္မ ပတ္တက္ခိ၊ ပဒုမ္ဘုလဓုတိန္ဓရော။
ပဒ္မဝဏ္ဏာဘိကိဏ္ဏော၊ သောဘတိ ပေါက္ခရမာလဝါ။ ။
ပဒုမာနိသဒုံ မဂ္ဂံ၊ ပဒ္မပတ္တဝိဘူသိတံ။
ဌိတံ ဝဂ္ဂုမနုယာတိ၊ ဝါတံ ဂန္ဓတ္ထိ ဝါရဏော။ ။
တသ္သ ပဏ္ဏမ မာနဿ၊ သောဘတ္ထ ကံသာ ရုစိသာရာ။
တေသံ သုယုတ္တိနိဿ္ဃောသော၊ တူရိယေ ပဉ္စဝိဓေ ယထာ။ ။
တသ္သနာဂသ္သခန္ဓမ္ဘိ၊ သုစ်ဝတ္ထာ အလင်္ကတာ။
မဟန္တံ အဋ္ဌ ရာသံ ယံ၊ ဝဏ္ဏေန အတိရောစသိ။ ။
ဒါနသ်ု တေ ဂုဏဒ်ဖလံ၊ အယော သိလဝါ ပုန။
အယောအဋ္ဌလိကမ္ပသ်ု၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ။ ။

ပဒုမိ၊ ခိုင်ပဒုမ္မာ၊ ဘွေကြာပန်းပွင့်၊ ဆန်းတင့်ရောင်ဝင်း၊ တင့်တယ်ခြင်းဖို့၊ အဆင်းရုပ်သွင်၊ ရှုချင်စဖွယ်၊ တင့်တယ်လှပသောနတ်သွေး။ တော၊ သင်နတ်သွေး၏။ ကုဋ္ဌရော၊ မြေးတူးချော်ပါး၊ ကစားသောခါ၊ ဆင်ဝန်းဆောဖြင့်၊ လျင်စွာအသစ်၊ ဆင်ယာဉ်ဖြစ်သော။ ဝရာရောဟော ပြောသာဒ်ဆောင်တင်၊ ပလွင်ရတနာ၊ မြတ်ယာဉ်သာသည်။ နာနာရတနကပ္ပနော ရွှေရောင်ငွေရောင် ပုလဲရောင်နှင့်၊ စိန်ရောင်ပဋ္ဌားမြား ဆယ်ပါးရတနာ၊ အရောင်ဖြာလျက်၊ တန်းဆာထူးထွေ၊ ဆင်လျက်နေ၏။ ရုစိရော မနုညော၊ ရှုမြင်သာသူ၊ ကြည်ဖြူရုံမက်၊ စိတ်အားတက်၍၊ နှစ်သက်ဖွယ်ရာဖြစ်၏။ ထာမသမ္ပန္နော၊ ကြီးကြီးမားမား၊ မြင့်မောက်ကြွားလျက်၊ ခွန်အားဗလ၊ ပြည့်ဝုံလှ၏။ အာကာသမ္ဘိ ဂလာဝေဟင်၊ မိုးကောင်းကင်ခွ၊ သဒိဟတ်၊ ငြိမ့်ငြိမ့်ဝေ၊ မရွေးမမြန်၊ အသွားမှန်၏။

(အဋ္ဌကထာခွ။ ထာမဝါတိ ထံရော ဗလဝါတိ အတ္ထော၊ ဇဝသမ္ပန္နော တိသမ္ပန္နဇဝေါ။ သိဃဇဝေါတိ ဝုတ္တံ ဟောတိ။-ဟူ၍ခိုင်၏။ ။ ဤအလို အားဖြင့်၊ ရှေးပါဠိတော်ခွ။ ရုစိရောထာမဝါဇဝသမ္ပန္နော။-ဟူ၍ခိုင်ဝုံတူ၏ သို့သော်လည်း။ မိဘံ ဝန္ဓတိ ဝါရဏော။-ဟူသော နေ့ကပါ ဒုကိုမြင်သောကြောင့်ပင်။ ဒိတ္ထိ ပဒုမိ၊ ပမာဏ [illegible] နာတိ သိဃံ နာတိ သနိကန္တိ ဝုတ္တံ ဟောတိ။-ဟူသော အဋ္ဌကထာနှင့်တစ်ကားကို မြင်သောကြောင့်ပင်။ ဂါထာပါဒ၁စ်သုံးဖွဲ့ဖြင့်သင့်သောကြောင့် [illegible]။ [illegible]ရော

ထာမသမ္ပန္နော။ ဟူ၍ရှိသော ဝုံနှိပ်ပါဠိတော် အ တိုင်း သာ လျှင် သင့်လျော်သည်)။ ။

ပဒ္ဒပဏ္ဍကဒေ၀ီ၊ ပွင့်ချပ်တရာ၊ ပဒုမ္မာသို့၊ မျက်နှာမျက်စိ၊ တင့်တယ်စွာရှိသောနက်သို့။ ပဒ္ဒပြုလစုတိန္ဓရော၊ ပဒုမ္မာခိုင်၊ ဝေမြှိုင်တောက်ပြောင်၊ ကြာပွင့်ရောင်ကိုလည်းဆောင်ထသော။ ပဒ္ဒဝုဏ္ဏာဘိကိဏ္ဏာ၏၊ ပဒုမ္မာခိုင် မွေးကြိုင်သင်းထု၊ ကြာ၀တ်မှုံ့ဖြင့်၊ အလုံးစုံပက်ဖြန်း၊ ရောပြွန်း၀နှံးကျင်၊ အမွှန်းတင်သော၊ ကိုယ်အင်္ဂါ၊ လည်း ရှိ ထ သော သောဏ္ဏာပေါက္ခရမာလခါ၊ ရွှေကြာပန်းခိုင် မြှိုင်မြှိုင်ဝေ၀ေ၊ ဆင်လျက်နေသောနတ်သို့။ တေ၊ သင်နတ်သို့၏။ ၀ါရဏော၊ ဆင်ပျံ့ရတနာ၊ မြတ်ယာဉ်သာသည်။ ပဒုမာနုသင့်၊ ပဒုမ္မာခိုင်၊ ပျံ့လိုင်ထိုဏ်၊ လှည့်လည်ဝန်းရံ၊ အသင့်ခံလျက်။ ပဒ္ဒပတ္တာ၀ိဘူသိတံ ပဒုမ္မာခိုင်၊ ပျံ့လိုင်ဝန်းကျင်၊ တန်ဆာဆင်လျက်။ ဌိတံ၊ တည်သော။ မဂ္ဂံ၊ တိုနှုန်တန်ခိုး၀ါ၊ တိန်ပြောတင့်ဆန်း၊ ကောင်းကင်လမ်းသို့။ ၀ဂ္ဂူ၊ ညိမ့်ညိမ့်လေးလေး ဇေသောသာ၊ ဖြေးဖြေးလာလျက်။ အနုဃာတိ၊ ဒိမိကျောပေါ်တွင် ပျော်ရွှင်ကစား နေသူများကို၊ ခြောက်ခြားတုံ့လှုပ်၊ မပြုလုပ်ဘဲ။ ဒိ၊ ညိမ့်ညိမ့်ဖေ၊ မနှေးမမြန်၊ စည်းစိမ်ခံလျက်။ ဂဇ္ဇိ၊ ရွှေ့ရွှေ့ မား မား၊ ညိမ့်စွာသွားဏေ။ ။

ပဏ္ဍ မမာနသ၊ ရွှေ့ရွှေ့မားမား ညိမ့်စွာသွားသော။ တာသ၊ထို ဆင်ပျံ့ရတနာ ၊ မြတ်ယာဉ်သာ ၏။ ရတ်သရာ၊ မွေ့လျော်ဘွယ်ရာ၊ ကြည်စွာသောအသံတို့သည်။ ၀ါ မွေ့လျော်ချော်ရှင်၊ ကြည်လင်ဘွယ်ရာ၊ သာယာချိုဇေ ညိမ့်လေး ကြူး ရင့် သော အ သံ ဂ ဂ္ဂနိ သော ။ သောဏ္ဏကံသာ၊ လက်ယာလက်ဝဲ။ ပတ်လည်ဆွဲ၍၊ တွဲလျားကျကုန်လျက်၊ စိန်မြပုလဲ၊ မျက်ရွဲစိန်ဖွာ ရတနာရောင်မောင်း ရွှေခေါင်းလောင်း ရွှေဆည်းလည်းတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တေသံ ထိုရတနာရောင်မောင်း၊ ရွှေခေါင်းလောင်း ရွှေဆည်းလည်းတို့၏။ ၀ါ၊ စိန်ဆွဲလဲ မြဆွဲလဲ၊ ပတ္တမြားဆွဲလဲ၊ ပတ္တမြားခေါင်းလောင်းတို့၏၊ နိဗ္ဗောသော နတ်စောင်းနတ်စည်၊ ရှုနိုးသံချိုလျက် ကြည်ညိမ့်လေး၊ ချိုသောယာ ကြူးရင့်စွာ မြည်သောအသံကို။ ပဋ္ဌာ ဂ်ကေ အ ဂ ါ ငါး ပါး ၌ သော။ တူရိယေယထာ၊ တူရိယာ သံကဲ့ဘို့။ သုယျတိ ကြားရ၏။ ။

တာသနာဂသ၊ထိုဆင်ပျံ့ရတနာ၊ မြတ်ယာဉ်သား ၏။ ခန္ဓမ်ိ။ ကျောက်ကုန်းပေါ်တွင်၊ ရွှေပလွင်ခွ၊ သုဝိ၀ဏ္ဏာ၊ သန့်ရှင်းစင်ကြယ် ရုရုမ်

ဘွယ်သော နှတ်ဝတ်ဆမ်၊ အင်းကျည် ပုဝါ၊ ကောင်းစွာဝတ်ဆင်လျက်။အလက်တာ၊ လှက်ကောက်ခြေကျဉ်း ၊ထိန်ဝင်းရောင်ဝါ၊တောက်ပြောင်စွာနှင့်၊ ကိုယ်မှာဆန်းကြယ်၊ လျှပ်စစ်နွယ်သို့၊ ရှုလှယ်တင့်စွာ။ ဘန်းဆာထူးထွေ၊ ဆင်လျက်နေသော။ ဤ သင်နှုတ်ဆိုး သည်။မဟန့်၊ တထောင်သင်္ချာ၊ များလှစွာသော။ အစ္ဆရာသံစံ၊ ချွေရံခညောင်း၊ အပေါင်းများစွာ၊ နှတ်ကညာတို့ထက်။ ရ၊ နှတ်ကည ,အပေါင်းကို၊ အာကာ၊ လွန်၍။ ဝဏ္ဏနှ၊ အဆင်းအရောင်းအား!ဖြင့်၊ ချစ်ဖွယ်၊ တင့်တယ်တောက်ပ၏။ ။

ဗုဒ္ဓဝယ်၊ ဤသို့တင့်တယ်၊ ရှုချင်ဘွယ်သောအကျိုးထူးသည်။ တေသင်နှတ်ဆိုးအား။ ဒါနသ၊ အလှူဒါန၏။ ဖလံ၊ အကျိုးထူးပေလော၊ အဟော၊ ထိုသို့မဟုတ်။ သိလသ၊ ဝါ၊ သိလ၏မူလည်း။ ဖလံ၊ အကျိုးထူးပေလော။ ပန၊ ထိုမှတပါး။ အဟော၊ ထို့ပြင်။ အဠုလိကမ္မသ၊ လက်အုပ်ချီမိုးခိုးခြင်း၏။ဖလံ၊ အကျိုးထူးပေလော။ကံ၊ ယုံ့အကြောင်းကို။ မေ၊ မေဂ္ဂါလာနမည်တွင်၊ ငါအရှင်သည်။ ပုဗ္ဗေ တာ၊ မေးတော်မူ၏။ တွံ၊ သင်နှတ်ဆိုးသည်။ အဂ္ဂါဟိ၊ ဝမ်းမြောက်ဝမ်းသာ၊ ဖြေကြားပါ၊လော။ ။

ဤသို့အရှင်မောဂ္ဂလာန်မဟာထေရ်မြတ်၊ မေးမြန်းတော်မူအပ်သော ပုဗ္ဗာကို၊ ဝမ်းသာ ရှင်လမ်းသောဗိတ်ဖြင့် ထိုဆင်ယာဉ်ကျုံနှတ်ဆိုးသည် ရှိသေစွာ ဖြေကြားလျှောက်တင်သောအကြောင်းကို ပြတော်မူလိုသော သဂီ!ယနှာတင်အရှင်အာနန္ဒာမထေရ်မြတ်သည် ဤဂါထာကိုမိန့်အပ်၏။

သာဒေဝတာ အဇ္ဇမနာ၊ မောဂ္ဂလာနေန ပုဗ္ဗေ တာ။
ပဗ္ဗံ ပုဗ္ဗ! ဝိယာကာသိ၊ ယသ္သကမ္ဘာ ဝိဒံ ဖလံ။ ။

မောဂ္ဂလာနေန၊ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည်။ ပုဗ္ဗေ တာ မေးမြန်းတော်မူအပ်သော။ သာဒေဝတာ၊ ထိုဆင်ယာဉ်ကျုံနှတ်ဆိုးသည် ယသ္သကမ္ဘာ၊ အကြင်ကုသိုလ်ထိုက်၏။ ဗုဒ္ဓ ဖလံ၊ ဤ ရှိသောအကျိုးထူးကို။ ပဗ္ဗံ ပုဗ္ဗ!၊ ပြဿနာပုဒ်မေးထုတ်သည့်ကို။ ဝိယာကာသိ၊ သ ဖွင့်ပြ၍ ဖြေကြားလျှောက်တင်လေ၏။ ။

ဒိသ္မာဂုဏာသမ္ပန္နံ၊ ဗျာယိ ံ ဗျာနရ!ဂ်ိ!ံ
အဒါသိ ံ ပုဗ္ဗိ!ဘိ!ကိ!ဏ္ဏံ၊ အာသနံ ဒုဿသ!ံ ။ ။
ဥ!ပဇ္ဈ ံ ပဒ္ဒမာလာဟံ၊ အာသနဿ!သ!ပ!ဒ!ံ ။
အ!ဇ!ဂ!ကိ!ရ!ဏ!ံ ပ!ဏ္ဍ!ေ!ဟ!ိ၊ ပ!သ!ဒ!ဿ!ေ!ဝ!ပ!ါ!ဟ!ိ။ ။

တသကမ္ဘကုသလသ၊ ဣဒံမေဗျိဒိသံဖလံ။
သဗ္ဗာရော ဂ၊ ကာရော စ ဒေဝါနံအပစိတာအဟံ။ ။

ဘန္တေမောဂ္ဂလာန၊ အရှင်မြတ်မောဂ္ဂလာန်၊ လက်ဝဲရန်။ အဟံ၊ တပည့်တော်မသည်။ ဂုဏသမ္ပန္နံ၊ သာဝကပါရမီဉာဏ်၊ ထက်သန်အသူး၊ ဂုဏ်ကျေးဇူးနှင့်ပြည့်စုံတော်မူထသော။ စျာယိ၊ သမထကိုရှုခြင်းအာရုံ မဟာဂုပနိဇ္ဈာနစျာန်၊ ဖြစ်ပျက်ကိုရှုခြင်း ဝိပဿနာလက္ခဏာပုပနိဇ္ဈာနစျာန်၊ ထိုနှစ်တနိုင်ကိုအဘာနဘာနရှုတော်မူလေ့ရှိသော။ စျာနရတံ၊ စျာနနဲ့ရှုခြင်းဌာနမှ လျော်ပျော်ပိုက်တော်မူလေ့ရှိသော။ သတိုံ၊ ထင်သော သင်္ခါရတော်မူသော (အဠကထာဌာ။ သတန္တိသမာနံ၊ သန္တိ၊ ဂါ၊သပ္ပ။ ရှိ သန္တိအဂ္ဂြော။ ရှိ၏) သတိ သူတော်ကောင်းဖြစ်တော်မူသော အရှင် သာရိပုတ္တရာထေရ်မြတ်ကို။ ပုမ္ဗာဘိကိဏ္ဏံ၊ ပနိုးမှ,ရာကြဲဖြန့်လျက်။ ဒုဿသန္ထတံ၊ အဝတ်ဖြူခင်းသော။ အာသနံ၊ နေရာကတင်၊ အင်းပျဉ်ညောင်စောင်းအလှကို။ အဒါသိ၊ လှူဘူးပါသည်အရှင်ဘုရား။ အဟံ ဆင်ပျံရတနာ၊ မြတ်ယာဉ်သာဖြင့်၊ ကောင်းစွာ ရှင်ပျော်မှ,လျော်ချိန်နေ ရသောတပည့်တော်မသည်။ အာသနသ၊ အရှင်သာရိပုတ္တရာထိုင်နေ တော်မူသောအင်းပျဉ်၏။ သမန္တ တော၊ ထက်ဝန်းကျင်မှ။ ဥပဇု၊ ထက် ဝက်သော။ ပဒ္ဒမာလံ၊ ပဒုမ္မာကြာပနိုးပွင့်ကို။ ပဗ္ဗတော ဟိ၊ ပွင့်ချပ် ကို ဖြင့် ပသန္နာ၊ ကြည်ညိုဖွယ်သောစိတ်ရှိလျက်။ သေဟိ ပါဏိဘိ၊ ကိုယ်တိုင် သက်သက်၊ မိမိလက်ဖျားဖြင့်၊ အဇ္ဇောကိရိသံ ပနိုးပွင့်ဖိုးရှာသကဲ့သို့ ကောင်းစွာကြဲဖြန့်ပါသည်အရှင်ဘုရား။ မေ တ ပည့် တော် မ အာ း ။ တသကမ္ဘကုသလသ၊ ထိုကုသိုလ်ကံ၏။ ဣဒံ ဖလံ၊ ဤသို့သောအကျိုး ထူးသည်။ ဣဒိသံ၊ ဤသို့ယခု၊ ကြည့်ရှုထင်ထင်၊ အရှင်မြတ်ဘုရား၊ ဉာဏ်အားခွန်မှော်၊ မြင်တော်မူသည့်အကျင်းပါဘုရား။ အဟံ၊ တပည့် တော်မဆင်ယာဉ်ကျုံးနှတ်သင့်းသည်။ ဒေဝါနံ၊ ဖြေရုံခညောင်း နှတ်သင့်း အပေါင်းကို။ သဗ္ဗာရော စ၊ အရိုအသေပြုရာလည်းဖြစ်ပါ၏။ ဂ၊ ကာရော စ၊ အလေးအမြတ်ပြုရာလည်းဖြစ်ပါ၏။ အပစိတာ စ၊ ပူဇော်ရာ လည်းဖြစ်ပါ၏။

(ဆင်ကျုံးရတနာဖြစ်သောနှတ်သင့်းဟူ၍၊ အဖြေအရုံဖြစ်သောနှတ်သင့်းအ ပေါင်းကို၊ အရိုအသေ အလေးအမြတ် ဆည်းကပ်ပူဇော်ကြပါသည့် အရှင်ဘုရားဟူ၍လျှောက်ကြားသတည်း)။ ။

ယောစေသမ္မာ ဝိမုတ္တာနံ၊ သန္တာနံ ဗြဟ္မစာရိနံ။
ပသန္နော အာသနံဒဇ္ဇာ၊ ဧကံနဠေယထာအဟံ။ ။
တသ္မာဟိ အတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ။
အာသနံ ဒါတဗ္ဗံဟောတိ၊ သဒ္ဓိရဏ္ဍိမဝါရိနံ။ ။

ယော၊ အကြင်သူသည်။ သမ္မာဝိမုတ္တာနံ၊ ကိလေသာမှကောင်းစွာ လွတ်တော်မူကုန်သော။ သန္တာနံ၊ သူ တော် ကောင်း ဖြစ် ကုန်သော။ ဗြဟ္မစာရိနံ၊ မြတ်သောအကျင့်ကို ကျင့်တော်မူကုန်သောရဟန္တာအရှင်မြတ်တို့အား။ ပသန္နော၊ ကြည်ညိုသောစိတ်ရှိလျက်။ ဝါ၊ ကံ-ကံ၏အကျိုး၊ ရတနာသုံးပါးတို့၏ဂုဏ်ကိုယုံကြည်လျက်။ အာသနံ၊ ကလထိုင်အင်းပျဉ်၊ ကတင် ညောင်စောင်း အိပ်ရာနေရာကို။ စေဒဇ္ဇာ၊ အကယ်၍လှူညားအုံ့။ အဟံယထာ၊ တပည့်တော်မဆင်ယာဉ်ပျံနှတ်ဆိုးကဲ့သို့။ ဧဝံ ဤအာဘူ။ နဠေ၊ မွေ့လျော်ပျော်ရွှင်၊ ကြည်လင်နှစ်သက်စွာနေရာ၏။ တဿ၊ ထို့ကြောင့်။ အတ္တကာမေန၊ မိမိချမ်းသာခြင်းကိုအလိုရှိသော သူသည်။ မဟတ္တံ၊ အကျိုးကြီးမြတ်သည်ကို။ အဘိကင်္ခတာ၊ တောင့်တလိုလားသည်ရှိသော်။ သဒ္ဓိရဏ္ဍိမဝါရိနံ၊ အဆုံးဘဝဖြစ်သောကိုယ်ကိုဆောင်ကြကုန်သောရဟန္တာအရှင်တို့အား။ အာသနံ၊ နေရာအင်းပျဉ် ကတင် ညောင်စောင်းစသည်ကို။ ဒါတဗ္ဗံ၊ လှူသင့်သည်။ဟောတိ၊ ၏။ ကုဋ္ဌရဝိမာန-ဆင်ယာဉ်ပျံနှတ်ဆိုးဝတ္ထုပြီး၏။ ။ပဌမ ကုဋ္ဌရ ဝိမာနံ။

နှာဝ၀ါ၀ိမာန လေယာဉ်ပျံစီး နှတ်ဆိုးဝတ္ထု။

ရေကူသောအကျိုး။

ထိုလေယာဉ်စီးနှတ်ဆိုးသည် ဒီဒီဘုံဗိမာန၏အနီး၊ ပတ်လည်ဝိုင်းမြီးနေသော မြစ်ချောင်းခွဲဂင်း။ ဘုံဗိမာန်ဘံခါး၀ဲ့ကြားမျိုးငါးပါးနှင့်သောကြီးစွာသော မင်္ဂလာကြာအိုင် လေးထောင့်ရေကန်ကြီးခွဲဂင်း။ ရွှေလေ့ကိုစီးမြှောပန်းတို့ကို ဆွတ်ခူးပန်ဆင်ကာ၊ မျှားစွာသော နှတ်ဆိုးအင်ဖြွေအခုံတို့နှင့်မွေ့လျော်ပျော်ရွှင်စွာနေလေ့ရှိ၏။ ထိုကြောင့် ထိုနှတ်ဆိုးကို လေယာဉ်စီးနှတ်ဆိုးဟူ၍ဆိုအပ်၏။ ဘုံဗိမာန်ကိုဝန်းရံပတ်လည်ဝိုင်းမြီးနေသောမြစ်ရေအာဂျာတို့သည်လည်း၊ ကြည်လင်သန့်ရှင်း မြဲအာဆင်းကဲ့သို့ နှလုံးမွေ့လျော်ဘွယ်ရှိ၏။ ဖြူမွေးသန့်ရှင်း ပုလဲအဆင်းရှိကောင်း ဖွေသဲဖြူ။ တို့ဖြင့် တင့်တယ်၏။ ဝန်းရံပတ်လည်ဝိုင်းသော မြစ်ချောင်းကမ်းပါးနှစ်

ဘက်ဘို့ခ်ိုလည်း။ သရက်,ဝိန်ဆီ၊ နဂ္ဂမာလ်ကာ၊ စသည်ဖြင့်အသီးသီး သော သစ်ပင်တို့သည်ရင်း။ ရင်းမာ,အင်ကျင်း၊ မွှေးသင်းကြ။ လှိုင်၊ ပန်းဝိုင်ပန်းပွင့်၊ ကောင်းစွာပွင့်သောသစ်ပင်တို့သည်ရင်း။ ကြည်လင် ရှင်ပျော်မွေ့,လျော်ရွှင်ရာ၊ မျှားစွာသောပန်းပင်တို့နှင့် ပြည့်စုံ သော ဥယျာဉ်တို့သည်ဂိုဏ်ကုန်၏။ အလိုဂိုရာဆွတ်ယူ၍ အဝတ် ပုဆိုး ခဲဘွယ်, ဘောဇဉ်ဘို့ကိုရနိုင်သော ပဒေသာပင်လည်းဂိုဏ်။ ထိုပဒေ သာ ပင် ၌ အဝတ်ပုဆိုး, ထမီ အင်းကျည် ပုဝါ၊ခဲဘွယ်ဘောဇဉ်၊ လိုချင်သောဝတ္ထု ကို၊ ဆွတ်ယူသုံးစွဲ၏။ ဤကဲ့သို့သောစည်းစိမ်ချမ်းသာသည်လူ့ပြည်က ပြုလုပ်ခဲ့သော ကုသိုလ်ကြောင့်၊ အလိုလိုပင်လျှင် နတ်ပြည်၌ဖြစ်ရ၏။

နတ်ပြည်ဆိုသည်ကား၊ ကုသိုလ်ကောင်းမှု၏ အကျိုးသက်သက်ကို စံစားဘို့ဖြစ်သောဘုံဘဝတည်း။ ငရဲပြည်သည်ကား၊ မကောင်းမှု၏ အကျိုးသက်သက်ကို ခံစားဘို့ဖြစ်သောဘုံဘဝတည်း။ လူ့ပြည်သည် ကား ကောင်းကျိုး မကောင်းကျိုး ချမ်းသာ ဆင်းရဲ ရောနှောမ်ိုဖြစ်သော ဘုံဘဝတည်း။ထိုလေ့ယာဉ်စိုနတ်ဆိုးသည်ကုသိုလ်ကောင်းမှု၏ အကျိုး သက်သက်ကိုစံစားရာ တာဝတိ သာနတ်ပြည်၌ဖြစ်၍၊ ဤဆိုခဲ့ပြီးသော မြစ်ချောင်းရေလျှင် ရွှေလေ့ယာဉ်နှင့်။ ဥယျာဉ်ရေကန် ဘုံ ဗိ မာန် တွင် ပဒေသာပင်နှင့်တကွ ဇမ္ဗြီချမ်းသာစွာနေလျက်၊ လူ့ပြည်ကပြုခဲ့သော၊ ကုသိုလ်ကြောင့် အလိုဂိုရာချမ်းသာကိုရနိုင်သော ရွှေလေ့ကိုစီး၍၊ နတ် သို့အခြေအခံမျှားစွာတို့နှင့် မင်္ဂလာကြာအိုင် လေးထောင့် ရေကန်ကြီး တွင် ကြာပန်းဘို့ကိုဆွတ်ခူးပန်ဆင်ကာ၊ နေလေ့ဂိုသောကြောင့် လေ့ ယာဉ်ဦးနတ်သို့ဟူ၍ ကျော်စောထင်ရှားစွာ ဖြစ်သတည်း။

ကိုနတ်သို့သည်လူ့ပြည်က အဘယ်ကုသိုလ်ကိုပြု၍ ဤစည်းစိမ်းကို ရသနည်း ဟူမူကား။ ရဟန်းတို့အား သောက်ရေလှူသော ကုသိုလ် ကြောင့် ဤစည်းစိမ်ချမ်းသာကို ရသတည်း။ ။ထို အ ကြောင်း ကို ထင်စွာပြဦးအံ့။ ထိုလေ့ယာဉ်ဦးနတ်သို့သည် ရှေးဘဝ၌သာဝတ္ထိပြည် ဒိစတြိဒ်နယ်၊ တောရွာငယ်တစုတွင် အမျိုးသို့ဖြစ်၍။ ငါတို့မြတ်စွာ ဘုရားသည် သာဝတ္ထိပြည်ဇေတဝနကျောင်းတော်၌ ကိန်းအောင်းစံနေ၍ နေတော်မူစဉ်အခါ၊ တဒကျိုင်ခြောက်ပါးမူသော ရဟန်းတို့သည် တစု သောရွာငယ်ကျောင်း၌ ဝါဆိုပြီး၍ဝါကျွတ်သောအခါ၊ မြတ်စွာဘုရား ကိုလည်းမူးမြင်ရအံ့၊ တရားတော်ကိုလည်းနာရအံ့ဟု သာဝတ္ထိပြည်သို့ ရှေးရှည်ကြွလာကြသောအခါ။ လမ်းခရီးအကြားဌေးလအခါရေရှားသော

ကန္တာရခရီးလမ်းဖြစ်၍၊ ထိုရဟန်းတို့သည်နေပူနှင်ပစက်ရကား ပင်ပန်းနွမ်းနယ်သောကိုယ်ရိုကြကုန်၍၊ ရေဆာမွတ်လျှံသောကြောင့် ထိုအမျိုးသို့ပြီးနေသောရွာငယ်၏အနီးသို့ရောက်ကြသောအခါ။ ထိုအမျိုးသည်းသည်လည်း ရေအိုးကိုဆောင်ယူလျက်ရေခပ်အံ့သောငှါရေတွင်းသို့သွ ားသည်ကိုထိုရဟန်းတို့မြင်၍၊ ငါ့ရှင်တို့၊ ဤမိန်းမသည်ရေ အိုးကိုမွှေက်၍သွားဟု ဤမိန်းမသွားသောအရပ်၌ ရေတွင်းရှိလိမ့်မည်ဟုဆိုပြီ၍ ရေသောက်လိုသော ဝိပါသစိတ်ဖြင့်သွားကြသောအခါ ရေတွင်းကိုမြင်၍ရပ်ကြ ၊ နေ့ဏ်ထိုအမျိုးသည်းသည်လည်း ရေတွင်းမှ ၊ ရကိုခပ်ပြီး၍ပြန်တော့မည်အပြုတွင် ထိုရဟန်းတို့ကိုမြင်၍။ ဤအရှင်မြတ်တို့သည် ရေဆာမွတ်ခဲ့ကုလ္ပ၏ဟု အောင်းမေ့လျက် ကြည်ညိုသောစိတ်ကိုဖြစ်စေ၍။ ဦးခေါင်းပေါ်မှ ရေအိုးကိုချ၍ အရှင်ဘုရားတို့သည် ရေအလိုရှိပါလျှင်လှူပါ၏ဟု လျှောက်ကြား၏။ ထိုရဟန်းတို့သည် သပိတ်ဆံပါအတွင်းမှ ရေစစ်ကိုထုတ်ယူ၍ ရေကိုစစ်ပြီးလျှင် အလိုရှိတိုင်းသောက်ကြ၍ လက်ခြေကိုကို ဆေးအောင် ရေဖြင့်ဆေးကြော၍ ထိုအမျိုးသည်းအား ရေလှူသော အကျိုးတရား တို့ကို ဟောကြား၍သွားကြကုန်၏။

ထိုအမျိုးသည်းရေလှူသော ဘုရားသိုလ်ကိုနှလုံးသွင်းမှတ်၍မကြာမကြာ အောင်းမေ့၏။ ငါသည်ရဟန်းတို့အားရေလှူရပေသည်ဟု အောင်းမေ့လျက်ရှိတော်လျှင် တာဝတိံသာနတ်ပြည်ဝယ် ကြီးစွာသော ဘုံဗိမာန်သို့ပတ်လည်ဝန်းကျင်၊ မြစ်ရေလျှင်တို့ဖြင့်ဝန်းရံ၍၊ ရေကန်ဥယျာဉ်၊ ပန်းပင်ပန်းခိုင်၊ ငှေ့ကြိုင်လွှစွာ၊ ပဒေသာပင်နှင့်တကွ အလုံးပုံသော နတ်သွေးအခြေအရံတို့နှင့် ချော်ပါး ရှင်မြူးစွာ နေရသောလေယာဉ်ဦးနတ်သူးဖြစ်လေသတည်း။ ထိုနတ်သူး၏ ရွှေလှေသည် အလွန်ဆန်ကြဲယ်ပွာတင့်တယ်တောက်ပလျက်၊ လှေနံနှစ်ဘက်တို့မှ အသူးသူးသောရွှေတန်းဆာတို့ဖြင့်ဆင်လျက် နံသောအခဏ်းခဲသောနတ်ဖြစ်သဖြင့် ရွှေဖြင့် ကာရံအပ်သော အကာအရံလည်းခဲ၏။ အသူးသူးသောရတနာ ဖြင့် တောက်ပသောအရိုးလည်းခဲ၏။ ဒိဒါဘုံဗိမာနပတ်လည်ဝန်းကျင်ရှိ ကြည်လင်စွာဖိုး၍နေသောမြစ်ငယ်ကို မှ ရွှေလှေကိုဖိုး၍၊ ဘုံဗိမာန် ပေါ်ပေါ်ပတ်ကြ ကျိုးပါးနှင့်ပြည့်စုံသော မင်္ဂလာရေကန်ကြီးအတွင်း ကြ ပန်းကို ကုဆွတ်ခူးကာ မျှားစွာသောနတ်သူးအခြေအရံ ကိုနှင့် ရွှေ့လျှောခ ကပ်ပါး ကစားမြူးထူးလျက်နေရာတွင်။ အရှင်မဟာမောဂ္ဂလာန်ပေါ်ရောက်မြတ်သည့်

နတ်ပြည်သို့ဒေသစာရိုက်ခြင်းတော်မူသောအခါ။ ထိုလေယျာဉ်စီးနတ်သွီး ကိုမြင်၍ ဤဂါထာကိုဖြင့် မေးမြန်းတော်မူ၏။ ။

သုဝဏ္ဏ ဆဒနံနာဝံ၊ နာရီအာရုယ္ဟ တိဋ္ဌတိ။
သြဂါဟာသိပေါက္ခရဏိံ၊ ပဒ္မံ ဆိန္ဒသိပါဏိနာ။ ။
ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥဘတ္ထိနိစ တေ ဘောဂါ၊ ယေကေစိ မနုသော ဝိယာ။ ။
ပုစ္ဆာမိတံ ဒေဝိ မဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိပုညံ
ကေနာသိ ဧဝံ ဇလိတာနုဘာဝါ၊ ဝဏ္ဏောစ တေ သဗ္ဗဒိသာ
ပဘာသတိ။ ။

သုဝဏ္ဏဆဒနံ၊ ဝင်းတောက်သျှံဝါ။ ရထနာရောင်ဖြူး၊ ရွှေအကိုင်ခံ သော။ နာဝံ၊ ရွှေလှေကို။ အာရုယ္ဟ၊ တက်ခြင်း၍။ နာရီ၊ ပျိုမြစ်နှုန်းယင်း ရှုချင်ဖွယ်ရှိသောနတ်သွီးသည်။ တိဋ္ဌတိ၊ တည်နေ၏။ ပေါက္ခရဏိံ၊ ကြာမျိုးငါးရုံ၊ ရွှေးထုံသင်းကြိုင်၊ ပန်းကြာအိုင်သို့။ သြဂါဟာသိ၊ မြွေ တူးချောပါး၊ ကစားခြင်းဌာ၊ သက်ဆင်းလာ၏။ ပဒ္မံ၊ ပဒုမ္မာခိုင်၊ ရွှေး ကြိုင်ပွင့်လန်း၊ ရွှေကြာပန်းကို။ ပါဏိနာ၊ လက်ဖြင့်။ ဆိန္ဒသိ၊ လှမ်း ကာဆွတ်ချေ၊ ခူးသူကိုနေ၏။ ။တော၊ သင်နတ်သွီးအား။ ကေန၊ အ ဘယ်ကုသိုလ်ကံကြောင့်။ တာဒိသော၊ ထိုကဲ့သို့လှပသော။ ဝဏ္ဏော၊ အဆင်းအရောင်ရှိသနည်း၊ ကေန၊ အဘယ်ကုသိုလ်ကံကြောင့်။ တေ၊ သင်နတ်သွီးအား။ ဣဓ၊ ဤတာဝတိံသာနတ်ပြည်၌။ သမိဇ္ဈတိ၊ ဖြစ် လာသနည်း။ ။

(ကြင်းသောဂါထာကို၏အနက်ကိုပညာပျံနတ်သွီးဝတ္ထုတွင်ရှု)

အရှင်မဟာမေဂ္ဂလာနမေးတော်မူသည်ကို လေယျာဉ်စီးနတ်သွီး သည် ဤဂါထာကိုဖြင့်ဖြေကြားလျှောက်တင်၏။ ။

အဟံမနုဿေသု မနုဿဘူတာ ဒိသ္မာနဘိက္ခု၊ တသိတေ
ကိလန္တေ။
ဥဒ္ဓာယ ပါတုံ ဥဒကံ အဒါသိံ၊ *ယောစေကိလန္တာနံ
ဖိပါသိတာနံ။
ဥဒ္ဓာယ ပါတုံ ဥဒကံ ဒဒါတိ၊ သိတော ဒကာတသ
ဘဝန္တိနဇ္ဇော။
ဘဟုဏ္ဏ မလ္လာ ဘဟုပုဏ္ဏ ဇိုကာ။(တံတသ္ဓနုပဓိယ,ဇ္ဈိသဒ္ဒ၊)။

+တမာသဘာနုပ္ပရိယန္တိ သဗ္ဗဒါ။+ဟံသာဝတိတိုက်ပုံနှင်စာအုပ်မှ+
+တမပကမနုပရိယန္တိ သဗ္ဗဒါ+ဘားနဒ်ပိဋကတ်တိုက်ပေမှ)။
+တမာကာသကအနုပရိယန္တိ သဗ္ဗဒါ+တမသဘာအနုပရိယန္တိ+
တမာသဘာဝအနုပရိယန္တိ ။ပါဠိတော်မှအမျိုးမျိုးကွဲ၍ဖတ်။

(အဋ္ဌကထာဋီကား။တတ္ထတသာတိစ၊တန္တိစ၊ယသာဝုတ္တ ဗုညကာ ရိုနံပစ္စာမသတိ။ ဟူ၍ရှိ၏)ထိုကြောင့် (တံတသာနုပရိယန္တိသဗ္ဗဒါ)ဟု မည်သင့်ပေသည်။ ဆင်ခြင်ကြကုန်ရာ၏။ ။

သိဒေါဒကာဝါဠုကသန္ဓတာနဒ်၊ အမ္ဘာစသာလာတ်လကာစ
ဇမ္ဗု။ယော။
ဥဒ္ဒါလကာပါဠုလိယောစဖုလ္လာ၊ တံဘူမိဘာဂေဟိဥပေတာ ရှုပ်။
ဝိမာနသေဋ္ဌံ ဘူသခေါဘမာနုံ။ တာဒိဝကမ္မဿဆအဟံဝိပါကော။
ဓောဒိသံပုညကတာလဘန္တိ၊ တေနမေ တာဒိသော ဝဏ္ဏော။
တေနမေ ဗ္ဂုဝမိဗ္ဗာဘိ ဥပဇ္ဇန္တိစမေဘောဂါ ယေကေစိမနုသောဒိယာ
တေနဗ္ဘိဇလိတာနုဘာဝါ၊ဝဏ္ဏောစမေသဗ္ဗဒိသာပဘာသတိ။

ဘဏ္ဍန် မောဂ္ဂလာန၊ တနိုင်းအာဘိညာဏ်၊ လွန်ထက်သနဲသည်၊ မောဂ္ဂလာန်မည်မှတ်၊ အရှင်မြတ်။ အဟံ၊ ရှေလေ့ယာဉ်ကိုး၊ နတ်သွင်းလ၊ တပည့်မသည်။မနုဿသူ၊ လူ့ပြည်တို့ဌာ။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ တသိတေ၊ ရေကြည်ဖြေ၊ သောက်လိုလျှ၍၊ နွေလအခါ ရေဆာကြကုန်သောကြောင့်။ ကိလန္တေ၊ ပင်ပန်းနွမ်းနယ်ကြကုန်သော၊ ဘိက္ခု။ ရဟန်းတော်တို့ကို။ ဒိသွာ၊ မြင်ရပါ၍။ ဥဒကံ၊ ရေကို။ ပါတုံ၊ သောက်တော်မူကြပါစေခြင်းငှါ။ ဥဒ္ဓရိယ ထင်ကြွလုံးလစ်ရှိယဖြင့်။ ဥဒကံ၊ ရေကို။ အဒါသိ၊ ကြည်ညှိလျှစွာ၊ သဒ္ဓါ ရှင်လမ်း၊ လှူဒါးနှင့်ပါသည်အရှင်ဘုရား။ ယော၊ အကြင်သူသည်။ ဝိပါသိဘာနုံ၊ နွေလအခါ ရေဆာကြကုန်သောကြောင့်။ ကိလန္တာနုံ၊ ပင်ပန်းနွမ်းနယ်ခြင်းကိုကြကုန်သော ရဟန်းတော်တို့အား။ ဥဒကံ၊ ရေကို။ ပါတုံ၊ သောက်တော်မူကြပါစေခြင်းငှါ။ ဥဒ္ဓရိယ၊ ထင်ကြွလုံးလ,ဒိရိယဖြင့်။ စေတသာ၊ အကယ်ဆိုလျှင်လှူညှားအံ့။ တသ၊ ထိုရေလှူသောသူအား။ သိတောဒကာ ဒေသောရေ ရှိကုန်သော။ ဗဟုဇ္ဇမသ္ဘာ၊ များ ပွား သော ကြာ ပန်း ကို ကုန် သော ၊ ဗဟုပုဏ္ဍရိကာ၊ များပွားသောကြာပုဏ္ဍရိကာကိုကုန်သော။ နုဇ္ဇာ၊ သန့်ရှင်းကြည်လင်၊ မြစ်ရေရေကျသည်။ ဘဝန္တိ၊ ကံအားဖြင့်ပွား၊ ဖြစ်ပေါ်လာကုန်၏။ နဒီ၊ မြေကြည်လင်၊ မြစ်ရေရောက်သည်။ သိတော ဥဒကာ

ဖြေသောရေကိုပေးနှုန်လျက် ။ဝါဋ္ဌကသန္ဓတာ၊ ပုလဲဥသို့၊ ဖြူနွယ်သန့်ရှင်း သဲဖြူခြင်းကုန်လျက်။ ဥဘောသုတိရေသု၊ လက်ဝဲလက်ယာ၊ မြစ်ကမ်း သာကျွန်ခဲ့။ အမ္ဘာစ၊ စိန်းမြန်ကန်းဝေ၊ အခက်ပွေလျက်၊ ရွက်ရွှေလွင်လွင် သရက်ပင်ကိုသည်ကုန်း။ သာလာစ၊ ယနံမွှေးကြိုင်၊ ပန်းခိုင်ခိုလွင်၊ အင်းကျင်းပင်ကိုသည်ရင်း။ ကဏ်လကာစ၊ ခေါင်ရမ်းအသွေး၊ နီတွေး ရဲရဲ၊ တွဲသျှားကျသောပန်းပွင့်ပန်းခိုင်ကိုကုန်သော၊ မှန်ကူပင်ကိုသည်ရင်း ဇမ္ဗူပေါစ၊ သိုးလုံးခိုလွင်၊ သပြေပင်ကိုသည်ရင်း။ ဥဒ္ဒါလကာစ နီ တွေးရဲရဲ၊ တွဲတွဲကုန်ကုန် ပန်းပွင့်ကိုကုန်သော ပေါက်ပင်ကိုသည် ရင်း။ ပါဋလိပေါစ၊ ပန်းပွင့်ခိုလွင်၊ သစ္စတ်ပင်ကို သည်ကုန်း။ ဗုလ္လာ၊ ပြိုင်ပြိုင်ဝေဝေ၊ : ပွင့်လျက်နေကုန်၏။ တံ-တော ထိုမြစ်ရေကြည်လင်၊ ပန်းဦးယာဉ်ကိုသည်၊ တသဲ ထိုရေလှူသောသူသို့။ အနုပရိယန္တိ အစဉ်တရိုက်လိုက်၍ဖြစ်လာကုန်၏ ဘုန်းဘာဝေဟိ၊ ဒေ့လျော်ကွယ် ကိုသောမြေအပြင်ကိုဖြင့်။ ဥပေတာ ရှုပံ ပြည့်ရုံ ခြင်းသ ဘောကိုသော။ တံဝိမာနသေဋ္ဌံ ထိုဗိမာန်မြတ်သည်။ ဘူသသောဘမာနံ လွန်စွာတင့် တယ်ခြင်းကိုလျက်။ ဣဒ ဤတာဝတိံ သာနတ်ပြည်ခဲ့။ တသကမ္မသ၊ ထိုရေလှူသောကံ၏။ အယံဝိပါကော၊ ဤအကျိုးသူးသည်၊ ဟောတိ ဖြစ်၏။ ပုညကတာ ကောင်းမှုပြုသောသူကိုသည်။ ဒေတာ ဒိသံ ဤဆို ခဲ့ပြီးသော ဒေ့လျော်ကွယ်ရာ ချမ်းသာနတ်ညြမ် နတ်စည်းစိုးစံမင်ကို။ လဘတိ ရကြောပါကုန်၏။ ။(ကြွင်းသောဂါထာများအနက်ကို ပဌမ ပလ္လင်ပျံနတ်သို့ဝတ္ထုဒွိရူရာ၏။) ၊

ပထမလေယာဉ်စီးနတ်သို့ဝတ္ထုပြီး၏။ ။ဆဋ္ဌနာဝါဝိမာန။

.....။O။.....

ဒုတိယလေယာဉ်စီးနတ်သို့ဝတ္ထု။

မြတ်စွာဘုရားသည်သာဝတ္ထိပြည်၌ ဇေတဝနကျောင်းတော်၌၊ ကိုယ်နှုး အောင်းခံ၍နေတော်မူစဉ်အခါ၊ ဒီဃာသဝဝေယာနှာအမှတ်မြတ်တပါ သည်၊ ဝါဆိုသောအဋ္ဌနိအခါနီးလပ်သည်။ တခုသောတောရွာငယ်ခဲ့ ဝါဆိုတော်မူလိုသည်ဖြစ်၍၊ သာဝတ္ထိပြည်မှ၊ ထိုတောရွာငယ်သို့ခြေး ရှည်သွားတော်မူ၍၊ နေ့ဆန်းလွဲအဋ္ဌနိအခါဝယ်။ လွန်စွာခဲယဉ်းပန်းသောကြောင့် ရေဆာမွတ်ခြင်းဖြစ်လျက် တခုသောရွာငယ်သို့ရောက် လေသည်။ ။ရွာငယ်၏အပြင်အပန်း တဝိုတခုအရပ်ဝယ်စရာရေသောက်စရာ

မမြင်ရကား သက်နိုးကိုရုံ၍ရှာတွင်းသို့ဝင်ပြီးလျှင် တခုသောအိမ်တံခါး ဝ၌ရပ်တော်မူ၏။ ထိုအိမ်၌တယောက်သော အမျိုးကောင်း သို့မဟုတ် ရဟန္တာအရှင်မြတ်ရပ်တော်မူသည်ကိုမြင်လျှင်၊ အရှင်ဘုရားသည် အ ဘယ်ကိုအလိုရှိ၍ ကြွတော်မူလာသနည်းလျှောက်ကြား၍။ ခရီးပန်း သ ဖြင့်ရေဆာမွတ်ကြောင်းကို မိန့်တော်မူလျှင် အိမ်ပေါ်သို့ ကြွတော်မူပါ အရှင်ဘုရားဟုပင့်၍ နေရာကိုခင်းပြီးလျှင် ဤနေရာ၌ထိုင်တော်မူပါအရှင် ဘုရားဟုလျှောက်ကြား၍၊ ခြေဆေးရေ ခြေနယ်ဆီတို့ကိုလှူ၍ သောက် တော်ရေကိုလည်း ကပ်၍ မထေရ်မြတ်အား ရပ်လေခပ်၏။ ပင်ပန်းနွမ်း နယ်ခြင်းပျောက်ကင်းသောအခါ၊ ချိုင်ဖွေးကြိုင်စွာသော အဖျော်ကိုကပ် ၏။ မထေရ်မြတ်သည်ထိုအဖျော်ကိုသောက်တော်မူပြီး၍အနု မောဒနာပြု ပြီးလျှင် ဗဲသွားတော်မူ၏။

နောက်အခါ၌ ထိုအမျိုးသို့သည်စုတေ၍ တာဝတိံသာနတ်ပြည်၌၊ ပထမလျှေယာဉ်စီး နတ်သို့ကဲ့သို့ပင်လျှင် ကြည်လင်ဖြစ်စွာ ကြာမျိုးငါး ပါးတို့နှင့်ပြည့်ရုံသော မြစ်ချောင်းရေတို့ပတ်လည်ဝန်းရံလျက်၊ ဘုံဗိမာန် ပေါက်၍ ထိုဘုံဗိမာန်၏တံခါးဝ၌ အွေ့လျှေနှင့်တကွ ကြာမျိုးငါးပါးနှင့်ပြည့် ရုံသော မဂ်လာပန်းကြာအိုင်လေးထောင့်ရေကန်ဖြစ်၍၊ ဥယျာဉ်ပန်းပင် တို့နှင့်တကွ ကြီးစွာသော်ပဒေသာပင် အသုံးအဆောင်တို့ကိုရ၍ နတ်သို့ အခြွေအရံတို့ဖြင့်ခြံရံလျက်၊ အွေ့လျှေကိုစီး၍ ပျော်ပါး မွေ့လျော်စွာ လျှေ ယာဉ်စီးနတ်သို့ဖြစ်လေသတည်း။ ။ ထိုနောက်အရှင်မောဂ္ဂလာန်နှင့် ဘွဲ့ကြီး၍ မေးဖြေသောဂါထာတို့မှာ၊ ပထမလျှေယာဉ်စီးနတ်သို့ဝတ္ထု၊ နှင့်အတူတူပင်ဟောအပ်သတည်း။ ။

ဒုတိယလျှေယာဉ်စီးနတ်သို့ဝတ္ထုပြီး၏။ ။သတ္တမ နာဝါ ဝိမာန။

တတိယလျှေယာဉ်စီးနတ်သို့ဝတ္ထု။

မြတ်စွာဘုရားသည် မျှားစွာသော ရဟန်းသံဃာတော် အပေါင်းခြံရံ လျက်မဂ္ဂလာတိုင်းကို၌ ဒေသစာရီ ကြွချီတော်မူသောအခါ၊ မဂ္ဂလာတိုင်း သားတို့၏ ထူးမည်သော ပုဏ္ဏားရွာငယ်တခုသို့ရောက်တော်မူ၏။ (ဝိမာနဝတ္ထု အဋ္ဌကထာ၌ကား ကောသလတိုင်းဟု၎င်း) ယူနရွာနေ ပုဏ္ဏားသူကြွယ်ဘို့သည် ဘုရား, တရား, သံဃာ, ရတနာ သုံးပါးကို မ ကြည်ညိုသောမိန္ဓာဒိဋ္ဌိ ဗြဟ္မဏဝါဒအယူရှိကြကုန်၍၊ ရဟန်းတော်တမ

သည် ဤငါတို့ဆုနှစ်ခု-နှစ်ရက်-သုံးရက်နေ၍ တရား ဟော သည်ရှိ သော် ငါတို့ဖြေဟူဏာဝါဒသည်ထောက်ရာတည်ရာ မရအောင်ကွယ်ပ၍ သွားရာ၏ဟု မဆွေရဂ္ဂိကြားကုန်သည်ဖြစ်၍။ မြတ်စွာဘုရားနေရာ မ ရ အောင်အားထုတ်ကြကုန်လျက်၊ မြစ်ဆိပ်တို့ဌာလေတို့ကိုပယ်ရှားမျှောက် ဖျက်၍ဆားကြကုန်၏။ တံတားလင်းကူးတို့ကိုလည်းသွားလာခြင်းငှါ မ ဖြစ်နိုင်အောင်ပိတ်ဆို့ကြကုန်၏။ ဗိဒိတို့ရွာသားများခပ်ယူရန် ရေတွင်း တခုကိုသာခြီးဆား၍ ကြွင်းသောရေတွင်းတို့ကို မြက်တို့ဖြင့်ဝှင်း။ မွဲတို့ ဖြင့်ဝှင်း၊ အမှိုက်တို့ဖြင့်ဝှင်း၊ ဖို့လောင်းပိတ်ဆို့ကြကုန်၏။

မြတ်စွာဘုရားသည် ထိုထူးခြားရွာသားပုဏ္ဏားသူကြွယ်တို့၏ ဘောက် ပြန်သောအမှုအရာကိုသိတော်မူ၍ ထိုသူတို့အားအစဉ်သနားခြင်းမှိုတော် မူရကား ရဟန်းသံဃာတော်နှင့်တကွ ကောင်းကင်ခရီးမှ မြစ် ကို ကို ကျော်၍အစဉ်သဖြင့် ထူးခြားပုဏ္ဏားရွာအနီးသို့ရောက်တော်မူလျှင် လမ်းခ ရီးမှဘဲ့တော်မူ၍။ တခုသောသစ်ပင်ရင်းခံ ရဟန်းသံဃာတော်နှင့်တကွ နေ့တော်မူ၏။ ထိုအခါခံ့မျှားစွာကုန်သော မေ့ခပ်သူမိန်းမတို့သည်မြတ်စွာ ဘုရားနေတော်မူရာသစ်ပင်ရင်းမှ မနီးမဝေးသောအရပ်ခဲ့ သွား ကြ ကုန် ၏။ ထိုဆုနှစ်ခုလည်း။ အကယ်၍ရဟန်းဂေါတမသည် ဤရွာတွင်းသို့ ဝင်လာညား၏ ခရီးဦးကြိုခြင်းကိုမပြု။ ကိမ်သို့ ဆွမ်းခံ လာ သော ရဟန်းကိုလည်း ဆွမ်းမလောင်းရ၊ ဟူ၍ ကတိကဝတ်ကို ပြုထားကြ ကုန်၏။ ဝါ ညီညွတ်စွာတိုင်ပင်၍တားမြစ်ပိတ်ပင်ကြကုန်၏။

ထိုရေခပ်ကြ ကုန်သော မိန်းမ ကို တွင် လည်း ပုဏ္ဏား သူ ကြွယ် တ ယောက်၏ကွန်မဖြစ်သောမိန်းမကလေးတယောက်သည်။ရဟန်းသံဃာ တော်ခြံရံလျက် နေတော်မူသော မြတ်စွာဘုရားကိုမြင်လျှင် ကြည် ညို သောစိတ်ဖြစ်၍ ရဟန်းဟူသည်ခရီးပန်းသဖြင့် ရေဆာမွတ်သော အ ကြောင်းကိုလည်းသိ၍ ရေလှူလိုသောစိတ်ဖြစ်လျက်ဤသို့ကြံ၏။ အလုံး စုံသောရွာသူရပ်သား လူအများ၏သည် ရဟန်းဂေါတမအား တခုံတခု ကိုမှုမလှူရဟုတိုင်ပင်ညီညွတ်၍ထားကြသော်လည်း ဤကဲ့သို့ကြည်ညို ဘွယ်ဆောအလှူခံ ပုဂ္ဂိုလ်မြတ်ကိုဖွေ့ရပါလျက် ရေတခွက်ကိုမှုမလှူနိုင် ဘဲ မိဒေါသောက်ရာဘည်ရာ၊ ကိုးစားရာကိုမပြုလုပ်ညား၏။ ငါသည်ဤ သို့သောဆင်းရဲစွာ အသက်မွေးရသောကျွန်အဖြစ်မှ အဘယ်သို့လွတ်နိုင် တော့မည်နည်း။ အကယ်၍ငါ၏အရှင်သခင် ပုဏ္ဏားသူကြွယ်ကြီးသည် ၎င်း။ ရွာသူရပ်သားလူအများသည်၎င်း။ ငါကိုသတ်လိုလည်းသတ်ပေ

စေ၊ နှောင့်ဖွဲလိုလည်းနှောင့်ဖွဲပေစေ၊ ရေအလွှာကိုငါလွှာတောင့်အုံဟုစိတ်ကိုဆုံးဖြတ်၍ လွှအုံ့သောအမှုအရာကိုပြုသောအခါ၊ အတူလာသောရေခပ်မိန်းမတို့သည်၊ တားမြစ်၍ပြောဆိုကြသော်လည်း၊ အသက်ကို ပမာဏမထားဘဲ၊ ဦးခေါင်းပေါ်မှရေအိုးကိုချ၍။ လက်နှစ်ဘက်ဖြင့် ရေအိုးကိုဆောင်ယူကာ သင့်ရာဌာနဝယ်ရှင်လမ်းဝမ်းမြောက် စွာသောစိတ်ကိုဖြစ်စေလျက် မြတ်စွာဘုရားရှေ့တော်သို့သွား၍ ငါး ပါး သောတည်ခြင်းဖြင့်ဂိုဏ်ပြီး၍ သောက်ရေကိုကပ်လှူ၏။

မြတ်စွာဘုရားသည် ထိုကျွန်မ၏စိတ်ကိုသိတော်မူ၍ ခြိုးခမြောက်ခြင်းကိုပြုတော်မူလျှက်၊ လက်ခြေကိုကို ဆေးကြောတော်မူပြီးလျှင် ရေကိုသောက်တော်မူ၏။ ထိုကျွန်မသည်လည်း ရေအိုးခွံရေလျှော့ပါးခြင်းမရှိသည်ကိုမြင်၍၊ ရဟန်းတပါးအားထိုနည်းအတူကပ်လှူပြန်၏။ထိုရေသည် ရေအိုးခွံလျှော့ပါးခြင်းမရှိ၍ တဘန်ရဟန်းတပါးကိုကပ်လှူပြန်၏။ ဤသို့လျှင်တပါးပြီးလျှင်တပါး ဆက်ကာဆက်ကာ ကပ်လှူသော်လည်း ရေအိုးခွံရေသည်လျှော့ပါးခြင်းမရှိဘဲပြည့်မြဲကိုင်းသောရေဖြင့်သာလျှင် ရှစ်လမ်းဝမ်းမြောက်စွာ ထိုရေအိုးကိုရွက်၍ မိမိနေသောပုဏ္ဏားသူကြွယ်၏ အိမ်သို့ရှေးရှုသွားတော်၏။ ဒိန္ဓာဒိဋ္ဌိပုဏ္ဏားသည်မြတ်စွာဘုရားအား ရေလှူသည်ကိုသိ၍၊ ဤဒိန်းမကားရွာသားဘို့၏ ကတိကဝတ်ကိုဖျက်သည်ဟုစိတ်ဆိုးလျက် အမျက်ဒေါသချောင်းချောင်းထ၍ ထိုကျွန်မ၏ခြေနှစ်ဖက်လည်းပြီးလျှင်ခြေတို့ဖြင့်ဝင်း၊ လက်တို့ဖြင့်ဝင်း နှုတ်စက်ညှင်းဆဲရိုက်နှက်ခြင်းကိုပြုသဖြင့် သေခြင်းသို့ရောက်၍ တာဝတိံသာနတ်ပြည်ဌာ ကြီးစွာသောဘုံဗိမာန်ဝယ်နတ်သိုးအခြံအရံတထောင်နှင့် **လှေယာဉ်စီးနတ်သို့**ဖြစ်လေ၏။ ။

ထိုအခါဌာ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ရေတွင်းမှရေကိုခပ်ခြေလောဟုစေတော်မူ၏။ အရှင်အာနန္ဒာသည်လည်း။ ယခုအခါဌာရေတွင်း ကို ထူနန္ဒာသားတို့သည် မြက်ဖို့ကိ ကုန်ဖြင့် ၊ ။ ဖွဲ့တို့ဖြင့် ၊ ။ ဖျက်ဆည်းဝိတ်ဆို ၍ထားသောကြောင့် ရေခပ်ခြင်းငှါ မတတ်နိုင်ပါဘုရားဟု လျှောက်ကြား၏။ မြတ်စွာဘုရားသည်လည်း နှစ်ကြိမ် သုံးကြိမ်တိုင်အောင်စေတော်မူ၏။အရှင်အာနန္ဒာသည်သုံးကြိမ်တိုင် မြတ်စွာဘုရားစေတော်မူလျှင် သပိတ်တော်ကို ၍ ရေတွင်းသို့သွား၏။ ရေတွင်း၏အနီးသို့ရောက်သောအခါ၊အလုံးရုံသောမြက် ကို ဖွဲ့ကို ကုန်ကို ရှာ ယူ၍ရေတွင်းမှရေကို သည် ပြည့်လျှံကာထွက်ပြီးလျှင် ထ ။ နီးကျမှ

စီးဆင်းရှိနေသည်ကို အဂ္ဂဝင်အာနန္ဒာမြင်လျှင် အံ့သြခြင်းဖြစ်၍ သပိတ်တော်ဖြင့် ရေကိုခပ်ပြီးလျှင် မြတ်စွာဘုရားအား ကပ်တော်မူ၏။ မြတ်စွာဘုရားသည် ဤသို့ဥဒါန်းကြွေးတော်မူ၏။

ကိုကယိရာ ဥဒပါနေနှ၊ အာပါစ သဒ္ဓဒါ သိယျုံ။
တဏှာယမူလတောဆေတ္တွာ၊ ကိသ ပရိယေသနံ စရေ။

ဥဒါနိုးပါဠိတော်

သဒ္ဓဒါ၊ အခါခပ်သိမ်း။ အာပါစ၊ ရေတို့သည်လည်း။ သိယျုံ၊ စိတ်ဖြင့်တောင့်တ၊ လိုတိုင်းရအောင်၊ ပုညစွမ်းအား၊ ဖြစ်ကုန်ညားသော်။ ဥဒပါနေနှ၊ ရေတွင်းဖြင့်။ ကိုကယိရာ၊ အဘာ ပြုတော့ မည်နည်း။ တဏှာယ၊ သောက်လေ သောက်လေ၊ တော်မပြေသည့်၊ ဆားရေပမာ၊ တဏှာငင်းငင်း၊ ဆာလောင်ခြင်းမှ။ ဝါ၊ ဆာ လောင် ခြင်း ကို။ မူလတော၊ အရေသောက်ဖြစ်မ၊ မူလစင်းစင်း အကြောင်းရင်းမှ၊ ဆေတ္တွာ ပယ်ဖြတ်ပြီး၍။ ကိသ၊ အဘဲ့ကြောင့်။ ပရိယေသနံ၊ စားသောက်လေလေ၊ တော်မပြေ၍၊ အရစာထမင်း၊ ဂျာမွေခြင်းငှါ။ စရေ၊ အပင်ပန်းဂျာ၍သွားလာလှည့်လည်တော့မည်နည်း။

ထိုနောက်ထိုရေတွင်းမှ ဦးထွက်သောရေတို့သည် နိမ့်ရာနဲ့ခဲ့ရာ၊ ချောင်ဂွမ်းရာသို့၊ များစွာဦးသွားသဖြင့်၊ ထူနဂ္ဂာ၏ထက်ဝန်းကျင်ပတ်လည် ဌဂိုဂုန်သော ရေကန်ရေတွင်းကျုံးမြောင်းဘို့ကိုပြည့်စေ၍။ ကြာဖြူ။ ကြာနီ၊ ကြာညိုကြာပဒုမ္မာ၊ ကြာပုဏ္ဍရိတ်တို့သည်လည်း ရှုမျှော်မည်းအောင်၊ တင့်တယ်လှပစွာ ပွင့်ကြပေ၏။ ဝမ်းဘဲ ဟင်းသာ ကြိုးကြာ စက္ကဝက်၊ ရေကြက်ရေဂျက်ကို့သည်လည်း ထိုရေတို့ဒဲ့ကျက်စားလှည့်လည်ကြကုန်၏။

(ဤသို့ဖြစ်လာခြင်းကား မြတ်စွာဘုရား၏အဓိဋ္ဌာန်တော်ကြောင့် ဖြစ်သည်လည်းမဟုတ်။ နတ်များဘန်ဆင်း၍ဖြစ်သည်လည်းမဟုတ်၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ပုညာနုဘာဝ၊ ဓေါ်ဘုံးဓေါ်ကံပါရမီတော်ကြောင့် အံ့သြဖွယ်ဖြစ်လာသတည်း)။

နဗုဒ္ဓါနံ အဓိဋ္ဌာနေန၊ နာပိ ဒေဝါနုဘာဝေန အထခေါ ဘဂဝတော ပုညာနုဘာဝေန။ ။ဥဒါနိုးအဋ္ဌကထာ။

ဤသို့သောတန်ခိုးတော်ကိုမြင်၍ သူနဂ္ဂါသားပုဏ္ဏားသူကြွယ်တို့သည် အံ့သြခြင်းဖြစ်ကုန်၍ မြတ်စွာဘုရားအားထံသို့လာကြပြီးလျှင်တောင်းပန်သျှောက်ကြား၍ကန်တော့ကြကုန်၏။ ထိုခေတ္တပင်လျှင် ထိုရေတို့သည်

ကွယ်ပျောက်လေကုန်၏။ ထိုပုဏ္ဏားသူကြွယ်တို့သည်လည်း ရဟန်းသံဃာတော်အပေါင်းတို့နှင့်တကွ မြတ်စွာဘုရားသတင်းသိုးတော်မူရန် နေရာတို့ကို စိုရင်ခင်းကျင်း၍ နက်ဖန်ဆွမ်းအလို့ငှါပင့်ဖိတ်၍ ဒုတိယနေ့ နံနက်အခါ၌ကြီးစွာသောအလှူကြီးကိုစီရင်၍၊ ဘုရားအာဏာနှင့်သောသံဃာတော်ဘုရားအား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးမြူး၍၊ ဆွမ်းစားပြီးသည်ရှိသော် မြတ်စွာဘုရား ကိုဦးနှိုးရံ၍ ယူနဆာသား ပုဏ္ဏား သူကြွယ်တို့သည် ထိုင်နေကြကုန်၏။

ထိုအခါ၌ရှေလွှ၍ တာဝတိံသာနတ်ပြည်၌ ထိုခဏတွင် နတ်သင်္ဃာဖြစ်သော လေ့ယာဉ်စီးနတ်သင်္ဃာသည် ဒေဝဒတ်စည်းစိမ်ချမ်းသာ ကိုဆင်ခြင်၍။ ထူးနန္ဒာ၌ လူမိန်းမဖြစ်ခဲ့အစေခံ ဘိန်ကွန်မဖြစ်သော ရှေးဘဝ၌၊ ရှေလွှသောကုသိုလ်ကံကြောင့် ငါသည် ဤတာဝတိံသာနတ်ပြည်၌ ဖြစ်လာသည်ဟုသိလျှင် အလွန်ဝမ်းသာခြင်းရှိသည်ဖြစ်၍။ ငါသည် ယခု ပင်လျှင်မြတ်စွာဘုရားအထံတော်သို့သွား၍ရှိခိုးပြီးလျှင်။ အနည်းငယ်သော ကုသိုလ်ကြောင့် ကြီးကျယ်သောချမ်းသာကိုရသည်ဟု လူကိုပြည်၌ထင်ရှားအောင်ပြုအံ့ဟူ၍ နတ်ကွန်ပြီတနိုးဖြင့် ဤသည်ကိုရေကန် ပဇေ သာပင် ဘုံဗိမာန် အခြွေအရံနတ်သင်္ဃာတထောင်နှင့်တကွ လူအပေါင်းတို့ မြင်စဉ် ပင်လျှင် မြတ်စွာဘုရားအထံတော်သို့ရောက်လာ၍၊ ဘုံဗိမာန်မှ သက်ဆင်းပြီးလျှင် မြတ်စွာဘုရား ကိုရှိခိုးသေစွာရှိခိုးကျက် လက်အုပ်ချီ၍ ရပ်နေလေ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ဤဂါထာတော်ဖြင့် မေးတော်မူ၏။

သုဝဏ္ဏဆဒနံ နာဝံ၊ နာရီ အာရုယ္ဟ တိဋ္ဌသိ။
သြဂါဟာသိ ပေါက္ခရဏီ၊ ပဒုံ ဆိန္နသိ ပါဏိနာ။ ။
ကုဒ္ဒါဂါရာ နိဝေသာတေ၊ ဝိဘတ္တာ ဘာဂသော မိတာ။
ဒေဝဒ္ဒမာနာ အာဘန္တိ၊ သမန္တာ စတုရော ဒိသာ။
ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ ဝိဇ္ဇတိ။ ။
ဣဒ္ဓိ ဇုတိ ဗလံ ဝီရိယံ၊ ယထာ ကတ္ထ ဝိဇ္ဇတိ။ ။
ပုစ္ဆာမိ တံ ဝေဒိ ဝေဒါ ဗဟုတာ ဝေ ဗဟုဝေဒနီယာ
ကိမကာသိ ပုညံ။
ကေနာသိ ဂုဏဝိပါကေန ဝါ ဝ ဗုဒ္ဓ ဝေ ဒေ ဒ ဒ
ပဘာသသိ။ ။

နာရီ၊ ပျော်မျှစ်နုနယ်၊ ရွှေချဲ့ကွယ်ခ်ရသောနတ်သင်္ဃာ။ [illegible] သည်၊သုဝဏ္ဏဆဒနံ ပင်းဝဲးဝ၊ ရတနာဇရာပြား [illegible]

နာဝံ၊ ရှေလှေကို။ အာရုယ္ဟ၊ တက်စီးမြတ်။ တိဋ္ဌသိ၊ တည်နေလေ့ရှိ၏။ ပေါက္ခရဏီ၊ ကြာမျိုးငါးရုံ၊ မွေးထုံသင်းကြိုင်၊ ပန်းကြာအိုင်သို့။ သြဝါဟသိ၊ မြူးတူးပျော်ပါး၊ ကစားခြင်းဌာ၊ သက်ဆင်းကာနေလေ့ရှိ၏။ ပဒ္ဓဲ ပဒုမ္မာဝိုင်း၊ မွေးကြိုင်ပွင့်လန်း၊ ရွှေကြာပန်းကို။ ပါဏိနာ၊ လက်ဖြင့်။ ဆိန္ဒသိ၊ လှမ်းကာရွေကာ ဆွတ်ခူးလေ့ရှိ၏

တေ၊ သင်နှတ်သို့ဏ်း၏၊ ဂဠုဒါဂါရာ၊ အထွင့်အချွန်တတ်ကုန်သော။ နိဝေသာ၊ ဘုံဆောင်တိုက်ခမ်း၊ ပြာသာဒနုန်းတို့သည်။ ဘာဂသောမိတာ လေးထောင့်ညီညာ၊ စီစဉ်ကာဖြင့်။ ဝိဘတ္တာ၊ အခန်းခွဲကာ၊ ကောင်းစွာပိုင်းခြား တည်ထားစေကုန်၏။ ဒဒ္ဒုမာနာ၊ အလွန်တောက်ပသောအရောင်ရှိကုန်လျက်။ သမန္တာ၊ ထက်ဝန်းကျင်ပတ်လည်မှာ။ စ ဘုရောဒိသာ အရပ်လေးမျက်နှာတို့ကို။ အာဘန္တိ၊ ထွန်းလင်းစေကုန်၏။ ။

(ကြီးမွာသောဘုံဗိမာန်ကြီးဝယ်၊ လေးထောင့်ရှိသောတိုက်ခမ်း တို့ကို စီကာစဉ်ကာ၊ ညီညာစွာဖြင့်၊ သာယာခမ်းနား၊ ဘွဲ့၍ထားကုန်၏။ ထိုသို့ဘွဲ့၍ ထားသော တိုက်ခန်းတို့၌ အရှေ့ အရံ နှတ်သို့ တို့ကို နေ စေကုန်၏)။

တေ သင်နှတ်သို့ဏ်း၏။ ဝဏ္ဏာ၊ အဆင်းအရောင်သည်။ ကေန အဘယ်ကုသိုလ်ကြောင့်။ တာဒိသော၊ ထိုကဲ့သို့ယွန်းလင်းတောက်ပသနည်း။ တေ၊ သင်နှတ်သို့ဏ်းအား။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ ဣဒ္ဓိ ဤတာဝတိံသာနှတ်ပြည်၌။ သမိဒ္ဓါ၊ ပြည့်စုံစွာဖြစ်ကုန်သနည်း။ တေ သင်နှတ်သို့ဏ်း၏။ ယကေစိ၊ အလုံးစုံကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည်လည်း။ မနသော ဒိယာ၊ စိတ်နှစ်သက်ဖွယ်ရာ။ ဥဒပါဒုံ၊ ဖြစ်ကုန်၏။ မဟာနုဘာဝေ၊ ကြီးသောတန်ခိုးရှိသော။ ဘဒ္ဒေ၊ နှတ်သို့ဏ်း။ တံ ထိုအကြောင်းကို။ ပုစ္ဆာမိ ငါမေးတော်မူအံ့။ မနုဿဘူတာ၊ လူဖြစ်သောအခါ၌။ ကိံ ပုညံ၊ အဘယ်ကောင်းမှုကို။ အာစရိတ္ဝါ၊ ပြုကျင့်သနည်း။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ ဧဝံ ဤကဲ့သို့။ ဇလိတာ နုဘာဝေ၊ တောက်ပထွန်းလင်းသော အစရှိသော အဝ၊ အာနုဘော်ရှိသည်။ အသိ၊ ဖြစ်သနည်း။ တေ၊ သင်နှတ်သို့ဏ်း၏။ ဝဏ္ဏာ၊ အဆင်းအရောင်သည်လည်း။ သဗ္ဗဒိသာ၊ ခပ်သိမ်းသောအရပ်သို့။ ပဘာသတိ၊ ထွန်းလင်းတတ်သနည်း။ ။

ဤဂါထာတို့ဖြင့် မြတ်စွာဘုရားမေးတော်မူလျှင်၊ လေ့ယာဉ်စိုးနတ်သွီးသည် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍၊ မိမိလူဖြစ်စဉ်အခါက ပြုသောကုသိုလ်ကို ဤဂါထာတို့ဖြင့် လျှောက်ကြားလေသတည်း။

အဟံမနုဿေသု မနုဿဘူတာ၊ ဒိသ္မာနု ဘိက္ခူတသိတေကိလေ့ဏ။
ဥဒ္ဓာယပါတုံ ဥဒကံအဒါသိံ၊ ယောဝေကိလန္ဓာနံဝိပါသိတာနံ။
ဥဒ္ဓာယပါတုံ ဥဒကံဒဒါဘိ၊ သီတောဒကာတသသဘဝ ဟိ နဇ္ဇော။ လ။
ဇောဒိသံပုညကတာလဘန္တိ။
(ပထမလေ့ယာဉ်စိုးနတ်သွီးဝတ္ထု၌အနက်ရှု)။

ဘုန်းတော်ဘုရား၏တော်၊ အာနုဘော်ဖြင့်။ ပြိုင်ဘော်မထွက်၊ တုဘက်မမှီ၊ လူ့ပြည်နတ်ရပ်၊ ဗြဟ္မာခပ်အောင်၊ နှမ်စပ်ကျော်ကြား၊ ကြီးမားသောတန်ခိုးတော်ရှိပါသော သဗ္ဗညုတ်မြတ်စွာဘုရား။ တပည့်တော်မသည် ရှေးဖြစ်သောဘဝ၌ ဤထူးနန္ဒာတွင်၊ ပုဏ္ဏားသူကြွယ်တရောက်၏ အိမ်၌ အစေခံကျွန်မဖြစ်ရပါသည်မြတ်စွာဘုရား။ ထိုအခါတွင် အရှင်ဘုရားနှင့်တကွ သံဃာတော်တို့အား မလှူရအောင်၊ ထူးနန္ဒာသားလူအများ၊ ဖြစ်တားဝိတ်ပင်၍ထားပါသည်အရှင်ဘုရား။ အလုံးစုံသော ရေတွင်းတို့ကိုလည်း ရဟန်းတော်များမသောက်ရအောင် ပွဲကြမ်း မျက်ဖြူက်ဘို့ဖြင့် ဖိုလောင်း၍ထားပါသည်မြတ်စွာဘုရား။ ထိုအခါ၌တပည့်တော်မသည် များစွာသောမိန်းမအပေါင်းတို့နှင့် အတူတကွရေအိုးဖြင့် ရေကိုခပ်ပြီး၍ လာသောအခါ သံဃာတော်များရေဆာသောကြောင့် ပင်ပန်းနွမ်းနယ်သည်ကိုမြင်လျှင် ကြည်လင်သောစိတ်ထားဖြင့် သံဃာတော်များနှင့်တကွ အရှင်ဘုရားအား၊ သောက်ရေလှူပါသည် မြတ်စွာ ဘုရား။ သောက်ရေလှူပြီး၍ အိမ်သို့ပြန်သွားသောအခါ၊ အရှင်ဘုရားနှင့်သံဃာတော်များကိုတစုံတခုမျှမလှူရဟု၊ ကတိကဝတ်ပြုကြသောထူးနန္ဒာသားတို့၏စကားကို ပယ်ဖျက်သောမိန်းမတည်းဟူ၍ အရှင်သခင်ဖြစ်သော သူကြွယ်ပုဏ္ဏားကြီးက၊ ရိုက်ပုတ်သဖြင့် သေခြင်းသို့ရောက်၍၊ တာဝတိံသာနတ်ပြည်၌မြစ်ရေပတ်လည်၊ ဝိုင်းလျက်တည်သော ဥယျာဉ်ရေကန် ဘုံဗိမာနဝယ်၊ အခြေအရံနတ်သွီးတဝေါင်းနှင့်၊ ရွှေလေ့ကုန်ပြီ၍ ပျော်ပါးလေ့ရှိသော၊ လေ့ယာဉ်စိုးနတ်သွီးဖြစ်ပြီးလျှင်။ အရှင်ဘုရားအား ဖူးမြင်ခြင်းဌာနရောက်လာပါသည်မြတ်စွာဘုရားဟု လျှောက်ကြားလေသတည်း။ ။

ထိုအခါ မြတ်စွာဘုရားသည် ထိုလေယာဉ်စီးနှင်သည်းအား သစ္စာပေးပါးကိုပြု၍ ဓမ္မဒေသနာပြုတော်မူသော အဆုံးဌာလေယာဉ်စီးနှင်သည် သောတာပတ္တိဖိုလ်ရှိတည်လေ၏။ ဤမှတပါးအလုံးရုံသော ပရိသတ်ကိုလည်းကောင်း ဤတရားတော်သည် အကျိုးစီးပွားများ ဖြားဖြစ်လေသတည်း။

တဘိသမယလေယာဉ်စီးနှင်သည်း ဇာတ်တော်။ အဌမ နာဝါဝိမာန။

ဇောတိရသနတ်သမီးဝတ္ထု ဆိမီးလှူခြင်းအကျိုး။

မြတ်စွာဘုရား သည် သာဝတ္ထိပြည်ဇေတဝနကျောင်းတော်၌ ကိန်းအောင်းစံနေတော်မူစဉ်အခါ၊ မျှားဖွာကုန်သော ဥပါသကာ-ဥပါသိကာယောဂျာ ဒိန်းမအပေါင်းကိုသည်၊ အဝတ်ဖြူစင်ကြယ်ဖွာ ဝတ်ကြပေါ်ကုန်၍၊ ဥပုသ်နေ့ကုန်၌ ပန်းနံ့သာလက်ဆဲကြကုန်သကဲ့သို့၊ နံနက်ဧရာစောကျောင်းတော်သို့သွားကြ၍ တတ်အားသမျှ ဆွမ်းခဲကွယ် ဘောဇဉ်တို့ကိုလည်းလှူဒါန်းကျွေးမွေး၍။ နေလွဲသောအခါ၌လည်း အကြင်ဝတ်ရာ ဗိတ်ကြည်သိုရာဖြစ်ကုန်သော ဗုဒ္ဓါနုဿတိ၏အသံသို့ဆည်းကပ်ခစားတရားစကားကိုနှာခံကြကုန်သော လျှောက်ထားပမ်းမြဲနိုးကျက်ခဲကြကုန်၏ ညနေချမ်းအခါသို့ရောက်လျှင်တရားဟောပလျှင်မျှောသနည်း အလှည့်ကျဘုရားဟောကြကုန်သော တရားပဲ့ထိုးသွားရောက် တရားနာ၍နေကြကုန်စဉ်၊ နေဝင်၍သွား သမျှ ရှောင်အောင်ကျသောအခါ။ တယောက်သောသူနှင်မသည် ယခုအခါ၌ဆိမ်ဍုန်ခြင်း ကုသိုလ်ရသင့်ပေသော အခါတည်းဟု ကြံ၍ဒီဒီ၏ခမ်းမ ဆင်ဒီးကိုဆောင်ယူစေ၍ ညှိုထွေး ပြီးလျှင် ရှေ့ရှေ့သနတရား ဟောပလျှင် ဒီ၏ရှေ့ကွယ်သား၍ တရား တော်ကိုနာဝကုန်နေပြီးလျှင် ဆင်ကြီ၏ဒီ အလှူကိုနှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လျက် တရားဆုံးသောအခါ၌ ဝမ်းသွေးပြုနိုင်၍နေ၏။

ထိုဆင်ဒီ သူသောခါနီ မသည်နောက်အခါ၌ ကာလကြာသောအခါ ရောဂါဖြင့်ရုတ်တရက်၍ တာဝတိံသာနတ်ပြည်၌ ဇောတိ သမ္ဘဝိမာန်ဝယ် **ဇောတိရသနတ်သမီး**ဖြစ်လေ၏။ ထိုဇောတိ သနတ်သမီး ကိုယ်ပေါ်ရောက်သည် ကိုယ်ဝန်သွေးသောကဲ့သို့ပင်ကြောင့် 'တပါးသောနတ် ကုန်၏အခါ ရောဂါကို ပယ်ဖျောက်ကုန်တတ်၏။ တနေ့သော်အရှင်ဟောဇောဂလာနသည် နတ်ပြည်ကို ရောက်ကြ၍ ကြည့်ရှုတော်မူသောအခါ။ ထိုဇောတိ သနတ်သမီးကိုမြင်၍ ဤဝါသာဂိုဏ်ကြီးခမ်း တော်ရှိ

အာဘိဂ္ဂန္ဓေနဝေဏွေနာ၊ ယာတွံတိဋ္ဌသိဒေဝတေ။
သြဘာသန္တိဒိသာသဗ္ဗာ၊ သြသဓိဝိယတာရေကာ။ ။
ကေနတေ တာဒိသောဝဏ္ဏော။ ကေနတေဇုတိမုတ္တမော
ဥပ္ပဇ္ဇန္တိစတေဘောဂါ၊ ယေကေစိမနသောပိယာ။ ။
ကေနတွံဝိမလောဘာသာ၊ အာတ်ရောစသိဒေဝတေ။
ကေနတေသဗ္ဗဂဏ္ဍော၊ သဗ္ဗသြဘာသတေဒိသာ။ ။

ဒေဝတေ၊ ပျိုမျစ်နှုနယ်၊ ရှုချင်ဘွယ်ရှိသောနတ်သင်္ဃီး။ယာတွံ၊ အကြင်သင်သည်။ အာဘိဂ္ဂန္ဓေနဝေဏွေနာ၊ အလွန်နံ့စပ်သက်ဘွယ်ရှိသော။ ဝဏ္ဏေနာ၊ အဆင်းအရောင်ဖြင့်။ ဒိသာသဗ္ဗာ၊ လုံးစုံမျက်နှာ၊ ရပ်ဆယ် ဖြာသို့။ သြဘာသန္တိ၊ ထွန်းလင်းတောက်ပစေလျက်။ သြသဓိဝိယတာရေကာ၊ နံနက် ညဦး၊ ရောင်လျှံ မြူးသော၊ သောက်ရှူး ကြယ်ပြောင်ကြီးကဲ့သို့။ တိဋ္ဌသိ၊ တည်နေ၏။တေ၊ သင်နတ်သင်္ဃီး၏။ဝဏ္ဏော၊ အဆင်း အရောင်သည်။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ တာဒိသော၊ ထိုကဲ့သို့ကြည်လင်တောက်ပစွာထွန်းလင်းဘိသနည်း။ ။

(ဒုတိယဂါထာအနက်ပေးပြီး နောက်ပြန်ကြည့်)။

ဒေဝတေ၊ ပျိုမျစ်နှုနယ် ရှုချင်ဘွယ်ရှိသောနတ်သင်္ဃီး။ တွံ၊ သင်နတ်သင်္ဃီးသည်၊ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ ဝိမလောဘာသာ၊ ရောင်ဝါပပင်း၊ ပြောင်စွာလင်းလျက်၊ သန့်ရှင်းကြည်လင်သောအရောင်ရှိသည်ဖြစ်၍၊ အာဘိရောစသိ၊ လွန်စွာထွန်းလျက်နှစ်သက်ဖွယ်ဖြစ်ဘိသနည်း ကေန၊ အဘယ်ကုသိုလ်ကြောင့်၊ တေ၊ သင်နတ်သင်္ဃီး၏။ သဗ္ဗဂဏ္ဍော၊ အလုံးစုံသောကိုယ်အင်္ဂါ၊အစိတ်တို့မှ။ သဗ္ဗာဒိသာ၊ လုံးစုံဒိသာ ရပ်ဆယ် ဖြာသို့။ သြဘာသတေ၊ ရောင်လျှံထွက်ပြူ။ ကြည်စွာ ပြောင်ပပင်း၊ အ ရောင်လင်းဘိသနည်း။ ။

အသင်နတ်သင်္ဃီးသည် လူဖြစ်စဉ်အခါက၊ အဘယ်ကုသိုလ်ကိုပြု၍၊ ဆယ်ရပ်ဒိသာ၊ ထွန်းလင်းဖြာလျက်၊ အရောင်ထွက်အောင်၊ နှစ်သက်ဘွယ်ရာ၊ ကြည်လင်စွာသောအဆင်းအရောင်ရှိသနည်းဟူ၍အခုခေါ်ပြီးမောဂ္ဂလာန်မေးတော်မူလျှင်၊ ကြည်လင် ရှင်လင်း ဝင်းပြောင်သောနှစ်သက်ခြင်းရှိလှသော၊ **ဇောတိရသနတ်သို့**သည် ဤဂါထာကိုဖြင့် ဖြေကြား လျှောက်တင်လေသတည်း။

အဟံမနုဿေသု မနုဿဘူတာ၊ ဂုဏိမာယစာတိယာ
မနုဿလောကေ၊
တမန္ဓိကာရဒ္ဒိ ဘိဒိသိကာယံ၊ ပဒီပကာလဒ္ဒိအဒါသိ ဒီပံ။ ။
ပေါအန္ဓိကာရဒ္ဒိ ဘိဒိသိကာယံ၊ ပဒီပကာလဒ္ဒိဒဒါတိဒီပံ။
ဥဗ္ဗတ္တိတောတိရသံဝိမာနံ၊ ဗဟုဇ္ဇာမလျာ ဗဟုပုဏ္ဏရိကာ။ ။
အဟံ၊ ဇောတိရသအမည်ရသောတပည့်တော်မသည်။မနုဿေသု လူပြည်ကို၎င်း၊ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။မနုဿလောကေ၊ လူ့ဘုံနေရာ သာဝတ္ထိပြည်တော်၌။ ဂုဏိမာယစာတိယာ၊ ရှေးလူဖြစ်သော ဘဝ၌။ ဘိဒိသိကာယံ၊ အလွန်မှောင်လွန်းသော။တမန္ဓိကာရဒ္ဒိ၊ အမှောင်ဘုတ်ကြီး ပေါ်၌။ ပဒီပကာလဒ္ဒိ ဆီမီးထွန်းသင့်သောအခါကာလ၌ ဒီပံ၊ ဆီမီး ကို။အဒါသိ၊ လှူဘူးပါသည်အရှင်ဘုရား။ ။

ယောက်ျား၊ အကြင်သူသည်။ ဘဒိသိကာယံ၊ မှောင်လွန်းသော ။ တမန္ဓိကာရဒ္ဒိ၊ အမှောင်ဘုတ်၌။ ပဒီပကာလဒ္ဒိ၊ ဆီမီးထွန်းသင့်သောအခါကာလ၌။ ဒီပံ၊ ဆီမီးကို။ ဒါသိ၊ လှူ၏။ တသေ ထိုဆီမီးလှူသော သူအား။ ဗဟုဇ္ဇာမလျာ၊ ပေါ်ပေါ်ပေါ်ပေါ်ကြယ်၊ ဆင်ခြေနီးဘွယ်ရှိသော။ ဗဟုပုဏ္ဏရိကာ၊ ကြာပုဏ္ဏရိုက်၊ ခပ်ခပ် ညိုတ်မှ ထွန်းတောက်ပလျက်။ ဇောတိရသံ၊ အရောင်အရည်၊ ကြည်လင်လျှံ ထွက်၊ ဖြတ်ဖြတ်လက်သော။ ဝိမာနံ၊ ဇောတိရသ ဗိမာန်သို့။ ဥဗ္ဗတ္တိ ဥပဂဏ္ဆတိ၊ သွားရောက်၍ဖြစ်ရ၏။ ဝါ၊ သြပပါ ဘဝကပဋိသန္ဓေအားဖြင့်၊ဇောတိရသဗိမာန်ကို ဇောတိရသနတ်သို့ဖြစ်ရ၏။ ။

(ယောက်ျားဖြစ်မူနတ်သားဖြစ်ရ၏)။

(ဆီမီးလှူသောမိန်းမသည်ဇောတိရသဗိမာန်ကို**ဇောတိရသနတ်သို့**ဖြစ်သည်။ ဆီမီးလှူသောယောက်ျားသည် ဇောတိရသ နတ်သား ဖြစ်သည်ဟူ၍ဆိုကုန်သည်)။

ဇောတိရသနတ်သို့သည် ဆီမီးလှူသော ကုသိုလ် ကြောင့်၊ တာဝတိံသာနတ်ပြည်၌ ဇောတိရသနတ်သို့ဖြစ်ကြောင်းကိုလျှောက်ကြားသောအခါ အရှင်မဟာမောဂ္ဂလာန်သည်၊ဂါနုကထာစသည်ဖြင့်သို့ နတ်သို့အားတရားဆက်၍ ဟောတော်မူပြီးလျှင်၊ ကြည်လင်ခုံခန့်သော ဗိမာန်ဖြစ်သောအခါ သစ္စာလေးပါးကိုပြတော်မူ၏။တရားတော်အဆုံး၌အ ရှေ့အရံနှင့်တကွသော၊ ဇောတိရသနတ်သို့သည် သောတာပတ္တိဖိုလ်ကို တည်လေ၏။ အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်မှပြန်လာ၍ ပြတော်

စွာဘုရားအားလျှောက်ကြားတော်မူ၏။ မြတ်စွာဘုရားသည် ရောက်လာသော ပရိသတ်တို့အား အကျယ်အားဖြင့်ဟောပြတော်မူပြန်၏။ မြတ်စွာဘုရား သည်၊ ဆိုဒိုးလှုခြင်း၏အကျိုးကို အကျယ်အားဖြင့် ဟော ကြား တော်မူ သောအခါ အလုံးရုံသောလူအပေါင်းဘုံသည်၊ ဆိုဒိုးလှုခြင်းဌာနအလေးပြု၍ လှုကြလေကုန်၏။။

ဓောဘိရသနတ်သမီးဝတ္ထုပြီး၏။ ။ဒုပရိမာန-နဝမ။

၀ိတိလဒေဝိနတ်သမီးဝတ္ထု။ နှုန်းတလက်ခုတ်ရှုခြင်းအကျိုး။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝနကျောင်းတော်၌ ကိန်း အောင်းစံပျော်နေတော်မူစဉ်အခါ။ရာဇဂြိုဟ်ပြည်၌ဗုဒ္ဓဝန်ဆောင်မိန်းမ တယောက်သည် နှုန်းဆံသောက်ခြင်းဌာနအလုံ၌သည်ဖြစ်၍၊ နှုန်းဘုံကိုရေ ဆေးပြီးလျှင် နေပူ၌ခြောက်ပြန့်ကာလေမိုး၍ခြောက်စေ၏။ ထိုမိန်းမသည်လည်း ထိုနေ့ဦးပင်လျှင်အသက်ကုန်၍သေမည်ဆဲဆဲဖြစ်၍ ထိုသေမည်ဆဲဆဲဖြစ် သောမိန်းမအားလည်း၊ ငရဲသို့ရောက်စေတတ်သောကံသည် အနှင့်ကပ်ပြု လျက်တည်နေ၏။ မြတ်စွာဘုရားသည် နံနက်ဦးသောက်အခါ၌ဟောက ရဏာဉာဏ်တော် ရွှေကွန်းရွက်ကိုဖြန့်လျက် လောကကိုကြည့်ရှုတော်မူ သောအခါ၊ ဒိဗ္ဗစက္ခုအာဘိညာဏ်ဖြင့် ထိုမိန်းမကိုမြင်တော်မူ၍။ ဤမိန်း မသည်ကား၊ ယနေ့ပင်လျှင်ဝုတေ၍ ငရဲပြည်၌ဖြစ်ရန်အကြောင်းအခွင့် သာ၍နေ၏။ အကယ်၍ငါဘုရားသည် ကြွတော်မူလျက်တိလဘိက္ခု နှုန်း ဆွမ်းခံလှည့်လည်၍ ထိုမိန်းမအားနှတ်ပြည်လမ်းကိုပြုတော်မူညားအံ့။ငရဲ သို့မကျဘဲနှတ်ပြည်၌ဖြစ်ရာ၏ဟုကြံတော်မူ၍။ သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်မှတနိုင်းတော်ဖြင့်ခဏခြင်းကွယ်တော်မူခဲ့၍ရာဇဂြိုဟ်ပြည် သို့ရောက်တော်မူ၍ နံနက်အခါသင်းပိုင်တော်ကို ပြင်ခါတော်တော်မူလျက် သပိတ်သင်ကန်းကိုယူတော်မူ၍၊ ရာဇဂြိုဟ်ပြည်တွင်း[illegible] ဆွမ်းခံလှည့် လည်းတော်မူလျက်၊ အစဉ်သဖြင့်ကြွတော်မူသည်နှင့်သော် [illegible]မိန်းမ၏ဖခင် တံခါးဝသို့ရောက်တော်မူ၏။

ထိုမိန်းမသည်မြတ်စွာဘုရား[illegible]မြင်လျှင် ကြည်ညိုသို့ နှင်လမ်းဝမ်း မြောက်နှစ်သက်သောစိတ်ရှိလျှ၍၊ ဆောလျင်မှာထပြီးလျှင် [illegible]ကိုချိုလျက်လှူစရာ[illegible]ကြည့်ရှုသည်ရှိသော် မြတ်စွာဘုရား[illegible] သော်လှူစရာ ဝတ္ထုတာရုံဘဏ္ဍာကိုမျှမမြင်၍။ လက်[illegible] [illegible] ကြ[illegible]

လျှင်၊ လက်နှစ်ဘက်ကို့ဖြင့်၊ လှမ်းမြင်ထားသောနှုန်းကို့ကို၊လက်ခုတ်ပြည့်အောင်ကြိုးယူ၍ သပိတ်ထည်းသို့လောင်းပြီးလျှင်ရှိခိုးမြတ်ခိုးပြု၍နေ၏။ ဗြတ်စွာဘုရားသည် ထိုဒိုနိုးမကိုအစဉ်သနားခြင်းရှိတော်မူလျက်(သုဒိန္နဟောဟု) ချမ်းသာခြင်းကို သည်ဖြစ်စေလော့ဟု ဒိန့်တော်၍ ဘဲသွားတော်မူ၏။ ။

ထိုဒိုနိုးမသည်လည်း ထိုညဉ့်လွန်မြောက်မိုးသောက်ထ၌၊ ရုဘိကျ၍ တားတိုသားနှစ်ပြည်ဝယ်၊ တဆဲ့နှစ်ယူဇနာရှိသော ဣဒေါမာန်ဌတိလ ဒေဝိနှစ်သို့ ဖြစ်လေ၏။

(လူပြည်ကနှုန်းတလက်ခုတ်လျှ၍ ဖြစ်သောကြောင့် တိလဒေဝိနှစ်သို့ဖြစ်၏ဟုလို)။

အရှင်မဟာမောဂ္ဂလာန်သည် နှစ်ပြည်သို့ ကေသစာရီ ကြွချီတော်မူသောအခါ ဗေလဒေဝိနှစ်သို့ကိုမြင်၍ ဤဂါထာတို့ဖြင့်မေးတော်မူ၏။

အာကိုဏ္ဏနိန္ဒနဝဏ္ဏောနု ယာတ္ထံဘိဠ္ဌသိ ဝေဝတေ။
သြဘာသနဿ ဒိသာသဗ္ဗာ သြသဓီရိယတာရကာ။ ။
ကေန တေ တာဒိသော ဝဏ္ဏော၊ ကေနတေ ဣဓ ဣဒ္ဓိတ။
ဣဒ္ဓိဘိဘိဝေဒေဝိ မဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဂုဏ်ဝိပ္ပဟီတာနုဘာဝါ ဝဏ္ဏောစ ဝေတသဗ္ဗဒိသာ
ပဘာသတိ။ ။

ဝေဝတေ ရောဂါတောက်ပ၊ အဆင်းလှသောနှစ်သို့။ယာတ္ထံ၊ အကြင်သင်နှစ်သို့သည်။အာကိုဏ္ဏနိန္ဒနဝဏ္ဏော၊ ကြွေနှုန်းအရောင်လက်လက် ပြိုးပြိုးပြက်မှ နှစ်သက်ဖွယ်ရှိသောအဆင်းဖြင့်။ သြသဓီရိယတာရကာ၊ သောကြာကျယ်ကဲ့သို့။ ဒိသာသဗ္ဗာ၊ လုံးဝုံ မျက် နှာ ရုပ် ဆယ် ဖြာ သို့။ သြဘာသနဿ အရောင်ဖွယ်ဖြာ၊ ထွန်းလင်းစွာလျက်။ တိဋ္ဌသိ၊ တည်နေ၏။တောသင်နှစ်သို့ ။ဝဏ္ဏော၊ အဆင်းအရောင်သည်။ကေန အဘယ်ကုသိုလ်ကြောင့်။တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်ပ ခြင်နေ သနည်း၊ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ ဣဓ၊ ဤနှစ်ပြည်၌။ ဣဒ္ဓိ ဣဒ္ဓိ ပြည့်ဝကုန်ခြင်းရှိလာသနည်း။ ဣတ သင်နှစ်သည်း၏။ ဘောဂါစ စည်းစိမ်ကုန်သည်လည်း။ သေကေဟိ၊ အလုံးရုံ၊ မနုဿဘူတာ ဗမ်နှစ်သက် ဖွယ်ရှိ အောင် ကုသိုလ်ကို ဖြစ်ကုန်၏။ မဟာနုဘာဝေ၊ ကြီးသော အာနုဘော်ရှိသော။ ဗေဒေ နှစ်သို့။ ဘံ ထိုအကြောင်းကို၊ ပုစ္ဆာမိ၊ ငါမေးတော်မူအံ့ မနုဿဘူတာ၊ လူဖြစ်သောအခါက။ ကိံ ပုညံ၊ အ ဘယ်ကုသိုလ်ကို။

အကာသိ၊ ပြုလုပ်ခဲ့သနည်း။ ကေန၊ အဘယ်သို့ပြုလုပ်ခဲ့သောကုသိုလ်ကြောင့်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝါ၊ တောက်ပလျှံထင်မ၊ အခ္ဂိနိအာဝါ၊ ထွန်းလင်းဖြာလျက်၊ အာနုဘော်ရှိသနည်း။ တေ၊ သင် နှတ် ဘိုး ၏ ။ ဝဏ္ဏာဝ၊ အဆင်းအရောင်သည်လည်း၊သဗ္ဗဒိသာ၊ လုံးစုံမျက်နှာရပ်ဆယ်ဖြာသို့။ပဘာသတိ၊ ထွန်းလင်းတောက်ပလေသနည်း။ ။

တိလဒေဝိနတ်သို့သည် အရှင်မဟာမောဂ္ဂလာန် မေးတော်မူသည်ကိုဤဂါထာတို့ဖြင့်၊ ဖြေကြားလျှောက်တင်လေသတည်း။ ။

အဟံမနုဿေသုမနုဿဘူတာ၊ ပုရိမာယဇာတိယာ
မနုဿလောကေ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ပိပ္ပလသုမနာဝိလံ။ ။
အာသဇ္ဇဒါနိအဒါသိံ၊ အကာမာတိလဒဂ္ဂိဏံ။
ဒဂ္ဂိဏောယျဿဗုဒ္ဓဿ၊ ပသန္နာသေဟိပါဏိဘိ။ ။
တေနမေတာဒိသောဝဏ္ဏော၊ တေနမေဗုဒ္ဓဝိဇ္ဇတိ။
ဥပ္ပဇ္ဇန္တိစမေဘောဂါ၊ ယေကေစိမနုဿေသုဒိယာ။ ။

အဟံ၊ တပည့်တော်မသည်။မနုဿေသု၊လူ့ပြည်တို့၌၊မနုဿဘူတာ လူဖြစ်သောအခါက။ ပုရိမာယဇာတိယာ၊ ခေးဘဝ၌၊ မနုဿလောကေ လူတို့လောက၊ ဌာနနာဂိုရ၊ ရာဇဂြိုဟ်ခေါ် ရွှေမြို့တော်၌။ ဝိရဇံ၊ ကိုလေသာမြေ။ ကင်းစင်ဖြူသော။ ဝိပ္ပသန္နံ၊ ကြည်လင်သောစိတ်တော်ရှိလျက် အနာဝိလံ၊ နောက်ကြုံခြင်းမရှိသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဒ္ဒသံ ဖူးမြင်ရပါ၏အရှင်ဘုရား။ ဒဂ္ဂိဏောယျဿ၊ မြတ်သော အလှူခံ ပုဂ္ဂိုလ်ဖြစ်သော။ ဗုဒ္ဓဿ၊မြတ်စွာဘုရားအား။ ပသန္နာ၊ကြည်ညိုသောစိတ်ဖြစ်လျက်။သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အကာမာ၊ ခြေးကလူမည်၊ ကြိုစည်ခြင်းမရှိဘဲ။ အာသဇ္ဇ၊ အကြောင်းညီစွာ၊ ဆိုက်ရောက်လာသော။ တိလဒဂ္ဂိဏံ၊ နှနုံးစေ့အလှူဖြစ်သော။ ဒါနံ၊ အလှူ ကို။ အဒါသိံ၊ လှူဘုံပါသည်အရှင်ဘုရား။ တေန၊ ထိုတလက်ခုတ်မှ လှူပါနိုးရသောနှနုံးစေ့အလှူ၊ ကြည်ဖြူလှစွာ၊ စေတနာသံ၊ ကုသိုလ်ကံကြောင့်။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်လျက်နေပါသည်အရှင်ဘုရား။ တေန၊ ထိုတလက်ခုတ်မှ သောနှနုံးကိုလှူဒါနိုးရသောကုသိုလ်ကြောင့်။ မေ၊ တပည့်တော်မအား ဣဒ၊ ဤတာဝတိံသာနတ်ပြည်၌။ ဇာယတိ၊ ပြည့်ဝုံစွာဖြစ်ရပါသည်အရှင်ဘုရား။ မေ၊ တပည့်တော်မ၏။ ဘောဂါစ၊ စည်းစမ်းတို့သည်

လှည်း။ ယေ ကော၊ အလုံးစုံ။ မနသောဗိယာ၊ စိတ်နှစ်သက်ဖွယ်ရှိအောင် ဥပ္ပဇ္ဇတိ၊ ဖြစ်လာပါကုန်၏အရှင်ဘုရား။ ။
တ်လဒေဝီနတ်သမီးဝတ္ထုပြီး၏။ ။တိလဒက္ခိဏာဝိမာန ဒသမ။

ပတိဗ္ဗတာဒေဝီနတ်သမီးဝတ္ထု။ လင်ဝတ်ကြေသော မိန်းမအကြောင်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ်၊ တယောက်သောမိန်းမသည် လင်ဝတ်ကိုကြေအောင်ပြုကျင့်လေ၏။ လင်ကိုရှိသေစွာရှိခိုး၍ချလျက်၊ မာန်မာနမရှိ၊ နှိမ်ချသော ကိုယ်စိတ်ဖြင့်၊ လင်၏အမှုကိစ္စတို့ကြိုဝတ်ယဉ်ကျေးပြုကျင့်လေ၏။သည်းခံခြင်းလည်းရှိ၏။ လင်ယောကျ်ား၏ စကားကိုမပယ်မလှန်၊ မလွန်ဆံဘဲ၊ လင်ယောကျ်ား၏ အလိုအားဖြင့်သာလျှင် သွားလာနေထိုင်လုပ်ကိုင်ပြုကျင့်လေ၏။ ။ပုဗ္ဗုဋ္ဌာယီ၊ ၊စောရှိက လင်၏ရှေ့ဦးစွာထ၏။ ပစ္ဆာနိပါတိ၊ ထိုင်စရာရှိက လင်၏နောက်မှထိုင်၏။ မနာပစာရီ၊ လင်ယောကျ်ားနှစ်သက်သော အမူအရာဖြင့်နေလေ၏။ ပိယဝါဒိနီ၊ လင်ယောကျ်ား ချစ်ခင်ဖွယ်သော စကား သောသာလျှင် ပြောဆိုလေ၏။ ကိံကာရပဋိဿာဝိ၊ လင်ယောကျ်ားကို မမြဲ ပြီး၍ပြုလုပ်လေ၏။ ရှိ၏။ မုနသ္သောကိကာ၊ လင်ယောကျ်ားမျက်နှာကို ကြည့်၍ချက်အလိုကျအောင်နေလေ၏။ မဟုတ်မမှန်သော မုသာဝါဒစကားကိုရှောင်ကြဉ်၍၊ သစ္စာ၌၊ မှန်သောစကားကိုသာလျှင်ပြောဆိုလေ၏။ ဥတနာသုံးပါး ကြည်ညိုသော သဒ္ဓါပသန္နတရားလည်းရှိ၏။ တတ်အားသမျှပေးလှူလေ၏။

ထိုလင်ဝတ်ကြေသောမိန်းမသည်၊ တဂုံတခုသောအနာရောဂါဖြင့်ရုတေ၍ တာဝတိံသာနတ်ပြည်၌ မှုစနာသုံးဆယ်ရှိသော ရွှေဝိမာန်ငယ်အခြံအရံများစွာနှင့် **ပတိဗ္ဗတာနတ်သမီးဖြစ်လေ၏။** အရှင်မဟာမောဂ္ဂလာန်သည် ဒေဝစာရီကာနတ်ပြည်သို့ သစာရီကြွချီတော်မူသောအခါ ထိုပတိဗ္ဗတာ ဒေဝီနတ်သမီးကိုမြင်၍ ဤဂါထာတို့ဖြင့်မေးတော်မူ၏။

ကောဉ္စာမယူရစိတြ ဟာစဟံသာ၊ ဝဂ္ဂုသရာ ကာကိလာသံပတန္တိ။
ပုပ္ဖါဘိကိဏ္ဏံ မြိဒံဝိမာနံ အနေကဇိတ္တံ နရနာရိသေဝိတံ။ ။
တတ္ထစ္ဆသိ ဒေဝိ မဟာနုဘာဝေ၊ ဣဒ္ဓိံ ဝိကုဗ္ဗန္တိ အနေကရူပါ။

ဤမာစတေ အနည်ရာယော သမန္တာ်တော၊ နဖွတ် ဂါယန္တိ ပမောဒယန္တိစ။ ။
ဒေဝိဒ္ဓိပတ္တာသိမဟာနုဘာဝေ၊ မနုဿဘူတာကိမကာသိပုညံ။
ကေနာသိဇေဝံ ဇလိတာနုဘာဝါ၊ ဝဏ္ဏောစ တေ သဗ္ဗဒိသာ ပဘာသတိ။ ။

ဒိဝိယာ၊ ခြေရုံပျော်ပါး နတ်သားနတ်သီးဖြစ်ကုန်သော၊ကောဠဝစ နတ်ကြီးကြာတို့သည်ရင်း။ မယုရာစ၊ နတ် ဥ ဒေါင်း တို့ သည် ရင်း။ ဝဂ္ဂုသရာ၊ ချိုသောအသံရှိကုန်သော။ ကောကိလာစ၊ နတ်ဥသြ တို့ သည်ရင်း။ ဟံသာစ၊ နတ်ဟင်းသာတို့သည်ရင်း။ သံပတန္တိ၊ သံချိုရင့်ကြ။ ဖိမာနဒြီးဝယ်၊ ဟိုကျုံးသည်ကျုံ-ပျော်မြူး ရွှင်လမ်း၊ ကျူးသန်းခုံ ပြန်ကြကုန်၏။ ။

(ဥဒေါင်းကြီးကြာ၊ ဟင်းသာဌက်ရောင်၊ တူစွာဆောင်၍၊ အခြေအရုံဖြစ်သော နတ်သီး-နတ်သား တို့မြူးတူးပျော်ပါး၊ ကစားကြသည်ကို ရည်၍။ ကောဠာမယုရာ၊ အစရှိသောဂါထာကိုဆိုသတည်း၊ ကောဠာ ဒိဗ္ဗပေနဟိ ဒေဝတာယရဿ ဇနနဏံ ပရိဝါရဘူတာ ဒေဝတာ ကိဠန္တာ ကောဠာဒိအာဒိနာဝုတ္တာ။ ။ဝိမာနဝတ္ထုအဋ္ဌကထာ)။

ဤဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ ပဒ္မာဘိကိဏ္ဏော၊ ပန်းဝေနုန်းပန်းခိုင် ဝေမြှင်ထွေဆန်း၊ ရောပြွန်းသည်ဖြစ်၍။ ရေမံ ရမဏီယံ၊ မွေ့လျော်ဘွယ် ရှိလတ္တံ့။ အနေကစိတ္တံ၊ တပါးမက၊ များလှစွာသော ဥယျာဉ် ရေကန် ပဒေသာပင် စသည်တို့ဖြင့်ဆန်းကြယ်လတ္တံ့။ နရနာရိဘိသေဝိတံ၊ ခြေရုံ အများ နတ်သား-နတ်သီးတို့၏ ဒိဝ်ခစား၊ ပျော်ပါးဆည်းကပ်ရာလည်း ဖြစ်၏။ ။

မဟာနုဘာဝေ၊ ကြီးသောအာနုဘော်ရှိသော။ ဒေဝိ၊ နတ်သီး။တဏ္ဍ ထိုမွေ့လျော်ဘွယ်ရှိသော ဘုံဗိမာန်ကြီး၌။ အနေကရူပါ၊ များစွာသော အဆင်းသဏ္ဌာန်၊ ပုံဟံရုပ်သွင်ဖြင့်၊ ဣဒ္ဓိ ၊ ဂုဏ်ကြောင့်ဖြစ်သောတန်ခိုးဣဒ္ဓိ ကို။ ပါကဋဗ္ဗန်၊ ဘန်ဆင်းလျက်။ အဋ္ဌသိ၊ နေ၏။ တေ၊ သင့်အား။ဤမာစ အနည်ရာယော၊ ဤနတ်သီးတို့သည်။ သမန္တာ်တော၊ တက်ဝန်းကျင်မှဝန်း ရံခလျက်။ နဖွတ်စ၊ ကလည်းကကြကုန်၏။ ဂါယန္တိစ၊ သီချင်း ဧချ၊ တေးလည်းဆိုကြကုန်၏။ ပမောဒယန္တိစ၊ မွေ့လျော်ရွှင်ပြ၊ မြူးတူးကြ ကုန်၏။ ။

မဟာနုဘာဝေ၊ ကြီးသောအာနုဘော် ရှိသောနတ်သျှင်း။ တို့၊ သင်သည်။ ဒေဝိဠိပတ္တာ၊ နတ်ဂဠုဒ္ဓိတန်ခိုးသို့ရောက်သည်။ အသိ၊ ဖြစ်ပေ၏။ တို့၊ သင်နတ်သျှင်းသည်၊ မနုဿဘူတာ၊ လူဖြစ်သောအခါက၊ ကိုယ်ပည့် အာဘယ်ကုသိုလ်ကို။ အကာသိ၊ ပြုလုပ်သနည်း။ ကေနေ၊ အာဘယ်ကုသိုလ် ကြောင့်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝါ၊ ထွန်းလင်းတောက်ပသောအ ရောင်အဝါအာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေသနည်း။ တေ၊ သင်နတ်သျှင်း၏ ဝဏ္ဏာဝ၊ အရောင်အဆင်းသည်လည်း။ သဗ္ဗဒိသာ၊ လုံးဝုံမျက်နှာ၊ ရပ် ဆယ်ဖြာသို့။ ပဘာသတိ၊ ထွန်းလင်းတောက်ပလေသနည်း။

ဤသို့အရှင်မဟာမောဂ္ဂလာနမြတ်သောအခါ၊ ဝမ်းမြောက် ရွှင်လန်း စွာရှိလ**သော ပတိဇ္ဇတာဒေဝီနတ်သျှင်းသည်**

ဤဂါထာကိုဖြင့် လျှောက်ကြား၏။

အဟံ မနုဿေ သုမနုဿဘူတာ၊ ပတိဇ္ဇတာနာမ မနုဿအဟောသိံ။
မာတာ ဝ ပုတ္တံ အနုရက္ခမာနာ၊ ဥဒ္ဓါပိ ပုတ္တံ နုဖရုသိံ ဟဝေါ။
သဗ္ဗေဇ္ဇိတာ မောသဝဇ္ဇပဟာယ၊ ဒါနေ ရတာ သင်္ဂဟိတ ပဏ္ဍိတာ ဘာဝါ။
အန္ဓဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊ သက္ကစ္စ ဒါနံ ဒဒိ ပုလံ အဒါသိံ။
တေ နမေ တာဒိသော ဝဏ္ဏော၊ တေ နမ ဂုဏ ဝိဇ္ဇတိ။
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေ ဂကစ်မနုသောဒိယာ။
တေ နဒ္ဒိ ဒေဝံ ဇလိတာ နုဘာဝါ၊ ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

အဟံ၊ တပည့်တော်မသည်။ မနုဿသု၊ လူ့ပြည်တို့၌။ မနုဿဘူတာ လူဖြစ်သောအခါက။ ပတိဇ္ဇတာ၊ လင်၏အလိုသို့လိုက်၍နေလေ့ရှိသည် ဖြစ်လျက်။ နညမနာ၊ မိမိလင်မှတပါးသောသူ့ကိုမတ်မရှိသည်။ အဟောသိံ ဖြစ်ဖူး၏။ ပုတ္တံ၊ သားကို။ အနုရက္ခမာနာ၊ အစဉ်စောင့်ရှောက်သော။ မာတာ ဝ၊ အမိနှင်ကဲ့သို့သောမယားဖြစ်၏။ ဥဒ္ဓါပိ၊ လင်စိတ် ဆိုးသော် လည်း။ ဖရုသံ ကြမ်းကြုပ်သောစကားကို၊ နအဝေါစံ၊ မဆိုဘူးပါ အနှစ်ဝိဘုရား။

သဗ္ဗေ၊ ဝမိုသဝဇ္ဇာနံ၊ ဇဋိတာ တည်လျက်။ မောသဝဇ္ဇံ မဟုတ်မမှန် သောစကား ကို။ ပဟာယ၊ ပယ်၍။ ဒါနေ အလှူပေးခြင်းဌာနရတာ၊ ရွေ့ လျော်လျက်။ သင်္ဂဟိတ ပဏ္ဍိတ ဘာဝါ၊ ဒါယကတို့နှင့်အကျုံးဝင်၍ သူတပါးတို့ အား ခြိုးမြောက်ထောက်ပံ့လေ့ရှိသည်ဖြစ်၍။ အန္ဓဉ္စ၊ ထမင်းကို လည်း။ ပါနဉ္စ အဖြာဖြာကိုရည်း။ ပသန္နစိတ္တာ ကြည်ညို သိုသောစိတ်ရှိလျက်။

သက္ကစ္စဒါနံ၊ ကောင်းမွန်သန့်ပြန့် သိုက်မြှိုက်စွာလှူလေ့ရှိသောသက္ကစ္စဒါနကို။ဝိပုလံ၊ မွန်မြတ်စွာ။ အဒါသိ၊ ပေးလှူဘူးပါသည်အရှင်ဘုရား။

တေန၊ ထိုလင်၏အလိုသို့လိုက်၍၊ လင်ဝတ်ကြေခြင်း အစရှိသော ကုသိုလ်ကြောင့်။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏော၊ -အဆင်းသည်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်ပ၊ လှသောအဆင်းရှိပါသည် အရှင်ဘုရား။ တေန၊ ထိုမှန်သောစကားကိုသာ ပြောဆို၍ ဝစီ သစ္စာခွဲတည်ခြင်းအစရှိသောကုသိုလ်ကြောင့်။မေ၊ တပည့်တော်မအား။ဣဒံ၊ ဤ တာဝတိံသာနတ်ပြည်ခွဲ။ဣဒ္ဓိတိ၊ ပြည့်စုံစွာဖြစ်ရပါသည်အရှင်ဘုရား။

(ထိုနောက်အနက်လွယ်ပြီ။

ပတိဗ္ဗတာဒေဝီနတ်သမီးဝတ္ထုပြီး၏။ ပတိဗ္ဗတာ ဝိမာနံ ဒုကာဒသမံ။ ။

ဒုတိယ-ပတိဗ္ဗတာဒေဝီနတ်သမီးဝတ္ထု။

သာဝတ္ထိပြည်ခွဲ ဥပါသိကာဒီနီးမတယောက်သည်၊ သဒ္ဓါကြည်ညိုခြင်းမျှားသည်ဖြစ်၍၊ ငါးပါးသီလကိုစင်ကြယ်စွာပြု၍ စောင့်ရှောက်၏။ တတ်အားသမျှဒါနကိုလည်းပြုလေ့ရှိ၏။ မိမိလင်ကိုလည်း ရိုသေ လေးမြတ်ခြင်းသဘောရှိ၍ လင်၏အလိုသို့လိုက်လျက် လင်ဝတ်ကြေအောင်ပြုလေ့ ရှိ၏။ ထိုမိန်းမသည် စုတေသောအခါ၊ -တာဝတိံသာ နတ်ပြည်ခွဲ၊ ကျောက်မျက်ရွဲတို့ဖြင့်၊ စိုခြယ်သော၊သည်တိုင်တို့ဖြင့်၊ ဖိတ်ဖိတ်တောက်သော၊ ဘုံဗိမာန်ကြီးခွဲ၊ ကခြင်း'သီခြင်း'တီးမှုတ်ခြင်းတို့ဖြင့်၊ တီးမှုတ်သံဆိုဆို၍ကကြကုန်သော နတ်သမီးအပေါင်းတို့ဖြင့်ခြံရံလျက်၊ အမျိုးမျိုးသော အဆင်းအရောင်တန်ဖိုးဂုဏ်တို့ဖြင့်၊ ဘုန်းဆင်းလျက် နတ်သမီးဖြစ်၍ နေ၏။ ထိုအခါခွဲ အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့၊ ဒေဝသစာရိကြွ၍တော်မူသောအခါ ထိုနတ်သမီးကိုမြင်၍၊ ဤ ဂါထာကိုဖြင့်မေးတော်မူ၏။ ။

ဝေဠုရိယထမ္ဘံ ရုစိရံပဘာသရံ၊ ဝိမာနမာရုယှ အနေကစိတ္တံ။
တတ္ထဋ္ဌိတာသိဒေဝိမဟာနုဘာဝေ၊ ဥဗ္ဘာဝစာ ဣဒ္ဓိဝိဝုဇ္ဇမာနာ။ ။
ဣမာစတေအဋ္ဌရုယောသမန္တာတော၊နစ္စန္တိ ဂါယန္တိ ပမောဒယန္တိ စ။
ဒေဝိဒ္ဓိပတ္တာသမံမဟာနုဘာဝေ၊ မနုဿဘူတာကိမကာသိပုညံ။
ကေနာသိဇေဝ်ဝေလိတာနုဘာဝါ၊ ဝဏ္ဏောစတေသဗ္ဗဒိသာပဘာသတိ။

မဟာနုဘာဝေ၊ ကြီးသောတန်ခိုးအာနုဘော်ရှိသော။ ဒေဝိ၊ နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ဝေဠုရိယထမ္ဘံ၊ ကျောက်မျက်ရွဲတို့ဖြင့်

စိခြေယ်သောသည်တိုင်ရှိသော။ ရှစ်ရုံ၊ -အ ရောင် ထွက် သည် ဖြစ် ၍ ။ ပဘာသရုံ၊ ဖိတ်ဖတ်လက်သော။ ဝါ၊ ပဘာသရုံ၊ ဖတ်ဖတ်လက်သော ရှစ်ရုံ၊ အရောင်တွက်သော။ အနေကစိတ္တံ၊ -များစွာ ဆန်းကြယ်ခြင်း ရှိ သော။ ဝိမာနံ၊ ဘုံဗိမာန်ကြီးသို့။ အာရုယ္ဟ၊ တက်၍။ ဥစ္စာဝစာ၊ ကြီး ကြီးငယ်ငယ်၊ အသွယ်သွယ်အဖြာဖြာ၊ များလှစွာသော။ ဣဒ္ဓိဝိကုဗ္ဗမာနာ တနိုးဖြင့်ဘန်ဆင်းလျက်။ တတ္ထ၊ ထိုဘုံဗိမာန်၌။ အဿသိ၊ နေ၏။

တေ၊ သင်နှတ်သို့အား။ ဣမာစအဿ ရာယော၊ ဤအဖြေအရုံနှတ် သို့ အပေါင်းကိုသည်လည်း။ သမန္တာ တော၊ ထက်ဝန်းကျင်မှ၊ ဝန်းရံခ လျက်။ ဒိဿန္တိ စ၊ မြူးပျော်ခန်းပြုကကြခုနှင့်ကြကုန်၏။ ဂဲယန္တိ စ၊ သီချင်း ဆိုလည်းသီဆိုကြကုန်၏။ ပဝေဇ္ဇယန္တိ စ၊ မြူးတူးခုန်ပျော်၊ မော့လျော် စေကြကုန်၏။ မဟာနုဘာဝေ ကြီးသောတန်ခိုးအာနုဘော်ရှိသောနှတ် သို့။ တွံ၊ သင်သည်။ ဒေဝိဒ္ဓိပတ္တာ၊ နှတ်ဣဒ္ဓိတန်ခိုးသို့ရောက်သည်၊ အသိ ဖြစ်ပေ၏။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ ကိံ ပုညံ၊ အဘယ်ကောင်း မှုကို။ အကာသိ၊ ပြုဘူးသနည်း။ ကေန၊ အဘယ်ကုသိုလ်ကြောင့်၊ ဇေတံ၊ ဤသို့။ ဓမ္ဓိဘာနုဘာဝံ၊ ထွန်းတောက်သော အရောင်အစု၊ အာနုဘော်ရှိသည်။ အသိ၊ ဖြစ်သနည်း။ တေ၊ သင်နှတ်သို့ ၏။ ဝဏ္ဏောစ၊ အဆင်းအရောင်သည်လည်း။ သဗ္ဗဒိသာ၊ လုံးဝုံမျက်နှာ၊ ရပ်ဆယ်ဖြာသို့ ပဘာသတိ၊ ထွန်းလင်းတောက်ပ၏။ ။

ဤသို့အရှင်မောဂ္ဂလာန်မေးတော်မူသည်ကို ဤဂါथ ကဖြင့်ဖြေကြား၏။

အကံ မနုဿေသု မနုဿဘူတာ ဥပါသိကာ စက္ခုမတော အဟောသိံ။
ပါဏာတိပါတာ ဝိရတာ အဟောသိံ၊ တေနကမ္မုနာ ပဋိဝေဓယိသံ
အမ္ဘော ပေ၊ နောစ ရုသာ အဘာဝေ ကိံ၊ သဒ်ကန် သာ ပိနာ
အဟောသိ ပုဗ္ဗာ။ ။
ဒေဝိဒ္ဓိပ ဣဒ္ဓိပ သန္ဓိ ဘတ္တာ၊ သက္ကစ္စ ဒါနံ ပိ ကုလံ အဒါသိံ။
တေနမ္ဘော ဒေ ဝ ဒေ ဝ ဣဒ္ဓိ ဘာ။ လ ။ ပဘာသတိ။ ။

အကံ တပည့်တော်မသည်။ မနုဿေသု လူတို့ကြား၌။ မနုဿဘူတာ လူဖြစ်စဉ်အခါက။ စက္ခုမတော၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူ၏သော မြတ်စွာဘုရား၏။ ဥပါသိကာ ဆည်းကပ်တိုးဝှေ့ယင်သောတပည့်မသည် အဟောသိံ ဖြစ်ပါသည်အရှင်ဘုရား။ ပါဏာတိပါတာ၊ သူ့အသက် ကို

ကိုသတ်ခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ်သောမိန်းမသည်။ အဟောသိ၊ ဖြစ်ပါသည်အရှင်ဘုရား။ လောကေ၊ လူပြည်၌။ အဒိန္နံ၊ မပေးသောဥစ္စာကို။ ပရိဝဇ္ဇယိသံ၊ ရှောင်ကြဉ်ပါသည်အရှင်ဘုရား။အမဇ္ဇပေါ၊ အရက်ကစေ့ကိုလည်း မသောက်ပါ အရှင်ဘုရား။ မုသာ၊ မဟုတ် မမှန်သော စကားကို။နောစအာဘာဏိ၊ မပြောဆိုပါအရှင်ဘုရား။သကေနုသာမိနာ ဖိမိလင်တယောက်ဖြင့်။ တုဋ္ဌာ၊ ရောင့်ရဲခြင်းသည်၊ အဟောသိ၊ ဖြစ်ပါသည်အရှင်ဘုရား။ အန္နဋ္ဌ၊ ထမင်းကိုရင်း။ ပါနဋ္ဌ၊ အဖြေ့ာ်ကို ;င်း။ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ္တရှိလျက်။ သက္ကစ္စဒါနံ၊ အရိုအသေကောင်းစွာ ပြု၍လှူသော သက္ကစ္စဒါနကို။ ဝိပုလံ၊ မွန်မြတ်စွာ။ အဟောသိ၊ ပေးလှူပါသည်အရှင်ဘုရား၊ တေန၊ ထိုကုသိုလ်ကြောင့်။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။တာဒိသော၊ထိုကဲ့သို့ထွန်းလင်း တောက်ပလှသော အဆင်းအရောင်ရှိပါသည်အရှင်ဘုရား။ ။

(အကြွင်းရှေးနည်း)။ ဒုတိယ ပတိဗ္ဗတာ ဒေဝီ နှတ်သိုးဝတ္ထု ပြီး၏။

ဒုတိယ ပတိဗ္ဗတာ ဝိမာနံ၊ နိဋ္ဌိတံ။ ။

သုဂိသာနှတ်သိုးဝတ္ထု။ မုံ့ကျွေးခြင်းအကျိုး။

သာဝတ္ထိပြည်၌၊ လင်၏အမိအဘ၊ယောကျ္ကမအိမ်သို့လိုက်၍နေရသော အမျိုးရွှေးမတရောက်သည်၊ ဆွမ်းခံလာသောရဟန္တာတပါးကိုမြင်လျှင် ကြည်လင်ရွှင်လန်းဝမ်းမြောက်နှစ်သက်သောစိတ်ရှိလျှက်၊ ဤအရှင်မြတ်သည် ငါ့အားမြတ်သောကောင်းမှု၏တည်ရာကြွရောက်လာသည်ဟု၊ မိမိအာဘိုးဖြစ်သော မုံ့ကိုထက်ဝက်ပြု၍၊ တဝက်ကို လောင်းလှူ လိုက် ၏။ ရဟန္တာအရှင်မြတ်သည်၊ အလှူခံတော်မူပြီးလျှင် အနုမောဒနာပြု၍၊ ကြွသွားတော်မူ၏။ ထိုရွှေးမသည်နောက်အခါ၌ဝုတေ၍၊ တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ရွှေးမအဖြစ်မှုတေ၍နတ်သိုးဖြစ်သောကြောင့် **သုဂိသာနှတ်သိုး**ဟူ၍နတ်အပေါင်းဘို့ခေါ် ကြကုန်၏။ အရှင်မောဂ္ဂလာန်နတ်ပြည်သို့ကြွသောအခါ၊ ထိုနတ်သိုးကိုမြင်၍ ဤဂါထာကိုဟောပြီးတော်မူ၏။

အာဘိက္ကန္တေနဝဏ္ဏေန၊ ယာတ္ကံ တိဋ္ဌသိ ဒေဝတေ။
သြဘာသန္တီ ဒိသာသဗ္ဗာ၊ သြသဓီဝိယ တာရကာ။ ။
ကေနတေ တာဒိသော ဝဏ္ဏော၊ ကေနတေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ဝိယာ။ ။

ပုဏ္ဏာမိတ်ဒေဝီမဟာနုဘာဝေ၊မနုဿဘူတာကိမကာသိပုညကေနာသိဇော်ဇလိတာနုဘာဝါ၊ ဝယ္ဆောစတောသဗ္ဗဒိသာ ပဘာသတိ။ ။

(ခေါ်ဝတ္ထုကို၌အနက်ပေးပြီးပြန်ကြည့်ကြလေ)။

သုဇာတိသားနတ်သမီးသည်ဤဂါထာကို၎င်းဖြေကြားလျှောက်တင်လေ၏။

အဟံမနုဿေသု မနုဿဘူတာ၊ သုဇာတိသာအဟောသိံ
သသုရသယေ။
အဒ္ဒုသံဝိရဇံ ဘိက္ခု ဝိ,သန္ဓေနောဝိလံ။
တသ္ဓသ်ဓါသတ်ပုဏ်ဝံ၊ ပသန္နာသသဟိပါဏိဘိ။
ဘာဝနုဘာဝံ တွာန၊ မောဒါမိနန္ဒိနေဝ,နေ။ ။

အဟံ၊ ခေါ်အမည်ပါ၊ သုဇာတိသာဟု သည်ဘဝ၌ကြီးတပ်မသည့် မနုဿေသု လူ့ပြည်ကို၌။ မနုဿဘူတာ၊ လူဖြစ်စဉ် အခါက။ သသုရသယေ ယောကျ္ကမတို့ယောရေ၊ အိမ်ထဲ၌။သုဇာတိသာ ခေါ်ခဲ့သည့်။အဟောသိံ ဖြစ်ပါသည်အရှင်ဘုရား။ ဝိရဇံ၊ ကိလေသာမြေ။ ကင်းစင်ဖြူသော။ ဝ,ပ္ပ သန္ဓေ၊ ကြည်လင်သောစိတ်တော်ရှိသော။ အနောဝိလံ၊ မနောက်ကြေသော စိတ်တော်ရှိသော။ဘိက္ခုံ၊ ရဟန်းတော်မြတ်ကို။အဒ္ဒုသံ ဖူးမြင်ရပါသည် အရှင်ဘုရား။ တသ၊ ထိုရဟန်းတော်အရှင်မြတ်အား။ ပသန္နာ၊ ကြည်ညိုသည်ဖြစ်၍။ သေဟိပါဏိဘိ မိမိလက်တို့ဖြင့်၊ ဝါ၊ ကိုယ်ကိုင်။အဟံ တပည့်တော်မသည်။ ဝ,ဝံ၊ မုံ့,ကို။ အဒါသိံ၊ လှူပါသည်အရှင်ဘုရား။ ဘာဝနုဘာဝံ၊ မိမိစားရနိုအကျိုးမှသက်ဝင်သောမုံ့,ကို။ ဒတ္တွာန၊ လှူရသောကြောင့်။ နန္ဒနေဝနေ၊ တာဝတိံသာ၊ နတ်မျိုးစုတို့၊ ပျော်ရွှင်ခြင်းနှင့်ဖြစ်သောလွန်နန္ဒဝနံ၌၊ ဥယျာဉ်ကော်ဇော်။ မောဒါမိ၊ ပျော်ပျော်ပါးပါးနေရပါသည်အရှင်ဘုရား။ ။

သုဇာတိသာနတ်သမီးဝတ္ထုပြီး၏၊ ။တေ,သမ။

ဒုတိယသုဇာတိသာနတ်သမီးဝတ္ထု။ မယောမုံ့,လှူခြင်းအကျိုး။

ပထမ သုဇာတိသာနတ်သမီးသည်ကား-ဗုဒ္ဓ-ခဲ့ဘွယ်မုံ့,ကိုလှူ၍ နတ်သမီးဖြစ်သည်။ ဒုတိယသုဇာတိသာနတ်သမီးသည်ကား မယောမုံ့,ကိုလှူ၍နတ်သမီးဖြစ်သည်။ ဤမျှသာသူ့ဘဝတူ,သည်။ ထိုပြီးတဲ့တရာအဆူးမခံပြီ။

ထိုကြောင့်။ ဟုမာသဝိ ဘွဲ့,တွာန မောဒါမိနန္ဒနေဝနေ၊ ဟူ၍ဆိုရှိ၏ ဟုမာသဝိဘွဲ့,မယောမုံ့,ဆိုပါကို။ ဒတွာန၊ ပေးလှူသောကြောင့်။နန္ဒနေဝနေ၊ တာဝတိံသာ၊နတ်မျိုးစုတို့၊ ပျော်ရွှင်ခြင်းနှင့် ဖြစ်သောလွန်နန္ဒ ဥယျာ

ဥယျာဉ်တော်၌။ မောဒါမိ၊ မွေ့လျော်စွာနေရပါ၏ အ ရှင် ဘု ရား ဟူ၍ ဒုတိယသုဏိသာနတ်သွီးသည်၊ အရှင်မဟာမောဂ္ဂလာန်အား၊ လျှောက်ကြားလေသတည်း။ ။ရုဒ္ဓသမဝတ္ထု။။

ဥဇ္ဇာရနတ်သွီးဝတ္ထု။

မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌၊ မွေ့လျော်နေပြီး၊ သတင်းသုံးတော်မူစဉ်။ ပုဏ္ဏားအမည်ရှိသော၊ သူ့ဆင်းရဲသည် ရာဇဂြိုဟ်သူဌေးကြီးကို အမှီပြု၍အသက်မွေးရ၏။ ထိုပုဏ္ဏားသူ့ဆင်းရဲ အား မယားတယောက်၊ ဥတ္တရာမည်သောသမီးတယောက်ဟူ၍ဇနီးမိန်း နှစ်ယောက်ရှိကုန်၏။ တနေ့သမီးရာဇဂြိုဟ်ပြည်သူ လူအပေါင်းတို့သည် နက္ခတ်ပွဲသဘင် ပျော်နေကြမြူးတူးကြကုန်အံ့ဟူ၍ ကြွေးကျော်ကြကုန်၏။ ထိုကြွေးကျော်သံကိုကြား၍၊ ရာဇဂြိုဟ်သူဌေးကြီးသည်၊ စောစောက ပင်လျှင်၊ အလုပ်လုပ်ရန်လာသောပုဏ္ဏားကို။ အမောင်ပုဏ္ဏား ငါတို့လူအပေါင်းမျှားစွာ ရာဇဂြိုဟ်ပြည်တပြည်လုံးသည် နက္ခတ်ပွဲသဘင်ပျော်နေမြူးတူးရန် အလိုရှိကြကုန်၏။ သင်သည် နက္ခတ်ပွဲသဘင် ကစား မည်လော။ အခကိုယူ၍ အလုပ်ကို လုပ်မည်လော ဟု မေး၏။ အရှင်သူဌေး နက္ခတ်ပွဲသဘင်ပျော်နေမြူးတူးခြင်း မည်သည်ကား၊ ဥစ္စာရှိသူတို့သာ လျှင်ဖြစ်နိုင်ပါ၏။ အကျွန်ုပ်မှာကား နက်ဖြန်စားရန်အလို့ငှာ၊ ယာဂုဆန်စသည်တို့မရှိပါကုန်။ အကျွန်ုပ်အား နက္ခတ်သဘင်ပျော်နေကစားခြင်းငှာ အဘယ်မှာတတ်နိုင်ပါအံ့နည်း။ အရှင်သူဌေးမင်းထံမှ နွားတို့ကိုရ ပါလျှင်လယ်ထွန်ပါအံ့ဟုဆို၏။ အမောင်ပုဏ္ဏား၊ ယင်းသို့ဖြစ်သော် နွား တို့ကိုယူ၍ လယ်ထွန်လောဟု၊ သူဌေးကြီးကဆိုလျှင်။ ထိုသူ့ဆင်းရဲ မောင်ပုဏ္ဏားသည်၊ ဝမြိုးသောနွားတို့ကိုယူ၍၊ ခိုင်ခမ်းသောထွန်းကိုလည်း ယူ၍။ ရှင်မ မြို့သူအားလုံးတို့သည်နက္ခတ်သဘင်ကစားကြပြီးနေ၏။ ငါ မှုကားဆင်းရဲလျှမ်း အခကိုယူပြီးလျှင်လယ်ထွန်ပါအံ့၊ ယခုနေ့ငါ၏အစာ ထမင်းကို နှစ်ဆပိုမျှ၍ချက်ပြီးလျှင်ယူခဲ့ပါ၊လော့ ငို့ပါ၊လော့-ဟူ၍ မယား ကိုမှာထားပြီးလျှင်၊ လယ်သို့သွားလေ၏။ ။

အရှင်သာရိပုတ္တရာထေရ်မြတ်သည်လည်း၊ ခုနှစ်ရက်ပတ်လုံးနိုရောဓ သမာပတ်သို့ဝင်စားတော်မူ၍၊ ထိုနိုရောဓသမာပတ်မှထပြီးလျှင်၊ ယခုနေ့ အဘယ်သူကိုခြိုးမြှောက်ရအံ့နည်းဟု၊ ကြည့်ရှုတော်မူသည်ရှိသော်ညီတော် ကဉ်နန်ရှက်တွင်းသို့၊ ဝင်လာသော ပုဏ္ဏားသူဆင်းရဲကို မြင်တော် မူ၍။

(အတ္တဲ့နောဘုဏာစာလသဲ့အန္တော်ပရိဗ္ဗ ဒိသွာ။ ဝိမာနဝတ္ထုအဋ္ဌကထာ) သဝိတ်သင်ကန်းကိုယူတော်မူ၍၊ ထိုပုဏ္ဏသူဆင်းရဲလယ်ထွန်သော နေရာသို့သွားတော်မူ၍၊ ရေတွင်းအနီး တခုသော၊ ချုံငယ်ကိုကြည့်ရှု လျက်ရပ်တော်မူ၏။ ပုဏ္ဏသူဆင်းရဲလည်းအရှင်သာရိပုတ္တရာကိုမြင်လျှင်၊ လယ်ထွန်ခြင်းကိုရပ်၍၊ ငါးပါးသောတည်ခြင်းဖြင့်ရှိခိုးပြီး၍၊ အရှင်မြတ်သည် ဒနိပူကိုအလိုရှိလတန့်ဟု ဒနိပူကိုဖြတ်၍ကပ်လှူ၏။ မထေရ်မြတ်သည် သဝိတ်အိတ်မှရေစစ်ပုဝါကိုထုတ်၍ပေး၏။ ပုဏ္ဏသည်လည်း သောက်ရေကိုအလိုတော်ရှိလတန့်ဟု ရေစစ်ကို ယူ၍ သောက် ရေကို စစ် ပြီး လျှင် ကပ်၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဤသို့ကြံတော်မူ၏။ ဤပုဏ္ဏသူဆင်းရဲသည်သူတပါးတို့၏ အိမ်နောက်ဖေးမှနေရ၏။ အကယ်၍ငါသည် အိမ်တံခါးဝသို့သွား၍ဆွမ်းရပ်ညားအံ့။ ဤပုဏ္ဏ၏မယားသည်ငါ့ကိုမြင်ခြင်းဌာနတတ်နိုင်လတန့်၊ ထိုပုဏ္ဏ၏မယားသည်ထမင်းပို့လာသော အချိန်တိုင်အောင် ဤနေရာ၌ခဏမျှနေဦးအံ့ဟု၊ အနည်းငယ်မျှအချိန်ကိုလွန်စေ၍၊ ထိုပုဏ္ဏ၏မယားထမင်းပို့လာသည်ကိုသိတော်မူလျှင်၊ မြို့တွင်းသို့ရှေးရှုကြွသွားတော်မူ၏။ ထိုပုဏ္ဏ၏မယားသည် ခရီးလမ်းအကြားခဏ အရှင်သာရိပုတ္တရာ ထေရ်မြတ်ကိုမြင်လျှင်ဤသို့ကြံ၏။ တရံတခါလှူစရာရှိလျှင်လည်း ဤအရှင်မြတ်ကိုမတွေ့မြင်ရ။ တရံတခါဤအရှင်မြတ်ကိုတွေ့မြင်ရပါ၏သော်လည်းလှူစရာမရှိ။ ယနေ့မူကား-အရှင်မြတ်ကိုလည်း တွေ့မြင်ရ၏ လှူစရာလည်းငါ့မှာယခုရှိ၏။ ငါ့အားခြိုးမြှောက်ခြင်းကိုမှ ပြုပါမည်လောဟု ကြံ၍ထမင်းတောင်းကိုချပြီးလျှင်၊ ငါးပါးသောတည်ခြင်းဖြင့်ရှိခိုးပြီး၍၊ အရှင်မြတ်ဘုရားကြမ်းသည်ဟူ၍ရင်း။ နုသည်ဟူ၍ရင်း ကောင်းမကောင်းကိုကြံတော်မမူဘဲ အရှင် ဘုရား၏ ကွန်ငယ်ပုဏ္ဏ အား ခြိုးမြှောက်တော်မူပါအရှင်ဘုရားဟု လျှောက်ကြား၏။

ထိုအခါအရှင်သာရိပုတ္တရာမထေရ်မြတ်သည်သဝိတ်ကိုစောင့်ငံ့တော်မူလျက်ဆွမ်းခံတော်မူလျှင်၊ ထိုပုဏ္ဏ၏မယား သည်လက်တဘက်ဖြင့် ထမင်းတောင်းကိုကိုင်လျက်။ လက်တဘက်ဖြင့်ထမင်းကိုယူ၍သဝိတ်ထည်းသို့လောင်း၍၊ ထက်ဝက်သောထမင်းကို လောင်းမိသည်ရှိသော်၊ အရှင်သာရိပုတ္တရာသည် တော်ပြီဟူ၍လက်တော်ဖြင့် သဝိတ်ကိုပိတ်တော်မူ၏ ထိုအခါ၌ပုဏ္ဏ၏မယားသည်၊ အရှင်မြတ်ဘုရားတယောက်စာထမင်းကို နှစ်ဖြာခွဲခြင်းဌာ မတတ်ကောင်းပါ။ အရှင်ဘုရား၏ကွန် ငယ်ပုဏ္ဏ အား

ဤလောကဖြင့်ခြိုးမြောက်ခြင်းမပြုဘဲ၊ တမလွန်လောကဖြင့် ခြိုးမြောက်ခြင်းကိုပြုတော်မူပါအရှင်ဘုရား။ အကြင်းမဲ့တောင်းပါမြောက်၍လောင်းလှူလိုပါသည်အရှင်ဘုရားဟုဆို၍၊ အလုံးရုံသော ထ မင်း တို့ကို သပိတ်ထည်းသို့အကုန်လောင်းပြီး၍၊ အရှင်ဘုရားတို့သိမြင်သောနိဗ္ဗာန်တရားကိုလည်းသိမြင်နိုင်ပါလိုဟု၏အရှင်ဘုရားဟု ဆုတောင်းခြင်းကိုလည်းပြု၏။ ။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် (ဇင်ဟောတု-တောင်းသည့်ဆုအဘိုင်းပြည့်စေ)ဟုဆိုပြီး၍၊ ရေပ်တော်မူလျက်ပင်လျှင်၊ အနည်းငယ်မျှသောအနုမောဒနာတရားကိုဟောကြား၍ ကြွသွားတော်မူပြီးလျှင်၊ ရေရလွယ်ရာအရပ်သို့သွား၍၊ ထိုင်တော်မူပြီးလျှင် ဆွမ်းစားခြင်း ကိစ္စကိုပြုတော်မူ၏၊ ထိုပုဏ္ဏား၏မယားသည်လည်း၊ အိမ်သို့တဘဘနဲ့ပြန်၍၊ ဆံတို့ကိုရှာပြီးလျှင်ထမင်းကိုချက်ပြုနေ၏။ မောင်ပုဏ္ဏားသည်လည်း၊ ကရိသထက်ငယ်မျှရှိသောအရပ်ကိုထွန်၍၊ ထမင်းဆာခြင်းကိုသည်းခံခြင်းဌာမတော်နှင့်မျက်စား၊ ထွန်ထမ်းပိုးမှန်းတို့ကိုဖြုတ်၍၊ လွှတ်ထားပြီးလျှင်တခုသောအရိပ်ထွင်းသို့ဝင်၍ထမင်းဖို့လာမည့်လမ်းကိုကြည့်မျှော်လျက်ထိုင်နေ၏။ ။

ပုဏ္ဏား၏မယားသည် ထမင်းကိုယူ၍ လာ သည် ရှိသော်၊ မောင်ပုဏ္ဏားကြည့်မျှော်လျက်နေသည်ကိုမြင်၍၊ ဤကိုပုဏ္ဏားသည်ထမင်းဆာလှ၍ ငါ့ထမင်းပို့လာသည်ကိုကြည့်မျှော်လျက်နေ၏။ ထမင်းပို့နောက်ကျသည်ဟုစိတ်ဆိုး၍၊ ချိန်းချောက်ငေါက်ငန်းလျက် နှင်တနိတ်ပြောပြုပြင့်ငါ့ကိုရိုက်ညှားအုံ့၊ ငါပြုသမျှကုသိုလ်တွေသည်အကျိုးမဲ့ဖြစ်ရာ၊ စောစောကတင်ကြို၍ကုသိုလ်ပြုခဲ့ကြောင်းကိုပြောကြားအုံ့ဟုကြံ၍။ ကိုပုဏ္ဏားရေ၊ ယနေ့တနေ့အဖို့ကိုစိတ်ကိုကြည်ညိုပါစေလော။ အကွန့်နိုပ်သည်ပြုလုပ်ခဲ့သောကုသိုလ်ထံကိုအကျိုးမဲ့ဖြစ်အောင် မပြုလုပ်ပါလင့်။ အကွန့်နိုပ်သည် နံနက်စောစောကပင်လျှင်၊ ထမင်းပို့လာရာလမ်းခရီးအကြားခဲ့၊ အရှင်သာရိပုတ္တရာကိုမြင်၍၊ ကိုပုဏ္ဏား၏အဘို့ဖြစ်သောထမင်းကိုအကုန်လှူ၍၊ နောက်တဘဘနဲ့ပြန်၍ထမင်းချက်ရသောကြောင့်၊ နေမြင့်သည်တိုင်အောင်ပစ်တိုကြည်ညိုစွာထားပါလေဘုရားဟု၍ဆိုလျှင်။ ရှင်မ သင်သည်အဘယ်စကားကိုပြောသနည်းဟုမေးလျှင်၊ ထိုအကြောင်းကိုပင်ထပ်၍ပြောသောအခါ။ ရှင်မ၊ သင်သည်ကောင်းသောပြုခြင်းဖြစ်စွတကား၊ ငါ၏အစာဖြစ်သောထမင်းကိုအရှင်သာရိပုတ္တရာအား လှူလိုက်ခြင်းသည် ကောင်းသောပြုခြင်းဖြစ်စွတကား။ ငါသည်လည်းဤအရှင်ဖြတ်ကို နံနက် စောစောကဒနိုပ္ပကိုခင်း။ မျက်နှာသစ်ရေကိုခင်း၊ လှူလိုက်ရ၏ဟု ပြောဆို၍ ကြည့်

ညှိလှသော မော်င်ပုဏ္ဏာသည် ထိုမယားကတာဘန်၊ စားရန်ထမင်းကိုအ
ကုန်လှူလိုက်ကြောင်းကိုပြောသောအခါ၊ လွန်စွာကြည်ညှိခြင်းနှစ်သက်
ခြင်းရှိလျှ၍၊ လင်မယားနှစ်ယောက် ဝမ်းမြောက်ဝမ်းသာပြောဆိုကြပြီး
လျှင်၊ ပို့လာသောထမင်းကိုထိုင်ကာစားပြီး၍၊ နေမြင့်မှ ထမင်းကိုစား
ရသောကြောင့်၊ ပင်ပန်းနွမ်းနှယ်ခြင်းရှိရကား မယားဏီရင်ခွင်ပေါ်သို
ဦးခေါင်းဆိုက်၍၊ အိပ်ပြော်ခြင်းသို့ရောက်၏။ ။

ထိုအခါ၌ နံနက်စောအခါကထွန်၍ထားသောအရပ်သည်၊ မြေမှုံ့ကို
အစပြု၍၊ အလုံးရုံသောထွန်ချစ်စာမြေကို့သည်၊ နီသောရွှေဖြစ်လေ၍၊
(ကဏိကာပုဗ္ဗရာသိဝိယ)တပခေးပန်းပွင့်အရုဏ်သို့၊ တင့်တယ်တောက်
ပလျက်တည်၏။ (ကဏိကာရပုဗ္ဗ)မဟာလေ ကားပွင့် အရုဏ်သို့၊ တင့်
တယ်စွာတည်၏။(ဝိမာနဝတ္ထုအဋ္ဌကထာ)။

ထိုမောင်ပုဏ္ဏာသည် အိပ်ရာမှနိုးလ၍ ကြည့်ရှုပြီးလျှင်၊ မယားကို ဤသို
ပြော၏။ ရှင်မ၊ လယ်ထွန်ရာမြေအလုံးရုံသည်၊ ငါ့အားရွှေဖြစ်၍ထင်၏
အသို့နည်း၊ ငါသည်အလွန်နေမြင့်မှ ထမင်းစားရသောကြောင့်၊ မျက်စိ
များလှည့်လည်၍နေလေသလောဟုဆို၏။ ကိုပုဏ္ဏာအကျွန်ုပ်အားလည်း
ဤကဲ့သို့ပင်ထင်ပါ၏ဆိုလျှင်။ မောင်ပုဏ္ဏာသည်ထ၍လယ်ထွန်သောနေရာ
သို့သွား၍၊ တခုသောအခဲကိုကောက်ယူ၍၊ ထွန်တုံးဦး၌ တီးခေါက် ၍
ကြည့်ရှုသောအခါ ရွှေဖြစ်ကြောင်းကိုသိ၍။(ဩော် ဓမ္မသေနာပတိတရား
စစ်သည်မှူးဖြစ်တော်မူသော၊ အရှင်သာရိပုတ္တရာအားလှူရသောဒါနကု
သိုလ်သည်၊ ယနေ့ပင်လျှင်အကျိုးထူးကိုပြုပေ၏တကား။ ဤမျှလောက်
သောဥစ္စာတွေ့ကိုဖုံးလွှမ်းခြင်းငှာ၊သိုဝှက်၍ထားခြင်းငှါ၊အဘယ်သူတတ်
နိုင်မည်နည်းဟု၊ မယားပို့လာသောထမင်းတောင်းကိုရွှေဖြင့်ပြည့်စေ၍၊
ဗိမ္ဗိသာရမင်းကြီး၏နန်းတော်သို့သွား၍၊ အကြောင်းကိုပြောကြားအံ့ဟု၊
မင်းကြီးကိုရှိခိုး၍နေလျှင်၊ အဘဲ့ကြောင့်လာသနည်းဟု၊ မင်းကြီးမေး
သောအခါ။ အရှင်မင်းမြတ်ယနေ့အကျွန်ုပ်ထွန်သော၊ လယ်မြေ၌ ထွန်
ချစ်စာမြေဝိုင်ခဲဟူသမျှအလုံးရုံ၊ ရွှေဖြစ်၍နေပါကြောင်း။ ထိုရွှေ တို့ကို
ဆောင်ယူခြင်းငှာ၊ သင့်လျှပါတော့သည်အရှင်မင်းမြတ်ဟုဆို၏။

အသင်သည်အဘယ်သူနည်း။ ပုဏ္ဏာအမည်ရှိပါသည်အရှင်မင်းမြတ်။
ယနေ့အသင်သည်၊ အဘယ်သို့ကုသိုလ်ထပြုသနည်း။ ကျွန်တော်မျိုးသည်
ဓမ္မသေနာပတိ၊ တရားစစ်သည်မှူးဖြစ်သော၊ အရှင်သာရိပုတ္တရာအား
နံနက်အခါ၌၊ ဒနံပူကိုဌင်း၊ ရေကိုဌင်း။ ကပ်လှူရပါသည်။ ကျွန်တော်

မျိုးမယားသည်လည်း၊ ကျွန်တော်မျိုးစားရန်အတွေ့၊ ဝို့လာသောထမင်းကို၊ ထိုအခ္ဂင်မြတ်အားပင်လျှင်၊ အလုံးစုံလှူရပါ၏ကြောင်းနှင့်၊ လျှောက်တင်သောအခါ။ ဗိမ္ဗိသာရမင်းကြီးသည်၊ ကြော်-တရားစစ်သည်မှုးဖြစ်သော၊ အခ္ဂင်သာရိပုတ္တရာအား၊ လှူရသောဒါနကုသိုလ်သည်၊ ယနေ့ပင်လျှင်အကျိုးထူးကိုပြုပေ၏တကားဟုဆို၍၊ အသောင်မက၊ မျှားစွာသောလှည့်တွေ့ကိုးစလွတ်၏။ မင်းမှုဆောင် ယောက်ျား တို့သည်၊ မင်းကြီး၏ဥစ္စာတည်းဟုဆို၍၊ ယူသည့်ဂိုသော်ယူသမျှမြေမိုင်ခဲတို့သာလျှင်ဖြစ်ကုန်၍၊ မင်းကြီးအားအကြော်ငြားသည့်ဂိုသော်။ သင်တို့သည်အဘယ်သို့ဆို၍ ယူကြသနည်းဟုမင်းကြီးမေးလျှင်၊ အခ္ဂင်မင်းမြတ် ဥစ္စာတည်းဟူ၍ယူပါသည်လျှောက်တင်သောအခါ။ ယင်းသို့ဖြစ်သော်ပုဏ္ဏား၏ဥစ္စာတည်းဟုဆို၍ ယူခဲ့ကြ ကုန်လောဟု၊ မင်းကြီးစေခိုင်း၍။ ပုဏ္ဏား၏ဥစ္စာတည်းဟုဆို၍ယူမှ အလုံးစုံအွေတွေဖြစ်၍၊ မင်းကြီး၏နန်းတော်ရင်ပြင်ခွဲ ရပုံ၍ထားကြကုန်၏။ ။

ထိုအွေပုံကြီးသည် အတောင် ၄၅ စ်ဆယ်မှ မြင့်၏။ ဗိမ္ဗိသာရ မင်း ကြီးသည်၊ မြို့သူမြို့သားတို့ကိုစည်းဝေးစေ၍၊ ဤရာဇဂြိုဟ်မြို့ခွဲ- ဤမှုလောက်မျှားသောအွေသည့်အဘယ်သူအားဂိုသနည်းဟုမေးလျှင်။ အခ္ဂင်မင်းမြတ် အဘယ်သူမှာမှမဂိုပါဟုဆိုကြကုန်၏။ အချင်းတို့ ထိုပုဏ္ဏားအားအဘယ်ကိုပေးထိုက်သနည်းဟုမေးလျှင်။ **သေဋ္ဌိဆရာ**သူဌေးကြီး တို့ ဆောင်းသောထီးကို၊ ပေးထိုက်ပါသည့်အခ္ဂင်မင်းမြတ်ဟုဆိုကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် **ဗဟုဓနသေဋ္ဌိ**ဟူသောနာမည်ဖြစ်စေလောဟု၊ ဘွဲ့တံဆိတ်နှင့်တကွ သူဌေးကြီးတို့ဆောင်သောထီးဖြူကိုပေး၏။ ထိုအခါပုဏ္ဏားသူဌေးက၊ အခ္ဂင်မင်းမြတ်၊ အကွန့်ဦးပ်တို့သည်၊ ဤမှုလောက်သောကာလပတ်လုံးသူတပါးတို့အိမ်၌၊ သူရင်းငှားလုပ်၍ နေရ ပါသည်၊ ယခုအခါ အကွန့်ဦးပ်အားနေရာကိုပေးတော်မူပါလောဟု၊ လျှောက်တောင်းသောအခါ၊ ရှေးကသူဌေးဟောင်းတို့၏ နေရာကိုပေး၏။ ထိုသူဆင်းရဲဟောင်းပုဏ္ဏားသည်၊ လေးငါးရက်အတွင်းခွဲပင်လျှင် အိမ်ကြီးပြုလုပ်စေ၍၊ **အိမ်တက်မင်္ဂလာ-ထီးဆောင်းမင်္ဂလာ**တို့ကို တပြိုင်နက်ပြု၍၊ ရုနစ်ရက်ပတ်လုံး၊ ဘုရားအမှုဂိုသော ဂေဟနိုးသံဃာတော်ဘွဲ့အား၊ ကြီးစွာသောအလှူကြီးကိုပေး၏။ ။

ထိုအခါခွဲ မြတ်စွာဘုရားသည်၊ သူဆင်းရဲဟောင်း ပုဏ္ဏားသူဌေးအား ထူးဆွေလှစွာသော၊ အနုမောဒနာကိုပြုလျက် အစဉ်အတိုင်းသောတရား

စကားကိုပြောကြားတော်မူ၏။ တရားတော်အဆုံး၌၊ ပုဏ္ဏသူဌေး ကြီးသည်ရင်း။ သူဌေးကတော်ကြီးသည်ရင်း။ ထိုသူဌေးကြီး၏သို့ဦးဥတ္တရာသည်ရင်း။ သုံးရောက်သောသူတို့သည် သောတာပန်တည်ကြ၊လေကုန်သတည်း။ ။နောက်အခါ၌ ဥတ္တရာသည်အရွယ်ရောက်၍ အပျိုပေါက်ဖြစ်သောအခါ၊ ရာဇဂြိုဟ်သူဌေးကြီးသည်၊ ပုဏ္ဏသူဌေး၏သို့ဦးဥတ္တရာကိုဒိဋ္ဌိ၏သားဘို့စပ်ဆိုစေ၏။(အတ္တနောပုတ္တသဝါရေသိ)အတ္တနော။ မိမိ၏။ ပုတ္တသ၊ သားဘို့။ ဝါရေသိ၊ စပ်ဆိုစေ၏။ သူ ဆင်း ရဲ ဟောင်း ပုဏ္ဏသူဌေးက၊ ငါမပေးနိုင်ဟုဆိုလျှင်။ ဤသို့မဆိုပါလင့်၊ ဤမျှလောက်သောကာလပတ်လုံး ငါတို့ကိုအမှီပြု၍နေရသဖြင့် ဤစည်းစိမ်ကို ရ၏။ ထိုကြောင့်သင်၏သို့ဦးကို ငါ့သားအား၊ပေးပါ လော့ဟု ဆိုလျှင်။ ပုဏ္ဏသူဌေးက-ရာဇဂြိုဟ်သူဌေး၏သားသည်၊ ဒိဋ္ဌာဒိဋ္ဌိတည်း၊ ငါ၏သို့ဦးသည်ကား ရတနာသုံးပါးနှင့်ကင်း၍မနေနိုင် ထိုကြောင့်သို့ဦးကိုမပေးနိုင်-ဟု၍ဆို၏။ ။

ထိုအခါ၌ မျှားစွာသောသူဌေးအပေါင်းတို့က၊ အဆွေပုဏ္ဏ၊ ထိုရာဇဂြိုဟ်သူဌေးနှင့်ဒိတ်မဖျက်ပါလင့်၊ သို့ဦးကိုပေးလိုက်ပါလော့ဟု၍တောင်းပန်ကြကုန်၏။ပုဏ္ဏသူဌေးသည် ထိုသူဌေးအပေါင်းတို့၏စကားကိုဝန်ခံ၍ ဝါဆိုလပြည့်နေ့၌သို့ဦးဥတ္တရာကိုပေးလိုက်၏။ ဥတ္တရာသည်လည်းလင်၏ အိမ်သို့လိုက်၍ နေ့သောကာလမှစ၍ ရဟန်းယောကျ်ားကိုရင်၊ရဟန်းမိန်းမကိုရင်၊ ဆည်းကပ်ခြင်းငှာရင်း၊ တရားနာခြင်းငှာရင်း၊ မရဏာလေ။ ဤသို့နှစ်လကွဲလွန်၍သွားသည်ရှိသော်၊ မိမိအကြွေးအရံတို့ကို ယခုဝါတွင်းသည် အဘယ်မျှလောက် ကြွင်းသေးသနည်းဟုမေး၏။ လက်ခွဲဆဲ့ငါးရက်ကြွင်းပါသည်အရှင်မဟု၍ဆိုလျှင်။သူဌေးသို့ဥတ္တရာသည်၊ အဘဘို့ အားထုံးထို့စာတမန်ပေးပို့ပေ၏။ မွေးသဘင်ခေါ်ကျေးဇူးရှင်ကွန်တော်မကိုဤကဲ့သို့ကျည်းကျပ်စွာသော နှောင်ဖွဲ့မိတ်ဆွင်းသို့အဘဲ့ကြောင့် သွင်းထားဘိသနည်း။ သူတပါးတို့ဘဏ္ဍာကွန်အဖြစ်သို့အပ်နှင်း၍ ထားခြင်းသည်မြတ်ပါသေး၏။ ဤသို့သောမိန်းမ၏ဒိဋ္ဌိကို လင်မယားပြုလုပ်ရန်ပေးထားခြင်းသည်မမြတ်ပါ။ ရောက်သည်နေ့မှစ၍ တရုတ်ရသောကုသိုလ်ကိုမပြုနိုင်မည်ပါဟု၊ အဘထံသို့စာတမန်ပေးပို့သောအခါ။ငါ၏သို့ဦးသည် ဆင်းရဲလေစွတကားဟု၊ နှုလုံးမသာခြင်း ဖြစ်သောအဘသူဌေးကြီးသည် သို့ဦးအထံသို့အကြောင်းပြန်ကြား၍ ချစ်သို့ ဤရာဇဂြိုဟ်ပြည်၌သင်ရှိမဟူသောပြည်တန်ဆာမိန်းမသည် တနေ့လျှင်တထောင်ပေးရ၏။ ဤငွေတို့

ဖြင့်သိရိမာကိုဌားမ၊ သင်၏လင်အားအပ် နှင်းမ၊ထားပြီးလျှင်၊ အလိုရှိ တိုင်းကုသိုလ်တို့ကို ပြုလေလော၀ှ၊တသောင်းငါးထောင်သောအသပြာ ဒဂ်ါးငွေတို့ကိုပို့၏။ ။

ဥဗ္ဗာရသည်လည်း သိရိမာကိုတသောင်းငါးတောင်ပေး၍၊ လင်၏ အသံသို့ခေါ်သွားသောအခါ။ အဘယ့်ကြောင့် ဤမိန်းမကို ခေါ်လာသ နည်းဟုလင်ကမေးလျှင်။ အရှင်သား၊ ဤမိန်းမသည် ကျွန်တော်မ၏ သူငယ်ချင်းအဘော်ဖြစ်ပါသည်၊ အရှင်သားအားခစားလုပ်ကြွေးစေပို့ခေါ် လာပါသည်၊ ကျွန်တော်မသည်ကားတဆဲ့ငါးရက်မျှအလှူဒါနပြု၍တရား နှာ၍။ ဥပုသ်စောင့်၍နေလို ပါသည်ဟုဆိုလျှင်။ လင်ယောကျ်ားသည် အဆင်းလှသောသိရိမာကိုမြင်လျှင်၊ ချစ်ခင်သောစိတ်ရှိ၍ ကောင်းပြီဟု ဆို၍ဝန်ခံလေ၏။ ဥဗ္ဗာရသည်လည်းဘုရားအမှီးရှိသော သံဃာတော် တို့အားပင့်ဖိတ်၍၊ ဤလက္ခဏာလဆဲ့ငါးရက်မျှ အ တွင်း ၌၊ မြတ်စွာ ဘုရားသည်တပါးသော အရပ်သို့မသွားမူ၍၊ ဤဒိုမ်ဌိဆွမ်းခံတော်မူပါ မြတ်စွာဘုရားဟုလျှောက်ကြား၍ ရှင်လမ်းဝမ်းမြောက်သော စိတ်ဖြင့်၊ ဤသို့ယာဂုကြီးကြကုန်၊ !ဤသို့မုံ့ကိုကျော်ကြကုန်၊ ဤသို့ဟင်းကိုချက် ကြကုန်ဟု၊ ကျွန်မတွေကိုစိမ်လျက် ဖီးဖိုဆောင်အခေါ်းခ၌နေ၏။ ။

သတင်းကျွတ်ရွှန်းတဆဲ့လေးရက်ရောက်သောအခါ၊ မိန္ဒာဒိဋ္ဌလင် ယောကျ်ားသည်၊ ဖီးဖိုဆောင်အခေါ်းသို့၊ ရှေးရှုလေသော၊ ပြ||တင်း ပေါက်ကိုဖွင့်၍ကြည့်ရှုပြီးလျှင်၊ ဤအမှိုက်မဥဗ္ဗာရသည်အလွန်ကောင်း မွန်ချမ်းသာသော ကာမဂုဏ်ကိုပယ်ရှား၍၊ ချွေးတစိုစို၊ ပျာအလှုံးလှုံး၊ ဖီးသွေးအိုးမဲ့အပေပေ၊ ညစ်ပတ်၍နေသော ဖီးဖိုဆောင်အခေါ်းခ၌ စိမ် ချက်ပြုတ်၍၊ ခေါင်းတုံးတိုရဟန်းယုတ်တွေကို လုပ်ကျွေး၍ နေဘိ၏ တ ကားဟု ပြုံးရယ်လျက်ဗဲသွားလေ၏။ ဤသို့ပြုံး၍သွားသည်ကိုမြင်သော သိရိမာသည်၊ အဘယ်ကိုမြင်၍ပြုံးပါလိမ့်မည်နည်းဟု၊ ကိုလေသာပြ|| တင်းပေါက်ကိုပင်ကြည့်ရှုသောအခါဥဗ္ဗာရကိုမြင်၍ သြော်ဤဥဗ္ဗာရ**ကို မြင်၍**၊ ငါ၏ယောကျ်ားသူဌေးသည်ပြုံး၏။ ဧကန်စင်စစ်ဤဥဗ္ဗာရနှင့် ပေါင်းဘော်ခြင်းဖြစ်၏ဟုကြံ၍၊ ထိုသိရိမာသည်နှစ်လက္ခဏမျှအခစားဖြင့် အဌားမယားဖြစ်၍နေရသည်ကို၊ အဌားမယားငါဖြစ်ပါတကားဟု၍သူ မသိ၊ ဒိုမ်ရှင်မယားဟုမှတ်ထင်လျက် ဥဗ္ဗာရကိုနှိပ်စက်ခဲ့ဟုပြောသောဒိ ပေါ်မှသက်ဆင်း၍၊ ဖီးဖိုဆောင်အခေါ်းသို့ဝင်ပြီးလျှင်၊ ကြိုးကြိုးခဲ့

မျှပူလှစွာသော၊ ထောပတ်ဆိုကိုယောက်ချိုခွက်ဖြင့် ခပ်ယူ၍ဥတ္တရာဆီ သို့လာ၏။ ။

သိရိမာလာသည်ကို ဥတ္တရာမြင်လျှင်၊ ငါ၏သူငယ်ချင်း အဘော်မ သည်၊ ငါ့အားကျေးဇူးများလှပေသည်၊ စကြဝဠာကျဉ်းသေး၏ ဗြဟ္မာ ပြည်နှင့်သေး၏၊ ငါ၏မိတ်ဆွေသိရိမာ၏ဂုဏ်ကျေးဇူးသည် အလွန်ကြီး မား၏၊ သိရိမာကိုအမှီပြု၍အလှူကိုလည်းပေးရ၏၊ တရားတော်ကိုလည်း နာရ၏။အကယ်၍သိရိမာ၏အပေါ် ဌ္ဌအမျက်ထွက်ညှားအုံ၊ ဤထောပတ် ဆိသည်ပူလောင်စေသတည်း။ အကယ်၍အမျက်မဝှဲညှားအုံ့ မပူလောင် စေဆတည်းဟု၊ မေတ္တာပြုနှိုး၍နေသောဥတ္တရာ၏အပေါ် သို့သွန်းလောင်း လေ၏။ ထိုထောပတ်ဆိပူသည် ရေခဲကဲ့သို့ဖြစ်လေ၏။ ထိုအခါသင်ရိမာ သည်ငါအယူနှေးခြင်းသွားသည်ဟုမှတ်ထင်လျက်၊ နောင်တဘဝနီယူ၍လာ သောအခါ၊ ဥတ္တရာ၏ကွယ်နိမတ္တေမြင်၍၊ ဟဲ့-မိတ်ဆွေဗျက်မ၊ နင်အဘဲ ကြောင့်၊ ငါကို့အရှင်မကိုထောပတ်ဆိပူဖြင့် လောင်းရသနည်းဟု၊ ချိန်း ချောက်လျက်၊ ထိုမှဤမှသလောကြပြီးလျှင်၊ မြေ၌လှည်း၍ရိုက်ပုတ်ကြ ကုန်၏၊ ခြေဖြင့်လည်းကန်ကြကုန်၏။ ဥတ္တရာသည်ငါ၏မိတ်ဆွေကိုမပြု လုပ်ပါလင့်ဟုတားမြစ်၍မရအောင်၊ ဝိုင်းဝန်း၍ရိုက်နှက်ကြကုန်၏။

ထိုအခါ၌ ဥတ္တရာသည် သိရိမာ၏အပေါ် ၌ ကာဆီး၍ ကွန်မတွေကို မောင်းမဲတားမြစ်ပယ်ရှား၍။ ရေနွေးဖြင့်သိရိမာကိုရေချိုး၍အကြင်ငါတရာ ချက်ပြီးသောဆီဖြင့်၊ ပွန်းရာပဲ့ရာကိုကိုနယ်၍လိမ်းကြံ၍ပေး၏ ထိုအခါ ၌သိရိမာသည်ငါသည်အကျားမယားဖြစ်ပါဘကားဟုသိ၍ ဤသို့ကြံလေ ၏။ ငါသည်ဝန်လေးသောအမှုကိုပြုမိချေ၏။ လင်ယေ ကျားပြုံးရယ် ခြင်းမှုကိုအကြောင်းပြု၍၊ ဥတ္တရာအားထောပတ်ဆိပူဖြင့် ငါ့လောင်းမိ ချေ၏။ ကွန်မတွေနှင့်အတူတကွဝိုင်းဝန်း၍ ငါ့ကိုရိုက်နှက်ရမည့်အခါ ၌ ရိုက်နှက်ခြင်းကိုပြုမည့်ကားဝေးစွ ရိုက်နှက်သော ကွန်မတွေကိုပင် တားမြစ်၍ ငါ့အားသုတ်သုတ်သပ် ကယ်မခြင်းကိုပြုသေး၏။ အကယ်၍ ငါသည် တောင်းပန်ဝန်ချ ကတောခြင်းကိုမပြုညှားအုံ့။ ငါ၏ဦးခေါင်း သည် နုနစ်ဖိတ်ကွဲရာ၏ဟုကြံ၍ ဥတ္တရာ၏ခြေရင်းဌ၌ဝပ်လျက်။ အရှင်မ ကွန်တော်မအားသည်းခံတော်မူပါလေဟုဆိုလေ၏။ ။

ထိုအခါ၌ဥတ္တရာက-ငါ၌အဘရှိသေးသည်၊ ငါ၏အဘကိုကတော့မှ ငါကြောမည်ဟုဆို၏။ သင်၏အဘပုဏ္ဏားကိုလည်းကတော့ပါအုံ့ဟု သိရိမာဆိုလျှင်။ ဤပုဏ္ဏားသည်ကား ဝဋ်ဆင်းရဲ၌ ဖြစ် စေ တတ်

သောအဘတည်း။ ဝဋ်ဆင်းရဲမှ လွတ်စေတတ်သော အဘကိုကတော့ မှသာလျှင်ငါကြောင့်နိုင်မည်ဟုဥတ္တရာဆိုလျှင်။ ဝဋ်ဆင်းရဲမှကင်းလွတ်စေတတ်သော၊ အဘသည်အဘယ်မှာနည်း။ အဘယ်သူဖြစ်ပါသနည်းဟု သိရိမာကမေးသောအခါ၊ မြတ်စွာဘုရားတည်းဟုညွှန်ပြ၏။ အသင်၏အဘမြတ်စွာဘုရားနှင့် ငါသည်အကြွမ်းဝင်ခြင်းမရှိ၊ အဘယ်သို့ပြုပါရမည်နည်းဟုသိရိမာကဆိုလျှင်။ မြတ်စွာဘုရားသည် နက်ဖြန်ရဟန်းသံဃာနှင့်တကွလာတော်မူလတန့်။ အသင်သည်ပူဇော်ဘွယ်တို့ကိုယူ၍ကတော့လော့ဟုဆိုလျှင်၊ ကောင်းပါပြီအရှင်မဟုဆို၍၊ သိရိမာသည်မိမိအိမ်သို့ပြန်၍ငါးရာမျှလောက်သော အခြွေအရံမိန်းမတွေကိုစေခိုင်း၍အထူးထူးသောခဲဘွယ်ဘောဇဉ်တို့ကိုစိရင်၍၊ ထိုပူဇော်ဘွယ်တို့ကိုဥတ္တရာ၏အိမ်သို့လာ၍ပို့ပြီးလျှင်။ ဘုရားအမှီရှိသော ရဟန်း သံဃာတို့ အားလုပ်ကျွေးဆည်းကပ်ခြင်းငှာ ငါမတတ်ဟုဆို၍အပ်နှင်းလေ၏။

ထိုအလုံးရုံသောလူဘွယ်တို့ကို ဥတ္တရာသည်ပင်လျှင် စိရင်၍ မြတ်စွာဘုရားကြွလာတော်မူသောအခါဆွမ်းကပ်၍၊ မြတ်စွာဘုရားသည်ဆွမ်းဘုဉ်းပေးတော်မူ၍ပြီးသောအခါ၊ သိရိမာသည်လည်း အခြွေအရံမိန်းမငါးရာတို့နှင့်အဘူတကွမြတ်စွာဘုရား၏၊ ခြေတော်ရင်းခွဲဝပ်စင်း၍နေ၏။ ထိုအခါ၊ သိရိမာကို၊ သင်အားအ ဘယ်အပြစ် ရှိသနည်းဟု မေးတော်မူလျှင်။ အရှင်ဘုရား၊ တပည့်တော်မသည်၊ ဥတ္တရာကိုထောပတ်ဆိပူဖြင့်လောင်းမိပါသည်၊ ထိုအပြစ်ကိုအရှင်ဘုရားအား၊ တောင်းပန်ဝန်ချကတော့မှသာ ကြေနိုင်မည်ဟု ဆိုပါသည်၊ အရှင်ဘုရားဟု လျှောက် ၏။ ဥတ္တရာ၊ သိရိမာ ပြောသော စကား အတိုင်း ဟုတ်၏လောဟု မြတ် စွာဘုရားမေးတော်မူလျှင်။ ဟုတ်ပါသည်အရှင်ဘုရားဟုလျှောက်၏။ထောပတ်ဆိပူဖြင့်သိရိမာကလောင်းသောအခါ၊ အဘယ်ကဲ့သို့သင်သည်၊စိတ်အကြီးဖြစ်သနည်းဟု မြတ်စွာဘုရားမေးတော်မူလျှင်။ ဥတ္တရာသည်သိရိမာ၏အပေါ် ခွင့်မလွှတ်ဖြစ်၍နေကြောင်းကိုလျှောက်ကြား၏။ မြတ်စွာဘုရားသည်သာဓုခေါ်၍။

အကောဓေနဇိနေကောဓံ၊ အသာဓုံ သာဓုနာဇိနေ။
ဇိနေကဒရိယံဒါနေန၊ သစ္စေနာလိကဝါဒိနံ။ ။

ဤဂါထာကိုဟောတော်မူ၏။ ဂါထာအဆုံးခွဲသစ္စာလေးပါးကိုပြတော်မူ၏။ သူခြေးသို့ဥတ္တရာသည်၊ သကဒါဂါဒိဖိုလ်ခွဲတည်၏။ ဥတ္တရာ၏ လင်ယောကျ်ား နန္ဒသည်ရင်း။ ယောကျ်ားဖြစ်သော သူခြေးကြီးနှင့် သူခြေး

ကတော်ကြီးတို့သည်ဂင်း၊ သောတာပတ္တိဖိုလ်၌ တည်ကြ လေ ကုန်၏။ သိရိမာသည်လည်း ငါးရာသောပြည်တန်ဆာမိန်းမတို့နှင့်တကွသောတာပန်တည်ကြလေကုန်၏။ ။

(သစ္စာပရိယောသာနေ၊ ဥတ္တရာသကဒါဂါမိဖလေပတိဋ္ဌဟိ။ သာမိကေ၊စ၊ သဿုရောစ၊ သဿုရိစ၊ သောတာပတ္တိဖလံ၊ သန္ဓိကရိ ံသု။သိရိမာပိပဋ္ဌသတဂဏိကပရိဝါရာ၊ သောတာပန္နာ အဟောသုံ။ ။ဝိမာနဝတ္ထုအဋ္ဌကထာ)။ ။

ကောခ ံ၊ အကြောင်းမဲ့သက်သက် ငါ့ရန်ဘက်ဟု၊ အမျက်ဖြစ်ပွါး သူတပါးခို၊ စိတ်ထားညှဉ်းစူ၊ ညှိုးသသူကို၊ အကောခေနေ၊ မေတ္တာဖြန့်လျက်၊ အမျက်မပွါး၊ စိတ်ထားဖြူစင်၊ ကျေးဇူးတင်လျက်၊ ကြည်လင်မြတ်နိုး၊ ဒုတ်မဆိုးသဖြင့်။ ဖိုးနေ၊ တရားသနုံ့ဂင်း၊ မချုတ်ရှင်းအောင်၊ နှိုင်နင်းအောင်မြင်စေရာ၏။ အသာရ ံ၊ သူတပါးခို၊ စိတ်ထားပျက်ကွက်နှောင့်ရှက်ပြုမှု၊ မကောင်းသူကို။ သာရုနာ၊ တရားလမ်းကြောင်း၊ မတ်မ်းစောင်းဘဲ၊ စိတ်ကောင်းနှလုံး ပိုက်ကြီးသွင်းမှု၊ သူကောင်းပြုသဖြင့်။ဖိုးနေ အကျိုးလိုလား၊ တရားစိတ်ဝင်၊ အောင်မြင်နိုင်နင်းစေရာ၏။ ကဒရိယံ၊ ဥစ္စာမက်မော၊ နှမျောစည်းနှဲ၊ လူပက်ချဲကို။ ဒါနေန၊ ပေးကမ်းရက်ရော နှမျောစည်းနှဲ-စည်းလဲဝန်တိုမရှိသဖြင့်။ ဖိုးနေ၊ လောဘရမက်၊ ဆိုက်စက်မထင်၊ စိတ်ကိုသင်၍၊ အောင်မြင်စေရာ၏။ အလိကဝါဒိနံ၊ လိမ်ကောက်ဝါကြွား၊ စကားဆောက်ဖျက်၊ သစ္စာပျက်၍၊ ဂရောက်ဂရက်ပြောသောသူကို။ သစ္စေန၊ အမှန်စကား ပြောကြားခြင်းဖြင့်။ဖိုးနေ၊အောင်မြင်ပြီးမြောက်၊ အကျိုးရောက်စေရာ၏။ ။

နောက်အခါ၌ပုဏ္ဏသူဌေး၏သို့ဥတ္တရာသေဆုံး၍၊ တာဝတိ ံသာနတ်ပြည်၌ဖြစ်၍၊ ဥတ္တရာနတ်သို့ဟူ၍ပင်ထင်ရှားလေသတည်း။ ။ အရှင်မဟာမောဂ္ဂလာန်သည်နတ်ပြည်သို့ဒေသစာရိကြွချိသောအခါတွင် ဥတ္တရာနတ်သို့ကိုမြင်၍။ ။အဘိက္ကန္တေနနဝဏ္ဏေန။ အစစ်ရှိသောဂါထာတို့ဖြင့်မေးမြန်းတော်မူ၍ ထိုဥတ္တရာနတ်သို့သည်ဤသို့လျှောက်ကြားတော်။

ဃ၏ အမ်ိ၌။ အာဝ သ ိ ယာ၊ နေသော။ မယှ ံ၊ ဥတ္တရာခေါ်တပည့်တော်မအား။ ဣသ ာ၊ သူတပါးတို့အား စိတ်ထားမကြည်ဖြူ။ ညူ။စူ စောင်းမြောင်းခြင်းသည် င်း။ မ ဏ္ဍ ေ ဌ ၊ ဝန်တို့ခြင်းသည် ၎င်း။ ပဋ္ဌာ သောစ၊ ဂုဏ်ပြိုင်အင်ဘု၊ ဘက်ပြိုင်မှုသည်ဂင်း။ နာဟောသိ၊ မဖြစ်ဘူး

ပါအာရုဏ်ဘုရား။ အကောဓနာ၊ အမျက်ထွက်ခြင်း-စိတ်ဆိုးခြင်းမရှိဘဲ။ ဘဏ္ဍုဝသာနုဝတ္တနိ၊ လင်၏အလိုသို့လိုက်လျက်။ ဥပေါသထေ၊ ဥပုသ်နေ့၌။ နိစ္စံ၊ အမြဲမပြတ်။ အပ္ပမတ္တာ၊ မမေ့မလျော့။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသိသံ၊ စောင့်သုံးပါ၏အာရုဏ်ဘုရား။ ။

တပည့်တော်မသည်လူပြည်၌ လူဖြစ်စဉ်အခါက၊ ရာဇဂြိုဟ်ပြည်၊ သူဆင်းရဲဟောင်း၊ ပုဏ္ဏသူဌေး၏သွီးဥတ္တရာဖြစ်ပါသည်အာရုဏ်ဘုရား။ တပည့်တော်မသည်၊ ပုဗ္ဗုဒါယီ၊ ရှေးဦးစွာထခြင်း။ ပဋ္ဌာနိပါတိ၊ နောက်မှအိပ်ခြင်းစသည်ဖြင့်လင့်ဝတ်ကိုကြေအောင် ပြုကျင့်လျက်လင်၏အလိုသို့လိုက်၍နေပါသည်အာရုဏ်ဘုရား။ လပြည့်-လကွယ်ရစ်ရက်၊ ဥပုသ်နေ့တို့၌လည်းဥပုသ်မပျက်စောင့်သုံးလျက်နေပါသည်အာရုဏ်ဘုရား။ ဆွမ်းရစ်ရက်၊ ဆွတ်ရစ်ရက်၊ လပြည့်နေ့၊ လကွယ်နေ့၊ ·လေးဥပုသ်တို့၌အကြိုတရက်၊ အပိုတရက်အားဖြင့်သုံးရက်စီဖြစ်ရကား။ တြိနိုးဇယ-ဒွါဒသ။ သုံးရက်လေးလီ၊ တဆဲ့နှစ်ဦးဥပုသ်ဖြစ်၍။ တလလျှင်တဆဲ့နှစ်ရက်၊ ရှစ်ပါးသီလဥပုသ်ကို စောင့်သုံးပါသည် အာရုဏ်ဘုရား။ ငါးပါး သီလကိုကားအမြဲစောင့်သုံးပါသည်အာရုဏ်ဘုရား။ ရဟန်းသံဃာ တော်ဘို့အားလှူဒါနိုးပူဇော်၍ နေပါသည်အာရုဏ်ဘုရား။ သစ္စာလေးပါးကို ကောင်းစွာသိမြင်သောဥပါသိကာဖြစ်ပါသည်အာရုဏ်ဘုရား။ ။

ယခုအခါ၌တပည့်တော်မသည် ဒိဋ္ဌိပြုသောကုသိုလ်အကျိုးကို ခံစားစံစားလျက်၊တာဝတိံသာဝယ်၊မျှားစွာသောအဇ္ဈေအရံနှင့်သွီးတို့ဖြင့်ခြံရံလျက်၊ ချမ်းသာစွာနေရပါသည်အာရုဏ်ဘုရား။ တပည့်တော်မ၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကိုရှိခိုးတော်မူပါအာရုဏ်ဘုရား။ ဥတ္တရာမည်သော ဥပါသိကာနှင်သွီးသည်၊ မြတ်စွာဘုရား၏ ခြေတော် တို့ကို ဦးခေါင်းဖြင့်ရိုသေစွာရှိခိုးပါသည်အာရုဏ်ဘုရားဟူ၍၊ တပည့်တော်မကိုယ်စားပြု၍၊ ရှိခိုးပါလေအာရုဏ်ဘုရား။ အာရုဏ်မဟာမောဂ္ဂလာန် အာရုဏ်မြတ်ဘုရား။ မြတ်စွာဘုရားသည်တပည့်တော်မအား၊ တရုရုသောအရဟတ္တဖိုလ်၌ ဗျာဒိတ်စကားမိန့်ကြားတော်မူခြင်းသည်၊ အံ့ဩဖွယ်မဟုတ်လှသေးပါအာရုဏ်ဘုရား။ ။

(ဤမျှလောက်ဖြင့်မအံ့ဩလောက်သေး ဂုဏ်နည်းပါးသေးသည်ဟူလို) ရဟန္တာဖြစ်မှသာအံ့ဩလောက်ပါသည်ဟူလို)။

ထိုကြောင့်သင်္ဂါယနာတင်အာရုဏ်မြတ်တို့သည်(တံဘဂဝါသဂဒါဂါမိ ဖလေဗျာကာသိ) ဟူ၍မိန့်ကြကုန်၏။ ။

တံ၊ ထိုပုဏ္ဏသူဌေးသို့ဦးဥတ္တရာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။သက ဒါဂါဒိဖလေ၊သကဒါဂါဒိဖိုထိ၌။ဗျာကာသိ၊ညွှန်ကြားတော်မူ၏။

(ဤဥတ္တရာကား၊ လင်ဖြစ်သောနန္ဒလုလင်က၊ အမေဟူ၍ ခေါ်ခြင်းကြောင့် နန္ဒမတာအမည်ရသောဥတ္တရာဖြစ်သတည်း။ ဇာတဒဂ်ရည်ပါသိကာတော်ကျမ်းတွင်၊ ဗျာယင်ကာနံဇာတဒဂ်ကိုရှု၏)။

ဥတ္တရာနတ်သမီးဝတ္ထုပြီး၏။ ပန္နရသ။

ဃ ——— ဃ

သိရိမာနတ်သမီးဝတ္ထု။

ဥတ္တရာကိုဆိုပူဇော်ပတ်ဖြင့်လောင်းမိရာတွင်၊ တောင်းပန်ဝန်ချ၊ ကတော့ရသဖြင့် မြတ်စွာဘုရားတရားတော်ကိုနာ၍ သောတာပန်တည်ပြီးသောသိရိမာသည်လည်း ကင်းလွတ်ပြီးသောအပါယ်မျိုးစေ့ဂ်ိုရကား ဗိတ်သားကြည်စွာ၊ အဇယာမိန်းမအဖြစ်သို့ရောက်၍၊ရဟန်းသံဃာတော်တို့နှင့်ကင်း၍ နေနိုင်ခြင်းမဂ်ိုရကား၊ ရှစ်ခုသောစာရေးတန်လက်မှတ်တို့ကိုပြုလုပ်၍၊ တနေ့လျှင်ရဟန်းတော်ရှစ်ပါးရှစ်ပါးအိမ်သို့ပင့်၍၊ အဌကဘတ်ဆွမ်းကျွေးခြင်းကိုပြုလုပ်လေသတည်း။

ဤသို့ဆွမ်းကျွေးသောနေ့မှစ၍ ရှစ်ပါးသောရဟန်းတို့သည် အမြဲမပြတ်သိရိမာ၏အိမ်သို့သွား၍ ဆွမ်းစားကြကုန်၏။

သိရိမာသည်လည်းအခြွေအရံကျွန်မတွေ့ကိုခေါ်၍ ထောပတ်ယူခဲ့ကြကုန်၊ နို့ကို ယူခဲ့ကုန်စသည်ဖြင့်ဆိုပြီး ထိုရဟန်းတို့၏ သပိတ်၌ ပြည့်အောင်လောင်းပြီးကိုယ်ဘိုင်ကပ်၏။တပါးသောရဟန်းရသောဆွမ်းသည် သုံးပါးလေးပါး ဝလောက်၏။ နေ့တိုင်းတဆဲ့ခြောက်ကျင်ဖုံးမျှ ဝယ်၍ ဆွမ်းကျွေး၏။ တနေ့သ၌ ရဟန်းတပါးသည် သိရိမာ၏အိမ်၌၊ အဌကဘတ် စာရေးတန် ဆွမ်းကိုစားပြီး၍ သုံးယူဇနာ ထက်၌ရှိသော တောကျောင်းတခုသို့သွား၍ မထေရ်ကြီးတို့အားဆည်းကပ်၍နေသော၊ ထိုရဟန်းကိုတပါးသော ရဟန်းတို့ကမေးကြကုန်၏။ ငါ့ရှင်အာဘယ်အရင်မှ ဆွမ်းကိုခံ ယူ၍စားပြီး၍လာခဲ့ပါသနည်း ဤသို့မေးကြသောအခါ ငါ့ရှင်တို့ ရာဇဂြိုဟ်ပြည် သိရိမာအမည်ရှိသောပြည်လုံးကျော်မိန်းမသည်နေ့တိုင်း ရှစ်ပါးသောရဟန်းတို့အား စာရေးတန်ပြုလုပ်၍ အဌကဘတ် ဆွမ်း ကို တဆဲ့ခြောက်ကျပ်နှုန်း ဝယ်ချနိုးချက်ပြုတ်ကျွေးသည်ကို စားပြီး၍ လာခဲ့၏။ထိုဆွမ်းသည်အလွန်မွန်မြတ်သောပဏီတဘောဇဉ်ဖြင့် ရဟန်းတပါးစာ ဆွမ်းကိုသုံးလေးပါးစားသော်လည်း စားနိုင်လောက်၏၊ ထိုသိရိမာ

လူသောဆွမ်းကိုစားရသည်ထက်၊သိရိမာ၏အဆင်းရုပ်ကိုကြည့်ရှုရခြင်းသည် အဆပေါင်းများစွာသာလွန်၍၊ ကောင်းမြတ်သေး၏။ ထိုသိရိမာသည် အလွန်အဆင်းလှသောမိန်းမဖြစ်၏။ ဤသို့စသည်ဖြင့်သိရိမာ၏အဆင်းဂုဏ်ကိုချီးမွမ်းပြောဆို၏။

ထိုအခါ၌ ရဟန်းတပါးသည် သိရိမာချောလှကြောင်းကို ကြားရသဖြင့်၊ တကြိမ်တခါမျှမမြင်ဘူးသော်လည်း၊ ကြားရုံမျှဖြင့်အားကြီးစွာသောချစ်ခင်စွဲလမ်းခြင်းဖြစ်၍၊ ငါသွား၍ကြည့်ရှုအံ့ဟု ဒိဒိ၏ထေရ်စည် ဝါစည်ကိုပြောဆို၍၊ မေးမြန်းရုံစမ်းသောအခါ။ ငါ့ရှင်သည်နက်ဖန်နေ့၌ပင်လျှင်ထေရ်စည် ဝါစည်ကျ၍ သံဃာထေရ်ဖြစ်လျက် သိရိမာ၏ဘိမ်သို့ဆွမ်းစားလိုက်ရလတနုံ့ဟုရဟန်းဘို့ကပြောသောအခါ။ ထိုခဏာ၌ပင်လျှင်လာခဲ့၍ နံနက်စောအခါ၊ စာရေးတနံဝေရာအရပ်သို့ သွား၍ တောင်းယူသော် သံဃာထေရ်ဖြစ်၍ လိုက်ရသောစာရေးတနံလက်မှတ်ကိုရ၍ ကြွင်းသောရဟန်းခုနှစ်ပါးနှင့်တကွ သိရိမာ၏အိမ်သို့သွားကြကုန်၏။

ထိုသိရိမာသည်လည်း ယမန်နေ့ကပင်လျှင် မကျန်းမမာ ရောဂါဖြင့်နှိပ်စက်၍ ဆင်မြန်းသောတနံဆာတို့ကိုချွတ်ထား၍ အိပ်လျက်နေ၏။ ထိုရဟန်းရှစ်ပါးတို့ ကြွလာသည်ကို ကျွန်မတို့ကပြောသောအခါ၊ သိရိမာသည်ကိုယ်တိုင်သပိတ်တို့ကိုယူ၍ဆွမ်းကပ်ခြင်းဌာနတော်နှင်ရကားကျွန်မတို့ကိုဤသို့ပြောဆိုလေ၏။ အမိတို့မမတို့၊ ရဟန်းတော်များ၏လက်မှသပိတ်ကိုယူ၍ ယာဂုကိုရှေးဦးစွာကပ်ကြပါလော့။ ခဲဘွယ်မုန့်တို့ကိုလည်းကပ်ကြပါလော့။ ထိုနောက်ဆွမ်းစားချိန်ရောက်သောအခါ၊ သပိတ်တို့၌ပြည့်အောင်ထည့်လောင်း၍ကပ်ကြပါလော့၊ ဤသို့သိရိမာပြောသောအခါ၊အခြေအရံပြည်တနံဆာမိန်းမတို့သည်၊ ကောင်း ပါ ပြီ အရှင်မဟု၍ သိရိမာပြောဆိုသည့်အဘိုင်း ရဟန်းဘို့အားဆွမ်းကပ်ကြကုန်၏။

သိရိမာသည် မိမိဘာသာနေရာမှမထနိုင်၍ ကျွန်မတို့ကိုပွေ့ဖိုက်စေ၍ ရဟန်းတို့၏ရှေ့တော်သို့ဆောင်ယူစေလျက်၊ တုံ့လှုတ်သော ကိုယ် ဖြင့် ရဟန်းတို့ကိုဦးချကိုးဝတ်။သိရိမာ၌ရှိလမ်းခြင်းကိုသောရဟန်းသည်သိရိမာကိုကြည့်ရှု၍ ဤသို့ကြံ၏။ မကျန်းမမာ၊ ရောဂါ ဘေးမီး လျက် ပင် ဤမျှလောက်လှသေး၏။ ကျန်းကျန်းမာမာဝမ်းပြေးစွာနှင့် မျှားစွာသောတနံဆာတို့ကိုဆင်မြန်းလျက်နေမူကား၊ အဘယ်ဆိုဘွယ် ရှိုးတာ့မည်နည်း။ အလွန် ယဉ်ကျေးလှပသော မိန်းမပါ တကားဟု ကြံလျက် ဘဝ အဆက်ဆက်၊ ကျက်စားနေကြဖြစ်သောကိလေသာသည်၊ လွန်စွာလှုတ်မှားထ

ကြွေ၍လာပြီးသျှင်၊ ဆွမ်းစားခြင်းဌာနတော်နှင်ဘဲ၊ သပိတ်ကိုဆောင်ယူ၍၊ ကျောင်းသို့ရောက်သောအခါ၊ သပိတ်ကိုပိတ်ထားလျက်၊ ညောင်စောင်းထက်၌သင်ကန်းကိုဖြန့်လျက်အိပ်လေ၏။အဘော်ဖြစ်သောရဟန်းတို့က၊ ငါ့ရှင်ဆွမ်းစားပါလောဟုတောင်းပန်ပြောဆိုသော်လည်းမတတ်နိုင်သဖြင့်၊ ထိုနေ့၌ဆွမ်းပြတ်လေတော့၏။ ထိုနေ့၌ပင်လျှင်ညနေချမ်းအခါ၌သိရိမာသည်လည်းကံကုန်ရာလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအထံသို့လျှောက်ကြားစေ၏။ **ဇီဝက**၏ကနိဋ္ဌဘဝိနိ၊ နှမငယ်ဖြစ်သော **သိရိမာသည်**၊ ယနေ့ညနေချမ်းအခါ၌ကံကုန်ပါကြောင်းနှင့်လျှောက်ကြားစေသောအခါ၊ မြတ်စွာဘုရားသည်၊ ပြည့်ရှင်မင်းမြတ်။ သိရိမာ၏အလောင်းကိုစျာပနပြုဘွယ်မရှိ။ အာမကသုသာန၌ ကျီးစွန်းစသည်တို့မစားနိုင်အောင် ကာရန်၍ထားရမည်ဟုမိန့်မှာတော်မူလျှင်၊ ဗိမ္ဗိသာရမင်းကြီးသည်၊ မြတ်စွာဘုရား မိန့်မှာတော်မူတိုင်း၊ ကောင်းစွာကာရံ၍ထား၏။ လေးရက်မြောက်သောအခါ သိရိ မာ၏ကိုယ်သည်ဖူးဖူးရောင်ထ၊ ပုတ်ပွ၍လာသဖြင့်ကိုးပေါက်သောဒွါရတို့မှပိုးလောက်တို့သည်အထွေးအထွေး-ဖွေးဖွေးဖြူ။မျှထွက်ကြကုန်၍လောက်ဘဟွါးဟွါးနေ၏။ ။

ဗိမ္ဗိသာရမင်းကြီးသည် အိမ်စောင့်ကိုချန်ထား၍ အလုံးစုံသောလူတို့သည်၊ သိရိမာကိုကြည့်ရှုခြင်းငှာ ထွက်ကြရမည်။ မထွက်သော သူကိုရှစ်သပြာ ဒဏ်ငွေထားလိမ့်မည်ဟု စည်လည်စေ၏။ မြတ်စွာဘုရားနှင့်တကွရဟန်းသံဃာတော်အပေါင်းသည်လည်း သိရိမာကိုကြည့်ရှုရန်ကြွတော်မူပါလောဟုပင့်လျှောက်၏။မြတ်စွာဘုရားသည်ရဟန်းတို့ကိုပြောကြားစေ၏။သိရိမာကိုကြည့်ရှုလို၍ သုံးယူဇနာအရပ်မှတာမင်လာခဲ့သောရဟန်းသည်လည်း သိရိမာကိုမြင်သည့်နေ့မှစ၍ ဆွမ်းစားခြင်းဌာပြောသော်လည်း ဘယ်သူ၏စကားကိုမှမနာယူနိုင်ဘဲ၊ လှဲ၍အိပ်နေသဖြင့် သပိတ်၌ ဆွမ်းတို့သည်လည်း ပုတ်သိုးလေကုန်၏။ ထိုအခါ၌ အဘော်ဖြစ်သောရဟန်းတပါးက၊ ငါ့ရှင်၊ မြတ်စွာဘုရားသည် သိရိမာကို ကြည့်ရှုရန်ကြွတော်မူ၏ဟုပြောသောအခါ၊ လေးရက်ပတ်လုံးဆွမ်းပြတ်၍ ငတ်မွတ်ဆာလောင်သောကိုယ်ဖြင့် သိရိမာဟုဆိုလိုက်လျှင်၊ ဆောလျှင်စွာထတဲ့၍ ' ငါ့ရှင်အဘယ်သို့ပြောသနည်း၊ မြတ်စွာဘုရားသည်သိရိမာကို ကြည့်ရှု ရန်ကြွတော်မူမည်လော။ ငါ့ရှင်သည်လည်းကြွလိမ့် မည်လော

ဟုပြောသောအခါ။ ဆွမ်းသိုးတို့ကိုသွန်၍သဝိတ်ကိုဆေးပြီးလျှင်သံဃာ များနှင့်အတူတကွလိုက်သွားလေ၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာတော်ခြံရံလျက်၊ တဖက်သောနေ့ ရာမရပ်တော်မူလျက်နေ၏။ မင်းပရိသတ်၊ ဥပါသကာပရိသတ် သည်လည်း တဖက်သောနေ့ရာတို့၌ အသီးအသီးရပ်နေကြကုန်၏။ မြတ်စွာ ဘုရားသည် ဗိဒေဟသာရမင်းကြီးကိုမေးတော်မူ၏. ဒါယကာမင်းမြတ် ဤ မိန်းမသည်အဘယ်သူနည်းဟုမေးတော်မူလျှင်။ **ဆရာ ဇီဝက** ၏နှမအငယ် **သိရိမာ**ဖြစ်ပါကြောင်းနှင့် လျှောက်ကြား၏။ ကြော်-သိရိမာ ဆို သည်ကား၊ ဤမိန်းမလောဟု မေးပြန်လျှင်။ ဟုတ်ပါသည် အရှင် ဘုရားဟု လျှောက်ကြား၏။ ယင်းသို့သိရိမာဖြစ်ခဲ့သော်၊ တယောင်ပေး၌ တနေ့ ရသည်မဟုတ်လောဟုမေးတော်မူလျှင်။ တနေ့တထောင်ပေးရပါသည် အရှင်ဘုရားဟုလျှောက်ကြား၏။ ယင်းသို့ဖြစ်သော် တထောင် ပေး ၍ သိရိမာကိုယူကြကုန်လောဟု မြို့ကိုစည်လည်စေလောဟုမြတ်စွာဘုရား မိန့်တော်မူ၏။

ဗိဒေဟသာရမင်းကြီးသည် မြတ်စွာဘုရားမိန့်တော်မူတိုင်းစည်လည်စေ ၏။ တယောက်မျှသူမည်သူမရှိ၍။ အဓိုးကိုလျှောပြီးလျှင်။ ငါးရာပေး၍ သိရိမာကို ယူကြကုန်ဟု စည်လည်စေပြန်၏။ ယူသူတယောက်မျှမရှိ၍။ တဘန်အဘိုးကိုလျှောပြီးလျှင် နှစ်ရာ့ငါးဆယ်။ နှစ်ရာ၊ တရာ၊ ငါးဆယ် နှစ်ဆဲ့ငါးကျပ်၊ တဆယ်၊ ငါးကျပ်၊ တကျပ်ပေး၍သိရိမာကို ယူကြကုန် ဟုဆိုသော်လည်းယူမည်သူမရှိ၍။ တပဲပေး၍ ယူသူလည်းမရှိ။ တဆွေးမျှ ပေး၍ယူသူလည်းမရှိ။ ထိုအခါ၊ သိရိမာကိုအလကားပေးမည် ယူလိုသူ တို့ယူကြကုန်ဟု၍ဆိုသော်လည်း တရုံတယောက်မျှ ယူလိုသူမရှိ၍။ဘုန်း တော်နေဝန်း တောက်ထွန်းတော်မူပေသော မြတ်စွာဘုရား။ သိရိမာကို အလကားပေး၍မှ ယူသူမရှိပါကြောင်းနှင့် လျှောက်ကြားသော အခါ၊ မြတ်စွာဘုရားသည်၊ ။

ပဿထ ဘိက္ခဝေ မဟာဓနသေဋ္ဌိ ဝိယံမာ ဘုဂါမံ ဂုမသ္မိံ ယေဝနဂရေ သဟာသံ ဒတ္တွာ၊ ပုဗ္ဗကေ ဒိဝသံ လဘိံသု။ ဣဒါနိ မရဏိ ဝ ဂဏ္ဍေ ... နဘ္ဘ။ ဝေ ရူပံ နာမ ရူပံ၊ ခယဝယ ပဘ္ဘံ။ ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပဿထ၊ ကြည့်ရှုကြကုန်လော့။ မဟာဓနသေ၊ လူအပေါင်းတို့။ ဝိယံ ချစ်အင်သော။ မာ ဘုဂါမံ၊ မ ... ဂါမကို၊ ဣမသ္မိံ ယေဝနဂရေ၊ ဤရာဇဂြိုဟ်ပြည်၌ပင်လျှင်။ သဟာသံ၊

အသပြာငွေဒင်္ဂါးတထောင်းကို၊ ဒတ္တာ၊ ပေး၍။ ပုဇ္ဇော၊ ရှေးအခါ၌။ကေဒိ ဝသံ၊ တနေ့မျှ။ လ ဘိ ံသု၊ ရကြကုန်၏။ ဤဒါနိ၊ယခုအခါ၌မူကား။မရဝါဝိ အသကားပေးသော်လည်း။ ဂဏ္ဍနော၊ ယူလိုသောသူသည်၊ နတ္ထိ၊ မရှိ ချေ။ ဒေဝ၌ပုံ၊ ဤသို့သဘောရှိသော။ နာမရူပံ၊ နာမ် ရူပ် တရားသည်။ ခယဝယံ၊ ဖြစ်ပျက်သဘောသို့။ ပတ္တံ၊ ရောက်၏။ ခယဝယပတ္တံ၊ ဖြစ် ခြင်းပျက်ခြင်းသို့ရောက်၏။ ။ဤသို့စသည်ဖြင့် မိန့်တော်မူပြီးလျှင်၊ ဤ ဂါထာကိုဟောတော်မူ၏။ ။

ပဿ စိတ္တကတံဝိမ္မံ။ အဒုံကာယံ သမုဿိတံ၊
အာတုရံဗဟုသင်္ခိပ္ပံ၊ ယဿနတ္ထိဓုဝံဌိတိ။ ။

စိတ္တကတံ၊ အဝတ်တနံဆာ ပန်းနုံသာဖြင့်၊ ဆန်းကြယ်စွာပြုလုပ်အပ် သော။ ဝိမ္မံ၊ ကောက်ရိုးထွေးကို၊ နွားချေးစိုမံ၊ ဆေးလိမ်းကျန်၍၊ ငုံတံ ထုလုပ်၊ စစ်သားရုပ်နှင့်တူစွာထသော။ သမုဿိတံ၊ သုံးရာသောအရိုး တို့ကိုအကြောတို့ဖြင့်ဖွဲ့ဆက်စိုက်ထူအပ်သော။ အာတုရံ၊ ထိသောအခါ ကျင်နာခြင်းသဘောရှိသော။ ဗဟုသင်္ခိပ္ပံ၊ လူများစွာတို့ကြိုစည်ဘွယ် ဖြစ်သော။ အဒုံကာယံ၊ ဤကိုယ်ကို။ ပဿ၊ စိစိ စပ်စပ် တတ်တတ် ထင် ထင်၊ ဟုတ်တိုင်းမြင်အောင်၊ ဆင်ခြင်ကြည့်ရှုလေလော့။ ယဿ၊ အကြင် ကိုယ်၏။ရုဝံဌိတိ၊အမြဲအရှည်တည်ခြင်းသည်။နတ္ထိ၊မရှိချေတကား။

ဒေသနာတော်အဆုံး၌ သိရိမာကိုစွဲလမ်း၍ဆွမ်းမစားနိုင်သောရဟန်း သည်၊ အရဟတ္တဖိုလ်သို့ရောက်၍ရဟန္တာဖြစ်လေ၏။ ရှစ်သောင်းလေး သောင်းမျှသောလူတို့သည် သောတာပန်စသည်ဖြစ်၍၊ တရားရကြကုန် ၏။ (စာဌရာသိတိပါဏာ သဟာသာနိ ဓမ္မာဘိသမယောအဟောသိ)။ ဝိမာနဝတ္ထုအဋ္ဌကထာ။ ။

ထိုအခါ၌ပင်လျှင်၊ သိရိမာသည်နတ်သွင်းဖြစ်၍၊ ရှေးဘဝကို ဆင်ခြင် ကြည့်ရှုသည်ရှိသော်၊ မိမိ၏ကိုယ်ဟောင်းဖြစ်သော အလောင်းနှားခွံမြတ် စွာဘုရားသည် ရဟန်းသံဃာတော် ခြံရံလျက်နေတော်မူသည်ကိုမျင်း။လူ အပေါင်းတို့စည်းဝေး၍ နေသည်ကိုမျင်း မြင်၍၊ ငါးရာကုန်သော နတ်က ညာတို့ခြံရံလျက်၊ ငါးရာကုန်သောနတ်ရထားတို့ဖြင့် လူအပေါင်းတို့ထင် ရှားစွာမြင်ရသောကိုယ်ဖြင့်လာပြီးလျှင်၊ နတ်ရထားပေါ်မှသက်ဆင်း၍ အခြွေအရံနတ်ကညာ အပေါင်းတို့နှင့်တကွ မြတ်စွာဘုရားကိုရှိခိုးလျက်၊ လက်အုပ်ချီပြီးလျှင်ရပ်၍နေ၏။ ။ထိုအခါ၌ကဗျာလက်ဝါဂါထာဗန္ဓကို

ကို မြန်စွာသောပဒိုဘာဏ် ဖြင့်ဖွဲ့စီးနိုင်သော အရှင်ဝဂ်ီသည် ထေရ် သည် မြတ်စွာဘုရား၏အနိုးဌ်ရှိ၍၊ မြတ်စွာဘုရားကို ဤသို့ လျှောက် ကြား၏။ ဘုန်းတော်ကြီးလှပါသော သဗ္ဗညုမြတ်စွာဘုရား၊ တပည့်တော်ဝဂ်ဝဂ်ီသ အား ဤပုဏ္ဏာတို့ကိုမေးခြင်းငှာထင်လာပါ၏၊ အရှင်ဘုရားဟုလျှောက် သောအခါ။ ချစ်သားဝဂ်ီသ၊ ထင်လာသောပုဏ္ဏာကို့မေးလော့ဟု မိန့် တော်မူ၏။ ဝဂ်ီသထေရ်သည်သိရိမာနတ်သို့ကို ဤဂါထာတို့ဖြင့်ပုဏ္ဏာ မေးတော်မူ၏။ ။

ယုတ္တာစ တေ ပရမ အလင်္ကာ ဟာယာ။
အဝေါ မုခါ အစယသိဂမာ ဗလိဗဝါ။
အာဘိနိမ္မိတာ ပဠုရထာ သတာ စ ဧတာ။
အနေ္ဓနိတံ သာရထိစောဒိတာ ဟာယာ။ ။
သာကိ်ဠ္ဌသိ ရထဝရေအလင်္ကာတာ။
သြဘာသယံ ဗလမိဝ ဇောတိ ပါဝကော။
ပုဏ္ဏာမိတံ ဝရတနု အနုမဒ္ဒသနေ။
ကသ္မာနုကာယာ အနမိဝရံ ဥပါဂမိ။ ။

ဇေဝတော၊ ပျိုမျစ်နုနယ်၊ ရှုချင်ဘွယ်ရှိသောနတ်သို့။ တော၊ သင်နတ် သို့၏။ ဟာယာ အာဘာနည်မြင်းတို့သည်။ ပရမအလင်္ကာတာ ၊အလွန် ထူးမြတ်သော အဆင်းတန်ဆာရှိကုန်လတ်။ ယုတ္တာစ၊ မွေးဝှေ့ဆင်ဘု ရှယ်ဘုရားညီမျှ၊ သင့်လျော်စွာကကုန်လျက်။ အဝေါမုခါ၊ ထက်နတ်ပြေမှ ဆင်းလာရ၍၊ အောက်မှမျက်နှာ၊ ရှေးမူလာကုန်လျက်။ အစယသိဂမာ၊ ဝလာဝေဟာင်၊ကောင်းကင်ကျက်စား၊ ပြန်သွားကုန်လျက်။ ဗလိဗဝါ၊ ခွန်အား ကြီးစွာ၊ လျှင်မြန်စွာသော အဟုန်ရှိကုန်၏။ တော၊ သင် နတ်သို့၏။ ပဠုရထာသတာစ၊ ငါးရာကုန်သောနတ်ရထားတို့ကုလည်း။ အာဘိနိမ္မိတာ ဘန်ဆင်းအပ်ကုန် ၏။ သာရထိစောဒိတာ၊ ရထားထိန်းမောင်းနှင်သူ ကဲ့ သို့သွားကုန်သော၊ ဟာယာ၊ နတ်မြင်းပြန်ကို့သည်။ တော၊ သင်နတ်သို့ အနေ္ဓနိတံ၊ အစဉ်လိုက်ကြကုန်၏။

အာလင်္ကာတာ၊ နားခွောင်းလက်ကောက်၊ ဝင်းဝင်းတောက်မှ ပြိုး မောက်ရောင်ဝါ၊ တန်ဆာထူးဆန်း၊ဆင်မြန်းလျက်နေသော။ သာကိ်ဠ္ဌ၊ ထို သင်နတ်သို့သည်၊ ရထဝရေ၊ မြတ်သော နတ် ရ ထား ထက်ဌ။ ဗလံ ဗလန္တော၊ ထွန်း လင်း တောက် ပ သော။ ဇောတိပါဝကောဘူဝ၊ နေ ရောင် လရောင်၊ နက္ခတ်ရောင်နှင့် ကြယ်ရောင်ထက်နိုင်ညီးသိုးကြီ၊ ဝိုးတဲ့ယင်း

သြဘာသယံ၊ ထွန်းလင်းတောက်ပလျက်။ တိဋ္ဌသိ၊ တည် နေ ၏။ ဝဂ္ဂတနု၊ သူးမြတ်လွှစွာ၊ ကိုယ်အင်္ဂါရှိသော။ အနုမဒဿနေ၊ ရှုမြင်မဝ၊ အလွန်လှပေသောနတ်သမီး။ တံ၊ သင်နတ်သမီးကို။ ပုစ္ဆာမိ၊ မေးမြန်းပါ၏။ ကသ္မာကာယာ၊ မြောက်ထပ်ဘုံနေ၊ နတ်တို့ပြေတွင်၊ ဘယ် ပြေ ရိတ် မြုံ၊ ဘယ်နတ်ဘုံမှ။ အနမိဝရံ၊ တုမဲ့မြတ်လွန်၊ ဘုရားထံသို့။ ဥပါဂမိနု၊ ဆည်းကပ်လာသနည်း။ ။

ဤသို့အခန့်ဝဂ်ဒီသဆေရ်မေးမြန်းသည်ကို သိရိမာနက်သမီးသည် ဤဂါထာဖြင့် မိမိဖြစ်ရာနိမ္မာနရတိနတ်ဘုံမှလာကြောင်းပြေဆို၏။ ။

ကာမဂ္ဂပတ္တာနံ ယမာဟုနုတ္တရာ၊
နိမ္မာယနိမ္မာယ ရမန္တိ ဒေဝတာ၊
တသ္မာကာယာ အနုတ္တရာ ကာမဝဏ္ဏိနီ၊
ဣဓ ဌိတာ အနမိဝရံ နမသိတုံ။ ။

ကာမဂ္ဂပတ္တာနံ၊ ကာမဂုဏ်စည်းစိမ်ဖြင့် အမြတ်ဆုံးသို့ ရောက်ကုန်သောနတ်တို့တွင်၊ ယံ၊ အကြင်နတ်ပြည်ကို။ အနုတ္တရာ၊ အလွန်မြတ်၏ ဟူ၍။ အာဟု၊ ဆိုကုန်၏။ ဒေဝတာ၊ နတ် တို့ သည်။ နိမ္မာယနိမ္မာယ ဘနိဆင်း၍-ဘနိဆင်း၍။ ရမန္တိ၊ ပျော်ပါးကြကုန်၏။ တသ္မာကာယာ၊ ထိုဘနိဆင်း၍-ဘနိဆင်း၍ ပျော်ပါးရာဖြစ်သော နိမ္မာနရတိနတ်ဘုံ မှ၊ ကာမဝဏ္ဏိနီ၊ အလိုရှိရာအဆင်း ကိုဘနိဆင်းနိုင်သော။ အနုတ္တရာ၊ နတ်သမီးသည်၊ ဣဓ၊ ဤအရပ်သို့။ အနမိဝရံ၊ မြတ်စွာဘုရားကို၊ နမသိတုံ၊ ရှိခိုးခြင်းငှာ။ အာဂတာ၊ ဆည်းကပ်ရောက်လာပါသည်အရှင်ဘုရား။

ဤသို့**သိရိမာနတ်သမီး** သည် နိမ္မာနရတိနတ်ပြည်မှ လာကြောင်းကို ပြေဆိုသျှောက်ကြားသောအခါ၊ ဝဂ်ဒီသဆေရ်သည်ရှေးဘဝပြုခဲ့သော ကုသိုလ်ထံကိုမေးလိုသည်ဖြစ်၍၊ ဤဂါထာကိုမိန့်ဆိုပြန်သတည်း။

ကိံ တွံ ပုရေ သုစရိတံ အာစာရိ
ကေနဋ္ဌသိ တွံ အမိတယသာ ဃရေ ဝိတာ၊
ဣဒ္ဓိစ ဒိတ အနမိဝရ ဝိဟာရိမာ၊
ဝဏ္ဏာဘ တေ ဒသ ဒိသာ ဝိရောစတိ။ ။
ဒေဝေဟိ တွံ ပရိဝုတာ သက္ကတာ စသိ၊
ကုတော ဘုတာ သုဂတိဂတာ သိ ဒေဝတေ၊
ကဿ ဝါ တွံ ဝစနကရာ နုသာသနီ၊
အာစိက္ခ မေ တွံ ယဒိ ဗုဒ္ဓသာဝိကာ။ ။

တ္ဆံ၊ သင်နတ်သျှီးသည်၊ ပုရေ၊ ရှေးဘဝ၌။ ကိုံ၊ အဘယ်သို့။ သုစ ရိတံ၊ ကုသိုလ်သုစရိုက်ကို။ အာစာရိ၊ ဆည်းဘူးပြုကျင့်လေ့ရှိသနည်း ကေန၊ အဘယ်ကုသိုလ်ကြောင့်။ တ္ဆံ၊ သင်နတ်သျှီးသည်၊ အမိတယသာ များစွာသောအခြွေအရံဖြင့်။ သုခေမိတာ၊ ကောင်းစွာကြီးမြင့်သောချမ်း သာရှိလျက်၊ ဣ၊ ဤနတ်ပြည်၌။ အဇ္ဈသိ၊ ဖြစ်၍နေရသနည်း။ တေ၊ သင်နတ်သျှီး၏၊ ဣဒ္ဓိစ၊ တန်ခိုးအာနုဘော်သည်လည်း။ အနုဝိဝရာ၊ အတုံ မဲ့လွန်မြတ်၏။ ဝိဟာဂ်မာ၊ ကောင်းကင်၌သွားနိုင်၏၊ တေ၊ သင်နတ်သျှီး ၏။ ဝဏ္ဏောစ၊ အဆင်းအရောင်သည်လည်း။ ဒသဒိသာ၊ ဆယ်ရပ်မျက် နှာနှ ့.၍ဖြာလျက်။ ဝိရောစတိ၊ထွန်းလင်းတောက်ပတင့်တယ်လှ၏။ ။

ဒေဝေဟိ၊ နတ်တို့သည်၊ တ္ဆံ၊ သင်နတ်သျှီးကို။ ပရိဝုတာ၊ ခြံရံကြ ကုန်လျက်၊ သက္ကတာစ၊ ရှိသေစွာပြုအပ်သည်လည်း။ အသိ၊ ဖြစ်၏။ ကုတော၊ အဘယ်ဘဝမှ။ စုတာ၊ စုတေသည်ဖြစ်၍။ သုဂတိဂတာ၊ သု ဂတိနတ်ပြည်သို့ရောက်သည်။ အသိ၊ ဖြစ်ပေသနည်း။ ဒေဝတေ၊ ဗျိုမျစ် နှုနှယ်၊ ရှုချင်ဘွယ်ရှိသောနတ်သျှီး၊ တ္ဆံ၊ သင်နတ်သျှီးသည်။ ကဿ၊ အ ဘယ်ဆရာ၏။ ဝစနကရာ စကားကိုလိုက်နာလျက်၊ အနုသာသနိ ဆုံး မတ်ရှိုင်းကျင့်ပေသနည်း။ တ္ဆံ၊ သင်နတ်သျှီးသည်၊ ယဒိ၊ အကယ်၍။ ဗုဒ္ဓ သာဝိကာ၊ မြတ်စွာဘုရား၏တပည့်မဖြစ်ညားအုံ့။ မေ၊ ငါ့အား၊အာစိက္ခ် လျှောက်ကြားပါလော။ ။

ဤသို့ဝတ္ထုဟိသဃေရမေးသည်ကို၊ **သိရိမာနတ်သျှီးသည်** ဤဂါထာ ဖြင့်လျှောက်ကြား၏။

နဂန္တုံရေ နဂရဝေရေ သုမာပိတော၊
ပရိစာရိကာ ရာဇဝရသ သိရိမတော။
နစ္ဆေ ဂိတော ပရမသုသိက္ခိတာ အဟေ။
သိရိမာတိမံ ရာဇဂဟေ အဝေဒိ သု။ ။
ဗုဒ္ဓေါစ မေ ဣသိနိသဘော ဝိနာယကော။
အဒေသယိ သမုဒယဒုက္ခာနိစ္ဆတံ။
အသမ်ိတံဒုက္ခနိရောဓံသသ္သတံ။
မဂ္ဂဋ္ဌိမံ အဂုဠိလမဇ္ဈသံ ဘိဝံ။ ။
သုတ္တာနဟံ အမတံပဒံ အသင်္ခတံ။
တထာဂတသ္သ နမိဝရသ္သ သာသနံ။

သိလေသွဟံပရမသုသံဝုတာ အဟံ။
ဓမ္မေဌိတာ နရဝရဗုဒ္ဓဒေသိတေ။ ။

နဂန္တရေ၊ တောင်ငါးလုံးတို့အလည်၌။သုမာဝိတေ၊ ကောင်းစွာတည်ထောင် ဘုန်းဆင်းအပ်သော။ နဂရဝေ၊ ရာဇဂြိုဟ်မည်မှတ်၊ မြို့တော်မြတ်၌။ သိရိမတော၊ ဘုန်းကြက်သရေရှိတော်မူသော။ ရာဇဝရသ၊ ဗိမ္ဗိသာရမင်းမြတ်၏။ ပရိစာရိကာ၊ သိချင်းဆိုကာ၊ ကမြူးကာဖြင့်၊ အပျော်တော်ဆက်ရသောကြောင့်။ နစ္စေ၊ ကခြင်းဌာနင်း။ ဂီတေ၊ သီချင်းဌာနင်း။ ပရမသုသိကဿတာ၊ အလွန်လိမ်မာသည်။ အဟံ၊ ဖြစ်ဘူးလေပြီ။ ရာဇဂဟေ၊ ရာဇဂြိုဟ်ခေါ် ရွှေမြို့တော်၌။ မံ၊ တပည့်တော်မကို။ သိရိမာတိ သိရိမာဟူ၍။ အဝေဒိ သု၊ လူအများတို့သိကြပါကုန်၏ အရှင်ဘုရား။

ဣသိနိသဘော၊ ရဟန်းတို့ထက် မြတ်တော်မူ၏သော။ ဝိနာယကော ဆုံးမသိုက်သူ၊နတ်လူဗြဟ္မာ၊သတ္တဝါကို၊ကောင်းစွာဆုံးမတော်မူလေ၏ တော်မူသော။ ဗုဒ္ဓေါစ၊ မြတ်စွာဘုရားသည်လည်း။ မေ၊ တပည့်တော်မအား။ သမုဒယဒုက္ခာနိစ္စတံ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ အနိစ္စတရားကိုဟု။ အသမ်တံ၊ အကြောင်းမထင်၊ ပြုပြင်မရှိ၊ ပကတိသဘောဖြစ်လေသောကြောင့်။ သဿတံ၊ တည်မြဲသော။ ဒုက္ခနိရောဓ၊ ဆင်းရဲမဖြစ်စင်စစ်ဖြေ၊ နိရောဓကိုဟု။ အကုပ္ပိလံ၊ ကောက်ကျစ်တွန့်ကွေးမရှိသော သိဝံ၊ ညြိမ်းလှစွာသော၊ အဇ္ဇသံ၊ လမ်းဖြောင့်လမ်းမှန်ဖြစ်သော။ ဣမမဇ္ဈ မဂ္ဂံ၊ ဤဖြစ်ပျက်ရှုကြံ၊ မဂ်လမ်းမှန်ကိုဟု။ အဒေသယိ၊ ဟောကြားတော်မူ၏။ ။

အဟံ၊ တပည့်တော်မသိရှိမာသည်။ အနုဗိဝရ၊သ၊ ဝုဘက်ကဲ့လွန်အမွန်မြတ်ဆုံးဖြစ်တော်မူ၏သော။ တထာဂတသ၊ မြတ်စွာဘုရား၏၊ သာသနာ၊ ဆုံးမသြဝါဒဖြစ်တော်မူ၏သော။ အသမ်တံ အကြောင်းမထင်၊ ပြုပြင်မရှိ၊ ပကတိသဘောဖြစ်သောကြောင့်။ အမတံ၊ သေခြင်းပျက်ခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်တရားတော်ကို။ သုတ္တွာန၊ ကြားနာရ၍။ အဟံ၊ တပည့်တော်မသိရှိမာသည်။ သိလေသု၊ သီလတို့၌၊ ပရမသုသံဝုတာ၊ အလွန်မြဲခိုင်သောစောင့်စည်းခြင်းရှိသည်။ အဟံ၊ ဖြစ်ဘူးပါပြီ။ နရဝရဗုဒ္ဓ ဒေသိတေ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်ဟောကြားအပ်သော။ ဓမ္မေ၊ ပဋိပတ္တိတရားတို့၌။ ဌိတာ၊ တည်သည်။ အဟံ၊ ဖြစ်ဘူးပါပြီ။ ။

ကပည့်တော်မသိရိမာသည်၊ မြတ်စွာဘုရား၏တရားတော်ကိုနာရ၍။ သောတာပန် တည်ပြီး ဖြစ်လေသောကြောင့်၊ စုတေသည်၏ အခြားမဲ့ ၌၊ နိမ္မာနရတိနတ်တုံ၌ဖြစ်၍ ကာမလွန်ကြ။ မြ။ တူးပျော်ပါး စံစားလျက်နေသော်လည်း၊ အပါယ်ဒုဂ္ဂတိဆုံသို့ရောက်ခြင်းမရှိတော့ပါ။ ယခုအခါ ၌ တူပည့်တော်မသိရိမာသည်နတ်သွေးဖြစ်၍ နတ်ရထားငါးရာနှင့်တကွ၊ နိမ္မာနရတိနတ်တုံမှဆင်းလာ၍ သံဃာတော်အပေါင်းနှင့်တကွ၊ မြတ်စွာဘုရားကိုမူးမြင်ခြင်းငှာ၊ ရှေ့တော်သို့ရောက်လာပါသည် အရှင်ဘုရား။ အတုမရှိမြတ်တော်မူသော၊ ကျေးဇူးတော်ရှင် ဘုရား သခင်ကို တပည့်တော်မသိရိမာနတ်သွေးသည် ရိုသေစွာ ဂါရိုးပါ၏ အရှင် ဘုရား ဟုဆို၍၊ သိရိမာနတ်သွေးသည်ရဟန်းသံဃာတော်နှင့်တကွ၊ မြတ်စွာဘုရားကိုရှိခိုး၍လက်ယာရစ်လည်ပြီးလျှင် နတ်ပြည်သို့ပြန်သွားလေသတည်း။

သိရိမာဝတ္ထု။ သောဠသမံ။ ။

ကေသကာရီနတ်သွေးဝတ္ထု။

မြတ်စွာဘုရားသည်၊ ဗာရာဏသီပြည် မိဂဒါဝုန်တောခွင်သတင်းသုံးနေတော်မူစဉ်အခါ။ မျှားစွာသောရဟန်းတို့သည်၊ နံနက်အခါ၌ဆင်းဝင်ကိုပြင်ခါ ဝတ်ကြကုန်လျက်၊ သပိတ်သင်းဆန်းတို့ကိုဆောင်ယူကာ၊ ဗာရာဏသီပြည်တွင်းသို့ဝင်ကြကုန်၏။ ထိုရဟန်းတို့သည်ပုဏ္ဏားတယောက်၏ အိမ်တံခါးအနီးဖြင့်သွားကြကုန်၏။ ထို အိမ် ၌ ပုဏ္ဏား ၏ သွေး သည် **ကေသကာရီ**အမည်ရှိ၏။ ထိုကေသကာရီသည် အိမ်တံခါးဝ၌ ထိုင်နေလျက်၊ အမိ၏ဦးခေါင်း၌သန်းရှာ၍နေစဉ်၊ ထိုရေဟန်းတို့ကြွသွားကြသည်ကိုမြင်၍၊ အမိကိုမေး၏။ မိခင်-ဤရဟန်းတို့သည်ပထမအရွယ်၊ ငယ်စဉ်ကာလ၊ အဆင်းကလှကြသနှင့်၊ နူးညံ့သိမ်းမွေ့စွာသောအဆင်းရုပ်ရေရှိပါလျက်၊ အဘယ်သို့သောဆုံးရှုံးပျက်စည်းခြင်းဖြင့် ဆုံးရှုံးပျက်စည်းခြင်းမရှိပါဘဲနှင့် အဘယ်ကြောင့်ဤမျှလောက် နုနယ်တင့်တယ်လှပသော ပဌမအရွယ်က ရေဟန်းပြုကြပါသနည်း။ ဤသို့သင့်ကမေးသည်ရှိသော်၊ အမိဖြစ်သူကဤသို့ပြောဆို၏။ ချစ်သွေး။ သာကီဝင်မင်းမျိုးမှရေဟန်းပြု၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော သာကီဝင်မင်းသားမြတ်စွာဘုရားသည် လူနတ်အပေါင်းတို့အား၊ အစအလည်အဆုံးသုံးပါးသောကောင်းခြင်းနှင့်ပြည့်စုံ၍၊ အနက်သဒ္ဒါ မျှားစွာပြည့်စုံ အလုံးစုံသောတရားအကျင့်

တို့ကိုဟောကြားသွန်သင်ပြတော်မူ၏။ ဤတရားတို့ကိုကြားနာရသဖြင့်ရဟန်းပြုကြကုန်၏ဟူ၍ပြော၏။

ထိုကဲ့သို့ အဓိနှင့်ဆိုးတို့ပြောဆိုမေးမြန်းနေကြသောအခါတွင်။ သောတာပန်တည်ပြီးသော ဥပါသကာဒါယကာယောက်ျားတယောက်သည် ထိုအိမ်ဘံခါးဝအနီးပြုလမ်းပေါ်သို့ လမ်းရှောက်၍လာသည်ရှိသော်၊ ထိုစကားကိုကြား၍ ထိုသူတို့၏အသံသို့လာ၏။ ထိုအခါ၌ထိုဥပါသကာကို ပုဏ္ဏားမသည်ဤသို့မေး၏။ သူတော်ကောင်းဖြစ်ပေသော ဥပါသကာကြီး။ ယခုအခါ၌ မျှားစွာကုန်သော အမျိုးကောင်းသားတို့သည်မျှားစွာသောစည်းစိမ်ဥစ္စာတို့ကိုဝင်း။ မျှားစွာသောဆွေမျိုးအပေါင်းတို့ကိုဝင်း၊ ပယ်စွန့်ကြကုန်၍သာဂ်ိဝင်မင်းသား မြတ်စွာဘုရားအထံ၌ရဟန်းပြုကြကုန်၏။ ထိုရဟန်းပြုကြကုန်သောအမျိုးကောင်းသားတို့သည်၊ အဘယ်သို့သောအကျိုးထုးကိုသိမြင်၍ရဟန်းပြုကြပါသနည်းဟူ၍မေးလေ၏။

ထိုအခါဥပါသကာကြီးက ကာမဂုဏ်တို့၌အပြစ်ကိုမြင်၍။ ကာမဂုဏ်ဒုလွတ်ကင်းရာ၌အကျိုးကိုမြင်၍ရဟန်းပြုကြကုန်၏ဟုပြောဆိုပြီး၍ ဖိုဒိဉာဏ်ပညာအစွမ်းအားလျှော်စွာ၊ ထိုအမှုပွါယ်ကဲ့ အကျယ် အားဖြင့်ပြောဟော၏။ ထိုသားအဓိနှစ်ယောက်တို့အား ရတနာသုံးပါးတို့၏ဂုဏ်ကိုလည်းပြောကြားပြီး၏။ ငါးပါးသီလ ကျင့်သုံးဆောက်တည်ခြင်း၏၊ မျက်မှောက်အကျိုး နောင်တမလွန်အကျိုးတို့ကိုလည်း ပြောဟော၏။ ထိုသို့ဥပါသကာကြီးက ပြောဟောသောအခါ။ ပုဏ္ဏားသို့ကေသကာရိက အသို့နည်း။ အကွယ်နိုပ်တို့မိန်းမတို့သည်လည်း၊ သရဏာ ဂုဏ် တို့ ကို ဆောက်တည်၍၊ ငါးပါးသီလတို့ကိုလည်း ဆောက်တည်၍ကျင့်ပါလျှင် အသင်ပြောဟောသောမျက်မှောက်တမလွန်၊ နှစ်တန်သောအကျိုးတို့ကို ရခြင်းငှာ တက်နိုင်ပါမည်လောဟူ၍မေးသောအခါ။ ချစ်သို့။ ဤတရားကိုသည်အလုံးရုံသောသူတို့နှင့်ဆက်ဆံ၏။ အလုံးရုံသောသူတို့ကျင့်သုံးစေရန် မြတ်စွာဘုရား ဟောတော်မူ၏၊ ထို သရဏာဂုဏ် သီလ တို့ ကို ဆောက်တည်ကျင့်သုံးသျှင် အဘယ်မှာမရဘဲရှိနိုင်မည်နည်းဟု ပြောဆို၍၊ သရဏာဂုဏ်ဆောက်တည်ပုံ ငါးပါးသီလဆောက်တည်ပုံ တို့ကိုပြောပြီးလျှင်သရဏာဂုဏ်ဘို့ကိုဝင်း၊ငါးပါးသီလတို့ကိုဝင်းပေး၏။

ထိုကေသကာရိပုဏ္ဏားသို့သည် ဥပါသကာကြီးပေးသော သရဏာဂုဏ်ကိုလည်းဆောက်တည်ခံယူ၍၊ ငါးပါးသီလတို့ကို လည်း ဆောက်တည်ခံယူပြီး၍၊ နောက်တဘက်ဤသို့မေးပြန်၏။ ဤသရဏာဂုဏ်သီလ

တို့ထက်ပိုလွန်၍ ကျင့်သုံးရသော တရားများ၌ပါသေးသလော၊ ရှိသေး လျှင် ဟောပြောတော်မူပါ၊ အကျွန်ုပ် ကျင့်သုံး လိုပါသည်ဟု မေး မြန်း သောအခါ။ ထိုဥပါသကာဆရာကြီးသည် ထိုမိန်းမကလေး၏ စိတ်ဓော ဆန္ဒအားကြီးပုံ၊ တရားသိလိုပုံ တို့ကိုဆင်ခြင်၍၊ ဤမိန်းမကလေးသည် ရှေးရှေးဘဝတို့က ဆည်းဘူးပြုကျင့်ခဲ့သော ပါရမီအကြောင်းဥပနိဿ ယနှင့်ပြည့်စုံသော မိန်းမကလေးဖြစ်လတန့်ဟု သိပြီးလျှင်။ ဆံပင်၊ မွေး ညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊အမြေး၊ အဖျင်း၊ အဆုတ်၊ အူမ ဦးဆိန်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိတ်၊ပြည် သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင် ငယ်။ ။ဤသုံးဆဲ့နှစ်ပါးကုန်သောအရုအခြင်းအရာ၊ နွတ်ံသာကာရ ကမ္မဋ္ဌာန်းကိုပြောပြ၍။ထိုမှတိုးတက်၍၊ အဆင်းဖြစ်ပျက်၊ အသံဖြစ်ပျက် အနံ့ဖြစ်ပျက်၊ အရသာဖြစ်ပျက်၊ ကြမ်းချောဖြစ်ပျက်၊ တွန်းတို့ဖြစ်ပျက် ပူနေဖြစ်ပျက်၊ မြင်ဖြစ်ပျက် ကြားဖြစ်ပျက်၊ နံ့ဖြစ်ပျက်၊ လျှက်ဖြစ်ပျက် တွေ့ထိဖြစ်ပျက်၊ ဖြစ်ပျက်ဖြစ်ပျက်၊ မွမ္ဘကြဲအောင်ပျက်၊ ဤကဲ့သို့ နှလုံး သွင်းရသော ဖြစ်ပျက်ကမ္မဋ္ဌာန်းကိုလည်း ပြောပြ၍ပြန်သွားလေ၏။

(ဝိပဿနာယ မဂ္ဂံ အာစိက္ခိတ္တွာ ဂတောဟု ဝိမာနဝတ္ထုအဋ္ဌကထာ)။

ဝိပဿနာယ၊ ဝိပဿနာရှုခြင်း၏။ မဂ္ဂံ၊ လမ်းမှန်ကို။ အာစိက္ခိတ္တွာ ပြောကြား၍။ ဝါ၊ ဝိပဿနာယ၊ နာမ်ရူပ်ထင်ထင်၊ သိမြင်ခြင်း၏၊ မဂ္ဂံ ဖြစ်ပျက်ရှုကြံ၊ နည်းလမ်းမှန်ကို။ အာစိက္ခိတ္တွာ၊ အဆင်းဖြစ်ပျက်၊ အသံ ဖြစ်ပျက်။ဖြစ်ပျက်ထင်ရှား၊ပြောကြားပြီး၍။ဂတောဟု ပြန်သွားလေ၏။

ထိုကေသကာရီမည်သောမိန်းမကလေးသည်၊ ဥပါသကာကြီးပြော ဟောနည်းတို့ကိုအလုံးစုံနှလုံးသွင်း၍၊ ရှေးကဆည်းဘူးခဲ့သောပါရမီအ ကြောင်း ဥပနိဿယနှင့် ပြည့်စုံသော မိန်းမကလေး ဖြစ်ရ ကား၊ မကြာ မြင့်မိပင်လျှင် သောတာပတ္တိဖိုလ်ရှိတည်၍၊ သောတာပန် မကလေးဖြစ် သွားလေ၏။ ထိုသောတာပန်မကလေးဖြစ်ပြီးသော၊ ကေသကာရီသည် စုတေသောအခါ၊ တာဝတိံသာနတ်ပြည်၌၊ သိကြားမင်း၏မိဖုရားယော် ဖြစ်၍၊ နတ်သွေးအခြွေအရံတသိန်းရှိ၏။ ထိုအခြွေအရံ နတ်သွေးတသိန်းရှိ သော၊ **ကေသကာရီနတ်သွေး**ကို၊ သိကြားမင်းသည်၊ ဣဒံဝိမာနံ ခုစိရံ ပဘာသတုံ+အစရှိသောဂါထာတို့ဖြင့်မေး၏။ ။

သိကြားမင်းမေးသောဂါထာများ၏အဓိပ္ပါယ်ကား။ ငါ၏ကံကြောင့် ဖြစ်သော၎င်းငါ၏ဘုံဗိမာန်ကြီးသည်၊ ကျောက်မျက်ရွှဲတို့ဖြင့်စိုချယ်သော သည်တိုင်တို့ဖြင့်ဘန်းဆင်းလျက်၊ ဖိတ်ဖိတ်လက်အောင် အရောင်ထွက်၍ အမြဲနေ၏။ ရွှေအဆင်းရှိသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းလျက်နေ၏၊ ထိုငါ၏ဘုံဗိမာန်ကြီးအတွင်း၌ ဒိမိတို့ကဲ့အားလျော်စွာ ရှေးဖြစ်သော နတ်သွီး ကိုသည်တသိန်းရှိကုန်၏။ သင်နတ်သွီးသည်ကား၊ ယခု နောက်မှ လာ၍ ဖြစ်၏။ ရှေးဖြစ်သော နတ်သွီးတသိန်းတို့ထက်သာလွန်၍ အရောင်ထွ က်၏။ ဥပမာအားဖြင့် နက္ခတ်တာရာကြယ်အပေါင်းတို့ထက်သာလွန်၍ အ ရောင်ထွက်သော လုနီရေးတံဆိတ်ရှိသောရွှေလမင်းကဲ့သို့၊ ထိုအတူပင် လျှင်၊ သင်နတ်သွီးသည်အလုံးရုံသော နတ်သွီးအပေါင်းတို့ထက်၊ သာ လွန်၍ထွန်းလင်းတောက်ပသော အရောင်အဝါရှိ၏။ ။

သင်နတ်သွီးသည် အဘယ် ဘဝမှ ရှ တေ လာ၍၊ အဘယ်ကုသိုလ်ထ ကြောင့် ၎င်းငါ၏ဘုံဗိမာန်ကြီးအတွင်း၌ ဖြစ်လာပေသနည်း။ သဟံပတိ ဗြဟ္မာကိုရင်း၊ သနက်မာရဗြဟ္မာကိုရင်း၊ မြင်ရသည်ရှိသော်၊ သိကြား မင်းနှင့်တကွသော၊ တာဝတိံသာနတ်အပေါင်းတို့သည်၊ ကြည့်ရှု၍မ ရောင့်ရဲနိုင်သကဲ့သို့၊ ကြည့်ရှု၍အားမရနိုင်သကဲ့သို့။ ကြည့်ရှု၍မဝနိုင်သ ကဲ့သို့။ သင်နတ်သွီးကိုမြင်ကြကုန်သော ငါတို့သည် ကြည့်ရှု၍ မရောင့်ရဲ နိုင်၊ ကြည့်ရှု၍အားမရနိုင်၊ ကြည့်ရှု၍မဝနိုင်။ ။ဤသို့သိကြားမင်းမေး သည်ရှိသော်၊ **ကေသကာရီနတ်သွီးသည်**။ယမေတံသက္ကအနုပုဗ္ဗသေ မမံ*အစရှိသောဂါထာဖြင့် ဖြေကြားလေ၏။ ။

ထိုသို့ဖြေကြားသောဂါထာ၏အဓိပ္ပါယ်ကား။ ။အရှင်သိကြားမင်း၊ အကျွန်ုပ်ကိုအဘယ်ဘဝမှရှတေလာ၍ အဘယ်ကုသိုလ်ကြောင့်၎င်းငါ၏ ဘုံဗိမာန်သို့ ရောက်လာပေသနည်းဟူ၍မေးတော်မူ၏။ ထိုသို့မေးသည် ကိုဖြေကြားပါအုံ့။ အကျွန်ုပ်သည်ကာသိဘုရင်ဗာရာဏသီပြည်၌၊ကေသ ကာရီ၊ ဟူသောအမည်ဖြင့်ပုဏ္ဏားသွီးဖြစ်ပါ၏။ ထိုအကျွန်ုပ်ကေသကာ ရီသည် ဘုရား,တရား,သံဃာ,ဝတနာတော်ဖြင့် သုံးပါးခို၌၊ ယုံမှားမရှိ ကြည်ညှိသောစိတ်ရှိလျက်၊ မကြိုးမပေါက်သော ငါးပါး သီလဖြင့် နေ သည်ဖြစ်၍။ ဒီဘိုံ သာကာရကမ္မဋ္ဌာန်းကိုရင်း၊ ဖြစ်ပျက် ကမ္မဋ္ဌာန်း ကို ရင်း၊ စီးပြန်းရှုကြည့်ဆင်ခြင်လေ့ရှိပါ၏။ ထိုကဲ့သို့ဖြစ်ပျက်ကမ္မဋ္ဌာန်းကို ကြည့်ရှုဆင်ခြင်သောကြောင့် သောတာပတ္တိမဂ်လိုက်ရ၍၊ သောတာပန် မဂ်ပေးဖြစ်ပါ၏။ဟူ၍ **ကေသကာရီနတ်သွီး**ဖြေကြားသည် ဖိုသော်,

သိကြားမင်းသည် အလွန်ဝမ်းမြောက် ရှင်လမ်းစွာ ချီးမွမ်း ခြင်းကိုပြု လျက်သာရုခေါ်လေသတည်း။ ။ကေသကာရိဝတ္ထု။ သတ္တရသမ။ ဣတ္ထိဝိမာန၊ ပထမဝဂ်ပြီး၏။ ။

၅၂သီဒေဝီ ကျွန်မနတ်သမီးဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ်၊ ဥပါသကာဒါယကာယောက်ျားတယောက်သည်၊ မျှားစွားသော ဥပါသကာတို့နှင့်အတူတကွ၊ ညနေချမ်းအခါ၌ ကျောင်းတော်သို့ လာ၍ တရားကိုနာပြီးလျှင် ပရိသတ်ထသွားသည်ရှိသော် မြတ်စွာဘုရားအထံ သို့ကပ်၍၊ ဘုန်းတော်နေဝန်းတောက်ထွန်းတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤနေ့မှစ၍ သံဃာတော်အားလေးပါးသောနိစ္စဘတ် တို့ကို လှူလိုပါသည်ဟုလျှောက်ကြား၏။ ထိုအခါ၌မြတ်စွာဘုရားသည် ထိုဆွမ်းလှူခြင်းနှင့်စပ်သော၊ တရား စကားတို့ကို ဟော ကြား ၍ လွှတ် လိုက်၏။ ။

ထိုဥပါသကာသည် မြတ်စွာဘုရားအထံမှ ဂါထိုး၍ ထလာခဲ့ ပြီးလျှင်၊ ဘဏ္ဍာ၊ ဗြဟ္မဏ-ဆွမ်းညွှန်း ရဟန်းအထံသို့သွား၍။ တပည့်တော်သည် သံဃာတော်အား၊ လေးပါးကုန်သော စတုကဘတ်တို့ကိုအမြဲလှူပါ၏။ နက်ဖြင်နံနက်မှအစပြု၍ တပြည့်တော်၏အိမ်သို့ လေးပါးသောရဟန်းတို့ သည်ကြွလာ၍ ဆွမ်းဘုဉ်းပေးတော်မူပါစေလော့ဟု လျှောက်ကြားပြီး လျှင်အိမ်သို့ပြန်လာခဲ့၍၊ ကျွန်မကိုဤသို့ပြောလေ၏။ ငါသည်နက်ဖြင်နေ့ မှအစပြု၍၊ လေးပါးသောရဟန်းတို့ကို နိစ္စဘတ်အမြဲဆွမ်းကျွေးရန် ပင့် သျှောက်၍လာခဲ့၏။ သင်သည်မမေ့မလျော့ ဆွမ်းဟင်းဆွမ်းခဲဘွယ်တို့ ကိုချက်၍၊ ရောက်လာသောရဟန်းလေးပါးတို့အား လုပ်ကျွေးလော့ဟု ဆို၏။ ထိုကျွန်မသည်ကောင်းပါပြီ အရှင်ဟုဆို၍ဝန်ခံပြီးလျှင် ပကတ် အားဖြင့်သဒ္ဓါတရားနှင့်ပြည့်စုံ၍ ကောင်းမှုကုသိုလ်ကိုပြုလိုသောအကျင့် သိလနှင့်ပြည့်စုံသောကျွန်မဖြစ်၍နေ့တိုင်း နေ့တိုင်းစောစောထ၍၊မွန်မြတ် သောဆွမ်းဟင်းအမျိုးစုံတို့ကိုစီမံ၍၊ရဟန်းတို့နေထိုင်ရန်နေရာကို လည်း၊ ကောင်းမွန်စွာအပြေအပြစ် ချောမွေ့သန့်ရှင်းစွာ ပြုလုပ်၍ နေရာ ကိုခင်း၍ ရောက်လာသောရဟန်းတို့ကို ထိုခင်းထားသောနေရာ၌ နေစေ ၍ရှိခိုးဦးချပြီးလျှင် ပန်းနံ့သာအခိုးအထု တို့ဖြင့်ပူဇော်၍ ရှိသေစွာ လုပ် ကျွေး၏။ ။

ဤသို့နေ့စဉ်မပြတ်လုပ်ကျွေးမြဲနေသော၊ ထိုကျွန်မကလေးသည်ဆွမ်းစားပြီးသောရဟန်းတို့ကိုဤသို့မေးလျှောက်လေ၏၊ အရှင်ဘုရားတို့။ ဤပဒိုသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ဆင်းရဲမှုကင်းလွတ်အောင်အဘယ်သို့ပြုလုပ်ရပါအံ့နည်းဟု လျှောက်ကြားသောအခါ။ ထိုလုပ်ကျွေးဆည်းကပ်မြဲမြန်းသော၊ ကျွန်မကလေးအား သရဏာဂုဏ်နှင့်တကွ ငါးပါးသီလတို့ကို အချို့ရဟန်းတို့ကဟောကြားကုန်၏။ အချို့ရဟန်းတို့က၊ ကာယဂတာသတိ၊ ပဋိကူလမနသိကာရတို့ကို ဟောကြားကုန်၏။ အချို့ရဟန်းတို့ကအဆင်းဖြစ်ပျက်၊အသံဖြစ်ပျက်၊အနံ့ဖြစ်ပျက်၊အရသာဖြစ်ပျက်၊ ကြမ်းချောခုခံဖြစ်ပျက်။ တွန်းတိုးတောင့်တင်းဖြစ်ပျက်၊ ကုန်းနွေးလေဖြစ်ပျက်။ ဖြစ်ပျက်နှင့်စပ်သောတရားစကားကိုဟောကြားကုန်၏။ ။

ထိုကျွန်မကလေးသည် တဆဲ့ခြောက်နှစ်ပတ်လုံး၊ သီလ ကို စောင့်ထိမ်းလျက်။ အလုပ်ကိစ္စအားလပ်သောအခါ၌၊ တရားနာခြင်းကမ္မဋ္ဌာန်းနှလုံးသွင်းခြင်းတို့ကိုပြု လျက်၊ တနေ့သင့်တရားနာခြင်း၊ ဓမ္မသဝနသပ္ပါယကိုရ၍၊ ပါရမီဉာဏ် ရင့်သံခြင်းသို့ရောက်သည်၏အဖြစ်ကြောင့်၊ဝိပဿနာကို တိုးပွါးစေ၍။ ဝါ၊ ;ဖြစ်ပျက်ကမ္မဋ္ဌာန်းကို တိုး၍ထင်မြင်အောင် ရှုနိုင်သဖြင့်၊ သောတာပ ဘွဲ့ဖိုလ်သို့၊ ရေ ကျ်၍သောတာပန် မဂ်လေး ဖြစ်လေ၏။ ထိုသောတာပန်တည်ပြီးသော ကျွန်မကလေးသည် မ ကြာမီပင်ရုတေ၍ တာဝတိ ံသာနတ်ပြည်၌သိကြားမင်း၏အကျွမ်းဝင်သောမိဖုရားငယ်နတ်သျှီးဖြစ်၍ ရှေးလူဖြစ်စဉ်အခါကအမည်အားဖြင့် **ဒါသီနတ်သျှီး** ဟူ၍ထင်ရှားလေသတည်း။

ထို**ဒါသီနတ်သျှီး**သည် ခြောက်ဆယ်ထောင်ပေါင်း၊ ခဝပ်ညောင်း၍ ခြောက်သောင်းတူရိယာ၊ ခြွေရုံပါလျက်၊ ကြီးစွာသောနတ်၏ စည်းစိမ်ကိုခံစားလျက်၊ ရှင်လမ်းချမ်းသာ၊ ပျော်မွေ့စွာလျှင်၊ နတ်ကညာပေါင်း ခဝပ်ညောင်းလျက်။ ခြောက်သောင်းမျှလောက်သော နတ်သျှီးအခြွေအရံတို့နှင့်တကွ၊ စိတ္တလတာဥယျာဉ်၌ ထွဋ်လည်ကြက်စား ပျော်ပါး၍နေရာတွင်၊ ဒေသစာရိကြွချိတော်မူသော အရှင်မဟာမောဂ္ဂလာန်နှင့် တွေ့ကြုံ၍။ ဤဂါထာတို့ဖြင့်မေးတော်မူ၏။

အပိသက္ကောဝ ဒေဝိန္ဒော၊ ရမ္မေစိတ္တလတာဝနေ၊
သမန္တာ အနုပရိယာသိ၊ နာရိဂဏ ပုရက္ခိတာ။ ။
သြဘာသန္တိ ဒိသာသဗ္ဗာ၊ သြသဓိဝိယတာရိကာ၊

ကေနတော တာဒိသောဝဏ္ဏော၊ ကေနတော ဗ္ဗုဓမ္ဓတ္ထိ။ ။
ဥပ္ပဇ္ဇတိ စ တေဘောဂါ၊ ယေ ကေစိမနုသော ဒိယာ၊
ပုဗ္ဗာဝိတံ ဒေဝိမဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိပုညံ၊
ကေနာသိ ဇေတ္တိမလိတာနုဘာဝါ၊ ဝဏ္ဏောစ တေ သဗ္ဗဒိသာ
ပဘာသတိ။ ။

ဒေဝိနဲ့၊ နတ်ကိုကိုအဝိုးရသော။ သင်္ဂြာ သံကြားမင်းသည်။ နာရီဂဏဝိပုရကျွဲတာ၊ နတ်ကညာပေါင်း၊ ခညောင်းများစွာ ခြံရံကာဖြင့် အနုပရိယာတိဗျဝ၊ လှည့်လည်ကျက်စားပျော်ပါးခြင်းနေသကဲ့သို့။ ဘုံပ၊ သင်နတ်သွီးသည်လည်း။ ရမ္ဘေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ဖြစ်သော။ စိတ္တလတာဝနေ၊ စိတ္တာမည်သောနတ်သွီး၏ကောင်းမှုကြောင့်ပြစ်သော ဆန်းကြယ်စွာ ပန်းနွယ်ဖြင့်သော နတ်ဥယျာဉ်၌။ ဝါ၊ စိတ္တလတာဝနေ၊ ပန်းပွင့်ပန်းခိုင်၊ ပန်းမြိုင်ပန်းနွယ်၊ ဆန်းကြယ်စွာလျှ၊ လွန်ဖြောသည်။ စိတ္တလတာဥယျာဉ်သာ၌။

(စိတ္တလတာဝနေတိ စိတ္တာယနာမ ဒေဝဓီတာယ ပုညဘာဝေဝန နိဗ္ဗတ္တေ၊ စိတ္တာနံ ဝိစိတ္တ ပုပ္ဖဖလာဒိ ဝိသေသယုတ္တာနံ။ သန္တာနဝ ကဝလ္လိအာဒိနံ၊ တတ္ထ ယေဘုယျတာ စိတ္တလတာဝနန္တိ လဒ္ဓနာမေ ဒေဝုယျာနေ။ ။ဝိမာနဝတ္ထု(အဋ္ဌကထာ)။

စိတ္တာမည်သောနတ်သွီး၏ ကောင်းမှုကံကြောင့် ဆန်းကြယ်စွာ အပွင့် အသီးစသည်တို့နှင့်ချောရှက်သော၊ သန္တာနကဝလ္လ-ရွှေဖရုံနွယ် အစရှိသော၊ နွယ်ပန်း နွယ်ပင်တို့မျှားသည်၏ အပြစ်ကြောင့် စိတ္တ လတာ ဥယျာဉ်ဟူသောအမည်ကိုရသောနတ်ဥယျာဉ်၌။ သြဒေါဒိယတောရေကဲ့ သောက်ရှူးကြယ်ရောင်ကဲ့သို့။ ဒိသာသင်္ဂြာ၊ လုံးရုံမှုက်နှာ၊ ရေပန်းဒိသင်္ဂြာ သြ ဘာသန္တိ၊ ထွန်းလင်းတောက်ပသောအရောင်အဝါရှိလျက်။ သမန္တာ ထက်ဝန်းကျင်မှ။ နာရီဂဏဝိပုရကျွဲတာ၊ နတ်ကညာပေါင်း၊ ခညောင်း များစွာ၊ ခြံရံကာဖြင့်။ အနုပရိယာသိ၊ လှည့်လည်ကျက်စား ပျော်ပါး၏နေ၏။ ။(ကေနတော-အစရှိသောဂါထာစုအနက်ပေးပြီး)။

အဓိပ္ပါယ်ကား။ ။သင်နတ်သွီးသည်မျှားစွာသော နတ်ကညာတို့ခြံ ရံကာလှည့်လည်ပျော်ပါးသော သိကြားမင်းကဲ့သို့။ စိတ္တလတာဥယျာဉ် ၌ လှည့်လည်ပျော်ပါး၏နေ၏။ သင်၏ကိုယ်ရောင်သည်လည်း သောက် ရှူးကြယ်ရောင်ကဲ့သို့ ထွန်းလင်းတောက်ပသော အရောင်အဝါရှိ၏။ ခေါ်း ဘဝကအဘပယ်ကုသိုလ်ကိုပြု၍ ဤကဲ့သို့အမျိုးအရောင်နှင့် ပြည့်စုံ၏။

တာဝတိံသာနတ်ပြည်၌ သိကြားမင်းနှင့် အကြွမ်းဝင်စွာသော နတ်သွေး ဖြစ်ရသနည်း။ ဤကဲ့သို့အရှင်မဟာမောဂ္ဂလာန်မေးတော်မူသောအခါ၊ ထို **ဒါသီနတ်သမီးသည်** ဤဂါထာ တို့ ဖြင့် ရှိသေစွာ လျှောက် ကြား လေ သတည်း။ ။

အဟံမနုဿေသု မနုဿဘူတာ၊ ဒါသိအဟောသိံ
ပရ ပေသိယာ ကုလေ။
ဥပါသိကာစက္ခုမတော၊ ဂေါတမသာဝကာ
တသ္သာမေနိက္ကမောအာသိ၊ သာသနေတသ္သတာဒိနော။
ကာမံဘိဇ္ဇဟုယံကာယော၊ နေဝအဏ္ဍဇသဏ္ဌာနံ။ ။

အ ဟံ၊ တပည့်တော်မသည်။ မနုဿေသု၊ လူပြည်တို့၌။ မနုဿဘူ တာ၊ လူဖြစ်စဉ်အခါက။ ပရကုလေ၊ သူတပါးတို့အိမ်၌။ ပေသိယာ၊ အ စေခံဖြစ်သော။ ဒါသိ၊ ကျွန်မိန်းမသည်။ အဟောသိံ၊ ဖြစ်ဘူးပါသည် အရှင်ဘုရား။ စက္ခုမတော၊ စက္ခု ငါးပါးနှင့် ပြည့်စုံ တော် မူ သော ။ ယာသသိနော၊ မျှားမြတ်သောအမြီးရှိ အကျော်အစောရှိတော်မူသော။ ဂေါတမသ၊ ဂေါတမမြတ်စွာဘုရား၏။ ဥပါသိကာ၊ ဒါယကာမသည် အဟောသိံ၊ ဖြစ်ဘူးပါသည်အရှင်ဘုရား။ ။

တာဒိနော၊ ဣဋ္ဌာနိဋ္ဌ၊ အေးသမျှပူ၌ စိတ်ကမပြုတာဒိဂုဏ်ဖြင့် တုံ့လှုတ် ခြင်းရှိတော်မမူသော။ တသ္သ၊ ထိုဂေါတမမြတ်စွာဘုရား၏။ သာသနေ ဆုံးမဟောကြားမြတ်တရားဌ။ တသ္သာမေ၊ ထိုတပည့်တော်မ၏။ နိက္ကမော ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်းသည်။ အာသိ၊ ဖြစ်ပါ၏။ ကိံ၊ အဘယ်သို့ အားထုတ်သနည်းဟူမူကား။ မေ၊ ငါ၏။ အယံကာယော၊ ဤကိုယ်ကြီး သည်။ ကာမံ၊ စင်စစ်။ ဘိဇ္ဇတု၊ ဖရိုပရဲ၊ ပြိုကွဲပျက်စီးစေကာမူ။ ဇွေ ဤကမ္မဋ္ဌာန်းကိုအားထုတ်ရာ၌။ သဏ္ဌာနံ၊ ဝိရိယကို လျှော့ခြင်း သည်။ နေဝအဏ္ဍဇ၊ မရှိသည်သာတည်း။ ဤတို့၊ ဤသို့ အားထုတ် ပါ၏ အရှင် ဘုရား။ ။

ဤကဲ့သို့ တရားကိုအားထုတ်ခြင်းကြောင့်၊ မိန်းမပင်ဖြစ်သော်လည်း မြတ်သောမဂ်တရား–ဖိုလ်တရား–နိဗ္ဗာန်တရားသို့ ရောက်နိုင်ပါ၏ အရှင် ဘုရား။ သူတပါးတို့၏အိမ်၌ အစေခံကျွန်မဂေ၀ေးဖြစ်လျက် တရားကို အားထုတ်၍ ကျင့်ခြင်း၏ အကျိုး ထူးကဲ၊ အရှင်ဘုရား ကြည့်ရှု တော်မူ ပါသော့။ ။

နိုက္ကမသဿဖလံပသ၊ ယမ်ဒ် ပါပုဏ်တ္ထိကာ။
အာမန္ဒနိကာရညမ္ပိ၊ သက္ကသ ဝသဝတ္တိနော။ ။

ယထာ၊ အကြင်အခြင်းအရာဖြင့် အားထုတ်ခြင်းကြောင့်။ ဣဒံ၊ ဤသို့သောအကျိုးထူးကို။ ဣတ္ထိကာ၊ မိန်းမကလေးဖြစ်လျက်။ ပါပုဏ်၊ ရောက်နိုင်ပါ၏။ ဝါ၊ ပါပုဏ်၊ လောကီ-လောကုတ္တရာလိုရာပြီးမြောက်၊ ကောင်းစွာရောက်၏။ နိုက္ကမသ၊ ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်း၏။ ဖလံ၊ အကျိုးကို။ ပသ၊ ရှုတော်မူပါလော့။ ဝသဝတ္တိနော၊ နတ်ပြည်နှစ်ထပ်ကိုအစိုးရသော။ သက္ကသ၊ ရည်ရာ၊ သိကြားမင်း၏။ အာမန္ဒနိကာ၊ မြူးတူးပျော်ပါး ကစားသောခါ၊ ချစ်ခင်စွာဖြင့်၊ သွားရာတူပျော်၊ လက်တွဲခေါ်သည်။ အမ္ပိ၊ ဖြစ်ရပါ၏။ ။

(အာမန္ဒနိကာရညမ္ပိ၊ အာမန္ဒနိကာ ရည်ရာ အမ္ပိ။ ပုဒ်ဖြတ်။ အာမန္ဒနိကာ အာလာပ သလ္လာပယောဂ်ါ၊ ကိဋ္ဌိတကာလေဝါ၊ တေနအာမန္ဒေတဗ္ဗာအမ္ပိ။ အမ္ဗကထာ)။ ။

ထိုဒါသိနတ်သို့းကိုသိကြားမင်းသည် စိတ္တလတာ နတ်ဥယျာဉ်၌မြူးတူးပျော်ပါးကစားသောခါ၊ အကျွမ်းဝင်စွာ-ချစ်ခင်စွာဖြင့်။ အာလာပ သလ္လာပ စကားတို့ကိုပြောဆိုလျက် လက်တွဲ၍ခေါ်သွားသည်ဟူလို။

ထိ၁ါသိနတ်သို့းကို ခြောက်သောင်းတူရိယာ နတ်သားနတ်သို့းတို့သည်လည်း ရှင်လမ်းဝမ်းမြောက်စေလျက်၊ အပျော်ဆက်၍နေကြကုန်၏။ ထိုအကြောင်းကို အရှင်မောဂ္ဂလာန်အား လျှောက်ကြားလို၍ ဤဂါထာတို့ကိုဆိုလေသတည်း။ ။

သဋ္ဌိတူရိယ သဟဿာနိ၊ ပဋိဗောဓံ ကရောန္တိမေ၊
အာလမ္ဗော၊ ဘဂ္ဂရော၊ ဘိမ္ဗော၊ သာရ၀ါဒိစသံ၀ယော။ ။
ပေါက္ခရောစ သုဖသ္သောစ၊ ဝိလာမောက္ခောစ နာရိယော၊
နန္ဒောစေ၀ သုနန္ဒောစ၊ သောဏဒိန္နော၊ သုစိမ္ပိတာ၊
အလမ္ဗုသာမိသ္သာကေသိစ၊ ပုဏ္ဏရိကာတိဒါ၊ ဏိ။ ။
ဇေဏိဖသ္သာ သုဖသ္သာစ၊ သံဘဒ္ဒါမုဒုကာရိစ။
ဇောစညောစ သေယျာသေ၊ အဏ္ဍရာနံ ပဗောဓိကာ။ ။
တာမံကာလေနုပဂန္ဓွာ၊ အဘိဘာသန္တိ ဒေ၀တာ၊
ဟန္ဒနဓွာမ ဂါယာမ၊ ဟန္ဒတံ ရမယာမသေ။ ။
နယိဒံ အကတ ပုညာနံ၊ ကတပုညာနမေ၀ိဒံ၊
အသောကံ နန္ဒနံ ရမ္မံ၊ တိဒသာနံ မဟာ၀နံ။ ။

သုခံအကတာပုညာနံ၊ ဣဒ နတ္ထိပရတ္ထစ၊
သုခဋ္ဌ ကတာပုညာနံ၊ ဣဓစေဝ ပရတ္ထစ။ ။
ကေသံ သဟ္ဘကာမာနံ၊ ကတ္ဘာဇ္ဇံ ကုသလံ ဗဟုံ။
ကတာပုညာဟိ မောဒန္တိ၊ သဂ္ဂေဘောဂသမဂ္ဂိနော။ ။

သေဋ္ဌဝျူဟိယသဟာသာနိ၊ ဆဲ့နှစ်ငါးလိ၊ စုံညီခြောက်ဆယ်၊ ပွား ကျယ်ထောင်ပေါင်း ခြောက်သောင်းကညာ၊ တူရိယာဖြင့်၊ ဝမ်းသာ ရွှင် ကြည်၊ သဘင်သည်တို့သည်။ မေ၊ တပည့်တော်မ ဒါသိ နတ်သွီးကို။ ပဋိဗောဓံ၊ နှစ်သက် ရွှင်လမ်း၊ ဝမ်းမြောက်လေအောင်။ ကရောန္တိ၊ က ခြင်းသိခြင်း ဘိုးမှတ်ခြင်းဖြင့်၊ ခင်းကျင်းရံခံ ပြုလုပ်ကြကုန်၏။ အာလမ္ဗော အာလမ္ဗတူ ဒိုယာကို တိုးမှတ်ကမြ||းသော နှုတ်သားလည်း တ ယောက်။ ဘဂ္ဂရော၊ ဘဂ္ဂရတူရိယာကို တိုးမှတ် ကမြ||းသော နှုတ်သားလည်း တ ယောက်။ ဘိမ္မော၊ ဘိမ္မတူရိယာကိုတိုးမှတ် ရွှင်ပြ၊ ကမြ||းရသောဘိမ္မ နှုတ်သားလည်းတယောက်။ သာရဝါဒိ၊ ကောင်းမွန်လှစွာ၊ တူရိယာဖြင့်၊ တိုးခါ၊ မှတ်ခါ၊ ကမြ||းရှာသော သာရဝနှုတ်သားလည်းတယောက်။ သံသ ယော၊ သံသယမည်သောတူရိယာဖြင့်ကောင်းစွာ ရွှင်ပြ၊ ကမြ||းရသော သံသယနှုတ်သားလည်းတယောက်။ ပေါက္ခရော၊ ပေါက္ခရတူရိယာဖြင့် ကောင်းစွာ ရွှင်ပြ၊ကမြ||းရသောပေါက္ခရနှုတ်သားလည်းတယောက်။ သု ဖသော၊ သုဖသတူရိယာဖြင့် ဝမ်းသာ ရွှင်ပြ၊ကမြ||းရသော သုဖသ နှုတ်သားလည်းတယောက်။(ဤကားသဘင်သည်နှုတ်သားတို့တည်း)။

နာရိယောစ၊ သဘင်သည် နှုတ်သွီးတို့သည်ကား။ ဝိလာမေကွာစ၊ ဝိလာမောကွာမည်သော နှုတ်သွီးလည်းတယောက်။ နန္ဒာစေဝ၊ သုနန္ဒာစ နန္ဒာနှုတ်သွီး - သုနန္ဒာနှုတ်သွီးဟူသည်ရင်း။ သောဏဒိန္နာ၊ သုစိမ္ဘိတာ၊ သောဏဒိန္နာနှုတ်သွီး -သုစိမ္ဘိတာ နှုတ်သွီး ဟူသည်ရင်း။ အာလမ္ဗုသာ ဝိသာကေသိစ၊ အာလမ္ဗုသာနှုတ်သွီး၊ ဝိသာနှုတ်သွီး၊ ကေသိနှုတ်သွီး တို့သည်ရင်း။ ပဏ္ဍရိကာ တိဒါရုဏိ၊ ပဏ္ဍရိကာနှုတ်သွီး၊ အတိဒါရုဏိ နှုတ်သွီးတို့သည်ရင်း။ ဇေါ်ဖသာ၊ သုဖသာစ၊ ဇေါ်ဖသာနှုတ်သွီး၊ သုဖသာနှုတ်သွီးတို့သည်ရင်း။ သံဘဒ္ဒါမုဒုကာရိစ၊ သံဘဒ္ဒါ နှုတ်သွီး၊ မုဒုကာရိ၊ နှုတ်သွီးတို့သည်ရင်း။ အနုစ္ဆရာနံ၊ ကချေသည် သဘင်သည် နှုတ်သွီးအပေါင်းတို့ကုန်။ သေယျာသေ၊ အမြတ်ဆုံး-အကောင်းဆုံး၊ အ ချောအလှ၊ အကအဆို၊ နှုတ်အကျွေးစစ်၊ နှုတ်ကညာဖြစ်၍ မင်္ဂလာရှိကုန် သော။ ပဇေါဒိကာ၊နှစ်သက် ရွှင်လမ်း၊ ဝမ်းသာခြင်းကိုပြုတတ်ကုန်သော

ဇောတာစ၊ ထိုအလမ္ဗုသာစသောနတ်ကညာတို့သည်ရင်း။ အညာစ၊ထပါး သောနတ်ကညာတို့သည်ရင်း။ တာဒေဝတာ၊ ထိုသဘင်သည် နတ်အ ပေါင်းတို့သည်။ ဟံ၊ တပည့်တော်မ**ဒါသီနတ်သို့**အထံသို့။ ကာလေန၊ သင့်လျော် သောအခါ၌။ ဥပဂတ္မာ၊ ဆည်းကပ် ခစား လာကုန် ကြ ၍။ အာဘိဘာသန္တိ၊ ရှေးရှည်တော်ခါပြောဆိုပါကုန်၏။ ။

ကိုံ၊ အာဘယ်သို့ပြောဆိုသနည်းဟူမူကား။ ဟန္ဒ၊ ယခု။ နစ္စာမ၊ နှစ် သက်ရှင်လမ်း၊ ဝမ်းမြောက်ကြည်လင်၊ ပျော်ရှင်စေရာ၊ မြူးတူးခါဖြင့် ကပါကုန်အံ့။ ဂါယာမ၊ သီချင်းကဗျာ၊ လက်ဘက်ရတု။ အနုခရာ၊ သာ ယာစွာဖြင့်၊ သီဆိုပါကုန်အံ့။ ဟန္ဒ၊ ယခု။ တံ၊ ဝတိနိုးစိုးနင်း၊ သင်ကြား မင်း၏။ ပျော်ခင်းကျင်ဘက်၊ နှစ်သက်ကြည်လင်၊ ချစ်ခင်လှစွာ၊ လက် တွဲခါဖြင့် **ဒါသီမည်ရအရှင်မကို**။ ရမယာမသေ၊ မွေ့လျော်ပျော်ရှင် စိတ်ကြည်လင်အောင်၊ မြူးရှင်နှစ်သက်၊ အပျော်ဆက်ပါကုန်အံ့။ ဣတိ ဤသို့ညွှတ်ခ၊ ပြောလာကြပါကုန်၏။

ဘန္တေ၊ မောဂ္ဂလာန်မည်ညီးအရှင်ဘုရား။ ဣဒံ၊ ဤတပည့်တော်မ ခံစားရသောနတ်စည်းစိမ်သည်။ အကတပုညာနံ၊ ကုသိုလ်ကောင်းမှုကို မပြုလုပ်သောသူတို့၏။ နသုခံ၊ စည်းစိမ်ချမ်းသာမဟုတ်ပါဘုရား။ ကတ ပုညာနမေဝ၊ ကုသိုလ်ကောင်းမှု ပြုလုပ်သောသူတို့၏သာလျှင်။ ဣဒံ၊ ဤစည်းစိမ်သည်။သုခံ၊ ချမ်းသာစည်းစိမ်ဖြစ်ပါသည်ဘုရား။အသောကံ နှစ်သက်ဖွယ်ရာ၊ မျှားစွာအာရုံ၊ ကာမဂုဏ်ဖြင့်၊ လုံးစုံမပြတ်၊ ပြည့်စုံ လပ်၍ ထူးမြတ်ရိတ်ညိမ်၊ နတ်စည်းစိမ်ဖြင့်၊ စိုးရိမ်ဘွယ်မရှိသော။ ရမ္မံ နှလုံးမွေ့လျော်၊ ပျော်ရှင်ဘွယ်ရှိလှသော။ နန္ဒနံ၊ နန္ဒဝန်ခေါ်ဥယျာဉ်တော် သည်။ တိဒသာနံ၊ တာဝတိံသာ၊ နတ်မျှားစွာတို့၏။ မဟာဝနံ၊ ခမ်း နားကြီးကျယ်၊ ပျော်ဘွယ်မျှားစွာ၊ သာယာကြည်လင်၊ နတ်ဥယျာဉ် ကြီးပေတည်း။ ။

အကတပုညာနံ၊ ကုသိုလ်ကောင်းမှု၊မပြုလုပ်သောသူတို့အား။ သုခံ ချမ်းသာခြင်းသည်။ ဣဝစ၊ ဤဘဝ၌ရင်း။ ပရတ္ထစ၊ နောက်ဘဝ၌ရင်း နတ္ထိ၊ မရှိချေ။ သုခဉ္စ၊ ချမ်းသာခြင်းသည်ကား။ ကတပုညာနံ၊ ကုသိုလ် ကောင်းမှု ပြုလုပ်သောသူတို့အားသာလျှင်။ ဣဝစေဝ၊ ဤဘဝ၌ရင်း။ ပရတ္ထစ၊ နောက်ဘဝ၌ရင်း။ အတ္ထိ၊ ရှိချေ၏၊ တေသံ၊ ထိုတာဝတိံသာ နတ်တို့နှင့်။သဟာဗျကာမာနံ၊ အထူးတကွနေလိုသောသူတို့သည်။ကုသလံ ကုသိုလ်ကို။ ဗဟုံ၊ မျှားစွာ။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဟိ၊ မှန်၏။ကတပုညာ

ကုသိုလ်ကောင်းမှုပြုလုပ်သောသူတို့သည်။ သင်္ဂေ၊ နတ်ပြည်၌။ ဘောဂ သမဂီနော၊ စည်းစိမ်နှင့် ပြည့်စုံ ကြကုန် သည်ဖြစ်၍။ မောဒန္တိ၊ ဝမ်း မြောက် ရွှင်ပြ၊ ဟျော်ပါးကြကုန်၏။ ။ဒါ သိုနတ်သိုးဝတ္ထုပြီး၏ပထမ။

လခုမာနတ်သိုးဝတ္ထု။

မြတ်စွာဘုရားသခြေ့ ဗာရာဏသီပြည်၌ သတင်းသုံးနေတော်မူစဉ်အခါ၌။ ကေဝဋ္ဋဒွါရအမည်ရှိသော ဗာရာဏသီမြို့ တံခါး၏အနီး၌ ရှိသော ရွာကိုလည်း ကေဝဋ္ဋဒွါရရွာဟူ၍ ခေါ်ကြကုန်၏။ ထိုကေဝဋ္ဋဒွါရရွာ၌ သဒ္ဓါပညာနှင့်ပြည့်စုံသော၊ လခုမာအမည်ရှိသောမိန်းမတယောက်သည် ရှိ၏။ ထိုလခုမာအမည်ရှိသောမိန်းမသည်၊ ထိုမြို့တံခါးဖြင့် ဝင်ကြထွက်ကြကုန်သော ရဟန်းတို့ကိုရှိခိုးဦးချ၍၊ မိမိအိမ်သို့ပင့်ဆောင်၍၊ တဖွန်း တယောင်းမမျှသော၊ ဆွမ်းကိုလှူ၍လောင်း၍နေ့တိုင်းပင်လျှင်နေ၏။ ထို ကဲ့သို့ဆွမ်းလောင်းသောအလေ့အကျင့်ကိုပြုလျက်၊ သဒ္ဓါတရားတိုးပွါး ပြီနိုသဖြင့် နေရာဇရပ်အမိုးကလေးတခုကိုပြုလုပ်၍၊ ထိုဇရပ်အမိုးသို့ဝင် လာကုန်သော ရဟန်းတို့အား၊ နေရာကိုလည်းခင်း၏၊ သောက်ရေသုံးရေ တို့ကိုလည်းတည်ထား၏။ မိမိအိမ်၌ရှိသောထမင်းမယောမုံ့ဟင်းရွက် ချက်စသည်တို့ကိုလည်း၊ ရဟန်းတို့အားလောင်း၏။ ထို လခုမာသည် ရဟန်းတို့၏အထံ၌တရားတော်ကိုနာ၍၊ သရဏာဂုဏ် တို့ ကို လ ည်း ဆောက်တည်၏။ ငါးပါးသီလတို့ကိုလည်းကျင့်သုံး၏။

ဤကဲ့သို့သရဏာဂုဏ်သီလဖြင့် မိန်းမကောင်းပြီပြီ၊ တည်ကြည်စွာ နေ၍၊ အဆင်းဖြစ်ပျက်၊ အသံဖြစ်ပျက်၊ စသည်ဖြင့်ကြည့်ရှုဆင်ခြင်သော ဝိပဿနာရှုနည်းကိုလည်းသင်ယူ၍၊ ဖြစ်ပျက်ရှုခြင်းဝိပဿနာအလုပ်ကို အားထုတ်သည်ရှိသော်။ ရှေးဘဝတို့က၊ ဝိပဿနာရှုဘူးသော ဥပနိဿ ယနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်၊ သောတာပတ္တိဖိုလ်၌တည်၍၊သော တာပန်မကလေးဖြစ်ပြီးလျှင်။ ရုတေသောအခါ တာဝတိံသာနတ်ပြည် ဝယ်ကြီးစွာသော၊ ဘုံဗိမာနကြီး၌ နတ်သွီးတယောင် ခြံရုံလျက် နတ်သွီး ဖြစ်လေ၏။ **လခုမာနတ်သွီး**ဟူ၍ကျော်စောထင်ရှား၏။ ထိုလခုမာနတ် သွီးသည်၊ နတ်စည်းစိမ်ကိုခံစားစံစားလျက်၊ ဝမ်းမြောက် ရွှင်လမ်းစွာ လှည့်လည်ကြက်စားပျော်ပါး၍နေ့၏ ထို**လခုမာနတ်သွီး**ကိုအရှင်မဟာ မောဂ္ဂလာန်သည်၊ နတ်ပြည်သို့ဒေသစာရိကြွ၍တော်မူလျက်၊ ဤဂါထာ တို့ဖြင့်မေးတော်နှ၏။

အာဘိဏ္ဍနေ့နဝဏ္ဏော၊ ယာတ္ထံဟိဒ္ဓသိဒေဝတော၊
သြဘာသန္တိ ဒိသာသဗ္ဗာ၊ သြသဓိရိယတာရကာ။ ။
ကေနတေတာဒိသောဝဏ္ဏော၊ ကေနတေ ဣဝမိဒ္ဓတိ၊
ဥပဓ္ဓန္တိစ တေဘောဂါ၊ ယေကေစိ မနုသောပိယာ။ ။
ပုဏ္ဏာမိတံဒေဝိမဟာနုဘာဝေ၊ မနုဿဘူတာဂတိမကာသိပုညံ၊
ကေနာသိဇ္ဇဝံဓလိတာနုဘာဝါ၊ ဝဏ္ဏောစတေသဗ္ဗဒိသာ
ပဘာသတိ။ ။

(ရှေးဝဏ္ဏုတို့ခဲ့အနက်ပေးပြီးပြန်ကြည့်)။

လခုမာနတ်သို့းသည်အရှင်မောဂ္ဂလာန်မေးတော်မူသည်ကို၊ ဤဂါထာတို့ဖြင့်လျှောက်၏။ ။

ကေဝန္ဒဒ္ဓါရာနိဂ္ဂမ္မ၊ အဟုမယ္ဟံ နိဝေသနံ၊
တတ္ထ သဠ္ဠရမာနာနံ၊ သာဝကာနံ မဟောသိနံ။ ။
သြဒနံ ကုမာသံဇာကံ၊ လောဏသောဝိရကဉ္စဟံ၊
အဒါသိံ ဥဇုဘူတေသု၊ ဝိပ္ပသန္နေနစေတသာ။ ။

ကေဝန္ဒဒ္ဓါရာ၊ ဗာရာဏသီမြို့ တင်ပါတံခါးမှ။ နိဂ္ဂမ္မ၊ ထွက်ခါအစ၊ တံခါးဝ၌။ မယ္ဟံ၊ တပည့်တော်မ၏။ နိဝေသနံ၊ နေအိမ်သည်၊ အဟု၊ ဖြစ်ပါ၏။ တတ္ထ၊ ထိုဗာရာဏသီမြို့တင်ပါတံခါးသို့။ သဠ္ဠရမာနာနံ၊ထွက်ဝင်သွားလာကုန်သော။သာဝကာနံ၊ ဘုရားတပည့်ဖြစ်တော်မူကုန်သော မဟောသိနံ၊ အမြတ်ကိုရှာလေ့ရှိကုန်သော ရဟန်းတို့အား။ သြဒနံ။ တမင်းကိုဂင်း။ ကုမာသံ၊ မယောမုံ့ကို၊ ဇာကံ၊ ဆံကွဲနှင့် ရောမ၍ ချက်သော၊ ဟင်းရွက်ဟင်းချိုကိုဂင်း။ လောဏသောဝိရကဉ္စ၊ ဆားရေ ဆံ့ဆေးရေဖြင့်စိမ်သော၊ ကတက်ချင်-မုံ့လာချင်၊ ဟင်းဂလာချင် အစရှိသောချင်ဘတ်ကိုဂင်း။ ဝါ၊ ဆံပုံးရည်-ပဲပုံးရည် စသည်ကိုဂင်း။ ဝိပ္ပသန္နေန၊ ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ ဥဇုဘူတေသု၊ဖြောင့်ဖြောင့်ကျင့်ကုန်သောရဟန်းတော်တို့၌။ အဒါသိံ၊ ပေးလှူပါသည်အရှင်ဘုရား။ ။

လခုမာနတ်သို့းသည် ဒါနကုသိုလ်ပြုလုပ်ကြောင်းကို လျှောက်ကြားပြီး၍၊ သီလကုသိုလ်ပြုကြောင်းကိုလည်း၊ ဤသို့လျှောက်ကြားပြန်၏။

စတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာစပက္ခသသာဒ္ဓဒိ၊
ပါဋိဟာရိယ ပက္ခဉ္စ၊ အဋ္ဌင်္ဂ သုသမာဂတံ။
ဥပေါသထံ ဥပဝသိသံ၊ သဒ္ဓါသိလေသု သံဝုတာ။ ။

စဟုဒ္ဒသိ၊ တဆဲ့လေးရက်နေ့ခ်ဳပ်ပါ။ ပဉ္စဒသိ၊ တဆဲ့ငါးရက်နေ့ခ်ဳပ်ပါ။ ပက္ခသ၊ လွဆန်းပက္ခလုပ်ပက္ခ၏။ ယာစအဋ္ဌမိ၊ အကြိုင်ရှစ်ရက်မြောက်နေ့ခ်ဳပ်ပါ။ ဝါ၊ လဆန်းရှစ်ရက်နေ့၊ လဆုပ်ရှစ်ရက်နေ့ခ်ဳပ်ပါ။ ပါဋိဟာရိယ-ပက္ခဋ္ဌ၊ အဘိဘာနေ့၊ အထွက်နေ့ခ်ဳပ်ပါ။ ဝါ၊ လဆန်းခုနစ်ရက်၊ လဆုပ်ခုနစ်ရက်၊ လပြည့်အဘိတ်၊ လကွယ်အဘိတ်ဟူ၍အဘိတ်နေ့လေးရက်။ လဆန်းကိုးရက်၊ လဆုပ်ကိုးရက်။ လပြည့်ကျော်တရက် လဆန်းတရက်ဟူ၍၊ အထွက်နေ့ လေးရက် ဟူသော ပါဋိဟာရိယ အဘိတ်နေ့အထွက်နေ့တို့ခ်ဳပ်ပါ။ ဝါ၊ အကြိုနေ့အပိုနေ့တို့ခ်ဳပ်ပါ။ ဥပေါသထံ ဥပုသ်သီလကို။ ဝါ၊ နေ့ရက်ပိုင်းခြား၍စောင့်သုံးသောဥပေါသုထသီလကို။ ဥပဝသိသံ၊ စောင့်သုံး၊ ဂါသည်အရှင်ဘုရား။ သဒ္ဓါ၊ ကံ-ကံ၏အကျိုးကိုယုံကြည်သောသဒ္ဓါဟာရားဖြင့်။ သီလေသု၊ သီလတို့ခ်ဳပ်။ သံဝုတာ စောင့်စည်းပါသည်အရှင်ဘုရား။ ။

လခုမာနတ်သို့ပြီးသည်၊ အဘိတ်နေ့အထွက်နေ့အကြိုအပိုနှင့်တကွ ဝေလလျှင်တဆဲ့နှစ်ရက်၊ နေ့ရက်ပိုင်းခြား၍စောင့်သုံးသောဥပေါသထသီလကိုလျှောက်ကြားပြီး၍။ နေ့ရက်အပိုင်းအခြားမရှိ၊ အမြဲစောင့်သုံးသောနိစ္စသီလကိုလျှောက်ကြားပြန်၏။ ။

ပါဏာတိပါတာဝိရတာ၊ မုသာဝါဒါစသညတာ၊
ထေယျာစအတိစာရာစ၊ မဇ္ဇပါနာစအာရကာ။ ။

အဟံ၊ လခုမာခေါ်တပည့်ဟောင်းမသည်။ ပါဏာတိပါတာ၊ သူတပါး၏အသက်ကိုသတ်ခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ်ပါ၏အရှင်ဘုရား။ မုသာဝါဒါစ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှလည်း။ သညတာ၊ စောင့်စည်းပါသည်အရှင်ဘုရား။ ထေယျာစ၊ သူတပါးဥစ္စာကိုခိုးယူခြင်းမှ၎င်း။ အတိစာရာစ၊ မိမိလင်ကိုလွန်၍ကျင့်ခြင်းမှ၎င်း။ မဇ္ဇပါနာစ၊ အရက်ကစော်သောက်ခြင်းမှ၎င်း။ အာရကာ၊ ဝေးစွာရှောင်ကြဉ်ပါသည်အရှင်ဘုရား။ ။

လခုမာနတ်သို့ပြီးသည်နေ့ရက်ပိုင်းခြား၍ စောင့်သုံးသောနှစ်ပါးသီလ အမြဲစောင့်သုံးသောငါးပါးသီသတို့ခ်ဳပ်စောင့်သုံးကြောင်းကိုလျှောက်ကြားပြီး၍။ အဆင်းဖြစ်ပျက်၊ အသံဖြစ်ပျက်၊ အနံ့ဖြစ်ပျက်၊ အရသာဖြစ်ပျက်၊ အပူဖြစ်ပျက်၊ အေးဖြစ်ပျက်၊ စိတ်ဖြစ်ပျက်၊ ဖြင့်ပျက်ဖြစ်ပျက်မမှန်ကြောင်းပျက်။ ဤသို့စသည်ဖြင့် ရုပ်နာမ်၏ဖြစ်ပျက်ကိုကြည့်ရှုဆင်ခြင်၊ ဉာဏ်ခ်ဳပ်ထင်၍။ (ဖြစ်ချင်*ဖြစ်*မဖြစ်ချင်*မဖြစ်)သစ္စာလေးပါးအ

စစ်ကိုလည်း ကောင်းစွာသိမြင် ကြွမ်းကျင်လိမ်မာ၍၊ သောတာပန် မဂ လေးဖြစ်ကြောင်းကို ဤသို့လျှောက်ကြားပြန်၏။ ။

ပဠုသိက္ခာပဒေရတာ၊ အရိယသစ္စာနုကောဝိဒါ၊
ဥပါသိကာစက္ခုမတော၊ ဂေါတမသာသနေ ယသသိနော။ ။

အဟံ၊ လခုမာခေါ်တပည့်တော်မသည်။ ပဠုသိက္ခာပဒေ၊ ငါးပါးသိက္ခာပုဒ်၌။ ရတာ၊ မြဲစွာပျော်မွေ့၊ စောင့်သုံးလေ့ရှိသော။ အရိယသစ္စာနုကောဝိဒါ၊ ဖြစ်ချင်-ဖြစ်-မဖြစ်ချင်-မဖြစ်။ သစ္စာလေးရပ်တရား မြတ်၌၊ လိမ်မာကြွမ်းကျင်သည်ဖြစ်၍။ စက္ခုမတော၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ ယသသိနော၊ မျှားမြတ်သောအမြီအရံအကျော်အစောရှိတော်မူသော၊ဂေါတမသာ၊ဂေါတမမြတ်စွာဘုရား၏။ ဥပါသိကာ ဒါယကာမဖြစ်ပါသည့်အရှင်ဘုရား။ ။

ဤသို့လခုမာနတ်သို့း လျှောက်ကြားပြီးသော အဆုံး၌၊ အရှင်မဟာ မောဂ္ဂလာန်သေရှင်မြတ်သည်၊ တရားဆက်၍ဟောတော်မူပြန်၏။ တရားတော်အဆုံး၌ သောတာပန်တည်ပြီးသော **လခုမာနတ်သို့**းသည်သက ဒါဂါဒိဖိုလ်၌တည်လေ၏။ ။

ထေရသမဓေဒေသနာယ သကဒါဂါမိဖလံပါပုဏိ။ ။

ဝိမာနဝတ္ထုအဋ္ဌကထာ။ ။

လခုမာဥပါသိကာနတ်သိုးသည် မြတ်စွာဘုရား၏ ခြေတော်ဟူ၊ ဟုတ်ခိုးလိုက်ပါသည်ဟူ၍၊ မြတ်စွာဘုရားအားလျှောက်ကြားတော်မူပါဟု အရှင်မဟာမမောဂ္ဂလာန်အား လျှောက်ကြားလိုက်၏။ ထိုအကြောင်းကို အရှင်မောဂ္ဂလာန်သည် မြတ်စွာရှာရှားအားလျှောက်ကြား၏။ ။

ဒုတိယ ပြီး၏။

အာစရိယဒါယိကာနတ်သို့းဝတ္ထု၊ ထမင်းချိုး ၇၂ သောအကျိုး။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌၊ နေတော်မူစဉ်အခါ။ ထိုရာဇဂြိုဟ်ပြည်ဝယ် တဦးသောအမျိုးဧကန်ရှိ အဟာ ဝါတရောဂါဖြစ်၍၊ သေဆုံးမျက်စိးကြီးသောကြောင့်၊ မိန်းမတယောက် သားသျှင်ကြွင်းကျန်တော့၏။ ထိုမိန်းမသည်သေအံ့သောဘေးမှကြောက် သောကြောင့်၊ အသုံးခုံသောဥစ္စာပစ္စည်းတို့ကိုစွန့်ပစ်၍၊ သိက္ခာဆိုက်ခြင်း နှံ့ရုံအပေါက်မှထွက်ပြေးခဲ့၍၊ ကိုးကွယ်ရာမဲ့, ခြေဦးတည့်ရာသွားသည်ရှိ

သူတပါးတို့အိမ်သို့ရောက်၍၊ အိမ်နောက်ဖေးနံပါးဌာနေ၏။ ထိုအိမ်ရှင်နေ သောလူတို့သည် သနားခြင်းဂုဏ်ကြောင့်၊ ထမင်းအိုး ဟင်းအိုးတို့ရှိကြောင်း ကျွန်ဘောယာဂုထမင်းကျွန်၊ ထမင်းချိုးစသည်တို့ကိုပေးကြကုန်၏။ ထို မိန်းမသည်လည်း၊ ထိုအိမ်ရှင်နေသောလူတို့ကိုအမှီပြု၍ ထမင်းကျွန် ဟင်း ကျွန် ဂုဂု ထမင်းချိုး စသည်တို့ဖြင့်၊ အသက်မွေးဝမ်းကြောင်းပြုလျက် နေ၏။

ထိုခါရှင်အာရှင်မဟာကဿပထေရ်မြတ်သည်၊ နိုရောဓသမာပတ်သို့ဝင် စားတော်မူ၍၊ ခုနစ်ရက်မြောက်သဖြင့်၊ နိုရောဓသမာပတ်မှ ထတော်မူ လျှင်၊ ငါသည်ယနေ့နံနက်ဆွမ်းခံခြင်းကိုပြုလျက်၊ ဘယ်သူအားချီးမြှောက် ရပါအံ့နည်း၊ အဘယ်သူအား ဆင်းရဲ ဒုက္ခ ဘေးမှရှင်း၊ ဒုဂ္ဂတ်အပါယ် ဘေးမှရှင်း၊ ကင်းလွတ်အောင် ကယ်တင်ရပါအံ့ နည်းဟူ၍ ကြံတော်မူ လျက် ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော်။ ထိုမိန်းမသေလုနီးသော အ ဖြစ်ကိုရှင်း။ သေပြီးသည့်နောက်၊ ငရဲသို့ရောက်လတန့်သော ကံကအ ခွင့်သာ၍နေဆည်ကိုရှင်း၊ မြင်တော်မူ၍၊ ငါသွားသည်ရှိသော် ထိုမိန်းမ သည်မိမိရသော ထမင်းချိုးကို လောင်းလှူလတန့်။ ထိုကုသိုလ်ဖြင့် နတ် ပြည်ရှိဖြစ်လတန့်။ ဤသို့ဖြစ်သည်ရှိသော် ငရဲဘေးမှလွတ်လတန့်၊ ငါ သည်ယခုပင်လျှင်သွား၍၊ နတ်စည်းစိမ်ကိုဖြစ်စေအံ့ဟု၊ နံနက်အခါသင်း ပိုင်ကိုပြင်ကာဝတ်၍၊ သဝိတ်သင်ကန်းယူဆောင်ကာ၊ ကိုယ်သူဆင်းရဲမနေ သောနေရာသို့ခေါ်ခေါ်ကြတော်မူ၏။

ထိုအခါသိကြားမင်းသည်ပကတိသောသိကြားအသွင်းဖြင့်၊ မျှားသော အရသာရှိသော၊ မျှားသောစမဲဟင်းရာနတ်ဩဇာတို့ကိုဆောင်ယူ၍လာ ၏။ အရှင်မဟာကဿပထေရ်မြတ်သည်၊ သင်သည်ပြုပြီးသောကုသိုလ် ရှိ၏။ အဘဲ့ကြောင့်ဤသို့ပြုလုပ်ရသနည်း။ အဝေးကျွန်သော သူဆင်းရဲ တို့၏စည်းစိမ်ကိုမလုရက်လင့်ဟုဆို၍၊ ပယ်တော်မူပြီးလျှင်ထိုသူဆင်းရဲ မိန်းမ၏ခြေ၌ရပ်တော်မူ၏။ **ထိုသူဆင်းရဲမသည်** အရှင်မဟာကဿပ ထေရ်ကိုမြင်လျှင်၊ ဤအရှင်မြတ်ကားကြီးမားသောဘုန်းကံရှိ၏။ ဘုန်းကံ ကြီးမားလာတ်ပေါ် မျှားသော ဤအရှင်မြတ်အားလှူခြင်းငှာ သင့်လျော် သောဆွမ်းကောင်း ဟင်းကောင်းလည်းငါမရှိ။ ဤညစ်ပေသောထမင်း ခွက်ခွဲမျက်ခွက်-မြူ။ မှုံ့ တို့ယောင်ခြုံးလျက်၊ ဆားလည်းမပါ၊ ဆီလည်းမ ပါ၊ ဇီမြစ်ရှာလျက်အရသာမရှိသောထမင်းချိုးပုံးရည်ဟင်းမျှဖြင့်ဤကဲ့သို့

တနိုင်ငံအာနုဘော်ကြီးလှသော အရှင်မြတ်အား လောင်းလှူခြင်းငှါ မခဲ့ပ
ပါဟုကြံ၍ ကန်တော့ဆွမ်းပါ အရှင်ဘုရားဟုဆိုဖို့။

မထေရ်မြတ်သည် ဘဝါးလှမ်း တလှမ်းမျှဖြင့် ဝဲသွားခဲ့ ရင်ပြင်တိုင်း
ရပ်တော်မူပြန်ဖို့။ ထိုအိမ်ဦးနေကုန်သောလူတို့သည် ဆွမ်းကောင်း ဟင်း
ကောင်းတို့ကိုယူ၍ လောင်းလှူရန် လာကြကုန်ဖို့။ အရှင်မဟာကဿပ
ထေရ်မြတ်သည် အလှူခံတော်မမူဘဲနေဖို့။ ထို **သူဆင်းရဲမ**သည် ကြောင်
ပါ့အား သာလျှင် ချီးမြှောက်ခြင်းငှါ ကြွလာတော်မူပါတကား။ ငါ့ကို
ဤသူကိုမှ အလှူခံတော်မူလိုပါတကား-ဟု သိ၍၊ ကြည်ညိုသော စိတ်ဖြင့်
လျက်၊ ထိုထမင်းချိုးကို မထေရ်မြတ်၏ သပိတ်ထည်းသို့ လောင်း၍
လှူ၏။

အရှင်မဟာကဿပမထေရ်မြတ်သည် ထို **သူဆင်းရဲမ** သဒ္ဓါကြည်
ညိုသို့ တိုးပွားစေခြင်းငှါ စားသုံးအံ့သော အချင်းအရာကို ပြုတော်မူလျှင်
လူတို့သည် နေရာကိုခင်း၍ပေးကြကုန်ဖို့။ မထေရ်မြတ်သည် ထိုနေရာ
ထိုင်တော်မူ၍ ထိုထမင်းချိုးကိုဘုဉ်းပေးတော်မူ၍ ရေကိုသောက်ပြီးလျှင်
အနုမောဒနာ ပြုတော်မူ၍ ထို **သူဆင်းရဲမအား** ဤဘဝမှ ရှေးသုံးခ
မြောက်သောဘဝ၌ သင်သည်ငါ့၏အဓိပ္ပာယ်ဖို့ဟုဆိုလျှင်ဝဲသွားတော်မူ၏။

ထို-သူဆင်းရဲမသည်လည်း မထေရ်မြတ်၏စကားဖြင့် ရှေးဘဝ၌
ငါ၏သားဖြစ်ပါတကားဟု မထေရ်မြတ်ကို အလွန်ချစ်ခင်ကြည်ညိုခြင်း
ဖြစ်၍၊ ထိုညဉ့်ပထမညဉ့်ဦးယာမ်ဝင်လျှင်ဝတေ၍ နိမ္မာနရတိနတ်ပြည်ခဲ
ဖြစ်လေ၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်တော်ကြီးတော်၌ ရှိ ပေါ်ရှိကသေးသော အခါ၊ အရှင်မဟာမောဂ္ဂလာန်၏ အလေ့ပဋိဘာဝ၏ အင်အားနှင့် သူတပါးကားရောပေါ်ရောက်သည် ဥဒ္ဓာရနတ်သီးဝတ္ထုနှင့် ဆိုခဲ့ပြီး သော ပိန်းကားပေါ်ကလည်း လှူဒါန်းပေးကမ်းပြုသော ဒါနမှုကသယ စိတ် သာသော်လည်းဖြစ်၍ အရှုပ်ခေါ်ရသော အခါ၊ ထိုရာဇဂြိုဟ်ပြည်၌

ပင်လျှင် မထင်ရှားသောအမျိုး၏အိမ်ဝယ်တယောက်သောသတ္တိသားနှင့် ပေးစားလက်ထပ်၍ ယောကျ္ဍမအိမ်သို့ လိုက်၍နေရ၏။ ထိုယောကျ္ဍမ သည်ကား၊ ရတနာသုံးပါးဒွ်ကြည်ညိုခြင်းမရှိသော မိစ္ဆာဒိဋ္ဌိဖြစ်၏။

ထိုအခါ၌ အရှင်မဟာ မောဂ္ဂလာနဲ့ ထေရ်မြတ်သည် ဈာန်ဖြုန်းပြည် တွင်းသို့ဝင်၍ အိမ်စဉ်မပြတ်ဆွမ်းရပ်တော်မူသည်ရှိသော်၊ ထိုသူယောမ၏ယောကျ္ဍမအိမ်တံခါးသို့ရောက်၍ဆွမ်းရပ်တော်မူသည်ကို ထိုသူယောမ မြင်လျှင်၊ လူချင်လှသော စိတ်သဘောရှိသည်ဖြစ်၍ လူစရာဝတ္ထုကို ကြည့်ရှုသည်ရှိသော်၊ ယောကျ္ဍမထားသော ကြီတချောင်းကိုမြင်၍ ထို ကြီတချောင်းကိုပင်ငါလှူတော့အုံ့။ ယောကျ္ဍမလာသောအခါမှပြောကြား၍ ဝမ်းမြောက်စွာ သာဓုခေါ်စေအုံ့ဟုကြံ၍ အရှင်မဟာမောဂ္ဂလာန်အား ကြီတချောင်းကိုလှူလိုက်၏။

အရှင်မဟာမောဂ္ဂလာန်သည် အနုမောဒနာပြု၍ ကြွသွားတော်မူ၏။ ယောကျ္ဍမပြန်လာသောအခါ ထားခဲ့သောကြီကိုမမြင်၍၊ ငါထားခဲ့သော ကြီကို သင်သည် အဘယ်သို့ ပြုလုပ်သနည်းဟု မေးမြန်းသည်ရှိသော်၊ အရှင်မဟာမောဂ္ဂလာန် ဆွမ်းရပ်လာ၍လှူလိုက်ပါကြောင်း၊ ထိုကုသိုလ်ကို အရှင်မသည် ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့ဟု ပြောသောအခါ၊ မိစ္ဆာဒိဋ္ဌိဖြစ်သောယောကျ္ဍမသည်သာဓုခေါ်မည်ကားဝေးလေစွ၊ဒေါသ အမျက် ချောင်းချောင်းထွက်၍ ဤကြီကို နင်အစိုးပိုင်သလော၊ ငါအစိုး ပိုင်သလောဟုမေးလျှင်၊ အရှင်မသာ စိုးပိုင်ပါသည်ဟု ပြောသောအခါ၊ ငါစိုးပိုင်သောကြီကို ငါ့အားမပန်ကြားဘဲ ရဟန်းအား အဘယ့်ကြောင့် နင်ပေးရသနည်းဟုဆဲဆိုရှိ၍ အနိုးဒ္ဒရှိသော အင်းပျဉ်ခုံယမ်ကိုယူ၍ ရိုက်နှက်သည်ရှိသော် ထိုခဏာ၌ပင်လျှင်ရုတေ့ရုတ်ကဲ့ သာနတ်ပြည်၌နတ် ဘုံးဖြစ်၍ **ဥန္ဒုရိမာနနတ်သို့** ဟု ထင်ရှား၏။

ထိုသို့သေဆုံးသောညဉ့်အခါ၌ပင်လျှင် အရှင်မဟာ မောဂ္ဂလာန် ဂိဇ္ဈကူဋ်တောင်၌ နေတော်မူရာသို့ ဆည်းကပ်ရောက်လာ၍ အလုံးစုံသော ဂိဇ္ဈကူဋ်တောင်ကို နေရောင်လရောင်ကဲ့သို့ ထွန်းလင်းစေလျက် ၊ထေရ်မြတ်ကိုရှိခိုး၍လက်အုပ်ချီကာ သင့်တင့်ရာ၌ရပ်၍နေ၏။ ထိုအခါ၌အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ထိုဥန္ဒုရိမာနနတ်ဘုံးကို ဤကဲ့သို့ ဘိုးဖြင့် မေးတော်မူ၏။

ဩဘာသယိတ္တာ ပထိုင်သဒေဝကံ၊
အတိရောစသိ စန္ဒိမသူရိယာဝိယ၊
သိရိယာစဝဏ္ဏနဲ့ ယသေနဲ့တေဇသာ၊
ဗြဟ္မာဝဒေဝေါဒေသေသဟိန္ဒကေ။ ။
ပုဏ္ဏာဝိ တံ ဥပ္ပလမာလခါရိနီ၊
အာဝေဏ္ဍိနီကဏ္ဍနသန္ဓိသတ္ထိယော
အလက်ေတ ဥဒ္ဒမ်ဝတ္ထခါရိနီ၊
ကာတ္ဆံသုဘေဒေဝေတ ဝန္ဒေသမမ်ံ။
ဒါနံသုစိ ဟိတ ဟိ အတ္ထသိလသံယမံ၊
ကေနုပမ္ပန္ဓာသုဂတိ ယာသယိနီ၊
ဒေဝတေ ပုဏ္ဏတာဝိက္ခ၊
ကသ ကမ္မသိဒ်ဖလံ။ ။

စန္ဒိမသူရိယာဝိယ၊ လနေကဲ့သို့ဝင်း။ ဗြဟ္မာဝ၊ ဗြဟ္မာကဲ့သို့ဝင်း။ သဒေဝကံ၊ နတ်နှင့်တကွသော။ ပထိုဝီ၊ မြေပြင်အလုံးကို။ ဩဘာသယိတ္တာ၊ ထွန်းလင်းစေ၍။ သိရိယာစ၊ အသရေအားဖြင့်ဝင်း။ ဝဏ္ဏနဲ့စ၊ အဆင်းအရောင်အားဖြင့်ဝင်း။ ယသေနဲ့စ၊ အမြီးအရံအားဖြင့်ဝင်း။ တေဇသာ၊ တံခိုးအား အဂ္ဂိန်အားဖြင့်ဝင်း။ သဟိန္ဒကေ၊ သိကြားမင်းနှင့်တကွ ဖြစ်ကုန်သော။ တိဒသေ၊ တာဝတိံသာဒေဝ ဖြစ်ကုန်သော။ ဒေဝေ၊ နတ်အပေါင်းကို့ကို။ **အာဘိ** လွန်၍။ ရောစသိ၊ တင့်တယ်၏၊

ဥပ္ပလမာလခါရိနီ၊ ကြာညိုပန်းကို ပန်ဆင်လျက်ရှိသော။ အာဝေဏ္ဍိနီ၊ နားသွယ်ပန်း ဦးစောက်ပန်း နားခေါင်းနားကပ် ဝတ်ဆင်လျက်ရှိသော။ ကဏ္ဍနသန္ဓိဘတ္တိစေ၊ ရွှေအဆင်းကဲ့သို့ အရေအဆင်းရှိ၏သော။ အလက်တေ၊ လက်ကောက် ခြေကျင်း၊ ထိန်ဝင်းရောင်ဝါ တန်ဆာဆင်လျက်ရှိသော။ ဥဒ္ဒမဝတ္ထခါရိနီ၊ ကောင်းမြတ် တင့်တယ် ရှုချင်ဖွယ်ရှိသော နတ်ဝတ်ထဝီအင်္ကျီပုဝါကောင်းစွာဝတ်ဆင်လျက်ရှိသည်ဖြစ်၍။ သုဘေ၊ တင့်တယ်လှပစွာသော။ ဒေဝေတ၊ နတ်သင်္ဘီး။ တွံ၊ သင်နတ်သင်္ဘီးသည်။ မမ်ံ၊ မောဂ္ဂလာန်ခေါ်တွင် ငါအရှင်ကို။ ဝန္ဒေသ၊ ရိုသေလေးစားရှိခိုးလော့။ တွံ၊ သင်သည်။ ကာ၊ အဘယ်သူပေနည်း။

တံ၊ သင်နတ်သင်္ဘီးကို။ ပုဏ္ဏာဝိ ငါမေးတော်မူ၏။ ဒါနံ၊ ပေးကမ်းလှူခြင်းကို။ သုစိ ဟိ၊ ကောင်းစွာအားဆုတ်ပြုလုပ်လေ့လာခြင်း လေ.

အထ၊ ထိုသို့မဟုတ်။ သီလသံယမံ၊ သီလကိုစောင့်စည်း ပေသလော။ ယသာသိနိ၊ များသောအခြံအရံရှိသောနတ်သမီး။ ကေန၊ အဘယ်ကုသိုလ် ကြောင့်။ သုဂတိံ၊ ဂတိကောင်းရာ ဝတိံသာသို့။ ဥပပန္နာ၊ ရောက်ရပါ သနည်း။ ဒေဝတေ၊ ပျိုမြစ်နုနယ် ရှုဘွယ်ရှိလှ သမီးလှ။ ပုဋ္ဌာ၊ ငါမေး တော်မူသည်ကို။ အာစိက္ခ၊ ပြောကြားပါလော့။ ဣဒံ၊ ဤသို့တင့်တယ် ပွပသော အကျိုးသည်။ ကဿကမ္မဿ၊ အဘယ်ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးပေနည်း။

ဤသို့အရှင်မဟာမောဂ္ဂလာန် မေးတော်မူသည်ရှိသော်၊ ဥစ္ဆုဝိမာန နတ်သမီးသည်၊ ဤဂါထာတို့ဖြင့် ဖြေကြားလျှောက်တင်အပ်သတည်း။

ဣဒါနိဘန္တေ ဣမမေဝဂါမံ၊
ပိဏ္ဍာယ အမှာကဃရံ ဥပါဂမိ၊
တတော တေ ဥစ္ဆုဿအဒါသိခဏ္ဍိကံ၊
ပသန္နစိတ္တာ အတုလာယ ပီတိယာ။ ။

သဿုစပစ္ဆာအနုယုဉ္ဇတေ မမံ၊
ကဟံနုဥစ္ဆုံ ဝဓုကေ အဝါကိရိ၊
နဆဍ္ဍိတံ နောပနခါဒိတံ မယာ၊
သန္တဿ ဘိက္ခုဿ သယံဒဒါမဟံ။ ။

တုယှံ နွိဒံ ဣဿရိယံ အထောမမံ၊
ဣတိဿာ သဿုပရိဘာသတေ မမံ၊
လေဍ္ဍုံ ဂဟေတွာ ပဟာရံအဒါသိမေ၊
တတော စုတာ ကာလကတာမှိ ဒေဝတာ။ ။

တဒေဝကမ္မံ ကုသလံ ကတံမယာ၊
သုခဉ္စကမ္မံ အနုဘောမိ အတ္တနာ၊
ဒေဝိန္ဒဂုတ္တာ တိဒသေဟိရက္ခိတာ၊
သမပ္ပိတာ ကာမဂုဏေဟိ ပဉ္စဟိ။ ။

ဧတာဒိသံပုညဖလံအနပ္ပကံ၊
မဟာဝိပါကာမမဥစ္ဆုဒက္ခိဏာ၊
ဒေဝေဟိ သဒ္ဓိံ ပရိစာရယာမဟံ၊
မောဒါမဟံ ကာမဂုဏေဟိ ပဉ္စဟိ။ ။

ဇောဒိသံပုညဖလံအနုပ္ပကံ၊
မဟာဇုတိကာ မမညန္တုဒကၠိဏာ၊
ဒေဝိန္ဒဂုတ္တာတိဒသေဟိ ရက္ခိတာ၊
သဟာသနေတ္ထာရိဝနန္ဒနေဝနေ။ ။
တုစ်စဘန္တေ အနုကမ္ပကံဝိဒုံ၊
ဥပစ္စဝန္ဒိ ကုသလဉ္စပုဏ္ဏသံ၊
တတောတေဥဏ္ဍုသ အဒါသိခဏ္ဍိကံ၊
ပသန္နစိတ္တာအဘုလာယဒိဘိယာ။ ။

ဘန္တေ၊ လက်ပဲတော်ရံ ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလာနဘုရား။ ဤဒါနိ၊ ယခုနေ့ဦးပင်လျှင်၊ ဤမမေဝဂါမ်၊ ဤရာဇဂြိုဟ်ပြည်၌။ ဝိဏ္ဏာယ၊ ဆွမ်းအလှူခံ၏။ အမှာကဟု၊ တပည့်တော်မတို့၏အိမ်သို့။ ဥပါဂမိ၊ အရှင်ဘုရားရောက်လာပါ၏။ တတော၊ ထိုသို့ရောက်လာတော်မူသောကြောင့်။ တေ၊ အရှင်ဘုရားအား။ ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ အဘုလာယ၊ မနှစ်မြို့ယှဉ်အပ်သော။ ဒိတိယာ၊နှစ်သက်ခြင်းဖြင့်။ ဥ၊ ဤ၊သ၊ ကြံတရောင်းတို့။ ခဏ္ဍိကံ၊ အပိုင်းအပြတ်ကို။ ဝါ၊ ကြံတဖြတ်ကို။ ဝါ၊ ကြံတပိုင်းကို။ အဒါသိ၊ လှူပါ၏အရှင်ဘုရား။ မယံ၊ ကြံတဖြက်သူသော တပည့်တော်မကို။ သသုစ၊ ယောဂျမဖြစ်သူမိန်းမကြီးသည်။ ပဏ္ဍာ၊ နောက်မှလား၍။ အနုယုဇ္ဇတေ၊ မေးမြန်းစိစစ်ပါ၏။ ဝရ၊ ရှေးမ။ ဥ၊ ဤ၊ ကြံကို။ ကဟံ၊ နု၊ အာဘယ်သို့လျှင်။ တေ၊ သင်သည်။ အဝါ ကရိ။ ဖျောက်ဖျက်စွန့်ပစ်ဘိသနည်း။ ဣတိ၊ ဤသို့မေးမြန်း စိစစ်သည်ရှိသော်။ မယာ၊ ကျွန်တော်မသည်။ နခဏ္ဍိတံ၊ စွန့်ပစ်သည်လည်းမဟုတ်ပါ။ နောပနခါဒိတံ၊ ခဲစားသည်လည်းမဟုတ်ပါ။ သန္တ သ၊ ငြိမ်သက်သော။ ဘိက္ခု၊ သ၊ ရဟန်းအာ။ အဟံ၊ ကျွန်တော်မသည်။ သယံ ကိုယ်တိုင်။ ဒဒါမိ၊ လှူလိုက်ပါသည်အရှင်မ။ ဣတိ၊ ဤသို့ပြောသည်ရှိသော်။ ဝရ၊ ဟဲ့ ရှေးမ။ ဣဒံ၊ ဤကြံကို။ တုယ္ဟံ၊ သင်၏။ ဣသရိယံ၊ စိုးပိုင်သော ဥစ္စာလော။ အဟော၊ ထိုသို့မဟုတ်။ မယံ၊ ငါ၏။ ဣသရိယံ၊ စိုးပိုင်သော ဥစ္စာလော။ ဣတိ၊ ဤသို့ဆို၍။ သသု၊ ယောဂျမသည်။ မယံ၊ တပည့်တော်မကို။ ပရိဘာသတေ၊ ဆဲခြေးပါသည်ဘုရား။ ဒိဋ္ဌံ၊ ထိုင်ခုံယောဖြစ်သော အင်းပျဉ်ကို။ ဝါ၊ ဖက်ထိုင်သောပျဉ်ပြားကို။ ဂဟေတ္ဝာ။ ဆွဲကိုင်၍။ မေ၊ တပည့်တော်မအား။ ပဟရိ၊ ရိုက်နှက်ခြင်းကို။ အဒါသိ၊ ပေး၏။ တတော၊

ထိုသို့ပျဉ်ပြားနှင့်ရိုက်နှက်ခြင်းကြောင့်။ စုတာ၊ စုတေ၍။ ကာလဟာ်တာ၊ သေသည်ရှိသော်။ ဒေဝတာ၊ နတ်သွင်းသည်။ အမှိ၊ ဖြစ်ရပါသည်အရှင်ဘုရား။ ။မယာ၊ တပည့်တော်မသည်။ တဒေဝကမ္မံကုသလံ၊ ထိုကြံလှူသောကုသိုလ်ကံကိုပင်လျှင်။ ကတံ၊ ပြုလုပ်ပါသည်ဘုရား။ သုခဠု ကမ္မံ၊ ချမ်းသာသောကံ၏ အကျိုးကိုလည်း။ အတ္ထိနာ၊ တပည့်တော်မသည်။ အနုဘောမိ၊ ခံစားရပါ၏အရှင်ဘုရား။ ဒေဝိန္ဒဂုတ္တာ။ သိကြားမင်းစောင့်ရှောက်သည်ဖြစ်၍။ တိဒသေဟိ။ တာဝတိံသာနတ်တို့သည်။ရက္ခိတာ၊ စောင့်ရှောက်သည်ဖြစ်၍။ ပဠုဟိ၊ငါးပါးကုန်သော။ကာမဂုဏေဟိ၊ ကာမဂုဏ်တို့ဖြင့်။ သမပ္ပိတာ၊ ပြည့်စုံပါ၏ဘုရား။

ဇေတာဒီသံ၊ ဤသို့သဘောရှိသော။ ပုညဖလံ၊ ကောင်းမှုအကျိုးသည်။ အနပ္ပကံ၊ နည်းနည်းကလေး မဟုတ်ပါဘုရား။ မမ၊ တပည့်တော်မ၏။ ဥဿုဒကွိဏာ၊ ကြံအလှူသည်။ မဟာဝိပါကာ၊ များသော အကျိုးရှိပါသည်ဘုရား။ ဒေဝေဟိ၊ နတ်အပေါင်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အဟံ၊ တပည့်တော်မသည်။ပရိစာရယာမ၊လှည့်လည်ပျော်ပါးကျက်စားရပါ၏ဘုရား။ ပဠုဟိ၊ ငါးပါးကုန်သော။ ကာမဂုဏေဟိ၊ ကာမဂုဏ်တို့နှင့်။ အဟံ၊ တပည့်တော်မသည်။ မောဒါမိ၊ မွေ့လျော်ပျော်ပါးရပါ၏ဘုရား။

ဇေတာဒီသံ၊ ဤသို့သဘောရှိသော။ ပုညဖလံ၊ ကောင်းမှု၏ အကျိုးသည်။ အနပ္ပကံ၊ မနည်းပါဘုရား။ မမ၊ တပည့်တော်မ၏။ ဥဿုဒကွိဏာ၊ ကြံအလှူသည်။ မဟာဇုတိကာ ကြီးသောအာနုဘော်ရှိပါ၏ဘုရား။ ဒေဝိန္ဒဂုတ္တာ၊ သိကြားမင်းစောင့်ရှောက်သည်ဖြစ်၍။ဟိဒသေဟိ၊တာဝတိံသာနတ်တို့သည်။ရက္ခိတာ၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ နန္ဒနေဝနေ၊ နန္ဒဝန်ကော် ဥယျာဉ်တော်၌။ သဟသဟနေတ္တာရိဝ၊ သိကြားမင်းကဲ့သို့ နေရပါသည် ဘုရား။

ဘဂ္ဂေ၊အရှင်ဘုရား၊ အနုကမ္ပကံ အစဉ်သနားတော်မူတတ်သော။ဝိဒုံ၊ ပညာရှိဖြစ်တော်မူသော။ ဟုဝံစ၊ အရှင်ဘုရားကိုလည်း။ ဥပဠ္ဠ၊ ဆည်းကပ်၍။ ဝန္ဒိုံ၊ ရှိခိုးပါ၏ဘုရား။ ကုသလဠ္ဆ၊ အနာမရှိ ကျန်းမာခြင်းကိုလည်း။ ပုစ္ဆိသံ၊ မေးလျှောက်ပါအံ့ဘုရား။

တဘဝေ၊ ထိုသို့ဆွမ်းရပ်လာသောကြောင့်။ ဘေ၊ အရှင်ဘုရားအား။ ဥဿုဟသ၊ ကြံ၏။ခဏ္ဍိကံ၊ အပိုင်းအပြတ်ကို။ ဂါ၊ ကြံတံပြတ်ကို။ အဒါသိ၊ လှူပါသည်ဘုရား။ အဘုလာဃ၊ မနှိုင်းယှဉ်အပ်သော။ ပိတိယာ၊နှစ်သက်ခြင်းဖြင့်။ ပသန္နစိတ္တာ၊ ကြည်ညိုသော စိတ်ရှိလျှပါသည်ဘုရား။ ဤ

ကုသိုလ်ကို။ တပည့်တော်မ အောင်းမေ ပါသည် အရှင် ဘုရား ဟူ၍ လျှောက်ကြားသတည်း။

ဥစ္ဆုဝိမာန နှတ်သိုးဝတ္ထုပြီး၏။ ဒုတိယ။

ပလ္လင်ဝိမာနနှတ်သိုးဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ်၊ ထိုအခါ၌ သာဝတ္ထိဥပသကာ၏သိုးကိုအမျိုးအနွယ်တူသော အမျိုးကောင်းသားတယောက်အား ပေးစားလိုက်၏။ ထိုအမျိုးသိုးသည် အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်းမရှိ။ ငါးပါးသီလမြဲသည်ဖြစ်၍ ဒိဒိလင်ယောက်ျားကို ရိုသေစွာ လုပ်ကျွေး ပြုစုလေ့ရှိ၏။ ဥပုသ်သတင်း နေ့တို့၌လည်း အပိုအကြွေးနှင့်တကွ မယုက်ကွက် ရအောင် အဌက်ဥပုသ်ကို လည်း စောင့်သုံး၏။

ထိုအမျိုးသိုးသည် တရုံတရသောရောဂါဖြင့် ရုတေသောအခါ၊ တာဝတိံသာနတ်ပြည်၌ နှုလုံးမွေ့လျော်ဘွယ်ရှိသော ဘုံဗိမာန်ကြီးဝယ်၊ ဆန်းကြယ်စွာသော မြပလ္လင်ထက်၌ ပန်းမွေ့ရာတို့ဖြင့် ခင်းထားသော ဓိမ်ရာနေရာဝယ် အမျိုးမျိုးသော တန်ခိုးဂုဏ်တို့ဖြင့် အလိုရှိရာ အဆင်း အရောင်အသွင်အပြင်တို့ကိုဘန်ဆင်းလျက်ပျော်မွေ့စွာနေရသောကြောင့် ပလ္လင်ဝိမာန နှတ်သိုးဟု ထင်ရှား စွာ ဖြစ်၏။ ထိုအခါ၌ အရှင်မဟာ မောဂ္ဂလာန်ထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွ၍ တော်မူ၍ ထိုနတ်သိုးကိုမြင်လျှင် ဤဂါထာတို့ဖြင့်မေးတော်မူ၏။

ပလ္လင်သေဋ္ဌေ မဏိသောဝဏ္ဏစိတ္တေ၊ ပုမ္မါဘိကိဏ္ဏေသယနေဥဒ္ဓါရေ။
တတ္ထဿိသိဒေဝိမဟာနုဘာဝေ၊ ဥစ္စာဝစာဂုဏ္ဍိဝိဂဋ္ဌပမာနာ။ ။
ဂုမာစတေအဿုရာယောသမန္တာ၊ နစ္ဆိန္ဒိဂါယန္တိပမောဒယန္တိ။
ဒေဝိဒ္ဓိပတ္တာသိ မဟာနုဘာဝေ၊ မနုဿဘူတာကိမကာသိပုညံ။ ။
ကေနာသိဂုဏ်ဝိဓလိတာနုဘာဝါ ဝဏ္ဏောစတေ သဗ္ဗဒိသာပဘာသတိ။ ။

မဟာနုဘာဝေ၊ ကြီးသော အာနုဘော်ရှိသော။ ဒေဝိ၊ နတ်သိုး။ တွံ၊ သင်နတ်သိုးသည်။ ဥစ္စာဝစာ၊ ယယ်ယယ်ကြီးကြီး အနည်းနည်း အဖြာဖြာ လိုရာအရောင် အဆင်း အသွင် အမြင်ကို။ ဝိဂဋ္ဌပ်မာနာ၊ ဘန်ဆင်းလျက်။ မဏိသောဝဏ္ဏစိတ္တေ၊ ပတ္တမြားနှင့် ပတ္တမြားပြောက် ရွှေငွေရတနာတို့ဖြင့် ဆန်းကြယ်စွာသော။ ပုမ္မါဘိကိဏ္ဏေ၊ မန်းမွေ့ရာကိုဖြင့် ကြဲဖြန့်ခင်းသော

အပ်သော။ သယနေဥဇ္ဇာရေ၊ မြတ်သောအိမ်ရာနေရာဖြစ်သော။ တတ္ထ ပလ္လင်္ကေ၊ ထိုရွှေပလ္လင်ထက်၌။ အစ္ဆသိ၊ ပျော်မွေ့စွာနေရ၏။

မဟာနုဘာဝေ၊ ကြီးသော အာနုဘော် ရှိသောနတ်သမီး။ ဒေဝ၊ သင်နတ်သမီးအား။ ဣမာစအစ္ဆရာယော၊ အခြံအရံဖြစ်သော ဤနတ်သမီးကညာတို့သည်လည်း။ သမန္တတော၊ ထက်ဝန်းကျင်ပတ်လည်မှ။ နစ္စန္တိ၊ ကခြကုန်၏။ ဂါယန္တိ၊ သီဆိုကြကုန်၏။ ပမောဒယန္တိ၊ မွေ့လျော်ပျော်ပါးစေကြကုန်၏။ ဒေဝိဒ္ဓိပတ္တာ၊ အလွန်တင့်တယ်သော နတ်ဣဒ္ဓိတန်ခိုးသို့ရောက်သည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ ကိံ ပုညံ၊ အဘယ်ကုသိုလ်မျိုးကို။ အကာသိ၊ ပြုလုပ်ပေသနည်း။ ကေန၊ အဘယ်ကုသိုလ်ဖြင့်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝါ၊ ထွန်းလင်းတောက်ပသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေသနည်း။ တေ၊ သင်နတ်သမီး၏။ ဝဏ္ဏော စ၊ အဆင်းအရောင်သည်လည်း။ သဗ္ဗဒိသာ၊ အလုံးစုံသောအရပ် ဆယ်မျက်နှာသို့။ ပဘာသတိ၊ ထွန်းလင်းတောက်ပ၍နေ၏။

ဤသို့အရှင်မဟာမောဂ္ဂလာန် မေးတော်မူသည်ကို ထိုနတ်သမီးသည် ဤဂါထာတို့ဖြင့် ဖြေကြားလျှောက်ထားလေသတည်း။

အဟံ မနုဿေသု မနုဿဘူတာ၊
အဒ္ဒက္ခုလေသုဟ်သာအဟောသိံ။
အကောဓနာ ဘတ္တုဝသာနုဝတ္တိနီ၊
အပ္ပမတ္တာဥပေါသထေ။ ။
မနုဿဘူတာ ဒဟရာ အပါပိကာ၊
ပသန္နစိတ္တာ သာမိကာ အဘိရာမယိံ။
ဒိဝါ စ ရတ္တော စ မနာပစာရိနီ၊
အဟံ ပုရေ သီလဝတီ အဟောသိံ။ ။
ပါဏာတိပါတာ ဝိရတာ အစောရိကာ၊
သံသုဒ္ဓကာယာ သုစိဗြဟ္မစာရိနီ။
အမဇ္ဇပါနော စ ယသာ အဘာသိံ၊
သိက္ခာပဒေသု ပရိပူရကာရိနီ။ ။
စာတုဒ္ဒသိံ ပဉ္စဒသိံ၊
ယာ စ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊
အဋ္ဌင်္ဂသုသမာဂတံ။ ။

အဋ္ဌဂိုပေတံ အနုခမ္မစာရိနိ၊
ဥပေါသထံ ဒိတိမနာဥပါဒိသိ။
ဣမဉ္စအရိယံ အဋ္ဌင်္ဂဝရေဟုပေတံ၊
သမာဒိယိတ္ဝာကုသလံသုခုဒ္ဒြယံ။
ပဘိဒ္ဒိကလျာဏိဝသာနုဝတ္တိနိ၊
အဟောသိ ပုဗ္ဗေသု ဂတာသသာဒိကာ။ ။
ဇေတာဒိသံကုသလံ ဇိဝဲလောကေ၊
ကမ္မံကရိတ္ဝာန ဝိသေသဘာဂိနီ။
ကာယသဿဘေဒါ အာဘိသမ္ဘရယံ၊
ဒေဝိဒ္ဓိပတ္တာသုဂတိဒ္ဒြအာဂတာ။ ။
ဝိမာနပါသာဒဝရေ မနောရမေ၊
ပရိဝါရိတာ အစ္ဆရာသံဂဏေန။
သယံပဘာဒေဝဂဏာခုမန္ဒိမံ၊
ဒိဗ္ဗာယုကံ ဒေဝဝိမာနမာဂတံ။ ။

အဟံ၊ တပည့်တော်မသည်။ မနုဿသု၊ လူ့ပြည်တို့၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက၊ အဌဂုဏ်လေ၊ ကြွယ်ဝပေါများသော သူဌေးမျိုး၌။ သုဇာသာ၊ ချွေးမသည်၊ အားဟာသိ၊ ဖြစ်ပါသည်အရှင်ဘုရား။ အားကာခနာ စိတ်မဆိုးတတ်ပါ။ ဝါ၊ စိတ်ဆိုးစရာအချက် ပေါ်ထွက်တွေ့ကြုံသော်လည်း စိတ်ဆိုးခြင်းမရှိဘဲ။ ဘတ္တာ၊ လင်ယောကျ်ား၏။ ဝသာနုဝတ္တိနီ၊ အလိုကိုလိုက်၍ ပြုကျင့်လေ့ရှိပါ၏ဘုရား။ ဥပေါသထေ၊ ဥပုသ်သီလ၌။ အပ္ပမတ္တာ၊ မေ့လျော့ခြင်းမရှိပါဘုရား။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ ဒဟရာပိ၊ ငယ်ပင်ငယ်ညားသော်လည်း။ အပါပိကာ၊ ယုတ်မာလေလိုခြင်း မရှိပါဘုရား။ ပသန္နစိတ္တာ၊ လင်ယောကျ်ားကို ကြည်လင်သောစိတ်ရှိလျက်။ သတိမာ၊ သတိကိုမြဲစွာထား၍။ အဘိရာဓယိ၊ လင်ယောကျ်ားကို နှစ်သက်အောင်ပြုလုပ်ပါ၏ဘုရား။ ဒိဝါစ၊ နေ့၌ဝင်း။ ရတ္တောစ၊ ညဉ့်၌ဝင်း။ မနာပစာရိနီ၊ လင်ယောကျ်ားနှစ်သက်အောင် သွားလာနေထိုင် လုပ်ကိုင် ပြုပြင်လေ့ ရှိပါသည်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ပုရေ၊ ရှေးလူဖြစ်သောဘဝ၌။ သိလဝတီ၊ သီလရှိသောဒိန်းမသည်။ အဟောသိ၊ ဖြစ်ပါသည်ဘုရား။

ပါဏာတိပါတာ၊သူ၏အသက်ကိုသတ်ခြင်းမှ။ဝိရတာ၊ရှောင်ကြဉ်ပါသည်ဘုရား။ အဒိန္နာ၊ မခိုးမလိမ်တတ်ပါဘုရား။ သံသုဒ္ဓကာယာ

စင်ကြယ်သော ကိုယ်အမှုရှိပါသည်ဘုရား။ ဝါ၊ အကုသိုလ် အညစ်အ ကြေးကိုမှ စင်ကြယ်ပါ၏။ ဘုရား။ သုစိ၊ စင်ကြယ်သော။ ဗြဟ္မစာရိနီ၊ ဗိန္ဓာစာရ၊ ကာမရောင်ကြည် မိမိလင်မှအပြင်အပ၊ကာမမစပ် မြတ်သော အကျင့် ရှိပါသည်ဘုရား။ အမဇ္ဈပါနောစ၊ ကဇော် အရက် ကိုလည်း မသောက်တတ်ပါ။ မုသာစ၊ မဟုတ်မမှန်သော စကားကိုလည်း။ အဘာ ကိုံ၊ မပြောဆိုပါဘုရား။ သိက္ခာပဒေသု၊ ငါးပါးသိလ သိက္ခာပုဒ်တို့၌။ ပရိပူရကာရိနီ၊ ဖြည့်ကျင့်ခြင်းကုံပြည့်လေ့ရှိပါသည်ဘုရား။

စာဘုဒ္ဓသိုံ၊ တဆဲ့လေးရက်မြောက်ဓသာနေ့၌ဌင်း။ ပဋ္ဌဒသိုံ၊ တဆဲ့ ငါးရက်မြောက်သောနေ့၌ဌင်း၊ ပက္ခသ၊ လဆန်းပက္ခ လဆုတ်ပက္ခ၏။ ယာစအဋ္ဌမီ၊ အကြင်ရှစ်ရက်နေ့၌ဌင်း။ ပါဋိဟာရိယပက္ခဋ္ဌ၊ အဓိတ်နေ့ အတွက်နေ့၌ဌင်း။ အတိပသန္နမာနသာ၊ အလွန်ကြည်လင်သော စိတ်ရှိ သည်ဖြစ်၍။ အဋ္ဌကိုပေတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသထံ၊ ရှစ်ပါးသိလဥပုသ်ကို။ အနုဝမ္မစာရိနီ၊ မင်္ဂဖိုလ်အားလျော်သော အကျင့် ရှိလျက်။ ဒိတိမနာ၊ နှစ်သက်သောစိတ်ရှိလျက်။ ဥပါဝိသိုံ၊ စောင့်သုံး ပါသည်ဘုရား။

အဋ္ဌင်္ဂဝရေဟိ၊ မြတ်သောအင်္ဂါရှစ်ပါးတို့နှင့်။ ဥပေတံ၊ ပြည့်စုံသော အရိယံ၊ မြတ်သော။ ကုသလံ၊ အပြစ်မရှိသော။ သုခုဒ္ဒြယံ၊ ချမ်းသာသော အကျိုးရှိသော။ ဣမဋ္ဌ၊ ဤရှစ်ပါးသိလကိုလည်း၊သမာဒိယိတ္ဝာ၊ ဆောက် တည်၍။ ပတိမှိ၊ လင်ယောကျ်ား၌။ကလျာဏိ၊ကောင်းစွာ။ စသာနုဝတ္တိနီ၊ အလိုလိုက်ခါကျင့်လေ့ရှိသည်။ အဟောသိ၊ ဖြစ်ပါ၏ဘုရား။ ပုဗ္ဗေ၊ ရှေး ဘဝ၌။ သုဂတသ၊ မြတ်စွာဘုရား၏။ သာဝိကာ၊ တပည့်မဖြစ်ပါသည် ဘုရား။

ဇေတာဒိသံ၊ ဤသို့လျှောက်ထားခဲ့ပြီးသော အကျင့်သဒ္ဓာရှိသော။ ကုသလံကမ္မံ၊ ကုသိုလ်ကံကို။ ကရိတ္ဝာန၊ ပြုလုပ်ပြီး၍။ ကာယဿ၊ သ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ အာဘိသမ္ပရာယံ၊ နောက်ဘဝ၌။ ဝိသေသဘာဂိနီ၊ ထူးသောအဘိုရှိသော။ ဒေဝိဠ္ဌိပတ္တာ၊ နတ်ဂဏ္ဍိတန်ခိုး သို့ရောက်သည်ဖြစ်၍။ သုဂတိမှိ သုဂတိဘဝ၌။ အာဂတာ၊ လာရောက် ၍ ဖြစ်ရပါသည်ဘုရား။ မနောရေမေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဝိမာန ပါသာဒဝရေ၊ မြတ်သောဘုံဗိမာန်ပြာသာဒ်ထက်၌။ အစ္ဆရာသံဃေန၊ နတ်သျှီးအခြွေအရံအပေါင်းနှင့်။ ပရိဝါရိတာ၊ ခြံရံလျက်။ ဒိဗ္ဗယာယုကာ၊ အသက်ရှည်သော။ ဒေဝဝိမာနံ၊ နတ်ဗိမာန်သို့။ အာဂတာ၊ ရောက်လာ၍

နတ်သမီးဖြစ်သော။ မံ၊ တပည့်တော်မကို။ သယံပဘာ၊ ဖခင်တို့ကိုယ်ရောင် ရှိကုန်သော။ ဒေဝဂဏာ၊ နတ်အပေါင်းတို့သည်။ ရမန္တိ၊ မွေ့လျော်ပျော်ပါးစေကြပါကုန်၏။ ဝါ၊ ဘပည့်တော်မအား ပျော်ပါးမွေ့လျော်ခြင်းဖြစ်အောင် ပြုလုပ်ကြပါကုန်၏ဘုရား။

ဤသို့ပလွာဘ်ဝိမာန်နတ်သမီးသည် အခ္ခာမဟာ မောဂ္ဂလာန်အား၊ ဖခင်ကုသိုလ်ပြုပုံ၊ လင်ခွဲရှိသေစွာကျင့်ပုံ၊ သီလစောင့်ပုံ၊ ငါးပါးသီလဖြည့်ပုံတို့ကို အသုံးဒုံ လျှောက်ကြား လေသတည်း။ အခ္ခာ မောဂ္ဂလာန်သည် လည်း ထိုနာဘ်သမီးအား တရားဟောပြီး၍ လူ့ပြည်သို့ ပြန်ကြွလာ၏။ ရောက်သေ့အခါ မြတ်စွာဘုရားအား လျှောက်ကြား၏။ မြတ်စွာဘုရား သည်ရောက်လာသောပရိသတ်တို့အားတရားဟောတော်မူ၏။ လူအများ တို့၌ ကောင်းမှုတရားတိုးပွားခြင်းဖြစ်၏။

ပလွာဘ်ဝိမာနနတ်သမီးဝတ္ထုပြီး၏။ တတိယ။

ဝေဿဝဏနတ်မင်းကြီး၏သမီးဖြစ်သော လတာနတ်သမီးဝတ္ထု။

လင်ကိုရှိသေစွာကျင့်ခြင်းအကြောင်း၊

လူသုံးပါးတို့၏ ဦးညွှတ်ရာ ဖြစ်တော်မူပေသော သမ္ဗုဒ္ဓဘုရား၊ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်းတိုက်တော်ကြီး၌ စံမြဲမွေ့လျော် နေတော်မူစဉ်အခါ၊ သာဝတ္ထိပြည်၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ဥပါသကာတယောက်အိမ်သည် **လတာအမည်ရှိ၏**။ ပညာရှိ၏။ အိမ်မှုကိစ္စဟူသမျှ၌ ကောင်းစွာတတ်သိ လိမ္မာခြင်းရှိ၏၊ ခပ်သိမ်းသောကိုးကြီးဂယ်တို့၌ စိုရင်နိုင်၏။ ထိုလတာ သတို့သမီးသည် အရွယ်သို့ ရောက်သည်ရှိသော်၊ လင်ယောက်ျားဖြစ်အိမ်သို့လိုက်၍နေ၏။ လင်ယောက်ျား၌ ရှိသေစွာကျင့်လေ့ရှိ၏။ ချစ်ဖွယ်သော စကားကိုပြောဆို၍ လင်ယောက်ျား နှစ်သက်ခြင်းရှိသော အပြုအမူ အနေ အထိုင် အသွား အလာ တို့ဖြင့် ပြုမူနေထိုင်သွားလာလုပ်ကိုင်၏။ လင်ယောက်ျား၏ မျက်နှာကိုသာ အခါခါကြည့်ရှုလျက် လင်ယောက်ျားအလိုကျအောင် ဆွေးနွေးမေးမြန်းကိုင်ပင်နှိုးနှောမ်းသာလျှင် ပြုလုပ်လေ့ရှိ၏။ လင်ယောက်ျား အလိုသို့လိုက်၍ ပြုကျင့်လေ့ရှိ၏။

သောကမှိုင်ခြင်း၊ ခဲအိုခယ်မအစရှိသောအိမ်သူအိမ်သားတို့ခြင်း၊ ရိုးသေလေးမြတ်သော သဘောရှိ၏။ အမျက်ဆွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မာန်မူခြင်းတို့ကို မဖြစ်စေမူ၍ ချစ်ခင်ဘွယ်သော စကားတို့ဖြင့် ပြောဆို လျက် ခွဲခြမ်းဝေဘန်ခြင်း၊ ခြိုးမြှင့်ထောက်ပံ့ခြင်းတို့ဖြင့် ကောင်းစွာကျင့် လေ့ရှိ၏။ ငါးပါးသီလကိုအမြဲစောင့်ထိန် လျက်၊ လဆန်းလဆုတ်ဥပုသ် နေ့တို့၌ အကြိုအဝိုနှင့်တကွ ရှစ်ပါးသောအင်္ဂါရှိသော ဥပုသ်ကို မပျက် မကွက် စောင့်သုံးလေ့ရှိ၏။ ထို·လတာမည်သော အမျိုးကောင်းသို့မ သည် နော်ဂက်အခါ၌ တရုတ်တခုသောရောဂါဖြင့် ရုတ်တရက် စဘုမဟာရာဇ် နတ်ဖြည်း၌ ဝေဿဝဏနတ်မင်းကြီ ၏သို့ ဖြစ်၍ ရှေးကအမည်အားဖြင့် **လတာနတ်သို့**ဟု ထင်ရှားစွာဖြစ်၏။

ထိုဝေဿဝဏနတ်မင်းကြီး၌ လတာနတ်သို့မှတပါး လေးယောက် ကုန်သော သို့တို့ကိုလည်း ရပြန်၏။ ထိုသို့တို့၏ အမည်တို့ကား။ ။ **သဒ္ဓာ**လည်း တယောက်။ **ပဝရ**လည်း တယောက်၊ **အန္ဓိမတိ** လည်း တယောက်။ **သုတာ**လည်းတယောက်။ ဤလေးယောက်ကုန်သော သို့တို့ကိုရပြန်၏။ လတာနတ်သို့နှင့် ညီအမငါးယောက် ဖြစ်ကုန်၏။ ထိုနတ် သို့ ငါးယောက်ကိုသည် ဝေဿဝဏနတ်မင်းကြီး၏သို့ဘို့ ဖြစ်ကုန်၏။ အမျက်ဆွက်ခြင်း မရှိကြကုန်။ သီလအကျင့်နှင့် ပြည့်စုံကြကုန်၏။ ထို နတ်သို့ငါးယောက်ကို သိကြားမင်းသည်ဆောင်ယူ၍ကချေသည်နတ် သို့အဖြစ်ဖြင့် **အခြံ**အရံအရာ၌ထားအပ်ကုန်၏။

တာပဋ္ဌပိသဏ္ဌေန ဒေဝရာဇေန အာနေတ္တာ နာဋကိတ္တိဘာဝေန ပရိစာရိတ ဌာနေ ဌပိတာ။ ။ ဝိမာနဝတ္ထုအဋ္ဌကထာ။

ထိုနတ်သို့ငါးယောက်တို့တွင် **လတာနတ်သို့**သည် ကခြင်းသီခြင်း စသည်ကို၌ တတ်သိနားလည် လိမ္မာခြင်းရှိသည်၏အဖြစ်ကြောင့် နတ် အများပါင်းတို့သည်အလိုရှိအပ်၏။ အလိုရှိအပ်သည်၏အဖြစ်သို့ရောက်၏။ ထိုနတ်သို့ညီအစ်မ ငါးယောက်တို့သည် တပေါင်းတည်း အညီအညွတ် လာကြ၍ ကောင်းမှုကိုအပွဲပြု၍ ငြင်းခုံသောစကားကို ပြောဆိုကြကုန်၏။ ထိုနတ်သို့ ငါးယောက်တို့သည် အဘဖြစ်သော ဝေဿဝဏ နတ်မင်း ကြီး၏အထံသို့သွားကြကုန်၍ခမည်းတော်နတ်မင်းကြီး၊အကျွန်ုပ်တို့တွင် အဘပယ်သူသည် ကခြင်းသီခြင်း စသည်တို့၌ လိမ္မာတတ်မြောက်ခြင်းရှိ ၍ သာလွန်ကောင်းမြတ်ပါသနည်းဟု မေးမြန်းကြကုန်၏။

ထိုအခါ၌ ဝေဿဝဏာနတ်မင်းကြီးက သို့တို့ကို ဤသို့ဆိုတ၏။ချစ်သို့ တို့၊ သင်တို့သည် အနောတတ္တ ရေအိုင်ကြီး၏ ကမ်းပေါ်၌ နတ်သဘင် အစည်းအဝေးသို့ သွားကြပြီးလျှင် ကခြင်း သီခြင်းတို့ကိုပြုကြကုန်လော့။ ဤနတ်သဘင်အစည်းအဝေး၌ချစ်သို့တို့သည် ထင်ရှားခြင်းဖြစ်လတ္တံ့ဟု ဆိုတ၏။ ထိုနတ်သို့ ငါးယောက်တို့သည် အဘ ခမည်းတော်၏ စကားကို လိုက်နာ၍ အနောတတ္တအိုင်ကမ်းပေါ်၌ နတ်သဘင်စည်းဝေးရာသို့သွား၍ ကခြင်း သီခြင်းတို့ကိုပြုကြကုန်၏။

လတာနတ်သို့သည် သီချင်းတို့ကိုသီဆို၍ ကခြင်းတို့ကိုပြုသည့်ရှိသော်၊ ဝါ၊ သီချင်းဆို၍ ကသည့်ရှိသော်၊ နတ်သားအပေါင်းတို့သည် မိမိတို့သဘောအတိုင်း တည်ခြင်းငါ မတတ်နိုင်ကုန်။ ကြီးစွာသော ရွှင်လန်းခြင်းဖြစ်ကြကုန်၍ အုံ့ဩသောစိတ်ကိုဖြစ်စေကြကုန်လျက် အစဉ်မပြတ် သာဓုခေါ်ကြကုန်၏။ ကောင်းပါပေသည်။ ကောင်းပါပေသည် ဟူ၍ ချီးကျူးပေးကြကုန်၏။ ကျယ်စွာသောအသံတို့ဖြင့် ချီးကျူးပေးကြကုန်လျက်၊ ပုဆိုးပုဝါကြီးမြှောက်ခြင်းကိုဖြစ်စေကြကုန်လျက် ဟိမဝန္တာတောတောင်လုံးကို တုံ့လှုပ်စေသကဲ့သို့ အုပ်အုပ်ကျက်ကျက် ကောင်းစွာ ဟစ်လကိုပြုကြကုန်၏။

လတာနတ်သို့တို့မှ တပါးသော၊ သင်္ဂြာ၊ ပဝရာ၊ အနွှိုမတိ၊ သုတာ၊ ဤလေးယောက်သော နတ်သို့တို့ ကခြင်း သီခြင်းတို့ကို ပြုသောအခါ၌၊ ဇမ္ဗေသောဆောင်းကာလအခါ၌ ဥသြဒက်တို့ကဲ့သို့ ဟိတ်ဆိတ်စွာနေကြကုန်၏။ဤသို့လျှင် ထိုနတ်သဘင်အစည်းအဝေး၌ လတာနတ်သို့သီချင်းဆို၍ ကသောအခါ၌ အသူးသဖြင့်ထင်ရှားခြင်းဖြစ်သတည်း၊ ထိုအခါ၌ **သုတာနတ်သို့**သည် ဤသို့အကြံဖြစ်၏။ ငါတို့၏အစ်မကြီးဖြစ်သော **လတာနတ်သို့**သည် အဘယ်သို့သော ကုသိုလ်ကိုပြု၍ ငါတို့ လေးယောက်တို့ထက် ကဲလွန်၍ အဆင်းအားဖြင့်ရင်း။ အကျော်အစောအားဖြင့်ရင်း၊ အသက်အရွယ်အားဖြင့်ရင်း၊ သာလွန်ခြင်း ဖြစ်ပါလိမ့်မည်နည်း။ ငါသည် လတာနတ်သို့၏ပြုဘူးသောကုသိုလ်ကံကိုမေးအုံ့ဟုကြံပြီး၍၊ အဘ ဖြစ်သော ဝေဿဝဏာနတ်မင်းကြီး၏ ရှေ့တော်၌ပင်လျှင်၊ ဤဂါထာဖြင့်မေးလေ၏။

ပုဏ္ဏာဝိတံ ဥပ္ပလမာလဓာရိနိ၊
အာဝေဠိနိကဠုနဿ သန္ဒိဘက္ကစေ။
တိမိရတမ္ဗကၠိနဘော သောဘဏော၊
ဒိဃာယုကကေနကတော ယသောတစ။ ။

ကေနာသိဘဒ္ဒေ ပတိနော ဝိယတရာ၊
ဝိသိဋ္ဌကလျာဏိတရသုရူပတော။
ပဒကၠိဏာ နဋ္ဌ ဂိတ ဝါဒိတေ၊
အာမ်ကၠနော တံ နရနာရိပုဏ္ဍိတာ။ ။

ဥပ္ပလမာလဓာရိနိ၊ ကြာညိုပန်းကိုပန်ဆင်လျက်ရှိသော။ အာဝေဠိနိ၊ နားသွယ်ပန်း ဦးစောက်ပန်းကို ပန်ဆင်လျက်ရှိသော။ ကဠုနသန္ဒိဘက္ကစေ၊ ကဠုနရွှေအဆင်းကဲ့သို့ အရေအဆင်းလည်းရှိသော။ တိမိရတမ္ဗကၠိ၊ မြောင်ရိုက်တွင်းဝယ် နီသောကြာဝတ်မှုံ့အရေးကဲ့သို့ နီသောအရေးနှင့် ပြည့်စုံသောမျက်လုံးလည်းရှိထသော။ နဘောဝသောဘဏော၊ စင်ကြယ်သော ကောင်းကင်ကဲ့သို့ တင့်တယ်ခြင်းလည်း ရှိထသော။ ရူပတော၊ အဆင်းအားဖြင့်။ ဝိသိဋ္ဌကလျာဏိတရာ၊ အဆုံးသဖြင့်ကောင်းသည်ထက် ကောင်းခြင်းလည်းရှိသော။ ဘဒ္ဒေ၊ လတာ မည်သော အရှင်မ။ တဝ၊ အရှင်မအား။ ယသော၊ အကျော်အစောသည်။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ ကတော၊ ဖြစ်ပါသနည်း။ (ကေနကတောတိ၊ ကေနကိ ဒိသေန ပုညေန နိဗ္ဗတ္တောဟု။ အဘယ်ကဲ့သို့ကုသိုလ်ဖြင့်ဖြစ်လာပါသနည်း။)နဋ္ဌ ဂိတ ဝါဒိတေ၊ ကခြင်း သီချင်း တီးမှုတ်ခြင်းဌာ။ ပဒက္ခိဏာ၊ လိမ္မာ၏။ တဝ၊ အရှင်မအား။ ပတိနော၊ လင်၏။ ဝိယတရာ၊ အချစ်ဆုံးဖြစ်အောင်။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ အသိ၊ ဖြစ်ပါသနည်း။ တံ အရှင်မ လတာ သည်။ နော၊ အကျွန်ုပ်တို့အား။ အာမ်ကၠ၊ ပြောကြားပါလော့။ နရနာရိ၊ နတ်သားနတ်သျှီးတို့သည်။ ပုဏ္ဍိတာ၊ မေးကြပါ၏။

ဤသို့ ညီမအဆွေးဆုံးဖြစ်သောသုဘာနတ်ဘုံးက၊ အစ်မကြီး လတာ သည် အကျွန်ုပ်တို့ထက်သာလွန်၍ ကခြင်း သီချင်း တီးမှုတ်ခြင်းတို့ကို လိမ္မာ၏။ အဆင်းအားဖြင့်ရင်း၊ အခြံအရံ အကျော်အစော အားဖြင့်ရင်း၊ သာလွန်၍ကောင်းမွန်တင့်တယ်၏။ လင်ချစ်အောင် အဘယ်ကဲ့သို့ပြုလုပ်ပါသနည်းဟူ၍မေးသောအခါ၊ လတာ နတ်ဘုံးသည် ဤဂါထာကိုဖြင့် ဖြေကြားသတည်း။

အဟံမနုဿေသုမနုဿဘူတာ၊
ဥဒ္ဓာရဘောဂေကုလေ သုဏိသာအဟောသိံ။
အကောဓနာဘတ္တုဝသာနုဝတ္တိနီ၊
အပ္ပမတ္တာဥပေါသထေ။ ။
မနုဿဘူတာဒဟရာအပါပိကာ၊
ပသန္နစိတ္တာ ပတိမဘိရာဓယိံ။
သဒေဝ၏ သသသုသသု၏၊
သဒါသက်ံတမ္ပိကတော ယသောမမ။ ။
သာဟံတေနကုသလေနကမ္မုနာ၊
စတုဒ္ဒီပဂါနေသု ဝိသေသမဗ္ဗဂါ။
အာယုစဝဏ္ဏဗ္ဗသုခံဗလဉ္စ၊
ဝိန္ဒာဝတိံ ပစ္စနုဘောမနပ္ပကံ။ ။

ဘဝိနီယော၊ အိုညီမလေးယောက်ကို။ အဟံ၊ လတာမည်သော ငါ သည်။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ ဥဒ္ဓာရဘောဂေ၊ မျိုးသောစည်းစိမ် ဥစ္စာရှိသော။ ကုလေ၊ အမျိုးသား အိမ်၌။ သုဏိသာ၊ ချွေးမသည်။ အဟောသိံ၊ ဖြစ်ဘူးလေပြီ။ အဟံ၊ ငါသည်။ အကောဓနာ၊စိတ်ဆိုးခြင်းမရှိ။ ဘတ္တု၊ လင်၏။ ဝသံ အလိုသို့။ အနုဝတ္တိနီ၊ အစဉ်တစိုက် သူ့အကြိုက်ဖြင့် လိုက်နာပြုကျင့်လေ့ရှိ၏။ ဥပေါသထေ၊ ရှစ်ပါးသီလဥပုသ်၌။ အပ္ပမတ္တာ၊ သတင်းနေ့တိုင်းမပျက် မကွက် မေ့လျော့ခြင်းမရှိ၊ စောင့်သုံးလေ့ရှိ၏။

မနုဿဘူတာ၊ လူဖြစ်စဉ် အခါက။ ဒဟရာ၊ ပျိုရွယ် ငယ်နုသော အရွယ်ကပင်လျှင်။ အပါပိကာ၊ ယုတ်မာညစ်ကြေ မကောင်းမှုကို ပြုလုပ် ခြင်းမရှိ။ ပသန္နစိတ္တာ၊ ကြည်လင်သောစိတ်ရှိသည်ဖြစ်၍။ ပတိံ၊ လင်ကို။ အဘိရာဓယိံ နှစ်သက်စေ၏။ ဝါ၊ လင်နှစ်သက်အောင် အလိုလိုက်၍ပြု လုပ်၏။ သဒေဝ၏၊ လင်၏ညီအစ်ကို ဖြစ်သော ခဲဒိုမတ် တို့ကိုလည်း။ သသသု သသသု၏၊ လင်၏အမိအဘဖြစ်သောယောကျ္ကမ၊ ယောကျ္ကမထီး ကိုလည်း။ သဒါသကံ၊ ကျေးကျွန် အစေခံနှင့်တကွ သော အိမ်သူ အိမ်သား ကိုလည်း။ ပသန္နစိတ္တာ၊ ကြည်လင်သောစိတ်ရှိသည်ဖြစ်၍။ အဘိရာဓယိံ၊ နှစ်သက်စေဘူးပြီ။ ဝါ အားလုံးနှစ်သက်အောင် ကောင်းစွာပြုလုပ်၏။ သာအဟံ၊ ထိုငါသည်။ ကုသလေန၊ ကောင်းစွာပြုသော။ တေနကမ္မုနာ၊

ထိုကံဖြင့်။ စတုဿ္ဌဗ္ဗာနေသူ၊ လေးပါးသောအကြောင်းအရာတို့၌။ ဝိဇ္ဇသံ၊ ညီမတို့ထက် ထူးသော အကျိုးကို။ အဋ္ဌဂါ၊ ရလေပြီ။ အာယုစ၊ အသက်အရွယ်နှုန်းမျှခြင်းကိုဝင်း။ ဝဏ္ဏဆ္ဆဝ၊ အဆင်းလှခြင်းကိုဝင်း။ သုခဆ္ဆ၊ ချမ်းသာခြင်းကိုဝင်း။ ဗလဆ္ဆ၊ အားကိုဝင်း။ အဋ္ဌဂါ၊ ငါရလေပြီ။ အနုပ္ပကာ၊ မျှားစွာသော။ ဓိဋ္ဌာရတိ၊ မြဲ။ တူးပျော်ပါးခြင်းကို။ ပဋ္ဌနဘောဓိ၊ ခံစားရ၏။

အိုငါ၏ညီမလေးယောက်တို့။ လတာအမည်ရှိသော ငါသည် ရှေးဘဝလူပြည်၌လူဖြစ်စဉ်အခါကမျှားစွာသောဥစ္စာစည်းစိမ်ရှိသော အမျိုး၏အိမ်၌ ချွေးမဖြစ်၍ အမျက်ထွက်ခြင်း စိတ်ဆိုးခြင်းတို့ကို မဖြစ်စေရအောင် မိမိစိတ်ကိုဆုံးမ၍ လင်၏အလိုသို့လိုက်၍ လင်ချစ်အောင် ပြုကျင့်လေ့ရှိ၏။ လင်ကိုရိုသေလေးမြတ်စွာ လုပ်ကျွေးပြုရ၏။ လဆန်း လဆုတ် ဥပုသ်နေ့တို့၌ဥပုသ်သီလကိုလည်းစောင့်သုံး၏။ ပျိုမြစ်နုနယ်အရွယ်အားဖြင့် ငယ်သော်လည်း စိတ်သဘောကြီးသည်ဖြစ်၍ ယုတ်မာညစ်ကြေ မကောင်းမှုကိုပြုလုပ်ခြင်းမရှိ။ ငါးပါးသီလ၌တည်၏။ လင်ယောကျ်ား နှစ်သက်ဖွယ်ကိုသာလျှင်ပြုလုပ်၏။ချစ်ခင်ဖွယ်သောစကားကိုသာ ပြောဆို၏။ လင်ယောကျ်ား၏ညီအစ်ကို နှမပေါက်ဖော် ဆွေမျိုးသားချင်းတို့ကို လည်း ရိုသေလေးမြတ်စွာဝတ်ကြေအောင်ပြုလုပ်၏။ယောကျ္ကမမိဘတို့၌ လည်း ရိုသေလေးမြတ်စွာ ဝတ်ကြီး ဝတ်ငယ်တို့ကို ကြေပြွန်အောင် ပြုလုပ်၏။ကောင်းသောအကျင့်သီလနှင့်ပြည့်စုံ၏။ ကြည်လင်စွာသောစိတ်ဖြင့် လင်ကိုလုပ်ကျွေးပြုရ၏။ အိုညီမ လေးယောက်တို့၊ ငါသည်ဤကဲ့သို့ လင်ကိုရိုသေလေးမြတ်စွာ ကြည်လင်သောစိတ်ဖြင့် လုပ်ကျွေးပြုရသော ကုသိုလ်ကောင်းမှုကြောင့် အသက်အရွယ်အားဖြင့် နှုတ်ချိုခြင်း၊အဆင်းရုပ်ရေအားဖြင့်လှပခြင်း၊ ချမ်းသာအားဖြင့် ဇမ္ဗူကျွန်းနေရခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ဤလေးပါးသောအကျိုးတို့ကို ငါရ၏။ ပျော်ပါး ရွှင်မြူးစွာ စည်းစိမ်ကိုခံစားခဲ့ရ၏။ ဤသို့**လတာနတ်သမီး**သည် **သဇ္ဇာ ပဝရာ၊ အနိန္ဒိမတိ၊ သုတာ၊** ဤလေးယောက်ကုန်သော ညီမနှုတ်သမီးတို့ကို ဖြေကြား ပြောဆိုလေသတည်း။

ဝေဿဝဏာနတ်မင်းကြီး၏သမီးငါးယောက်တို့တွင် အမအကြီးဆုံးဖြစ်သော လတာနတ်သမီးသည် လူဖြစ်စဉ်အခါက လင်ကိုရိုသေစွာလုပ်ကျွေးပြုရသောကုသိုလ်ကြောင့်။ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ လေးဝသော အကျိုးဆုံးတို့ကို သိတတ်ရှိ၍ ပြောဆိုသော အခါ၊

ညီမအထွေးဆုံးဖြစ်သောသုတာနတ်သမီးသည်၊ သင်္ဂြာ၊ ပဝရ၊အစ္ဆိမတို၊ ဤညီအစ်မသုံးယောက်ကို အား မေးမြန်းပြောဆိုလိုက်ပါကုန်ဟု ဆိုတော်။

သုတံနု တံဘာသတိ ယံ အယံလတာ၊
ယံနောအပုစ္ဆိမ အကိတ္တယိနော။
ပတိနောကိရမှာကံ ဝိသိဋ္ဌာနာရိနံ၊
ပတိဋ္ဌတာသံပဝရစ ဒေဝထာ။ ။
ပတိသုဝမ္မံ ပစရာမသင်္ဂှာ၊
ပတိဋ္ဌတာ ယဏ္ဍဘဝန္တိ ဂုတ္တိယော။
ပတိသု ဝမ္မံ ပစရိတ္တာနသင်္ဂှာ၊
လစ္ဆာမသေဘာသတိယံ အယံလတာ။ ။
သိဟောယထာ ပဋ္ဌတသာနုဂေါစရော၊
မဟိဒ္ဓရံ ပဋ္ဌတ မာဝသိတ္တာ။
ပသယ္ဟတ္ထော ဂုတရေ စတုဒ္ဒေ၊
ခုဒ္ဒေမိဂေခါဒတိ မုံ သဘောဇနော။ ။
တထေဝသဒ္ဓိဝ အရိယသာဝိကာ၊
ဘတ္တာရံနိဿာယ ပတိအနုဋ္ဌတာ။
ကောဓံဝဇိတ္တာ အတိဘုယ္ယမန္ဘရံ၊
သဂ္ဂမ္ဘိသာမောဒတိ မေ့စာရိနိ။

ဘဂိနိယော၊ ညီမတို့။ အမှာကံ၊ ငါတို့၏။ အယံလတာ၊ အစ်မကြီးဖြစ်သော ဤလတာနတ်သမီးသည်။ ယံ၊ အကြင်ကုသိုလ်၏အကျိုးတရားဖြစ်သောစကားကို။ ဘာသတိ၊ ပြောဆို၏။ တံ၊ ငါတို့အစ်မကြီးပြောဆိုသော ကုသိုလ်အကျိုးတရားစကားကို။ သုတံနု၊ ကြားနာကြံရပါကုန်၏လော။ ဝါ၊ ကြားနာရပြီမဟုတ်ပါလော။ နော၊ ငါတို့သည်။ ယံ၊ အကြင်ယုံမှားသံသယရှိသည်ကို။ အပုစ္ဆိမ၊ မေးမြန်းကြပါကုန်၏။ တံ၊ ထိုငါတို့မေးသောစကားကို။ အယံလတာ၊ ငါတို့၏ အစ်မအကြီးဆုံးဖြစ်သော ဤလတာနတ်သမီးသည်။ နော၊ ငါတို့အား။ အကိတ္တယိ၊ ဖြေကြားပြောပေတော်။

ဘဂိနိယော၊ အိုညီမတို့။ နာရိနံ၊ မိန်းမဖြစ်ရကုန်သော။ အမှာကံ၊ ငါတို့၏။ ပတိ၊ လင်ယောကျ်ားသည်၊ ဝိသိဋ္ဌာကိရ၊ ထူးမြတ်သောဂုဏ်ကျေး ဇူးရှိပေသတဲ့။ နာရိနံ၊ မိန်းမဖြစ်ရကုန်သော။ တာသံ ထိုမာတုဒေ

ဂါမတို့၏။ ပတိ၊ လင်ယောကျ်ားသည်။ ပတိဗွ-ပတိသရဏာ၌၊ ကိုးကွယ်ရာလည်းဖြစ်ပေ၏။ ပဝရာစ၊ မြတ်သောယောကျ်ားမြတ်လည်းဖြစ်ပေ၏။ ဒေဝတာစ၊ မြတ်သောနတ်သားလည်း ဖြစ်ပေ၏။ ဝါ၊ နတ်ကဲ့သို့ပူဇော်တင်မြှောက်သိုက်ပေ၏။ ဝါ၊ ရှိသေထိုက်ပေ၏။ သဗ္ဗာ၊ အလုံးစုံသောငါတို့သည်။ ပတိသု၊ လင်ယောကျ်ားတို့၌။ ဓမ္မံ၊ ဂုဏ်ဦးစွာထခြင်း နောက်မှထိုင်ခြင်း၊ ချစ်ခင်ဘွယ်သောစကားကို ပြောဆိုခြင်း။ နှစ်လိုဘွယ် ပြုလုပ်ခြင်းစသော ကျင့်ဝတ်တရားကို။ ပစရာမ၊ ကျင့်ကြပါကုန်အံ့။

ယဏ္ဍ၊ အကြင်လင်ယောကျ်ား၌။ စရိတဗ္ဗဓမ္မ၊ ပြုကျင့်ထိုက်သောတရားကို။ စရိယမာနေ၊ ပြုကျင့်သည်ရှိသော်။ ဣတ္ထိယော၊ မိန်းမတို့သည်။ ပတိဗ္ဗတာနာမ၊ လင်ဝတ်ကျေသောမိန်းမမြတ်တို့သည်။ ဘဝ ဣတိ၊ ဖြစ်ကုန်၏။ အယံလတာ၊ ငါတို့အစ်မကြီး ဖြစ်သော ဤလတာ နတ်ဆိုးသည်။ ယံ၊ အကြင်လင်ယောကျ်ားကို ရှိသေစွာပြုလုပ်သောကုသိုလ်ကြောင့် ရအပ်သော။ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ တည်းဟူသော အကျိုးတရားကို။ ဘာသတိ၊ ပြောဟော၏။ တံ၊ ထို အာယု ဝဏ္ဏ သုခ ဗလ တည်းဟူသော အကျိုးတရားကို။ သဗ္ဗာ၊ အလုံးစုံမိန်းမဖြစ်ရသောငါတို့သည်။ ပတိသု၊ လင်ယောကျ်ားတို့၌။ ဓမ္မံ၊ ရှိသေစွာပြုလုပ်အပ်သောကျင့်ဝတ်တရားကို။ ပစရိတ္ထာန၊ ကျင့်ပြီး၍။ လ.ဒ္ဓာမသေ။ ရကြပါကုန်အံ့။

ပဗ္ဗတသာနုဂေါစရော၊ တောင်ရိုးတရှောက် သွားရောက်ကျက်စားလေ့ရှိသော။ သိဟော၊ ခြင်္သေ့သည်။ မဟိဒ္ဓရံ၊ မြေကြီးဖြင့်ဆောင်ရွက်နေသော။ ပဗ္ဗတံ၊ တောင်ကို။ အာစသိတ္ဝာ၊ အမှီပြုကာနေ၍။ ဣတရော၊ ခြင်္သေ့မှတပါးကုန်သော။ စတုပ္ပဒေ၊ အခြေလေးချောင်း ရှိကုန်သော။ ခုဒ္ဒေ၊ ငယ်ကုန်သော။ မိဂေ၊ သားသမင်တို့ကို။ မံသဘောဇနော၊ အသားကို ကိုက်ဝါးလျက်။ ခါဒတိယထာ၊ စားမျိုသကဲ့သို့။ တထေဝ၊ ထိုအတူပင်လျှင်။ ဣဓ၊ ဤသာသနာတော်၌။ သဒ္ဓါ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော။ အရိယသာဝိကာ၊ အရိယာတပည့်မဖြစ်သောမိန်းမမြတ်သည်။ ဘတ္တာရံ၊ လင်ကို။ နိဿာယ၊ အမှီပြု၍။ ပတိ၊ လင်ကို။ အနုဗ္ဗတာ၊ အလိုလိုက်ခါ ပြုကျင့်လျက်။ ကောဓံ၊ စိတ်ဆိုးခြင်းကို။ ဝဓိတ္ဝာ၊ ပယ်ဖြတ်၍။ မဇ္ဇံ၊ ဝန်တိုခြင်းကို။ အဘိဘုယျ၊ လွှမ်းမိုး၍ပယ်ရှားခဲ့။ ဓမ္မစာရိနီ၊ လင်ဒွ ရှိသေစွာ ကျင့်လေ့ရှိသော။ သာ၊ ထိုမိန်းမသည်။ သဂ္ဂမှိ၊ နတ်ပြည်၌။ မောဒတိ၊ ပျော်မွေ့ရ၏။

အဓိပ္ပါယ်ကား။ ။ခြေသ့ေ်သည် တောင်ကိုအမှီပြု၍နေပြီးလျှင် ဒိမိလိုရာ အကျိုးကိုပြီးစေနိုင်သကဲ့သို့၊ ထိုအတူပင်လျှင် မိန်းမများသည် လင်ကိုအမှီပြု၍နေပြီးလျှင် ဒိမိလိုရာအကျိုးကိုပြီးစေရာ၏။ နတ်ပြည် အကျိုးကိုလိုလျှင် နတ်ပြည်အကျိုးကိုပြီးစေနိုင်၏။ အဆင်းလှခြင်း၊ အသံသာခြင်း၊ ချမ်းသာကြီးခြင်း အစရှိသော အကျိုးတရားတို့ကိုအလိုရှိလျှင် လင်ကို အမှီပြု၍ နေသော မိန်းမသည် လင်ကိုအရိုအသေပြုရမည်ဟူလို။ ။လင်ယောကျ်ားခ့ဿအရိုအသေပြုသောကုသိုလ်ကြောင့် အာယု ဝဏ္ဏ သုခ ဗလ တည်းဟူသော အကျိုးတို့ကို ရသည်ဟူလို။ ။

ဤသို့လျှင် ဝေဿဝဏာနတ်မင်းကြီး၏သို့မိုးငါးယောက်တို့သည် ရှေးဘဝကပြုဘူးသော ကုသိုလ် အကျိုးတို့ကို အချင်းချင်း ဆွေးနွေး မေးမြန်းပြောဟောခဲ့ကြ၏။ ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူမြဲအတိုင်း ဒေသစာရီ လှည့်လည်တော်မူသောအခါ၊ ဝေဿဝဏာ နတ်မင်းကြီးသည် ဒိမိ၏သို့မိုးငါးယောက်တို့၏အကြောင်းကို လျှောက်ကြားလေ၏။ အရှင်မောဂ္ဂလာန်ထေရ်မြတ်သည်လည်း နတ်ပြည်မှပြန်လာ၍ထိုဝေဿဝဏာနတ်မင်းကြီး၏ သို့မိုးငါးယောက်တို့အကြောင်းကို မြတ်စွာဘုရားအား၊ ဤဂါထာတို့ဖြင့် လျှောက်ကြားသတည်း။

လတာစ သဒ္ဓာ ပဝရာစ ဒေဝတာ၊
အန္ဓိမဘိ ရာဇဝရသ သိရိမတော။
သုတာစ ရညော ဝဿဝဏ္ဏသဿိတာ၊
ရာဇပုတ္တိ ဝမ္မဂုဏေဟိ သောဘထ။ ။
ပဒ္ဓေ ဣဿာရိယော အာဂမ်သု နာယိတုံ၊
သိတောဒကံ ဥပ္ပလိနိံ သိဝံနဒိံ။
တာတဇ္ဇ နာယိတ္တာ ရမိတ္တာ ဒေဝတာ၊
နဒ္ဒိတ္တာ ဂါယိတ္တာ သုတာလတံ ဗြိုဝိုံ။ ။

ဘာကြောင့်၊ မြတ်စွာဘုရား။ လတာစ၊လတာနတ်သို့မိုးသည်ရင်း။ သဒ္ဓာစ၊ သဒ္ဓာနတ်သို့မိုးသည်ရင်း။ ပဝရာစဒေဝတာ၊ ပဝရာနတ်သို့မိုးသည်ရင်း။ အန္ဓိမဘိ၊ အန္ဓိမဘိနတ်သို့မိုးသည်ရင်း။ သိရိမတော၊ အသရေတော်ရှိသော။ ရာဇဝရသ၊ လောကပါလ စတုမဟာရာဇ် နတ်မင်းကြီးဖြစ်

တော်မူသော။ ရညော၀ဿ၀ဏ္ဏ၀ဿ၀ဏ္ဏနတ်မင်းကြီး၏။ ဗိတာ၊ သို့မဟုတ်သော။ သုတာ၊ သုတာ နတ်သို့မဟုတ်ရင်း။ ရာဇပုတ္တိ၊ ၀ဿ၀ဏ္ဏနတ်မင်းကြီး၏ သို့မဟုတ်သည်။ ဓမ္မဂုဏ်ကိုဟူ၊ တရားစကားပြောဟောခြင်း ဓမ္မဂုဏ်ကိုဖြင့်။ သောဘဏ၊ တင့်တယ်ကြပါကုန်၏ဘုရား။

ဤ၊ ဤဟိမ၀န္တာ တောင်ကြီးအလယ်၌။ ပဠု၊ ငါးယောက်ကုန်သော။ နာ၀ရိယော၊ နတ်သို့မဟုတ်သည်။ သိတောဒကံ၊ ဖြေသောရေ ရှိသော။ ဥပ္ပလိနိံ၊ ကြာမျိုးငါးပါးရှိသော။ သိစံနဒိံ၊ အနောတတ္တ၊ နာမသင်းပျံ့ ယနံ့မွှေးကြိုင် နတ်ရေအိုင်မှ၊ ဖြိုင်ဖြိုင်စီးဝင် မြစ်ရေယဉ်သို့။ နာ၀ယိဘုံ၊ ရေသဘင်နန်း၊ စံမြန်းပျော်ပါး ကစားမြူးတူး အထူးအမြတ် ရေသုံးသပ်ခြင်းငှါ။ အာဂမံသု၊ ရွှေရံမျှားစွာ၊ နတ်ကညာတို့၊ ညီညာအရုံ ရောက်လာကုန်၏။ တတ္ထ၊ ထိုအနောတတ္တ နာမသင်းပျံ့ ယနံ့မွှေးကြိုင် နတ်ရေအိုင်၌။ နာ၀ယိတွာ၊ ရေသဘင်နန်း၊ စံမြန်းပျော်ပါး ကစားမြူးတူး အထူးအမြတ် ရေသုံးသပ်၍။ ရမိတွာ၊ ရွှေရံမျှားစွာ နတ်ကညာတို့ ကောင်းစွာပျော်ပါး ရေကစား၍။ နဒ္ဓိတွာ၊ ကိုယ်ဟန် လက်ဟန် ရင်အောင်ကြိုလျက် ဘန်ဘန်မြူးခုန် ကကြကုန်၍။ ဂါယိတွာ၊ နတ်သို့မဟုတ်သား ကြားကြားသမျှ နားချိုလှ၍ အားမရနိုင်၊ တိမ်းယိုင်စောင်းကာ နားဆောင်လာအောင် သာဓုသော သီချင်းသံကိုသီဆိုကြကုန်၏။ သုတာ၊ သုတာအမည်ရှိသော။ ဒေ၀တာ၊ ညီမအကြီးဆုံးဖြစ်သောနတ်သို့မဟုတ်။ အစ်မအကြီးဆုံးဖြစ်သော လတာ နတ်သို့မဟုတ်ကို။ ဗြဟ္မာ၊ ပုန္ဓ္ဓ၀ါမိတံ ဥပ္ပလမာလဝါရိနှင့်၊ အစရှိသော ဂါထာတို့ဖြင့် မေးမြန်းပြောဆိုပါ၏မြတ်စွာဘုရား။

ဘုန်းတော်နေ၀န်း တောက်ထွန်းတော်မူပေသော မြတ်စွာဘုရား။ မောဂ္ဂလာနိမည်သော် တပည့်တော်သည် ယခုအခါ နတ်ပြည်ရှာသို့ဒေ၀ဒတ်ရှိကြွချီသောအခါ၊ ဂ၀ဿ၀ဏ္ဏနတ်မင်းကြီးနှင့် ဆွေကြီးပါ၍ ဗိမာသို့ ငါးယောက်ကို ဟုတ်ရုံးစကားဖြင့် တန့်တယ်စွာနေ့ကြပေ ၁အကြောင်းကို သျှောက်ကြားလိုက်ပါသည်အရှင်ဘုရား။ ၂ထိုနတ်သို့ငါးယောက်တို့သည် ဟိမ၀န္တာတောင် အနောတတ္တ ရေအိုင်သို့သွား၍ ရေချို ပြီးလျှင်သို့အ၀ေးဆုံးဖြစ်သော **သုတာ**နတ်သို့မဟုတ်၊ အစ်မအကြီးဆုံးဖြစ်သော **လတာ**နတ်သို့ကို။ ပုန္ဓ္ဓ၀ါမိတံ ဥပ္ပလမာလဝါရိနှင့်၊ အစရှိသော ဂါထာတို့ဖြင့်မေးမြန်း၍ တရားစကားပြောဆိုပြီးမှ ရေပါသော အကြောင်းကို

ကြားသိရပါသည်မြတ်စွာဘုရားဟူ၍ အရှင်မဟာ မောဂ္ဂလာန် ထေရ်မြတ်သည် မြတ်စွာဘုရားအား အစအဆုံးအားလုံးသော **လတာဝိမာန်ဝတ္ထု** ကို လျှောက်ကြားလေသတည်း။ ။မြတ်စွာဘုရားသည်လည်း ရောက်လာသော ပရိသတ်တို့အား တရား ဟော၍၊ များစွာသောလူ အပေါင်းတို့သည် တရားအသုံးကြားနာမှတ်သားကြရလေကုန်၏။

လတာနတ်သမီးဝတ္ထုပြီး၏။ ။စဝေ၊ ၅။

အလောင်းတော်ဂုဏ်လစောင်းဆရာ၏ဝတ္ထု။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝနံကျောင်းတိုက်တော်၌ ပျော်ပိုက် မွေ့လျော်နေတော်မူစဉ်၊ အရှင်မဟာမောဂ္ဂလာန် ထေရ်မြတ်သည် ရှေးကပြဆိုခဲ့ပြီးသောနံညီးအတိုင်း၊ ဒေဝစာရိုက-နတ်ပြည်ဌာနသို့ ဒေသစာရိုက္ခြိုတော်မူမြဲဖြစ်သည့်အားလျော်စွာ ဒေသစာရိုက္ခြိုတော်မူသည်ရှိသော်၊ တာဝတိံသာ နတ်ပြည်သို့ရောက်တော်မူ၍၊ အစဉ်အတိုင်းတည်နေကုန်သော သုံးဆဲ့ခြောက်ခုသော နတ်ဘုံဗိမာန်တို့၌ သုံးကျိပ်ခြောက်ယောက်ကုန်သောနတ်သမီးတို့သည် အခြွေအရံနတ်သမီးတထောင်စီခြံရံလျက်ကြီးစွာသောနတ်စည်းစိမ်ကိုခံစားလျက်နေသည်ကိုမြင်တော်မူ၍၊ ထိုသုံးကျိပ်ခြောက်ယောက်သောနတ်သမီးတို့ကို အစဉ်အတိုင်း ရှေးက ပြုခဲ့သောကောင်းမှုကုသိုလ်ကို မေးမြန်းတော်မူ၏။

ထိုသုံးကျိပ် ခြောက်ယောက်သော နတ်သမီးတို့သည်လည်း အရှင်မောဂ္ဂလာန်မေးတော်မူသည်ကို အသီးအသီး ကိုယ်စီကိုယ်စီ ကသဏပမြတ်စွာဘုရား လက်ထက် တော်ဝယ် လူဖြစ်စဉ် အခါက ပြုခဲ့သော ကုသိုလ်ကောင်းမှုတို့ကို ထုတ်ဖော်၍ လျှောက်ကြားကြကုန်၏။ အရှင်မဟာ မောဂ္ဂလာန်သည် နတ်သမီးများ လျှောက်ကြားသော ကုသိုလ်ကောင်းမှုတို့ကိုမှတ်သားမှတ်ယူ ပြည်ထဲ ပြန်လာပြီးလျှင် မြတ်စွာဘုရားအား၊ ထိုအကြောင်းအရာကိုလျှောက်ကြား၏။

ထိုအခါ၌ မြတ်စွာဘုရားသည်၊ ချစ်သားမောဂ္ဂလာန်၊ ထိုနတ်သမီးသုံးကျိပ်ခြောက်ယောက်တို့ကို သင်ကဲ့သို့ မေးဘူးသည်မဟုတ်။ ငါဘုရားသည်လည်း **ဂုဏ်လ** စောင်းဆရာဖြစ်သောအခါ ထိုကြားမင်းက မာတာပိနတ်သားကိုစေလွှတ်၍ ဝေဓဿနှင့် ရထားဖြင့်ဆောင်ယူ၍ တော

ဝတိ သာနတ်ပြည်ရှိရောက်သောကြောင့်၊ ထိုသုံးကျိပ်ခြောက်ယောက်ကုန်သော နတ်သမီးတို့သည်လည်း၊ သင်မေးသည်ကို ဖြေကြားသကဲ့သို့ ပင်လျှင်၊ ကသုပမြတ်စွာ ဘုရားလက်ထက်က ပြုဘူးသော ကုသိုလ်ကောင်းမှုတို့ကို ဖြေကြားကြကုန်၏ဟူ၍ မိန့်တော်မူလျှင်။ အရှင်မဟာမောဂ္ဂလာန် တောင်းပန်အပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဂုတ္တိလ ဇာတ်တော်ကိုဟောတော်မူ၏။

ရှေးလွန်လေပြီးအခါ၌ ဗာရာဏသီပြည်ဝယ်၊ ဗြဟ္မဒတ်မင်းပြုသည်ရှိသော်၊ ဘုရားအလောင်းတော်သည် ဂန္ဓဗ္ဗကုလ သဘာင်သည် စောင်းသမားအမျိုးဌာ်ဖြစ်၍စောင်းတီးသောအတတ်ပညာ၌ပြီးဆုံးအောင်တတ်မြောက်သည်၏အဖြစ်ကြောင့် အရုပ်ရုပ်ပျံ့နှံ့ကျော်ကြားလျက် ထင်ရှားသောစောင်းဆရာကြီးဖြစ်လေ၏။ အမည်အားဖြင့် **ဂုတ္တိလ**အမည်ရှိ၏။ ထိုအလောင်းတော် ဂုတ္တိလစောင်းဆရာသည် အိုမင်း၍ မျက်မမြင်ဖြစ်ကုန်သော အမိအဘတို့ကိုလုပ်ကျွေး၏။

ထိုအခါ၌ဗာရာဏသီပြည်သားတို့သည် ကုန်သွယ်အုံ့သောဌါ ဥဇ္ဇေနီပြည်သို့သွားကုန်၍ နက္ခတ်ပွဲသဘင် ကြွေးကြော်သောအခါ၌ ပန်းနံ့သာခဲဘွယ် ဘောဇဉ် တို့ကိုယူ၍ ပျော်ပါး မွေ့လျော်စွာ ကစား မြူးတူးကြသော နေရာသို့သွားပြီးလျှင် တပေါင်းတည်း စည်းဝေး ကြကုန်လျက်၊ စောင်းသမား တယောက်ကို ခေါ်ချေလောဟုဆို၍၊ ဥဇ္ဇေနီပြည်သား **မုသိလ**အမည်ရှိသော စောင်းသမားကိုခေါ်၍ စောင်းတီးစေကြကုန်၏။ ထိုမုသိလစောင်းသမားသည် စောင်းကြိုးတို့ကိုတင်းစွာထား၍ မြင့်သော အသက်သံဖြင့် စောင်းကိုတီး၏။ ဆရာဂုတ္တိလ၏ စောင်းသံကို ကြားဘူးကြကုန်သောကုန်သည်တို့သည် မုသိလတီးသောစောင်းသံကို **ဝါ**းခြမ်းစိပ်ကိုတီးသော အသံကဲ့သို့ မှတ်ထင်ကြကုန်၍ ရွှင်လန်းသောမျက်နှာဖြင့် နှစ်သက်သောအမူအရာကိုမပြုကြကုန်။ ပကတိအတိုင်း ဥပေက္ခာပြု၍နေကြကုန်၏။

မုသိလစောင်းသမားသည် တဘန် စောင်းကြိုးကို အနည်းငယ်မျှလျှော့၍ အလပ်စားအသံဖြင့်။ ဝါ၊ မမြင့်လွန်း မနိမ့်လွန်း၊ အထက်သံလည်းမကျ၊ အောက်သံလည်းမကျ တီး၍ပြပြန်၏။ ထိုအသံကိုလည်း ကုန်သည်တို့သည် ဥပေက္ခာပြုကြကုန်၏။ ထိုနောက် မုသိလသည် စောင်းကြိုးကိုလျှော့၍ နိမ့်သော အောက်သံဖြင့်သာလျှင်တီး၏။ ထိုအသံကိုလည်း ကုန်သည်တို့သည် ဥပေက္ခာပြုကြကုန်၍ နှစ်သက်သော

အမှုအရာကိုမပြုကြကုန်။ ထိုအခါ မုသိလသည် ကုန်သည်တို့ကို ဤသို့ မေးလေ၏။ အိုကုန်သည်အပေါင်းတို့။ ကျွန်ုပ်သည် စောင်းကိုအမျိုးမျိုး အသံကိုပြောင်း၍ ကောင်းမွန်စွာ တီးသည်ကို သင်တို့သည် အဘယ်ကြောင့် နှစ်သက်သောအမှုအရာကိုမပြုကြကုန်သနည်းဟုမေး၏။ ထိုသို့ မေးသောအခါ။ ဆရာဂုတ္တိလ၏စောင်းသံကို ကြားဘူးသောငါတို့သည်၊ သင်၏စောင်းသံကို မိန်းမများ ခလေးချော့သော အသံကဲ့သို့ ထင်၏ဟု ပြောဆိုကြကုန်၏။ အိုကုန်သည် အပေါင်းတို့....။ ယင်းသို့ဖြစ်ခဲ့သော်၊ ငါ့အားစောင်းတီးသောအခကိုမပေးကြပါကုန်လင့်။ဗာရာဏသီပြည်သို့ ရောက်အောင်ဆောင်၍ ငါ့ကိုပို့ကြပါကုန်လော့ဟု မုသိလဆိုသည်ရှိသော်။ ကုန်သည်တို့သည် မုသိလကိုခေါ်ဆောင်၍ ဗာရာဏသီပြည်သို့ ရောက်လျှင် ဂုတ္တိလစောင်းဆရာ၏နေရာကို ညွှန်ပြ၍ မိမိတို့အိမ်သို့သွား ကြကုန်၏။

မုသိလသည်လည်း ဘုရားလောင်း၏ အိမ်သို့ဝင်၍ **ဆွဲ**ထားသော စောင်းကိုမြင်လျှင် ယူ၍တီး၏။ ထိုအခါ ဘုရားလောင်း၏ အမိ အဘတို့သည် စကျွဲအသင်းမရသောကြောင့် မမြင်ကုန်ရကား၊ ကြွက်တို့သည် စောင်းကိုကိုက်ဂုန်း၏ဟုမှတ်ထင်၍ သုသုဟူသောအသံကဲ့ပြု၍ ချောက်လှန့်ကြကုန်၏။ ထိုအခါ မုသိလသည်စောင်းကိုထားပြီး၍၊ အိုမိခင်ဘခင်တို့ အကျွန်ုပ်သည် စောင်းကိုယူ၍**တီး**ပါ၏ ကြွက်မဟုတ်ပါဟုဆိုလျှင်၊ သင်သည် ဘယ်အရပ်မှ ဘယ်ကိစ္စ ဘယ်အလို့ငှါရောက်လာပါသနည်းဟု မေးသည်ရှိသော်။ ဆရာဂုတ္တိလ၏အထံ၌စောင်းအတတ်ကိုသင်လို၍ ဥဇ္ဇေနီပြည်မှလာခဲ့ပါသည်ဟုဆို၍ယခုအခါ ဆရာဂုတ္တိလသည် အဘယ်သို့ သွားပါသနည်းမေးလျှင်။ အမောင်၊တပါ်းသို့သွားသေး၏ မကြာမီပင် ရောက်လာပါလိမ့်မည်။ ဤနေရာ၌ထိုင်၍နေပါလော့ဟုဘုရားလောင်း၏ အမိအဘတို့ကပြောဆို၍ **မုသိလ** သည် စောင့်ဆိုင်းလျက်နေ၏။

ထိုနောက်ဆရာ**ဂုတ္တိလ**သည် ရောက်လာ၍ စကားပဋိသန္ထာရကိုပြုပြီးလျှင် မုသိလသည် မိမိ၏လာသော အကြောင်း အရာကို ပြောကြား၏။ ဆရာဂုတ္တိလသည် မုသိလကို **အင်္ဂါ**ဖြင့် ကြည့်ရှု၍ သူတော်မဟုတ်သူယုတ်၏လက္ခဏာကိုမြင်လျှင်၊ ညှိုးထွေး၊ သွားဦးလော။ သင့်အား စောင်းအတတ်ကို ငါမသင်နိုင်ဟုဆို၍ပယ်ရှား၏။ မုသိလသည် ဘုရားလောင်း၏ အမိအဘတို့ကို ခစား၍ ခြေဆုပ်လက်နယ်ပြုပြီးလျှင်၊ ကွန်ုပ်အား စောင်းအတတ်ကိုသင်၍ပေးအောင် ပြောကြားပါလောဟု တောင်း

ပန်၏။ ဘုရားလောင်း၏အမိအဘတို့သည် သားကို အဘန်တလဲလဲ တိုက်တွန်း၍ မိဘကို၏စကားကို လွန်အုံ့သောဌာ မတတ်နိုင်ဿာ အလောင်းတော် ဂုတ္တိလစောင်းဆရာသည် မုသိလအား စောင်းအတတ်ကိုသင်၍ ပေး၏။

ဝိဂတမ္ဘူရိယတာယ၊ ကာရုဏိကတာယစ၊ အာစရိယမုဠ္ဠိ
အကတ္ဘာ အနုဝသေသတော သိပ္ပံသိက္ခာပေသိ။ ။
(ဂုတ္တိလဝိမာနဝတ္ထုအဋ္ဌကထာ။)

ဝိဂတမ္ဘူရိယတာယစ၊ဝန်တိုစဉ်းလဲခြင်းကင်းသည်၏အဖြစ်ကြောင့်ရှင်း။ ကာရုဏိကတာယစ၊ သနားညှာတာ၊အားနာထောက်ထားငဲ့ သောအားဖြင့်ရှင်း။ အာစရိယမုဠ္ဠိ၊ ဆရာစားချန်ထားသည်ကို။ အကတ္ဘာ၊ မပြုမူ၍။ အနုဝသေသတော၊ အကြွင်းမဲ့အားဖြင့်။ သိပ္ပံ၊ အတတ်ကို။ သိက္ခာပေသိ၊ သင်စေ၏။ ဝါ၊ သင်၍ပေး၏။

ဘုရားလောင်းတို့သဘောသည် သတ္တဝါတို့၏ချမ်းသာကြီးပွားခြင်းကို အခါခပ်သိမ်း အလိုရှိ၍ ကင်းသော မဟွေ့ရစ်တ် ရှိသည်၏ အဖြစ်ကြောင့်ရှင်း။သတ္တဝါတို့အား သနားညှာတာ၊အားနာတတ်သောသဘောရှိသည်၏အဖြစ်ကြောင့်ရှင်း။ ဆရာစားမချန်ထားမူ၍ မိမိတတ်သောပညာကို အကြွင်းမဲ့ သင်ကြားလေ့ရှိသည်အားလျော်စွာ၊ဤမုသိလကိုလည်း သူယုတ်မာ၏လက္ခဏာကိုသိမြင်လျက်ပင်လျှင် စောင်းအတတ်ကိုသင်၍ အကြွင်းမဲ့တတ်မြောက်စေ၏။

ထိုမုသိလသည်လည်း ပညာရှိသည်၏ အဖြစ်ကြောင့်ရှင်း၊ စောင်းအတတ်ခို လေ့ကျက်ဘူးသောကြောင့်ရှင်း။ မကြာမီပင်လျှင် ပြိုးဆုံးအောင် တတ်မြောက်၍ ဤသို့ကြံ၏။ ဤဗာရာဏသီပြည်သည် ဓမ္မ။ဒိဋ္ဌ ဟူနိုးခဲ့ ကောင်းမြတ်သောမှီဖြစ်၏။ ငါသည်မင်းနှင့်တကွသောပရိသတ်ခဲ့ စောင်းတီးအဟတ်ကို ပြုရကြောင်း။ ဆရာသည် ဇရမင်းပြီးဖြစ်၍ ဆရာသက်ပင် ဓမ္မ။ဒိဋ္ဌ ဟူနိုးခဲ့သည်ကိုမူ ကျေပ်စေခြင်းဖြစ်လတံ့။ ကြီးပြီးလျှင် ဆရာကို ဤသို့ပြောကြား၏။ ဆရာ၊ အာဟူနိုပ် မင်း၏ဧကန်တော်ခဲ့ စောင်းအတတ် ဟုပြောဆုပါ၏ အာဟူနိုပ်၏အကြောင်းကို မင်းအားပြောကြားခဲ့ပါ ပေးပါလော့ဟုဆိုလျှင် အလောင်းတော်စောင်းဆရာသည် ဤသူကားပါ၏အဆုံးခံစောင်းအတတ်ကိုသင်ကြားသူဖြစ်၏။ ထောက်ရာ တည်ရာ အားကိုးရာမှီခိုပါ ဧစဆောဟူမည် သားသည်တာခြင်းသဘောရှိသူကား၊ ဘုံ ခုသည်လတို့ ဘုရားမင်းဖြတ်၏ အသံသို့ဆောင်ခဲ့ အာဟူမင်းဖြတ်....၊

အကျွန်ုပ်၏ အနှေ့ဝါသိကတပည့်ဖြစ်ပါသည်။ ထိုသူစောင်းအတတ်ကို ပြုပါလိမ့်မည် အရှင်မင်းမြတ် ကြည့်ရှုတော်မူပါလောဟုဆိုလျှင်၊ ပြည့်ရှင်မင်းမြတ်သည်ဝန်ခံ၍ ရှေ့တော်၌ စောင်းအတတ်ကိုပြ၍၊ ထိုမုဆိုလူ စောင်းသံကိုကြားလျှင် နှစ်သက်ခြင်းရှိ၍ ငါ၏အသံ၌ခစားလော့၊ ဆရာအား ပေးသောလစာမှ ထက်ဝက်ဖြစ်သောလစာကိုရစေအုံ့ဟု ပြည့်ရှင်မင်းဆိုလျှင်၊ မုသိလသည် ဆရာနှင့် အတူအညီ စောင်း အတတ် ကို တတ်သောကြောင့် လစာ ၄ွေကိုးလည်း ဆရာနှင့်အတူအညီ ပေးပါလော့ဆိုသည်ရှိသော်၊ သင်သည် ဤသို့မဆိုလင့်။ ဆရာမည်သည်ကား ကြီးသောဂုဏ်သူးရှိ၏။ ဆရာနှင့်အတူအညီမပေးနိုင်။ ထက်ဝက်သော လစာကိုသာငါပေးအုံ့ဟု ဆိုသည်ရှိသော် မုသိလသည် အကျွန်ုပ်၏ဂုဏ်း၊ ဆရာ၏ဂုဏ်း၊ စောင်းအတတ်ကို ကြည့်ရှုပါလော့ဟု ပြည့်ရှင်မင်းအား ပြောကြား၍ နန်းတော်မှထွက်လာခဲ့၍ မြို့တွင်းမြို့ပြင် ထိုထိုအရပ်၌လှည့်ပတ်၍။ အိုလူအပေါင်းဘို၊ ဤနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့၌၊ ဂုတ္တိလစောင်းဆရာနှင့်ငါသည် အဘူတကွယ်ညီမြီ၍စောင်းအတတ်ကို ပြအုံ့။ ကြည့်ရှုလိုသူဘို့သည် ပြည့်ရှင်မင်း၏ နန်းတော်ယင်ပြင်သို့လာ၍ ကြည့်ရှုကြကုန်လောဟု ကြေးကြော်ခြင်းကိုပြုလေ၏။

ထိုအကြောင်းကို ပြည့်ရှင်မင်းမြတ်သိတော်မူ၍ မုသိလကိုခေါ်ပြီးလျှင်၊ သင်သည်ဆရာနှင့်အတူတကွယ်ညီမြီ၍ စောင်းအတတ်ကိုပြမည်လောဟုမေးလျှင် ဟုတ်ပါ၏ဟုဆိုသော်။ သင်သည်ဆရာနှင့် မြှင်ဆိုင်ခြင်းသည် မသင့်မြတ်။ ဤသို့မပြုလင့်ဟု ပြည့်ရှင်မင်းမြတ်ဆိုသော်လည်း အကျွန်ုပ်သည် ဆရာနှင့်မြှင်ဆိုင်၍စောင်းအတတ်ကိုပြပါအုံ့။ ဘုယင်သူကသာသည်ကိုအရှင်မင်းမြတ် ကြည့်ရှုပါလော့ဟုဆို၏။ ထိုအကြောင်းကို ဆရာ**ဂုတ္တိလ**ကြားသိ၍ ဤမုသိလသည်ကား ပျိုရွယ်ငယ်နုသေး၍ **အား**ရှိ၏။ ငါသည်ကား အိုမင်းပြီဖြစ်၍ **အား**နည်း၏။ အကယ်၍ ငါကပင် **အော**င်နိုင်သော်လည်း တပည့်ကိုဆရာက **အော**င်နိုင်၍ ဂုဏ်ထူးရှိသည်မဟုတ်။ ငါကရှုံးခဲ့မူကား အလွန်ရှက်ဘွယ်ဖြစ်၏။ တောသို့ဝင်၍ သေခြင်းသည် မြတ်သေး၏ဟုကြံ၍ တောထည်းသို့သွားပြီးလျှင် သစ်ပင်၌ ကြိုးဆွဲချ၍သေပါတော့မည်ဟုကြံသော်လည်း သေခြင်းမှကြောက်သောကြောင့် တဘန်ပြန်လာပြန်၏။ အိမ်သို့ရောက်လျှင် တဘန်တောသို့ဝင်၍ သေပါတော့မည်ဟုသွားပြန်၏။ သေခြင်းမှကြောက်သောကြောင့် တဘန်အိမ်သို့ပြန်လာပြန်၏။

ဤသို့အလောင်းတော် **ဂုဏ်လ** စောင်းဆရာကြီးသည်၊ ဆရာကိုဂုဏ်ပြုခြင်းသော တပည့်ဆိုးမှ ကြောက်သောကြောင့်ဝင်း။သေခြင်းမှကြောက်သောကြောင့်ဝင်။ သွားချိ ပြန်ချိ ခြောက်ရက်လည်၍ မျက်ပင်တို့ ကြေမွလျက် ခြေကြောင်းခရီးလမ်းဖြစ်၍နေ၏။

ထိုခဏ၌ သိကြားမင်းနေရာပျက်၍ ဆင်ခြင်လတ်သော်၊ ဆရာ **ဂုဏ်လ** ကိုမြင်၍။ (ဒိဿမာနရူပေါ အာကာသေ ဌတွာ) သိကြားအသွင် ထင်ရှားသောကိုယ်ဖြင့် ကောင်းကင်မှရပ်၍။ ဆရာ - အာဘယ်ကြောင့် ဤသို့ပြုသနည်းဟုမေးလေ၏။ ထိုအခါ ဆရာဂုဏ်လသည် ကောင်းကင်မှ ရပ်သော အရှင်ကား၊နဂါး,ဂဠုန်,ကုမ္ဘာဏ်,ယက္ခ,ဂန္ဓဗ္ဗ,တွင် အာဘယ်သူဖြစ်ပါသနည်းဟုမေးလျှင်။အကျွန်ုပ်ကား အခြားသူမဟုတ်၊ သိကြားမင်းဖြစ်ကြောင်း။ ဆရာသည် သွားချိပြန်ချိနေသည်ကိုမြင်၍ အကျွန်ုပ်လာခဲ့ကြောင်း။ ဘယ်အကြောင်းကြောင့် ဤသို့သွားချိပြန်ချိနေရပါသနည်းဟု သိကြားမင်းမေးသောအခါ၊ဆရာဂုဏ်လသည် ဤဂါထာဖြင့် ပြောဆိုလေသတည်း။

သဏ္ဌာတန္တိ သုမရ၊ ရာမဏေယ္ယံ အဝါစယိ။
သောမံရက်ခ္ခိ အဒ္ဒေဘိ၊ သရဏံ မေ ဟောဟိ ကောသိယ။ ။

ဒေဝရာဇာ၊ သိကြားမင်း။ သုမရ၊ အလွန်ချိသာသော အသံရှိသော။ ရာမဏေယျံ၊ အလွန်မွေ့လျော်ဘွယ်သော အသံရှိသော။ သဏ္ဌာတန္တိ၊ ညှို့ကြိုးခုနစ်ချောင်းရှိသော စောင်းအာတတ်ကို။ အဟံ၊ ငါသည်။ ယံ၊ အကြင်တပည့်ကို။ အဝါစယိ၊ သင်ကြား၍ပေး၏။ သော၊ ထိုတပည့်မိုက်သည်။ မံ၊ ဂုဏ်လငါ စောင်းဆရာကို။ ရက်ခ္ခိ၊ မဏ္ဍာပပြင်ကျယ်၊ သဘာအလယ်၌။ အဒ္ဒေဘိ၊ ဂုဏ်ပြုခံယူခြင်းမှ၊ အင်ဘုရားပြုလျက်၊ တုဘက်ခြင်းငှါ၊ ခေါ်ခေါ်လာ၏။ ကောသိယ၊အရှင်သိကြားမင်း။ မေ၊ ငါ၏။ သရဏံ၊ အားကိုးဘွယ်သည်။ ဟော-ဟိ ဖြစ်ပါလေး။

ငါးရာငါးဆယ်စာတင်ထွေ၊ ဒုကနိပါတ် ဂုဏ်လစာတင်၌၊ (ရာမဏေယျံ အဝါဒသံ)ပါဠိရှိ၏။ အနက်ကား၊ အတူတူပင်။ ဝိမာနဝတ္ထုအဋ္ဌကထာ၌ (အဝါစယိန္တိ ပါဠေယ်၊ ဥဂ္ဂဏှာပေသိ၊ သိက္ခာပေသိ။ ဟူ၍ရှိ၏။

ဤသို့ ဆရာဂုတ္တိလပြောဆိုသော စကားကိုကြားလျှင်၊ သိကြားမင်းသည် ရှေးဘဝ၌ အာကျွန်ပ်၏ဆရာဖြစ်ဘူးသော ဆရာဂုတ္တိလကို အောင်နိုင်စေအံ့။ အာကျွန်ပ်သိကြားမင်းသည်ဆရာကိုပူဇော်အံ့။ ဆရာစိုးရိမ်ခြင်းမရှိပါလင့်ဟုဆိုမြဲ ဤဂါထာဖြင့် နှစ်သိမ့်စေ၏။

အဟံ တေ သရဏံဟောမိ၊ အဟမာစရိယ ပူဇကောဝ။
နတံ ဇယိဿတိ သိဿော၊ သိဿ မာစရိယ ဇေဿတိ။ ။

အဟံ၊ အာကျွန်ပ် သိကြားမင်းသည်။ တေ၊ ဆရာဖြစ်ဘူးသောသင်၏။ သရဏံ၊ အားထားဘွယ်သည်။ ဟောမိ၊ ဖြစ်ပါအံ့။ အဟံ၊ အာကျွန်ပ် သိကြားမင်းသည်။ အာစရိယပူဇကော၊ ဆရာကိုပူဇော်တတ်ပါ၏။ တံ၊ ဆရာကို။ သိဿော၊ တပည့်ဖြစ်သော မုသိလ လူယုတ်တော သည်။ နဇယိဿတိ။ မအောင်နိုင်လတံ့။ အာစရိယ၊ ဆရာ။ သိဿံ၊ တပည့်ယုတ်စွ မုသိလကို။ တွံ၊ သင်သည်။ ဇေဿတိ၊ အောင်နိုင်လတံ။

သက္ကသိကိရ ဒေဝရညော ပုရိမဘဝေ မဟာသတ္တော
အာစရိယော အဟောသိ။ တေနာဟ အဟမာစရိယ ပူဇကောတိ။
(ဝိမာနဝတ္ထုအဋ္ဌကထာ။ ။)

ပုရိမဘဝေ၊ ရှေးဖြစ်သော ကိုယ်၏အဖြစ်၌။ ဝါ၊ ရှေးဘဝ၌။ မဟာသတ္တော၊ ဘုရားလောင်း ဂုတ္တိလဆရာသည်။ သက္ကသ ဒေဝရညော၊သိကြားမင်း၏။ အာစရိယော၊ ဆရာသည်။ အဟောသိကိရ၊ ဖြစ်ဘူးသတတ်။ ဖြစ်ဘူးသတဲ့။ တေနာ၊ ထိုကြောင့်။ အဟမာစရိယပူဇကောတိ၊ အဟမာစရိယပူဇကော၊ ဟူ၍။ အာဟ၊ သိကြားမင်းဆိုသတည်း။ အဟံ၊ အာကျွန်ပ်သိကြားမင်းသည်။ အာရိယ၊ ပူဇကော၊ ဆရာကိုပူဇော်တတ်သောသူတည်း။ ဝါ၊ ဆရာကို ဂုဏ်မြှင့်တတ်သော သူယုတ်မာ မဟုတ်ပါ။

ဆရာ၊ အာကျွန်ပ်သိကြားမင်းကဲ့သို့သော တပည့်ကောင်း ရှိပါလျက် အဘယ်မှာ ဆရာကရှုံးရအံ့နည်း။စင်စစ်သော်ကား မုသိလကဲ့သို့တပည့်ယုတ်ကို ဆရာကသာလျှင် အောင်နိုင်လတံ့။ ထို**မုသိလ** သည် ရှုံးသည်ဖြစ်၍ပျက်စီးခြင်းသို့ရောက်လတံ့။ အာကျွန်ပ်သိကြားမင်းသည် နှနှစ်ရက်မြောက်သောနေ့၌လာပါအံ့။ဆရာသည်ကြောက်ရွံ့ခြင်းမရှိဘဲ ရဲတင်းစွာ မင်းယောင်ပြင်သို့သွား၍ စောင်းကိုတီးပါလောဟု ပြောဆိုမှာသားပြီးလျှင် သိကြားမင်းသည် တာဝတိံသာသို့ ပြန်သွားလေ၏။

ဤသို့သိကြားမင်းသည်ဆရာ**ဂုတ္တိလ**ကိုနှစ်သိမ့်စေပြီး၍နောက်တနေ့၌ ခုနစ်ရက်မြောက်သောနေ့ဖြစ်ရကား၊ ပြည့်ရှင်မင်းသည်ညီလာခံရာမင်းပွဲသဘင်အလယ်၌ထိုင်နေ၏။ တသောင်း နှစ်ထောင် ကုန်သော ဗိဗုရားမောင်းမကို့သည်ရင်း။ **အ**မတ်ပုဏ္ဏားသူကြွယ်တို့သည်ရင်း။ မြို့သူမြို့သားလူအများတို့သည်ရင်း။ ပြည့်ရှင်မင်းကို ဝန်းရံ၍ထိုင်နေကြကုန်၏။ မင်းယင်ပြင်၌ ညောင်စောင်း အဆင့်ဆင့်၊ ခုံအဆင့်ဆင့်တို့ကိုထားကြကုန်၍၊ ထိုညောင်စောင်းခုံ အဆင့်ဆင့်တို့အပေါ်၌ ကြည့်ရှုသောသူ အပေါင်းတို့သည် ဆရာနှင့်တပည့် ယှဉ်ပြိုင်၍ စောင်းတီးသည်ကိုကြည့်ရှုအံ့ဟု ဝိုင်းဝန်း ကိုးခြေ့၍ နေကြကုန်၏။ ဆရာဂုတ္တိလသည်ရင်း။ တပည့် မုသိလသည်ရင်း၊ မိမိတို့နေရာ၌နေကြကုန်၍ စောင်းကိုတီးကြကုန်၏။

သိကြားမင်း သည်လည်းလာ၍ ကောင်းကင်၌ရပ်၏။ ထိုသိကြားမင်းကို ဘုရားလောင်းသားလျှင်မြင်၏။ ဘုရားလောင်းမှကြွင်းကုန်သောအလုံးစုံသော ပရိသတ်တို့သည် သိကြားမင်းကို မမြင်ကြကုန်။ လူပရိသတ်တို့သည် ဆရာတပည့်နှစ်ယောက်တီးသောစောင်းသံကို အည့်အမှုနှစ်သက်ကြကုန်၏။ ထိုအခါ၌ သိကြားမင်းသည် ဆရာ ဂုတ္တိလကိုသာ ကြားစေလျက်၊ စောင်းကြိုး တချောင်းကိုဖြတ်လေ့ဟု ဆိုတော်၏။ ဆရာ ဂုတ္တိလသည် သိကြားဆိုကိုင်း စောင်းကြိုးတချောင်းကိုဖြတ်၍တီး၏။ ထိုပြတ်သော စောင်းကြိုးမှ စောင်းသံ သည် ကောင်းစွာ မြည်၏၊ ထိုအဘို့ ဒုတိယကြိုးကိုလည်း ဖြတ်လောဟု သိကြားမင်းဆိုပြန်၏။ ဒုတိယစောင်းကြိုးကို ဖြတ်၍တီး၏၊ ပကတိအသံဖြစ်၍မြည်၏။ တတိယကြိုး စတုတ္ထကြိုး၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမကြိုးကိုလည်း ဖြတ်လောဟု သိကြားမင်းဆိုတိုင်း၊ စောင်းကြိုးခုနှစ်ချောင်းကိုဖြတ်၍ တီးသောစောင်းသံသည် နှတ်စောင်းသံဖြစ်၍ ဗာရာဏသီ တပြည်လုံးကို လွှမ်းမိုး၍ သွားအောင် မြည်လေသတည်း။

မုသိလသည် ရှုံးသောသဘောရှိသည်ဖြစ်၍ လည်ဂုတ်ငိုက်ဆိုက်ချလျက်နေ၏။ ။(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုဋ္ဌကား၊ မုသိလသည်လည်း စောင်းကြိုးကိုဖြတ်၍ တီးသောအခါ စောင်းသံမမြည်ဘဲ နေကြောင်းကို လည်းဆို၏။)

ဘုရားလောင်းသည် ညှို့ကြိုးမပါသော စောင်းကိုတီး၍၊ ထိုစောင်းလက်ကိုကောင်းကင်သို့ပစ်လိုက်သောအခါ သုံးရာသောနှတ်ဆို့ကို့လာ၍ က,ကြကြောင်း။ နှစ်ခုသောစောင်းလက်ကိုပစ်သောအခါ၊ နှတ်ဆို့သုံးရာ၊

သုံးခုသောစောင်းလက်ကို ကောင်းကင်သို့ပစ်သောအခါ နတ်သို့သုံးရာ၊ ဤကိုးရာသောနတ်သို့တို့သည်က,လာကြကုန်၏ဟူ၍ဆို၏။ လူအပေါင်းတို့သည် ပုဆိုးမြှောက်၍ ပူဇော်ခြင်း သာဓုခေါ်ခြင်းတို့ကို ပြုကြကုန်၏။ ပြည်ရှင်မင်းသည် မုသိလကို ပမာဏကိုမသိဘဲ ဆရာနှင့် ယှဉ်ပြိုင်ခြင်းဖြင့် ပရိသတ်သဘင်အလယ်မှ ဆွဲ၍ထုတ်ပစ်စေ၏။ လူအပေါင်းတို့သည် ကျောက်ခဲတုတ်ချောင်းတို့ဖြင့် ကိုင်မိရာတို့ကိုကိုင်၍ ပစ်ခတ် ရိုက်ပုတ်ကြသဖြင့် အသက်ကုန်ခြင်းသို့ရောက်လေ၏။

သိကြားမင်းသည်လည်း နတ်ပြည်သို့ပြန်သွား၍ ရောက်သောအခါ နတ်အပေါင်းတို့က အရှင် သိကြားမင်းသည် အဘယ်သို့ကြွသွားပါသနည်းဟုမေးကြ၍၊ ဆရာဂုဏ်လိုလအထံသွား၍ စောင်းတီးအတတ်ကို ကြည့်ရှုကြောင်းနှင့်ပြောကြားသောအခါ၊ အရှင်သိကြားမင်း အကျွန်ုပ်တို့သည် ဆရာဂုဏ်လ ကိုကြည့်ရှုလိုပါကုန်၏။ တာဝတိံသာနတ်ပြည်သို့ ဆရာဂုဏ်လကိုဆောင်ယူ၍ပြပါလော့ဟု နတ်အပေါင်းတို့ တောင်းပန်၍ သိကြားမင်းသည် မာတလိနတ်သားကိုစေလိုက်၍ ဝေဇယန္တာရထားဖြင့် ဆရာဂုဏ်လကိုဆောင်ယူပြီးလျှင်၊ သိကြားမင်းသည် ဆရာဂုဏ်လနှင့် ဝမ်းခြောက်ဝမ်းသာ စကားပြောလျက်၊ ဆရာ၊ ဆရာ၏စောင်းသံကို နတ်သို့တို့သည်နားထောင်လိုကြပါကုန်၏ဟုဆိုလျှင်။ အရှင်သိကြားမင်း အကျွန်ုပ်တို့သည် အတတ်ပညာဖြင့် အသက်မွေးရပါကုန်၏။ အခရသည် ဖိုးသော်၊ စောင်းကို တီးပါကုန်အုံ့ဟု ဆရာဂုဏ်လ ဆိုသည် ဖိုးသော်၊ အဘယ်သို့သော အခကို အလိုရှိပါသနည်းဟု သိကြားမင်းမေး၍ အကျွန်ုပ်သည် တပါးသော အခကို အလိုမရှိပါ။ ဤ နတ်သို့တို့သည် အဘယ်ကဲ့သို့ကုသိုလ်ကောင်းမှုကိုပြု၍ နတ်ပြည်၌ နတ်စည်းစမ်းကိုခံစားရပါသနည်း။ ထိုနတ်သို့တို့သည် မိမိတို့ရှေးဘဝ၌ ပြုဘူးသောကုသိုလ်ကောင်းမှုတို့ကိုပြောကြားသောအခါသာလျှင် အကျွန်ုပ်အလိုရှိပါ၏ဟု ဆရာဂုဏ်လဆိုသည်ဖိုးသော်၊ ထိုနတ်သို့တို့သည် ကောင်းပါပြီဟု ဝန်ခံကြကုန်၏။ ထိုအခါ ဆရာဂုဏ်လသည်စောင်းကိုတီးပြီး၍ နတ်သို့ ဘုရားသော ကုသိုလ်ကောင်းမှုတို့ကို ဤဂါထာကဲ့ဖြင့်မေးလေသတည်း။

အဘိက္ကန္တေ နဝဏ္ဏေန၊ ယာ တုံ ဝိဇ္ဇသိ ဒေဝတေ။
သြဘာသန္တီ ဒိသာသဗ္ဗာ၊ သြသဓိရိယ တာရကာ။ ။
ကေနတေ တာဒိသော ဝဏ္ဏော၊ ကေနတေ ဣဓမိဇ္ဈတိ။
ဥဘတ္ထနိ စ တေ ဘောဂါ၊ ယေကေစိမနုသေသုဝိယာ။ ။

ပုဏ္ဏာမိဟံ ဒေဝိမဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိပုညံ။
ကေနာသိဂဲဇလိတာနုဘာဝါ၊ ဝဏ္ဏောစတေ သဗ္ဗဒိသာပဘာသတိ။

(ထိုဂါထာကို၏အနက်ကို ရှေးဝတ္ထုကို၌ရေးပြီးဖြစ်၏။ ပြန်၍ကြည့်)

အဒိဋ္ဌပါယ်ကား။ ။ အကြင်နတ်သမီးသည် အလွန်နှစ်သက်ဘွယ်လှ မြတ်သောအဆင်းအရောင်ရှိသည်ဖြစ်၍၊ သောကြာကြယ်ပြောင်ကြီးကဲ့သို့ အလုံးရုံသောအရပ်သို့ ထွန်းလင်းတောက်ပသော ကိုယ်ရောင်ဖြင့် တည်နေ၏။ ထိုနတ်သမီးအား အဘယ်ကုသိုလ်ကြောင့် ထိုကဲ့သို့ လှမြတ်သော အဆင်းအရောင်နှင့် ပြည့်စုံပေသနည်း။ အဘယ်ကုသိုလ်ကြောင့် ဤတာဝတိံသာနတ်ပြည်၌ဖြစ်လာရပေသနည်း။ အသင်နတ်သမီး၏ စည်းစိမ်ကို့သည် အလုံးရုံ နှစ်သက်ဖွယ် ဖြစ်ကုန်၏။ ရှေးလူဖြစ်စဉ် အခါက အဘယ်ကုသိုလ်ကို သင်ပြုလုပ်ပါသနည်း။ အဘယ်ကုသိုလ်ကြောင့် ဤကဲ့သို့ ထွန်းလင်း တောက်ပသော အဆင်းအရောင်တို့ဖြင့် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့၍နေပါသနည်း။

ဤသို့ဆရာဂုတ္တိလသည် စောင်းကိုတီး၍မေးသည်ရှိသော်၊ သုံးကျိပ်ခြောက်ယောက်သောနတ်သမီးတို့သည် အစဉ်အတိုင်းဖြေဆိုကြကုန်၏။

ထိုနတ်သမီးတို့သည် ကသိုလ်မြတ်စွာဘုရား သာသနာတော်၌ လူဖြစ်ကြကုန်၍၊ ကိုယ်စီကိုယ်စီကုသိုလ်ကောင်းမှုကို့ကိုပြုကြကုန်၏။

၁။ ဝတ္ထုတ္တမဒါယိကာနတ်သမီးသည် လူဖြစ်စဉ်အခါ ကသိုလ်မြတ်စွာဘုရား၏ တပည့်ရဟန်းတော်တပါးကို အလွန်ကောင်းမြတ်သော အဝတ်ကိုရွေးချယ်၍လှူ၏။ ထိုကုသိုလ်ဖြင့် တာဝတိံသာ နတ်ပြည်ဝယ် နတ်သမီးတစ်ဆယ်အရေအတွက်နှင့်ကျော်ပြီးမှ နတ်သမီးဖြစ်၏။

၂။ ပုပ္ပတ္တုတ္တမဒါယိကာနတ်သမီးသည် အလွန်ကောင်းမြတ်သော ပန်းကိုရွေးချယ်၍လှူ၏။ ထိုကုသိုလ်ဖြင့် ရှေးနည်းတူဖြစ်၏။

၃။ ဂန္ဓုတ္တမဒါယိကာနတ်သမီးသည်အလွန်ကောင်းမြတ်သောဧည်ကူးနံ့သာကိုရွေးချယ်၍လှူသောကြောင့် နတ်သမီးဖြစ်၏။

၄။ ဝလုဏ္ဏမဒါယိကာနတ်သမီးသည်အလွန်ကောင်းမြတ်သောပန်းနှင့်သီး ဒူးခေါ်းသီးအစရှိသော သစ်သီးတို့ကိုရွေးချယ်၍ ရဟန်းတို့အား လှူ၏။ ထိုကုသိုလ်ကြောင့် နတ်သမီးဖြစ်၏။

၅။ ရသုတ္တာမဒါယိကာနတ်သွီးသည် အလွန်ကောင်းမြတ်သော အရသာရှိသော နွားနို့ထောပတ်အစရှိသည်ကိုရွေးချယ်၍ ရဟန်းတို့အားလှူ၏။ ထိုကုသိုလ်ကြောင့် နတ်သွီးဖြစ်၏။

၆။ ဂန္ဓပဏ္ဍာဂိုလိက နတ်သွီးသည် ကသဿပမြတ်စွာဘုရား၏ စေတီတော်၌ လက်ငါးချောင်းဖြင့် နံ့သာကိုလိမ်းကျံပူဇော်၏။ ထိုကုသိုလ်ကြောင့် နတ်သွီးဖြစ်၏။

၇။ တယောက်သော နတ်သွီးသည် ကသဿပမြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းယောကျ်ား-ရဟန်းမိန်းမတို့သည် ခရီးသွားလျက် ဒေသစာရီလှည့်လည်ကုန်သည်တို့ကိုမြင်၍ ကြည်ညိုသောစိတ်ဖြင့် ပင့်ဆောင်၍ ဒါယကာတယောက်၏အိမ်၌နေကြကုန်သော ထိုရဟန်းတို့၏ အထံသို့သွား၍ တရားတော်ကိုနာပြီးလျှင် တကြိမ်မျှ ရှစ်ပါးသီလဥပုသ်ကို စောင့်သုံးဘူး၏။ ထိုကုသိုလ်ကြောင့် နတ်သွီးဖြစ်၏။

၈။ တယောက်သောနတ်သွီးသည် ကသဿပမြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းတို့အား မျက်နှာသစ်ရေ၊ သောက်ရေတို့ကိုလှူ၏။ ထိုကုသိုလ်ကြောင့် နတ်သွီးတထောင်ခြံရုံလျက်ဖြစ်၏။

၉။ ထိုမှတပါး၊ ကသဿပမြတ်စွာဘုရား လက်ထက်တော်အခါက ချေးမတယောက်သည် ယောကျ္ဃမတို့ကို ညှစ်ရှုခြင်းမရှိဘဲ၊ ငါးပါးသီလ၌ တည်လျက် ကောင်းစွာလုပ်ကွေးပြုရ၏။ ထိုကုသိုလ်ကြောင့် နတ်သွီးတထောင်ခြံရုံလျက် နတ်သွီးဖြစ်၏။

၁၀။ ကသဿပမြတ်စွာဘုရား လက်ထက်တော်၌ ကျွန်မတယောက်သည် ပျင်းရိခြင်းမရှိဘဲ အရှင်သခင်၏ ဝတ်ကြီးဝတ်ငယ်ကို ကောင်းစွာမြှုလုပ်၍ ငါးပါးသီလ၌တည်ပြီးလျှင် မိမိစားရန်အတွက်ခွဲခြမ်း၍ ရဟန်းတို့အားလှူ၏။ ထိုကုသိုလ်ကြောင့် တာဝတိံသာ၌ အဇ္ဇြေအရှေ့ နတ်သွီးတထောင်နှင့်တကွ နတ်သွီးဖြစ်ရ၏။

၁၁၊ ဒီရောဒနဒါယိကာနတ်သွီးသည် ကသဿပမြတ်စွာဘုရား လက်ထက်တော်၌လူဖြစ်၍ ဆွမ်းခံသောရဟန်းတို့အား နို့ရည်နှင့်ရောသော ဆွမ်းကိုလောင်း၏။ ထိုကုသိုလ်ကြောင့် နတ်သွီးဖြစ်၏။

၁၂။ ကသဿပမြတ်စွာဘုရားလက်ထက်တော်အခါ၌ မိန်းမတယောက်သည် ဆွမ်းခံလာသောရဟန်းတို့အား ဖါဖီတာ၊ သကာတင်လဲ ထန်းလျက်ကိုလှူ၏။ ထိုကုသိုလ်ကြောင့် ဖါဖီတာဒါယိကာနတ်သွီးဖြစ်၍ ဩဇာမိမာနဝယ် အဇ္ဇြေအရုံတဆောင်နှင့်နေရ၏။

၁၃။ တယောက်သောမိန်းမသည် ဆွမ်းခံလာသောရဟန်းအား ကြီပိုင်းတခုကိုလှူ၍ ဥဿုခဲလွှာဒါယိကာနတ်သွီးဖြစ်၏။

၁၄။ တယောက်သောမိန်းမသည် တိမ္ဗရုသက-တည်သီးကိုလှူ၍ တိမ္ဗရုသကဒါယိကာနတ်သွီးဖြစ်ရ၏။ ။(တိမ္ဗရုသကဆိုသည် တိဿုကဖလံ။ တိပုသသဒိသာ ဇကာဝလ္လိဖာတိ တိမ္ဗရုသကံ။ တသ္မာဖလံ တိမ္ဗရုသကဆိုစဝဒဆို။ ။ဝိမာနဝတ္ထုအဋ္ဌကထာ။) တိပုသ။ သခွါးငပြုတ်။ ။

၁၅။ မိန်းမတယောက်သည် သခွါးသီးကိုလှူ၍ ဇုဒ္ဓေါလုကဒါယိကာနတ်သွီးဖြစ်၏၊ အဲဒြိအရံတထောင်နှင့်တကွနေရ၏။

၁၆။ မိန်းမတယောက်သည် ဆွမ်းခံလာသောရဟန်းအား ဖရုံသီးကိုလှူ၍ ကက္ကာရုကဒါယိကာနတ်သွီးဖြစ်၏။ (သာလုက-ဟု အဋ္ဌကထာရှိ၏)

၁၇။ မိန်းမတယောက်သည်ဆွမ်းခံလာသောရဟန်းအား ကြွေးသီးမှည့်တို့ကိုလှူ၍ ဝလ္လိဖလဒါယိကာနတ်သွီးဖြစ်၏။(ဝလ္လိပဏ္ဏိ၏။)

၁၈၊ မိန်းမတယောက်သည် ဆွမ်းခံလာသောရဟန်းအား ဖက်သက်တရော်သီးကိုလှူ၍ ဖါရုသကဒါယ်ကာနတ်သွီးဖြစ်၏။

၁၉။ မိန်းမတယောက်သည် ဆွမ်းခံလာသော ရဟန်းအား ဒီးထည့်သောခွက်ကိုလှူ၍နတ်သွီးဖြစ်၏။(ဟတ္ထပတာပကဆို မနုမရဒိ။ အဋ္ဌကထာ)

၂၀။ မိန်းမတယောက်သည် ဟင်းရွက်တဆုပ်ကိုလှူ၍နတ်သွီးဖြစ်၏။

၂၁။ မိန်းမတယောက်သည် မုံ့ဆန်းကိုလှူ၍ နတ်သွီးဖြစ်၏။ ။(ပဒ္ဓိကမရဒို-ဟူ၍ ဝိမာနဝတ္ထုပါဠိတော်ရှိ၏။ ။ပုထုက-ဟူ၍ မူလပဏ္ဏာသ၊ ဟူဋ္ဌသိဟနာဒသုတ်ဖွင့် ၂၀၇-နံပါတ်ဦးဆို၏။

၂၂။ မိန်းမတယောက်သည် ဆွမ်းခံလာသောရဟန်းအား မုံလာထုပ်ကိုလှူ၍ နတ်သွီးဖြစ်၏။

၂၃။ မိန်းမတယောက်သည် ဆွမ်းခံလာသောရဟန်းအား တာမရွက်တဆုပ်ကိုလှူ၍ နတ်သွီးဖြစ်၏။

၂၄။ မိန်းမတယောက်သည် ဆွမ်းခံလာသောရဟန်းအား အမွှကိုဇွက်သရက်ချဉ်ကိုလှူ၍ နတ်သွီးဖြစ်၏။

၂၅။ မိန်းမတယောက်သည် ဆွမ်းခံလာသော ရဟန်းအား နွမ်းဆိုကြော်ကိုလှူ၍ တာဝတိံသာဝယ် နတ်သွီးဖြစ်၏။ (ဒေါကိုနိမ္ဗဇနိဆို သတေလံ တိလသိဋ္ဌကံ။)

၂၆။ မိန်းမတယောက်သည် ဆွမ်းခံလာသော ရဟန်းအား၊ ကာယဗန္ဓန၊ ခါးပန်းကြိုးကိုလှူ၍ နတ်သွီးဖြစ်၏။

၂၇။ ထိုအတူ၊ အံသဗန္ဓုန-အံသကိုက်လျှ၍ နှတ်ဆိုးဖြစ်၏။
၂၈။ အာယောဂပဋ္ဌလျှ၍ နှတ်ဆိုးဖြစ်၏။
၂၉။ လေခတ်သော ယပ်ဝန်းလျှ၍ နှတ်ဆိုးဖြစ်သောမိန်းမတယောက်။
၃၀။ ထန်းရွက်ယပ်ကိုလျှ၍နှတ်ဆိုးဖြစ်သောမိန်းမ။
၃၁။ ဥဒေါင်းမြီးစီးလျှ၍ နှတ်ဆိုးဖြစ်သောမိန်းမ။
၃၂။ ထီးလျှ၍နှတ်ဆိုးဖြစ်သောမိန်းမ။
၃၃။ ဘိုနပ်လျှ၍ နှတ်ဆိုးဖြစ်သောမိန်းမ။
၃၄။ မုံ့လျှ၍ နှတ်ဆိုးဖြစ်သောမိန်းမ။
၃၅။ မောဒကာ၊ ကတ္တတ်မုံ့လျှ၍။ ဝါ၊ မုံ့ဖက်ထုပ်လျှ၍ နှတ်ဆိုးဖြစ်သော မိန်းမတယောက်။
၃၆။ ဆွမ်းခံလာသောရဟန်းအား သကာခဲကိုလျှ၍ နှတ်ဆိုးဖြစ်သော မိန်းမ။

ဤဆိုခဲ့ပြီးသော သုံးကျိပ်ခြောက်ယောက်ကုန်သော နှတ်ဆိုးကို့သည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ လူမိန်းမဖြစ်၍ ထိုဂုဏ်သိုလ်တို့ကို အသီးအသီးကိုယ်စီကိုယ်စီပြုလုပ်ကြကုန်၍တာဝတိံသာနှတ်ပြည်ဝယ် နှတ်ဆိုးဖြစ်ကြကုန်၏။ အခြွေအရံနှတ်ဆိုးတထောင်စီ ရှိကြကုန်၏။ ထို ၃၆ ယောက်သော နှတ်ဆိုးတို့သည် **ဆရာဂုတ္တိလ** မေးသောအခါ၊ ဒိမိတို့ပြုခဲ့ဘူးသော ကုသိုလ်ကြောင့် နှတ်ဆိုးဖြစ်ရကြောင်းကို ဖြေကြားကြကုန်၏။ ။ထိုနှတ်သမီးတို့ဖြေကြားသောဂါထာကား ဤသို့တည်း။ ။

တဿာမေ ပ**ဿ**ဝိမာနံ၊ အန္တရာကာမဝဏ္ဏိနီဟမဿု။
အန္တရာသဟာသသသာဟံ၊ ပဝရ ပဿ**ပ**ညာနံ ဝိပါကံ။ ။
ဧတနမေ တာဒိသောဝဏ္ဏော၊ တေနမေဏ္ဍဝမိဒ္ဓတိ။
ဥပ္ပဇ္ဇန္တိ စမေဘောဂါ၊ ယေကေစိမနုသောပိယာ။ ။
တေနမ္ပိ ဧဝံ ဇလိတာနုဘာဝါ၊ ဝဏ္ဏောစမေ သဗ္ဗဒိသာပဘာသတိ။

အာစရိယ၊ ဂုတ္တိလဟု၊ နာမထင်စွာ၊ စောင်းဆရာ။ အဟံ၊ အကျွန်ုပ်သည်။ ဝါ၊ ကွန်တော်မသည်။ ကာမဝဏ္ဏီ၊ အလိုရှိရာအဆင်းကို ဘန်ဆင်းနိုင်သော။ အန္တရာ၊ နှတ်သမီးသည်။ အသို့ ဖြစ်ရပါ၏။ တ**ဿ**ာမေ၊ ထိုအကျွန်ုပ် နှတ်သမီး၏။ ဝိမာနံ၊ ဘုံဗိမာန်ကို။ ပ**ဿ**၊ ကြည့်ရှုပါလော့။ အဟံ၊အကျွန်ုပ်သည်။အန္တရာသဟာသသ**သ** နှတ်ဆိုးအခြွေအရံတထောင်၏။ပဝရ၊ မြတ်သောနှတ်ဆိုးသည်။ အသ္မိ၊ ဖြစ်ရပါ၏။ ပုညာနံ၊ ကုသိုလ်ကောင်းမှုတို့၏။ ဝိပါကံ၊ အကျိုးကို။ ပ**ဿ**၊ ကြည့်ရှုပါလော့။

တေနု၊ ထိုကုသိုလ်ကြောင့်။ မေ၊ ကျွန်တော်မ၏။ ဝမ္ဘော၊ အဆင်း အရောင်သည်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်ပ၊ အလွန်လှပါ ၏။ တေနု၊ ထိုကုသိုလ်ကြောင့်။ မေ၊ ကျွန်တော်မအား။ ဣဒ၊ ဤတာဝတိံ သာ နတ်ပြည်၌။ ဣဒ္ဓိတိ၊ ဖြစ်ရပါ၏။ မေ၊ ကျွန်တော်မ၏။ ဘောဂါ၊ စည်းစိမ်တို့သည်။ ယေကေစိ၊အသုံးရုံ။မနုသောပိယာ၊စိတ်သက်နှစ်သွယ် ဖြစ်ပါ၏ကုန်၏။ တေနု၊ ထိုကုသိုလ်ကြောင့်။ ဇေဝံ၊ ဤသို့။ ဇလိတာနုဘာဝါ၊ ထွန်းလင်း တောက်ပသော အာနုဘော်ရှိသည်။ အမှိ၊ ဖြစ်ရပါ၏။ မေ၊ ကျွန်တော်မ၏။ ဝမ္ဘော၊ အဆင်း အရောင်သည်လည်း။ သဗ္ဗဒိသာ၊ အသုံးရုံသော အရုပ်ဖျက်နှာသို့။ ပဘာသတိ၊ ထွန်းလင်း တောက်ပနိုင် ပါ၏။

ထိုနတ်သမီးသုံးကျိပ်ခြောက်ယောက်တို့သည်ဤဂါထာဖြင့်အသီးအသီး ရှုတ်ဆိုပြောကြား၍၊ အကွန့်ပ်သည့် ကောင်းမြတ်သောအဝတ်ကိုရဟန်း တော် တပါးအားလှူ၍ ဝတ္ထုတ္တရမဒါယိကာနတ်သမီး ဖြစ်ရပါသည်။ ။ ကောင်းမြတ်သောပန်းကိုလှူ၍ ပုပ္ဖုတ္တရမဒါယိကာနတ်သမီး ဖြစ်ရပါသည်။ ကောင်းမွန်သောနံ့သာကိုလှူ၍ ဂန္ဓုတ္တရမဒါယိကာနတ်သမီးဖြစ်ရပါသည်၊ ။ပေ။ ဆွမ်းခံလာသောရဟန်းတော်တပါးအား။သကာဒိကိုလှူ၍ သက္ခလိ ကဒါယိကာနတ်သမီးဖြစ်ရပါသည်၊ အကွန့်ပ်တို့၏ဘုံဗိမာန်ကို ဆရာ ဂုဏ်ကြီလအလောင်းတော်မြတ်သည် ကြည့်ရှုတော်မူပါလော၊ အကွန့်ပ်တို့ သည် အခြွေအရံနတ်သမီးတထောင်ကိုဆတ်သားလွန်၍လှပါ၏။ သားလွန် ၍ မြတ်ပါ၏။ကုသိုလ်ကောင်းမှုကို၏အကျိုးအာနိသင်ကို ဆရာဂုဏ်ကြီလ အလောင်းတော်မြတ်သည်ကြည့်ရှုတော်မူပါလော့။ ။ဤကဲ့သို့ ကိုယ်စီ ကိုယ်စီအသီးအသီးပြုကြသောကုသိုလ်ကောင်းမှုကို သုံးကျိပ်ခြောက် ယောက်သောနတ်သမီးတို့ကပြောကြားသောအရခါဆရာဂုဏ်ကြီလအလောင်း တော်မြတ်သည် အလွန်ဝမ်းမြောက်သောစိတ်ဖြင့် သားရေခေါ်ပြီး၍ ဤ ဂါထာတို့ဖြင့် ဥဒါနိုးကြွေးတော်မူလေသတည်း။

အလောင်းတော်ဂုဏ်ကြီလဥဒါန်းကြွေးသောဂါထာများ။

သွာဂတံ ဝတ မေအဇ္ဇ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
ယံ အဒ္ဒသာမိ ဒေဝတာယော၊ အဗ္ဘုဂ္ဂတာ မဝဏ္ဏိယော။ ။
ကုမာသဟံ မေ့ သုတ္တာန၊ ကာဟာမိ ဂုသလံ ဗဟုံ။
ဒါနေန သမစရိယာယ၊ သံယမေန ဒမေန စ၊
သွာဟံ တတ္ထ ဝေါ ဝဏ္ဏာမိ၊ ယတ္ထ ဂန္ဓာ ဝါ ဝါယရေ။ ။

မေ၊ ငါ့အား။ သွားဂတံဝတာ၊ တာဝတိံသာသို့၊ ကောင်းစွာရောက်လာခြင်းဖြစ်ပေစွတကား။ အမ္ဘာ၊ ယနေ့။ သုပ္ပဘာတံ၊ ကောင်းစွာညဉ့်ပျော်က၊ အလင်းရောက်ခြင်းဖြစ်ပေစွတကား။သုဟုဒ္ဒိတံ၊ သုဥဒ္ဒိတံ၊ ဓမ္မပ်နေရာမှ၊ ကောင်းစွာထခြင်းဖြစ်ပေစွတကား။ ယံ၊ အကြင်ကြောင့်။ ကာမဝဏ္ဏိယော၊အလိုရှိရာအဆင်းကိုဖန်ဆင်းနိုင်ကုန်သော။ အဿ ရာဒေဝတာ ယော၊ မမြင်စဘူး၊ မြင်သူမူးမှ ထူးလှစွာသောနတ်သွေးတို့ကို။ အဒ္ဒသာမိ၊ ငါမြင်ရပေ၏။ အဟံ၊ ငါသည်။ ဣမာသံ၊ ဤနတ်သွေးတို့၏။ ဝမ္မံ။ ကုသိုလ်ပြုကြောင်းတရားကောင်းကို။ သုတ္တာ ကြားရ၍။ ဗဟုံ၊ များစွာ။ကုသလံ။ ကုသိုလ်ကောင်းမှုကို။ ကာဟာမိ၊ ငါပြုလုပ်ပေအုံ့သတည်း။ သွာဟံ။ သောအဟုံ၊ ထိုငါသည်။ ဒါနေနစ၊ အလှူပေးခြင်းဖြင့်ရင်း။ သမစရိယာ ယစ၊ သုစရိုက်တရားကိုကျင့်သုံးဖြင့်ရင်း။ သံယမေနစ၊ သီလကိုစောင့်သဖြင့်ရင်း။ ဒမေနစ၊ စက္ခုသောတ စသည်ခြောက်ထွေ၊ ဣန္ဒြေကိုဆုံးမသဖြင့်ရင်း။ ယတ္ထ၊ အကြင်နိဗ္ဗာန်သို့။ ဂတ္တွာ၊ ရောက်၍။ နသောစရေ၊ စိုးရိမ်သောကမရှိကြကုန်။ တတ္ထေ စ၊ ထိုနိဗ္ဗာန်သို့သာလျှင်။ ဂန္တာမိ၊ သွားပေအုံ့သတည်း။

ဤသုံးကျိပ် ခြောက်ယောက်ကုန်သော နတ်သွေးဘို့သည် ကသဝပမြတ်စွာဘုရား၏ လက်ထက်တော်၌ ထိုကုသိုလ်တို့ကိုပြု၍ အဆင့်ဆင့်အောင်းမေ့အပ်သော ပရစေတနာတို့၏ အစွမ်းဖြင့် ရုတေသောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြကုန်၍၊ ဘုရားတဆူ၏အကြား အနန္တရ ကပ်တကပ်ပတ်လုံး နတ်ပြည်၌သာလျှင် ကျင်လည်ရ၍။ ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ၌လည်း တာဝတိံသာနတ်ပြည်၌ပင်ဖြစ်ကြကုန်၍။ အရှင်မဟာမောဂ္ဂလာန် ထေရ်သည် ဒေသစာရီ ကြွချီတော်မူ၍ တာဝတိံသာသို့ရောက်လျှင် ထိုသုံးကျိပ်ခြောက်ယောက်သော နတ်သွေးတို့ကိုမြင်၍ ရှေးကပြုဘူးသော ကုသိုလ် ကောင်းမှုကို မေးတော်မူလျှင်၊ ငါတို့ဘုရားလောင်းစောင်းဆရာ **ဂုဏ်လ** မေးခဲသောအခါ ဖြေကြားသင့်သို့ပင်လျှင် အသီးအသီးဖြေကြားကြကုန်၏။

ဝဏ္ဏုတ္တရမဒါယိကာ နတ်သွေး။
ဂန္ဓုတ္တရမဒါယိကာနတ်သွေး။
ရသုတ္တရမဒါယိကာနတ်သွေး။
ဇေတုပေါသထနတ်သွေး။
သသသုဥပဋ္ဌာကိနတ်သွေး။
ပုပ္ပုတ္တရမဒါယိကာနတ်သွေး။
ဖလုတ္တရမဒါယိကာနတ်သွေး
ဂန္ဓပဋ္ဌာဂိုလိကဒါယိကာနတ်သွေး။
ဥဒကဒါယိကာနက်သွေး။
ဒါသိနတ်သွေး။

မိရောဒနဒါယိကာနတ်သျှင်။ ဖါဏိတဒါယိကာနတ်သျှင်။
ဥဒ္ဓိုခဲ့ဌာဒါယိကာနတ်သျှင်။ တိမ္ဗရုသကဒါယိကာနတ်သျှင်။
ကဏ္ဏာရုကဒါယိကာနတ်သျှင်။ ဇောလုကဒါယိကာနတ်သျှင်။
ဝလ္လိပဏ္ဏဒါယိကာနတ်သျှင်။ ဖါရုသကဒါယိကာနတ်သျှင်။
ဟတ္ထပတာပကဒါယိကာနတ်သျှင်။ သာကမဏ္ဍိဒါယိကာနတ်သျှင်။
ပုဆုကဒါယိကာနတ်သျှင်။ မုလကဒါယိကာနတ်သျှင်။
နိမ္မမုဒ္ဒါဒါယိကာနတ်သျှင်။ အမ္ဗကိဠိကဒါယိကာနတ်သျှင်။
ပေါဏိနိမ္မဒ္ဒနိဒါယိကာနတ်သျှင်။ ကာသဗန္ဓနဒါယိကာနတ်သျှင်။
အံသဗန္ဓကဒါယိကာနတ်သျှင်။ အာဠယာဂဗန္ဓဒါယိကာနတ်သျှင်။
ဝိရူပနဒါယိကာနတ်သျှင်။ တာလပဏ္ဏိဒါယိကာနတ်သျှင်။
မောရဟတ္ထဒါယိကာနတ်သျှင်။ ဆဇ္ဇဒါယိကာနတ်သျှင်။
ဥပါဟနဒါယိကာနတ်သျှင်။ ပုဝ[illegible]ယိကာနတ်သျှင်။
မောဒကဒါယိကာနတ်သျှင်။ သက္ခလိကဒါယိကာနတ်သျှင်။

ပေါင်း ၃၆ ယောက်။

ဤသုံးကျိပ်ခြောက်ယောက်ကုန်သော နတ်သျှင်တို့သည် ဣတ္ထိဝိမာန ဒေသနာပါဠိတော်၌ သံဂါယနာတင်ထားအပ်ကုန်၏။ ထိုသုံးကျိပ်ခြောက်ယောက်သော နတ်သျှင်တို့သည် အလောင်းတော် ဂုတ္တိလဆရာကို ဖြေကြားသောဂါထာကိုဖြစ်၍ ထိုဂါထာတို့ကို ဂုတ္တိလဝိမာနဟူသော အမည်ဖြင့် သံဂါယနာတင်အပ်၏။

ဂုတ္တိလဝိမာနဝတ္ထုပြီး၏။ ။ပဌမ။

ဘဒ္ဒါနှင့်သုဘဒ္ဒါနတ်သျှီးညီအစ်မနှစ်ယောက်ဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝနံကျောင်းတော်၌ စံကျော်ရှိပြီး သိတင်းသုံးတော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည် နာဠန္ဒကရွာ၌ အနုပ်ရေဝတေ၏အလုပ်အကွေး ဥပါသကာသူကြွယ်၌ **ဘဒ္ဒါ, သုဘဒ္ဒါ** ဟူ၍ သမီးနှစ်ယောက်ရှိ၏။ ထိုညီမနှစ်ယောက်တို့တွင် ဘဒ္ဒါသည်လင်ယောက်ျား မြန်မာ သျှီလိုက်၍နေ၏။ သဒ္ဓါတရားနှင့်ပြည့်စုံ၏။ ပညာရှိ၏။ ထိုဘဒ္ဒါသည် တနေ့သ၌ မိမိလင်ယောက်ျားကို ဤသို့ပြောဆို၏။ ဘုန်းပိ၏ညီမသုဘဒ္ဒါ ဟူ၍ရှိပါသည်။ ထိုသုဘဒ္ဒါကိုဆောင်ယူ၍ ဘွဲ့နီးတော်မှုနှင့် အတူတကွ မယားကြီး ၈ ယောက်ပြုလုပ်၍နေပါလေ။ အကယ်၍ ထိုသုဘဒ္ဒါမှ သား

ကောင်းရတနာရပြားအုံ့။ ထိုသားသည် ကျွန်ုပ်၏သားဟူ၍လည်း ဆိုရ၏။ ဤအမျိုးအဆက်ကိုလည်း ထိုသုဘဒ္ဒါသည်ရင်း၊ သားသည်ရင်း၊ မပျက်စီးအောင် စောင့်ရှောက်နိုင်ရာ၏။ ဤသို့ဘဒ္ဒါကပြောသည်ရှိသော် လင်ယောကျ်ားသည် ကောင်းပြီဟုဝန်ခံ၍ သုဘဒ္ဒါကိုလည်း အိမ်သို့ ဆောင်ယူ၍ညီမနှစ်ယောက်လုံးကိုပင်လျှင် မယားငယ်မယားကြီးပြုလုပ် ၍နေ၏။

ထိုအခါ၌ **ဘဒ္ဒါ** သည် ညီမ **သုဘဒ္ဒါ** ကို ဤသို့ဆုံးမသြဝါဒပေး၏။ ညီမသုဘဒ္ဒါ ဝေဘန်ခွဲခြမ်းလျှဒါ့နှုံးခြင်းအလေ့အကျင့်ကိုလည်းပြုရမည်။ ငါးပါးသီလကိုမြဲစေ၍ တရားနှင့်အညီ လင်ယောကျ်ားကိုလည်း ရိုသေ လေးမြတ်စွာ.ကျင့်ရမည်။ ကုသိုလ်တရားတို့၌ မမေ့ မလျော့စေလင့်။ ဤသို့ဖြစ်သည်ရှိသော် ညီမသုဘဒ္ဒါသည် ယခုပဋ္ဌမနှင့် အကျိုးစီးပွား သည်ရင်း။ နောက် တမလွန် အကျိုး စီးပွား သည်ရင်း။ ဒိဒိလက်ရှိရ ပြီးဖြစ်၏။ ဤသို့ ဆုံးမ သြဝါဒ ပေး သည် ကို ညီ မ သုဘဒ္ဒါ သည် ကောင်းစွာ လိုက်နာ ပြုကျင့်လျက်၊ တနေ့သ၌ အရှင် ရေဝတ ထေရ်ကို ရှစ်ပါးမြောက် ပင့်ဘိတ်၏။ အရှင်ရေဝတ ထေရ်သည်လည်း သုဘဒ္ဒါ အား ကောင်း မှု အ ကျိုး ကြီး ပွား သည်ကို အလိုရှိ၍ သံ ဃာ မှ ညွှန် အပ်သော ရဟန်း ခုနစ်ပါးကို ခေါ်ဆောင်ခါ အိမ်သို့ သွား၍ သုဘဒ္ဒါ သံဃာမှညွှန်အပ်သောရဟန်းတို့ကို ငါဆောင်ခဲ့၏။ သံဃာကိုရည်မှန်း၍ လှူလော့ဟုဆို၏။ ထိုသုဘဒ္ဒါသည်လည်း ကြည်လင် ရှင်လန်း ဝမ်း မြောက်သောစိတ်ဖြင့် အရှင်ရေဝတနှင့် ထိုရဟန်းခုနစ်ပါးတို့ကို ခဲဘွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်လုပ်ကျွေး၏။ အရှင်ရေဝတထေရ်မြတ်သည် ဆွမ်းကိစ္စပြီးသည်ရှိသော် တရားအနုမောဒနာပြု၍ကြွသွားတော်မူ၏။

ထိုသုဘဒ္ဒါသည် နောက်ကာလအကြာ၌ တရုံတခုသော ရောဂါဖြင့် ရုတေ၍ နိမ္မာနရတိနတ်ဘုံ၌ဖြစ်၏။ အစ်မကြီးဖြစ်သော ဘဒ္ဒါသည်ကား ပုဂ္ဂလိကဒါနကုသိုလ်ဖြင့်ရုတေသောအခါ တာဝတိံသာ၌ သိကြားမင်း ၏ အခြွေအရံအလုပ်အကျွေးနတ်သိုးဖြစ်၏။

ထိုအခါ၌ သုဘဒ္ဒါနတ်သိုးသည် မိမိ၏စည်းစိမ်ကိုကြည့်ရှု၍ အဘယ် ကုသိုလ်ဖြင့် ဤနိမ္မာနရတိနတ်ဘုံ၌ ငါသည် နတ်သိုးဖြစ်လာရပါလိမ့် မည်နည်းဟုဆင်ခြင်သည်ရှိသော်၊ဘဒ္ဒါ၏ဆုံးမသြဝါဒ၌တည်၍သံဃာ့ ဒါနကုသိုလ်ဖြင့် ဤစည်းစိမ်ကိုရ၏တကားဟုမြင်လေ၏။ ငါ၏အစ်မကြီး ဘဒ္ဒါသည်ကား အဘယ်ဘုံ၌ ဖြစ်ပါလိုင့်မည်နည်း၊ ကြည့်ရှုသည်ရှိ

သော်။ သိကြားမင်း၏ အခြေအရံအလုပ်အကျွေးနတ်သွီးဖြစ်သည်ကိုမြင်၍ အစဉ်သနားခြင်းသဘောဖြင့် ဘဒ္ဒါနတ်သွီး၏ နေရာဘုံဗိမာန်သို့ဝင်၍ ရပ်၏။ ရပ်ပြီးလျှင် ဘဒ္ဒါဟူသောအမည်ဖြင့်ခေါ်လေ၏။ထိုခေါ်လာသော နတ်သွီးကို ဘဒ္ဒါနတ်သွီးသည် ဤဂါထာတို့ဖြင့်မေးလေ၏။

ဒဒ္ဒဠ္ဍမာနာဝဏ္ဏေန၊ ယသသာစ ယသသိနီ။
သဗ္ဗေဒေဝေ တာဝတိံသေ၊ ဝဏ္ဏေန အဘိရောစသိ။ ။
ဒဿနံနာဘိစာနာမိ၊ ဣဒံ ပထမဒဿနံ။
ကသ္မာ ကာယာနု အာဂမ္မ၊ နာမေန ဘာသသေသမင်။ ။

ဝဏ္ဏေနစ၊ အဆင်းအရောင် အားဖြင့်ရှင်း။ ယသသာစ၊ အခြံအရံ အားဖြင့် ရှင်း။ ဒဒ္ဒဠ္ဍမာနာ၊ လွန်စွာတောက်ပလျက်။ ယသသိနီ၊ အခြံအရံရှိသောနတ်သွီး။ တံ၊ သင်သည်။ သဗ္ဗေ၊ အလုံးလုံးကုန်သော၊ တာဝတိံသေဒေဝေ၊ တာဝတိံသာနတ်ရှင်တို့။ ဝဏ္ဏေန၊ အဆင်းအရောင် အားဖြင့်။ အဘိရောစသိ၊ လွန်၍ထွန်းလင်းတောက်ပ၏။ ။ဒဿနံ၊ရှေးကမြင်ဘူးသည်ကို။ နာဘိဇာနာမိ၊ ငါမသိ။ ဝါ၊ ရှေးက ငါမမြင်ရဘူးပေ။ ဣဒံ၊ ဤမြင်ခြင်းသည်ကား။ ပထမဒဿနံ၊ ရှေးဦးစွာသော မြင်ခြင်းပေတည်း။ ကသ္မာကာယာ၊ အဘယ်နတ်ပြည်မှ။ အာဂမ္မ၊ လာတတ်၏။ မင်၊ ငါ့ကို။ နာမေန၊ ဘဒ္ဒါဟူသောအမည်အားဖြင့်။ ဘာသသေ၊ ခေါ်လာပေသနည်း။

ဤသို့ဘဒ္ဒါနတ်သွီးက မေးသည်ကိုသော်၊ သုဘဒ္ဒါနတ်သွီးသည် ဤဂါထာကိုဖြင့် ဖြေလေသတည်း။

အ ဘဒ္ဒေ သုဘဒ္ဒါသိ၊ ပုဗ္ဗေ မာနုသကောဘဝေ။
သဟာဘရိယာစ တေအာသိ ဘရိနီစ ဘနိဋ္ဌိကာ။ ။
သာဟံကာ ယသဘောဒါသ၊ ဝိပ္ပဂုဏ္ဍာ တတောဘုတာ။
နိမ္မာနရတိနီ ဒေဝါနံ ဘုဉ်ပန္ဓာ သဟာဗျတံ။ ။

ဘဒ္ဒေ အစ်မတော်ဘဒ္ဒါ။ အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေးဖြစ်သော။ မာနုသကောဘဝေ၊ လူ့ဘဝ၌။ သုဘဒ္ဒါ၊ သုဘဒ္ဒါအမည်ခံသည်။ အသိ၊ ဖြစ်ပါ၏။ တေ၊ အစ်မတော်နှင့်။ သဟ၊ အတူတကွ။ ဘရိယာစ၊ လင်တယောက်သည်း မယားကြီး မယားပေါ်သည်လည်း။ အာသိ၊ ဖြစ်ပါ၏။ ဘရိနီစ ဘနိဋ္ဌိကာ၊ ညီမငယ်သည်လည်း။ အာသိ ဖြစ်ပါ၏။ သာဟံ၊ ထိုအကျွန်ုပ်သုဘဒ္ဒါသည်။ ကာယသ၊ ကိုယ်ခန္ဓာ၏။ ဘေဒါယ၊ ပျက်စီး

ခြင်းကြောင့်။ တတော၊ ထိုလူ့ဘဝမှ။ ဝိပွမရတ္တာ၊ကောင်းလွတ်လျက်၊ ရုတာ၊ ရုတောသည်ရှိသော်။ နိမ္မာနရတိနုံ၊ အရလိုရှိရာဘန်ဆင်းကာဖြင့် ကောင်းစွာ ပျော်မွေ့လေ့ရှိကုန်သော နိမ္မာန-ရတိနတ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါနုံ၊ နတ်သိုး နတ်သားတို့နှင့်။ သဟဗျတံ၊ အတူတကွဖြစ်လျက်။ ဥပပန္နာ၊ နတ်သိုးဖြစ်ရပါ၏။

အစ်မတော်ဘဒ္ဒါ၊ အကျွန်ုပ်သည် ရှေးလူဖြစ်သောဘဝ၌ အစ်မတော်နှင့် အတူတကွ လင်တယောက်ထည်း မယားကြီး မယားငယ်လည်းဖြစ်ပါသည်။ ညီမငယ်လည်းဖြစ်ပါသည်။ အကျွန်ုပ်၏အမည်သည် သုဘဒ္ဒါဖြစ်ပါ၏။ အကျွန်ုပ်သည် သုဘဒ္ဒါသည် ခန္ဓာပျက်ကြွေ ရုတောသည်မှနောက်၊ နိမ္မာနရတိနုတ်ပြည်သို့ရောက်၍ အစ်ကြီးအထံသို့ ယခုလာခဲ့ပါသည်ဟုပြောသောအခါ၊ အကယ်ကုသိုလ်ကိုပြု၍ တုသိတာနတ်ပြည်သို့ သင်ရောက်ပါသနည်းဟုမေးလို၍ ဤဂါထာကိုဆို၏။

ဗဟုတ္တကဲတကလျာ၊ တေဒေဝယန္တိ ပါဏိနော။
ယေသံ တွံ ကိတ္တယိဿသိ၊ သုဘဒ္ဒေ ဇာတိမတ္တနော။ ။
အထ တွံ ကေနဝဏ္ဏေန၊ ကေနဝါ အနုသာသိကာ။
ကိံဒိသေနေဝ ဒါနေန၊ သုဗ္ဘတေန ယသဿိနီ။
ယသံဇေတာဒိသံပတ္တာ၊ ဝိသေသံ ဝိပုလမဇ္ဈဂါ။
ဒေဝတေ ပုန္ဆိတာစိက္ခ၊ ကိဿကမ္မဿိဒံဖလံ။ ။

သုဘဒ္ဒေ၊ ညီမတော် သုဘဒ္ဒါ။ ကွံ၊ သင်သည်။ အတ္တနော၊ ဝိဝိ၏။ ဇာတိံ၊ အဖြစ်ကို။ ယေသံ၊ အကြင် နိမ္မာနရတိနတ်တို့၏။ အန္တရေ၊ အတွင်း၌။ ကိတ္တယိဿသိ၊ ပြောကြားဘိ၏။ တေဒေဝေ၊ ထိုနိမ္မာနရတိနတ်တို့အထံသို့။ ဗဟုတ္တကတကလျာဏာ များစွာကုသိုလ်ကို ပြုကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်သာလျှင်။ ယန္တိ၊ ရောက်ကြကုန်၏။ အထ၊ ထိုသို့များစွာ ကုသိုလ်ပြုမှရောက်ကြရသော ဘုံ(ဖြစ်)ကြလျက်။ တွံ သင်သည်။ ကေနဝဏ္ဏေန အဘယ်အကြောင်းကြောင့်။ ကေနဝါ၊ အဘယ်သူသည်မူလည်း။ အနုသာသိကာ၊ဆုံးမသင်ပြသည်ဖြစ်၍။ ကိံဒိသေနေဝ ဒါနေန၊ အဘယ်ကဲ့သို့ဒါန ကုသိုလ်ဖြင့်ရင်း။ ကိံဒိသေန၊ သုဗ္ဘတေန၊ အဘယ်ကဲ့သို့သောအကျင့်ကောင်းဖြင့်ရင်း။ ယသဿိနီ၊ အခြံအရံရှိလျက်။ ဇေတာဒိသံ၊ ဤကဲ့သို့တောက်ပထွန်းပြောင်အရောင်အဝါရှိကုန်သောနိမ္မာနရတိနတ်ကို၏။ ယသံ၊ အခြံအရံသို့။ ပတ္တာ၊ ရောက်နိုင်ပါသနည်း။ ဝိသေသံ

ထူးကဲစွာသော။ ဝိပုလံ၊ ပြန့်ပြောစွာသော။ ,ယသံ၊ **အဓြီအဓိုကို**။ **အဏ္ဍဂါ**၊ ရပါသနည်း။ **ဒေဝတေ**၊ သုဘဒ္ဒါဟု သညာမည်သိုး၊ နတ်သွီး။ ပုဏ္ဏိတာ၊ **ငါ**မေးသောစကားကို။ **အာစိက္ခ**၊ ဖြေကြားပါလော့။ **ဣဒံ**၊ **ဣ**ဒိမ္မာနရတိ နတ်ပြည်ဌဖြစ်ရခြင်းသည်။ **ကိသကမ္မသ**၊ **အာဘယ်**ကုသိုလ်ကံ၏။ **ဖလံ**၊ **အာ**ကျိုးသူးပေနည်း။

အစ်မတော် **ဘ**ဒ္ဒါနတ်သွီးက မေးသည်ရှိသော်၊ ဦးမတော် **သု**ဘဒ္ဒါ နတ်သွီးသည် **ဣ**ဂါထာကိုဖြင့် ဖြေကြာ.လေသတည်း။

အဌေ**ဝ**ဝိ**ဟ**ပါတာနိ၊ ယံဒါနံ **အ**ဒဒံပုရေ။
ဒက္ခိဏေ**ယ**ျသ**ယ**သံ**ဃ**သ ပသန္နာသေ**ဟ**ိ**ပ**ါ**ဟ**ိ**ဘ**ိ။ ။
တေနမေတာဒိသောဝ**ဏ**္ဏော၊ **လ**။ ပဘာသတိ။ ။

ဘဒ္ဒေ၊ ဘဒ္ဒါမည်ခေါ် **အ**စ်.တော်။ ယံဒါနံ၊ **အ**ကြင်**အ**လှူကို။ ဒက္ခိ**ဏေ**ယျ**သ**၊ ဖြတ်**သော**အလှူခံဖြစ်သော။ **သ**ံ**ဃ**သ၊ **သ**ံ**ဃ**ာ**တော်**အား။ ပ**သ**န္နာ၊ ကြည်**သို**့ **ရ**ောင်လန်း စိတ်ရည်မှန်းလျက်။ **သ**ေ**ဟ**ိ**ပ**ါ**ဟ**ိ**ဘ**ိ၊ ဒိ**ပ**လက်ကိုဖြင့်။ ပုရေ၊ ရှေးဖြစ်သောလူ.ဘ**ဝ**ဌ်။ **အ**ဒဒံ၊ **လ**ှူဘူးပါ၏။ တာနိ၊ ထိုလှူ**သော**ဆွမ်းကိုသည်။ **အ**ဌေ**ဝ**ပ**ဟ**ာ**ပ**ါ**တာနိ၊ ရှစ်ပါးစာမျှဖြစ်သော ဆွမ်းတို့ပါတည်း။**တေ**နမေ**တာ**ဒိ**သော**ဝ**ဏ**္ဏော၊ **လ**။ ပ**ဘာ**သ**တ**ိ။ **ဣ**ဂါ**ထ**ာ ကို**ရ**ှုပြီး **ဘ**ဒ္ဒါ**နတ်**သွီး**ကပြော**သော**အ**ခါ **ဘ**ဒ္ဒါ**နတ်**သွီး**သည်** **ဣ**ဂါ**ထ**ာ ကိုဖြင့် **မေ**းပြန်၏။

အဟံ**တ**ယာ**ဇ**ပုတ**ရ**ေ**ဘ**ိက္ခေ။ သညတေ**ဖ**ြ**ဟ**ု**ဌ**စ**ရ**ိယေ။
တပ**ေ**ပ**ေ**ဒ**ာ**န**ဿ**ပ**ါ**နေ**နဿ ပ**သ**န္နာ**သ**ေ**ဟ**ိ **ပ**ါ**ဟ**ိ**ဘ**ိ။ ။
တယာ**ဇ**ပ**ုတ**ရ**ံ**ဒ**တ**ွ**ာ၊ **ဟ**ိ**နကာ**ယ**ုပ**ဂါ**အ**ဟံ။
ကယံ **တ**ွံ **အ**ပ**ုတ**ရ**ံ**ဒ**တ**ွ**ာ၊ **ဝ**ိ**သ**ေ**သ**ံ **ဝ**ိ**ပ**ုလ**ဏ**္ဍ**ဂ**ါ။ ။
ပေ**ဝ**တေ**ပ**ုဏ္ဍ**ိ**တ**ာ**ဝ**ိ**ဂ**ဠ၊ **ကိ**သ**ကမ**္ဘ**သ**ိ**ဝ**ံ**ဖ**လံ။

သုဘဒ္ဒေ၊ သုဘဒ္ဒါဟု သညာမည်ခေါ် ညီမတော်။ အဟံ၊ ငါဘဒ္ဒါသည်။ တယာ၊ သင်သုဘဒ္ဒါထက်။ ဗဟုတရေ၊ မျှားစွာကုန်သော။ သညတော၊ ကိုယ်နှုတ်စိတ်ကိုဆို့ဝိတ်သိမ်းဆည်း စောင့်စည်းကုန်သော။ ဗြဟ္မစရိယေ၊ မြတ်သောအကျင့်ကို ကျင့်ကုန်သော။ ဘိက္ခူ၊ ရဟန်းကို့ကို။ ပသန္နာ၊ ကြည်ညိုသောစိတ်ဖြင့်။ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ဝါ၊ ကိုယ်တိုင်။ အန္နပါနေန၊ ဆွမ်းအဖျော်ဖြင့်။ တပ္ပေမိ၊ ရောင့်ရဲစေ၏။ ဝါ၊ လှူဒါန်းလုပ်ကျွေး၏။ အဟံ၊ ငါဘဒ္ဒါသည်။ တယာ၊ သင်သုဘဒ္ဒါထက်။ ဗဟုတရံ၊ မျှားစွာသောရဟန်းကို။ ဒတ္တွာ၊ လှူဒါန်းလုပ်ကျွေးပါလျက်။ ဟိနကာယံ၊ သင့်အောက်ယုတ်နိမ့်သော တာဝတိံသာဘုံသို့။ ဥပဓေါ၊ ရောက်ရ၏။ တွံ၊ သင်သုဘဒ္ဒါသည်။ အပ္ပတရံ၊ ရှစ်ပါးစာမျှနည်းပါးလှသောဆွမ်းကို။ ဒတ္တွာ၊ လှူ၍။ ကထံ၊ အဘယ်ကြောင့်။ ဝိသေသံ၊ ထူးကဲစွာသော။ ဝိပုလံ၊ ပြန့်ပြောစွာစည်းစိမ်ရှိသော နိမ္မာနရတီနတ်ပြည်သို့။ အဇ္ဈဂါ၊ ရောက်ပေသနည်း။ ဝါ၊ ထူးကဲပြန့်ပြောစွာသောနိမ္မာနရတီနတ်စည်းစိမ်ကို။ အဇ္ဈဂါ၊ ရပေသနည်း။ ဒေဝတော၊ သုဘဒ္ဒါဟု သညာမည်သိုး နတ်သိုး။ ပုစ္ဆိတာ၊ ငါမေးသောစကားကို။ အာစိက္ခ၊ ဖြေကြားပါလော့။ ဥဒံ၊ ဤနိမ္မာနရတီဌာနဖြစ်ရခြင်းသည်။ ကိဿကမ္မဿ၊ အဘယ်ကုသိုလ်ကံ၏။ ဖလံ၊ **အကျိုး**ပေနည်း။

ညီမသုဘဒ္ဒါ၊ ငါသည်မျှားစွာသော ရဟန်းတို့ကိုပင့်၍ မျှားစွာသော ဆွမ်းခဲဘွယ်ဘောဇဉ်အဖျော်တို့ကိုလှူဒါန်းလုပ်ကျွေးပါ၏။ သင်မူကား အနည်းငယ်မျှ ရှစ်ပါးစာသော ဆွမ်းတို့ကို **လှူ**ဒါန်းလုပ်ကျွေး၏။ သင်သုဘဒ္ဒါထက်မျှားစွာလှူသောငါသည်ကား သင့်အောက် ယုတ်နိမ့်သော တာဝတိံသာဌာနဖြစ်ရ၏။ အနည်းငယ်ရှစ်ပါးစာမျှလှူသော သင်-သုဘဒ္ဒါသည်ကား၊ ငါ့ထက်မြင့်သော နိမ္မာနရတီဘုံ၌ ဖြစ်ရခြင်းသည် အဘယ်ကုသိုလ်ကံကြောင့်ဖြစ်ပေသနည်း။ ဤသို့အစ်မတော် **နတ်သို့**ဘဒ္ဒါ**ကမေး**ပြန်လျှင် ညီမ**သုဘဒ္ဒါနတ်သို့**သည် ဤဂါထာဖြင့်ဖြေသတည်း။

မနောဘာဝနိယောဘိက္ခု၊ သန္ဓိဋ္ဌောမေ ပုရေအဟု။
တာဟံ ဘဒ္ဒေ နိမဇ္ဈိမိ၊ ရေဝတံအဇ္ဈဂနဿံ။ ။
သောမေအတ္ထ ပုရဇ္ဇာရော၊ အနုကမ္ပာယ ရေဝတော။
သံဃေဒေဟိဘိ မံ ဝ်ဝါစ၊ တာသာဟံ ဝစနံကရိံ။ ။
သာဒကၠိဏာသံဃဂတာ၊ အပ္ပမေယျာ ပတိဋ္ဌိတာ။
ပဂ္ဂဏ္ဍလေသု တယာဒိန္နံ၊ နတံတာဝ မဟာဖလံ။ ။

ဘဒ္ဒေ၊ အစ်မတော်ဘဒ္ဒါ။ မေ၊ ငါသုဘဒ္ဒါသည်။ ပုရေ၊ လူဖြစ်သော အခါ၌။ မနောဘာဝနိယော၊ နှလုံးကြည်လင် အကျွမ်းဝင်၍ ချစ်ခင်လေး မြတ်စွာသော။ ဘိက္ခု၊ ရေဝတမည်မှတ်၊ ရဟန်းမြတ်ကို။ သန္ဓိဋ္ဌော၊ မပြတ်မကွာ အိမ်သို့လာ၍ မကြာခဏ ဖူးမြင်ရသည်။ အဟု၊ ဖြစ်ပြီ။ အတ္တနဋ္ဌမံ၊ မိမိလျှင် ဂုစ်ပါးမြောက် ဖြစ်တော်မူသော။ တံရေဝတံ၊ ထို ရေဝတအမည်ရှိသော ရဟန်းမြတ်ကို။ အဟံ၊ အကျွန်ုပ် သုဘဒ္ဒါသည်။ နိမန္တေမိ၊ ပင့်ဖိတ်ပါ၏။ သောရေဝတော၊ ထိုရေဝတ မည်မှတ် ရဟန်း မြတ်သည်။ အတ္ထပုရက္ခာရော၊ အကျွန်ုပ်၏ အကျိုးကိုရှေးရှု မျှော်မြင် လျက်။ အနုကမ္ပာယ၊ အကျွန်ုပ်ကိုအစဉ်သနားသဖြင့်။ ဝါ၊ အကျွန်ုပ်၏ အကျိုးစီးပွားကိုလိုလားသည်ဖြစ်၍။ မံ။ အကျွန်ုပ်ကို။ သံဃေဒေဟိတိ၊ သံဃာကိုလှူလော့ဟူ၍။ အဝေါစ၊ မိန့်တော်မူပါ၏။ တဿ၊ ထိုအရှင် ရေဝတ၏။ ဝစနံ၊ စကားကို။ ကရိ"၊ လိုက်နာ၍ပြုလုပ်ပါ၏။ သံဃကတာ၊ သံဃာတော်အား ရောက် သော။ သာဒကိုဏာ၊ ထိုအလှူ မြတ်သည်။ အပ္ပမေယျာ၊ မနှိုင်းယှဉ်နိုင်အောင်။ ပတိဋ္ဌိတာ၊ တည်ပါ၏။ တယာ၊ အစ်မကြီးဘဒ္ဒါသည်။ ပုဂ္ဂလေသု၊ ပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ လှူ၏။ တစ၊ သင်၏။ တံ၊ ထိုပုဂ္ဂလိကအလှူသည်။ နမဟာမှလံ၊ သံဃိက အလှူလောက် အကျိုး ကြီးသည်မဟုတ်ပါ။

အစ်မတော်ဘဒ္ဒါ၊ သင်လှူသောအလှူသည် ပုဂ္ဂလိကအလှူဖြစ်ပါ၏။ အကျွန်ုပ်လှူသောအလှူသည်**သံဃိက**အလှူဖြစ်ပါ၏။ထိုကြောင့် အကျွန်ုပ် သည် အနည်းငယ်ဂုစ်ပါးစာမျှ လှူသောအလှူဖြင့် နိမ္မာနရတိနတ်ပြည်၌ ဖြစ်ရပါ၏။ အစ်မကြီး ဘဒ္ဒါ လှူသော အလှူသည် များသော်လည်း **ပုဂ္ဂလိက**အလှူဖြစ်၍ အကျွန်ုပ်သုဘဒ္ဒါကဲ့သို့ နိမ္မာနရတိဘုံ၌ မဖြစ်နိုင်ဘဲ၊ ယုတ်နိမ့်သောတာဝတိံသာဘုံ၌သာလျှင်ဖြစ်ရ၏ဟူ၍**သုဘဒ္ဒါနတ်သို့**း ကပြောသောအခါ၊ **ဘဒ္ဒါနတ်သို့**းသည်သံဃိကအလှူကိုလှူလိုသည်ဖြစ် ၍ ဤဂါထာဖြင့်ဝန်ခံစကားပြောကြား၊လေသတည်း။

ဣဒါနေဝါဟံ ဇာနာမိ၊ သံဃေဒိန္နံ မဟပ္ဖလံ။
သာဟံဂကိ္ခာ မနုဿတ္တံ ဝဒညူ ဝိတမစ္ဆရာ။
သံ**ဃေ**ဒါနာနိ ဒဿာမိ၊ အပ္ပမ္ဘာ ပုနပ္ပုနံ။ ။

ဣဒါနေဝ၊ ဤယခုမှသာလျှင်။ သံဃေ၊ သံဃာတော်၌။ ဒိန္နံ၊ လှူသော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးသည်ကို။ အဟံ၊ ငါသည်။ ဇာနာမိ၊ သိရပါ၏။ သာဟံ၊ ထိုငါသည်။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ ဂကိ္ခာ၊ သွား

ရောက်၍။ ဝဒညူ၊ သူတော်ကောင်းတို့၏စကားကိုနားလည်သည်ဖြစ်၍။ ဝိတမဇ္ဈရာ၊ ကင်းသောမဇ္ဈေရဂိုလျက်။အပ္ပမတ္တာ မမေ့မလျော့။ပုနပ္ပုနံ၊ အဘန်ဘန်။ သံဃေ၊ သံဃာတော်၌။ ဒါနာနိ၊ အလှူတို့ကို။ ဒဿာမိ၊ ပေးလှူပေအုံ့သတည်း။ ။ထိုနောက်သုဘဒ္ဒါနတ်သမီးသည် မိမိ၏စံပျော်ရာ နိမ္မာနရတီဘုံသို့ ပြန်သွားလေ၏။ ထိုအခါ၌သိကြားမင်းသည် ဘဒ္ဒါနတ်သမီးကို ဤဂါထာဖြင့်မေး၏။

ကာ ဧသောဒေဝတာဘဒ္ဒေ၊ တယာမန္တယတေသဟ။
သဗ္ဗေဒေဝေ တာဝတိံသေ၊ ဝဏ္ဏေနအတိရောစသိ။ ။

ဘဒ္ဒေ၊ ဘဒ္ဒါနတ်သမီး။ ယာဒေဝတာ၊ အကြင်နတ်သမီးသည်။ တယာ၊ သင်နှင့်။သဟ၊အတူတကွ။ မန္တယတေ၊စကားပြော၍နေ၏။ဧသောဒေတာ၊ သင်နှင့်စကားပြော၍နေသော ထိုနတ်သမီးသည်။ကာ၊အဘယ်သူပေနည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဒေဝေတာဝတိံသေ၊ တာဝတိံသာနတ်တို့ကို။ ဧသော၊ ထိုနတ်သမီးသည်။ ဝဏ္ဏေန၊ အဆင်းအရောင်အားဖြင့်။ အဘိ ရောစသိ၊ လွန်၍တောက်ပထွန်းလင်း၏။

ဘဒ္ဒါနတ်သမီး။သင်နှင့်အတူတကွစကားပြော၍ နေသောနတ်သမီးသည် တာဝတိံသာ နတ်များစွာတို့ထက်သာလွန်၍ အရောင်အဆင်းထွန်းလင်းတောက်ပ၏။ ထိုနက်သမီးသည် အဘယ်သူနည်းဟူ၍ သိကြားမင်း မေးသည်ရှိသော်၊ ဘဒ္ဒါနတ်သမီးသည် ဤဂါထာဖြင့်ဖြေကြားလေ၏။

မနုဿဘူတာဒေဝိန္ဒ၊ ပုဗ္ဗေမာနုဿကေဘဝေ။
သဟဘာရိယာစ မေ အာသိ၊ ဘဂိနိစကနိဋ္ဌိကာ။ ။
သံဃေဒါနာနိဒတ္ဝာန၊ ကတပုညာ ဝိရောစသိ။ ။

ဒေဝိန္ဒ၊ နတ်တို့ကိုအစိုးရသောသိကြားမင်း။ပုဗ္ဗေ၊ ရှေးဖြစ်သော။ မာနုဿကေဘဝေ၊ လူ၏ဘဝ၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ မေ၊ အကျွန်ုပ်ဘဒ္ဒါနှင့်။ သဟ၊အတူတကွ။ဘရိယာစ၊ လင်တယောက်ထည်း မယားကြီး မယားငယ်သည်လည်း။ အာသိ၊ဖြစ်ပါ၏။ ဘဂိနိစကနိဋ္ဌိကာ၊ ညီမငယ်သည်လည်း။ အာသိ၊ ဖြစ်ပါ၏။ သံဃေ၊ သံဃာတော်၌။ ဒါနာနိ၊ အလှူတို့ကို။ဒတ္ဝာန၊ပေးလှူသောကြောင့်။ကတပုညာ၊ပြုပြီးသောကောင်းမှုရှိသောနတ်သမီးသည်၊ဝိရောစသိ၊အကျွန်ုပ်တို့ထက်ထွန်းလင်းတောက်ပပါ၏။

ထိုအခါ သိကြားမင်းက၊ ဘဒ္ဒါနတ်သမီးကို ဤသို့ဆိုး၏။ ။ရှေးလူဖြစ်သောဘဝ၌ သင်၏ညီမဖြစ်သော သုဘဒ္ဒါသည် အတူမန်မို့ မန်းပြည်အပါ

သော ဂုဏ်ထူးဝိသေသရှိသော သံဃာတော်၌ တရားသဖြင့် လှူသော ကြောင့် သင်ထက်သာလွန်၍ အကျိုးကြီးစွာရှိ၏။ ငါသိကြားမင်းသည် လည်း ဂိဇ္ဈကူဋ်တောင်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသော အခါ မေးလျှောက်ဘူး၏။အဘယ်သို့မေးလျှောက်ဘူးသနည်းဟူမူကား၊ ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား။ကုသိုလ်ကောင်းမှုကိုအလိုရှိကုန် သော သူတို့အား အဘယ်၌လှူခြင်းသည် အကျိုးကြီးပါသနည်း မြတ်စွာ ဘုရား၊ ၄ ငါသိကြားမင်း မေးလျှောက်သောအခါ မြတ်စွာဘုရားသည် ဤဂါထာကိုဟောတော်မူ၏။

စတ္တာရောစ ပဋိပန္နာ၊ စတ္တာရောစ ဖလေဋ္ဌိတာ။
ဧသသံဃောဥဇုဘူတော၊ ပညာသီလ သမာဟိတော။ ။
ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရော နဿ ဩပဓိကံ ပုညံ၊ သံဃေဒိန္နံ မဟပ္ဖလံ။ ။

စတ္တာရော၊ လေးပါးကုန်သော။ ပဋိပန္နာစ၊ မဂ္ဂဗျာနိပုဂ္ဂိုလ်တို့ရင်း။ စတ္တာရော၊ လေးပါးကုန်သော။ ဖလေဋ္ဌိတာ၊ ဖလဗျာနိ ပုဂ္ဂိုလ်တို့ရင်း။ ဧသ-ဧသော၊ ဤရှစ်ပါး အရုံ့ရှိသော ပုဂ္ဂိုလ်မြတ်သည်။ ဥဇုဘူတော၊ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်ရောက်သောအကျင့်ရှိတော်မူ၏။ပညာသီလသမာ ဟိတော။ လောကုတ္တရာပညာ လောကုတ္တရာသီလနှင့်ပြည့်စုံ၏။ ယဇ မာနာနံ၊ လှူပါနိုးပူဇော်ကြကုန်သော။ ပုညပေက္ခာနပါဏိနံ၊ ကောင်းမှုကို အလိုရှိကုန်သော။ မနုဿာနံ၊ လူတို့အား။ ဩပဓိကံ၊ ခန္ဓာဥပဓိကို ဖြစ် စေတတ်သော။ ပုညံ၊ ကုသိုလ်ကို။ ကရော နဿ၊ ပြုသည်ရှိသော်။ သံဃေ၊ သံဃာတော်၌။ ဒိန္နံ၊ လှူသောအလှူသည်။ မဟပ္ဖလံ၊ကြီးသောအကျိုးရှိ၏။

ဤသို့မြတ်စွာဘုရား ဟောတော်မူကြောင်းကို သိကြားမင်းသည် ဘဒ္ဒါနှတ်သို့အား တရားစကားပြောကြားပေ၏။ ထိုအခါ အရှင်မဟာ မောဂ္ဂလာန်သည် နှတ်ပြည်သို့ ဧ သစာရိ ကြွချီတော် မူသောအခါ သိကြားမင်းသည်**ဘဒ္ဒါ**နှင့်**သုဘဒ္ဒါ**နှတ်သို့နှစ်ယောက်တို့၏အကြောင်း ကို လျှောက်ကြား၏။ အရှင်မဟာမောဂ္ဂလာန်သည် နှတ်ပြည်မှပြန်လာ၍ မြတ်စွာဘုရားအား လျှောက်ကြား၏။ မြတ်စွာဘုရားသည် ရောက်လာ သော ပရိသတ်အား တရားဟောတော်မူ၏။ ပရိသတ်သည် ကုသိုလ် တရား တိုးပွားခြင်းဖြစ်၏။

ဘဒ္ဒါသုဘဒ္ဒါပြဿနာမည်အမှတ်မနှစ်ယောက်ဝတ္ထု-ဗဒ္ဓ ဗ္ဗဝိမာနပြီး၏။ ဆဋ္ဌ။

— ၀ —

ပေသဝတီနတ်သမီးဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည်နယ် **အ**တွင်းရှိသော နာဠကရွာ၌ သူကြွယ်တယောက်၏ချွေးမသည် **ပေသဝတီ**မည်၏။ထိုပေသဝတီသည်ကသဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ သူငယ်မကလေးဖြစ်၍ ကသဿပမြတ်စွာဘုရား၏ဓာတ်တော်ဘို့ကို ဌာပနာရန် တယူဇနာမြင့်သောစေတီတော်ကိုပြုလုပ်သောနေရာသို့ အဓိနှင့်**အတူ**တကွသွား၍ ပန်းရံသမားကို့ပြုလုပ်သည်ကိုမြင်လျှင်၊ ဓိခင်-ဤသူတို့သည် ဘာကိုပြုလုပ် နေကြပါသနည်းဟုမေး၏။ ချစ်သို့ မြေအုတ်တို့ဖြင့် စေတီတော်တည်လုပ်၍နေကြကုန်၏ဟု အဓိကပြောသည်ရှိသော်၊ သူငယ်မကလေးသည် ပါရဓိရှိသောသူဖြစ်ရကား ကြည်သျှိသောစိတ်ဖြစ်၍။ ဓိခင်၊ **အ**ကွန့်ပ်၏ လည်ပင်းခ**ွ**ဆွဲထားသော ရွှေတန်ဆာကလေးကို စေတီတော်တည်လုပ်ရန် လှူလိုပါသည်ဟုပြော၍လျှင်၊ သာရ-ချစ်သို့ လှူလိုလျှင် လှူလေ့ဟု အဓိကပြောလျှင် လည်ပင်းခ**ွ** ဆွဲထားသော ရွှေတန်ဆာကလေးကို**ချွ**တ်၍ ဤရွှေတန်ဆာကလေးကို သူငယ်မကလေးသည် စေတီတော်ကိုလှူပါ၏။ ဤရွှေဘန်ဆာကလေးကိုထည့်၍ရွှေအုန်ဂလုပ်ပါလေ့ဟုဆို၍ ရွှေပန်းတိမ်သည်၏လက်သို့ပေး၏။ ရွှေပန်းတိမ်သည်လည်း ထို-ရွှေတန်ဆာကလေးကို ရွှေအုန်ဂထည်းသို့ရောထည့်၍ပြုလုပ်၏။

ထိုသူငယ်မကလေးသည် နောက်အခါ၌ရုတေ၍ထိုရွှေတန်ဆာကလေးကိုလှူသောကုသိုလ်ဖြင့် နတ်ပြည်၌ဖြစ်၍၊ ကသဿပမြတ်စွာဘုရား လက်ထက်တော်မှစ၍ ငါတို့မြတ်စွာဘုရားလက်ထက်တော်ကိုင်အောင်အန္တရကပ်တကပ်ပတ်လုံး သုဂတိဘုံ၌သာလျှင် ကျင်လည်၍ ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ၊ နာဠကရွာ၌ဖြစ်၍ တဆဲ့နှစ်နှစ်သို့အရွယ်သို့ရောက်သည်ရှိသော်၊ တနေ့သ၌ အဓိဖြစ်သူက ဆင်ဝယ်စေရန် ဈေးသို့စေလွှတ်၍ ထိုသူငယ်မကလေးသည် အမှိုးကိုယူ၍ သွား၏။ ထိုဈေးရုံ၌ သူကြွယ်သားတယောက်သည် ရုဆောင်းသိမ်းဆည်း၍ထားသော မျှားစွာသော ရွှေ, ငွေ,ပုလဲ, ပတ္တမြားရတနာတို့သည် ဈေးရုံရှင်သူကြွယ်၏ မကောင်းမှုကံအစွမ်းအားဖြင့်ကျောက်စရစ်ခဲတို့ကဲ့သို့ထင်၍နေ၏။ ထိုသို့ကျောက်စရစ်ခဲတွေကဲ့သို့ထင်နေသောအရှုအပုံကိုမြင်လျှင် ထိုဈေးရုံရှင်သူကြွယ်သည် ဤသို့အကြံဖြစ်၏။ငါသည် ရွှေငွေရတနာတို့ကို ရပုံ သိမ်းဆည်းသိမ်း၍ထား၏။ ယခုဤ**ရွှ**ေငွရတနာအလုံးရုံ**ကို**သည် ကျောက်ခဲ

ကျောက်စရစ်ခဲတွေဖြစ်၍နေ၏တကား။ ဤသို့ဖြစ်ရခြင်းသည်ကား၊ငါ၏ မကောင်းမှုကံကြောင့်ဖြစ်ရာ၏။ ထိုရွှေနွေ ရတနာတို့ကို သုံးဆောင်ခြင်း၌ ထိုက်သော ကုသိုလ်ကံရှိသူတို့၏အစွမ်းဖြင့် ထိုကျောက်ခဲ ကျောက်စရစ်သုံးတို့သည် တဘုန် ရွှေငွေရတနာ ပြန်၍ဖြစ်သင့်ဟု စုံစမ်းဆင်ခြင်လျက် ထိုကျောက်ခဲ ကျောက်စရစ် ကို့ကိုရှုပ်၍ထား၏။(ကိုသာဂေါတမဝတ္ထုဟူသူ၏အကုသိုလ်ကံအားဖြင့် ရွှေငွေဟူသမျှ မီးသွေးခဲဖြစ်၍နေသကဲ့သို့တည်း)။ ။ဤအခါ၌ ထိုဈေးရုံရှင်သူကြွယ်သည်လည်းကိုသာဂေါတမိသူ၏ကိုယ်ကိုယ်ကို ကြားဘူးသည်၏ အဖြစ်ကြောင့် ထိုကျောက်လုံး ကျောက်စရစ်ခဲတို့ကို မွန်းပစ်မူ၍ဘုန်းကံရှိသောသူကို ရာပေါ်ရုံစမ် ခြင်း၌ ရုပ်၍ထားသတည်း။

ထိုအခါတွင် ဈေးဝယ်လာသောသူငယ်မကလေးသည် မြင်၍ အာဘယ်ကြောင့် ဤရွှေ ငွေပုလဲပတ္တမြားရတနာတွေကို ဤကဲ့သို့ထားပါလိမ့်မည်နည်း။ ကောင်းစွာသိမ်းဆည်း၍ ထားသင့်သည်မဟုတ်ပါလော့ဟုဆို၏။ ဈေးရုံရှင် သူကြွယ်သည် ထိုသူငယ်မကလေး၏ စကားကိုကြား၍ ဤသို့အကြံဖြစ်၏။ ဤသူငယ်မကလေးသည် ဘုန်းကံရှိသော သူငယ်မကလေးဖြစ်လတ္တံ့။ ဤသူငယ်မ၏အစွမ်းအားဖြင့် အလုံးရုံသောကျောက်စရစ်လုံးကျောက်ခဲတို့သည် ရွှေငွေတဘုန် ပြန်၍ဖြစ်သောကြောင့် ငါတို့သည်လည်း အကျိုးကျေးဇူးရှိလတ္တံ့။ ထိုသူငယ်မကို ထောက်ပင့် အံ့ဟုကြံ၍ ထိုသူငယ်မ၏ အမိအဘထံသို့ သွားပြီးလျှင်၊ ဤသူငယ်မကို ငါ၏သားတို့ပေးပါလော့ဟုပြောဆို၍ မျှားစွားသော ဥစ္စာတို့ကိုပေးလျက် လက်ထပ်ယူမိမ်းမြန်းခြင်းကိုပြုပြီးလျှင် ဒိမိအိမ်သို့ဆောင်ယူ၍ထား၏။

ထိုနောက်မျှားမကြာမီ ထိုသူငယ်မ၏အကျင့်သိလေစိတ်ထား စိတ်နေကောင်းကြောင်းကို ကြည့်ရှုဆင်ခြင်၍သိလျှင် ဘဏ္ဍာတို့ကိုခန်းကိုဖွင့်၍ ဤကိုက်ခဲနိုးအတွင်းခဲ့ ဘာကိုမြင်သနည်းဟုမေးလျှင် သူငယ်မက ရွှေပုံ ငွေပုံတွေကို မြင်ပါသည်ဟုဆိုလျှင်၊ သူကြွယ်သည် ချစ်သို့-ဤဝတ္ထုကိုသည် ငါ့ကို၏ကံအားဖြင့် ကျောက်စရစ်ခဲတွေဖြစ်၍နေ၏။ ချစ်သို့၏ ကုသိုလ်ကံထူးသောကြောင့်ဤသို့အဆူးဖြစ်ခဲ့လာ၏။ထို့ကြောင့် ယခုနေ့မှစ၍ ဤငါ့ကို့အိမ်ခန်းမသမျှသော ဥစ္စာတို့ကို ချစ်သို့သည်သာလျှင် အစိုးရသည်ကိုပြု၍ ဦးရှင်လော့။ ချစ်သို့ကား ဝေးသမျှဖြင့် ငါ့ကို့ စားသောက်သုံးဆောင်ခြင်းကိုပြုပါကုန်အံ့ဟုဆိုပြီးလျှင်ထိုအခါမှစ၍ **ပေသဝတီ**ဟူသော အမည်ကို့ကေါ် ကြကုန်၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာ အရှင်မြတ်သည်မိမိ၏ အာယုသင်္ခါရကို ကြည့်ရှုဆင်ခြင်တော်မူ၍ ကုန်ပြီးသောအာယုသင်္ခါရ ရှိသည်ကိုသိတော်မူလျှင်၊ မယ်တော်ရှုပသာရီပုဏ္ဏားမ၏ မွေးမြူရသော ကျေးဇူးကို ဆင်ခြင်၍ ငါ၏မယ်တော်အား မွေးကျေးဇူးကိုဆပ်ပေးရန် ၎င်းနိဗ္ဗာန်ပြုအံ့ဟု ကြံတော်မူလျက် မြတ်စွာဘုရားအား တောင်းပန်လျှောက်ကြားပြီးလျှင် နာဠကဂ္ဂာသို့ကြွလာတော်မူ၍ မယ်တော်ကို သောတာပတ္တိဖိုလ်ခံ၍ တည်စေပြီးမှ နံနက်မိုးသောက်ထအခါ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထိုပရိနိဗ္ဗာန်ပြုတော်မူသော အရှင်သာရိပုတ္တရာ၏အလောင်းတော်ကို နတ်ဗြဟ္မာ အပေါင်း တို့သည်ရင်း။ လူအပေါင်းတို့သည်ရင်း။ ပူဇော်သက္ကာရ ပြုသည်၏ အစွမ်းအားဖြင့် ခုနစ်ရက်ကို လွန်စေ ကြကုန်၏။ **ပေသဝတီ** သည် ထိုအကြောင်းကိုကြား၍ စန္ဒကူးနံ့သာ စသည်တို့ဖြင့် သွား၍ ပူဇော်အံ့ဟုကြံ၍ပန်းတောင်းခွဲ၌ပန်းခိုင်တို့ကို ကောင်း စန္ဒကူးနံ့သာ စသည်တို့ကိုရင်း ယူစေ၍ သွားလိုသော အကြောင်းကို ယောဂ္ဂီမအား ပြောကြားသည်ရှိသော်။ ချစ်ခင်းခွဲလေးသောကိုယ်ဝန်ရှိ၏။ ထိုအလောင်းတော်ကို ပူဇော်ရာအရပ်ခွဲလည်း လူပရိသတ်ထူထပ်ပေါများစွာ ပြည့်နှက် ရှတ်ထွေး တိုးဝှေ့၍နေကြ၏။ ထိုကြောင့် ပန်းနံ့သာတို့ကိုပို့စေ၍ သင်သည် ဤအိမ်ခွဲပင်လျှင်နေပါလော့ဟု ပြောသော်လည်း ကြည်ညိုခြင်း လွန်ကဲလျှ၍ ထိုလူပရိသတ် ထူထပ်သောနေရာခွဲ အသက်၏ အန္တရာယ်ပင်ဖြစ်သော်လည်း ကျွန်ုပ်သည်သွား၍ပူဇော်ခြင်းကိုပြုပါအံ့ဟုဆို၍ ယောဂ္ဂီမ တားမြစ်သောစကားကိုမနာယူဘဲ အခြွေအရံတို့နှင့်တကွ သွား၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ပြီးလျှင် လက်အုပ်ချီလျက် ရပ်နေ၏။

ထိုအခါတွင် အရှင်သာရိပုတ္တရာ၏အလောင်းတော်ကို ပူဇော်ခြင်းငါ လာကြကုန်သော မင်းချင်းယောကျ်ားတို့၏ဆင်သည် လွတ်၍ပြေးလာသည်ရှိသော် ထိုလူပရိသတ်ထူထပ်သောနေရာသို့ရောက်၍ သေဘေးမှ ကြောက်သောကြောင့် ပြေးကြသော လူတို့သည် တိုးဝှေ့တိုက်ခိုက်မိ၍ ပေသဝတီသည် မြေခွဲလည်း၍နေလျှင်၊ ထိုလူအပေါင်းတို့နှင်းမိ၍ သေခြင်းသို့ရောက်ရှာလေသတည်း။

ထိုပေသဝတီသည် အရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို ပူဇော်သော ကုသိုလ်ဖြင့်ရုတေ၍ တာဝတိံသာနတ်ပြည်ခွဲ နတ်သွီးဖြစ်၍ ဒိဗ္ဗစည်းစိမ်ကိုကြည့်ရှုလျက် ငါသည်အရှင်သာရိပုတ္တရာ၏အလောင်းတော်

ကို ပူဇော်သော ကုသိုလ်ကြောင့် ဤသို့သော စည်းစိမ်ကိုရပါတကားဟု မြတ်စွာဘုရားကိုမူးမြင်ခြင်းငှါ ဘုံဗိမာန်နှင့်တကွလာ၍ဘုံဗိမာန်မှ သက်ဆင်းလျက် မြတ်စွာဘုရားကိုရှိသေစွာရှိခိုးပြီးလျှင်လက်အုပ်ချီလျက်ရပ်နေ၏။ (ဤဘုံဗိမာန်သည်လည်း အလိုရှိရာသွားနိုင်သော ဒိသာစာရိကဘုံဗိမာန်ပင်တည်း။)

ထိုအခါ၌ ကဗျာလင်္ကာဘွဲ့သိမ်ခြင်း၌ ဇေတဝန်ရဖြစ်တော်မူသော အရှင်ဝဂီသဆရာသည် မြတ်စွာဘုရား၏ အပါးတော်၌ရှိ၍ ထိုနတ်သို့ကိုမြင်လျှင် ဤသို့နှားတော်လျှောက်၏။ ဘုန်းတော်ကြီးလှသောမြတ်စွာဘုရားတပည့်တော်သည် ဤနတ်သို့၏ပြုဘူးသော ကုသိုလ်ကောင်းမှုကို မေးမြန်းပါအုံ့မဟု တောင်းပန် လျှောက်ကြား၊ လျှင်။ ချစ်သားဝဂီသ မေးမြန်းလောဟု မြတ်စွာဘုရားမိန့်တော်မူလျှင်၊ ဝဂီသဆရာသည် ဤဂါထာတို့ဖြင့် မေးမြန်းလေသတည်း။

ဖလိကရဇတဟောမဇာလဆန္ဒံ။ လ။ တဒနုပဒံအဝစာသိ အာဠာရ ပမ္မေ။ ။ထိုဂါထာတို့၏အနက်ကား။ ။

ဖလိကရဇတဟောမဇာလဆန္ဒံ၊ ဖလင်ချောင်, ငွေချောင်, ထွန်းပြောင်, လက်လက်, ရွှေကွန်ယက်ဖြင့် ဖြန့်ကျက်ဖုံးလွှမ်း အပ်ထ သော။ ဝိဝိဓစိတြဲတလံ၊ အသွားထူးအဖြာဖြာ ဆန်းကျယ်စွာသော အပြင်လည်းရှိ၏သော။ သုရမ္မံ၊ အလွန်ချော်မွေ့ဘွယ်လည်း ရှိ၏သော။ သုနိမ္မိတ တောရဏာပပန္နံ၊ ကောင်းစွာဘန်ဆင်းအပ်သော တံခါးမုတ် တံခါးတိုင် မှန်ကန်းကိုင်ကို့နှင့်လည်း ပြည့်စုံစွာ၏သော။ ဗျမ်း၊ ဘုံဗိမ်ကို။ အဒ္ဒသံ၊ ငါမြင်ရ၏။ ဒေဝတော၊ ဗျာမြစ်နုနယ် တင့်တယ်လှပသော နတ်သို့။ တဝ၊ သင်နတ်သို့၏။ ဝိမာနံ၊ ဘုံဗိမာန်သည်။ ရုစကဥပဂိုဏ္ဍံ-ရုစကဥပဂိုဏ္ဍံ ရွှေအဆင်းရှိကဲ့နှယ်သောသဲကဲ့ဖြင့်ကြဲဖြန့်သော အပြင်လည်းရှိ၏။ ဤဒဲဝိမာနံ ဤဘုံဗိမာန်သည်။သုဘံ၊တင့်တယ်စွာ။ သရဒေ၊တန်ဆောင်မုန်းလအခါ၌ တဝမာနုဒေါ၊ မှောင်အမှိုက်ကို ပယ်ဖျောက်နိုင်သော။ သဟဿဏရံသိ ရောင်ခြည်တဆောင်ရှိသော။ သူရိယော၊ နေမင်းသည်။ နဘော၊ မိုးပေါ်ကောင်းကင်၌။ ဒဿဒိသာ၊ ဝန်းကျင်ဆယ်ဖြာ၊ ရပ်ဒိသာသို့။ ဘာတိ ဣဝ ထွန်းလင်းတောက်ပသကဲ့သို့။ တသာ၊ ထိုအတူ၊ တဝ၊ သင်နတ်သို့၏။ ဣဒံ ဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ဘာတိ၊ ထွန်းလင်းတောက်ပ၏။ နိသေ ညဉ္ဇမ္ဘအခါ၌။ နဘဂ္ဂေ၊ တောင်ထိပ်ပေါ်၌။ ဇလံ၊ ထွန်းတောက်သော၊ ရမယ်ခေါ်ကဲ့သို့ ပီးလျှံတဲ့သို့။ ဘပတိ၊ ထွန်းလင်းတောက်ပ၏။

အာကာသေ၊ ကောင်းကင်ထက်၌။ ဌပိတံ၊ တည်ထားအပ်သော။ မနုညံ၊ စိတ်နှစ်သက်ဖွယ်ဖြစ်သော။ ဣဒံ၊ ဤဘုံဗိမာန်ကြီးသည်။သတေရိ တာဝ၊ လျှပ်စစ်ရောင်ကဲ့သို့။ နယနံ၊ ရှုကြည့်သော သူတို့၏မျက်စိကို။ မုသတိ၀၊ မိုက်သကဲ့သို့ဖြစ်၏။ ၀ါ၊ ရှုကြည့်သောသူတို့၏မျက်စိကို မိုက်ခနဲဖြစ်စေ၏။

(အရောင်လက်လက် ဖိတ်ဖိတ်တက်၍ ထက်မျက်သော နေရောင် ပီးရောင်တို့ကို ကြည့်ရှုသောအခါ ထိုအရောင်မှ တပါးသော ဝတ္ထုကို ကြည့်ရှုလျှင် မမြင်နိုင်ဘဲ မိုက်ခနဲသွားသည်ကို-မုသတိ-ဟူ၍ဆိုသည်။ ။ ထိုဘုံဗိမာန်ကိုကြည့်ရှုသောအခါ၌ မျက်စိသည် မိုက်ခနဲသွား၏ဟူလို။)

ဝိဏာမရဝေသမ္ဘတာ ဇုသံဃုဇ္ဇံ၊ စောင်းသံ စည်သံ-ကြေးနောင်သံဖြင့် ဆူညံ၍နေသော။ ဣန္ဒပုရံယထာ၊ သိကြားမင်း၏ မြို့တော်ကဲ့သို့။ တာ၀၊ သင်နတ်သို့ ၏။ ဣဒံ၊ ဤဘုံဗိမာန်ကြီးသည်။ ဣဒ္ဓံ၊ နတ်သို့မီး နတ်သားနတ် အမျှားနှင့်လည်း ပြည့်စုံ၏။ ၀ါ၊ နတ်သို့မီး နတ်သား ခြွေရံမျှားနှင့်လည်း ပြည့်စုံ၏။ ပဒုမ-ကုမုဒုပ္ပလကုဝလယံ၊ ကြာပဒုမ္မာ-ကြာပုဏ္ဍရိက်၊ကြာဖြူ ကြာနီ ကြာညိုတို့နှင့်လည်းပြည့်စုံ၏။

(ပဒုမကြာပဒုမ္မာ၊ ကုမုဒ၊ ကမုဒြာကြာမျိုး။ ၀ါ၊ ကြာဖြူ။ ကြာနီ၊ ဥပ္ပလ၊ ကြာနီ၊ ကုဝလယ၊ ကြာညို)။ ယောဓိက၊ ၎င်းသစ်ပင်မျိုး။ ဗန္ဓုဇီ၀ကာ၊ လယ်ခေါင်ရေနီး။ အနောဇက၊ ၎င်းသစ်ပင်မျိုး။ သာလ၊ အင်းကြင်း။ ကုသုမိတာ၊ ၎င်းသစ်ပင်။ အသောက ခေါ်သော၊ ပန်းသုံး။ သော်ကပန်း။ ဤပန်းပင်မျိုးတို့မှပွင့်သော ပန်းနံ့တို့ဖြင့်လည်း ထုံ၍နေ၏။ သဇ္ဇလ၊ ထင်းရှူးပန်းသမင်စာပန်း။ လပုဇ၊ တောင်ပိန်းနွဲ့။ ဘုဇကအမည် ရှိသော ၎င်းသစ်ပင်မျိုးသည် အလွန်အနံ့မွှေးသောသစ်ပင်မျိုးတည်း။) နတ်ပြည်၌၎င်း၊ ဂန္ဓမာဒနတောင်၌၎င်းရှိ၏။ တဖါးသောအရပ်၌မရှိ။ ။

ဘုဇကောနာမ ဇကောသုဂန္ဓရုက္ခော။ ဒေ၀လောကေ ဂန္ဓမာဒနေအတ္ထိ။ အညတ္ထနတ္ထိတိ၀ဒန္တိ။ ။ဝိမာနဝတ္ထုအဋ္ဌကထာ။ ။

ကုန်းပန်း,ရေပန်းပွင့်လန်းထုံကြိုင်။ပန်းခိုင်,ပန်းငုံ,ပန်းပေါင်းစုံ၍၊မွှေး တုံသင်းပြန့်,ယနံ့ကြိုင်စွာ၊မွှေးထုံစွာသောရတနာဗိမာန်ကြီး၌ခံ့စားပျော် မွေ့ကာ၊ ချမ်းသာရိပ်ငြိမ်၊ စည်းစိမ်ကြီးလွန်သော နတ်သို့မီး၏ ကုသိုလ်ကံ ကြောင့် အလိုရှိရာသွားနိုင်သော ဒိသာစာရိကာဘုံဗိမာန်ကြီး၌ ဥယျာဉ် ရေကန်နှင့်တကွကောင်းကင်၌တည်၍ကမ္မဇိဒ္ဓိအားဖြင့်ဖြစ်သော ပန်းပင် ပန်းခွယ်တို့၏အမည်ကို ပြည့်စုံအောင် ထုတ်ဘော်၍ ကဗျာလင်္ကာခွဲဆို

သိကုံးခြင်းဌာ မတတ်သာအောင်ရတနာအမျိုးမျိုးတို့နှင့်လည်ပြည့်စုံ၏။ လူပြည်ဌပြစ်ထိုက်သောပန်းပင်ပန်းနွယ်အမျိုးမျိုးနှင့်ပြည်ဌသာ ရှိထိုက်သော ပန်းပင်ပန်းနွယ်အမျိုးမျိုး အလုံးစုံသော ပန်းမျိုးတို့သည် သင်နှင့်ဆိုင်း၏ဘုံဗိမာန်ဌတည်ရှိကုန်၏။

အာဠာရပမော၊ ကျွယ်ပြန့်ရင်ကျော့ကော့သောမျက်ခုံး မျက်စဝိုသော နတ်သိုး။ အယံ၊ ဤသို့အံ့ဘွယ်ကြီးကျယ်သော အကျိုးထူးသည်။ ကိုယ်သ၊ အာဘယ်သို့သော။ သံယမသ၊ သိလစောင့်ခြင်း၏ဝင်း။ ဒမ္မသ၊ ကိုယ်နှုတ်စိတ်ကို ဆုံးမခြင်း၏ဝင်း။ ဝိပါကော၊ အကျိုးထူး ဖြစ်ပေသနည်း။ တေ၊ သင်နှင့်သိုး၏။ အဓိဂတံ၊ ကုသိုလ်ကြောင့်ရသော။ ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ အသိ၊ ဖြစ်ပေါ်လာသနည်း။ ကေနကမ္မဝလေန၊ အာဘယ်ကဲ့သို့သောကံ၏အစွမ်းအားဖြင့်။ ဣဒ၊ ဤဘုံဗိမာန်ကြီးဌ။ဥပပန္နာ၊ ဖြစ်ရပါသနည်း။ ယထာ ယေနပကာရေန၊ အကြင်သို့သော အပြားအား ဖြင့်။ မယာ၊ ငါ၀ဂိသ ထေရ်သည်။ ဝုတ္တံ၊ ကဗျာလင်္ကာ၊ ဂါထာစကား၊ ဘွဲ့ ဆိုကြား၏။ တဒနုပဒံ၊ ထိုဂါထိသော၊ ကဗျာလင်္ကာအား လျှော်စွာ။ အ၀ စာသိ၊ ဖြေဆိုပါလော့။ ။ဤသို့ ၀ဂိသ ထေရ်သည် ကဗျာ လင်္ကာဘွဲ့၍ မေးမြန်းသောအခါ၊ **ဗေသ၀တိနတ်သိုး** သည်လည်း မာဂ၀ဘာသာ ကဗျာလင်္ကာဘွဲ့လျက်ဖြေကြား၏။

ယတ စမေဓိဂတမိဒံဝိမာနံ။ လ။ တိဒ သာ၊ တာ ဣဓမာ၀သာမိဌာနံ။ (ထိုဂါထာတို့ကို ဝိမာနဝတ္ထုပါဠိတော်ဌကြည့်ရှုရာ၏။

ဘန္တေ၊ **၀ဂိသ**ဟုနာမကျော်ထင် မြတ်အရှင်။ မေ၊ **တပည့်တော်မ** သည်။ ယထာ၊ အကြင်သို့ပြုအပ်သော အချင်းအရာအား ဖြင့်။ အဓိဂတံ၊ ရအပ်သော။ ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ ကုဠေ၊ ကြီးကြာဌက်၊ မယ္ဟရ၊ ဥဒေါင်း၊ စကော်ရ၊ ဇင်ယော်ဌက်၊ ဤဌက်အပေါင်းတို့ မြူးတူး ပျော်ပါး ကျက်စားရာလည်းဖြစ်ပါ၏။ ဒီဗျပိလ၀ဟုံသရာဇကိဏ္ဏာ၊ နတ် ဟာသ်ာအစရှိသောရေပေါ်ဌ ပေါ်လောသွားလာ ကူးသန်းကာဖြင့် မျှား စွာသော ရေဌက်,ရေကြာက်တို့ဖြင့်လည်းရောပြွမ်း၍ ရွှင်လန်းမှုလျှော် ဘွယ်ဖြစ်ပါ၏။ ဒီဇကောရဏ္ဍ၀ ကောကိလာဘိနာဒိတံ၊ ကောရဏ္ဍ၀ မည်သော နတ်ဌက်မျိုး၊ အသံသာယာစွာမြည်တတ်သော ဥသြဌက်မျိုး ကို၏အသံတို့ဖြင့် သာယာနာပျော်ဘွယ်ရှိပါ၏။ နာနာသကုနာနကပုပ္ဖရုက္ခ ဝိစိတ္တာ၊ အထူးသူးအသွယ်သွယ်၊ ဆန်းကြယ်လှစွာ၊ နွယ်ကာယှက်ရံ၊ ဘွေ့ဖက်ရံနွယ်နှင့်၊ ရှုဘွယ်အသင့်၊ ပန်းရုံပွင့်သော သစ်ပင်တို့ဖြင့်၊ တင့်တယ်

သာယာ၊ဇမ္ဗေါ်ရွာသော။ ပါဠိလို၊ သနွတ်ပင်။ ဇမ္ဗု၊ သပြေပင်။ အသောက၊ ပန်းသုံး-သော်ကပင်တို့ဖြင့် ဝန်းရံလျက်တည်ရှိပါ၏။ တံ၊ ထိုသို့ ဆန်းကြယ် တင့်တယ်လှစွာ မွှေးထုံစွာသော ပန်းပင် ပန်းနွယ် ဆက်သွယ်ယှက်ရုံ ပြည့်ခုံသာယာဇမ္ဗေါ်ရွာသောဘုံဗိမာနဲ့ကြီးကို ရခြင်း၏အကြောင်းရင်းကံကို။ တေ၊ အရှင်ဘုရားအား။ ပဝေဒယာမိ၊ လျှောက်ကြားပါ၏။ ဘန္တေ၊ ဝဏ္ဏသဟု, နာမကျော်ထင်မြတ်အရှင်။ သုဏောဟိ ရှေးနားတော် **အား အသင့်ထား**၍ နာကြားတော်မူပါလော့။

ဘန္တေ၊ ဝဏ္ဏသဟု နာမကျော်ထင် မြတ်အရှင်။ မဂဝေ၀ရပုရတ္ထိမေနု၊ မြင့်မြတ်စွာလျှ၊ မဂဓဟု၊ ဗုဒ္ဓဘာသာ၊ လူမျိုးစွာတို့၊ နေရာဘူမိ၊ ဂိရိဗ္ဗဓ၊ ပဋ္ဌသေလာ၊ ဝန်းရံကာဒလျက်၊ ရာဇဂြိုဟ်ခေါ်. ရှေးမြို့တော်၏၊ ရှုမျှော်တင့်စွာ၊ ရှေ့မျက်နှာဖြင့်။ နာဠကဂါမောနာမ၊ နာဠကမည်သော ရွာသည်။ **အတ္ထိ**၊ ရှိပါ၏။ တတ္ထ၊ ထိုနာဠကရွာ၌။ ပုရေ၊ ရှေးဘဝ၌။ သုဏိသာ၊ သူကြွယ်တစ်ယောက်၏ချွေးမသည်။အဟောသိ်၊ဖြစ်ပါသည်အရှင်ဘုရား။

တတ္ထ၊ ထိုနာဠကရွာ၌။ ပေသဝတိတိ **ပေသ၀တီ**ဟူ၍။ မမံ၊ တပည့်တော်မကို။ ဇာနိ်သု။ သိကြပါကုန်၏။ သာဟံ၊ ထိုတပည့်တော်မသည်။ တတ္ထ၊ ထိဘဝ၌။ ဥပဓိတာ အတ္ထဝမ္မ ကုသလံ၊ ဆည်းဘူး အပ် သော အကြောင်းအကျိုး၌ လိမ္မာတော်မူသော။ ဒေ၀မနုဿပူဇိတံ၊ နတ်လူတို့ ပူဇော်ရာဖြစ်တော်မူသော။ မဟန္တံ၊ ကြီးမြတ်သော ဂုဏ်ထူးရှိတော်မူသော။ အပ္ပမေယျံ၊ **အတုမရှိမြတ်**လှစွာ**သော**။ နိဗ္ဗုတံ၊ ပရိနိဗ္ဗာန်ပြုတော်မူသော။ ဥပတိဿံ၊ ဥပတိဿ၊ငယ်မည်ရသောအရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို။မုဒိတမနာ၊ဝမ်းမြောက်ကြည်ညိုစွာသောစိတ်ရှိလျက်။ ကုသုမေဟိ ပန်းကုံးပန်းပွင့်တို့ဖြင့်။ **အ**ဇ္ဇုကိရိ်၊ ကြဲဖြန့်ပူဇော်ပါ၏။

ပရမဂတိဂတံ၊မြတ်သောနိဗ္ဗာန်သို့ကြွတော်မူသော။**အ**ဇ္ဇိမဒေဟာ၀ရံ၊ အဆုံးစွန်သော **အ**ဇ္ဇာဘောဂကိုဆောင်တော်မူထသော။ ဥဒ္ဒာရံ၊ မျှားမြတ်သော ဂုဏ်တော်ရှိသော။ ဣသိ်၊ ရဟေ့နွယ်ဝင်၊ သူတော်စင်ဖြစ်တော်မူသော **အရှင်သာရိပုတ္တရာ၏အလောင်းတော်** ကို။ ပူဇယိ်တွာ၊ ပူဇော်၍။ မာနုသကံ၊ လူ၌ဖြစ်သော။ သမုဿယံ၊ ခန္ဓာကိုယ်ကို။ ပဟာယ၊ ပယ်စွန့်၍။ ဝါ လူ၏ကိုယ်မှနတ်၏ကိုယ်သို့ ရှေ့ပြောင်း၍။ တိဒသာဂတာ၊ တာ၀တိ်သာနတ်ပြည်၌ဖြစ်လျက်။ ဣမံ်ဂါထံ်ဣ၀ိ ဘုံဗိမာနဲ့ကြီးကို။ အာ၀သာမိ အခိုးရ၍နေပါ၏အရှင်ဘုရား။

ပေသ၀တိနတ်သွီး၀တ္ထုပြီး၏။ ။သတ္တမ။ ။

ဗန္ဓုလစစ်သူကြီး၏မယား မလ္လိကာနတ်သမီးဖြစ်ကြောင်း။

မြတ်စွာဘုရားသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်တော်အတွင်း အင်ကြင်းပင်ကျိုတို့အကြား ခင်းထားသော ဧည့်ခြောင်စောင်းဝယ် လျောင်းစက်တော်မူ၍ မဟာပရိနိဗ္ဗာန်စံတော်မူသောအခါ၊ သမ္မာသမ္ဗုဒ္ဓတော်ဖြစ်သော မြတ်စွာဘုရား၏ ကိုယ်တော်ကို နတ် လူ အပေါင်းတို့ ပူဇော်ကြသောအခါ၊ ဗန္ဓုလစစ်သူကြီး၏မယား မလ္လာမင်းသမီးဖြစ်သော **မလ္လိကာဥပါသိကာမ** သည်၊ ဝိသာခါ ဒါယိကာမကြီး ဝတ်ဆင်သော **မဟလ္လတာ** တန်ဆာကဲ့သို့ ဖိမိဝတ်ဆင်သော မဟလ္လတာတန်ဆာကို နံ့သာရေတို့ဖြင့်ဖွတ်လျှော်၍ နုကုလပုဆိုးအဝတ်ဖြင့် ပွတ်တိုက်ပြီးလျှင် စင်ကြယ် သန့်ရှင်းစွာပြုလုပ်၍ မျှားစွာသော နံ့သာ ပန်းတို့ဖြင့် ထုံလွှမ်း မြတ်စွာဘုရား၏ သမ္မာသမ္ဗုဒ္ဓတော်ဖြစ်သော ကိုယ်တော်ကို ဆင်မြန်းပူဇော်၏။

ထိုကုသိုလ်ဖြင့် ရုတေသောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်၍ ရတနာတို့ဖြင့် စီချယ်သော မဟလ္လတာတန်ဆာကို ပူဇော်လှူဒါနုံးသော ကုသိုလ်၏အစွမ်းအာနုဘော်ကြောင့် **မလ္လိကာနတ်သမီး**၏အဝတ်တန်ဆာ ဘုံဗိမာန်တို့သည် ရတနာ ခုနစ်ပါး အရောင်တို့ဖြင့် ထွန်းလင်းတောက်ပလျက် သိဂီရွှေအဆင်းအရောင်တို့ဖြင့် အလွန်လျှင် ပြိုးပြိုးပျက်ပျက် ဖိတ်ဖိတ်လက်အောင် တောက်ပြောင်ထွန်းလင်းလျက်အလုံးရုံသော အရပ်မျက်နှာသို့ဖြာ၍ထွက်၏။

ထိုအခါ၌ **အာရှင်နာရဒဗထေရ်** သည် နတ်ပြည်သို့ ဒေသစာရိကြွ၍ တော်မူလျှင် ထိုနတ်သမီးကိုမြင်၍ ဘုံဗိမာန်အနီး၌ရပ်တော်မူ၏။ မလ္လိကာနတ်သမီးသည် အာရှင်နာရဒ ထေရ်ကို မြင်လျှင် ဘုံဗိမာန်မှ သက်ဆင်း၍ ရှိသေစွာခိုးကြီးပြီးလျှင် လက်အုပ်ချီလျက်ရပ်၏။ ထိုအခါ၌ အာရှင်နာရဒ ထေရ်မြတ်သည် ဤဂါထာတို့ဖြင့်မေးတော်မူ၏။

ပိတာဝဏ္ဏေ ပိတာဝဏ္ဏော၊ ပိတာလက်ခဏရာဘူသိတော။
ပိတာနု ရာဟိဝဏ္ဏူဟိ၊ အပိဋ္ဌန္ဓာဝ သောဘသိ။ ။

ပိတာဝဏ္ဏော်ရွှေသောအဝတ်ကိုဝတ်ဆင်လျက်နေထသော။ ပိတာဝဏ္ဏော၊ ရွှေသောတံခွန်ရှိထသော။ ပိတာလက်ခဏရာဘူသိတော၊ ရွှေတန်ဆာတို့ကိုဆင်မြန်းလျက်နေသော။ ဒေဝတော၊ နတ်သင်္ဃာ။ ပိတာနု ရာဟိ၊ ဝဏ္ဏူဟိ၊ နုံးညံ့ချောညက် ကင်းလက်လျှံပြောင်ရွှေအရောင်တို့ဖြင့်။ တွံ၊ သင်နတ်သမီးသည်။

ခဝိဇ္ဇနွာဝ၊ တန်ဆာမဆင်ဘဲသာလျှင်။ သောဘသိ၊ ပကတိရုပ်ဆင်း၊ လှပခြင်းဖြင့် တင့်တယ်၍နေ၏။

တွံ၊ သင်နတ်သျှီးသည်။ကာ၊အာဘယ်သူပေနည်း။ကမ္ဘုကာယုရဝဏ္ဏေ၊ ရွှေလက်ကြတ်တန်ဆာကိုလည်း ဝတ်ဆင်လျက်နေသော။ ကဉ္စနာဝေဠု ဘူသိတော၊ ရွှေနားပန်ကိုလည်း ပန်ဆင်လျက်နေသော။ ဟေမဇာလက-သဏ္ဌေန၊ ရွှေဇာပျောက်ပုဝါကိုလည်း ဖုံးလွှမ်းခြုံငုံလျက်နေသော။ နာနာ ရတနမာလိနီ၊ အထူးထူး အဖြာဖြာ ရတနာ ပန်းခွင်ကွဲကိုလည်း ပန်ဆင် လျက်နေသော။ ဒေဝတော၊ နတ်သျှီး။ တွံ၊ သင်သည်။ ကာ၊ အဘယ်သူ ပေနည်း။

ရွှေအာဝတ် ရွှေတန်ဆာ, ရွှေဇာပြောက်ပုဝါနှင့်၊ ရွှေမာလာ ရွှေပန်းခိုင် ဝေမြှင်တင့်ဆန်း ဆင်မြန်းဝတ်ရုံလျက်နေသောနတ်သျှီး။ သင်နတ်သျှီး၏ ဦးခေါင်းထက်၌ ရွှေဖြင့်ပြီးသော ပန်းခိုင်လည်းဂ,ိ၏။ ပတ္တမြားနီဖြင့် ပြီး သော ပန်းခိုင်လည်းဂ,ိ၏။ မဂ္ဂာမယ်၊ ပုလဲဖြင့်ပြီးသော ပန်းခိုင်လည်း ဂ,ိ၏။ ဝေဠုရိယာမယ်၊ ကျောက်မျက် ရွှဲဖြင့်ပြီးသောပန်းခိုင်လည်းဂ,ိ၏။ မသာရဂလ္လမယ်၊ ပတ္တမြားပြောက်ဖြင့်ပြီးသောပန်းခိုင်လည်းဂ,ိ၏။ ပတ္တ မြားနီပတ္တမြားပြောက်နှစ်လိုသောရတနာဖြင့် ရောထွေးယှက်စပ် စီချယ် အပ်သောပန်းခိုင်လည်းဂ,ိ၏။ ပါရေဝတအာဇီဝဟိ၊ ခိုမျက်လုံးအဆင်းဂ,ိ ကုန်သော။ မဏိဟိ၊ ပတ္တမြားကျောက်မျိုးတို့ဖြင့်။ စိတ္တိတာ၊ ဆန်းကြယ် စွာစီချယ်အပ်သောပန်းခိုင်လည်းဂ,ိ၏။

သင်နတ်သျှီးနေသောဘုံဗိမာန်၌ ရွှေဥဒေါင်း၏မြည်သံကိုလည်း ကြား ရ၏။ ရွှေဟာသ်ာမင်း၏မြည်သံကိုလည်းကြားရ၏။ထိုဌက်အပေါင်းတို့၏ အသံကိုသာယာစွာကြားရ၏။ ထိုဌက်သံတို့သည် အင်္ဂါငါးပါးဂ,ိသော တူရိယာတို့ကို သာယာစွာတီးမှုတ်သကဲ့သို့ဖြစ်၏။

သင်နတ်သျှီး စီးသော ရထားသည်လည်း အလွန်လှပတင့်တယ်၏။ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ စီချယ်အပ် [illegible] ပြိုးပြိုးပြက်ပြက်အရောင်ထွက်၏။ ကောင်းစွာတတ်မြောက်သော ပန်းပု ပန်းဘဲ ပန်းချီဆရာတို့သည် ကောင်းစွာပြုလုပ်၍ စိမံဘန်ဆင်းသကဲ့သို့ သင်၏ရထား၌ အထူးထူးသော ရတနာတို့ဖြင့် စီချယ်အပ်သောရတနာ ဝင်ရိုး ရတနာလှည်းသံ၊ ရတနာဆောင်ပန်း၊ ရတနာထမ်းပိုးတို့ဖြင့် ရှင်း။ ရထားဦး စသည်၌ ဖိုက်ထူအပ်သော်ရတနာအလံတိုင် ရတနာတံခွန်ကို ဖြင့်ရှင်း၊ အလွန်တင့်တယ်လှပ၏။ ရွှေဘုံး - ရွှေခဲဖြင့် ပြုလုပ်အပ်သော

ရှေ့ရပ်အဆင်းကဲ့သို့၊ ထိုရထားပေါ်ခွဲနေသော သင်နတ်သွီး၏ အရောင်သည် အရပ်ဆယ်မျက်နှာပြာ၍ထွက်၏။

ဟိုမြစ်နုနယ် ရှုချင်ဘွယ်ရှိသောနတ်သွီး။ သင်နတ်သွီးသည် ရှေးဘဝလူဖြစ်စဉ်အခါက အဘယ်ကုသိုလ်ကောင်းမှုကိုပြုလုပ်၍ ဤကဲ့သို့ ကြီးကျယ် ကောင်းမွန်သော ဘုံဗိမာန်ကြီးဝယ် ကြီးကျယ်သောနတ်စည်းစိမ်ကို ခံစားရပါသနည်း။ ဤသို့**အရှင်နာရဒဟထေရ်ပြော**မေးတော်မူသော အခါ။ **မလ္လိကာနတ်သွီး** သည် ဤသို့လျှောက်ကြား၏။

တပည့်တော်မသည် ရှေးဘဝလူဖြစ်စဉ်အခါက အခြားသူမဟုတ်ပါ။ ဗန္ဓုလစစ်သူကြီး၏မယား မလ္လိကာ ဖြစ်ပါသည် အရှင်ဘုရား။ တပည့်တော်မ၏လင်ယောကျ်ားဖြစ်သောဗန္ဓုလစစ်သူကြီးကို သားသုံးကျိပ်နှစ်ယောက်နှင့်တကွ တခါတည်းအကုန်လုံးသေအောင်၊ကောသလမင်းကြီးသည်သတ်၍ပစ်သောအခါ၊တပည့်တော်မသည်ဆွေမျိုးရှိရာ ကုသိနာရုံပြည်သို့ ပြန်၍နေရပါသည် အရှင်ဘုရား။ ထိုအခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်သို့ ကြွလာတော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူပါသည် အရှင်ဘုရား။

ထိုအခါ၌ မြတ်စွာဘုရား၏ သရီရဓာတု ရုပ်အလောင်းတော်ကို နတ်လူအပေါင်းတို့ ပူဇော်ကြသောအခါ၌ တပည့်တော်မ၀တ်ဆင်သော ရွှေစာပြောက်အထည်ကို ကိုယ်၏ပမာဏပြုလုပ်၍ ပတ္တမြား ကျောက်နီတို့ဖြင့်ရင်း။ ပုလဲလုံးတို့ဖြင့်ရင်း။ ကောင်းစွာချယ်စီ၍ ပြုလုပ်သော **မဟာလွှာ** တန်ဆာကို မြတ်စွာဘုရား၏ သရီရဓာတု ရုပ်အလောင်းတော်၌ ကောင်းစွာတင်လှူဆင်မြန်း၍ ပူဇော်ခြင်းကို ပြုပါသည်အရှင်ဘုရား။ ထိုကုသိုလ်ဖြင့်တပည့်တော်မသည် တာ၀တိံသာနတ်ပြည်၌နတ်သွီးဖြစ်၍ ဤကဲ့သို့ ကြီးကျယ်သော နတ်စည်းစိမ်ကို ရပါသည် အရှင်ဘုရား-ဟု၍ လျှောက်ကြား၏။

တာဟံကမ္မံ ကရိတ္ဝာန၊ ကုသလံ ဗုဒ္ဓဝဏ္ဏိတံ။
အပေတာသောကာသုခိတာ၊ သံပမောဒါမိနာမယာ။ ။

ဘဏ္ဍေ၊ နာရဒခေါ်တွင် မြတ်အရှင်။ အဟံ၊ **တပည့်တော်မသည်**။ တံကမ္မံ၊ ထိုမဟာလွှာတာ ဆန်ဆာကို လှူဒါန်း ပူဇော်သော ကုသိုလ်ကို။ ကရိတ္ဝာန၊ ပြုပြီး၍။ ပြုသောကြောင့်။ ဗုဒ္ဓဝဏ္ဏိတံ၊ မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော။ ကုသလံ၊ ကုသိုလ်ကို။ ကရိတ္ဝာန၊ ပြုသောကြောင့်။ အပေတာသောကာ၊ ကင်းသော စိုးရိမ်ခြင်းရှိသည်ဖြစ်၍။ သုခိတာ၊ ချမ်း

သာစွာ။ အနာမယာ၊ အနာဂင်းလျက်။ သံပမောဒါမိ၊ ဝမ်းမြောက်စွာ နေရပါ၏အရှင်ဘုရား။

အရှင်နာရဒ ထေရ်မြတ်သည် မလ္လိကာလျှောက်ကြားသော စကား တို့ကိုမှတ်သားခဲ့၍ နတ်ပြည်မှ ပြန်လာပြီးလျှင် သံဂါယနာတင် အရှင်မြတ်တို့အားလျှောက်ကြား၏။ အရှင်မဟာကဿပအရှင်အာနန္ဒာ အစရှိသော သံဂါယနာတင်အရှင်မြတ်တို့သည် ဝိမာနဝတ္ထုပါဠိတော်၌ သံဂါယနာ တင်ထားကြကုန်၏။

မလ္လိကာနတ်သွီးဝတ္ထုပြီး၏။ ။အဋ္ဌမ။ ။

သုနန္ဒာနတ်သွီးဝတ္ထု၊
စေတီ ကို ပန်း ပူ ဇော် ခြင်း အကျိုး ။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည်ရှိသော်၊ ဓာတ်တော်တို့ကို ရှစ်ပြည်ထောင်မင်းတို့ဝေဘန်၍ ယူကြသောအခါ၊ အဇာတသတ်မင်းသည် ဗိဒိရသော ဓာတ်တော်တို့ကို ရာဇဂြိုဟ်ပြည်သို့ဆောင်ယူ၍ စေတီတော် ပြုလုပ်တည်ထားကိုးကွယ်သည်ရှိသော်၊ ရာဇဂြိုဟ်ပြည်၌ ပန်းကိုရောင်း၍ အသက်မွေးရသောပန်းသည်ယောကျ်ား၏သွီး သုနန္ဒာအမည်ရှိသော မိန်းမကလေးသည် သောတာပန် တည်ပြီးသော အရိယာဖြစ်၍၊ အဘ၏ အထံမှပန်းတို့ကိုပို့၍ရောက်လာသောပန်းတို့ကို နေ့တိုင်း စေတီတော်ကို ပူဇော်စေ၏။ ဥပုသ်နေ့တို့၌ကား ကိုယ်တိုင်ပင်လျှင်သွား၍ စေတီတော် ကိုပူဇော်၏။ ထိုသုနန္ဒာအမည်ရှိသော မိန်းမကလေးသည်တစုံတခုသော ရောဂါဖြင့် ရုတေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အဇွေအရံနတ်သွီးဖြစ်၏။

ထိုနေ့သ၌ ထို **သုနန္ဒာနတ်သွီး** သည် သိကြားမင်းနှင့် အတူတကွ စိတ္တလတာ ဥယျာဉ်သို့သွား၍ပျော်ပါး၏။ ထိုစိတ္တလတာဥယျာဉ်၌ ပန်းနွယ် ပန်းရုံ ပန်းပင် ပန်းပွင့်တို့၏ အရောင်သည် နတ်တို့၏အရောင်ထက် တောက်ပသည်ဖြစ်၍ စိတ္တလတာဥယျာဉ်၏ အတွင်းသို့ဝင်သော နတ် အပေါင်းတို့၏အရောင်သည် ပကတိအတိုင်း မတည်နိုင်ဘဲ ပြောင်းလဲ၍ ဆန်းကြယ်သောအရောင်ဖြစ်၍လာ၏။ ဤကား စိတ္တလတာဥယျာဉ်၏ပကတိ သဘောတည်း။ သုနန္ဒာနတ်သွီး၏ကိုယ်ရောင်သည်ကား ပြောင်းလဲခြင်းမရှိဘဲ ပကတိအတိုင်းတည်နိုင်၏။

ထိုအခါ၌ သိကြားမင်းသည် **သုနန္ဒာနတ်သို့**၏ ကိုယ်ရောင်သည် တပါးသောနတ်တို့၏ကိုယ်ရောင်ကဲ့သို့ ပြောင်းလဲခြင်းမရှိဘဲ ထိုစိတ္တလတာ ဥယျာဉ်၌ ပန်းပွင့်တို့၏အရောင်သည် သုနန္ဒာနတ်သို့ကိုယ်ရောင်ကို လွှမ်းမိုးခြင်းမဖြစ်နိုင်ဘဲ ပကတိအတိုင်းတည်နေသည်ကိုမြင်၍ ဤနတ်သို့ကား ကံထူးရှိသောနတ်သို့ဖြစ်၏ဟုကြံ၍ ရှေးဘဝကပြုသော ကုသိုလ်ကို မေးလိုရကား၊ ဤဂါထာကိုဆို၏။

ကာနာမတ္ထံ ဝိသာလက္ခိ၊ ရမ္မေစိတ္တလတာဝနေ။
သမန္တာဘာနုပရိယာသိ၊ နာဒ၎ိဂဏ္ဍပုရက္ခိတာ။ ။
ယဒါဒေဝတာဝတိံသာ၊ ပရိသန္တိဂ္ဂမံဝနံ။
သယောဂ္ဂါသရထာသဗ္ဗေ၊ စိတ္ကြာဟောန္တိဂ္ဂရာဂတာ။ ။
တုယ္ဘဥ္ဇဂ္ဂပေတ္တာယ၊ ဥယျာနေဝိစရန္တိယာ။
ကာယေ နဒီသတိ ဘတ္တံ၊ ကေနရူပံ တဝေဒိသံ။ ။
ဒေဝတေပုန္ဗိတာဒိကၠ၊ ကိသကမ္မသုဝဏ္ဏတာ။ ။

ဝိသာလက္ခိ၊ လျှောက်ပတ်တင့်တယ် ပြုန်းကျယ်ရှုပ်ဆင်၊ ပြည့်စုံလင်၍ ကြည်လင်သော မျက်စိနှင့်သောနတ်သို့။ တံ၊ သင်သည်။ ကာနာမ၊ ရှေးဘဝ၌ အဘယ်သူဖြစ်ပေသနည်း။ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော။ စိတ္တလတာဝနေ၊ ပန်းပင် ပန်းမြိုင် ပန်းခိုင် ပန်းနွယ် ဆန်းကြယ်စွာလှပွင့်ဟူနိုင်ကြသော။ စိတ္တလတာ၊ ဥယျာဉ်သာ၌။ သမန္တာ၊ ထက်ဝန်းကျင်မှ။ နာဠိဂဏ္ဍပုရက္ခိတာ၊ ကညာအစစ် ကျွန်းခင်နတ်သို့ ရှုမငြီးတွေ့။ ပါးနှီးမတွေ့ ဝန်းရံပါလျက်။ အနုပရိယာသိ၊ ပျော်ပါးရွှင်ကြည် လှည့်ပတ်လည်သွားလာ၍နေ၏။

ယဒါ၊ အကြင်အခါ၌။ ဒေဝါတာဝတိံသာ၊ တာဝတိံသာ နတ်များ။ ဗ္ဗေ ဣသည်။ ဂုမ်ဝနံ၊ ဤမ်စိတ္တလတာဥယျာဉ်သာသို့။ ပရိသန္တိ၊ ဝင်လာ ကြကုန်၏။ တဒါ၊ ထိုစိတ္တလတာဥယျာဉ်သို့ ဝင်လာသောအခါ၌။ သဗ္ဗေ၊ အလုံးရုံကုန်သော။ သယောဂ္ဂါ၊ ယာဉ်နှင့်တကွဖြစ်ကုန်သော။ သရထာ၊ ရथားနှင့်တကွ ဖြစ်ကုန်သော။ ဂုဟောဂတာ၊ ဤမ်စိတ္တလတာဥယျာဉ်သို့ ရောက်လာကုန်သောနတ်အပေါင်းကို။ စိတ္ကြာ၊ ပကတိအရောင်မှ ကြောင်ဖားပေါ်၍ ဆန်းကြယ်သော အရောင်နှင့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣဒေဝဥယျာနေ၊ ဤစိတ္တလတာ ဥယျာဉ်သို့။ ပတ္တာယ၊ ရောက်၍။ ဝိစရန္တိယာ၊ လှည့်လည် ပျော်ပါး သော။ တုယ္ဟံ၊ **သင်** နှတ်သို့ ဖြီး၏။ ကာယေစ၊ ကိုယ်၌မူကား။ စိတ္တံ၊ ပကတိ ကိုယ်ရောင်မှ ပြောင်းလဲ၍ ဆန်းကြယ်ထူးထွေ ခြင်းသည်။ နဒိဿတိ၊ မထင်။ ကေန၊ အဘယ် အကြောင်းကြောင့်။ တဝ၊ သင်နှတ်သို့ဖြီး၏။ ရူပံ၊ အဆင်းအရောင်သည်။ ဇဒိသံ၊ ဤကဲ့သို့ ဆန်းကြယ်ထူးထွေမရှိဘဲ။ ပ ကသိအတိုင်း တည်နိုင်ပါ သနည်း။

ဒေဝတော၊ ကိုယ်ရောင်ပကတိ, ထွန်းလင်းရှိသောနှတ်သို့။ ပုဗ္ဗေ တာ၊ သိကြားမင်းငါ၊ သိလိုပါ၍ ကောင်းစွာ မေး မြန်း သည် ကို။ အာစိက္ခ၊ လျှောက်တင်စကား **အမှန်**အားဖြင့် ပြောကြားပါလော့။ ဣဒံ၊ ဤဆန်း ကြယ်ထူးထွေပြောင်းလဲစေသော ဥယျာဉ်အတွင်းသို့ရောက်သော်လည်း ဆန်းကြယ်ထူးထွေမရှိ ပကတိအရောင်ဖြင့် တည်နိုင်ခြင်းသည်။ ကိုသ ကမ္မသ၊ အဘယ်ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးပေနည်း။

ဤသို့သိကြားမင်း မေးသည်ရှိသော်၊ **သုနန္ဒာနတ်သို့**သည် ဤ ဂါထာတို့ဖြင့်ဖြေကြား လေသတည်း။

ယေနကမ္မေနဒေဝိန္ဒ၊ ရူပံမယ္ဟံဂတိစရေ။
ဣဒ္ဓိစအာနုဘာဝေါစ၊ တံသုဏောဟိပုရိန္ဒဒ။ ။

ပုရိန္ဒဒ၊ ရှေးကအလှူ ပေးဌလှူသည့် ပုရိန္ဒဒ၊ အမည်ရတော်မူ၍။ ဒေဝိန္ဒ၊ တာဝတိံသာ၊ နှတ်များစွာကို အာဏာစက်ရှ စိုးပိုင်သ,သည့် ဒေဝသေဋ္ဌနင်းသိကြားမင်း။ ယေနကမ္မေန၊ အကြင်ကုသိုလ်ကံကြောင့်။ မယ္ဟံ၊ အာဂျွန်ပါ၏။ ရူပံစ၊ အဆင်းအရောင်သည်ရင်း။ ဣဒ္ဓိစ၊ အလိုပြည့်စုံ ခြင်းသည်ရင်း။ ဝါ၊ တန်ခိုးဣဒ္ဓိ အထူးရှိခြင်းသည်ရင်း။ အာနုဘာဝေါစ၊ အစွမ်းအာနုဘော်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ရှိ၏။ တံ၊ ထိုအဆင်း ရောင်ဝါ တေဇာလွှမ်းမိုး တန်ခိုး အာနုဘော်ဖြစ်ရှိခြင်း၏ အကြောင်း ဖြစ်သောကံကို။ သုဏောဟိ၊ ကြားတော်ကြားပါလော့။

ပုရိန္ဒဒ၊ ဒေဝသေဋ္ဌနင်းသိကြားမင်း။ကွန်တော်မသည် ရှေးလူဖြစ်စဉ် အခါ၌ ဂုဇရြိဟ်ပြည်ဝယ် **သုနန္ဒာ**အမည်ရှိသော ဥပါသိကာမဖြစ်ပါ ၏။ သဒ္ဓါသီလနှင့်လည်း ပြည့်စုံပါ၏။ အခါခပ်သိမ်း **လှူ**ဒါန်းပေးကမ်း ခြင်း၌ ပျော်ပိုက်မွေ့လျော်ပါ၏။ အဝတ်သက်နီးတို့ကိုဂုဏ်း။ ဆွမ်းခဲ့ဘွယ် ဘောဇဉ်ချိုချဉ်အရသာ အစာအာဟာရတို့ကိုဂုဏ်း။ ဆီမီးဖရောင်းတို့ဏ

ကျွန်ကိုရင်း။ ဥဒ္ဒဝဘုတ ဖြောင့်မတ်စွာ ကျင့်တော် မူတတ်သော ရဟန်း သံဃာတော်တို့၌ ကြည်ညိုသောစိတ်ဖြင့် လှူဒါန်းလေ့ရှိပါ၏။ လဆန်း, လဆုတ်, ဥပုသ်နေ့တို့၌ပင်း။ အပိုအကြွေပြစ်သော ပါဒိဟာရိယ နေ့တို့၌ ပင်း။ အင်္ဂါနှစ်ပါးရှိသော ဥပုသ်သီလကို မေပုက်ရအောင် စောင့်သုံးလေ့ ရှိပါ၏။

သူ့အသက်ကိုသတ်ခြင်း။ သူ့ဥစ္စာကိုခိုးခြင်း။ ကာမလွန်ကြူးခြင်း။ မုသားပြောဆိုခြင်း။ အရက်ကစော်သောက်ခြင်း။ ဤငါးပါးသော ကြူး လွန်ခြင်း ကိုကို မကြူးလွန်မူ၍ အခါခပ်သိမ်း စောင့်စည်းလျက် ငါးပါး သီလမြဲပါ၏။ (ဖြစ်ချင်, ဖြစ် မဖြစ်ချင်, မဖြစ်) သစ္စာလေးပါးတရားကိုကို လည်း ကောင်းစွာထင်ထင် ဉာဏ်ဖြင့်မြင်၍ ဂေါတမမြတ်စွာဘုရား၏ အရိယာတပည့်မဖြစ်ပါ၏။ ထိုကျွန်တော်မသည် အာဘာ၏အထံမှ နေ့စဉ် ပုံ့သောပန်းကိုဖြင့် မြတ်စွာဘုရား၏စေတီတော်ကို တင်လှူပူဇော်ပါ၏။ ဥပုသ်နေ့ကို၌ ကိုယ်ကိုင်သွားခဲ့ ခုံသာပန်းကိုဖြင့် စေတီတော်ကို ပူဇော် ပါ၏။ ထိုကုသိုလ်ကံကြောင့် ဤကဲ့သို့အဆင်းအာရောင်တန်ခိုးအာနုဘော် နှင့် ပြည့်စုံပါသည် အရှင်သိကြားမင်း။ ရှေ့သို့ကိုးတက်ခဲ့အထက်မဂ်ကို ရခြင်းငှါ သကဒါဂါမိ, ဥပါသကဖြစ်စေရန် တောင့်တလျက်နေပါသည်အရှင် ဘုရားမင်းဟူ၏ **သုနန္ဒာနတ်သို့**း သည် သိကြားမင်းအား ဖြေကြား လေသတည်း။

ထိုအခါ၌ သိကြားမင်းသည် သုနန္ဒာနတ်သို့း ဖြေကြားသော စကား ကိုကြားမှတ်သားခဲ့အရင်ဂဏ်သဏေင်အား လျှောက်ကြား၏။ အရှင်ဂဏ်သ ဏေ၏သည် သံဂါယနာတင်အရှင်မြတ်များအား လျှောက်ကြား၏။ အရှင် မဟာကဿပ အစရှိသော သံဂါယနာတင် အရှင်မြတ်ကို့သည် ဗိသာ လကိုဗိမာနဟူသောအမည်ဖြင့် ဤသုနန္ဒာနတ်သို့း၏ ဝတ္ထုကို သံဂါယနာ ဟင်းထားတော်မူကြကုန်၏။

ဗိသာလဂ္ဂဟာမည်ရှိသော

သုနန္ဒာနတ်သို့း ဝတ္ထုပြီး၏။ ၁၃ ၈။

ပါရိဆတ္တကနတ်သီးဝတ္ထု၊ ပန်းပူဇော်ခြင်း၏အကျိုး။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးနေတော်မူစဉ်အခါ၊ သာဝတ္ထိပြည်၌ ဥပါသကာတယောက်သည် မြတ်စွာဘုရား အထံတော်သို့ဆည်းကပ်၍ နက်ဖြန် ဆွမ်းအလို့ငှါ ပင့်ဘိတ်၍ ဒိဋ္ဌိဓမ္မိတံခါးဝ၌ မဏ္ဍာပ်ကို ပြုလုပ်၍ ကန့်လန့်ကာ တို့ကိုကာရံ၍ အထက်၌ ဖိတာန်မျက်နှာကျက်ကို ဖွဲ့ချိကာမိုး၍ တံခွန်ကုက္ကား မလေးပွား အလံပြု အလံနီစသော အလံတံခွန် အမျိုးမျိုးတို့ကို စိုက်ထူ၍ အထူးထူးသော အဆင်းရှိသောအဝတ်အထည်ပုဝါတို့ကိုဝင်း။ ပန်းဆိုင်း ပန်းခိုင် ပန်းကုံး ပန်းပွင့်တို့ကိုဝင်း၊ ထက်ဝန်းကျင်မှ ဆွဲဆင်၍ရေဖြင့်အပြေအပြစ်ချောမွေ့စွာ ပြုအပ်သောမြေအရပ်၌ ကုတင်ညောင်စောင်း, အင်းပျဉ်အခင်းအနှီး ကဆုလာကော်ဇောတို့ကိုကောင်းစွာခင်း၍ နံနက်အခါဆွမ်းပြင်၍ပြီးသော အကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားသည်ရှိသော်၊ မြတ်စွာဘုရားသည် နံနက်အခါ သင်းပိုင်တော်ကိုပြင်ကာဝတ်တော်မူ၍ သပိတ်သက်နီးယူတော်မူလျက် သာဝတ္ထိပြည်သို့ဝင်၍ နတ်ဘုံ နတ်နန်းကဲ့သို့ ဆင်မြန်း၍ထားသော မဏ္ဍာပ်အတွင်း ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏။

ဥပါသကာသည်လည်း နံ့သာ ပန်းမာလ အဝိုးအဆုံ ဘင်ဖိုးတို့ဖြင့် မြတ်စွာဘုရားအားပူဇော်၏။ ထိုအခါတွင် ထင်းခွေသောမိန်းမတယောက်သည် ရှေးကဲ့သဲ့ပမြတ်စွာဘုရား လက်ထက်တော်က သူကဏ်းတို့နေ ဘူးသောကြောင့်၊ အနွေဝန် အမည်ရှိသောတောမှ ထင်းခွေသွားရာတွင် အဆင်းအနံ့နှင့်ပြည့်ဝုံစွာပင်လုံးကျွတ်ပွင့်၍နေသောအသောကမည်သော ပန်းကိုမြင်၍ အရွက်အညွှန့်ကို့နှင့်တကွ ပန်းခိုင်ပန်းခက်တို့ကို ချိုးယူခဲ့၍ မျှားစွာသောအသောကပန်းပွင့်ပန်းခိုင်တို့ကို မြို့သို့ဆောင်ယူ၍လာသည်ရှိသော်၊ ထိုမဏ္ဍာပ်အတွင်း၌ မြတ်စွာဘုရားကိုမြင်လျှင် ကြည်ညိုသော စိတ်ဖြစ်၍ မြတ်စွာဘုရား ထိုင်တော်မူသောနေရာ၏ ထက်ဝန်းကျင် ပတ်လည်မှထိုပန်းပွင့်သို့ကိုကြဲဖြန့်ကာခင်းလျက် မြတ်စွာဘုရားအား ပူဇော်၍ ရှိသေစွာရှိခိုးဦးချပြီးလျှင်သုံးကြိမ်သုံးပတ် လက်ျာရစ်လည်ပြီးလျှင် ဘဲသွားလေ၏။

ထိုထင်းခွေသည် မိန်းမသည် နောက်အခါ၌ စုတေသည် ရှိသော်၊ တာဝတိံသာနတ်ပြည်၌ နတ်သွေးဖြစ်၍ နတ်သွေးအဖွဲ့အရုံ တဝေါင်ရှိ၏။ ထိုနတ်သွေးသည် မျှားသောအားဖြင့် နန္ဒဝန်ဥယျာဉ်တော်၌သိချင်းကိုဆို၍

ကခုန်မြူးရွှင်ပျော်ပါး ကစားခြင်းကိုပြုလျက်၊ ပါရိဆတ္တိုက မည်သော ပင်လယ်ကသစ်ပန်းကို သိကုံးခါနေလေ့ရှိသောကြောင့် **ပါရိဆတ္တက နတ်သီး** ဟူ၍အမည်ခေါ်ကြကုန်၏။ (ထိုပန်းပင်ကိုလောကီလူတို့သည် ပါရိဆတ္တဟူ၍ရင်း၊ ပါရိစာတဟူ၍ရင်း ဆိုကြကုန်၏။ မာဂဓေဘာသာ အားဖြင့် ပါရိဆတ္တကဟူ၍ဆို၏။ ကောဝိဠာရ ဟူ၍လည်းဆို၏။ လူတို့ ပြည်ခ္ဍရှိသော ကောဝိဠာရ ပန်းပင်မျိုးပင် ဖြစ်သည်ဟူ၍ ဆိုကြကုန်၏။ ပင်လယ်ကသစ်ပန်းဟူ၍ မြန်မာစကားရှိ၏။)

ဝိမာနဝတ္ထုအဋ္ဌကထာ-ဗျာနီချပ်-ဝမ်းဘက်။

ထို**ပါရိဆတ္တကနတ်သီး**သည် ပင်လယ်ကသစ်ပန်းကို သိကုံးလျက် သိချင်းဆိုကာ မြူးရွှင်ပျော်ပါး ကစား၍သာလျှင် အခါမပြတ် ကခုန်မြူးဟူးလျက်နေလေ့ရှိ၏။ ထိုအခါ၌ အခ္ဂ၏မဟာမောဂ္ဂလာန်ထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီတော်မူလျှင် ထိုနတ်သီးကိုမြင်၍။ ပါရိဆတ္တကေ ကောဝိဠာရေ၊ အစရှိသောဂါထာဖြင့် မေးတော်မူ၏။

ဒေဝတေ၊ ကျွန်ုပ်နှုန်းယ် ရှုချင်ဘွယ်ရှိသောနတ်သီး။ တို့၊ သင်နတ်သီး သည်။ ရမနိုယော၊ မွေ့လျော်ဘွယ်ရှိကုန်သော။ မနောရမေ၊ စိတ်ကျေနပ်ရွှင် ဘွယ်ဖြစ်ကုန်သော။ ပါရိဆတ္တကေ၊ ပါရိဆတ္တက အမည်ရှိကုန်သော။ ကောဝိဠာရေ၊ ပင်လယ်ကသစ်ပန်းကို။ ဒိဗ္ဗမာလံ၊ နတ်ပန်းကုံးကို။ ဂန္ဓမာနှာ၊ သိကုံးလျက်။ ဂါယန္တိ၊ ငြိမ့်ငြိမ့်လေးလေး ချီးသောယာ။ တေးဆိုကာဖြင့်။ သမ္ဘမောဒသိ၊ ကစားမွေ့လျော် မြူးပျော်၍နေ၏။

တာသဿာတေ၊ ထိုသ်င်သည်။ နစ္စမာနာယ၊ ကမြူးသည်ရှိသော်။ အဂ်ီ မဂ်ေဟိ၊ အဂ်ါကြီးငယ်ကို။ ဘုမ္ဘ။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဒိဗ္ဗာ၊ နတ်ခ္ဍ ဖြစ်ကုန်သော။ သဒ္ဒါ၊ အသံတို့သည်။ နိစ္ဆရန္တိ၊ ထွက်ကုန်မြည်ကုန်း၏။ သဝနိယာ၊ နှားအရသာခံကုန်၏။ မနောရမာ၊ စိတ်ကျေနပ်ရွှင်ဘွယ်ဖြစ် ကုန်၏။

တာသဿာတေ၊ ထိုသ် သည်။ နစ္စမာနာယ၊ ကမြူးသည်ရှိသော်။ အဂ်ီ မဂ်ေဟိ၊ အဂ်ါကြီးငယ်ကို။ ဘုမ္ဘ။ သဗ္ဗသော၊ အခါခပ်သိမ်း။ ဒိဗ္ဗာ၊ နတ်ခ္ဍဖြစ် ကုန်သော။ ဂန္ဓာ၊ အနှေးနံ့တို့သည်။ ပဝယန္တိ၊ နှေးပြန့်သင်းကြိုင်ကြ။ ပတ္ထ်ခ္ခိုနေကုန်၏။ သုဘ်ဂန္ဓာ၊ စင်ကျယ် ကောင်းမွန်သော အနံ့ရှိကုန်၏။ မနောရမာ၊ စိတ်ကြည်လင်ဘွယ်ဖြစ်ကုန်၏။

ဝိစတ္တာမာနာဝိဝတ္တာမာနေနှ၊ ချာချာလည်သော။ ကာယေနှ၊ ကိုယ်ဖြင့်။ နစ္စမာနာယ၊ ကသည်ရှိသော်။ တဝ၊ သင်၏။ ဝေဏိသု၊ ဆံထုံးတို့၌။ ပိဋ္ဌေနှာ၊ ဆင်မြှိုးလျက် ရှိကုန်သော။ ယာ၊ အကြင်တန်ဆာတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေသံ၊ ထိုသင်၏ဆံထုံး၌ ဆင်မြှိုးလျက်ရှိကုန်သော တန်ဆာတို့၏။ နိဿောသော၊ အသံသည်။ ပဠုဂိကော၊ အင်္ဂါငါးပါးရှိကုန်ဟော။ တူရိယေယထာ၊ တူရိယာအသံတို့ကဲ့သို့။ သုယျတိ၊ ကြားရ၏။

တေ၊ သင်နတ်သမီး၏။ ဝေဏိသု၊ ဆံထုံးတို့၌။ ဝဠံသကာ၊ ဦးဆောက်ပန်းတို့သည်။ ဝါတရုတာ၊ လေခပ်ကုန်သည်ဖြစ်၍။ ဝါတေနှ၊ လေတိုက်ခပ်သဖြင့်။ သမ္ဘကမ္ပိတာ၊ လှုပ်ရှားကုန်၏။ တေသံ၊ ထိုဦးခေါင်း၌ဆင်၍ထားသော ဦးဆောက်ပန်းတို့၏။ နိဿောသော။ အသံသည်။ ပဠုဂိကော၊ အင်္ဂါငါးပါး ရှိကုန်သော။ တူရိယေယထာ၊ တူရိယာ အသံတို့ကဲ့သို့။ သုယျတိ၊ ကြားရ၏။

တသ္သာတေ၊ ထိုသင်နတ်သမီး၏။ သိရသ္မိံ၊ ဦးခေါင်းထက်၌။ မာလာ၊ ဆင်မြှိုးလျက်ရှိသောပန်းကုံးပန်းခိုင်သည်။ သုစိဂန္ဓာ၊ စင်ကျယ်ကောင်းမွန်သော အနံ့ရှိ၏။ မနောရမာ၊ နှလုံး ရွှင်ပျော် မွေ့လျော်ဘွယ် ရှိ၏။ ရုက္ခေါမဠ္ဠေ။ သကောယထာ၊ မဠ္ဠ။ သကပန်းပင်ကဲ့သို့။ ဒိသာသဗ္ဗာ၊ လုံးစုံ ဆယ်ဖြာ ရပ်မျက်နှာသို့။ ဂန္ဓေါ၊ မွှေးကြိုင်သော အနံ့သည်။ ဝါတိ၊ လွှင့်၏။ သုစိဂန္ဓံ၊ စင်ကျယ်သင်းမျုံ့ အမွှေးနံ့သည်။ တံ၊ သင်နတ်သမီးကို။ ဃာယယသေ၊ မွှေးပြန့်စေ၏။ မာနုသံ၊ လူ၌ဖြစ်သော။ ရူပံ၊ အဆင်းကို။ ပဿသိ၊ မြင်ရ၏။ ဒေဝတေ၊ ဗျိုမြစ်နုနယ် ရှုချင်ဘွယ်ရှိသောနတ်သမီး။ ပုစ္ဆိတာ၊ ငါမေးသောစကားကို။ အာစိက္ခ၊ ယခုမကြာ လျှောက်ကြားပါလော့။ ဣဒံ၊ ဤအကျိုးထူးသည်။ ကိဿကမ္မဿ၊ အဘယ်ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးပေနည်း။

ဤသို့အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်မေးတော်မူသောအခါ၊ ကခုန်မြူးပျော်လျက် သိချင်းဆိုကာနေသော **ပါရိဆတ္တကနတ်သမီး** သည်။ ပဘာသရံအစ္စိမန္တံ၊ အစရှိသောဂါထာတို့ ဖြင့်ဖြေကြားလျှောက်တင်၏။

ဘန္တေ၊ လက်ဝဲတော်ရံမောဂ္ဂလာန်မည်မှတ်အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ပုဗ္ဗေ၊ ရှေးလူဖြစ်သောအခါ၌။ ပဘာသရံ၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော။ အစ္စိမန္တံ၊ ဝင်းလက် လျှံပြောင် အရောင်အဆင်းနှင့်ပြည့်စုံသော။ ဝဏ္ဏဂန္ဓေန၊ အဆင်းအနံ့နှင့်။ သံယုတံ၊ ပြည့်စုံစပ်ယှဉ်၍နေသော။ အသောကပုပ္ဖမာလံ၊ သော်ကပန်းခိုင်ကို။ ဗုဒ္ဓဿ၊

မြတ်စွာဘုရားအား။ ဥပနာမယိ၊ ကပ်လျှုပူဇော်ဘူးပါ၏။ အရှင်ဘုရား။ အဟံ၊ တပည့်တော်မသည်။ တံတမ်မဲ့၊ ထိုကုသိုသိုက်ကို။ ကရိတ္တာနု၊ ပြုလုပ်ပြီး၍။ ဗုဒ္ဓဝတ္ထုတံ၊ မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော။ ကုသလံ၊ ကုသိုလ်ကို။ ကရိတ္တာနု၊ ပြုလုပ်သောကြောင့်။ အပေတသောကာ၊ စိုးရိမ်ခြင်းကင်းလျက်။ သုခိတာ၊ ချမ်းချမ်းသာသာ။ အနာမယာ၊ အနာကင်းလျက်။ သမ္ဘမောဒါမိ၊ မွေ့လျော်ပျော်ပါး ကစားမြူးတူးလျက် နေရပါသည် အရှင်ဘုရား။

ပါရိဆတ္တကနတ်သွီးဝတ္ထုပြီး၏။ ၊ဒသမ။
တတိယဝဂ်ပြီး၏။

နီသောဖလ်မိမာန်၌စံစားရသော မဇ္ဇုဋ္ဌကနတ်သွီးဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည့်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူစဉ်အခါ၊ ဥပါသကာတယောက်သည် မြတ်စွာဘုရားကို ပင့်ဘိတ်၍ ဒိဒိဓိမ်ဦးခွ မဏ္ဍာပ်ကို ဆောက်လုပ်၍ အထက်ခွမျက်နှာကျက် ဗိတာန်ကို ကောင်းစွာမိုး၍ အထူးထူး အပြားပြား မျိုးစွာသော အခင်းကိုခင်းထား၍ ထိုနေရာ၌ထက်ဝယ်ဘွဲ့ခွေထိုင်နေတော်မူသော မြတ်စွာဘုရားအား ပန်း နံ့သာ ဆီမီး အမိုးအထုံကိုဖြင့်ပူဇော်၍ ကြီးစွာသော အလှူကြီးကိုပေးလှူ၏။

ထိုအခါ၌ တယောက်သောအမျိုး ကွန်မသည် သူကခေါ်းတို့နေဘူးသော အန္ဓဝနအကထော်းတော၌ ကောင်းစွာပွင့်သော အင်ကြင်းပင်ကို မြင်၍ ထိုအင်ကြင်းပန်းတို့ကိုခူးယူပြီးလျှင် လျှော်အမျှင်တို့ဖြင့် သိကုံး၍ ဦးဆောက်ပန်းကို ပြုလုပ်ပြီးလျှင် မျိုးစွာသော ပန်းပွင့်တို့ကိုလည်းယူ၍ မြို့တွင်းသို့ဝင်လာသည်ရှိသော်၊ ထိုဥပါသကာ၏အိမ်ဦး မဏ္ဍာပ်တွင်း၌ မြတ်စွာဘုရားကိုမြင်လျှင် ကြည်လင် ဝမ်းမြောက်သော စိတ်ဖြစ်၍ ထိုပန်းပွင့်တို့ဖြင့်ပူဇော်၍ ဦးခေါင်း၌ ဆင်မြန်းရန် သိကုံး၍ ယူလာသော ဦးဆောက်ပန်းကိုလည်း မြတ်စွာဘုရားထိုင်တော်မူရာနေရာ၏ ထက်ဝန်းကျင်မှ ဝန်းဝိုင်းကာချထားပူဇော်၍ ဤမှကြွင်းသောပန်းပွင့်တို့ကိုလည်း ကြဲမြှောက်ပူဇော်၍ ရိုသေစွာရှိခိုးပြီးလျှင် သုံးကြိမ်တိုင်တိုင်လက်ျာရစ်လည်ခြင်းကိုပြု၍ပြန်သွားလေ၏။ ထိုအမျိုး ကွန်မသည်နောက်အခါ၌တစုံတခုသောရောဂါဖြင့်ရုတေ၍ တာဝတိံသာနတ်ပြည်၌ နတ်ဘင်းဖြစ်၏။

ထိုနတ်သွီး စံစားရသောဗိမာန်သည်ကား နိသောဖလိဗိမာန်ကြီးဖြစ်၏။ ထိုဖထိနိဗိမာန်ကြီး၏ရှေ့မျက်နှာစာ၌ ရွှေအဆင်းရှိသော သဲတို့ဖြင့် ခင်းအပ်သောမြေအပြင်၌ ကြီးစွာသောအင်ကြင်းတောသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။(ကမ္မဝိပါကော အစိန္တိယော) ထိုနတ်သွီးသည် ဘုံဗိမာန်ကြီး၏အတွင်းမှထွက်၍ ထိုအင်ကြင်းတောသို့ ဝင်သောအခါ အင်ကြင်းကိုင်း အင်ကြင်းခက်တို့သည် ညွှတ်လာ၍ ထိုနတ်သွီး၏အထက်မှ ပန်းပွင့်တို့ကိုကြဲဖြန့်၏။ ထိုအခါ၌ အရှင်မဟာ မောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူလျှင် ထို-နတ် သွီး ကို မြင်၍၊ မဟုဒ္ဒကေဝိမာနသွီ၊ အစရှိသောဂါထာဖြင့် မေးတော်မူ၏။

ဒေဝတေ၊ ဗျိုမြစ်နုနယ် ရှုချင်ဘွယ်ရှိသောနတ်သွီး။ တွံ၊ သင်နတ်သွီးသည်။ သောဝဏ္ဏဝါဒုကသန္ထိတေ၊ ရွှေအဆင်းရှိသော သဲတို့ဖြင့် ခင်းအပ်သော မြေအပြင်၌။ မဟုဒ္ဒကေ၊ နိ မောင်း သော အ ဆင်း ရှိ သော။ ဝိမာနသွီ၊ ဖလိဗိမာန်ကြီး၌။ ပဗ္ဗတိကေန၊ အင်္ဂါ၊ငါးပါးရှိသော။ တူရိယေန၊ တူရိယာဖြင့်။ သုပ္ပဝါဒိတေ၊ ကောင်းမွန်သာယာ ကြည်ဘွယ်ရာဖြင့် ညီညာချိုလွင် နတ်ဗျိုခင်တို့၊ သဘင်လေးငြိမ့် နှားဝင်စ်မ့်အောင်၊ နှစ်သိမ့်မွေ့လျော် ရှင်ပျော်စွာလှ တီးမှုတ်ကြသော ဒေဝကညာ တူရိယာဖြင့် ဝဲ,ယာ,ပျော်ရွှင် နတ်သဘင်အလယ်၌။ ရမ္မသိ၊ မွေ့လျော်စံစားပျော်ပါးခြင်းနေရ၏။ ရတာနမယာ၊ ရတနာ ခုနစ်ပါးကိုဖြင့် ဝိုချယ်မွမ်းမံလျက်။ နိမ္မိတာ၊ ဘန်ဆင်းအပ်သော။ တမှာဝိမာနာ၊ ထိုဘုံဗိမာန်ကြီးမှ။ သြရုယ္ဟ၊ သက်ဆင်းလာ၍။ သဗ္ဗကာမဝိကံ၊ အလုံးစုံသောကာလပတ်လုံး။ ပုဗ္ဗိတံ၊ အချိန်အခါ ရာသီမလင့် အမြဲပွင့်၍နေသော။ သာလဝနံ၊ အင်ကြင်းတောသို့။ သြဂါဟာသိ၊ သက်ဝင်၍နေ၏။

ဒေဝတေ၊ ဗျိုမြစ်နုနယ် ရှုချင်ဘွယ်ရှိစသာနတ်သွီး။ တွံ၊ သင်နတ်သွီးသည်၊ယဿယဿသေဝ သာလဿ၊ အကြင် အကြင် အင်ကြင်းပင်၏သာလျှင်။ မူလေ၊ အရင်း၌။ တိဋ္ဌသိ၊ရပ်နေ၏။ သောသောဒုမဂ္ဂမော၊ ထိုထိုသင်ရပ်နေသောအင်ကြင်းပင်သည်။ သြနမိတ္တာ၊ အကိုင်းအခက်တို့ညွှတ်လာ၍။ ပုပ္ဖာနိ၊ ပန်းပွင့်တို့ကို။ မုဉ္စတိ၊ ကြဲဖြန့်၍ချ၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနကျောင်းတော်၌ ကိုန်းအောင်းစံပျော် နေတော်မူစဉ်အခါ၊ မျှားစွာသောရဟန်းတို့သည် တခုသော ရွာငယ်၌ဝါဆိုကျွတ်သောအခါ ပဝါရဏာပြုပြီး၍ကျောင်းအိပ်ရာနေရာ ကုတင်ညောင်စောင်းတို့ကို သိမ်းသိမ်းဆည်းခဲ့၍၊ သပိတ်သင်္ကန်းဆောင်ယူလွယ်ကာ၊သာဝတ္ထိပြည်သို့ဂေါ်းရှုလျှက်မြတ်စွာဘုရားကို ဖူးမြင်ရန်လာကြကုန်သောအခါ လမ်းခရီးအကြား၌ တခုသော ရွာလည် လမ်းမဖြင့် ကြွလာကြကုန်၏။ ထိုအခါ မထင်ရှားသော မိန်းမတယောက်သည် ထိုရဟန်းတို့ကိုမြင်လျှင် ကြည်ညိုသော စိတ်ဖြစ်၍ အလွန်မြတ်နိုးလှစွာ ငါးဖြာသော တည်ခြင်းဖြင့် မြေ၌တည်၍ ဂါရိုးဦးချပြီးလျှင် လက်အုပ်ချီလျှက်ရဟန်းတို့ကို မြင်လောက်ရာ အရပ်မှရပ်လျှက် ကြည်လင်စွာသော မျက်စိတို့ကိုဖွင့်၍ကြည့်ရှုကာရပ်နေလေ၏။

(ဤနေရာ၌ ငါးဖြာသော တည်ခြင်းဟူသည်ကား။ ဒူးပုဆစ်နှစ်ခုတို့မြေ၌တည်ခြင်း၊ လက်နှစ်ဘက်တို့မြေ၌တည်ခြင်း။ ဦးခေါင်းနဖူးပြင်မြေ၌ဘည်ခြင်း။ ဤငါးဖြာသော တည်ခြင်းဖြင့် မြေ၌တည်၍ ဦးချကာ ဂါရိုးသည်ကိုဆိုသည်။)

ထိုတည်ခြင်းငါးပါးဖြင့်ဂါရိုးပြု၍ မတ်တတ်ထပြီးလျှင် လက်အုပ်ချီလျှက် ရပ်နေ၍ ကြည်လင်သော မျက်စိတို့ဖြင့် ရဟန်းတို့ကို ကြည့်ရှု၍နေလေသည်။ ထိုကုသိုလ်စေတနာဖြင့် စုတေသောအခါ တာဝတိံသာနတ်ပြည်၌ **ဝန္ဒနာနတ်သွီး** ဖြစ်သတည်း။ (ရဟန်းတို့ကို ဂါရိုးရုံမျှဖြင့် နတ်ပြည်၌ဖြစ်သောကြောင့်၊ ဝန္ဒနာနတ်သွီးဟူ၍ ခေါ်ဆိုကြသတည်း။) အနှစ်မဟာမောဂ္ဂလာန် ဘေရိမြတ်သည် နတ်ပြည်သို့ ဒေသစာရီကြွ၍ တော်ရှု၍သိုင်ခဲ့ဝန္ဒနာနတ်သွီးကိုမြင်လျှင် သိတော်မူလျှက်ပင်။ အဘိဏှန်ဆေးခန်းဝင်ရောက်၊ အစဉ်ရေသောဂါထာတို့ဖြင့်မေးတော်မူသတည်း။

ဘိုးဝန္ဒနာနတ်သွီးသည်လည်း၊ ဤဂါထာတို့ဖြင့် ဖြေကြား လျှောက်တင်လေသတည်း။

အဘိဝါဒေ ဣသိသုဝဏ္ဏာ ဘဂ္ဂဘာ၊ ဒိသ္မာနသမဏောသိလဝန္တော။
ပါဒါနိ ဝန္ဒိတ္ဝာ မနုပသာဒယိံ၊ ဝိဏ္ဍာစရဟံ အဇ္ဇလိကံ အကာသိံ။ ။
ကေန ဧဝ ဘာဒိသောဝဏ္ဏော။ လ။ ဝဏ္ဏောစ ဧမေ သဗ္ဗဒိသာ ပဘာသတိ။

အဟံ၊ တပည့်တော်မသည်။ မနုဿသူ၊ လူ့ပြည်တို့၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက၊ သိလဝန္တော်၊ သိလရှိကုန်သော။ သမဏော၊ ရဟန်းတော်တို့ကို။ ဒိသွာန၊ မြင်ရ၍။ ပါဒါနိ၊ ခြေတော်တို့ကို၊ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ မနံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်ညိုစေဘူးပြီ။ အဟံ၊ တပည့်တော်မသည်။ ဝိတ္ထာ၊ နှစ်သက်မြတ်နိုးစွာဖြစ်၍။ အဠုလိကံစ၊ လက်အုပ်ချီခြင်းကိုလည်း။ အကာသိံ၊ ပြုဘူးပါသည်အရှင်ဘုရား။

တေန၊ ထိုရှိခိုးသောကုသိုလ်ကြောင့်။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်း တောက်ပ၍နေ ပါသည်ဘုရား။ လ။ မေ၊ တပည့်တော်မ၏။ ဝဏ္ဏောစ၊ အဆင်းအရောင် သည်ကား။ သဗ္ဗဒိသာ၊ အလုံးစုံသောအရပ်ဆယ်မျက်နှာသို့။ ပဘာသတိ၊ အရောင်ဖြာ၍တောက်ပထွန်းလင်းပါသည်ဘုရား။

ပေသလာနံဘိက္ခူနံ ပသာဒ္ဒယိတပိတအက္ခိနိ ဥမ္မိလေတွာဒဿနမတ္တမဒ္ဓိကုမေသံ သတ္ဘာနံ ဗဟုပကာရံ ပဂေ၀ဝန္ဒနာ။ ။အဠုဝကထာ။

ပေသလာနံ၊ သိလကိုချစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။/ပသာဒယိတ ပိတအက္ခိနိ၊ ကြည်လင်စွာသော နှစ်သက်ဘွယ်သော မျက်စိတို့ကို။ ဥမ္မိလေတွာ၊ ဖွင့်၍။ ဒဿနမတ္တမ္ပိ၊ ကြည့်ရှုရုံမျှဖြင့်လည်း။ ဣမေသံ သတ္ဘာနံ၊ ဤသတ္တဝါတို့အား။ ဗဟုပကာရံ၊ များစွာသော အကျိုးကျေးဇူးရှိသေး၏၊ ဝန္ဒနာ၊ တည်ခြင်းငါးပါး၊ မြေဦးထား၍ ညွှတ်တွားဦးချ ရှိခိုးရခြင်းသည်။ ပဂေ၀၊ အဘယ်ဆိုဘွယ်ရှိတော့မည်နည်း။

ဝန္ဒနာနတ်သွီးဝတ္ထုပြီး၏။ ။ဇကာဒသမ။

ရဇ္ဇုမာလိနတ်သွီးဝတ္ထု

အစေစံကျွန်မကိုနှိပ်စက်၍ ဝိပါက်လည်ကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံမျော် နေတော်မူစဉ်အခါ၊ ဂယာရွာ၌ ပုဏ္ဏားသွီးတယောက်သည် အရွယ်ရောက်သောအခါ၊ ထိုဂယာရွာ၌ပင်လျှင်,တယောက်သော သူဌေးပုဏ္ဏား၏သားနှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် လင်ယောကျ်ား အိမ်သို့ရောက်၍၊ ထိုအိမ်၌အဘိုးရလျက်နေ၏။ ထိုအိမ်ရှင်ချွေးမသည် ထို

အိမ်ခွဲရှိသော ကျွန်မ၏သို့မဟုတ်ကလေးကိုမြင်သည်မှစ၍ မျက်မှန်းကျိုးလျက်ဆဲရေး၏။ မြည်တွန်မောင်းမဲ၏။ ထိုကျွန်မ၏သို့မဟုတ် သပေါက်မကလေးကို ထမင်းဟင်းကိုမပေးလို့မကျွေးလိုဘဲ ဆဲရေးခြင်း, မောင်းမဲခြင်းကိုပြု၏။ ထိုကျွန်မ၏သို့မဟုတ်သပေါက်မကလေးအရွယ်ရောက်သောအခါ၊ ထိုအိမ်ရှင်ချွေးမသည်ထိုသပေါက်မကလေးကို ပုဆစ်ခွေးတို့ဖြင့်ရင်း။ တဘောင်တို့ဖြင့်ရင်း။ လက်သီးလက်ဆုပ်တို့ဖြင့်ရင်း၊ နှိပ်စက်ညှင်းဆဲ၏။

အဘယ့်ကြောင့် ထိုအိမ်ရှင်ချွေးမသည် တိုကျွန်မ၏သို့မဟုတ်ကလေးကို မျက်မှန်းကျိုး၍ ညှင်းဆဲနှိပ်စက်ခြင်းကို ပြုသနည်းဟူမူကား။ ရှေးရှေးသော ဘဝတို့က အာဃာတရန်ညှိုးထားဘူးသောကြောင့်တည်း။

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက၊ ထိုကျွန်မ၏ သို့မဟုတ်ကလေးသည် အိမ်ရှင်မိန်းမဖြစ်၏။ ယခုဘဝ၌ အိမ်ရှင်ချွေးမသည်ကား ကျွန်မဖြစ်၏။ ထိုကျွန်မကိုအိမ်ရှင်ဖြစ်သောမိန်းမသည် အရှင်ခဲကျောက်ခဲဒုတ် တောင်ဝှေးစသည်တို့ဖြင့်ရင်း၊လက်သီး ပုဆစ်ခွေးစသည်တို့ဖြင့်ရင်း မပြတ်နှိပ်စက်ညှင်းဆဲ၏။ ထိုကျွန်မသည် နှိပ်စတ်ညှင်းဆဲခြင်းကို မခံနိုင်၍ တတ်အားသမျှဒါနဂုဏ်သိုလ် စသည်တို့ကို ပြုလုပ်ပြီးလျှင်၊ နောင်အခါ၌ ငါသည်အိမ်ရှင်မိန်းမဖြစ်၍ ငါ့ကိုရိုက်ပုတ်ညှင်းဆဲသော ဤမိန်းမအပေါ်၌ အစိုးရသည်ဖြစ်၍ နှိပ်စက်ညှင်းဆဲ ရလိုစ်ဟု ဆုတောင်းခြင်းကိုပြု၏။ ထိုသို့ဆုထောင်းခြင်းကိုပြုသော ထိုကျွန်မသည် ကဿပမြတ် စွာ ဘု ရား လက် ထက် တော် အခါမှ စ၍ ဘုရား နှစ် ဆူ တို့၏ အကြားခွဲ ကြည်လည်ခဲ့၍ ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါဆိုခဲ့ပြီးသောနည်းအတိုင်း ဂယာရွာ၌ ပုဏ္ဏားသို့ဖြစ်၍ အရွယ်ရောက်သော အခါ လင်ယောကျ်ား အိမ်သို့ရောက်၍ အိမ်ရှင်ချွေးမဖြစ်၏။ ကဿပမြတ်စွာဘုရားလက်ထက်အခါက ရိုက်ပုတ်ညှင်းဆဲသော အိမ်ရှင်မိန်းမသည်ကား၊ ထိုအိမ်ရှင်ကျွန်မ၏ သို့မဟုတ်ကလေးဖြစ်လာ၏။ (ကျွန်မ၏သို့မဟုတ်ကို သပေါက်ဆိုသည်။)

ထိုကျွန်မ၏သို့မဟုတ် သပေါက်မကလေးကို ရှေးကဿပမြတ်စွာဘုရား လက်ထက်က ရန်ညှိုးထား၍ ဆုတောင်းဘူးသော အိမ်ရှင်ချွေးမသည် ရန်ညှိုးထားဘူးသောအကြောင်းကံစီမံတိုက်တွန်းရကား၊ နှိပ်စက်ညှင်းဆဲခြင်းကိုပြုရလေသတည်း။ တရုံတရာအပြစ်မရှိဘဲ ဆံပင်တို့ကိုဆွဲ၍ လက်ကိုဖြင့်ရင်း ရိုက်ပုတ်၏။ ခြေတို့ဖြင့်လည်း ကျောက်ကန်၏၊ လွန်စွာ

လာ၏။ ထိုအိမ်ရှင်မချွေးမသည် ဟယ်-ကျွန်ယုက်မ၊ ခေါင်းတုံးတိုကာ မျှဖြင့် နင်လွတ်နိုင်မည်လောဟုဆို၍ ကြိုးဖြင့် ဦးခေါင်းခွံဖွဲ့ချည်၍ဆွဲပြီး လျှင် ရိုက်ပုတ်သွင်းဆဲ၏။ ထိုကြိုးကိုလည်း ပယ်ရှားခွင့်ကို မပေးဘဲ အမြဲ ချည်၍ ထားရ၏။ ထိုအခါမှစ၍ ရဇ္ဇုမာလာ ကြိုးပန်းပန်သော သပေါက်မကလေးဟူ၍ဆိုကြကုန်သောကြောင့် **ရဇ္ဇုမာလီ** ဟူသော အမည်သည်ဖြစ်၏။

တနေ့သ၌ သဗ္ဗညုဖြတ်စွာဘုရားသည် နံနက် မိုးသောက်ထအခါ ဝယ် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှုတော်မူလတ်သော်၊ ရဇ္ဇုမာလီမည်သော သပေါက်မကလေး၏ **သောတာ ပတ္တိဖိုလ်** တည်လတံ့သော ဥပနိဿယ အကြောင်းကိုရှု၊ အိမ်ရှင်ချွေးမ၏ သရဏာဂုံသီလတို့၌ တည်အံ့သောအကြောင်းကိုရှု၊ မြင်တော်မူ၍ တောသို့ဝင်တော်မူပြီးလျှင် တခုသောသစ်ပင်ရင်း၌ ခြောက်ပါးသော ရောင်ခြည်တို့ကို လွှတ်တော်မူလျက် ထိုင်နေတော်မူ၏။

ရဇ္ဇုမာလီ သည်လည်း နေ့တိုင်းနေ့တိုင်း ထိုအိမ်ရှင်ချွေးမ နှိပ်စက်လှ သည်ဖြစ်၍ ငါ့အားဆင်းရဲစွာသော အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ပြီးနွေစက်ဆုတ်လှသည်ဖြစ်၍ သေခြင်းကိုအလိုရှိရကား ရေအိုးကိုယူ၍ ရေဆိပ်သို့သွားသတဲ့သို့ အိမ်မှထွက်ခဲ့၍ အစည်သဖြင့် တောသို့ဝင်ပြီးလျှင် မြတ်စွာဘုရားထိုင်နေတော်မူသော သစ်ပင်၏ မနီး မဝေးသော သစ်ပင်တခု၏သစ်ကိုင်း၌ကြိုးကိုချည်၍ ဒီဒီလည်ပင်း၌ဆွဲ၍ ချလိုသောစိတ်ဖြင့် ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော် ခြောက်သွယ်သော ရောင်ခြည်တော်လွှတ်လျက်ကြည်ညိုဘွယ်ထိုင်နေတော်မူသော:မြတ်စွာ ဘုရားကိုမြင်လေ၏။

မြတ်စွာဘုရားကို မြင်သည်ရှိသော်၊ ဘုရား၌ ရှိသေခြင်းဖြင့် ဆွဲငင် သော စိတ်နှလုံးရှိရကား၊ မြတ်စွာဘုရားသည် ငါကဲ့သို့သော သူဆင်းရဲ မကိုလည်း တရားဟောတော်မူလတံ့လော။ အကယ်၍တရားတော်ကို နာရခြားအံ့၊ ဤသို့သောဆင်းရဲခြင်းမှ လွတ်ကင်းလေရာ၏ဟူ၍ အကြံ ဖြစ်လေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုသူဆင်းရဲမကလေး၏ စိတ်အကြံ ကို သိတော်မူ၍ **ရဇ္ဇုမာလာ** ဟု ခေါ်တော်မူ၏။ ထိုသပေါက်မ ကလေးသည် မြတ်စွာဘုရားခေါ်တော်မူသည်ကိုကြားရလျှင် အမြန်ဂ်

ရေစင်ဖြင့် သွန်းလောင်းဘိသတ်သို့ နှစ်သက်လှစွာသော ဖရဏာပိတိ ဖြင့် မပြတ်တွေ့ထိသောကိုယ်ရှိလျက် မြတ်စွာဘုရားအထံသို့လာ၍ ရှိ သေစွာရှိခိုးပြီးလျှင် သင့်တင့်သောနေရာ၌ရပ်နေ၏။ မြတ်စွာဘုရားသည် အစဉ်အကြိုင်းသောတရားစကားကို ဟောကြားတော်မူ၍ သစ္စာလေးပါး ကို ပြတော်မူ၏။

ထိုရဇ္ဇုမာလီ သည် သောတာပတ္တိ ဖိုလ်၌တည်လေ၏။ မြတ်စွာ ဘုရားသည် ဤမျှလောက်ဖြင့် ရဇ္ဇုမာလာအား ချီးမြှောက်ခြင်းသည်ဖြစ် ၏။ ယခုအခါ၌ ထိုရဇ္ဇုမာလာကို တရုတ်တယောက်မျှ မညှင်းဆဲနိုင်တော့ ပြီဟု တောမှထွက်ကြွတော်မူ၍ ရှာနှင့် မနီးမဝေးသော သစ်ပင်တခု၏ အရိပ်၌ထိုင်နေတော်မူ၏။

ရဇ္ဇုမာလီသည်လည်း မိမိကိုယ်ကိုဖရိုဖရဲကျစေတတ်သောအပါယ် ဘေးမ ကင်းလွတ်သည်ဖြစ်၍ အပါယ်တံခွန်ကျရောက်ခြင်းငှါ မထိုက် သည်၏အဖြစ်ကြောင့်ဝင်း။ခန္ဓီမေတ္တာကရုဏာနှင့်ပြည့်စုံသည်၏အဖြစ် ကြောင့်ဝင်း။ ဓိမ်ရှင်မသည် ငါ့အား သတ်လိုလည်း သတ်ပေစေ။ ညှင်း ဆဲလိုလည်း ညှင်းဆဲပေစေ။ ဘယ်လိုပင်ပြုသော်လည်း ငါသည်းခံတော့ အံ့ဟုကြံ၍ ရေအိုးဖြင့်ရေကိုခပ်ယူ၍ပြန်သွားလေ၏။

ဓိမ်ရှင်ချွေးမသည် ဓိမ်တံခါးဝ၌ရပ်လျက် ရဇ္ဇုမာလာကိုမြင်၍ သင်သည် ယုခုရေဆိပ်သို့သွား၍အလွန်ကြာမှပြန်လာ၏။ သင်၏မျက်နှာ အဆင်းသည်လည်း အလွန်ကြည်လင်၏။ သင်သည်ကား ယခုတမျိုး သော အမူအရာထင်၏။ အဘယ်အကြောင်းနည်းဟု မေးလေ့၏။ ရဇ္ဇု မာလာသည် မြတ်စွာဘုရားအထံမှ တရားတော်ကိုနာရ၍ **သောတာ ပန္တိဖိုလ်** ၌ တည်ကြောင်းကိုပြောကြား၏။

သူဌေးပုဏ္ဏားကြီးသည် ထိုစကားကိုကြားလျှင် နှစ်သက်သည်ဖြစ် ၍ ဓိမ်သို့သွားလျက်၊ ရဇ္ဇုမာလာ၏အပေါ်၌ သင်သည် တရုတ်တခုကိုမျှ မပြုရဟု ချွေးမကိုပြောဆို၍ နှစ်သက်ခြင်းလန်းသောစိတ်ဖြင့် လျှင်မြန်စွာ မြတ်စွာဘုရားအထံသို့သွား၍ ပဋိသန္ဓေရစကားလျှောက်ကြားပြီးလျှင် ဒိဒိဓိမ်သို့ ပင့်ဆောင်၍ မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ ဆွမ်းစားပြီးသောအခါ သင့်တင့်ရာ၌ထိုင်နေ၏။ ချွေးမသည်လည်း မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ သင့်တင့်သောနေရာ၌ထိုင်နေ၏။ ဂယာ ရှာ၌ နေကုန်သော သူကြွယ် ပုဏ္ဏား လူအများတို့သည်လည်း မြတ်စွာ

ဘုရားအထံသို့ ဆည်းကပ်ရောက်လာကြ၍ ရှိသေစွာရှိခိုးပြီးလျှင် သင့်တင့်ရာ၌ ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသည် ရဇ္ဇုမာလာ၏ဂုင်း။ ချွေးမ၏ဂုင်း။ ဝှေးဝှေးသော ဘဝတို့၌ ပြုဘူးသောကံကို အကျယ်အားဖြင့် ဟောတော်မူ၍ ရောက်လာသောပရိသတ်အား တရားဟောတော်မူ၏။ တရားတော်ကို နာပြီးသောအဆုံး၌ အိမ်ရှင်ချွေးမသည်ဂုင်း၊ မျှားစွာသောလူအပေါင်းတို့သည်ဂုင်း။ သရဏာဂုံသီလတို့၌တည်၍ မြတ်စွာဘုရားသည် နေရာမှ ထတော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ သူဌေးပုဏ္ဏားကြီးသည် ရဇ္ဇုမာလာကိုသင်္ဃီးအရာ၌ထားလေ၏။ထိုပုဏ္ဏားဇ၏ ချွေးမသည်လည်း ရဇ္ဇုမာလာကို ချစ်ဘွယ်သောမျက်စိတို့ဖြင့် ကြည့်ရှုလျက် အသက်ထက်ဆုံး နှစ်သက်မြတ်နိုးစွာချစ်ခင်ခြင်းဖြင့် ပြုလုပ်၏။ ရဇ္ဇုမာလာသည် နောက်အခါ၌ ရုတေ၍ တာဝတိံသာနတ်ပြည်ဝယ် နတ်သင်္ဃီးဖြစ်လေ၏။

ထိုရဇ္ဇုမာလာနတ်သင်္ဃီးကိုအရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်၌မြင်တော်မူ၏။ ။အဘယ်သို့နေသည်ကို မြင်တော်မူသနည်း ဟူမူကား။ ။တူရိယာငါးပါးတို့ဖြင့် တီးမှုတ် က,မြူးပျော်ပါးလျက်နေသည်ကိုမြင်တော်မူ၏။ ။ထိုစကားသည်မှန်၏။ နတ်ပြည်၌ဖြစ်ကြကုန်သော နတ်သင်္ဃီးနတ်သားတို့သည် နံ့သာ ပန်းမာလ လိမ်းကျံ ဆင်မြန်းလျက် လက်နှစ်ဘက်တို့၌ ပန်းစီး ပန်းခိုင် ပန်းခက်တို့ကိုကိုင်လျက် အထူးထူး အပြားပြားသောအမှုအရာတို့ဖြင့် လက်ခြေကို့ကို မြှောက်ခါ လှုပ်ခါ ကြွခါပြကာ ကခုန်မြူးတူးလျက်၊ ထိုနတ်သင်္ဃီး ကခုန်ခြင်းနှင့် ညီလျော်သင့်တင့်သော စောင်း ပုလွေ ဗုံသာ လင်ကုင်း သံလွင် စီးချက် လက်ခုပ်စသည်တို့ကို တီးမှုတ်သည်ရှိသော်၊ ထိုစီးချက်နှင့်လျော်ညီစွာ ရဇ္ဇုမာလာနတ်သင်္ဃီးသည် လက်ခြေတို့ကိုမြှောက်ခါ ကြွခါလှုပ်ရှားကာဖြင့် ကခုန်မြူးပျော်လျက်နေ၏။

ထို–ရဇ္ဇုမာလာနတ်သင်္ဃီး ကသည်ရှိသော်၊ ကိုယ်အင်္ဂါတို့၌ဝတ်ဆင်၍ထားသော တန်ဆာတို့မှ သာယာစွာသောအသံတို့သည် တူရိယာ ငါးပါး တီးမှုတ်သော အသံကဲ့သို့ပင်လျှင် နှားဝင်စိမ့်အောင် ငြိမ့်ငြိမ့် လေးလေး ချိုသောယာစွာမြည်ကုန်၏။ တကိုယ်လုံးလိမ်းကျံ ပန်ဆင်၍ထားသော ပန်းနံ့သာတို့မှ မွှေးပျံ့သောအနံ့တို့သည် ကြ။ကြ။လှိုင်လှိုင် မွှေး

ကြိုင်ကုန်၏။ကိုယ်ဖြင့်ချာချာလှည့်လည်ပတ်ပတ်လည်၍ ကသည်ရှိသော် ဦးခေါင်းပေါ်တွင် ဆံထုံးဌ ပန်ဆင်၍ထားသော ပန်းခိုင် ပန်းခက် ပန်းစိုး တန်ဆာကျိမ္မ သာယာစွာသောအသံသည် တူရိယာငါးပါးတီးမှုတ်သကဲ့သို့ ကြားရ၏။ ဦးခေါင်းဌပန်ဆင်၍ထားသောပန်းတို့မှ မွှေးပျံ့သောအနံ့ကို့သည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို့စံပျော်ရာဟိမဝန္တာဂဠန္ဓမာဒနတောင် ပတ္တမြားကူဝဌ်ရှိသော မဠာ။သကနတ်ပန်းပင်ကဲ့သို့အလွန်မွှေးကြိုင်ကုန်၏။ ။ထိုအကြောင်းတို့ကိုဆုတ်ဘော်ညွှန်ပြကာ အရှင်မဟာမောဂ္ဂလာန် ထေရ်မြတ်သည် ဤဂါထာတို့ဖြင့်မေးတော်မူ၏။

အာဘိဏ္ဍနေ နဝဏ္ဏာနိ၊ ယာတိ ဂိဒ္ဓသိ ဒေဝတေ။
ဟဏ္ဍပါဒေစ ဝိဂ္ဂယှ၊ နစ္စသိ သုပ္ပဝါဒိတေ။ ။

ဒေဝတေ၊ ပျိုမြစ်နုနယ် ရှုဘွယ်ရှိလှသောနတ်သျှင်။ ယာတိ၊ အကြင်သင်နတ်သျှင်သည်။ အာဘိဏ္ဍနေ၊ အလွန်နှစ်သက်ဘွယ်ရှိသော။ဝဏ္ဏာနိ၊ အဆင်းအရောင်ဖြင့်။ ဂိဒ္ဓသိ၊ တည်နေ၏။ သုပ္ပဝါဒိတေ၊ ပုလွေ, စောင်းညှင်း, လင်ကွင်း, လက်ခုပ်, စီးသုတ်, ဗုံသာ၊ ကောင်းစွာ တီးမှုတ်သည်ရှိသော်။ ဟဏ္ဍပါဒေစ၊ လက်ခြေတို့ကိုလည်း။ ဝိဂ္ဂယှ၊ မြှောက်ခါ ကြွခါ လှုပ်ရှားခါဖြင့်။ နစ္စသိ၊ ကခြိုးလျက်နေ၏။ က,ခြင်းကိုပြု၏။

[ဟဏ္ဍပါဒေစ ဝိဂ္ဂယှာ တိ ဟတ္ထေစ ပါဒေစ ၀ိ၀ေဟိ အာကာရေဟိ ဂဟေတွာ ပုပ္ဖမုဋ္ဌိ ပုပ္ဖဇ္ဇလိအာဒိကေ၊ သာခါဘိန္နသဒ္ဒသနဝသေန ၀ိ၀ေဟိ အာကာရေဟိ ဟတ္ထေစ။ ပါဒါဒိနုပိ ဝိသေသာနုဒ္ဒသနဝသေန ၀ိ၀ေဟိအာကာရေဟိပါဒေစ။ ဥပါဒိယိတ္မာ။ ။သုပ္ပဝါဒိတေတိသုန္ဒရေ ပဝဇ္ဇမာနေ။ တာဝနုစ္စသ အနုရူပဝသေန ဝိဏာဝံသာ မုဒိင်္ဂတာဠာဒိကေ ဝါဒိယမာနေ။ ပဇ္ဇုဏ်ကေတူရိယေပဂ္ဂယှမာနေတိအတ္ထော။ ။ဝိမာနဝတ္ထု အဋ္ဌကထာ။

ပုပ္ဖမုဋ္ဌိ၊ ပန်းဆုပ်။ပုပ္ဖဇ္ဇလိအာဒိကေ၊ ပန်းစီးစသည်တို့ကို။ ဂဟေတွာ၊ ကိုင်၍။ သာခါဘိန္နသ၊ ပန်းခက်ကို။ ဒဿနဝသေန၊ ပြသည်၏အစွမ်းဖြင့်။ ၀ိ၀ေဟိ၊ အထူးထူး အပြားပြားကုန်သော။ အာကာရေဟိ၊ အမှုအရာတို့ဖြင့်။ ဟတ္ထေစ၊ လက်တို့ကိုလ ည်း။ ဥပါဒိယိတ္မာ၊ မြှောက်ခါ ကြွခါ လှုပ်ရှားခါဖြင့်။ ဝိသေသာနုံ၊ ထူးဆန်းကုန်သော။ ပါဒါဒိနုပိ၊ ခြေစသည်တို့ကိုလည်း။ ဒဿနဝသေန၊ ပြသည်၏ အစွမ်းဖြင့်။ ၀ိ၀ေဟိ အာကာရေဟိ၊အထူးထူးသောအမှုအရာတို့ဖြင့်။ပါဒေစ၊ခြေတို့ကိုလည်း။

ဥပါဒိယိတ္ထာ၊ မြောက်ခါ ကြွခါ လှုပ်ရှားခါ။ နန္ဒသိ၊ ကခြင်းကိုပြု၏။ [လက်က-ကခြင်း။ ခြေက-ကခြင်းတို့တို့ ထူးဆန်းစွာသော အမူအရာတို့ဖြင့် ကမြူးသည်ဟူလို။] ။တဝ၊ သင်နှတ်သင့်၏။ နန္ဒသားအနုရူပ ဝသေနု၊ ကခြင်းအားလျော်စွာ တီးမှုတ်သည်၏အစွမ်းဖြင့်။ ဝိဇာဝံသာ မုဒိဂ်တာဌာဒိကေ၊ စောင်း-ပုလွေ-ဇုံသာ-လင်းကုန်း-စီးချက်-စသည် ကိုကို။ ဝါဒိယမာနေ၊ တီးမှုတ်သည်ရှိသော်၊ နန္ဒသိ၊ ကခြင်းကိုပြု၏။ ဝါ၊ တီးမှုတ်သည်နှင့် လျှင်ညီစွာကတည်း။ ။အဌကထာအနက်။ ။ ယခုအခါလူတို့ပြည်၌ သဘာသည် အင်ကြွမ်းမင်းသင့်းကလေးတို့သည် ပန်းနုံ့သာလိမ်းကုပ်နန်ဆင်လျက် လက်ကောက် ခြေကျင်းစသော တံဆာတို့ကို ဆင်ဝတ်၍ ကခြင်းကိုပြုသကဲ့သို့ ထိုရဏ္ဍာမာလာ နှတ်သင့်းသည်လည်း ကခြင်းကိုပြုလုက်နေသည်ဟူလို။ ။

တဿာတေနန္ဒမာနာယ။လ။ဝိဝတ္တမာနာကာယေန။ လ။ ဂဠုံသကာ ဂါတခုတာ။ လ။ ယာဝိတေသိရသ္မိံမာလာ။ လ။ ရုက္ခောမဠ္ဠ။သကော ယထာ။ ။ဤပေယျာလဂါထာတို့ကို၊ ပါရိဆတ္တကနှတ်သင့်ဝတ္ထုနှင့် ဆိုပြီးဖြစ်၏။

ဤဆိုခဲ့ပြီးသောဂါထာတို့ဖြင့် အဂ္ဂါမဟာမောဂ္ဂလာန် မေးတော်မူသောအခါ၊ ရဏ္ဍာမာလာနှတ်သင့်းသည် ဤဂါထာတို့ဖြင့်ဖြေကြားလျှောက်တင်လေသတည်း။

ဒါသိအဟံပုရေအာသိံ၊ ဂယာယံပြိယဒဿနော။
အပ္ပပုညာအလက္ခိကာ၊ ရဏ္ဍာမာလာတိ မံဝိဒု။ ။
အဏ္ဏောသာနံဝဓါနဠ္ဠ၊ တဇ္ဇနာယစဥ္ဂတာ။
ကုဠုံဂဟေတွာနိက္ခမ္မ၊ အာဂ ဆ္ဆိ ံဥဒဟာ ဒိုယော။ ။
ဝိပဏေကုဠုံနိက္ခိဝိတွာ၊ ဝနသဏ္ဍံဥပါဂမိ။
ဣရေဝေါဟံမရိဿာမိ၊ ကုဏ္ဍောသိဓိဝိတေနမေ။ ။
ဒဠ္ဍံပါသံကရိတွာန၊ အာသဏ္ဍိ တွာနပါဒပေ။
တတောဒိသာဝိလောကေသိံ၊ ကောနုခေါဝနမဿိတော။ ။

ဘဝနှစ်၊ လက်ဝဲတော်ရံ မောဂ္ဂလာန်ဟု နာမံကြီးလပ် အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ပုရေ၊ ရှေးဘဝ၌။ ဂယာယံ၊ ဂယာ ရွာ၌။ ပြိယဒဿနာသ၊ သူငြေးပုဏ္ဏားကြီး၏ ဒါသ၊ အိမ်ပေါက်ကွန်မသည်။

ဝါ၊ အိမ်နေကျွန်မမွေးဖွားရ၍ သပေါက်မကလေးသည်။ အာသိ၊ ဖြစ်ဘူးပါသည်အရှင်ဘုရား။ အပ္ပပုညာ၊ ဘုန်းကံနည်းပါးလှပါ၏။ အလက္ခိကာ၊ ဂုဏ်ကြက်သရေမရှိပါ။ မံ၊ တာပည့်တော်မကို။ ရဟန္တာလာတိ၊ ရဟန္တာလာဟူ၍။ ဝိဒု၊ သိကြပါကုန်၏ အရှင်ဘုရား။ အကြောသာနဉ္စ၊ ဆဲရေးခြင်းတို့ကိုလည်း။ ဝဓါနဉ္စ၊ ရိုက်ပုတ်ခြင်းတို့ကိုလည်း။ တဇ္ဇနာယစ၊ မြိမ်းချောက် ငေါက်ငန်းခြင်းဖြင့်လည်း။ ဥဋ္ဌတာ၊ နှလုံးမသာ ဖြစ်လှပါ၍။ ကုဋိ ရေအိုးကို။ ဂဟေတွာ၊ ယူ၍။ ဥဒဟာရိယာ၊ ရေခပ်ခြင်းငှါ၊ နဒီကူမ၊ အိမ်မှထွက်ခဲ့၍။ အာဂန္တွံ၊ လာခဲ့ပါသည်အရှင်ဘုရား။ ဝိပဿေ၊ လမ်းမှခွါ၏ တောအရပ်ထဲ၌။ ကုဋိ၊ ရေအိုးကို။ နိက္ခိပိတွာ၊ ပစ်ထားခဲ့၍။ ဝနသဏ္ဍံ၊ တောအရပ်တွင်းသို့။ ဥပါဂမိ၊ ဝင်သွားပါသည် အရှင်ဘုရား။ ဣတောအရဟတ္တမဂ္ဂဉ်ပင်လျှင်။ မရိသသာမိ၊ သေတော့ပါအုံ့။ မေ၊ ငါ့အား။ ဇီဝိတေန၊ အသက်ရှင်ခြင်းဖြင့်။ ကုဇ္ဇောသိ၊ အဘယ်အကျိုးဖြစ်တော့မည်နည်း။ ဣတိ၊ ဤသို့။ နှလုံးပြု၍။ ပါဒပေ၊ သစ်ပင်ပေါ်သို့။ ပါသံ၊ ကြိုးကွင်းကို။ အာသုန္ဒိတွာန၊ မြှောက်ပစ်၍။ ဒဠ္ဍံ၊ မြဲခိုင်စွာ၊ ကရိတွာန၊ ချည်ခြင်းကိုပြု၍။ တတော၊ ထိုနောက်မှ၊ ကော၊ အဘယ်သူသည်။ ဝနံ၊ တောအတွင်းသို့။ အသိတောနုခေါ၊ ဝင်လာ၍ ရှိပါလိမ့်မည်နည်း။ ဣတိ၊ ဤသို့၊ ဒိသာ၊ တောင်မြောက်ပတ်ချာ ရပ်မျှော်နှာသို့။ ဝိလောကေသိ၊ ကြည့်ရှုပါသည်အရှင်ဘုရား။

ရဟန္တာမည်သော သပေါက်မကလေးသည် အရှင်သခင်ဖြစ်သော အိမ်ရှင်ချွေးမ၏ ရိုက်ပုတ် ညှင်းဆဲ ခြင်းဖြင့် စိတ်နှလုံးမသက်သာ ဆင်းရဲစွာနေရသည်ကို ကြောက်ရွံ့လှသဖြင့် ကြိုးဆွဲချ၍သေတော့မည် ဟုကြံဖန်လျက် သစ်ပင်ပေါ်သို့ကြိုးကို မြှောက်ပစ်ပြီးလျှင်သစ်ကိုင်းနှင့် မြဲခိုင်စွာချည်ပြီးမှ တောင်မြောက်ပတ်ချာ ရပ်မျှော်နှာသို့ကြည့်ရှုသောအခါ၊ ခြောက်ဖြာသောရောင်ခြည်တော်ဖြင့် တင့်တယ်တောက်ပ သပ္ပါယ်လှသော ဗုဒ္ဓအသရေတော်ဖြင့် ထိုင်နေတော်မူသော မြတ်စွာဘုရားကိုမြင်လျှင် ကြည်ရွှင်မနောပီတိဇောဖြင့် ကိုယ်လုံးစိမ့်လျှမ်း ကြက်သီးဖြန်းလျက် ရွှင်လန်းစွာသောမျက်နှာဖြင့် အခါခါကြည့်ရှုလျက် ဤနေရာ ဤတော်အရပ်၌ လျှောက်ပတ်တင့်တယ် သပ္ပါယ်လှစွာ ရောဂါထွန်းလင်းတကိုယ်ချင်းဖြင့် ငြိမ်သက်စွာနေသော ဤအရှင်ကား လူလေလော နတ်လေလောဟု တွေးတောဆင်ခြင်သောအခါ အခြားတပါးမဟုတ်၊ ဘုရား

မြတ်စွာပင်ဖြစ်လတံ့ဟုစိတ်ကိုဆုံးဖြတ်လျက် မှီးမြင်ခြင်းဌါရခဲစွာသော မြတ်စွာဘုရားကို ငါမြင်ရပေသည်ဟု အောင်းမေ့လျက် တရားတော်ကို နာလိုသောစိတ်ဖြစ်၍လာ၏။ ထိုအကြောင်းကို ထင်ရှားထုတ်ဘော်၍ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်အား ဤဂါထာတို့ဖြင့် လျှောက်ကြား၏။

တတ္ထဗ္ဗသာမိ သမ္ဗုဒ္ဓံ၊ သဗ္ဗလောကဟိတံမုနိံ။
နိသိန္နံရုက္ခမူလသ္မိံ၊ စျာယန္တံ အကုတောဘယံ။ ။
တသ္သာမေ အဟုသံဝေဂေါ၊ အဇ္ဇ။ တော လောမဟံသနော။
ကောနုခေါ ဝန မသ္သိတော၊ မနုဿသ္သာဥဒါဟုဒေဝတာ။ ။
ပါသာဒိကံ ပသာဒနီယံ၊ ဝနာနိဗ္ဗန မာဂတံ။
ဒိသ္မွာမနောမေ ပသီဒိ၊ နာယံ ယာဒိသကိဒိသော။ ။
ဂုတ္တိန္ဒြိယော စျာနရတော၊ အဗဟိဂ္ဂတမာနသော။
ဟိတော သဗ္ဗသ္သလောကသ္သ၊ ဗုဒ္ဓေါ အယံ ဘဝိသ္သတိ။ ။
ဘယဘေရဝေါ ဒုရာသဒေါ၊ သိဟော ဝဂ္ဂုဟာ မသ္သိတော။
ဒုလ္လဘာ ဝတ ဒဿနာယ၊ ပုဗ္ဗေ ဣဒ္ဓမ္ဘရိယထာ။ ။

တတ္ထ၊ ထိုသစ်ပင်ပေါ်မှ ကြိုးဆွဲချ၍ သေမှုမေည် ကြိုးကိုချည်လျက် ထိုဤပတ်ချာ ရပ်မျက်နှာသို့ လှည့်ကာ စောင်းကာ ကြည့်ရှုရာတွင်။ သဗ္ဗလောကဟိတံ၊ အလုံးစုံသော လောက၏ အစီးအပွား ဖြစ်တော်မူသော။ မုနိံ၊ မောနဂုဏ်ရှိ မုနိထွဋ်တင် အမည်တွင်ထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားတို့။ ရုက္ခမူလသ္မိံ၊ တရုသောသစ်ပင်ရင်းခို။ ·စျာယန္တံ၊ စျာန်ရှုတော်မူလျက်။ အကုတောဘယံ၊ ဘယ်ခါကာလ ဘယ်ဌာနမှ ဘယစွဲငြိဘေးမရှိဘဲ။ နိသိန္နံ၊ နေတော်မူသည်ကို။ ဝါ၊ တရုသောသစ်ပင်ရင်းခို စျာန်ရှုကာနေတော်မူသော မြတ်စွာဘုရားကို။ အဒ္ဒသာမိ၊ မြင်ရပါသည်အရှင်ဘုရား။ တသ္သာမေ၊ ထိုသို့မြင်ရသောတပည့်တော်မအား။ အဇ္ဇ။ တော၊ မပြစ်ဘူးမြဲ ထူးကဲလှစွာ ဖြစ်ပေါ်လာသော။ လောမဟံသနော၊ တကိုယ်လုံးစိမ့်လျှမ်းကြက်သီးဖြန်းလျက်။ သံဝေဂေါ၊ သဟောတ္တပ္ပ၊ သံဝေဂသည်။ အဟု၊ ဖြစ်ပြီ။ ဝါ၊ ရှက်ကြောက်ထိပ်ပြာ၊ နှစ်သက်စွာ၍ ဝမ်းသာရွှင်ပြ သံဝေဂသည်။ အဟု၊ ဖြစ်လာပါသည် အရှင်ဘုရား။ ကိုံ၊ အဘယ်သို့ကြောင့် သံဝေဂ ဖြစ်သနည်းဟူမူကား။ ဝနံ၊ လူသူမနိုး

တောမြိုင်ကြီးသို့။ အသိတော၊ ဝင်၍နေသော အရှင်ကား။ ကော၊ အဘယ်သူဖြစ်ပါလိမ့်မည်နည်း။ မနုဿော၊လူဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဒေဝတာ၊ နတ်ဖြစ်လေသလော။ ဤတို၊ ဤသို့ကြံ၍သံဝေဂ ဖြစ်ပါသည်ဘုရား။

ပါသာဒိကာ၊ ကြည်ညြူဘွယ်ရှိတော်မူသော။ ပသာဒနီယံ၊ ကြည်ညြူ ခြင်းကိုဖြစ်စေတော်မူတတ်သော။ ဝနာ၊ တဏှာတည်းဟူသော တော ရှုတ်ထည်းမှ။ နိဗ္ဗုနံ၊ တဏှာကင်းရာ နိဗ္ဗာန်သာသို့။ အာဂတံ၊ ရောက် တော်မူသော မြတ်စွာဘုရားကို၊ ဒိသွာ၊ မြင်ရပါ၍။ မေ၊ တပည့်တော်မ ၏။မနော၊စိတ်သည်။ ပသီဒိ၊ကြည်လင်၍လာပါ၏။ အယံ၊ဤပုဂ္ဂိုလ်မြတ် ကား။ ယာဒိသကိဒသော၊ ဘုံးတိုးရားတား လူများကဲ့သို့။ နု၊ မဟုတ်ချေ။ ဂုဏ်ကြီးပြီယော၊ စောင့်စည်းလုံခြုံသောဂုဏ်ရှိတော်မူ၏။ဗျာနရတော၊ ဗျာနဏ ရှုခြင်းဌာ ပျော်ပိုက်တော်မူ၏။ အဗဟိဂ္ဂတမာနသော၊ အပအာရုံသို့ထွက် သွားသော စိတ်တော်မရှိ။ သဗ္ဗလောကဿ၊ အလုံးစုံသောလူအပေါင်း ၏။ ဟိတော၊ အစီးအပွားဌာဖြစ်တော်မူ၏။ အယံ၊ ဤပုဂ္ဂိုလ်မြတ်ကား။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဘဝိဿတိ၊ ဖြစ်ပေလတံ့။ အယံ၊ ဤပုဂ္ဂိုလ် မြတ်သည်ကား။ ဘယဘေရဝေါ၊ မိန္ဒာဥာဏ်ရှိ လူဒိဋ္ဌိတို့ ရှုကြည့်မရဲ ရောင်လွှဲကြင်ဖယ် ကြောက်စရာဘွယ် ဖြစ်တော်မူ၏။ ဂုဟံ၊ ဂူတွင်းသို့။ အသိတော၊ ဝင်၍နေသော။ သိဟော၀၊ ခြင်္သေ့မင်းကဲ့သို့။ ဒုရာသဒေါ၊ မာယီလေးစား သူတပါးတို့ အပါးနီးရပ် မချဉ်းကပ်ဝံ့။ အယံ၊ ဤပုဂ္ဂိုလ် မြတ်ကို။ ပဿံ'သြ ဒုမ္ဗဏ်ယသာ၊ ရေသဖန်းပွင့်ကဲ့သို့။ ဒဿနာယ၊ မျက်မြင်ရ ခြင်းငှါ။ ဒုလ္လဘော၊ အလွန်တရာရခဲစွာ၏။ ဣတိ၊ ဤသို့အကြံဖြစ်ပါသည် အရှင်ဘုရား။

ဤသို့ကြံဆွဲချ၍ သေတော့မည် ကြံဆဲတွင် ဤတောအရပ်၌ တရုံ တယောက်သောလူမျာ၏လေသေးသလောဟု ထိုထိုဤဤ လှည့်လည်၍ ရှုကြည့်သောအခါ မြတ်စွာ ဘုရား ကို မြင် ရ ၍ ဤပုဂ္ဂိုလ်မြတ်သည် အရောင်ပဝင်း ထွန်းလင်းသည်ပါယ်တင့်တယ်လှ၏တကား။ အဘယ်ကဲ့ သို့ ပုဂ္ဂိုလ်ဖြစ်ပါလိမ့်မည်နည်း။ လူသားစင်စစ်ဖြစ်လေသလော။ ထိုသို့ မဟုတ် ခုပ်ရှောသူးခြ ; ဘတိမ်မျာ်းက နတ်သိုကြားပင် ဖြစ်လေသလော ဟု တွေးတောကြံဆလျက်၊ စိတ်ထည်းကဆင်ခြင်၍ကြည့်ရှုသောအခါ သက်နီးတော်ဝင်းဝါနှင့် လက္ခဏာတော်ကြီးယဉ် ရောင်ခြောက်သွယ်

ဖြင့် တင့်တယ်တောက်ပ ကြည်ညိုဘွယ် ရှိလှသော ဤပုဂ္ဂိုလ်ကား၊ အခြားသူမဟုတ်၊ ဘုရားပင်ဖြစ်လတ္တံ့။ ရှေ့ဂူတွင်းဝယ် ခြေသော့်မင်းကဲ့သို့ သစ်ပင်ရင်းဝယ် တပါးချင်းသာ ငြိမ်သက်စွာဖြင့် ဈာန်ရှုကာ ထိုင်နေတော်မူသောမြတ်စွာဘုရားကို အလွန်မူးမြင်ရခဲပါတကား။ လောကဌ္ဌေ သဖန်းပွင့်ကိုရခဲသကဲ့သို့ မူးရမြင်ရတွေ့ကြုံရခဲလှစွာသောမြတ်စွာဘုရားကို ငါမြင်ရပေဖျိတကား။ အကယ်၍ ငါကဲ့သို့သောဒုက္ခိတဆင်းရဲလှစွာ ကိုးရာမရ သိန်းငယ်လှသော သပေါက်မကလေးကို တရားရေ တိုက်ကျွေးဆုံးမ ဟောပြောကမူ၊ ငါ့အားချမ်းသာ ရနိုင်ရာဖျိတ်ဟူ၍ တစ်မ့ှစ်မ့ှ ကြီစည်ကြည့်ရှုလျက်နေသော **ရဇ္ဇုမာလာ** သပေါက်မကလေး၏ စိတ်အကြံကိုသိတော်မူသော မြတ်စွာဘုရားသည်၊ အို–ချစ်သို့း ရဇ္ဇုမာလာ၊ ငါဘုရား၏အထံသို့ဆည်းကပ်၍တရားတော်ကိုနာလှည့်လော့။ အဘယ့်ကြောင့် မိမိကိုယ်ကို ဒုက္ခရှာ၍နေဘိသနည်းဟု နှုးညံ့ချိုဖွေသောအသံတော်ဖြင့် ခေါ်တော်မူလိုက်သောအခါ၊ ဇမ္ဗေစွာသော ရေစင်ဖြင့် သွန်းလောင်းဘိသကဲ့သို့ အလွန်ဇမ္ဗေကြည်လင်သောစိတ်ဖြင့် လျင်မြန်စွာ ကြိုးကွင်းကိုဖြည်လျက် မြတ်စွာဘုရားအထံသို့သွား၍ ရိုသေစွာရှိခိုးဦးချပြီးလျှင် သင့်တင့်သောနေရာ၌ ထိုင်နေ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် အစဉ်အတိုင်းသောတရားစကားကို ဟောကြားတော်မူ၍ စိတ်နှုးညံ့ခိုင်ခန့်စွာဖြစ်သောအခါ သစ္စာလေးပါးကိုပြတော်မူ၏။

ထိုအကြောင်းကို ရဇ္ဇုမာလာနတ်သို့းသည် အာရှင်မဟာမောဂ္ဂလာန်အား ဤဂါထာတို့ဖြင့် လျှောက်ကြားသတည်း။

သောမံမုဒုဟိ ဝါစာဟိ၊ အာလပိတွာ တထာဂတော။
ရဇ္ဇုမာလာတိမံဝေါစ၊ သရဏံဂ ဆ္ဆတထာဂတံ။ ။
တာဟံဂိရံသုဏိတွာန၊ နေလံအတ္ထဝတိံ သုဘံ။
သဏ္ဌံမုဒုံစ ဝဂ္ဂုံစ၊ သဗ္ဗသောကာ ပနူဒနံ။ ။
ကလ္လစိတ္တာဇ္ဇ မံ ဥတ္တွာ၊ ပသန္နံ သုဒ္ဓမာနသံ။
ဟိတော သဗ္ဗသ လောကဿ၊ အနုသာသိတထာဂတော။ ။

ဘန္တေ၊ အာရှင်မဟာ မောဂ္ဂလာန် အာရှင်မြတ်ဘုရား။ သောတထာဂတော၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်မကို။ ရဇ္ဇုမာလာတိ၊ ချစ်သို့း ရဇ္ဇုမာလာဟူ၍။ မုဒုဟိ၊ နှုးညံ့ကုန်သော။ ဝါစာဟိ၊ စကား

တော်တို့ဖြင့်။ အာလဝိတွေ၊ ခေါ်တော်မူ၍။ ရဟန္တာမာလာ၊ ချစ်ဘိုး ရဟန္တာ မာလာ၊ တထာဂတံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆ၊ ဆည်းကပ်လေလော့။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်မကို။ အဝေါစ၊ မိန့်တော်မူ၏။

အဟံ၊ တပည့်တော်မသည်။ နေလံ၊ အပြစ်မရှိ ကင်းစင်ဘိသော။ အဏ္ဍဝတိ၊ အကျိုးစီးပွားနှင့် ယှဉ်သော။ သုစိ၊ စင်ကြယ်စွာသော။ သဏှံ၊ သိမ်မွေ့စွာသော။ မုဒုံစ၊ နူးညံ့စွာသော။ ဝဂ္ဂုံစ၊ ချိုလွှဲစွာသော။ သဗ္ဗသောကပနူဒနံ၊ အလုံးစုံသော သောကကိုပယ်ဖျောက်နိုင်ထသော။ တံဂိရံ၊ ထိုစကားတော်ကို။ သုဏိတွာန၊ ကြားနာရ၍။ ကလ္လစိတ္တံ၊ ခန့်သော စိတ်ရှိသော။ မံစ၊ တပည့်တော်မကိုလည်း။ ပသန္နံ၊ ကြည်ညိုစွာ။ သုဒ္ဓမာနသံ၊ စင်ကြယ်သောစိတ်ရှိသည်ကို။ ဥတွာ၊ သိတော်မူ၍။ သဗ္ဗလောကဿ၊ အလုံးစုံသော လောက၏။ ဟိတောဝ၊ အစီးအပွားငှါ ဖြစ်တော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ အနုသာသိ၊ ဆုံးမတော်မူ၏။

ဤသို့ဆုံးမဟောကြားတော်မူပြီး၍၊ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲခြင်း သဘောတရားတို့သည် ဒုက္ခသစ္စာမည်ကုန်၏ဟူ၍ဝင်း။ **ဖြစ်ချင်ခြင်း တဏှာ** သည် သမုဒယသစ္စာမည်၏ဟူ၍ဝင်း။ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍**မဖြစ်ချင်ခြင်း** သည် မဂ္ဂသစ္စာဟူ၍ဝင်း။ **မဖြစ် မပျက်** ငြိမ်းခြင်း သဘောသည် နိဗ္ဗာန သစ္စာဟူ၍ဝင်း။ သစ္စာလေးပါးတို့ကို ပြတော်မူလျှင်၊ ရဟန္တာမာလာ သပေါက်မ ကလေးသည် **သောတာပတ္တိဥာဏ်** မျက်စိဖြင့် နိဗ္ဗာန်ကိုမြင်၍ သောတာပန်မကလေးဖြစ်သွားသဖြင့် ရတနာသုံးပါး၏ဂုဏ်ကို မတုံမလှုပ် ယုံကြည်မြတ်နိုးခြင်းဖြင့် မြဲခိုင်သော စိတ်ရှိသောကြောင့်၊ မြတ်စွာဘုရား၏ဘိုးတော်ကလေးဖြစ်လေ၏။

ထိုအကြောင်းကို ထင်ရှားစွာပြလိုခဲ့ ဤဂါထာတို့ဖြင့် အရှင်မဟာမောဂ္ဂလာန်အား လျှောက်ကြားသတည်း။

ဣဒံဒုက္ခန္တိ မံ ဝေါစ၊ အယံဒုက္ခသမုဒယော ဝေါ။
ဒုက္ခနိရောဓော မဂ္ဂေါစ၊ အဠ္ဍသောအမတောဂဓော။ ။
အနုကမ္ပကသဟာယသလသ၊ ဩဝါဒမ္ဘိအဟံဒ္ဒိတာ။
အဏ္ဏဂါအမတံသန္တိ၊ နိဗ္ဗာန ပဒ မစ္ဆုတံ။ ။

သာဟံ အဝဋ္ဌိတာပေမာ၊ ဒဿနေအဝိကမ္ပိနိ။
မူလဇာတာယသဒ္ဓါယ၊ ဒိတာဗုဒ္ဓသသြေရသာ။ ။

ဘဏ္ဍာ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ မံ၊ တပည့်တော်မကို။ ဣဒံ၊ ဤဖြစ်ခြင်း ပျက်ခြင်းသည်။ ဒုက္ခန္တိ၊ ဆင်းရဲခြင်းဟူ၍။ အဝေါစ၊ မြတ်စွာဘုရားဟောကြားတော်မူပါ၏။ အယံ၊ ဤဖြစ်ချင်ခြင်းတဏှာသည်။ ဒုက္ခသမုဒေါ၊ ဆင်းရဲခြင်းအကြောင်းဟူ၍။ အဝေါစ၊ မြတ်စွာဘုရား ဟောကြားတော်မူပါ၏။ ဒုက္ခနိရောဓော၊ ဒုက္ခမဖြစ်ရာနိဗ္ဗာန်ကိုလည်း။ အဝေါစ၊ ဟောကြားတော်မူပါ၏။ အဠ္ဌသော၊ လမ်းမှန်ဖြစ်သော။ အမတောဂဓော၊ အမတဟုခေါ်၊ မသေနိုင်သော ဆေးကောင်း ဆေးမှန်ဖြစ်သော။ မဂ္ဂေါစ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဟူ၍လည်း။ အဝေါစ၊ ဟောကြားတော်မူပါ၏။

အဟံ၊ တပည့်တော်မသည်။ အနုကမ္ပကဿ၊ အစဉ်သနားတော်မူတတ်သော။ ကုသလဿ၊ ဆုံးမခြင်းဌာလိမ္မာတော်မူသောမြတ်စွာဘုရား၏။ သြဝါဒမ္ပိ၊ ဆုံးမတော်မူသော တရားတော်၌။ ဌိတာ၊ တည်လျက်။ အမတံ၊ သေခြင်းမရှိသော။ သန္တိ ံ၊ ငြိမ်းဇေခြင်းရှိသော။ အစ္ဆရိတံ၊ စုတေ ရွှေ့ရှားခြင်းမရှိသော။ နိဗ္ဗာနပဒံ၊ နိဗ္ဗာန်တရားတော်ကို။ အဇ္ဈဂါ၊ ရပါပြီ အရှင်ဘုရား။

သာဟံ၊ ထိုတပည့်တော်မသည်။ပေမာ၊ရတနာသုံးပါး၌ ချစ်ခင်ခြင်းသည်။ အဝဋ္ဌိတာ၊ မြဲခိုင်စွာတည်ပါပြီ အရှင်ဘုရား။ မူလဇာတာယ၊ အမြစ်စွဲ၍ဖြစ်သော။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ 'ဒဿနေ၊ ရတနာသုံးပါးကို မှားမြင်ခြင်း၌။ အဝိကမ္ပိနိ၊ တုံလှုပ်ခြင်းမရှိတော့ပါ။ ဗုဒ္ဓသ၊ မြတ်စွာဘုရား၏။ သြရေသာ၊ ရှေရင်တော်၌ဖြစ်သော။ ဒိတာ၊ သို့မဟုတ်ကလေး တယောက်ဖြစ်ပါသည်အရှင်ဘုရား။

ရဇ္ဇုမာလာနတ်သို့သည် ဤဆိုခဲ့ပြီးသောဂါထာတို့ဖြင့် အရှင်မဟာမောဂ္ဂလာန်အား လျှောက်ကြားပြီး၍။ ယခုအခါ တာဝတိ ံသာနတ်ပြည်၌ သောတာပန် နတ်သို့မဟုတ်ကလေးဖြစ်၍ ဘေးမရှိ-ရန်မရှိ ဇေမြမြ စားခါသောက်ခါ ပျော်ပါးခါနှင့် ချမ်းသာစွာနေရကြောင်းကို ဤဂါထာတို့ဖြင့် လျှောက်ကြားပြန်၏။

သာဟံရမာမိကိဠာမိ၊ မောဒါမိအာကုတောဘယာ။
ဒိဗ္ဗမာလံဝါရယာမိ၊ ဝိဝါမိမရုမဋ္ဌံ။ ။

သာဟံ၊ ထိုတပည့်တော်မသည်။ အာကုတောဘယာ၊ တစိုးတစိဘေး မရှိဘဲ။ ရမာမိ၊ မွေ့လျော်ပါ၏။ ကိဠာမိ၊ ကစားကာနေရပါ၏။ မောဒါမိ၊ ရွှင်လန်းဝမ်းသာနေရပါ၏။ ဒိဗ္ဗမာလံ၊ နတ်ပန်းကုံး နတ်ပန်းခိုင်ကို။ ဝါရယာမိ၊ ပန်ဆင်ရပါ၏။ မရုမဋ္ဌံ၊ ချိုလွဖွာသော နတ်သုဒ္ဓါအမြှေ်ကို။ ဝိဝါမိ၊ သောက်ရပါ၏။

ဤသို့ရဟန္တာမာလာနတ်သွီးသည် သောတာပန်ဖြစ်၍ နတ်ပြည်၌ပျော်ပျော် ပါးပါး ကစားမြူးတူးလျက် စားခါသောက်ခါနေ၍ ထိုရဟန္တာမာလာနတ်သွီးအား ပျော်ပါးစေရန် တူရိယာခြောက်သောင်းတို့ဖြင့် နတ်သား နတ်သွီးအပေါင်းတို့ဝန်းရံလျက် ခစားလာကြောင်းကိုလည်း၊ [သင်္ဃတူရိယ သဟာသာနိ၊ ပဋိဗောဓံကရောန္တိမေ။ ။] အစရှိသော ဂါထာတို့ဖြင့် လျှောက်ကြားပြန်၏။

ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။လက်ဝဲတော်ရံ တန်ခိုးထန်သော မောဂ္ဂလာန်မည်မှတ် အရှင်မြတ်ဘုရား။ ခြောက်သောင်း ကုန်သော တူရိယာတို့ဖြင့် တပည့်တော်မ နှစ်သက်ဝမ်းသာ ရွှင်လန်းစွာဖြစ်စေရန် ခစားလာကြကုန်သော နတ်သား နတ်သွီးတို့သည်။ အာဠမ္ဗ အမည်ရှိသော တူရိယာကို တီးမှုတ်သော အာဠမ္ဗ နတ်သား။ ဘဂ္ဂရမည်သော တူရိယာကို တီးမှုတ်သော ဘဂ္ဂရနတ်သား။ ဘိမ္မမည်သော တူရိယာကို တီးမှုတ်သော ဘိမ္မနတ်သား။ တူရိယာ အထူးတို့ကို ကောင်းစွာ တီးမှုတ်တတ်သော သာဓုဝါဒီနတ်သား။ ထိုပြင်၊ သံသယမည်သော နတ်သား။ ပေါ်ကွဲရမည်သော နတ်သား။ သုဖဿ မည်သောနတ်သား။ ဝိလာမည်သောနတ်သွီး။ မောဂ္ဂါမည်သောနတ်သွီး။ နန္ဒါမည်သောနတ်သွီး။ သုနန္ဒါမည်သောနတ်သွီး။ သောဏဒိန္နာမည်သောနတ်သွီး။ သုစိဒ္ဓိတာ မည်သောနတ်သွီး။ အလမ္ဗုသာ မည်သောနတ်သွီး။ ဓိသာမည်သော နတ်သွီး။ ကေသိမည်သောနတ်သွီး။ ပုဏ္ဏရိကာမည်သောနတ်သွီး။ အတိဒါရုဏီမည်သော နတ်သွီး။ ဇေဏိမည်သောနတ်သွီး။ ဖဿာမည်သော နတ်သွီး။ သုဖဿာမည်သော နတ်သွီး။ သံဘဒ္ဒါမည်သော နတ်သွီး။ မဟုကာရိမည်သောနတ်သွီး။ ဤဆိုခဲ့ပြီးသော နတ်သားနတ်သွီးတို့သည်။ ။ ဤနတ်သား နတ်သွီး တို့မှတပါး အလွန်ကောင်းမြတ်ကုန်သော

နှတ်သား နှတ်ဆိုးတို့သည်ရင်း။ ထိုနှတ်သား နှတ်ဆိုးအပေါင်းတို့သည် သင့်လျော်သောအခါ၌ တပည့်တော်မမှီးထံသို့ အညီအညွှတ်ခစားလာ ကြကုန်၍ ဤဂါထာတို့ဖြင့် ပြောဆိုပါကုန်၏အရှင်ဘုရား။

ဟန္ဒနစ္စာမဂါယာမ၊ ဟန္ဒတံရေမယာမသေ။
နယိဒံ အကတပုညာနံ၊ ကတပုညာနမေဝိဒံ။ ။
အသောကံနန္ဒနံရမ္မံ၊ တိဒသာနံ မဟာဝနံ။
သုခံအကတပုညာနံ၊ ဣဓနတ္ထိ ပရတ္ထစ။
သုခဉ္စကတပုညာနံ၊ ဣဓစေဝ ပရတ္ထစ။

ဟန္ဒ၊ ယခုအခါ၌။ နစ္စာမ၊ ကကြပါကုန်အံ့။ ဂါယာမ၊ သီချင်းဆိုကြ ပါကုန်အံ့။ ဟန္ဒ၊ ယခုအခါ၌။ တံ၊ ရေဒူမာလာအရှင်မကို။ ရေမယာမသေ၊ မွေ့လျော်ပျော်ပါးစေကုန်အံ့။ ဣတိ၊ ဤသို့ပြောဆိုလာကြပါကုန်၏အရှင် ဘုရား။ ။ဣဒံ၊ ဤနှတ်ဆိုး နှတ်သားတို့ ပျော်ပါးမွေ့လျော်စွာနေရသော ချမ်းသာစည်းစိမ်သည်။ အကတပုညာနံ၊ ကုသိုလ်ကောင်းမှုကို မပြုလုပ် သော သူတို့အား။ နဲ အတ္ထိ၊ မရှိပါ။ ဣဒံ၊ နှတ်ဆိုးနှတ်သား ခစားရုံရှေ့ ပျော်ပါးစေသော နှတ်စည်းစိမ်သည်။ ကတပုညာနမေဝ၊ ကုသိုလ် ကောင်းမှုကို ပြုလုပ်သောသူတို့အားသာလျှင်။ အတ္ထိ၊ ရှိပါ၏။ အသော ကံ၊ ဣဒ္ဓကန္တ ပိယမနာပါ၊ ကောင်းမွန်စွာသောအာရုံတို့သာရှိလေသော ကြောင့်၊ စိုးရိမ်နှလုံးပူချုံးဘွယ်လည်းမရှိသော။ ရမ္မံ၊ မွေ့လျော်ဘွယ်ရှိ သော၊ နန္ဒနံ၊ နှစ်သက်ဘွယ်သာပြည့်စုံစွာသော နန္ဒဝန်ခေါ်ဥယျာဉ်တော် သည်။ တိဒသာနံ၊ တာဝတိံသာနတ်မျိုးစွာတို့၏။ မဟာဝနံ၊ ကြီးစွာ သော ဥယျာဉ်တော်ကြီးပေတည်း။

အကတပုညာနံ၊ ကောင်းမှုကုသိုလ်ကို မပြုလုပ်သော သူတို့အား။ သုခံ၊ ချမ်းသာသည်။ ဣဓစေ၊ ဤဘဝ၌ရင်း။ ပရတ္ထစ၊ တမလွန်ဘဝ၌ ရင်း။ နတ္ထိ၊ မရှိပါ။ ကတပုညာနံစ၊ ကောင်းမှုကိုပြုလုပ်သော သူတို့သည် ကား။ သုခံ၊ ချမ်းသာသည်။ ဣဓစေဝ၊ ဤဘဝ၌ရင်း။ ပရတ္ထစ၊ နောက် ဘဝ၌ရင်း။ အတ္ထိ၊ ရှိပါ၏။

အရှင်မဟာမေဂ္ဂလာန်ထေရ်မြတ်ဘုရား။ တပည့်တော်မ ယခုရသော နှတ်စည်းစိမ်သည် ကုသိုလ်ကောင်းမှုကို မပြုလုပ်သောသူတို့အား မစံ စားရပါအရှင်ဘုရား။ ကုသိုလ်ကောင်းမှု ပြုလုပ်သော သူတို့သာလျှင် စံစားနိုင်ပါသည်အရှင်ဘုရား။ ။ရေဒူမာလာနှတ်ဆိုးသည် အရှင်မဟာ

မောဂ္ဂလာန်အား ဤသို့လျှောက်ကြားပြီး၍။ ထိုနတ်စည်းစိမ်ဧကန်စာပါကဲ့ဖြင့် တို့အားလည်း စံစားစေလိုသော စိတ်သဘောဖြင့် ဤဂါထာကိုရွတ်ဆိုသူ လေသတည်း။

တေသံသဟဗျကာမာနံ၊ ကတ္တာဇ္ဇံကုသလံဗဟုံ။
ကတပုညာဟိမောဒန္တိ၊ သဂ္ဂေဘောဂသမဂ္ဂိနော။ ။

တေသံ၊ ထိုတာဝတိံသာနတ်တို့၏။ သဟဗျကာမာနံ၊ အတူတကွ ဖြစ်ရာ တာဝတိံသာ၌ ချမ်းသာရိပ်ငြိမ် စည်းစိမ်ခံစား ပျော်ပါးစွာနေ လိုကုန်သောသူတို့သည်။ ဗဟုံ၊ များစွာ။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တာဇ္ဇံ၊ ပြုသင့်ပေ၏။ ဟိ၊ ထိုစကားကို ဆိုသင့်ပေစွ။ ကတပုညာ၊ ပြုပြီးသော ကုသိုလ်ရှိသူတို့သည်။ သဂ္ဂေ၊ နတ်ပြည်၌။ ဘောဂသမဂ္ဂိနော၊ စည်းစိမ်နှင့် ပြည့်စုံကြသည်ဖြစ်၍။ မောဒန္တိ၊ ပျော်ပျော်ပါးပါးနေကြရကုန်၏။

ဗဟုနံဝတအတ္ထာယ၊ ဥပ္ပန္နန္တိ တထာဂတာ။
ဒက္ခိဏေယျာမနုဿာနံ၊ ပုညခေတ္တာနမာကရာ။
ယတ္ထကာရံ ကရိတ္ဝာန၊ သဂ္ဂေမောဒန္တိ ဒါယကာ။ ။

ဗဟုနံ၊ များစွာကုန်သော လူအပေါင်းတို့၏။ အတ္ထာယ၊ အကျိုးငှါ။ တထာဂတာ၊ မြတ်စွာဘုရားကို့သည်။ ဥပ္ပန္နန္တိ ဝတ၊ ပွင့်တော်မူကုန်စွ တကား။ မနုဿာနံ၊ လူအပေါင်းတို့၏။ ဒက္ခိဏေယျာ၊ မြတ်သော အလှူခံဖြစ်တော်မူကုန်၏။ ပုညခေတ္တာနံ၊ ကောင်းမှုကုသိုလ်၏ ဖြစ်ရာ ပွားရာဖြစ်တော်မူကုန်သော အရိယာအရှင်မြတ်တို့၏။ အာကရာ၊ ဖြစ်ပေါ်ရာဌာနဖြစ်တော်မူကုန်၏။ ယတ္ထ၊ အကြင်-ဘုရား-တရား-သံဃာ ရတနာတော်မြတ်သုံးပါး၌။ ကာရံ၊ ပူဇော်ခြင်းကို။ ကရိတ္ဝာန၊ ပြုကြကုန်၍။ ဒါယကာ၊ လှူဒါန်းသူတို့သည်။ သဂ္ဂေ၊ နတ်ပြည်၌။ မောဒန္တိ၊ ပျော်ပျော် ပါးပါးနေကြရကုန်၏။

ရဇ္ဇုမာလာ နတ်သင်္ဘီးဝတ္ထု ပြီး၏။ ။ဒသမ။ ။

ဤတိုဝိမာနဝတ္ထုလေးဝဂ်အလုံးရုံပြီး၏။

မိန်းမဝိမာနဝတ္ထုပြီး၏။

*****

မိန်းမများ ကုသိုလ်ကောင်းမှုကို တတ်အားသမျှပြုလုပ်ကြသောကြောင့် နတ်ပြည်၌ နတ်သမီးဖြစ်၍ နတ်စည်းစိမ်ကို စံစားကြရသောဇာတ်ဝိမာနဝတ္ထုတို့ကို ပြဆိုပြီး၍၊ ယခုအခါ၌ ယောက်ျားများ ကုသိုလ် ကောင်းမှုကိုတတ်အားသမျှပြုလုပ်ကြသဖြင့် နတ်ပြည်၌နတ်သားဖြစ်၍နတ်စည်းစိမ်ကို စံစားကြရ၊သော ပုရိသဝိမာနဝတ္ထုကိုပြဆိုပေအုံ့။
အမျိုးကောင်းသား လူအများ တို့သည် မှတ်သားကြည်ဖြူ၊အလေးမူ၍ ပေးလှူပူဇော် သူတော်တရားအစဉ်ပွားအောင် ကျိုးစား အားထုတ် ပြုလုပ်ကြစေကုန်သတည်း။

မဏ္ဍူက ဘားနတ်သားဝတ္ထု

တရားနာခြင်းအကျိုး

မြတ်စွာဘုရားသည် စမ္ပါပြည်၊ ဂင်္ဂရအာမည်ရှိသော မိဖုရားသည် ကောင်းစွာတူးဖော်၍ ပြုလုပ်အပ်သောကြောင့်၊ ဂင်္ဂရအာမည်ရှိသော လေးထောင့်ရေကန်၏ ကမ်းနားဝယ်၊ စကားဝါ စကားစိမ်းအစရှိသော ပန်းပင်တို့ဖြင့် လေသင့်ရာမျှော်ကြိုင်လျက် ပွင့်လှိုင် သင်းထုံ ယဂုံသာမော ပန်းပင်တောခွဲ လေးပါးသောဈာန်ရိယာပထဖြင့် ညီမျှသင့်လျော်တော်မူစဉ် အခါ၊ နံနက်မိုးသောက်ထခွဲ ဗုဒ္ဓဘာဝါ စောမြတ်စွာသည် မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှုတော် မူလတ်သော်၊ ယနေ့ညနေချမ်းအခါဝယ်မျှားစွာသောလူအပေါင်းတို့အား တရားဟောတော်မူသည်ရှိသော်။ တကောင်သော ဘားကလေးသည် ငါဘုရား၏ အသံတော်ခွဲ အာရုံကိုယူ၍ သူတပါးတို့၏ ပယောဂဖြင့်ရတော၍ နတ်ပြည်ခွဲဖြစ်ပြီးလျှင် မျှားစွာသော နတ်သွင်းနတ်သား ခြံရုံလျက် တရားနာသော လူပရိသတ်တို့ မြင်စဉ်ပင်လျှင် နတ်ပြည်မှ ဘုံဗိမာန်နှင့်တကွ ဆင်းသက်လာ၍ တရားတော်ကိုနာလတ္တံ့။ ထိုအခါခွဲ မျှားစွာသော လူပရိသတ် အပေါင်းတို့သည် မဏ္ဍူက ဘားနတ်သားကို အကြောင်းပြု၍ တရားထူးကို ရကြကုန်လတ္တံ့ဟူ၍ မြင်တော်မူ၏။ ဤသို့မဟာကရုဏာ

သမာပတ်မှထတော်မူ၍ကြည်ရွှထင်ထင်မြင်တော်မူလျှင်၊ သင်းပိုင်တော်ကို ပြင်ကာဝတ်တော်မူ၍ သပိတ်သက်နီးယူတော်မူလျက် မျှားစွာသော ရဟန်းအပေါင်းနှင့်တကွ စမ္ပာမြို့တော် အတွင်းသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၍ ရဟန်းတို့အား ရလွယ်သောဆွမ်းရှိသည်ကိုပြုတော်မူ၍ ဆွမ်းစားခြင်းကိစ္စပြီးလတ်သော်၊ ကျောင်းတိုက်တော်အတွင်းသို့ ဝင်တော်မူ၍ ရဟန်းအပေါင်းတို့သည်ဝတ်ကြီးဝတ်ငယ်ပြုကြ၍ မိမိတို့သင့်လျော်ရာ နေ၀ါဌာနတို့၌ သွားလာ နေထိုင်ကြသောအခါ၊ ဂန္ဓကုဋီတော်အတွင်းခင်းထားအပ်သော ဖြူညောင်စောင်းထက်၌ ဖလသမာပတ်ချမ်းသာဖြင့် နေ့အမှိုက်ကို ကုန်လွန်စေ၍ ညနေချမ်းအခါ လေးဖြာသော ပရိသတ်တို့ စည်းဝေးရောက်လာသောအခါ၊ မှေးကြိုင်စွာသော ဂန္ဓကုဋီတော်အတွင်းမှ ထွက်တော်မူ၍ ထိုခဏအားလျော်စွာသော ပါဋိဟာရိယတန်ခိုးတော်ဖြင့် လေးထောင့် ရေကန်၏ ကမ်းနားဌာ ကောင်း စွာ ဆောက် လုပ် ထားသော ဓမ္မသဘင် စည်းဝေးရာ မဏ္ဍပ်တော်အတွင်းဝယ် အထူးသဖြင့် စိမ်ပြုလုပ်အပ်သော မြင့်မြတ်လှစွာ ဗုဒ္ဓါသန ရှေ့ပလ္လင်တော်၌ ထိုင်နေတော်မူလျက်၊ ဆေးဒါန်း မြင်းသိုလာ ကျောက်ဖြာထက်၌ ကြီးဝါးမြည်ဟောက်သော ခြသေ့မင်းကဲ့သို့၊ အဂ်ါဂ္ဂစ် ပါး နှင့် ပြည့်ရုံတော်မှသော ဗြဟ္မာမင်းအသံနှင့်တူသောအသံတော်ကိုမြှင့်ကာဟောတော်မူလျက်၊ မကြုံစဖူးနှင်သောဘုရားတို့၏အစွမ်းတော်ဖြင့်ရင်း။ မနှိုင်းယှဉ်အပ်သောမြတ်စွာဘုရားတို့၏ စမ္ပယ် ကွန့်မြူး ခြင်း ကြောင့် ရင်း၊ တရားဒေသနာတော်ကို ဟောတော်မူခြင်းငှါ အားထုတ်တော်မူလေသ တည်း။

ထိုခဏ၌ တကောင်သော ဘားကလေးသည် လေးထောင့် ရေကန်အတွင်းမှလာလတ်၍ ဤအသံကား တရားတော်အသံတည်းဟု တရားတော်ဟူသော အမှတ်သညာဖြင့် မြတ်စွာဘုရားအသံတော်၌ အာရုံကို ယူလျက် ပရိသတ်အစွန်း၌ ဝပ်လျက်နေ၏။

[တဘို့ခဏော ဇကောမဏ္ဍူကော ပေါက္ခ၀ဿိတောအာဂတ္ကော။ ဓမ္မော ဇသောတိဓမ္မသညာယ သရေနိမိတ္တံ ဂဏ္ဍာနော်ပရိသ ပရိယန္တေနိဗ္ဗဒ္ဓိ။] အဋ္ဌကထာ။ ။

တဘို့ခဏော၊ ထိုတရားဟောသောခဏ၌။ ဇကော၊ တကောင်သော။ မဏ္ဍူကော၊ ဘားကလေးသည်။ ပေါက္ခ၀ဿိတော၊ လေးထောင့်ရေ

ကနိမ္ဗ။ အာဂတ်ကွာ၊ လာလတ်၍။ ငေသ်ာ၊ ဤအသံသည်ကား။ ဝမ္မော၊ တရားတော်အသံတည်း။ ဣတိ၊ ဤသို့။ မမ္မသညာယ၊ တရားဟူသော အမှတ်သညာဖြင့်။ သရေ၊ အသံတော်၌။ :နိမိတ္တံ၊ အာရုံကို။ ဂဏ္ဍန္တော၊ ယူလျက်။ ပရိသပရိယန္တော၊ ပရိသတ်အစွန်း၌။ နိပ္ပဒ္ဒိ၊ ဝင်လျက်နေ၏။ ။ အဋ္ဌကထာအနက်။ ။

[ဘားတိရန္တာန်ဖြစ်လျက် တရားဟူသောအမှတ်သညာဖြစ်ပေါ်လာခြင်းသည် ရှေးရှေးသောဘဝတို့က ဆည်းပူးဖြည့်ကျင့်ခဲ့သော ပါရမီရှိသောကြောင့်သာလျှင် ဖြစ်နိုင်သည်ဟူ၍မှတ်ရာ၏။ အပဒါန်ဝတ္ထုတို့ကို ထောက်မြော်လေ။ ရှေးရှေးသောဘဝတို့က ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီမရှိဘဲနှင့် ယခု-ဘားယေဘဝ၌ အစဆုံးထား၍ တရားဟူသော သညာ ဖြစ်ခဲ့စွာ၏။]

ဤသို့တိရန္တာန်ဘားကလေးသည် တရားဟူသော သညာဖြစ်ခဲ့စွာလျက် ရှေးပါရမီက၊ ဆော်ဘန်လာ၍ ဗြတ်စွာဘုရား၏ အသံတော်ကို အာရုံယူ၍ တရားဟူသောအမှတ်သညာမျှဖြင့် နားထောင်ကာ ဝင်စင်းလျက် နေသောအခါ နွားကျောင်းသား တယောက်သည် ထိုတရားဟောရာအနီးသို့ရောက်လာ၍ ဗြတ်စွာဘုရား၏တရားတော်ကို ငြိမ်သက်စွာနာလျက်နေသော ပရိသတ်ကိုမြင်လျှင် ကြည်ညိုတက်ကြွသော စိတ်ထားဖြင့် တရားနာအုံ့ဟု ကြံလျက် ဒုတ်ခလေးကိုထောက်၍ ရပ်နေရာ၊ ဘားကလေးကိုမမြင်၍ဦးခေါင်းပေါ်၌ ထောက်မိသဖြင့်ရုတေ့ရာလေ၏။ တရားဟူသော အမှတ်သညာဖြင့် ကြည်ညိုသော စိတ်ရှိလျက် ရုတေ့သော ဘားကလေးသည် ထိုခဏ၌တာဝတိံသာနတ်ပြည်ဝယ် အသက်နှစ်ဆယ်ရှယ်မျှ သြပပါတိကပင်ဿနေဖြင့် တဆဲ့နှစ်ယူဇနာရှိသော ဗြဟ္မာ ဗိမာန်၌ နတ်သားဖြစ်လေ၍ :အိပ်ပျော်ရာမှနိုးလျှင် လာသကဲ့သို့ နတ်သူ့အပေါင်းခြံရံလျက်နေသော ဗိမိကိုယ်ကိုမြင်လျှင် ဘားသူယေဖြစ်သော ငါသည် ဘယ်ကုသိုလ်ကြောင့် ; ဤနတ်ပြည်၌ နတ်သားဖြစ်ပါလိမ့်မည့် နည်းဟု ကြည့်ရှုဆင်ခြင်သောအခါ၊ တရားဟောတော်မူသော ဗြတ်စွာဘုရားအသံတော်၌ အာရုံကိုယူသည်မှတပါး တစုံတခုကိုမျှမမြင်၍ ငါကဲ့သို့သော ဘားတိရန္တာန်ကလေးဖြစ်လျက် တရားဟူသော အမှတ်သညာမျှဖြင့် အာရုံကိုယူသောကြောင့် ဤမျှလောက်သော စည်းစိမ်ချမ်းသာကိုရသေး၏။ အနက်အဓိပ္ပါယ်ကို ကောင်းစွာသိလျက် တရား

တော်ကိုနာရမှုကား အဘယ်ဆိုဘွယ် ရှိတော့အုံ့နည်းဟုကြံလျက် ထိုခဏာ၌ပင်လျှင် ဘုံဗိမာန်နှင့်တကွ လူ့ပြည်သို့လာ၍ မြတ်စွာဘုရား၏ အနီးကောင်းကင်ဝယ် ဘုံဗိမာန်မှဆင်းသက်၍ လူပရိသတ် အများမြင်စည်ပင်လျှင် မျှားစွာသော နတ်သွေးအခြွေအရံတို့ဖြင့် ကြီးစွာသော နတ်ဣဒ္ဓိတန်ခိုးဖြင့်ဆည်းကပ်လျက်၊ မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်ရှိခိုး၍ လက်အုပ်ချီလျက် ရှေ့တော်၌ရပ်လေ၏။ မြတ်စွာဘုရားသည် သိတော်မူလျက်ပင်လျှင် လူအပေါင်းတို့အား ကံ၏အကျိုးကိုရှင်း၊ ဘုရား၏ အစွမ်းတော်ကိုရှင်း၊ မျက်မှောက်ဒိဋ္ဌသိစေခြင်းအကျိုးငှါ၊ ဤဂါထာဖြင့် မေးတော်မူလေသတည်း။

ကောမေဝန္ဒတိပါဒါနိ၊ ဣဒ္ဓိယာ ယသသာဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ သြဘာသယံဒိသာ။ ။

ဣဒ္ဓိယာ၊ တန်ခိုးအားဖြင့်ရင်း။ ယသသာ၊ အခြံအရံအားဖြင့်ရင်း။ ဇလံ ဇလန္တော၊ တောက်ပလျက်။ အဘိက္ကန္တေန၊ အလွန်နှစ်သက်ဘွယ်သော။ ဝဏ္ဏေန၊ အရောင်အဆင်းဖြင့်။ သဗ္ဗာ၊ အလုံးစုံသော။ ဒိသာ၊ အရပ်မျက်နှာသို့။ သြဘာသယံ၊ ကိုယ်ရောင်ဝင်းဝါ ထွန်းလင်းစွာလျက်။ မေ၊ ငါဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးလာသည်ကား။ ကော၊ အဘယ်သူပေနည်း။

ဤသို့မြတ်စွာဘုရား မေးတော်မူသောအခါ၊ မဏ္ဍူကာဘားနတ်သားသည် ရှေးဘဝ၌ ဘားကလေးဖြစ်ကြောင်း-စသည်တို့ကို ဤဂါထာတို့ဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

မဏ္ဍူကောဟံပုရေအာသိं၊ ဥဒကေဝါရိဂေါစရော။
တဝဓမ္မံသုဏာနေ သေ၊ အဝဓိဝဏ္ဏပါဒကော။ ။
မုဟုတ္တံစိတ္တပသာဒသေ၊ ဣဒ္ဓိံ ဝေသယသ ဥတ္တမေ။
အာနုဘာဝဥတ္တမေပသေ၊ ဝေဿ်ပသေ ဇုတိဥတ္တမေ။ ။
ယေစတေ ဒိဋ္ဌမဒ္ဓါနံ၊ မမ်ံအဏေသာသုံဂေါတမ။
ပတ္တာတေအစလံဌာနံ၊ ယတ္ထဂတ်ိုဘုနေ သောစရေ။ ။

ဘုရေ့နော်၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ပုရေ၊ ရှေးဘဝ၌။ ဥဒကေ၊ ရေ၌။ ဝါရိဂေါစရော၊ ရေဝယ်ဖြစ်ပွားကျက်စားလေ့ရှိသော။ မဏ္ဍူကော၊ ဘားသူငယ်သည်။ အာသိं၊ ဖြစ်ပါသည်အရှင်ဘုရား။ တဝ၊

အရှင်ဘုရားဏ်။ ဝမ်မံ၊ တရားတော်ကို။ သုဏာန္တသ၊ နာလျက်နေစည်။ ဝန္ဆာပါလကော၊ နွားကျောင်းသားသည်။ အာဝမိ၊ နွားမောင်းဒုတ်နှင့် ထောက်မိ၍ သေရပါသည်အရှင်ဘုရား။

မုဟုတ္တံ၊ တာဝဏမ္ပိ။ စိတ္တပသာဒသ၊ စိတ်ကိုကြည်လင်စေသော။ ဝါ၊ စိတ်ကြည်လင်စွာဖြစ်သော။ မေ၊ တပည့်တော်၏။ ဣဒ္ဓိံ စ၊ တန်ခိုးကိုလည်း။ ပသ၊ ရှုတော်မူပါဘုရား။ မေ၊ တပည့်တော်၏။ ယသ ဉ္စ၊ အမြတ်အရံကိုလည်း။ ပသ၊ ရှုတော်မူပါဘုရား။ မေ၊ တပည့်တော်၏။ အာနုဘာဝဉ္စ၊ အစွမ်းအာနုဘော်ကိုလည်း။ ပသ၊ ရှုတော်မူပါမြတ်စွာဘုရား။ မေ၊ တပည့်တော်၏။ ဝဏ္ဏံ စ၊ အဆင်းကိုလည်း။ ပသ၊ ရှုတော်မူပါဘုရား။ မေ၊ တပည့်တော်၏။ ဇုတိမ္ပိ၊ တဆဲ့နှစ်ယူဇနာရှိသော ဘွေ့ဗိမာန်ဖြင့် တောက်ပသောအရောင်အထူးကိုလည်း။ ပသ၊ ရှုတော်မူပါမြတ်စွာဘုရား။

ဂေါတမ၊ နွယ်တော်ဝံသ၊ ဂေါတ္တေနဟု၊ ဂေါတမ မည်တော်မူသော မြတ်စွာဘုရား။ ယေစ၊ အကြင်လူ့ဘဝကို ရကြကုန်သော သူတို့သည်ကား။ တေ၊ အရှင်ဘုရားဏ်။ မမ်မံ၊ တရားတော်ကို။ ဒိဋ္ဌမဒ္ဓါနံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အသေသာသုံ၊ နာကြပါကုန်အုံ့။ တေ၊ ထိုရှည်မြင့်စွာသော အခါကာလပတ်လုံး တ ရား နာ ကြ ကုန်သော သူတို့သည်။ ဃဏ္ဍ၊ အကြင်နိဗ္ဗာန်သို့။ ဂတ္ဘိ၊ ရောက်ကြကုန်၍။ နသောစရေ၊ မစိုးရိမ်ကြရကုန်။ အစလံ၊ တုံလှုပ်ခြင်းမရှိသော။ တံဌာနံ၊ ထိုနိဗ္ဗာန်အရပ်သို့။ ပတ္တာ၊ ရောက်ကြပါကုန်၏အရှင်ဘုရား။

ထိုအခါ၌ သဗ္ဗညုမြတ်စွာဘုရားသည်၊ ရောက်ဆဲသော ပရိသတ်၏ ဥပနိဿယကိုကြည့်ရှုတော်မူ၍ တရားတော်ကို. အကျယ်အားဖြင့် ဟောကြားတော်မူ၏။ တရားတော်၏အဆုံး၌ ထို **မဏ္ဍူကဘားနတ်သား** သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရှစ်သောင်း လေးထောင်ကုန်သော နတ်လူအပေါင်းတို့သည် ဓမ္မာဘိသမယဖြစ်ကြကုန်၏။ မဏ္ဍူကဘားနတ်သားသည် မြတ်စွာဘုရားကိုရှိခိုးပြီး၍ လက္ခ်ာရစ် သုံးကြိမ်လှည့်ပြီးလျှင် ရဟန်းသံဃာတော်အပေါင်းကိုလည်း လက်အုပ်ချီလျက် ပြုံးခြင်းကိုပြု၍ အခြွေအရံနှင့်တကွ နတ်ပြည်သို့ပြန်သွားလေသတည်း။

[ဒေဝပုတ္တောဘဂဝန်တို့ ဝန္ဒိတ္တောတိကျွတ္တုံ ပဒက္ခိဏံ ကတ္တောဘိကျွသံ သံဃသမစအဠလိ ကတ္တာ သဟာပရိဝါရေန ဒေဝလောကမေဝဂတော။ ဝိမာနဝတ္ထုအဋ္ဌကထာ။ ဒု ခ္ဏ။ ။

ဒေသနာဝသာနေ စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယောအဟောသိ၊ ဒေဝပုတ္တောပိ သောတာပတ္တိဖလေ ပတိဋ္ဌာယ သိတံ ကတ္တောပက္ကမိ။ ။ပါရာဇိကဏ်အဋ္ဌကထာ။ ဂ၁။

မဏ္ဍူ။ကဘားနတ်သာဝတ္ထုပြီး၏။ ပဌမ။

*****

နန္ဒိယနတ်သားဝတ္ထု ။

မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနဒေသ ရသေ့ကျောင်း ဝိဂဒါဂုန် ယဉ်ကြွ၊ သာကေကျောင်းဝိဟာရ၌၊ လေးပြာသာပထ ညီမျှခန့်ကြမ်း စံ မြတ်ကိန်းဝပ်တော်မူစဉ်အခါ၊ဗာရာဏသီပြည်၌သဒ္ဓါကြည်ညိုခြင်းမျှား လှသော အမျိုးကောင်းသားနန္ဒိယဥပါသကာသည်ရှိ၏။ ထိုနန္ဒိယဥပါ သကာသည် ပေးကမ်းလှူဒါနုံးခြင်း အလေ့ရှိ၏။ ရတနာသုံးပါးတို့ကို ရိုသေလေးမြတ်၏။ သံဃာတော်တို့အား လုပ်ကျွေးတတ်သော ဒါနပတိ သံဃုပဋ္ဌာကဖြစ်၏။ ထိုနန္ဒိယ၏အမိအဘတို့သည် အိမ်ရှေ့မျက်နှာစာ၌ ရှိသော အိမ်နီးချင်း ဦးရီး၏သို့မဟုတ် ရေဝတီဟူသော သတ္တိသို့ကိုဆောင်ယူ၍ ပေးစားလက်ထပ်လိုကြကုန်၏။ထို့ရေဝတီသတ္တိသည်ကား၊ သဒ္ဓါ တရားမရှိ၊ လှူဒါနုံးပေးကမ်းတတ်သောအလေ့မရှိ။ ထို့ကြောင့် နန္ဒိယ သည် ရေဝတီကိုအလိုမရှိ။ နန္ဒိယ၏အမိသည် ရေဝတီကိုခေါ်၍၊ ချစ် သို့ ရေဝတီ၊ သင်သည် ဤအိမ်သို့လာ၍ ရဟန်းသံဃာတော်တို့၏ နေ ထိုင်ရာကို နှားချေးစိုတို့ဖြင့် ချောမွေ့အောင်ပွတ်တိုက်လိမ်းကျံ၍အခင်း နေရာတို့ကိုခင်းလော့။ သပိတ်ခြေတို့ကို ထားလော့။ ကြွလာတော်မူကြ သောအခါ ရိုသေစွာရှိခိုး၍ သပိတ်ကိုယူ၍ထိုင်စေပြီးလျှင် မွေ့ကရဏာ ရေစစ်ဖြင့် သောက်ရေကို စစ်၍ကပ်လော့။ ဆွမ်း စား ပြီး သော အ ခါ သပိတ်တို့ကိုဆေးလော့။ ဤသို့ပြုလုပ်သည်ရှိသော် ငါ၏သားသည် နှစ်သက်ခြင်းဖြစ်လတ္တံ့-ဟူ၍ ဆုံးမပြောဆို၏။ ရေဝတီသည် ဆုံးမပြောဆို တိုင်း ပြုလုပ်လေ၏။

ထိုအခါ၌ ရေဝတီကို ဆုံးမပြောဆို၍ လိမ္မာခြင်းဖြစ်ပြီဟု သားကို ပြောကြားလျှင်၊ ကောင်းပါပြီဟု သားကဝန်ခံလေ၏။ ထိုအမိအဘတို့သည် နေ့ရက်တို့ကို ပိုင်းခြား ချိန်းချက်၍ ထင်မိုးမြန်းလင်းထပ်ခြင်းကို ပြုကြကုန်၏။ ထိုအခါ၌ နန္ဒိယသည် ရေဝတီကို ဤယူဆိုဆို၏။ အကယ်၍သင်သည် ရဟန်းသံဃာတော်ကိုရင်း၊ ငါ၏အမိအဘတို့ကိုရင်း၊ ကောင်းစွာပြုရလုပ်ကျွေးပြုံးအုံ့။ ဤအိမ်၌နေခြင်းငါရတတ်။ သင်သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေလင့်၊ ကောင်းစွာနေလော့ဟုဆိုလျှင် ထိုရေဝတီသည် ကောင်းပါပြီဟုဝန်ခံ၍ အနည်းငယ်မျှသော အခါကာလ၌ သဒ္ဓါကြည်ညိုသက်သေပြုပြစ်၍ လင်၏အလိုသို့လိုက်၏။ သားနှစ်ယောက်တို့ကိုမွေးဖွား၏။ ထိုနောက် နန္ဒိယ၏အမိအဘတို့သည် သေဆုံးကြကုန်၏။ တအိမ်လုံး၌ ရေဝတီသည် အစိုးရသည်ဖြစ်၍နေ၏။

နန္ဒိယဥပါသကာသည်လည်း အလှူကြီးရှင်ဒါနပတိဖြစ်၍ရဟန်းသံဃာတော်တို့အား အလှူကိုဖြစ်စေ၏။ နေ့စဉ်မပြတ်ဆွမ်းလောင်းခြင်းကိုပြု၏။ ခရိုးသွား အာဂန္တုတို့ကိုရင်း၊ သူတောင်းစား တို့ကိုရင်း၊ ကိုးကွယ်ရာမဲ့ အထည်းကျန်သူတို့ကိုရင်း၊ အိမ်တံခါးဝ၌ ထမင်း-ဟင်း-ပေးကမ်းခြင်း ပါဂဝတ်ကိုလည်းဖြစ်စေ၏။ ဣသိပတနကျောင်းတိုက်တော်အတွင်း၌ လည်း တိုက်ခန်းလေးခုတို့ဖြင့် တံဆာဆင်သော ဇရပ်ကြီးလေးဆောင်ကိုလည်း ဆောက်လုပ်၏။ ထိုဇရပ်ကြီးလေးဆောင်၌ ညောင်စောင်းအင်းပျဉ် ထိုင်ခုံ-စာပွဲခုံ-ဗျာသင်ဖြူး-ကော်ဇောအစရှိသောအခင်းတို့ကို ခင်း၍ ဘုရားအမှီးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေးလှူ၍ မြတ်စွာဘုရား၏လက်တော်၌ ဒက္ခိဏောဒက အလှူရေစက်ကို သွန်းချ၍ အပ်နှင်းလေ၏။

အလှူရေစက် သွန်းချသည်နှင့် တပြိုင်နက် တာဝတိံသာ နတ်ပြည်၌ အလျားအားဖြင့်ရင်း၊ အနံအားဖြင့်ရင်း၊ ထက်ဝန်းကျင်မှ တဆဲ့နှစ်ယူဇနာရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသော နတ်သို့အပေါင်းတို့ဖြင့် ကြွေးကြော် ကမ္ဘွန်းခြင်းရှိသော ဒိဗ္ဗပါသာဒနတ်ဗိမာန်ပြာသာဒ်ကြီးသည် ထင်ရှားစွာပေါ်လာလေ၏။ ။[သဟဒက္ခိဏောဒကဒါနေန တာဝတိံသဘဝနေ အာယာမတောစ၊ဝိတ္ထာရတောစ သမန္တာဒ္ဒါဒသယောဇနိကော၊ ယောဇနတုဗ္ဗေဓော သတ္တရတနမယော၊ အနေကရာဂဏသံယုတ္တော၊ ဒိဗ္ဗပါသာဒေါ ဥဒပါဒိ။] အဋ္ဌကထာ။ ။

အရှင်မဟာ မောဂ္ဂလာန်နှင့် ထေရ်မြတ်သည် နှတ်ပြည်သို့ အေးစာရိ လှည့်လည်တော်မူသောအခါ ထိုပြာသာဒ်ကိုမြင်၍လူ့ပြည်သို့ပြန်လာပြီး လျှင် ပရိသတ်လေးပါးအလယ်၌ မြတ်စွာဘုရားအား မေးလျှောက်၏။

ဘန္တေ၊ မြတ်စွာဘုရား။ ကတာပုညာနံ၊ ပြုပြီးသောကောင်းမှု ရှိသူတို့ အား။ မနုဿလောကေ၊ လူ့ပြည်၌။ ဌိတာနံယေဝ၊ တည်နေကုန်စဉ်ပင် လျှင်။ ဝါ၊ မသေသေးဘဲ။ဒိဋ္ဌသမ္ပတ္တိ၊ နှတ်ဘုံဖိမာန်သည်။ နိဗ္ဗတ္တတိ နုခေါ၊ ဖြစ်နိုင်ပါမည်လော မြတ်စွာဘုရား။ ဤသို့မေးလျှောက်သောအခါ၊ ချစ် သား–မောဂ္ဂလာန်၊ တာဝတိံသာနှတ်ပြည်၌ နန္ဒိယ၏ ပြာသာဒ်ကြီးကို သင်မြင်ခဲ့ပြီမဟုတ်လောဟု မိန့်တော်မူလျှင်၊ မြင်ခဲ့ပါပြီအရှင်ဘုရားဟု လျှောက်ကြားလေ၏။ ထိုအခါ၌ မြတ် စွာဘုရားသည် ဤဂါထာတို့ကို ဟောတော်မူ၏။

စိရပ္ပဝါသိ ပုရိသံ၊ ဒုရတောသောဏ္ဍိမာဂတံ။
ဥာတိမိတ္တာ သုဟဇ္ဇာစ၊ အာဘိနန္ဒန္တိ အာဂတံ။ ။
တထေဝ ကတာပုညမ္ပိ၊ အသ္မာလောကာ ပရံဂတံ။
ပုညာနိ ပဋိဂ္ဂဏ္ဍန္တိ၊ ပိယံဉာတိံ ဝအာဂတံ။ ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဒုရတော၊ ဝေးသောအရပ်မှ။ ဝါ၊ အဝေးရပ်ရွာ သွားနေရာမှ။ သောဏ္ဍိံ၊ ချမ်းသာစွာ။ အာဂတံ၊ ရောက် လာသော။ စိရပ္ပဝါသိံ၊ ကြာမြင့်စွာကွဲကွာကွေကွင်း၍နေသော။ ပုရိသံ၊ ယောကျ်ားကို။ ဥာတိမိတ္တာစ၊ဆွေမျိုးမိတ်သင်္ဂဟတို့သည်ဌင်း။သုဟဇ္ဇာ စ၊ နှလုံးကျွမ်းဝင်သောသူတို့သည်ဌင်း။ အာဂတံ၊ ရောက်လာသည်ကို။ အာဘိနန္ဒန္တိ၊ အလွန်နှစ်သက်ကြကုန်၏။ တထေဝ၊ ထို့အတူပင်လျှင်၊ ကတာပုညမ္ပိ၊ ပြုပြီးသောကုသိုလ်ကောင်းမှုရှိသူကိုလည်း။ အသ္မာလော ကာ၊ ဤလူ့ပြည်လောကမှ။ ဝါ၊ လူ့ဘုံဌာန ဤလောကမှ။ ပရံဂတံ၊ တမလွန်ဘဝသို့ သွားသောသူကို။ အာဂတံ၊ ရောက်လာသော။ ပိယံ ဉာတိံ ဝ၊ချစ်သောဆွေမျိုးကိုကဲ့သို့။ပုညာနိ၊ကောင်းမှုကုသိုလ်တို့သည်။ ပဋိဂ္ဂဏ္ဍန္တိ၊ ဆီးကြိုရှိခိုးယူကုန်၏။

နန္ဒိယဥပါသကာသည် ထိုတရားစကားတော်ကိုကြားရပြန်၍လွန်စွာ သာလျှင် ထပ်ခါထပ်ခါ မပြတ်သာလျှင် အလွန်တို့တို့လည်း ပေးလှူ၏။ ကောင်းမှုကုသိုလ်အမျိုးမျိုးတို့ကိုလည်းပြုလုပ်၏။ တနေ့သ၌ ထို **နန္ဒိယ**

ဥပါသကာသည် ကုန်သွယ်ရန်သွားလိုသည်ဖြစ်၍ **ရေဝတီ**ကို ဤသို့ဆိုဖ၏။ ရှင်မရေဝတီ၊ ငါလှူနေသောသံဃာဒါနအလှူကိုရင်း။ ကိုးကွယ်ရာမဲ့အထည်းကျန်သူတို့အား ထမင်းဟင်း ပေးကမ်းသော ပါဂဝတ်ကိုရင်း။ သင်သည် မမေ့မလျော့ဖြစ်စေလော့ဟုဆိုလျှင်။ ရေဝတီသည် ကောင်းပါပြီသခင်ဟုဝန်ခံ၍ ကောင်းစွာ စိုရင်စေပြီးလျှင် ကုန်သွယ်ရန် အရပ်တပါးသို့ ဖဲသွားလေ၏။ ထိုနန္ဒိယဥပါသကာသည် အရပ်တပါးသို့ရောက်ရာ၌လည်း၊ တည်းခိုနေရာ ဖြစ်ရာတို့၌ ရဟန်းတို့အားရင်း၊ ကိုးကွယ်ရာမဲ့သူတို့အားရင်း၊ တတ်အားသမျှ လှူဒါန်းပေးကမ်းခြင်းကိုပြု၏။ ထိုနန္ဒိယဥပါသကာကိုအစဉ်သနားခြင်းရှိကုန်သော ရဟန္တာအရှင်မြတ်တို့သည် အဝေးမှသော်လည်း လာ၍အလှူခံကြကုန်၏။

ရေဝတီသည်ကား ထိုအိမ်၌ နှစ်ရက် သုံးရက် မျှသာလျှင် အလှူကိုဖြစ်စေ၍ ကိုးကွယ်ရာမဲ့သူတို့အား ပေးကမ်းသော ထမင်းဝတ်ကိုလည်း ဖြတ်လေ၏။ ရဟန်းတို့အား လှူဒါန်းခြင်းကိုလည်း ဖြတ်လေ၏။ လှူသော်လည်း ဆန်ကွဲထမင်း ပုန်းရည်ဟင်းမျှဖြင့်ရဟန်းတို့အား လှူ၏။ ရဟန်းတို့ ဆွမ်းစားသောနေရာ၌ မိမိစားကြွင်းဖြစ်သော ငါးတုံး အမဲတုံး ငါးရိုး အမဲရိုးတို့ကိုရင်း၊ ထမင်းလုံးဟင်းဘတ်တို့ကိုရင်း ကြဲဖြန့်၍ ကြည့်ကြပါရှင်တို့။ ရဟန်းတွေပြုလုပ်ထားပုံကို ကြည့်လာကြပါ။ သဒ္ဓါ၍လှူသော ပစ္စည်းကို ဤကဲ့သို့စွန့်ပစ်၍သွားကြပါကုန်၏ဟူ၍ လူတို့ကိုပြုလေ၏။

[မကောင်းသောမိန်းမမျှားသည် ဤကဲ့သို့မဟုတ်မမှန် လုပ်ကြံသောစကားတို့ကိုပြောဆို၍ မလှူဘဲနှင့် လှူသကဲ့သို့ ထင်အောင် ပြုလုပ်တတ်ကုန်၏။ ထိုမျှပြောဆိုပြုလုပ်၍ ရဟန်းတို့ကိုဒုက္ခပြစ်ဆိုတတ်ကုန်၏။]

ထိုနောက် နန္ဒိယဥပါသကာသည် ကုန်သွယ်ရာမှရသော ဥစ္စာပစ္စည်းတို့ကို ဆောင်ယူ၍ ပြန်လာသောအခါ၊ ရေဝတီမိန်းမ ပြုလုပ်ပုံတွေကို အကုန်သိ၍ ရေဝတီမိန်းမယုတ်ကို ဘိုးမမှန်ထုတ်လေ၏။ ဒုတိယနေ့၌ ဘုရားအမှီးရှိသော သံဃာတော်တို့အား ပင့်ဖိတ်၍ ဆွမ်းကွေးပြီးလျှင် အမြဲဆွမ်းလောင်း၍နေသော နိစ္စဘတ်ကိုရင်း။ ကိုးကွယ်ရာမဲ့သူတို့အား ပေးကမ်းသော အနာထဘက်ကိုရင်း၊ ကောင်းမွန်စွာ ရှေးအတိုင်းဖြစ်စေ၏။ နှင်ထုတ်လိုက်သော ရေဝတီမိန်းမကို မိမိ၏ မိတ်ဆွေ အဘော်သဟာယတို့က ဆောင်ယူ၍ နန္ဒိယဥပါသကာ၏အိမ်သို့ ပို့လာကြပြီးလျှင် ကျေလည်အောင် တောင်းပန်ပြောဆိုသောကြောင့်၊ ဝတ်ရုံစားရုံ

မျှဖြင့် ထားသေး၏။ တဘိမ်လုံးခွ ရှေးကကဲ့သို့အစိုးတရပြုလုပ်ခွင့်မပေး တော့ပြီ။ ထိုနန္ဒိယဥပါသကာသည် နောက်အခါခွဲစုတော၍ တာဝတိံသာ နတ်ပြည် ဝယ်ရှေးဦးစွာပေါက်၍နေသော မိမိ၏ဘုံဗိမာန်ပြာသာဒ်ကြီးခွ နတ်သားဖြစ်လေ၏။

ရေဝတိမိန်းမယုတ်သည်ကား အလုံးစုံသော အလှဝတ်တို့ကို ဖြတ်လေ၏။ ထိုရေဝတိမိန်းမယုတ်သည် အသွေးဝတ်တို့ကို ဖြတ်ရုံမျှဖြင့် မနေသေး။ ဤရဟန်းတွေ၏ အစွမ်းအားဖြင့်၊ ငါ့အား ပစ္စည်း ဥစ္စာ ချမ်းသာ စည်းစိမ်မှ ယုတ်လျော့သည်ဟူ၍ ရဟန်းတို့ကို ဆဲဆိုလေ၏။ မြည်တွန်တောက်တီး ဖြစ်တီး ဖြစ်တောက် ဂရောက် ဂရက်ပြောဆို၏။ ထိုအခါခွဲ ဝေဿဝဏ္ဏာနတ်မင်းကြီးသည် ဘိလူးနှစ်ယောက်ဟူကိုခေါ်၍ အချင်းတို့ ယခုသွားကြကုန်လော့။ ဗာရာဏသီပြည်ခွ ရေဝတိမိန်းမယုတ်ကို ဤနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့ခွ အသက်ရှင်စဉ် ဖမ်းယူ၍ ငရဲဘုံခွ ပြစ်ချလိမ့်မည်ဟူ၍ ကြွေးကြော်ကြကုန်လော့-ဟူ၍စေခိုင်းလေ၏။ ထိုဘိလူးတို့ ကြွေးကြော်သောအသံကို ကြားကြသော လူအပေါင်းတို့သည် သံဝေဂစိတ် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်ကြကုန်၏။

ထိုအခါခွဲ ရေဝတီသည် ပြာသာဒ်ထက်သို့တက်၍ တံခါးကိုပိတ်၍ ခုနစ်ရက်မြောက်သောနေ့ခွ ထိုရေဝတီ မိန်းမယုတ်၏ မကောင်းမှုကံ တိုက်တွန်းရကား၊ ဝေဿဝဏ္ဏာနတ်မင်းကြီးကစေခိုင်းသော ဘိလူးကြီးနှစ်ကောင်တို့သည် ပြောင်ပြောင်တောက်သော ဆံပင် မုတ်ဆိတ်ရှိကုန်လျက်၊ ရှည်လျားရုံ့တွသော နှာခေါင်းရှိကုန်လျက်၊ ကော့သော အစွယ်ရှိကုန်လျက်၊ နီသော မျက်စိ ရှိကုန်လျက်။ မီးလျှံကဲ့သို့ ပြောင်ပြောင်တောက်သော အသား အဝရ အဝရောင် အဆင်းဖြင့် အလွန် ကြောက်မက်ဖွယ်ရှိသော ဘိလူးကြီးနှစ်ကောင်တို့သည်လာကြကုန်၍ ဤသို့ဆိုခဲ့ ဆောင်ယူကြကုန်၏။

မကောင်းမှုတရား အလွန်မျှားသော ဟဲ့-မိန်းမယုတ်-ယခုထလော့။ အပါယ်တခါး ပွင့်၍နေသော ဟဲ့-မိန်းမယုတ် ရေဝတီ- ယခုထလော့။ ပြာသာဒ် တံခါးကို.ပိတ်၍ နေ သော် လည်း ငရဲဘေးမှ နင်မလွတ်နိုင်။ ပေးကမ်းလှူဒါန်းလေ့မရှိသော ဟဲ့-ရေဝတီမိန်းမယုတ်။ ဆင်းရဲလှစွာ ကယ်ပါယူပါ တစာစာနှင့် အခါခါ အော်အင်ငြီးတွားမြည်နေရသော ငရဲဘုံသို့ နင့်ကိုဆောင်ယူ၍ပို့ကုန်အုံ့၊ ယခုထလော့ဟု ကြောက်မက်ဖွယ်

သော အသံကြီးဖြင့်ဆို၍ ထိုဘီလူးကြီးနှစ်ကောင်တို့သည် ရေဝတီကို လက်မောင်းနှစ်ဘက်တို့၌ တယောက်တဘက်စီ ဆွဲကိုင်၍ ဆောင်ယူ ကြကုန်၏။

ရေဝတီမိန်းမယုတ်သည် အသက်ရှင်စဉ်ပင်လျှင် ကယ်ကြပါ ယူ ကြပါ အခါခါအော်အင်မြည်တမ်းလျက် ဘီလူးကြီးနှစ်ကောင်၏ လက် တွင်းသို့ ပါသွားရလေ၏။ ထိုဘီလူးကြီး နှစ်ကောင်တို့သည် အလုံးစုံ သော လူအပေါင်းတို့မြင်ကြလေအောင် အလုံးစုံသော ဗာရာဏသီပြည် မြို့တွင်းလမ်းကို၌ လှည့်လည်၍ဆောင်ယူပြီးလျှင် ကောင်းကင်သို့တက် ၍ တာဝတိံသာနတ်ပြည် နတ်အပေါင်းတို့၏အထံသို့ဆောင်ယူကြကုန် ၏။ ထိုအကြောင်းကို ထင်စွာပြလို၍ ဤဂါထာတို့ကိုဟောတော်မူ၏။

ဥဒ္ဒေဟိရေဝတေ သုပါပဓမ္မေ၊ အပါရုတန္ဒါရေ အဒါနသီလေ။
နေသာမတံယဏ္ဍထုနန္တိ ဒုဂ္ဂတာ၊ သမဋ္ဌိတာနေရယိကာဒုကွေန။
ဣဒ္ဓေဝံဝတ္တာနယမသသဒ္ဒတာ၊ တေနေယကၠာလောဟိတကၠာပြုကန္ဒုဂ။
ပရေ့ကဗာဟာသုဂဟောတ္တာရေဝတံ၊ပက္ကာမယုံဒေဝဂဏာသသန္တိကေ။

သုပါပဓမ္မေ၊မကောင်းမှုတရားအလွန်မျှားသော။ရေဝတေ၊ ဟဲ့မိန်းမ ယုတ် ရေဝတီ။ အပါရုတန္ဒါရေ၊ အပါယ်တံခါးပွင့်လျက်နေသော။ ရေ ဝတေ၊ ဟဲ့–မိန်းမယုတ်ရေဝတီ။ အဒါနသီလေ၊ လှူဒါန်းလေ့မရှိသော။ ရေဝတေ၊ ဟဲ့–မိန်းမယုတ်ရေဝတီ။ ဥဒ္ဒေဟိ၊ ယခုထလော့။ ဒုဂ္ဂတာ၊ မကောင်းသော အ လား ရှိ ကုန် သော။ နေရယိကာ၊ ငရဲသူတို့သည်။ ဒုကွေန၊ ဆင်းရဲခြင်းဖြင့်။ သမဋ္ဌိတာ၊ နှိပ်စက်ခြင်း ပြည့်စုံကြကုန်၍။ ယဏ္ဍ၊ အကြင်ငရဲဘုံ၌။ထုနန္တိ၊ ကယ်ပါယူပါ တစာစာနှင့်အခါခါ အော် အင်ညီးတွားကြရကုန်၏။ တဏ္ဍ၊ ထိုငရဲဘုံသို့။ တံ၊ နင့်ကို။ နေသာမ၊ ငါတို့ဆောင်ပို့ကုန်အံ့။ ဣဒ္ဓေဝံ၊ ဤသို့။ ဝတ္တာန၊ ဆိုကြကုန်၍။ ယမသသ ဒ္ဒတာ၊ ယမမင်း၏တမန်နှင့်တူကုန်သော။ လောဟိတကၠာ၊ နီသောမျက်စိ ရှိကုန်သော။ ပြုဟန္ဒာ၊ ကြီးမားစွာကုန်သော။ တေနေယကၠာ၊ ထို ဝေဿဝဏ္ဏာ နတ်မင်းကြီး စေခိုင်းသော ဘီလူးကြီးနှစ်ကောင်တို့သည်။ ရေဝတံ၊ရေဝတီမိန်းမယုတ်ကို။ ပရေ့ကဗာဟာသု၊ တယောက်တဘက် လက်မောင်းတို့၌။ ဂဟောတ္တာ၊ ဆွဲကိုင်၍။ ဒေဝဂဏာသ၊ တာဝတိံသာ နတ်အပေါင်း၏။သန္တိကေ၊အထံသို့။ပက္ကာမယုံ၊ဆောင်ယူသွားကြကုန်၏။

ထိုဘီလူးကြီးနှစ်ကောင်တို့သည် တာဝတိံသာနတ်ပြည်ထို့ ဆောင်ယူပြီးလျှင် **နန္ဒိယနတ်သား**၏ ဘုံဗိမာန်အနီးဌာထားကြကုန်၏။ ရေဝတီသည် ရတနာခုနစ်ပါးတို့ဖြင့် ဖိတ်ဖိတ်တောက်လျက်နေဗိမာန်ကြီးကဲ့သို့ ထွန်းလင်း တောက်ပ၍ ရွှေကွန်ယက် ရွှေစာပြောက်တို့ ဖုံးလွှမ်းလျက်၊ နတ်သွီးအပေါင်းတို့နှင့် ဝန်းရံ၍နေသော နန္ဒိယနတ်သား၏ဘုံဗိမာန်ကြီးကို မြင်ရလေ၏။ ထိုအခါ၌ **ရေဝတီ** သည် တစိမ့်စိမ့်ကြည်ရွှ၍ စန္ဒကူးနံ့သာလိမ်းကျံလျက် အဝတ်တံဆာတို့ကို ကောင်းစွာ ဆင်မြန်းလျက်နေကြကုန်သော နတ်သွီးကလေးတွေကိုရင်း။ ရတနာဘုံဗိမာန်ကြီး၏ အတွင်းအပြင် တင့်တယ်တောက်ပလျက်ပျော်မွေ့ဘွယ်ရှိသည်ကိုရင်း-မြင်ရသည်ရှိသော၊ ထိုဘုံဗိမာန်ကြီး၌နေချင်သောစိတ်ဖြစ်၍ ဤသို့မေးမြန်းလေ၏။ ။အရှင်ဘီလူးမင်းတို့—၊ နေ၏အရောင်ကဲ့သို့ ထွန်းလင်းတောက်ပလျက် အတွင်း အပြင် တင့်တယ်ဖွယ်ရာ ရွှေစာပြောက် ရွှေကွန်ယက်တို့ဖြင့် ဖုံးလွှမ်းလျက် ရှုဘွယ်ဘနန်း ဆန်းကြယ်လှစွာသော ဘုံဗိမာန်ကြီးသည် အရှင်ဘီလူးမင်းတို့၏ဗိမာန်ပေလော။ အတွင်းအပလှပသောဘုံဗိမာန်ကြီးသည် အဘယ်သူ၏ဘုံဗိမာန်ကြီးနည်း စန္ဒကူး နံ့သာ လိမ်းကျံသော အပျိုကလေးတွေလည်း မျှားစွာရှိ၏။ ဤဘုံဗိမာန်ကြီးနည်း အဘယ်သူသည် မွေ့လျော်ပျော်ပါးစံစား၍နေပါသနည်း။

ဤသို့ရေဝတီမိန်းမ မေးမြန်းသောအခါ ဘီလူးတို့သည် ဤသို့ပြောဆိုကြကုန်၏။ ဤဘုံဗိမာန်ကြီးသည်ကား၊ ငါတို့၏ဘုံဗိမာန်ကြီးမဟုတ်။ ဗာရာဏသီပြည်၌ **နန္ဒိယ**အမည်ရှိသော ဥပါသကာသည်ရှိ၏။ ထိုနန္ဒိယဥပါသကာသည် ဝန်တို့စည်းလဲခြင်းမရှိ။ အလှူကြီးကိုပေးလှူတတ်သော ဒါနပတိအလှူကြီးရှင်ဖြစ်၏။ ထိုနန္ဒိယဥပါသကာ၏ ဘုံဗိမာန်ကြီးဖြစ်၏။ ထိုဘုံဗိမာန်ကြီး၌ စန္ဒကူးနံ့သာလိမ်းကျံသော နတ်သွီးကလေးတို့သည် ရှိကြကုန်၏။ ထိုဘုံဗိမာန်ကြီး၌ နန္ဒိယသည် မွေ့လျော် ပျော်ပါး စံစား၍ နေ၏ဟူ၍ ပြောဆိုကြကုန်၏။

ထိုစကားကိုကြားရလျှင် **ရေဝတီ** မိန်းမသည် ဤသို့ပြောဆိုလေ၏။ အရှင်ဘီလူးမင်းတို့။ အာဠာနှိုပ်သည် နန္ဒိယ၏မယားဖြစ်ပါ၏။ တဘိမ်လုံးကို အစိုးရ၍နေပါ၏။ အာဠာနှိုပ်၏လင်ဖြစ်သော နန္ဒိယဗိမာန်၌ မွေ့လျော်ပျော်ပါး၍နေပါအုံး။ အာဠာနှိုပ်ကိုငရဲပြည်သို့မပို့ကြပါကုန်လင့်။ အာဠာနှိုပ်သည် ငရဲပြည်၌နေလိုမည်ကား ဝေးလေစွ။ မြင်ရုံမျှ မမြင်လိုပါ။ ဤသို့

ရေဝတီမိန်းမပြောဆိုသောအခါ ဘီလူးကြီးတို့သည်ဤသို့ဆိုကြ၏။ မကောင်းမှုတရား အလွန်များသော ဟဲ့-ရေဝတီမိန်းမယုတ်။ နင်သည် လူ့ပြည်၌ကုသိုလ်ကောင်းမှုကိုမပြုလုပ်။ ဝန်တို့စည်းလဲ လိမ်လည်လှည့်စား သူတပါးတို့ကို ပြစ်မှားချုပ်ချယ်တတ်သော မကောင်းမှုကိုသာ သင်ပြုလုပ်၏။ မကောင်းမှုကိုပြုလုပ်သောသူသည် နတ်ပြည်၌နေခြင်းကို မရနိုင်။ ဤငရဲပြည်သည်သာလျှင် နင်၏နေရာဖြစ်၏ဟုဆို၍ နန်ဒယ၏ ဗိမာန်ကိုပြုပြီးလျှင် ဥဿဒငရဲအနိုးသို့ပို့၍ ထိုနေရာ၌ပင်လျှင် ကုယ်ပျောက်သွားကြကုန်၏။

ထိုအခါ၌ ထိုဘီလူးကြီးနှစ်ကောင်နှင့်အလားတူစွာသော နိုရယပါလ ငရဲထိန်းနှစ်ယောက်တို့သည် သံသာဝကအမည်ရှိသော မစင်ကျင်ကြီး ကျင်ယပ်ရေတို့ဖြင့်ပုပ်၍နေသော ဂူထဝရဲသို့ ပြစ်ချခြင်းငှါ ဆောင်ယူ သွားကြကုန်၏။

[တေဒေယကဿာ တဏ္ဍေဝန္တာ ရဓာယိ သု။ တံသဒ္ဒိသေပနနိုရယပါ လာ သံသာဝကေနာမဂူထနိုရယေ ပက္ခိပိတုံအာကဗ္ဗေန္တု]။ ဝိမာန ဝတ္ထု အဋ္ဌကထာ။ ။

ဤသို့ငရဲထိန်း နှစ်ယောက်တို့သည် ဆွဲငင်၍ သွားကြသော အခါ ရေဝတီမိန်းမသည် အကျွန်ုပ်ကိုငရဲသို့ မပို့ကြပါကုန်လင့်။ အကျွန်ုပ် လင်ယောကျ်ားနေသော ဘုံဗိမာန်၌ နေပါရစေ-စသည်ဖြင့် မြည်တမ်း ပြောဆိုလျက်ပါသွားရလေ၏။ ဂူထဝရဲအနိုးသို့ရောက်သောအခါ မစင် နံ့တို့ဖြင့် တလျှောင်းလျှောင်း နှာခေါင်းဝသို့တိုးလာ၍ လွန်စွာနံစော်ပုပ် ဟောင်လှသောအနံ့ရှိသော ကျင်ကြီးကျင်ယပ် မစင်မကြည် ရွံ့ရာ ဘွယ်တို့ကိုမြင်ရသော ရေဝတီသည် ဤသို့မြည်တမ်း၍ မေးမြန်းလေ၏။ [အမယ်လေးနံစော်လှချေရဲ့ ဘီလူးမင်းတို့ရဲ့။ ဘဲ့နှယ်အနံ့ကြီး နံပါ လိမ့်မည်နည်း။ မစင်တွေ ကျင်ကြီးတွေပါကလား ဘီလူးမင်းတို့ရဲ့။ မကောင်းသောအနံ့ကြီး နံစော်လှချေရဲ့ ဘီလူးမင်းတို့ရဲ့။ ဘွဲ့နဲတော်မ ကို ဤငရဲအတွင်းသို့ မပြစ်ချပါနှင့်ဘီလူးတို့ရဲ့။ အမယ်လေး ကြောက် လှချေရဲ့ ဘီလူးမင်းတို့ရဲ့]။ ဤသို့စသည်ဖြင့် ပလိပလာ လိမ်ညာလျှောက် ကောက်ညာလျှောက် ပလီညာလျှောက် ပွေလှသော ရေဝတီ မိန်းမယုတ်၏ မြည် တမ်းပုံကို အကျဉ်းချုံး၍ ပြလိုရကား၊ ဤဂါထာကိုဟောတော်မူ၏။

ကိုံနှုဂုထဇ္ဇမရတ္တဇ္ဇ၊ အသုစိ ပဋိဒိသတိ။
ဒုဂ္ဂန္ဓံ ကိမိဒံမိဇ္ဇံ။ ကိမေတံ ဥပဝါယတိ။ ။

ကိုံနှ၊ ဘာဝရဲ့ခေါ်ပါသနည်း။ ဂုထဇ္ဇ၊ မစင်တွေကိုလည်း။ ပဋိဒိသတိ၊ မြင်ရပါ၏တကား။ မုတ္တဇ္ဇ၊ ကျင်ယဉ်တွေကိုလည်း။ 'ပဋိဒိသတိ၊ မြင်ရချေ၏တကား။ အသုစိ'စ၊ မစင်မကြယ် ရွံ့ဂျာဘွယ်ကိုလည်း။ ပဋိဒိသတိ၊ မြင်ရချေ၏တကား။ ဣဒံမိဇ္ဇံ၊ ဤမစင်ကျင်ကြီးတွေသည်။ ကိုံဒုဂ္ဂန္ဓံ၊ ဘယ်ကဲ့သို့အနံ့ဆိုးကြီးနံ့စော်ပါလိမ့်မည်နည်း။ ဘဲ့နှယ်အနံ့ဆိုးကြီးနံ့ပါလိမ့်မည်နည်း။ ဇီတံ၊ ဤမစင်ကျင်ကြီးကျင်ယဉ်, ရွံ့ဂျာဘွယ်သည်။ ကိုံဥပဝါယတိ၊ ဘယ်လို အနံ့ဆိုးတွေလှိုင်၍ နေပါသနည်း။ [အမယ်လေး နံ့စော်လှချေရဲ့၊ ဘဲ့နှယ် အနံ့ဆိုးကြီးနံ့ပါလိမ့် မည်နည်းဟူ၍ မြည်တမ်းလျက်မေးသည်ဟူလို]။ ။ထိုအခါ၌ ဇရဲထိန်းတို့သည် ထိုဇရဲ၏အကြောင်းကို ဤဂါထာဖြင့် ပြောဆိုကြကုန်၏။

ဇေသမ်သာဝကောနာမ၊ ဂန္ဓိရောသတပေါရိသော။
ယဏ္ဍဝဿသဟဿာနိ၊ ဝုဝံပစ္စသိရေဝတေ။ ။

ရေဝတေ၊ လိမ်လည်လှည့်စား ကောက်ညာလိမ်ချား၍ စကားပွေလီရေဝတီ။ ဇေသဇေသော၊ ဤဇရဲသည်။ သံသာဝကောနာမ၊ ကျင်ကြီးကျင်ယဉ် ရွံ့ဂျာဘွယ်တို့ ဘယ်ခါမပြတ် ရှိစီးတတ်သော သံသာဝကဇရဲ မည်၏။ သတပေါရိသော၊ အသူတရော။ ဂန္ဓိရော၊ နက်၏။ ယဏ္ဍ၊အကြင် အသူတရာနက်လှစွာသော မစင်ကျင်ကြီးတွင်းဝ၌။ ဝဿသဟဿာနိ၊ နှစ်ပေါင်းတထောင်ကာလပတ်လုံး။ ဝုဝံ၊ သင်သည်။ ပစ္စသိ၊ ကျက်ရလတံ့။ [အသူတရာနက်သောမစင်ကျင်ကြီး ကျင်ယဉ် ရွံ့ဂျာဘွယ် နံ့စော်လှစွာသော သံသာဝကအမည်ရှိသော ဂုထဇဇရဲတွင်းကြီးထဲ၌နှစ်ပေါင်းတထောင် ဆင်းရဲစွာခံ၍နေရလိမ့်မည်ဟူလို]။ ။ဤသို့ဇရဲ၏ထိန်းတို့က ပြောဆိုသောအခါ၊ ဒီဒီလိမ်လည် လှည့်စား ကောက် ညာလိမ် များ နှင့် မတရားပြုလုပ်သောမကောင်းမှုတို့ကို ဤဇရဲ၏ထိန်းတို့မသိနိုင်ဘူးမှတ်ထင်၍ ပလီပလာ ဤဂါထာတို့ဖြင့် မေးပြန်လေသတည်း။

ကိုံနုကာယေနဝါစာယ၊ မနသာဒုက္ကဋံကတံ။
ကေနသံသာဝကောလဒ္ဓေါ၊ ဂန္ဓိရောသတပေါရိသော။ ။

မယာ၊ ကျွန်တော်မသည်။ ကိုံနှ၊ အာဘယ်သို့ပြုလုပ်ပါသနည်း။ ကာယေနှ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယ၊ နှုတ်ဖြင့်ရင်း။ မနသာ၊ စိတ်ဖြင့်ရင်း။ ကိုံဒုက္ခရုံ၊ အာဘယ်မကောင်းမှုကို။ ကတံနှ၊ ပြုလုပ်ပါသနည်း။ ။ [ကျွန်တော်မသည် အာဘယ်မကောင်းမှုကို ပြုလုပ်ပါသနည်း။] ကေနှ၊ အာဘယ် ကြောင့်။ သတပေါရိသော၊ အသူတရာ။ ဂန္ဓိရော၊ နက်သော။ သံသာဝကော၊ မစင်တွင်းကို။ လဒ္ဓေါ၊ ခံရပါသနည်း။

[အသူတရာနက်သောမစင်တွင်းငရဲ၌ ကျွန်တော်မ အာဘယ် ကြောင့် ခံရမည်နည်း။ ကျွန်တော်မ ဘယ်မကောင်းမှုကိုပြုလုပ်၍ ခံရမည်နည်း။ ကျွန်တော်မ ပြုသော မကောင်းမှုကို ။အရှင်တို့ ပြောပါသလော။ ။ဤသို့ ဆိုးတီးရားတား လှည့်စားလိမ်လည်ကာ၊ ပလိပလာမေးလေသတည်း]။

ထိုအခါ၌ ငရဲထိန်းတို့သည် ပလိပလာ လှည့်စားကာ ပြုလုပ်သော ရေဝတီမိန်းမယုတ်၏လှည့်စားလိမ်လည်မှုကို ဤဂါထာဖြင့် ထုတ်ဆော်၍ ပြောကြကုန်၏။

သမဏောဗြဟ္မဏောစာပိ၊ အညေဝါပိ ဝနိဗ္ဗကေ။
မုသာဝါဒေနဝဉ္ဇေသိ၊ တံပါပံ ပဂတံတယာ။ ။
တေနသံသာဝကောလဒ္ဓေါ၊ ဂန္ဓိရောသတပေါရိသော။
တဏ္ဍ ဝဿ သဟာဿာနိ၊ တုဝံပစ္စသိရေဝတေ။ ။

ရေဝတေ၊ လိမ်လည်လှည့်စား ကောက်ညွှတ်များ၍ စကားပွေလီ ရေဝတီ။ သမဏောစ၊ ရဟန်းတို့ကိုရင်း။ ဗြဟ္မဏောစ၊ ပုဏ္ဏားတို့ကိုရင်း။ အညေဝါပိ၊ ထိုမှတပါးကုန်သော။ ဝနိဗ္ဗကေစ၊ သူတောင်းစားတို့ကိုရင်း။ မုသာဝါဒေန၊ ပလိပလာ မုသာဝါဒဖြင့်။ ဝဉ္ဇေသိ၊ လိမ်လည်လှည့်စား၏။ တံပါပံ၊ ထိုမုသာဝါဒ မကောင်းမှုကို။ တယာ၊ သင်သည်။ ပဂတံ၊ ပြုလုပ်၏။ တေနှ၊ ထိုကြောင့်၊ သတပေါရိသော။ အသူတရာ၊ ဂန္ဓိရော၊ နက်သော။ သံသာဝကော၊ မစင်ပုပ်တွေ တစိမ်းနေသော သံသာဝက ဂူထဝေကို။ လဒ္ဓေါ၊ ခံရ၏။ တဏ္ဍ၊ ထိုဂူထဝေ၌ မစင်ထဲ၌။ ဝဿသဟာဿာနိ၊ နှစ်ပေါင်းတထောင်တို့ပတ်လုံး။ တုဝံ၊ သင်သည်။ ပစ္စသိ၊ ကျက်ရ လတံ့။

ပလိပလာ မာယာဥာဏ်များ စကားပွေလီ ရေဝတီ။ သင်သည် ရဟန်းပုဏ္ဏားတို့ကိုရင်း။ သူတောင်းစားတို့ကိုရင်း။ ထိုမှတပါးသော

လူတို့ကိုဂင်း။ လိမ်လည် လှည့်စား၏။ ထိုလိမ်လည် လှည့်စားသော မကောင်းမှုကို သင်ပြုလုပ်၏။ ထိုကြောင့် အသူတရာ နက်လွန်စွာသော မစင်တွင်းကြီးထဲ၌ နှစ်ပေါင်းတထောင်ခံရလတံ့။ ဤမျှသာမဟုတ်သေး။ မစင်တွင်းကြီးထဲ၌ နှစ်မြုတ်၍နေရာမှ ပေါ်လာသောအခါ လက်ပြတ် ခြေပြတ် နား-နှာခေါင်းတို့ပါ အပိုင်းအပိုင်းပြတ်အောင် လီးဖြတ်ခြင်းကို လည်း ခံရလတံ့။ သုံးဂါဂုတ်မျှ ကိုယ်ရှိသော ကျီးငှက်တို့သည်လည်း ဝိုင်းဝန်းကျရောက်လာ၍ သင်၏အသားကို သံဖြင့်ပြီးသောရဲရဲတောက် သော သံနှုတ်သီးတို့ဖြင့် ထိုးဆိတ်၍ စားကြကုန်လတံ့-ဟူ၍ ပြောဆို ကြကုန်၏။

ဟာဏ္ဍပိဆိန္ဒန္တိ အထောပိပါဒေ၊ ကဏ္ဏောပိဆိန္ဒန္တိ အထောပိနာသံ။
ကာကောလဂဏာသမေစ္စ၊ သင်္ဃမ္မခါဒန္တိ ဝိပ္ပန္နမာနံ။ ။

ရေဝတော၊ ပလိပလာ မုသာဝါဒ ဥာဏ်မျှားလ၍။ သမဏဗြဟ္မဏာ၊ လူမျှားစွာကို မာယာဥာဏ်မျှား လှည့်စားတတ်သော စကားပွေလီ ရေဝတိ။ တော၊ သင်၏။ ဟာဏ္ဍပိ၊ လက်တို့ကိုလည်း။ ဆိန္ဒန္တိ၊ ငရဲထိန်း ကို့က ဖြတ်ကြကုန်၏။ ပါဒေပိ၊ ခြေတို့ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန် ၏။ ကဏ္ဏောပိ၊ နားတို့ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ နာသံပိ၊ နှာ ခေါင်းကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ ကာကောလဂဏာ၊ သုံးဂါ ဂုတ်မျှကိုယ်ရှိသောကျီးငှက်အပေါင်းတို့သည်။ သမေစ္စ၊ စုဝေး၍။ သင်္ဃမ္မ၊ လာကြကုန်၍။ ဝိပ္ပန္နမာနံ၊ တုံလုပ်လျက်နေသောသင်၏ကိုယ်ကို။ ခါဒန္တိ၊ ထိုးဆိတ်၍စားကြကုန်၏။

ဤသို့ငရဲထိန်းကို့က ပြောဆိုသောအခါ ရေဝတိမိန်းမသည် ထိုထို ဤဤ ပလိပလာ ဝိုကြွေးမြည်တမ်းလျက် အခ္ဂ်ာဘိလူးမင်တို့ရဲ့ ကွန် တော်မကို လူ့ပြည်သို့တဘန် ပြန်၍ပို့ကြပါ။ လူ့ပြည်သို့ရောက်သော အခါ ဗါနုသိလစသော ကုသိုလ်ကောင်းမှုကို့ကို မျှားစွာပြုပါတော့အုံ့။ အခ္ဂ်ာဘိလူးမင်းတို့ကိုတောင်းပန်ပါ၏။ ကွန်တော်မကို လူ့ပြည်သို့ပြန်၍ ပို့ကြပါ။ ဤသို့စသည်ဖြင့် မြည်တမ်းဝိုကြွေးလျက် တောင်းပန်စကား ပြောကြားသောအခါ၊ ငရဲထိန်းတို့က ရေဝတိမိန်းမကို ဤသို့ဆိုပြန်၏။ [သင်သည် ရှေးအခါက မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်းတန်းနေ၍ယခု အခါ ငရဲတုံကိုမြင်ရမှ ဝိုကြွေး၍တောင်းပန်၏။ သင်တောင်းပန်သော

လည်း သင်၏မကောင်းမှုကံတို့ကဆွဲငင်၍နေသောကြောင့်၊ ငါတို့လည်း လူ့ပြည်သို့မပို့နိုင်တော့ပြီ။ မိမိပြုသော မကောင်းမှုကံတို့၏ အကျိုးကို မိမိသာလျှင် ခံရမြဲဖြစ်၍၊ လူ့ပြည်၌နေလျက် သင်ပြုသောမကောင်းမှုကံတို့ကို သင်သည်သာလျှင် ခံရလတံ့-ဟူ၍ပြောဆိုကြကုန်၏။

ဤသို့ရေဝတီမိန်းမ ငိုကြွေးလျက် ပလီ ပ လာ တောင်း ပန် သော အကြောင်းကိုရင်း၊ ငရဲထိန်းတို့က ပြောဆိုသော အကြောင်းကိုရင်း၊ ထင်ရှားစွာပြလို၍ ဤဂါထာတို့ကိုဟောတော်မူ၏။

သာဓုခေါ်မံ ပဋိနေထ၊ ကာဟာမိကုသလံ ဗဟုံ။
ဒါနေနသမစရိယာယ၊ သံယမေန ဒမေနစ။
ယံကတ္တာ သုခိတာဟောန္တိ၊ နစပစ္ဆာနုတပ္ပရေ။ ။

ဘန္တေ၊ အရှင်ဘိလူးမင်းတို့။ သာဓု၊ တောင်းပန်ပါ၏။ မံ၊ ကျွန်တော်မကို။ ပဋိနေထ၊ လူ့ပြည်သို့တာဘန်ဆောင်၍ ပို့ကြပါကုန်လော့။ ယံ၊ အကြင်ကုသိုလ်ကောင်းမှုကို။ ကတ္တာ၊ ပြု၍။ သုခိတာ၊ ချမ်းသာကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နစပစ္ဆာနုတပ္ပရေ၊ နောင်တ-တာဘန်မပူပန်ရကြကုန်။ တံကုသလံ၊ ထိုကုသိုလ်ကောင်းမှုကို။ ဗဟုံ၊ များစွာ။ ကာဟာမိ၊ ပြုပါတော့အုံ့။ ဒါနေနစ၊ အလှူပေးသဖြင့်ရင်း။ သမစရိယာယစ၊ ကောင်းစွာကျင့်သဖြင့်ရင်း။ သံယမေနစ၊ သီလစောင့်သဖြင့်ရင်း။ ဒမေနစ၊ ကိုယ်ကိုဆုံးမခြင်းဖြင့်ရင်း။ ကုသလံ၊ ကုသိုလ်ကို။ ဗဟုံ၊ များစွာ။ ကာဟာမိ၊ ပြုလုပ်ပါတော့မည် အရှင်ဘိလူးမင်းတို့ရဲ့။

ဤသို့ရေဝတီမိန်းမ ပြောသောအခါ ငရဲထိန်းတို့က ဤဂါထာဖြင့် ပြောကုန်၏။

ပုရေတုဝံ ပမဇ္ဇိတ္တာ၊ ဣဒါနိ ပရိဒေဝသိ။
သယံ ကတာနံ ကမ္မာနံ၊ ဝိပါကံအနုဘောဿသိ။ ။

ပုရေ၊ ရှေးအခါ၌။ တုဝံ၊ သင်သည်။ ပမဇ္ဇိတ္တာ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေ၍။ ဣဒါနိ၊ ယခုမှ။ ပရိဒေဝသိ၊ ငိုကြွေးဘိ၏။ သယံ ကတာနံ၊ မိမိပြုလုပ်ကုန်သော။ ကမ္မာနံ၊ မကောင်းမှုကံတို့၏။ ဝိပါကံ၊ အကျိုးကို။ အနုဘောဿသိ၊ သင်သည်သာလျှင် ခံစားရပေလတံ့။

ဤသို့ငရဲထိန်းတို့ကပြောသောအခါ ရေဝတီမိန်းမသည် အကြိုင်ကြိုမ အဘန်ဘန် တောင်းပန်၍ မရသောကြောင့်၊ ထွေထွေ လာလာ ပြောဆိုလျက်၊ ဤသို့ငိုကြွေးမြည်တမ်းလေ၏။ [နတ်ပြည်ကနတ်သားများသည်

လူ့ပြည်သို့လာ၍ ရှေးအခါက ဘယ်သူပြောလာပါသနည်း။ ဘယ်သူမှ မပြောလာပါတကား။ အလှူပေးကြကုန်။ အဝတ်သက်နီးကိုလှူကြကုန်။ ဆိပ်ရာနေရာကိုလှူကြကုန်။ ထမင်း ဟင်း အဖျော်ရည်ဘွယ်ဘောဇဉ်တို့ကို လှူကြကုန်။ ဒိဋ္ဌိဥစ္ဆာကို နှမြောဆုံမက် မလှူရက်၍ ဂ္ဂါ၂ဝက်ထားသောသူ သည်ရင်း။ သူတပါးတို့အား ချုပ်ချယ် စောင်းမြောင်း မကောင်းကြံ သောသူသည်ရင်း။ ယုတ်မာသော မကောင်းမှု အကျင့်ရှိသောသူသည် နတ်ပြည်သို့မရောက်နိုင်။ ဤသို့အလှူပေးရမည်ဟူ၍ ငါ့အား ဘယ်သူမှ မပြောလာပါတကား။]

အလှူပေးသောသူတို့သည် နတ်ပြည်၌ နတ်စည်းစိမ်ကို စံစားလျက် နေသည်ကို ယခုငါကိုယ်တိုင်မြင်ခဲ့ရပါ၏တကား။ ငါသည် လူ့ပြည်၌ နေရသည်ရှိသော်၊ သူတော်ကောင်းတို့ဟောကြားသော တရားစကား ကို ကောင်းစွာနာယူ သိ, ကြား, လျက် မျှားစွာသောကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ပါတော့အုံ့။ ငါးပါးသီလကို အမြဲဆောက်တည် စောင့်သုံး ပါတော့အုံ့။ အလှူပေးခြင်းကောင်းစွာကျင့်ခြင်း။ကိုယ့် စိတ်ကိုဆုံးမခြင်း ဖြင့် ကောင်းစွာနေပါတော့အုံ့။ ရဟန်းသံဃာတော်တို့စားသုံးရန် သစ် သီး ဥယျာဉ် ပန်းဥယျာဉ် တို့ကိုလည်း ဖိုက် ပျိုး ပါ တော့ အုံ့။ လမ်း မကောင်းသောနေရာ၊ မသွားနိုင်သောလမ်းတို့၌ တံတားကိုလည်း ခင်း ပါမည်။ ရေသောက်ရန် ရေအိုးစင်ကိုလည်း လင်းဆုံ လမ်းမတို့၌ ဆောက်လုပ်လှူဒါန်းပါတော့မည်။ ရေတွင်းကိုလည်း တူးပါမည်။ ငါ သည် လူ့ပြည်သို့ရောက်ပါမူကား လဆန်းရှစ်ရက်၊ လဆုတ် ဂ ရက် လပြည့်လကွယ် ဥပုသ်နေ့တို့၌ ဥပုသ်သီလကို အင်္ဂါရှစ်ပါးနှင့်ပြည့်စုံစွာ မပျက်မကွက်စောင့်သုံးမည်။ လဆန်း ခုနစ်ရက် ကိုးရက်နေ့ တို့၌ပင်း။ လဆုတ် ခုနစ်ရက် ကိုးရက်နေ့တို့၌ပင်း။ လပြည့် လကွယ် အကြိုနေ့ အထွက်နေ့တို့၌ပင်း။ ရှစ်ပါးသီလဥပုသ်ကို စောင့်ပါတော့အုံ့။ အခါခပ် သိမ်း ငါးပါးသီလကို အမြဲစောင့်သုံးပါတော့မည်။ ငါသည် လူ့ပြည်သို့ ရောက်ပြီးအုံ့။ အလှူပေးခြင်းဖြင့် မမေ့မလျော့ မပေါ့မတန် အကျင့် မှန်နှင့် ကောင်းစွာနေပါတော့အုံ့။] ဤသို့ဝိုင်ကြေးမြည်တမ်းလျက်ပြောဆို လေ၏။

ဤသို့ရေဝတီမိန်းမသည် အသက်ရှစ်ဦးပင်လျှင် ဘီလူးကြီးနှစ်ကောင် ဆောင်ယူ၍လင်ယောကျ်ားနန္ဒိယ၏ဘုံဗိမာန်ကိုပြုပြီးမဥ္ဇဿဒေဝရဲ့အနီးဌ

ချထားသောအခါ၊ ငရဲထိန်းတို့လာ၍ မစင် ဘင်ပုပ်တို့ ပြည့်၍နေသော ဂူထဝရဲကိုပြသောအခါ လွန်စွာကြောက်လှ၍ ထွေထွေလာလာပြောဆို တောင်းပန်၍ မရသောကြောင့်၊ နောင်တ,ရသဖြင့် ပြောဆို မြည်တမ်း သော အကြောင်းတို့ကို ထင်ရှားစွာ ပြတော်မူခြင်းငှါ ဤဂါထာတို့ကို ဟောတော်မူ၏။

သာဟံနုန ဣတောဂတ္မိ၊ ယောနိ'လဒ္ဓါန မာနုသံ။
ဝဒညု။သိလသမ္ပန္နာ၊ ကာဟာမိကုသလံ ဗဟုံ။ ။
ဒါနေနသမစရိယာယ၊ သံယမေန ဒမေနစ။
အာရာမာနိစရောပိသံ၊ ဒုဋ္ဌေသက်မနာနိစ။
ပပ္ဓဉ္ဉဒပါနဉ္စ၊ ဝိပ္ပသန္နေနစေတသာ။ ။
စတုဒ္ဒသိ'ပဉ္စဒသိ'၊ ယာစပက္ခသသအဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္'သုသမာဂတံ။ ။
ဥပေါသထံ ဥပဝသိသံ၊ သဒါသိုလေသု သံဝုတာ။
နစဒါနေ ပမဇ္ဇိသံ၊ သာမံဒိဋ္ဌမိဒံမယာ။ ။

သာဟံ၊ ထိုငါသည်။ ဣတောဂ၊ ဤငရဲဘုံမှ။ ဂတ္မိ၊ သွား၍။ မာနုသံ ယောနိ'၊ လူ့ဘဝကို။ လဒ္ဓါန၊ ရ၍။ ကုသလံ၊ ကုသိုလ်ကောင်းမှုကို။ ဗဟုံ၊ များစွာ။ ကာဟာမိ၊ ပြုပါတော့မည်တကား။ ပြုရလိမ့်မည်ပါ တကား။ ဝဒညု။၊ သူတော်ကောင်းတို့၏တရားစကားကို သင်ကြားနား လည်သည်ဖြစ်၍။ သာဟံ၊ ထိုငါသည်။ သိလသမ္ပန္နာ၊ အကျင့်သိုလနှင့် ပြည့်စုံစွာ။ ကာဟာမိ၊ ပြုလုပ်ပါတော့အုံ။ ဒါနေနစ၊ အလှူပေးသဖြင့် ၎င်း။ သမစရိယာယစ၊ ကောင်းစွာကျင့်သဖြင့်၎င်း။ သံယမေနစ၊ သိုလ စောင့်သဖြင့်၎င်း။ ဝါ၊ ကိုယ်နှုတ်စိတ်ကို ဆိုးပါတ်သိမ်းဆည်း စောင့် စည်းခြင်းဖြင့်၎င်း။ ဒမေနစ၊ ကိုယ်ဣန္ဒြေကို ဆုံးမခြင်းဖြင့်၎င်း။ ဗဟုံ၊ များစွာသော။ ကုသလံ၊ ကုသိုလ်ကောင်းမှုကို။ ကာဟာမိ၊ ပြုလုပ်ပါ တော့အုံ။ အာရာမာနိစ၊ ရဟန်းသံဃာတော်တို့စားသုံးရန် သရက် ဥယျာဉ် သရက်ခြံ ပိန်းနဲဥယျာဉ်တို့ကိုဝင်း။ ရောပိသံ၊ စိုက်ပျိုးပါ တော့အုံ။ဒုဋ္ဌေ၊ လူသွားခြင်းငှါခဲယင်းစွာသောခရီးလမ်းခွ။ သက်မနာနိစ၊ တံတားတို့ကိုလည်း။ ကာဟာမိ၊ ပြုလုပ်ပါတော့မည်။ ဥဒပါနဉ္စ၊ ရေ တွင်းကိုလည်း။ ကာဟာမိ၊ တူးဖော် ပြုလုပ်ပါတော့အုံ။ ဝိပ္ပသန္နေန၊

ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ ကုသလံ၊ ကုသိုလ်ကောင်းမှု ကို။ ဗဟုံ၊ များစွာ။ ကာဟာမိ၊ ပြုလုပ်ပါတော့မည်။

စတုဒ္ဒသီ၊ တဆဲ့လေးရက် ဥပုသ်နေ့ခ၌ဝင်း။ ပဉ္စဒသီ၊ တဆဲ့ငါးရက် ဥပုသ်နေ့ခ၌ဝင်း။ ပက္ခဿ၊ လဆန်းပက္ခ လဆုတ်ပက္ခ၏။ ယာဝ အဋ္ဌမီ၊ အကြင်ရှစ်ရက်နေ့သည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရှစ်ရက်နေ့ခ၌ဝင်း။ ပါဋိဟာရိယပက္ခဉ္စ၊ အဘိတ်နေ့ အထွက်နေ့ အကြိုနေ့ အပိုနေ့ခ၌ဝင်း။ အဋ္ဌင်္ဂ၊အင်္ဂါရှစ်ပါးကို။ သုသမာဂတံ၊ ကောင်းစွာပြည့်စုံစေလျက်။ ဥပေါသထံ၊ ရှစ်ပါးသီလဥပုသ်ကို။ ဥပဝသိဿံ၊ စောင့်သုံး၍နေပါတော့အုံ့။ သဒါ၊ အခါခပ်သိမ်းအမြဲမပျက်။ သီလေသု၊ ငါးပါးသီလတို့၌။ သံဝုတာ၊ ကောင်းစွာလုံခြုံအောင် စောင့်စည်းလျက်။ ကုသလံ ကုသိုလ်ကောင်းမှုကို။ ဗဟုံ၊ များစွာ။ ကာဟာမိ၊ ပြုလုပ်ပါတော့အုံ့။

ဤသို့လျှင် ဇရေထိန်းတို့၏ လက်တွင်းခ၌ အသက်ရှင်လျက်နေသော ရေဝတီ မိန်းမသည် လွန်စွာကြောက်လန့် တုံလှုပ်လျက်၊ လူ့ပြည်သို့ ရောက်ပါလျှင်၊ ဥပုသ်စောင့်ပါတော့မည်။ အလှူပေးပါတော့မည်။ ရေတွင်းတူးပါတော့မည်။ ရေချမ်းစင် တယ်ပါတော့မည်။ ဤသို့စသော စကားတို့ကိုထွေထွေလာလာပြောဆိုမြည်တမ်းလျက်ပင်လျှင်ကြောက်မက်ဖွယ်ရှိသော မစင်တွင်းကြီးထဲသို့ ဦးခေါင်းစောက်ထိုး၊ ခြေကားမိုးမျှော်ကိုင်လျက် ပြစ်ချလိုက်လေ၏။ ထိုအကြောင်းကို ထင်စွာပြတော်မူလိုသော သင်္ဂါယနာတင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ အစရှိသော မထေရ်ရဟန္တာ အရှင်တို့သည် ဤဂါထာကို ဟောတော်မူကြကုန်၏။

ဣဒ္ဓေဝံ ဝိ၂လပန္တိ၊ ဖန္ဒမာနံ တကောတတော။
ခိပ္ပံ သု နိရယေ ဃောရေ၊ ဥဒ္ဓံပါဒံအဝံသိရံ။

ဣဒ္ဓေဝံ၊ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း၊ ဝိ၂လပန္တိ၊ ပြောဆိုမြည်တမ်းလျက်။ တကောတတော၊ ထိုထိုလက်ခြေအင်္ဂါတို့ဖြင့်။ ဖန္ဒမာနံ၊ ရုံးလျက်တုံလှုပ်၍နေသောရေဝတီမိန်းမကို။ ဥဒ္ဓံပါဒံ၊ ခြေကားမိုးမျှော်၊ အဝံသိရံ၊ ဦးခေါင်းစောက်ထိုး၊ ဃောရေ၊ ကြောက်မက်ဖွယ်ရှိသော။ နိရယေ၊ ဂူထင်ရဲ တွင်းကြီးထဲသို့။ ခိပ္ပံ သု၊ ပြစ်ချကြလေကုန်၏။

[ဣဒံသံဂိတိကာရဝစနံ။ ။အဋ္ဌကထာ]

ရေဝတိမိန်းမသည် ငရဲသို့ကျရောက်သောအခါ [ငါသည် နှမြောစုံမက် မလှူရက်၍ ငရဲသို့ကျရောက်ရလေခြင်း။ ငါသည် ရဟန်းသံဃာတော်တို့ကို မကြည်ညိုဘဲ၊ ဝန်တိုစဉ်းလဲ ဆိုဆဲချိုးပဲ့ ကဲ့ရဲ့ပြောကြားအပြစ်ထား၍ စကားရှုတ်ထွေး ဆဲရေးမိခြင်းကြောင့် ငရဲသို့ကျရောက်ရလေခြင်း။ မဟုတ်မမှန်သောစကားဖြင့် လင်ယောကျ်ားကို လိမ်လည်လှည့်စားမိခြင်းကြောင့် ငရဲသို့ကျရောက်ရချေ၏တကား။] ဤကဲ့သို့ အခါခပ်သိမ်း နောင်တရခြင်းဖြင့် ဝိုကြွေး မြည်တမ်းလျက် နှစ်ပေါင်းတထောင်ပတ်လုံး ခံနေရ၏လေ၏။ ထိုအကြောင်းကို ထင်စွာပြလိုမှ ဤဂါထာကိုဆို၏။

အဟံပုရေ မဉ္ဇရိနီအဟောသိं၊ ပရိဘာသိကာသမဏာပြဟ္မဏာနံ။
ဝိတထေနစ သာမိကံဝဉ္စယိတ္ဝာ၊ ဂဏ္ဍာမဟံနိရယေယေသောရရူပေ။

အဟံ၊ ငါသည်။ ပုရေ၊ ရှေးအခါ၌။ မဉ္ဇရိနီ၊ နှမြောစုံမက်မလှူရက်သော မိန်းမယုတ်သည်။ အဟောသိं၊ ဖြစ်ဘူးလေပြီ။ သမဏာပြဟ္မဏာနံ၊ ရဟန်းပုဏ္ဏားတို့အား။ ပရိဘာသိကာ၊ ကဲ့ရဲ့ရှုတ်ထွေး ဆဲရေးတတ်သော မိန်းမယုတ်သည်။ အဟောသိं၊ ဖြစ်ဘူးလေပြီ။ ဝိတထေနစ မဟုတ်မမှန်သောစကားဖြင့်လည်း။ သာမိကံ၊ လင်ယောကျ်ားကို။ ဝဉ္စယိတ္ဝာ၊ လိမ်လည်လှည့်စားမိခြင်းကြောင့်။ ယေသော၊ ကြောက်မက်ဖွယ်ရှိသော။ နိရယေ၊ ငရဲသို့။ အဟံ၊ ငါသည်။ ဂဏ္ဍာမိ၊ ကျရောက်ရချေ၏။

ထိုဂူထဝယ်၌ခံနေ၍နှစ်ပေါင်းတထောင်ရှိသောအခါ၊ ဂူထဝယ်တွင်းမှ လွတ်၍ ဥဿဒဝယ်၌ဖြစ်လာပြန်၏။ ထိုအခါ ငရဲထိန်းတို့သည် လက်ကို လည်း ဖြတ်ကြကုန်၏။ ခြေကိုလည်း ဖြတ်ကြကုန်၏။ နား, နှာခေါင်းကို လည်း ဖြတ်ကြကုန်၏။ လက်မရှိ ခြေမရှိ နား နှာခေါင်း မရှိဘဲ၊ ကိုယ်ကြီးတုံးလုံး တလွန့်လွန့်နေရာ၀ယ် ကျီးငှက်အပေါင်း တရာ တထောင်မက ဝိုင်းစဉ်းရုပေါင်းကာကျလာ၍ သံလျက်သွားကဲ့သို့ မြမြထက်သော သံနှုတ်သီးဖြင့်ထိုးဆိတ်၍စားကြကုန်၏။ အသားတွေကုန်၍အရိုးချည်း သက်သက်ကြွင်းကျန်၍ မသေသေးဘဲ တဘန်အသားတို့ဖြစ်လာပြန်၏။ ထိုအသားတို့ကို တဘန်ပြန်၍ ကျီးငှက်တို့က ဝိုင်း၀န်း၍ စားပြန်၏။ ကံမကုန်သမျှကာလပတ်လုံးမသေနိုင်။ ထိုမကောင်းမှုကံကုန်မှသာလျှင် ထိုင်ရဲမှလွတ်လေသည်။

[ရေဝတိမိန်းမကဲ့သို့ လိမ်လည် လှည့်စားခြင်းကို မပြုကြလေနှင့်။ လိမ်လည်လှည့်စားခြင်းကိုပြုသောသူတို့သည် ရေဝတီမိန်းမကဲ့သို့ပင် လျှင် ငရဲသို့ကျရောက်လိမ့်မည်မှတ်လေကုန်။]

ထိုဘီလူးကြီး နှစ်ကောင်တို့သည် လက်မောင်း နှစ် ဘက် တို့ ၌ တယောက်တဘက်စီကိုင်၍ အတင်းဆွဲယူသွားကြောင်းကိုရဟန်းတို့က မြတ်စွာဘုရားအားလျှောက်ကြားကြကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ဤရေဝတီငရဲခံရသောဝတ္ထုကိုဟောတော်မူပြီး၍ သစ္စာလေးပါးနှင့်စပ်သော တရားတော်ကိုဟောကြားတော်မူ၏။ တရားတော်အဆုံး၌ များစွာသောသူအပေါင်းတို့သည် သောတာပတ္တိမိုလ် စသည်တို့၌ တည်ကြကုန်၏။ ။ ပါဠိတော်၌ ရေဝတီမိန်းမနှင့် စပ်သောစကားကို များခြင်းကြောင့်၊ ရေဝတီဝိမာန-ဟူ၍ သံဂါယနာတော်ကြကုန်၏။

နဒ္ဒိယနတ်သားဝတ္ထုပြီး၏။ ။ဒုတိယ။

*****

ဆတ္တမာဏဝနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနံကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်အခါ၊ သေတဗျာမြို့၌ အမျိုးအမည်အားဖြင့်မထင်ရှားသော ပုဏ္ဏားတယောက်၏သားသည် ဆတ္တမာဏဝအမည်ရှိ၏။ အဓိပ္ပယ် ရောက်သည် ရှိသော်၊ အဘ ပုဏ္ဏားက စေလွှတ်၍ ဥက္ကဋ္ဌမြို့ ပေါက္ခရသာတိပုဏ္ဏားကြီးအထံ၌ ဗေဒင်ပညာကိုသင်၍ ပညာပါရဂူဖြစ်ခဲ့ရာသည်၏အဖြစ်ကြောင့်ရင်း၊ မပျင်းရိသည်၏အဖြစ်ကြောင့်ရင်း၊ ပုဏ္ဏားကို့၏အတတ်၌ ပြီးဆုံးအောင် မကြာမြင့်မီ တတ်မြောက်၏။ ထိုဆတ္တမာဏဝသည်ဆရာကိုရှိခိုး၍၊ အကျွန်ုပ်သည်အခုင်ပုဏ္ဏား၏အတံ၌ အတတ်ပညာကိုသင်၍တတ်ပါပြီ။ ဆရာစားအာဘိုးအခကို အဘယ်မျှပေးရပါမည်နည်းဟုဆို၏။ ထိုအခါ၌ ဆရာပေါက္ခရသာတိပုဏ္ဏားက၊ ဆရာစား အာဘိုးအခ မည်သည်ကား၊ တပည့်၏ ဥစ္စာပစ္စည်း အနည်းအများ ချမ်းသာဆင်းရဲကိုကြည့်ရှု၍ ထိုဥစ္စာ အင်အားသို့ လိုက်၍ ပေးရ၏။ ထိုကြောင့် သင်သည် ဥစ္စာအင်အားနှင့်သူဖြစ်ရကား အသပြာငွေ တထောင်ယူခဲ့လော့ဟုဆိုလျှင်၊ ဆတ္တမာဏဝလုပ်သည် ဆရာကိုနှိုး

ပြီး၍ သေတာဗျမြို့သို့ပြန်လာပြီးလျှင် အမိအဘတို့ကိုရှိခိုး၍ ထိုအကြောင်း ကို အာဘပုဏ္ဏားကြီးအား ပြောကြားသည်ရှိသော်၊ အမိအဘတို့သည် အ လွန်နှစ်သက်ခြင်းဖြစ်၍အမိအဘတို့အကျွန်ုပ်အား အသပြာငွေတထောင် ကို ပေးပါလော့။ ယနေ့ပင်လျှင် ဆရာကြီး၏အထံသို့သွား၍ ပို့ပါအုံ့ဟု ဆိုလျှင်၊ အာဘပုဏ္ဏားကြီးက၊ချစ်သား–ယနေ့အချိန်မဟုတ်ပြီ၊ နက်ဖြန်မှ သွားပါလော့ဟုဆိုပြီးလျှင် အသပြာငွေတထောင်ကိုယူ၍ အထုပ်ပြု၍ ထားကြကုန်၏။ ထိုအခါမ်အနီးဌာနရှိသောခိုးသူတို့သည် ထိုအကြောင်းကို ကြားသိကြကုန်၍ဆတ္တမာဏဝလုလင်လာရာလမ်းသို့သွား၍ တခုသော တောအတွင်းဌာ ပုန်းလျှိုး၍ နေကြကုန်၏။ အာဘယ်သို့ ပုန်းလျှိုး၍နေကြ သနည်းဟူမူကား။ ဆတ္တမာဏဝလုလင်ရောက်သောအခါ လူကိုသတ် ၍ အသပြာငွေတထောင်ကို ယူကုန်အုံ့ဟုကြံ၍ လမ်းခရီးမှ မနီးမဝေး တောအုပ်အတွင်းဌာပုန်းလျှိုး၍နေကြကုန်၏။

ထိုအခါဌာ မြတ်စွာဘုရားသည် နံနက်မိုးလင်းသောက်အချိန် ရောက် သော် မဟာကရုဏာသမာပတ်မှထတော်မူ၍ လောကကိုကြည့်ရှုတော် မူသည်ရှိသော်၊ ဆတ္တမာဏဝလုလင်အား သရဏာဂုံဌာဝင်း၊ ငါးပါးသိက္ခ ဌာဝင်း တည်ပြီးမှ ခိုးသူတို့သတ်၍သေပြီးနောက် နတ်ပြည်ဌာဖြစ်ပြီးလျှင် ထိုနတ်ပြည်မှ ဘုံဗိမာနနှင့်တကွလာပြီးလျှင် ငါဘုရားအား ရှိခိုးသည် ရှိသော်၊ ထိုအရပ်ဌာ စည်းဝေးသော ပရိသတ်နှင့်တကွ တရားထူးကို ရ လတံ့ဟူသော အကြောင်းကို မြင်တော်မူလျှင်၊ ရှေးဦးစွာပင်လျှပ် ကြွ တော်မူ၍ ဆတ္တမာဏဝ လုလင်လာလတံ့သောလမ်းခရီးဌာ တခုသော သစ်ပင်ရင်းဝယ် ထိုင်နေတော်မူ၏။ ဆတ္တမာဏဝလုလင်သည် ဆရာ အား ပူဇော်ပေးကမ်းရန် တထောင်သောအသပြာငွေကိုယူ၍ သေတဗျ မြို့မှ ဥက္ကဋ္ဌမြို့သို့ရှေးရှုလာသည်ရှိသော် လမ်းခရီးအကြားဌာ တခုသော သင်ပင်ရင်းဝယ် ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်လေလျှင် အနီးသို့လာ၍ရပ်၏။ အာဘယ်သို့သွားမည်နည်းဟု မြတ်စွာဘုရားမေး တော်မူလျှင်၊ အမှင်ဂေါတမ တပည့်တော်သည် ဥက္ကဋ္ဌမြို့သို့သွားပါအုံ့။ ထိုဥက္ကမြို့ဌာ တပည့်တော်၏ဆရာ ပေါက္ခရသာတိပုဏ္ဏားကြီးအား ဆရာ စား ပူဇော်ပေးကမ်းရန်ကိစ္စရှိပါသည်ဟုဆို၏။ [ဆတ္တမာဏဝလုလင်၊ သင်သည် သရဏာဂုံသုံးပါး၊ ငါးပါးသိက္ခာတို့ကိုသိပါ၏လောဟု မြတ်စွာ ဘုရားမေးတော်မူလျှင်၊ တပည့်တော်မသိပါ။ ထိုသရဏာဂုံသုံးပါး၊ ငါး

ပါး သိလတို့သည် အဘယ်တို့ပါနည်း။ အဘယ်ကဲ့သို့ သဘော ရှိပါသနည်းဟုမေးလျှောက်၏။ ဆတ္တမာဏဝလုလင်၊ သင်မသိသေးလျှင် ဤသရဏာဂုံသုံးပါး၊ ငါးပါးသိလတို့ကိုဥင်း။ ထိုသရဏာဂုံသုံးပါး၊ ငါးပါးသိလတို့၏အကျိုးထူးကိုဥင်း၊ ခွဲခြားဝေဘန်၍သိအောင်သင်ကြားလော့။ မှတ်သားလော့ဟုမြတ်စွာဘုရားမိန့်တော်မူလျှင်၊ ကောင်းပါပြီ မြတ်စွာဘုရား၊ ဟောကြားတော်မူပါဟုတောင်းပန်၏။ထိုဆတ္တမာဏဝလုလင်တောင်းပန်သည်ရှိသော်၊ မြတ်စွာဘုရားသည် စရိုက်ကိုကြည့်ရှုတော်မူ၍ စရိုက်အားလျော်စွာ သုံးဂါထာတို့ကိုဟောတော်မူ၏။ ။ထိုဂါထာ၏ လိုရင်းအဓိပ္ပါယ်ကား။

လူတို့တွင် အမြတ်ဆုံးဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကို ကိုးကွယ်ပူဇော်ရာဟူ၍ အမြဲမပြတ်ဆည်းကပ် အောင်းမေ့လေလော့။ မြတ်စွာဘုရားဟောတော်မူသော မဂ်တရား-ဖိုလ်တရား နိဗ္ဗာန်တရား၊ ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိတရားတော်ကိုလည်း ကိုးကွယ်ပူဇော်ရာဟူ၍ အမြဲမပြတ် ဆည်းကပ် အောင်းမေ့လေလော့။ မြတ်စွာဘုရားဟောကြားတော်မူသောတရားတော်ကို ကောင်းစွာကျင့်တော်မူတတ်သော မဂ္ဂင်္ဂါနှစ်လေးယောက်၊ ဖလင်္ဂါနှစ်လေးယောက်ဟူသော အရိယာ သံဃာတော် ဝိနည်းတရားတော်အတိုင်း ကျင့်တော်မူတတ်သော သမုတိသံဃာတော်တို့ကိုလည်း ကိုးကွယ်ရာ ပူဇော်ရာဟူ၍အမြဲမပြတ် ဆည်းကပ်အောင်းမေ့လေလော့။ ။ဤသို့သရဏာဂုံသုံးပါးဆည်းကပ်ပုံကို ဟောတော်မူပြီး၍၊ ငါးပါးသိလကိုလည်း ဟောတော်မူ၏။

ထိုဆတ္တမာဏဝလုလင်သည် မြတ်စွာဘုရား ဟောတော်မူသော သရဏာဂုံဆောက်တည်ပုံဂါထာတို့ကို နှုတ်ဖြင့်ရွတ်ဆို၍ ဆောက်တည်၏။ ငါးပါးသိလကိုလည်း ခံယူ၏။ ဤသို့သရဏာဂုံသုံးပါးကို ဆောက်တည်၍ငါးပါးသိလကိုခံယူ၍တပည့်တော်သည်သွားပါတော့အုံ့ မြတ်စွာဘုရားဟုလျှောက်ကြား၍ ရတနာသုံးပါး၏ဂုဏ်ကို အောင်းမေ့လျက် ထိုသူခိုးတို့နေရာလင်းသို့သွားလေ၏။ မြတ်စွာဘုရားသည်လည်း ဤဆတ္တမာဏဝလုလင်အား ဤမျှလောက်ကုသိုလ်သည် နတ်ပြည်ဌာနဖြစ်ခြင်းငှါ ထိုက်ပြီ သင့်လျော်ပြီဟူ၍ ဧတဝေါ ဝေါ ကျောင်းတော်သို့ ပြန်လာတော်မူ၏။ ဆတ္တမာဏဝလုလင်သည်လည်း၊ ဘုရားကိုကိုးကွယ်ပါ၏။ တရားတော်ကို ကိုးကွယ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ပါ၏ဟူ၍

ရတနာသုံးပါး၏ဂုဏ်ကိုအောင်းမေ့လျက်သွားသည်ရှိသော်၊ လမ်းခရီး၌ ခိုးသူတို့သည် ထ၍ဝိုင်းဝန်းကြကုန်၏။ ဆတ္တမာဏဝလုလင်သည် ထိုခိုးသူတို့ဝိုင်းဝန်းသည်ကိုပမာဏမထားအရေအတွက်မပြုဘဲ ရတနာသုံးပါး၏ဂုဏ်ကိုသာလျှင် အောင်းမေ့လျက်သွား၏။ ထိုဆတ္တမာဏဝလုလင်ကို ခိုးသူတယောက်သည် ချုံကွယ်တခုမှနေ၍ ဆိပ်လူးမြှား ဖြင့် ပြစ်သည်ရှိသော် အသက်ကုန်ခြင်းသို့ရောက်၍ ထိုအသပြာငွေ တထောင်တို့ကိုဆောင်ယူပြီးလျှင် မိမိအဘော်တို့နှင့်အတူတကွ ပဲသွားကြကုန်၏။ ဆတ္တမာဏဝလုလင်သည်ကား စုတေသည်၏ အခြားမဲ့၌ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသောဗိမာန်ကြီး၌ နတ်သားဖြစ်လေ၏။ ထိုဘုံဗိမာန်၏အရောင်သည် ယူဇနာနှစ်ဆယ်ကိုလွန်၍ ဖြာထွက်လျက် ထွန်းလင်းတောက်ပ၏။

ဆတ္တမာဏဝလုလင် သေဆုံး၍နေသောအလောင်းကို သေတဗျန္ဓာသား ခရီးသွားတို့မြင်ကြကုန်၍ သေတဗျန္ဓာ၌ရှိသော ဆတ္တမာဏဝ၏ အမိအဘတို့ကို ပြောကြားကြကုန်၏။ ဥက္ကဋ္ဌန္ဓာသား တို့သည်လည်း ပေါက္ခရသာတိပုဏ္ဏားကြီးအားပြောကြားကြကုန်၏။ ထိုအကြောင်းကို ကြားကြကုန်၍ ဆွေမျိုး ဥာတိ မိတ်သင်္ဂဟ အပေါင်း တို့သည်ရင်း။ ပေါက္ခရသာတိပုဏ္ဏားကြီးသည်ရင်း။ အခြွေ အရံ ပရိသတ်အများနှင့် တကွလာကြကုန်၍ စီးရိုသောမျက်ရေရှိလျက် ငိုကြွေး မြည်တမ်းကြကုန်၍ ထိုဆတ္တမာဏဝလုလင်အလောင်းရှိရာအရပ်သို့ လာရောက်ကြကုန်၏။များသောအားဖြင့် သေတဗျန္ဓာသားဂုဏ္ဌာနဂ်လမ္ဘာသားတို့သည် စည်းဝေးကြကုန်၏။ ကြီးစွာသော အစည်းအဝေးကြီးဖြစ်လေ၏။ ဆတ္တမာဏဝလုလင်၏အမိအဘတို့သည် လမ်းခရီးနှင့် မနီးမဝေး နေရာတခု၌ သင်းချိုင်းထင်းပုံကိုပြုလုပ်စီမံကြ၍ မီးသင်္ဂြိုဟ်ခြင်းသရိုက်စွဲကိုပြုခြင်း ၌ အားထုတ်ကြကုန်၏။ ထိုအခါ၌မြတ်စွာဘုရားသည် ဤသို့ကြီတော်မူ၏။ ငါဘုရားသည် ထိုနေရာသို့သွားသည်ရှိသော် ဆတ္တမာဏဝ နတ်သားသည် ငါဘုရား၏အထံသို့လာလတံ့။ ထိုအခါ၌ပြုဘူးသောကောင်းမှုကံကိုဖြေကြားစေ၍ ကံ၏အကျိုးကိုမျက်မြင်မိ၌ပြုစေ၍ တရားတော်ကို ဟောသည်ရှိသော် များစွာသော လူအပေါင်းတို့သည် တရားထူးကိုရ၍ ခမ္မာဘိသမယဖြစ်ကြကုန်လတံ့၊ ဤသို့ကြီတော်မူ၍များစွာသော ရဟန်းသံဃာတော်နှင့်တကွ ဒေသစာရီ ကြွချီတော်မူ၍ ထိုနေရာသို့

ရောက်သည်ရှိသော်၊ တခုသောသစ်ပင်ရင်းခို ခြောက်သွယ်သောရောင်ခြည်တော်တို့ကိုလွှတ်၍ ထိုင်နေတော်မူ၏။ ထိုအခါခို ဆတ္တမာဏဝ နတ်သားသည် မိမိရသောနတ်စည်းစိမ်ကိုဆင်ခြင်၍ အကြောင်းကိုရှာသည်ရှိသော်၊သရဏာဂုံသုံးပါးဆောက်တည်ခြင်းကိုဂင်း။ငါးပါးသီလဆောက်တည်ခြင်းကိုဂင်းမြင်၍,လွန်စွာအုံ့ဩသောစိတ်ဖြစ်လျက် မြတ်စွာဘုရားကိုဂင်း၊ ရဟန်းသံဃာတော်ကိုဂင်း ရှိခိုးအုံ့။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်ကိုလည်း ငါသိစေအုံ့ဟူ၍၊ ကတညုတတရားတော်ကိုမှီ၍ ထိုတောအရပ်ကို တပြိုင်နက် ထွန်းလင်း တောက်ပသော အရောင်ကိုပြုလျက်၊ ဘုံဗိမာန်နှင့်တကွလာ၍ မြတ်စွာဘုရား၏ အနီးသို့ရောက်သော အခါ ဘုံဗိမာန်မှဆင်းသက်၍ မျှားစွာသော နတ်သိုးအရြွှေအရံနှင့်တကွ ထင်ရှားသောကိုယ်ဖြင့် ဆည်းကပ်လာ၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်ခါရှိခိုးလေ၏။ ရှိခိုးပြီးမှ လက်အုပ်ချီလျက်သင့်တင့်ရာ၌ ရပ်နေလေ၏။ ထိုဆတ္တမာဏဝ နတ်သားကို မြင်သောအခါ လူအပေါင်းတို့သည်၊ ဤသည်ကား နတ်လေလော ဒြဟ္မာလေလော၊ အဘယ်သူဖြစ်ပါလိမ့်မည်နည်းဟု အုံ့ဩသောစိတ်ဖြစ်ကြကုန်လျက် ကြည့်ရှုကြကုန်ပြီးလျှင် မြတ်စွာဘုရားအထံသို့ လာကြကုန်၍ ဝိုင်းဝန်း ခြံရံကာ နေကြကုန်၏။

ထိုအခါခို မြတ်စွာဘုရားသည် လူအပေါင်းတို့အား ထင်ရှားစွာသိစေခြင်းငှါ ထိုနတ်သားကို ဤသို့မေးမြန်းတော်မူ၏။ ။သင်နတ်သား၏ ဘုံဗိမာန်သည် အတုမရ ပမာဏဖြင့် နှိုင်းဆမရှိ ထွန်းလင်းဘိ၏။ နေရောင် လရောင် နက္ခတ်ရောင်လည်း မပြောင်မထွန်း၊ အရောင်လွှမ်း၍ နတ်နန်းဆောင်ပျံ ဘုံဗိမာနဲ့နှင့် လူထံမြေရပ် ဆင်းလာလတ်သော သင်နတ်သားသည်ကား စာတုမဟာရာဇာ တာဝတိံသာ ယာမာစသည် နတ်ပြည်ခြောက်ထပ် နတ်ဘုံရပ်တွင် ဘယ်နတ်ပြည်က ဘယ်နတ်သားဖြစ်ပေသနည်း။ ဘုံဗိမာန်၏ အရောင်သည်ကား၊ နေ၏အရောင်ထက် ထွန်းလင်းတောက်ပ၏။ ယူဇနာနှစ်ဆယ်သာ၍ ရောင်ဝါပဝင်း ထွန်းလင်းဘိ၏။ ညဉ့်အခါခို့လည်း နေ့အခါကဲ့သို့ထွန်းလင်း၏။ ;ညဉ့်ကိုပယ်ပျောက် နေ့သို့ရောက်၏။ အတွင်းအပ စင်ကြယ်လှ၍ မျှားစွာသော ပဒုမ္မာကြာပုဏ္ဍရိက်တို့ဖြင့် ဆန်းကြယ်စွာ၏။ မျှားစွာသော ပန်းဆိုင်း ပန်းခိုင်တို့ဖြင့်လည်း တင့်တယ်လှပဆန်းကြယ်လှ၏။ ရွှေကွန်ယက် ရွှေ

ဇာပျောက်တို့ဖြင့် ဖုံးလွှမ်း ကာရံလျက်၊ ကောင်းကင်ထက်ဝယ် နေမင်းကဲ့သို့ ထွန်းလင်း တောက်ပ၏။ ဤသို့ထွန်းလင်း တောက်ပ၍နေသော သင်နတ်သား၏ဘုံဗိမာန်၌ အနီကိုဝတ်၍ အရွှေကိုခြုံ၊ အရွှေကိုဝတ်၍ အနီကိုခြုံ၊ လုံသောအဝတ်ပုဝါ၌ကုန်သော အကျော်ကရမက် သရက္ခနံ့၊ စန္ဒကူးရည်၊ ဇော်ညင်ပျံ့လိုင် မွှေးကြိုင်စွာ လိမ်းကျံ့ကုန်ထသော။ ရွှေအဆင်းနှင့်တူသော အဆင်းအရေရှိကုန်သောနတ်သွံ့တို့သည် သိချင်းကို သာယာစွာ သီဆိုကြကုန်လျက်၊ ထိုထိုဘုံနန်း ကြာတိုက်ခန်းတို့၌ လှည့်လည်သွားလာကြ၍ယ်တာရာသို့ မျှားစွာပြည့်နှက်၍နေ၏။ မွှေးကြိုင်သော ပန်းခိုင် ပန်းကုံး တို့ကို ပန်ဆင်ကြကုန်လျက် အထူးထူးသော အဆင်းရှိကုန်သော နတ်သွံ့ နတ်သား ဆွဲရံမျှားလည်း ပျော်ပါးမြူးထွင်ကြည်လင်သောစိတ်ရှိကြကုန်၏။ မွှေးကြိုင်သောနံ့ သာပန်းကုံး ပန်းခိုင် အဝတ်တန်ဆာတို့မှ မွှေးကြိုင်သော အနံ့တို့သည် လေတင် လေညာဘယ်ညာပျံ့လိုင် မွှေးကြိုင်၍နေကုန်၏။ ဤသို့သော စည်းစိမ်ကို စံစား၍နေရခြင်းကား အဘယ်ကုသိုလ်ကံ၏အကျိုးထူးဖြစ်ပေသနည်း။အဘယ်ကုသိုလ်ကံကိုပြုသောကြောင့် သင်သည် နတ်ပြည်၌ နတ်သားဖြစ်၍နေသနည်း၊ ငါဘုရား မေးတော်မူသောစကားကို ဖြေကြားလျှောက်တင်ဦးလော့။

ဤသို့မြတ်စွာဘုရားမေးတော်မူသောအခါ၊ ဆတ္တမာဏဝနတ်သားသည် ဤသို့ဖြေကြားလျှောက်တင်လေ၏။ ။ဘုန်းတော်နေဝန်း တောက်ထွန်း သပ္ပါယ် တင့်တယ်လှစွာ ရောင်ခြောက်ဖြာနှင့် ကောင်းစွာပြည့်စုံတနေခိုး၊ ကျော်ဖြင့် လူ့ဘုံနတ်ရပ် နှုံ့စပ်ထင်ရှား ကျော်ကြားတော်မူပေသော သင့်ညီမြတ်စွာဘုရား။ ဤလမ်းခရီးအကြားဝယ် အရှင်ဘုရားကို ဝေ့မြင်၍ ဆည်းကပ်လာသော တပည့်တော် ဆတ္တမာဏဝလုလင်အား အရှင်ဘုရားသည် တရားစကားဟောကြားညွှန်ပြ သင်ဆုံးမ၍ ဗုဒ္ဓမျှော မြတ်သံယာနှင့် ရတနာသုံးပါး ဦးထိပ်ထားလျက် ညွှတ်တွား ကြည်ဖြူ သရဏာဂုံ ယူပါသည် အရှင်ဘုရား။ သရဏာဂုံယူပြီးသော တပည့်တော်အား၊ ငါးပါးသီလကို ဟောကြားပါသည် အရှင်ဘုရား။ အရှင်ဘုရား ဟောကြားတော်မူတိုင်း၊ ဘုရား တရား သံဃာ ရတနာ သုံးပါးကို အာရုံထားလျက် ငါးပါးသီလကိုကျင့်သုံး ဆောက်တည်ပါသည် အရှင်ဘုရား။ သရဏာဂုံ သုံးပါးနှင့်တကွ၊ ငါးပါးသီလကို ဆောက်တည်ပြီး၍

ဤလမ်းခရီးဖြင့် ပဲသွားခဲ့ရာတွင်၊ညစ္စာဟူသောအကြောင်းကြောင့်၊ နိုးသူ တို့သည် လက်နက်ဖြင့် သတ်၍ သေဆုံးပြီးနောက် နတ်ပြည်သို့ ရောက် ပါသည်အရှင်ဘုရားဟူ၍ လျှောက်ကြားလေသတည်း။ လျှောက်ကြား သော ဂါထာတို့ကား–ဤသို့တည်း။

ဇွေ့ကမိဒံ အနုသာရမိကုသလံ၊ တတော ပရံ နမေဝိဇ္ဇတိအညော။
တေနသုစရိတေန ကမ္မုနာဟံ၊ ဥပပန္နော တိဒိဝေသု ကာမကာမီ။ ။
ပဿ ခဏမုဟုတ္တသညမဿ၊ အနုဘာ ပဋိပတ္တိယာ ဝိပါကံ။
ဇလမိဝယသသာ သမေက္ခမာနာ၊ ဗဟုကာမံ ပိဟယန္တိ ဟီနကာမာ။
ပဿ ကတိပယာယ ဒေသနာယ၊ သုဂတိဉ္စမှိဂတော သုခဉ္စပတ္တော။
ယေစတေ သတတံ သုဏန္တိ ဓမ္မံ၊ မညေတေ အမတံ ဖုသန္တိ ခေမံ။ ။
အပ္ပမ္ပိကတံ မဟာဝိပါကံ၊ ဝိပုလံ ဖလံ တထာဂတဿ ဓမ္မေ။
ပဿ ကတပုညတာယ ဆတ္တော၊ ဩဘာသေတိ ပထဝိံ ယထာပိ သူရိယော။
ကိမိဒံ ကုသလံ ကိမာစရေမ၊ ဣစ္စေကေ ဟိ သမေစ္စမန္တယန္တိ။
မယံ ပုန ဒေဝလဒ္ဓမာနုသတ္တံ၊ ပဋိပန္နာ ဝိဟရေမု သီလဝန္တော။ ။
ဗဟုကာရော အနုကမ္ပကော စ သတ္ထာ၊ ဣတိ မေ သတိ အဂမာ ဒိဝါ ဒိဝဿ။
သွာဟံ ဥပဂတမှိ သစ္စနာမံ၊ အနုကမ္ပဿု ပုနပိ သုဏေမု ဓမ္မံ။ ။
ယေဓ ပဇဟန္တိ ကာမရာဂံ၊ ဘဝရာဂါနုသယဉ္စ ပဟာယ မောဟံ။
နတေ ပုန မုပေန္တိ ဂဗ္ဘသေယျံ၊ ပရိနိဗ္ဗာနဂတာ ဟိ သီတိဘူတာ။ ။

ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ဇွေ့ကံ၊ ဤမှ လောက်သာ ပြုဘူးသော။ ဣဒံကုသလံ၊ ဤသရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကုသိုလ်ကို။ အနုသာရမိ၊ အောင်းမေ့မိပါ၏အရှင်ဘုရား။ တတော၊ ထိုငါးပါးသီလကုသိုလ်မှ။ ပရံ၊ ပိုလွန်သော။ အညော၊ တပါး သောကုသိုလ်သည်။ မေ၊တပည့်တော်အား။ နဝိဇ္ဇတိ၊ မရှိပါဘုရား။ သု စရိတေန၊ကောင်းစွာကျင့်သော။ တေနကမ္မုနာ၊ထိုငါးပါးသီလကုသိုလ် ကံဖြင့်။ အဟံ၊ တပည့်တော်သည်။ တိဒိဝေသု၊ တာဝတိံသာနတ်ပြည် ၌။ ကာမကာမီ၊ အလိုရှိရာကာမဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍။ ဥပပန္နော၊ နတ်သားဖြစ်ရပါသည်အရှင်ဘုရား။

ဘန္တေ့၊ မြတ်စွာဘုရား။ ခဏမရပဘူးသည်မသာ။ တခဏမျှ စောင့်စည်းသော တပည့်တော်အား။ အနုမ္မေပဒိုပဒ်ယာ၊ တရားတော်နှင့် လျော်ညီစွာကျင့်သော အကျင့်မြတ်၏။ ဝိပါက်၊ အကျိုးထူးကို၊ ပသာ၊ ရှုတော်မူပါ။ ယသသာ၊ တံခိုးကွဲ့ဒိုအခြံအရံအား ဖြင့်။ ခလမိ၀၊ တောက်ပသကဲ့ယို့။သမေက္ခမာနာ၊မြင်ကြကုန်သော။ဗဟုကာ၊များစွာကုန်သော။ ဟိနကာမာ၊ တပည့်တော်အောက် တံခိုးနိမ့်ကုန်သော နတ်သို့မဟုတ်သား တို့သည်။ မံ၊ တပည့်တော်ကို။ ပိယာယန္တိ၊ ချစ်မြတ်နိုးကြကုန်၏။ ဝါ၊ တနည်းကား၊ မံ၊ တပည့်တော်ကဲ့သို့ဖြစ်ခြင်းကို။ ပိဟာယန္တိ၊ ပယ်ရှောင်တောင့်တကြကုန်၏။ ဝါ၊ ဖြစ်ချင်ကြကုန်၏။

ဘန္တေ့၊ မြတ်စွာဘုရား။ ကတိပယာယ၊ အနည်းငယ်မျှသော။ ဒေသနာယ၊ ဒေသနာတော်ကို နာရသောကြောင့်။ သုဂတိ ံ၀ စ၊ ကောင်းမြတ်သော နတ်ဘ၀သို့။ ဂတော၊ ရောက်ရသည်။ အမှိ၊ ဖြစ်ပါ၏။ သုခဉ္စ၊ ချမ်းသာခြင်းသို့လည်း။ ပတ္တော၊ ရောက်သည်။ အမှိ၊ ဖြစ်ပါ၏။ ယေစ၊ အကြင် ရဟန်းရှင်လူ သူ၀ပ်သိမ်းတို့သည်။ တေ၊ အရှင်ဘုရား၏။ မွဲ့ တရားတော်ကို။ သတတံ၊ နေ့တိုင်းမပြတ်။ သုဏန္တိ၊ နာကြရကုန်၏။ တေ၊ ထိုနေ့တိုင်းမပြတ် တရားနာကြကုန်သော သူတို့သည်။ အမတံ၊ သေခြင်းမရှိသော။ ခေမံ၊ ဘေးကင်းရာနိဗ္ဗာန်သို့။ ဟုသန္တိ မညေ၊ ရောက်ကြလိမ့်မည်ထင်ပါ၏မြတ်စွာဘုရား။

ဘန္တေ့၊ မြတ်စွာဘုရား။ တထာဂတသ၊ မြတ်စွာဘုရား၏။ ဓမ္မေ၊ ကရောတော်၌။ အပ္ပမ္ပိကတံ၊ အနည်းငယ်မျှပြုသောကုသိုလ်သည်လည်း။ မဟာဝိပါကံ၊ ကြီးသောအကျိုးရှိပါ၏မြတ်စွာဘုရား။ ဝိပုလဖလံ၊ ပြန့်ပြော် များပြားသော အကျိုးရှိပါ၏ မြတ်စွာဘုရား။ ကတာပုညတာယ၊ ကောင်းမှုကိုပြုသောကြောင့်။ ဝါ၊ ပြုပြီးသောကောင်းမှုရှိသည်၏ အဖြစ်ကြောင့်။ ပထဝိ ံ၊ မြေပြင်အလုံးကို။ သူရိယောယထာ၊ နေမင်းကဲ့သို့။ သြဘာသတိ ထွန်းလင်းနိုင်သော။ ဆဏ္ဍော၊ ဆဏ္ဍမာဏ၀နတ်သားကို။ ပသသ၊ ရှုတော်မူပါမြတ်စွာဘုရား။ ဝါ၊ ဆဏ္ဍော၊ ဆဏ္ဍမာဏ၀နတ်သားသည်။ ကတာပုညတာယ၊ ကောင်းမှုကို ပြုလုပ်သည်၏ အဖြစ်ကြောင့်။သူရိယောယထာ၊ နေမင်းကဲ့သို့။ ပထဝိ ံ၊မြေပြင်လုံးကို။ သြဘာသတိ၊ ထွန်းလင်းနိုင်ပါ၏မြတ်စွာဘုရား။

ဘန္တေ၊ မြတ်စွာဘုရား။ ဧကေ၊ သဒ္ဓါပညာနည်းပါးကုန်သောအချို့သူတို့သည်။ ဣဒံကုသလံ၊ ဤကုသိုလ်မည်သည်ကား။ ကိုဏ်၊ အဘယ်သို့ဖြစ်နိုင်ပါမည်နည်း။ ဣဒံကုသလံ၊ ဤကုသိုလ်ကို။ ကိုဏ်၊ အဘယ်သို့။ အာစရေမ၊ ကျင့်နိုင်ပါမည်နည်း။ ဣတိ၊ ဤသို့။ မန္တယန္တိ၊ ငြိုးတွားပြောဆိုကြကုန်၏။ ဝါ၊ မြင့်မိုရ်တောင်ကြီးကို ချိမ,ရဲသကဲ့သို့ မြေကြီးကိုလှုန်ရဲဘိသကဲ့သို့။ သဒေမစ္စ၊ ဒုဝေးချေ။ မန္တယန္တိ၊ ခဲယင်းစွာပြောဆိုကြကုန်၏။

[သဒ္ဓါတရားမရှိ ပါရမီမရှိကုန်သောအချို့လူတို့သည်ကုသိုလ်ဖြစ်အောင် ပြုခြင်းကို မသိကြသောကြောင့်ရှင်း။ နှမြောဝန်တိုမပြုလိုသောကြောင့်ရှင်း။ ကုသိုလ်ကို အဘယ်သို့ဖြစ်အောက်ပြုလုပ်နိုင်မည်နည်းဟူ၍ ရှင်း။ အဘယ်မှာကျင့်နိုင်မည်နည်းဟူ၍ ရှင်း-ပြောဆိုကြကုန်၏။ အချို့လူတို့သည်လည်း ယခုချက်ခြင်း သောတာပန်တည်မှာမမ မပဋိတ်ဘဲနှင့် အဘယ်မှာ ကျင့်နိုင်မည်နည်းဟူ၍ဆိုကြကုန်၏။]

ဘန္တေ၊ မြတ်စွာဘုရား။ မယံပန၊ တာပသ့်တော်တို့သည်ကား။ ပုနနောက်တဘဝနိ။ မာနုသတ္တံ၊ လူ၏ဘဝကို။ လဒ္ဓါ ရပါမုကား။ သိလဝန္တော၊ သီလနှင့်လျက်။ ပဋိပ္ပန္နာ၊ တရားကိုကျင့်လျက်။ ဝိဟရေမု၊ နေလိုပါ၏။ မြတ်စွာဘုရား။ ။ဘန္တေ၊ မြတ်စွာဘုရား။ ဗဟုကာရော၊ များစွာသော ကျေးဇူးနှင့်တော်မူပေသော။ အနုကမ္ပကော၊ သက္ကြားပင်မူးကို အစဉ်သနားတော်မူပေသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣတိ၊ ဤသို့။ မေ၊ တပည့်တော်သည်။ အာဟ။ ၏။ သတိ၊ ဦးသူတို့မသေတိုင် အသက်နှင့်စည်။ ဒေဝါဒေဝဿ၊ နေ့အခါစောစောကပင်လျှင်။ အဂမာ၊ ကြွလာတော်မူပေ၏။ တဒါ၊ ထိုအခါ၌။ သွာဟံ၊ သောအတိ ထိုတပည့်တော်သည်။ သစ္စနာမ၊ မှန်သောအမည်တော်နှင့်သော မြတ်စွာဘုရားသို့။ ဥပဂတံ၊ ဝေဏ်းကပ်ရသည်။ အမှိ၊ ဖြစ်ပါ၏မြတ်စွာဘုရား။ မံ၊ တပည့်တော်ကို။ ပုနပိ၊ ယခုတဘဝနဲလည်း။ အနုကမ္ပသု၊ သနားတော်မူပါဦး မြတ်စွာဘုရား။ မေ၊ အနှစ်ဘုရား၏တရားတော်ကို။ သုဏောမု၊ နာလိုပါသေး၏ မြတ်စွာဘုရား။

[တပည့်တော်အား အစဉ်သနားတော်မူပါဦး မြတ်စွာဘုရား။ အနှစ်ဘုရား၏တရားကို နာလိုပါသည်ဟူ၍ လျှောက်ကြားသတည်း။]

ဤသို့ဆယ်ကြိမ်မြောက်တိုင်အောင် လျှောက်ကြားသောအခါ၊ မြတ်စွာဘုရားသည် ထိုဆယ်ကြိမ်မြောက်တိုင်အောင်ရှင်း၊ ထိုအရပ်၌ စည်းဝေး

လျက်ရှိကြကုန်သော ပရိတ်သတ်တို့အားဟု၎င်း။ အစ္စာသယကိုကြည့်ရှု
တော်မူ၍အစဉ်အဘိုင်းသောတရားစကားကို ဟောကြားတော်မူ၏။ ထို
သို့ ဟောကြားတော်မူ၍ ခန့်သောစိတ်ရှိသည်ကိုသိတော်မူလျှင် ကိုယ်
တော်မှ အသိုးထုတ်အပ်သော။ ဝါ၊ကိုယ်တော်တိုင်သိတော်မူသောသစ္စာ
လေးပါးကိုပြတော်မူ၏။ တရားတော်အဆုံးဌ ဆတ္တမာဏဝနှတ်သား
သည်၎င်း။ ဆတ္တမာဏလုလင်၏အမိအဘတို့သည်၎င်း၊သောတာပတ္တိ
ဖိုလ်ဌ တည်ကြကုန်၏။ ထိုမှတပါး များစွာသော လူအပေါင်းတို့သည်
လည်း တရားထူးကိုအသိုးအသိုး မိမိတို့ပါရမီအားလျော်စွာသိ၍ မြေ
ဘိသမယဖြစ်ကြကုန်၏။ ထိုနောက်ဆတ္တမာဏဝနှတ်သားသည် ပထမ
မဂ်ကိုရပြီးဖြစ်၍ အထက်မဂ်သုံးပါးကို မိမိအလေးပြု၍ရအောင် အား
သုတ်လိုသော အကြောင်းကိုဝင်း၊ ထင်စွာပြုလိုရကား၊ ဤနောက်ဆုံး
ဂါထာဖြင့်လျှောက်ကြား၏။

ယေဏုပေ၎ဟန္တိ ကာမရာဂံ၊ ဘဝရာဂါနုသယံ ပဟာယမောဃံ။
နတောပုနမုပေန္တိ ဂဗ္ဘသေယျံ၊ ပရိနိဗ္ဗာနဂတာဟိသိတိဘူတာ။ ။

ဘန္တေ၊ မြတ်စွာဘုရား။ ဏ၊ ဤသာသနာတော်၌။ ယေ၊ အကြင်
ပုဂ္ဂိုလ်တို့သည်။ကာမရာဂံ၊ကာမဂုဏ်ကိုခင်မင်ရုံမက်ခြင်းတို့။ပ၎ဟန္တိ၊
ပယ်စွန့်နိုင်ကြပေကုန်၏။ ဘဝရာဂါနုသယံ၊ ရူပါရူပဘုံ၌ ရုံမက်ငြိကပ်
သော တဏှာကိုဝင်း။ မောဃံ၊ မောဟကိုဝင်း။ ပဟာယ၊ ပယ်စွန့်၍
တော၊ ထိုပုဂ္ဂိုလ်တို့သည်။ပုန၊ နောက်တဘန်။ ဂဗ္ဘသေယျံ၊ အမိဝမ်း၌ပင့်
သန္ဓေနေခြင်းသို့။ နဥပေန္တိ၊ မကပ်ရောက်ကြကုန်။ ဟိ၊ မှန်ပါ၏ မြတ်စွာ
ဘုရား။ သိတိဘူတာ၊ ကိလေသာ၏ငြိမ်းပြီးသောရဟန္တာတို့သည်။.ပရ
နိဗ္ဗာနဂတာ၊ နိဗ္ဗာန်သို့ရောက်သွားကြပါကုန်၏မြတ်စွာဘုရား။

ဤသို့ ဆတ္တမာဏဝနှတ်သားသည် မိမိ၏သောတာပန်တည်သော
အဖြစ်ကိုလျှောက်ကြားလျက်၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ဒေသနာ
တော်၏အထွဋ်ကိုယူ၍ မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ လက်ျာရစ်
လည်သည်ကိုပြု၍ ရဟန်းသံဃာတော်တို့အား ရှိသေသောအမှုအရာကို
ပြု၍ နှတ်ပြည့်သို့သာလျှင် ပြန်သွားလေ၏။ မြတ်စွာဘုရားသည် ရဟန်း
သံဃာတော်ခြံရံလျက် နေရာမှထတော်မူ၍ ကြွသွားတော်မူ၏။ ဆတ္တ
မာဏဝလုလင်၏ အမိအဘတို့သည်၎င်း။ ပေါက္ခရသာတိ ပုဏ္ဏားကြီး

သည်ရှင်း။ အလုံးစုံသောလူပရိသတ်သည်ရင်း၊ မြတ်စွာဘုရား နောက်တော်သို့ လိုက်၍ပို့ပြီးလျှင် မိမိတို့နေရပ်ဌာနသို့ပြန်ကြကုန်၏။ မြတ်စွာဘုရားသည် ဇေတဝနံကျောင်းတော်သို့ ရောက်တော်မူလျှင် စည်းဝေးရောက်လာသောပရိသတ်၌ ဤဝိမာနဝတ္ထုကို အကျယ်အားဖြင့် ဟောကြားတော်မူပြန်၏။ ထိုဒေသနာတော်သည် များစွာသော လူအပေါင်းတို့အား အကျိုးမဲ့သည်ဖြစ်စေသတည်း။

ဆဋ္ဌမဝဏ္ဏနတ်သားဝတ္ထုပြီး၏။ ။တတိယ။

* * *

ဒွေမုဒ္ဓနိနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုဝနံကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်အခါ၊ အမျိုးအမည်အားဖြင့် မထေါ်ရားဟသော ရုဟာနိုးတပါးသည် ဖြစ်ပျက်ကမ္ဘာနိုးကဲ့အားထုတ်၍ ကြည့်ရှုဆင်ခြင်လျက် ခန္ဓာ ကာယသို့ကပ်ကိုက်သောဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ မကျန်းမမာ ဖြစ်သောကဲ့သို့ပင်ရှိကား ဖြစ်ပျက်ကမ္ဘာနိုးကဲ့အားထုတ်ဆင်ခြင်ကြလို့ ဒုက္ခပြားကြမတတ်နိုင်၍ ဆေးဆရာကို ခေါ်ပြုပြင်ဆိုခဲသော အင်အားအကူဖြင့် ခဏခဏပင်လည်း ပျောက်သည်မကား ခပ်ကျော်ကျော်၍ မြတ်စွာဘုရားအား လျှောက်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုရုဟနိုးအား ပုဗ္ဗုဒ္ဓိဇ်အရသာဖြင့် ပျောဘသော ဆွမ်းဘောဇဉ်ကို စားမှ သင်ပယ်ဖြစ်မည်ကို သိတော်မူ၍။ ချစ်သားရုဟနိုး၊ သင်သည် မဂဇလယ်ပြင်သို့သွား၍ ဆွမ်းခံလှည့်လည် ခံလော့။ ကားမှတ်သူလနှားကို ကိုက်သောဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ မကျန်းမမာ ဖ

ခဲသောကဲ့သို့ပင်ရှိကား ဖြစ်ပျက်ကမ္ဘာနိုးကဲ့အားထုတ်ဆင်ခြင်ကြလို့ ဒုက္ခပြားကြမတတ်နိုင်၍ ဆေးဆရာကို ခေါ်ပြုပြင်ဆိုခဲသော အင်အားအကူ ဖြင့် ခဏခဏပင်လည်း ပျောက်ခြင်းမရှိ။ ထမင်းကို ချက်ကားပြီးလျှင် အခန့်ညီးပယ်ခဏမျှ အခေတ်သိပ်ရုံခေါ်ပြီးအံ့။ ထိုနောက်မှ စားအံ့ဟု ထိုဝိုရ်၏

နေရာမှ ဆွမ်းရပ်သော မထေရ်မြတ်ကိုမြင်၍ တဲအိမ်ကလေးအတွင်းသို့ ပင့်ပြီးလျှင် ခင်းထားသောနေရာ၌ထိုင်စေပြီး၍၊ ကက္ကဠုက၊ ရသ၊ ဘတ္တ၊ ပုဒ္ဓနှင်ဆက်ဖြင့်စိရင်သောဆွမ်းကို မထေရ်မြတ်၏သပိတ်သို့လောင်းထည့်၍ ကပ်လှူ၏။

မထေရ်မြတ်သည်လည်း ထိုပုဒ္ဓနှင်ဖြင့် စိရင်သောဆွမ်းကို အနည်းငယ် တလုပ်နှစ်လုပ်စာမျှ စားသုံးလိုက်လျှင်ပင်၊ ကဏ္ဏသူလ နားကိုက်သော ဝေဒနာသည် ငြိမ်းပျောက်လေ၏။ ရေဒန်းတရားဖြင့် သွန်းလောင်းဘိသကဲ့သို့ နားကိုက်သောရောဂါမှ ဇငြိမ်း၍သွားလေ၏။ ထိုမထေရ်မြတ်သည် သပ္ပါယဘောဇဉ်ကိုရ၍စိတ်ချမ်းသာခြင်းကိုရသောကြောင့် ဆွမ်းစားဆဲ၌ပင်လျှင် ဖြစ်ပျက်ကမ္မဋ္ဌာန်းကိုနှုတ်သွင်းလျက် ခုနှင်းစား၍မပြီးဆုံးမီပင်လျှင် အကြွင်းမဲ့ကိလေသာကုန်ခမ်းသောရဟန္တာအဖြစ်သို့ရောက်၍လယ်စောင့်ယောကျ်ားအား ဤသို့မိန့်တော်မူ၏။ ဥပါသကာသင်၏ဆွမ်းဘောဇဉ်ဖြင့် ငါ၏ရောဂါပျောက်ငြိမ်း၍ကိုယ်စိတ်ချမ်းသာခြင်းဖြစ်၏။ သင်သည်လည်း ဤကုသိုလ်၏ အကျိုးအားဖြင့် ဆင်းရဲမှလွတ်ကင်း၍ ကိုယ်စိတ်ချမ်းသာခြင်းဖြစ်လတံ့ဟုမိန့်တော်မူ၍ အနုမောဒနာပြုပြီးလျှင် ကြွသွားတော်မူ၏။

ထိုလယ်စောင့် ယောကျ်ားသည်လည်း ထိုကုသိုလ်ကို အခါခါအောင်းမေ့လျက်နေရာ နောက်အခါ၌ရုတ်တရက်ပြည်၌ပဏ္ဍာမြားသည် ကိုင်တို့ဖြင့်တည်သောတဆဲ့နှစ်ယူဇနာဂိုသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ ထိုဘုံဗိမာန်၌ ကျောက်မျက်ရွှဲ သည်တိုင်ကိုးဖြင့်တည်သော အထွဋ်ဘုံဆောင်ခုနစ်ရာဂိုး၏။ ထိုဘုံဗိမာန်၏တံခါးဝ၌ ပုလဲကွန်ချာဖြင့်ထည့်၍ တွဲ့လျားဆွဲထားသော ရွှေပုဒ္ဓနိလုံးအရုပ်သည် ရှေးကုသိုလ်ကောင်းမှုကို ညွှန်ပြသကဲ့သို့တည်ဂိုး၏။ ထိုရွှေပုဒ္ဓနိလုံးတည်ဂိုသောကြောင့်၊ ထိုဘုံဗိမာန်ကို ရွှေပုဒ္ဓနိဗိမာန်ဟူ၍ခေါ်ကြကုန်၏။ ထိုနတ်သားကိုလည်း **ရွှေပုဒ္ဓနိနတ်သား** ဟူ၍ ခေါ်ကြကုန်၏။

တရုံသောအခါ၌အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီတော်မူသောအခါ၊ ရွှေပုဒ္ဓနိဗိမာန်ကို မြင်၍ ထို**ရွှေပုဒ္ဓနိနတ်သား**အား ဤသို့မေးတော်မူ၏။

ပဏ္ဍာမြားသည်ကိုင်ကိုးဖြင့်တည်သော ဤဘုံဗိမာန်ကြီးသည် စွင့်စွဲ့တက်မျှ မြင့်တက်၍နေ၏။ ထက်ဝန်းကျင်ပတ်လည်အားဖြင့် တဆဲ့နှစ်

ယူတော်နှာ၏။ ကျောက်မျက်ရွှဲသည်တိုင်တို့ဖြင့်တည်သော အထွဋ်ဘုံ ဆောင်တို့သည်လည်း ခုနစ်ရာ၏။ လေးမျက်နှာပြောင်ပြောင်တောက် သော အရောင်၏။ အသင်နတ်သားသည် ဤဘုံဗိမာန်ကြီးဌေးနေလျက် အခါပေါ်သိမ်း ပန်းနံ့သာ အမျှော်တို့ကိုရင်း။ နတ်သုဒ္ဓါအရသာတို့ကို စားသောက်ခါနေ၏။ ချိုသာသော အသံ၏ကုန်သောနတ်စောင်းတို့သည် ပေါ်ပေါ်ထွက်ပေါ်ပေါ်ကြီးသည်လည်း ပြည့်စုံစွာ၏ကုန်၏။ ရွှေအဝတ် ရွှေတော် ဝေတို့ကို ဝတ်ဆင်ကုန်သော နတ်ကညာတို့သည်လည်း ကခုနိ မြူးနှင်ကျော် အပျော်ဆက်ကြကုန်၏။ သင်နတ်သားအား ဤသို့သော စည်းစိမ်ကို အတပယ်ကုသိုလ်ကြောင့်ရပါသနည်း။ ကြီးသောအာနုဘော ပ ဒ္ဓ ရေ ၊ နတ်သား ။ ငါ့မေးသောစကားကို ဖြေကြားလျှောက်တော်မူပြီးလေ။ ရှေ့ ဖြစ်သော အခါ၌ သင်သည် အတပယ်ကုသိုလ်ကို ပြုလုပ်ကုန်းပေသနည်း။ ဤနတ်သား၏ အဆင်းအပြောင်သည် အရပ်ဆယ်ပါးကနှာ ထွန်းလင်း ပြာ၏ ,လွန်စွာတောက်ပ၏။ ဤသို့အခ၎င်းမဟာမောဂ္ဂလာန် မေးတော်မူ သည်၏သော်ထိ**ပုဗ္ဗာန်နတ်သား**သည် ဤဂါထာဖြင့် ဖြေကြားလျှောက် ထားတော်သည်။

သတိသမ္ပဇညဒကေ၊ ဒါနေ ဒမ္ဘုမ္ဟိ ကောဝိဒေ ။
ဒိဋ္ဌိတောဇာတရူပသ၊ သောဘတိ ဒေဝပါ၊ ဝိယ ။ ။

ဇာတရူပသ၊ ဘွဲ့ဖြင့်။ ဒိဋ္ဌိတော၊ ပြီးသော။ ဒေဝပါ၊ ဝိယ ၊ ရွှေ ခြည်ထောက် ဆယ်ချောင်းနှင့်သော။ ကမ္ဘုမ္ဟိ ကော၊ ဘွဲ့ပုဗ္ဗနိရုပ်သည်။ သတိသမ္ပဇညဒကရော၊ တပည့်တော်၏ကောင်းမှု ပြုပုံကိုသိအောင် သတိ ကို ဖြစ်စေခြင်းဌာ ကောင်းစွာပြုလျက်။ ဒါနေ၊ တပည့်တော်၏ ဘုံဗိမာန် တံခါးဝ၌။ ဌိတော၊ တည်၏သည်ဖြစ်၍။ သောဘတိ၊ တင့်တယ်စွာဖြင့် ပါသည် အခ၎င်ဘုရား။

တေနမေတာဒိသော ဝဿော၊ တေနမေ ဘုမ္ဘမေဝိဒ္ဓါ တိ။
ဥပဇ္ဇန္တိ စမေဘောဂါ၊ ယေကေစိ မနသောပိယာ။ ။

ဘဝနှစ်၊ အခ၎င်မဟာမောဂ္ဂလာန်ဘုရား။ တေန၊ ထိုပုဗ္ဗနိဆင်နှင့်ဆွဲခြင်း ကို ပေးလှူသောကုသိုလ်ကြောင့်။ မေ၊ တပည့်တော်အား။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းခံတောက်ပသော။ ဝဿော၊ အဆင်းအပြောင်ရှိပါသည်

အရှင်ဘုရား။ တေနှ၊ ထိုပုဇွန်ဆင်လှူသောကုသိုလ်ကြောင့်။ မေ၊ တပည့်တော်အား။ ဣဝ၊ ဤနတ်ပြည်၌။ ဣဏ္ဍတိ၊ ပြည့်ရုံစွာဖြစ်ပါသည် အရှင်ဘုရား။ တေနှ၊ ထိုပုဇွန်ဆင် ကုသိုလ်ကြောင့်။ မေ၊ တပည့်တော်အား။ မနုသောဝိယာ၊ စိတ်နှစ်သက်ဘွယ်ဖြစ်ကုန်သော။ ယေကေစိ၊ အလုံးရှိကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည် ။ဥပဋ္ဌန္တိ၊ ဖြစ်လာပါကုန်၏အရှင်ဘုရား။

တနိုင်းတောကြီးလေစွာသော အရှင်မဟာ မောဂ္ဂလာန် အရှင်မြတ်ဘုရား။တပည့်တော်ပြုသောကုသိုလ်ကိုသိစေခြင်းငှါဘုံဗိမာန်တံခါးဝ၌ ဆွဲထားသောရွှေပုဇွန်ချပ်ကို ကြည့်ရှုတော်မူပါတော့အရှင်ဘုရား။တပည့်တော်အဆုံးလျှောက်ထားဘွယ်မရှိပါဘုရား။ထိုပုဇွန်ဆင်ကုသိုလ်ကြောင့် ဤကဲ့သို့ စည်းစိမ်ကို တပည့်တော်ရပါသည်ဘုရားဟူ၍ လျှောက်ကြားလေသတည်း။

ဘုရားပုဇွန်နတ်သားဝတ္ထုပြီး၏။ ။စတုတ္ထ။

* * *

တံခါးစောင့်နတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တော်၌သိတ်တင်းသုံးနေတော်မူစဉ်အခါ၊ ဥပါသကာတယောက်သည်လေးနက်ကုန်သော နိစ္စဘတ်ဆွမ်းတို့ကို သံဃာတော်အား နေ့စဉ်မပြတ်လှူ၏။ ထို့ဥပါသကာ၏ ဓိမ်အပိုင်းအခြားအရံအတားအကာ၌ခိုးသူဘေးကြောင့် မျှားသောအားဖြင့် ဝိတ်ထားသောတံခါးရှိ၏။ ရဟန်းတို့သည် ရောက်လာ၍ တရုံတခါ တံခါးဝိတ်လျက်နေသောကြောင့် ဆွမ်းမရသည်ဖြစ်၍ ပြန်ကြကုန်၏။

ဥပါသကာသည်မယားကိုခေါ်၍၊ ရှင်မ၊အရှင်မြတ်တို့အား ဆွမ်းကို ကောင်းမွန်ရှိသေစွာလှူပါ၏လောဟုမေး၏။ ထိုအခါ မယားကဤသို့ဆို၏။ ဤနေ့ဤနေ့တို့၌အရှင်မြတ်တို့သည် မကြွလာကြပါဟုဆိုလျှင် အဘဲ့ကြောင့် မကြွလာပါလိမ့် မည်နည်းဟုဆိုလျှင် တံခါးဝိတ်၍ နေသောကြောင့် မကြွလာဘဲနေသည်ဟု ထင်ပါသည်ဟု မယားက ပြောသော

အခါဥပါသကာသည်ထိတ်လန့်သောသံဝေဂသဘောဖြစ်၍ယောက္ခား တယောက်ကို တံခါးစောင့်ပြုလုပ်၍အမြဲထားပြီးလျှင်၊ ယနေ့မှစ၍ ဤတံခါးကိုစောင့်လျက်နေလော့။ အကြင်အခါ၌ အရှင်မြတ်တို့ကြွလာကုန်လတ္တံ့၊ ထိုအခါ၌ ထိုအရှင်မြတ်တို့ကို အိမ်တွင်းသို့သွင်း၍ နေရာခင်းခြင်း သပိတ်ကပ်ခြင်း အစရှိသော ကိစ္စတို့ကို သင့်လျော်အောင် ပြုလုပ်၍နေလော့ဟုစေခိုင်း၏။

ထိုတံခါးစောင့်ယောက်ျားသည် ကောင်းပါပြီဟုဝန်ခံ၍ ဆွမ်းခံလာကုန်သော ရဟန်းတို့၏ ဝေယျာဝစ္စ ကိစ္စ ကြီးငယ်တို့ကို ပြုလုပ်လျက် ရဟန်းတို့၏အထံ၌ တရားကိုနာ၍ သဒ္ဓါတရားတိုးပွားလျက်၊ ကံကိုရှင်း ကံ၏အကျိုးကိုရှင်း ယုံကြည်၍၊ သရဏာဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်၍ ရဟန်းတို့အား ရိုသေစွာလုပ်ကျွေးပြုရလျက်နေ၏။ နောက်အခါ၌ ထိုနိစ္စဘတ်လေးခုကို သံဃာတော်အားအပ်လှူသော ဥပါသကာသည်ရုတေ၍ ယာမာနတ်ပြည်၌ နတ်သားဖြစ်၏။

ထိုဥပါသကာ၏အိမ်၌နေ၍ တံခါးကိုစောင့်လျက် ရဟန်းတော်တို့အား ဝေယျာဝစ္စတို့ကိုဆောင်ရွက်လုပ်ကျွေးလျက်နေသောတံခါးစောင့်ယောက်ျားသည်ကား သူတပါးတို့လှူသောဆွမ်းကို မိမိက ရဟန်းတို့အား ဝေယျာဝစ္စပြုလျက်လုပ်ကျွေးသောကုသိုလ်ကြောင့်ရင်း၊သူတပါးလှူသောဆွမ်းကိုမိမိကဝမ်းမြောက်စွာသာရုခေါ်သောကုသိုလ်ကြောင့်ရင်း၊ ရုတေသောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ တဆဲ့ဒုစ်ယူဇနာခန့်သောရွှေဗိမာန်၌နေရ၏။ ထိုနတ်သားကို တံခါးစောင့်သော လူ၏ဘဝမှလာ၍ဖြစ်သောကြောင့် **တံခါးစောင့်နတ်သား**ဟူ၍ခေါ်ကြကုန်၏။

ထိုတံခါးစောင့်နတ်သားသည်လည်း **ပုဇွန်နတ်သား**ကဲ့သို့ပင်လျှင် ဘုံဗိမာန် အဆွေ့အရုံနှင့်တကွ ပြည့်စုံစွာဖြစ်၏။ ပုဇွန်နတ်သားဗိမာန်တံခါးဝ၌**ရှေ့ပုဇွန်ရုပ်** ရှိသကဲ့သို့ တံခါးစောင့်နတ်သား၏ဗိမာန်တံခါးဝ၌ကား ရှေ့ပုဇွန်ရုပ်မရှိချေ။ ဤမျှသာထူးတော့သည်။ တရုံရောအခါ၌ အရှင်မဟာ မောဂ္ဂလာန် ထေရ်မြတ် နတ်ပြည်သို့ ရောက်သောအခါ ထို**တံခါးစောင့်နတ်သား**ကိုလည်း ပုဇွန်နတ်သားကို မေးသကဲ့သို့ မေးတော်မူသောအခါ ဖြေကြားလျှောက်တင်သောဂါထာကား။

ဒိဗ္ဗံမမံဝဿသဟဿမာယု၊ ဝါစာဘိဂီတံမနသာပဝတ္တိတံ။
ဣတ္ထောဝတာဌဿတိပုညကမ္မော၊ ဒိဗ္ဗေဟိကာမေဟိသမင်္ဂီဘူတော။
ဤဂါထာဖြင့်လျှောက်ကြားခဲ့ ပြေလေသတည်း။ ။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာနဘုရား။ မမ၊ တပည့်တော်၏။ အာယု၊ နတ်သက်သည်ကား။ ဒိဗ္ဗံ၊ နတ်တို့၏ အရေအတွက် ဖြစ်သော။ ဝဿသဟဿသံ၊ နှစ်ပေါင်း တထောင်သည်။ ဘဝတိ၊ ဖြစ်ပါသည်ဘုရား။ ဝါစာဘိဂီတံ၊ ရဟန်းတို့လာလျှင်၊ ဤမှာအင်းပျည်၊ ဤတွင်ညောင်စောင်းနေကော်င်းထိုင်ရာ ,နေပါဘုရား၊ နှုတ်စကားဖြင့် လျှောက်ကြားရုံမျှ ကုသိုလ်ကို။ မနသာ၊ ကြည်လင်စွာသောစိတ်ဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေပါသည်အရှင်ဘုရား။ ဣတ္ထောဝတာ၊ ဤမျှလောက်သောကုသိုလ်ဖြင့်။ ပုညကမ္မော၊ ဝေယျာဝစ္စ ပုညအစု ကောင်းမှုရှိသော တပည့်တော်သည်။ ဒိဗ္ဗေဟိ၊ နတ်ပြည်၌ရှိကုန်သော။ ကာမေဟိ၊ ကာမဂုဏ်ငါးပါးတို့နှင့်။ သမင်္ဂီဘူတော၊ ပြည့်စုံသူက်။ မမံ၊ တပည့်တော်၏။ အာယု၊ အသက်သည်။ ဒိဗ္ဗံဝဿသဟဿံ၊ နတ်သက်တထောင်ပတ်လုံး။ ဌဿတိ၊ တည်နေရလတ္တံ့ဖြစ်ပါသည်အရှင်ဘုရား။

တာဝတိံသာနတ်သက်သည်ကား။ လူပြည်၌နှစ်ပေါင်းတရာသည် တာဝတိံသာ၌တနေ့တည်း၌ဖြစ်၏။ ထိုနေ့ညဉ့်ဖြင့် ရက်ပေါင်းသုံးဆယ်သည် တလဖြစ်၏။ ထိုလဖြင့် တဆဲ့နှစ်လသည် တနှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်းတထောင်သည် တာဝတိံသာနတ်သက်ဖြစ်၏။ ထိုတာဝတိံသာ နတ်သက်တထောင်သည် လူပြည်၌ နှစ်ပေါင်း သုံးကုဋေ ခြောက်သန်းရှိ၏။ ဤနှစ်ပေါင်း သုံးကုဋေခြောက်သန်း ကာလပတ်လုံး တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို စံစားနေရပါလတ့ံ- အရှင်ဘုရား ဟူ၍ တံခါးစောင့်နတ်သားက အရှင်မဟာမောဂ္ဂလာန်ကိုလျှောက်ကြားလေသတည်း။

တံခါးစောင့်နတ်သားဝတ္ထုပြီး၏။ ။ပဌမ။

* * *

ကရဝေယျနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်အခါ၊ သာဝတ္ထိပြည်သားဥပါသကာတယောက်သည် ရေချိုးရန်ဆပ်ပြာ အစရှိသည်တို့ကိုယူ၍ အစိုရဝတ်မြစ်ဆိပ်သို့သွား၍ ရေချိုးပြီးလျှင်ပြန်လာသောအခါ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူရန်ကြွလာတော်မူသောမြတ်စွာဘုရားကိုမြင်လျှင် အနီးသို့ကပ်၍ရှိသော ဗွာခိုးပြီးလျှင်၊ အရှင်ဘုရားကိုအဘယ်သူကပင့်ဖိတ်ပါသနည်းမြတ်စွာဘုရားဟုလျှောက်၏။ မြတ်စွာဘုရားသည် တရားဟောဝေဖြင့်ဆိတ်ဆိတ်နေတော်မူ၏။

ထိုဥပါသကာသည် မြတ်စွာဘုရား ဆိတ်ဆိတ်နေတော် မူသည်ကို သော် တရုံတယောက်မျှပင့်ဖိတ်သူမရှိဟုသိ၍၊ မြတ်စွာဘုရား တပည့်တော်အား သနားတော်မူသဖြင့် တပည့်တော်၏ဆွမ်းကို အလှူခံတော်မူ ပါဘုရားဟုပင့်ဖိတ်၍ မိမိအိမ်သို့မြတ်စွာဘုရားကိုပင့်ဆောင်၍ ဘုရားတို့နှင့်ထိုက်တန်သောနေရာကို ကောင်းစွာခင်း၍ ထိုနေရာ၌ ထိုင်တော်မူသောမြတ်စွာဘုရားကို မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ် အဖျော်ကိုမြှင့်လုပ်ကျွေး၏။

မြတ်စွာဘုရားသည် ဆွမ်းကိန်းပြီးသောအခါ အနုမောဒနာပြု၍ ကြွသွားတော်မူ၏။ထိုဥပါသကာသည်ထိုဘုရားသခင်ကိုအခါပေါင်းမြောက်မြား ဆည်းကပ်ခြင်းကျက် ဝန်းမြောက်သောစိတ်ဖြင့်နေ၏။ နောက်အခါ တရုံတခုသောဟောဂါဖြင့်ရုတ်တရက်၊ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ အရှင်မဟာမောဂ္ဂလာနဟောကိုလာ၍မေးသောအခါ၊ ကရဝေယျဂါထာကို ရွတ်ဆို၍လျှောက်ကြားသောကြောင့် **ကရဝေယျနတ်သား**ဟုခေါ်ကြ၏။

ကရဝေယျဟိ ပုညာနိ၊ ပဏ္ဍိတေနဝိဇာနတာ။
သမဂ္ဂတေသုဗဟုဒ္ဓေသု၊ ယဏ္ဍိဒ္ဓိနိမဟာပဟုလံ။ ။
အဏ္ဌာယဝတမေဗုဒ္ဓေ၊ အရညာဂါမမာဂတော။
တဏ္ဌပိတ္ကံပသာဒေတွာ၊ တာဝတိံသုပဂေါအဟံ။ ။

ဝိဇာနတာ၊ အကျိုးပေးပွား ဂျိမ္ဘဂျိကိုသိတတ်သော။ ပဏ္ဍိတေန သပ္ပညေန၊ ပညာရှိသောသူသည်။ သမဂ္ဂတေသု၊ ကောင်းစွာကျင့်တော်မူ

ကုန်သော။ ဗုဒ္ဓေသု၊ မြတ်စွာဘုရားတို့၌။ ပုညာနိ၊ ကုသိုလ်ကောင်းမှု တို့ကို။ ကရကိယာနိ၊ ပြုအပ်ကုန်၏။ ယတ္ထ၊ အကြင်ဘုရားစသည်တို့၌။ ဒိန္နံ၊ လှူသောအလှူသည်။ မဟာ ဖလံ၊ အကျိုးကြီး၏။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ ငါ၏။ အတ္ထာယ၊ အကျိုးငှါ။ အရညာ၊ တောကျောင်းသားလွန် ဧတဝန်ခေါ် ရှေကျောင်းတော်မှ။ ဂါမံ၊ သာဝတ္ထိပြည် မြို့ရွာဆီသို့။ အာဂတောဝတာ၊ ကြွလာတော်မူပေ၏ တကား။ တတ္ထ၊ ထိုကြွလာတော်မူသောမြတ်စွာဘုရား၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ အဟံ၊ ငါသည်။ တာဝတိံသံ၊ တာဝတိံသာ နတ်ပြည်သို့။ ဥပဂေါ၊ ရောက်ရသည်။ အမှိ၊ ဖြစ်၏။

ကရကိယနတ်သားဝတ္ထုပြီး၏။ ။ဆဋ္ဌ။

* * *

ဒုတိယကရကိယနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဧတဝန်ခေါ်၊ ရှေကျောင်းတော်၌ မွေ့လျော်ရှင်ပြုံးသိတင်းသုံးနေတော်မူစဉ်အခါ၊ ဥပါသကာတယောက် သည် ရေချိုးရန် အစိုရဝတီ မြစ်ဆိပ်သို့သွား၍ ရေချိုးပြီးလျှင် ပြန်လာ သောအခါ၊ ဧတဝန်ကျောင်းတိုက်တော်မှ ရဟန္တာအရှင်မြတ်တပါး သည် သာဝတ္ထိပြည်ဝယ်သို့ ဆွမ်းခံဝင်အံ့သောငှါ သပိတ်သက်နှံးကို ယူ၍လာသည်ကိုမြင်လျှင်၊ ထိုဥပါသကာသည် မိမိအိမ်သို့ပင့်ဆောင်၍ ကောင်းမွန်စွာ နေရာကို ခင်းပြီးလျှင် ထိုနေရာ၌ ထိုင်နေတော်မူသော ရဟန်းတော်အရှင်မြတ်အား မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့်လုပ် ကျွေး၏။ ဆွမ်းစားပြီးသောအခါ အနုမောဒနာပြု၍ကြွသွားတော်မူ၏။

ထိုဥပါသကာသည် ရဟန်းတော်အရှင်မြတ်အား ဆွမ်းလုပ်ကျွေး သောကုသိုလ်ကိုအခါခပ်သိမ်းအောင်းမေ့၍ဝမ်းမြောက်သောစိတ်ဖြင့် နေ၏။ နောက်အခါ၌ ထိုဥပါသကာသည် ရုတေ၍ ထိုကုသိုလ်ဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ တဆဲ့နှစ်ယူဇနာရှိသော ရွှေ ဗိမာန်၌ ပဋ္ဌနိနတ်သားကဲ့သို့ပင်လျှင် နတ်စည်းစိမ်ကို စံစားလျက်နေ ရ၏။ အရှင်မဟာ မောဂ္ဂလာန် နတ် ပြည် သို့ ရောက် ၍ မေးသောအခါ၊

ကရဏီယဂါထာဖြင့် လျှောက်ကြားသောကြောင့်၊ ဒုတိယကရဏီယ နတ်သားဟူ၍ခေါ်ကြကုန်၏။

ကရဏီယာနိပုညာနိ၊ ပဏ္ဍိတေနဝိဇာနတာ။
သမဂ္ဂတေသုဘိက္ခူသု၊ ယတ္ထဒိန္နံမဟပ္ဖလံ။ ။
အတ္ထာယဝတမေဘိက္ခု၊ အရညာဂါမမာဂတော။
တတ္ထစ်ဍ်ံ ပသာဒေတွာ၊ တာဝတိံသုပဂေါအဟံ။

ဝိဇာနတာ၊ အကျိုးစီးပွားကို ကောင်းစွာသိမြင်သော။ ပဏ္ဍိတေန၊ ပညာ ဂုဏ်သော သူသည်။ သမဂ္ဂတေသု၊ ကောင်းစွာ ကျင့်ကုန်သော။ ဘိက္ခူသု၊ ရဟန်းတော်တို့၌။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရဏ်ယာနိ၊ ပြုအပ်ကုန်၏။ ယတ္ထ၊ အကြင်ရဟန်းတော်တို့၌။ ဒိန္နံ၊ လှူသောအလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီး၏။

မေ၊ အကျွန်ုပ်၏။ အတ္ထာယ၊ အကျိုးမျှားခြင်းငှါ။ ဘိက္ခု၊ ရဟန်းတော် အရှင်မြတ်သည်။ အရညာ၊ ဧတဒဂ္ဂယျာဉ် တောမြို့ခွင်ခွင်မှ။ ဂါမံ၊ လူတို့နေရာ ပြည်သာဝတ္ထိ ဘုရားရှိမော မြို့ပြည်ရှိသို့။ အာဂတော၊ လာတော်မူပေ၏တကား။ တတ္ထ၊ ထိုရဟန်းတော်၌။ စ်ဍ်ံ၊ စ်တ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ အဟံ၊ အကျွန်ုပ်သည်။ တာဝတိံသံ၊ တာဝတိံသာ နတ်ကိုရှိသို့။ဥပဂေါ၊ ရောက်ခဲ့ပေ၏။

ဒုတိယကရဏီယဝတ္ထုပြီး၏။ ။သတ္တမ။

* * *

အပ်လှူသောနတ်သားဝတ္ထု

အပ်လှူသောအကျိုး

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုပန်းကျောင်းတော်၌နေတော်မူစဉ်အခါ၊ အရှင်သာရိပုတ္တရာထေရ်မြတ်အား သက်နုံးချုပ်ရန်ကိစ္စရှိသည်ဖြစ်၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံ လှည့်လည် ဝင်တော် မူ လျက် ပန်းပဲသူကြီး၏အိမ်တံခါးဝသို့သွား၍ရပ်တော်မူ၏။ ပန်းပဲသူကြီးသည် အရှင်သာရိပုတ္တရာကိုမြင်လျှင်အဘယ်ကိုအလိုရှိ၍ရပ်တော်မူပါသနည်း အရှင်ဘုရားဟုလျှောက်၍သက်နုံးချုပ်ရန် အပ်အလိုရှိသည်ဟုမိန့်တော်မူလျှင် ပြုလုပ်ပြီးသော အပ်နှစ်ချောင်းကိုလှူ၍၊ အရှင်ဘုရား နောက်

တဘာန်အပ်အလိုရှိပါလျှင် မိန့်တော်မူပါဟုလျှောက်ကြား၍ ငါးပါးသော တည်ခြင်းဖြင့်ရှိခိုးဦးချ၍ အရှင်သာရိပုတ္တရာမဲသွားတော်မူသည်ရှိသော် ထိုပန်းပဲသူကြီးသည် ထိုအပ်လှူသောဂုဏ်သိုလ်ကို ကြည်ညိုသောစိတ်ဖြင့် အောင်းမေ့ဆင်ခြင်လျက်နေ၏။

နောက်အခါ တစုံတခုသော ရောဂါဖြင့်ရုတေ၍ တာဝတိံသာနတ်ပြည်၌နတ်သားဖြစ်၏။ အရှင်မဟာမောဂ္ဂလာန် နတ်ပြည်သို့ ဒေသစာရီကြွချီ၍ရောက်သောအခါ ထိုနတ်သားကိုမြင်၍ မေးတော်မူသည်ကို ဤဂါထာဖြင့်ဖြေကြားလျှောက်တင်လေသတည်း။

ယံတာဒါကိနတံဟောတိ၊ ယံစေဝဒဇ္ဇာတမ္ပေဝသေယျ။
သုစိဒိန္နာသုစိမေဝသေယျ၊ တေနမေတာဒိသောဝဏ္ဏော။ ။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်။ ယံ၊ အကြင်အပ်ကို။ တာဒါတိ၊ လှူ၏။ တံ၊ ထိုအပ်တခုတည်းမျှ။ နဟောတိ၊ အကျိုးပေးသည်မဟုတ်။ ဝါ၊ အပ်ကဲ့သို့ဖြစ်၍နေသည်မဟုတ်။ ဥဒ္ဓာရဝဇလံ၊ ပြန့်ပြောစွာအလိုရှိသော အကျိုးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ယံစေဝ၊ အကြင်တခုသောအလှူကိုသာလျှင်။ ဒဇ္ဇာ၊ လှူငြားအုံ့။ တဉ္စေဝ၊ ထိုအလှူသည်သာလျှင်။ သေယျော၊ မြတ်၏။ တသ္မာ၊ ထိုကြောင့်။ မယာ၊ တပည့်တော်သည်။ သုစိ၊ အပ်ကို။ ဒိန္နာ၊ လှူပါ၏။ သုစိမေဝ၊ အပ်အလှူသည်သာလျှင်။ မယှံ၊ တပည့်တော်အား။ သေယျော၊ အမြတ်ဖြစ်ပါသည်အရှင်ဘုရား။ တေန၊ ထိုကြောင့်၊ မေ၊ တပည့်တော်အား။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်ပသော။ ဝဏ္ဏော၊ အဆင်း အရောင်ရှိသောနတ်သားသည်။ ဟောတိ၊ ဖြစ်ရ၏။

[အပ်လှူသောသူသည် အပ်ကဲ့သို့ချွန်ချွန်ကြီးဖြစ်၍နေသည်မဟုတ်။ ငြုပ်သိုးလှူသောသူသည် ငြုပ်သိုးကဲ့သို့ပူစပ်စပ်ဖြစ်၍နေသည်မဟုတ်။ ထိုအပ်တခုသာလျှင် အကျိုးပေးသည်မဟုတ်။ အလိုရှိရာ ကာမဂုဏ်ငါးပါးတို့နှင့်ပြည့်စုံစွာ ချမ်းသာအောင် အကျိုးပေးသည်ဟူ၍ လျှောက်ကြားသောစကားဖြစ်သည်]။

[ထိုနတ်သားသည်လည်း ပဒုန်နတ်သားကဲ့သို့ပင်လျှင် စည်းစိမ်ချမ်းသာတူမျှစွာဖြစ်သည်]။

သုစိဒါယကနတ်သားဝတ္ထုပြီး၏။

* * *

ဒုတိယ အပ်လှူသောနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတိုက်တော်၌ သိတင်းသုံးနေတော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည်၌နေသော အပ်ချုပ်သွားတယောက်သည် ဝေဠုဝန် ကျောင်းတိုက်တော်သို့ ကျောင်းမျှားကို ကြည့်ရှုရန် လှည့်ပတ်သွားရောက်သောအခါ၊ သက်နီးချုပ်၍နေသော ရဟန်းတပါးကိုမြင်၍ အပ်ထည့်သောအပ်ဗူးနှင့်တကွအပ်တို့ကိုထည့်၍ လှူ၏။ ထိုအပ်ချုပ်သွားသည် ထိုဟုသိုလ်ကို အောင်းမေ့လျက် စုံတော သောအခါ၊ တာဝတိံသာနတ်ပြည်၌ ပဒုနိနတ်သားကဲ့သို့စည်းစိမ် ချမ်းသာတူမျှစွာ နတ်သားဖြစ်လေ၏။ အရှင်မဟာမောဂ္ဂလာန် နတ်ပြည်သို့ ရောက်၍မေးသောအခါ ဤဂါထာဖြင့်လျှောက်၏။

အဟံ မနုဿေသု မနုဿဘူတော၊ ပုရိမဇာတိယာ မနုဿလောကေ။
အဒ္ဒသံ ဝိရဇံ ဘိက္ခုံ ဝိ ,သန္တမနာ ဝိလံ၊ တာသာ အဒါသိ ပဟံ သုစိံ။
ပသန္နော သေဟိ ပါဏေဟိ၊ တေန မေတာဒိသော ဝယော။

ဘဝေန္တု၊ အရှင်မဟာမောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿဘူတော၊ လူဖြစ်လျက်။ ပုရိမဇာတိယာ၊ ရှေးဘဝ၌။ မနုဿလောကေ၊ လူတို့နေရာ ရာဇဂြိုဟ်ပြည်၌။ ဝိရဇံ၊ ကင်းသော မြို့ဂိုဏ်သော။ ဝိ ,သန္တံ၊ ကြည်လင်သောစိတ်ဂုဏ်သော။ အနာဝိလံ၊ မနောက်ကြေသော။ ဘိက္ခုံ၊ ရဟန်းတော်ကို။ အဒ္ဒသံ၊ မျက်မြင်ရပါ၏၊ ဘုရား။ တာသု၊ ထိုရဟန်းတော်အား။ အဟံ၊ တပည့်တော်သည်။ သုစိံ၊ သင်္ကန်းချုပ်ရန်အပ်ကို။ အဒါ၊ လှူဘူးပါသည်ဘုရား။ သေဟိ ပါဏေဟိ၊ မိမိလက်တို့ဖြင့်။ ဝါ၊ ကိုယ်တိုင်။ ပသန္နော၊ ကြည်ညိုသောစိတ်ဂုဏ်လျက်။ အဒါ၊ လှူဘူးပါသည်ဘုရား။ တေန၊ ထိုကြောင့်။ မေ၊ တပည့်တော်အား။ တာဒိသော၊ ထိုကဲ့သို့ ထွန်းလင်း တောက်ပသော။ ဝယော၊ အဆင်း အရောင်ရှိသည်။ ဟောတု၊ ဖြစ်၏။

ဒုတိယသုဒဿိလကနတ်သားဝတ္ထုပြီး၏။ ။၄၀၆။

* * *

ဆင်ပျံစီးနတ်သားဝတ္ထု

ရှေးလွန်လေပြီးသော အန္တရကပ် အနှစ် နှစ်သောင်း နေရသော သက်တမ်းအခါ၌။ ကသဿပမြတ်စွာဘုရားပွင့်တော်မူ၍ပရိနိဗ္ဗာန်ပြုတော်မူသောအခါ တယူဇနာဂ္ဂိသောရွှေစေတီကိုတည်၍ ကာသီတိုင်း ဗာရာဏသီပြည် ကိုကိမင်းကြီးသည်ရင်း နိဂုမ်းဇနပုဒ်သူတို့သည်ရင်း နှေ့ကိုင်း နှေ့တိုင်း ပန်းပူဇော်ခြင်းကိုပြုကြကုန်၏။ ဤသို့ပန်းပူဇော်သူတွေ များသောကြောင့် ပန်းတို့သည် ဈေးတက်၍ အဘိုးကြီးကုန်၏။ အလွန်ရခဲအောင် ပါးရှားလည်းသွားကုန်၏။ ပန်းတပွင့်ကို အသပြာငွေဒင်္ဂါး တကျပ်ပေးမှရကုန်၏။ ထိုအခါ၌ဥပါသကာတယောက်သည် ပန်းသည်တို့နေသောလမ်းသို့လှည့်လည်၍ တကျပ်သောငွေဒင်္ဂါးဖြင့် တပွင့်သော ပန်းကိုမျှလည်းဝယ်ယူရန်မရနိုင်ရကား၊ ရှစ်ကျပ်သောငွေဒင်္ဂါးကိုယူ၍ ပန်းပင်စိုက်ပျိုးသောပန်းခြံသို့သွား၍ ပန်းသည်ကိုခေါ်ပြီးလျှင် ဤငွေဒင်္ဂါးရှစ်ကျပ်တို့ဖြင့် ရှစ်ပွင့်သောပန်းတို့ကို ရောင်းပါလော့ဟုဆို၏။ ပန်းသည်က ပန်းခြံ၌ပန်းပွင့်တို့ကိုရှာမှေ ဆွတ်ခူး၍ရောင်းလိုက်ပြီ ဖြစ်သောကြောင့် ပန်းတပွင့်မျှမရှိပါဟုဆို၏။ဥပါသကာက အကျွန်ုပ်ကြည့်ရှုရှာမှေ၍ ယူပါအုံ့ဟုဆိုလျှင်၊ ပန်းသည်က ခြံအဝင်းသို့ဝင်၍ ရှာပါလော့ဟုခွင့်ပြုသောအခါ၊ဥပါသကာသည်ပန်းခြံအတွင်းသို့ဝင်၍ပန်းပင်ချုံတို့၏အကြားခို ကြည့်ရှုရှာမှေသည်ရှိသော် ပန်းချုံအောက်ခို၌ကြွေကျ၍နေသော ပန်းပွင့် ရှစ်ပွင့်တို့ကိုတွေ့မြင်၍ကောက်ယူပြီးလျှင် ပန်းသည်ကိုငွေရှစ်ကျပ်ယူပါလော့ဟုဆိုလျှင် ပန်းသည်က သင်ကုသိုလ်ကောင်း၍ ရသောပန်းပွင့်တို့ဖြစ်ကုန်၏။ အကျွန်ုပ်သည် ငွေကိုမယူပါ ပန်းပွင့်တို့ကိုအလကားယူပါလော့ဟုဆို၏။ ဥပါသကာက အကျွန်ုပ်အလကားမယူလိုပါဟုဆို၍ ငွေရှစ်ကျပ်ကို ပန်းသည်၏ရှေ့၌ထားခဲ့၍ ပန်းပွင့်တို့ကိုယူပြီးလျှင် စေတီတော်ရင်ပြင်သို့သွား၍ ကြည်ညိုသောစိတ်ဖြင့် ပန်းရှစ်ပွင့်တို့ကိုပူဇော်၏။ ထိုဥပါသကာသည် စုတေသည်ရှိသော် ပန်းရှစ်ပွင့်ပူဇော်သောကုသိုလ်ဖြင့် တာဝတိံသာနတ်ပြည်၌နတ်သားဖြစ်၍ ထိုနတ်ပြည်၌ နတ်သက်တမ်းအတိုင်းတည်နေ၍ တဘန်စုတေပြန်လျှင် နတ်ပြည်၌ပင်ဖြစ်ပြန်၍ ဤကဲ့သို့ အဆက်ဆက် နတ်သက်တမ်းကုန်ရင်း စုတေ၍ နတ်ပြည်၌ဖြစ်ပြန်ရင်း။ ဤသို့အားဖြင့် မျှားစွာသောဘဝ၊ မျှား

သောနှစ်ပေါင်းကာလကြာအောင်နတ်ပြည်၌သာလျှင်ထပ်ခါထပ်ခါ ဖြစ်၍ ငါတို့မြတ်စွာဘုရားပွင့်တော်မူသည်တိုင်အောင် တာဝတိံသာနတ်ပြည် ၌နတ်သားဖြစ်၍နေရ၏။

ထိုနတ်သား၏ ကုသိုလ်ကံကြောင့် ဖြူသောအဆင်းရှိသော နတ်ဆင်ပျံသည် ပေါ်လာ၏။ ထိုနတ်သားသည် နတ်ဆင်ပျံကိုစီး၍ ဥယျာဉ်ကစားသွားရာတွင် အရှင်မဟာမောဂ္ဂလာန်ကိုမြင်၍ ဆင်ပျံပေါ်မှ သက်ဆင်း၍ အရှင်မဟာမောဂ္ဂလာန်ကို ရိုသေစွာရှိခိုးလျက် လက်အုပ်ချီ၍ ရပ်နေ၏။ အရှင်မဟာမောဂ္ဂလာန်သည် ထိုနတ်သား၏စည်းစိမ်ကို ချီးကြူးအံ့သြခြင်းကို အဦးပြုသောစကားတို့ဖြင့် ဤသို့မေးတော်မူ၏။

ကိုယ်ရောင်ပဝင်း ဖြာ၍လင်းသောအချင်းနတ်သား။ သင်နတ်သားသည် ဝေဟာသကောင်းကင်ပြင်၌ ဆင်ပျံကိုစီး၍လာ၏။ သင်စီးသော ဆင်ပျံရထားသည် အညစ်အမည်းနည်းနည်းမျှမရှိ၊ ပကတိဖြူစင်သော ကိုယ်လည်းရှိ၏။အထူးသဖြင့် လည်ပင်းပေါ် ၌သာ၍ပင် ဖြူစင်တောက်ပ၏။ ဖြူစင်ကြီးမားသော အစွယ်လည်းရှိ၏။ ကြီးသောအားခွန်၇လည်းရှိ၏။ ထိုဆင်ပျံရထား၏ အစွယ်နှစ်ချောင်းအပေါ် ၌ ကောင်းစွာ ဘန်စင်သော ရေကန်လည်းရှိ၏။ ကြည်လင်သော ရေကန်မှ ကြာပွင့်တို့သည် ပေါက်ဝေနေ၏။ ထိုကြာပွင့်တို့၏အပေါ် ၌ တူရိယာငါးပါးတို့ကိုတီးမှုတ်လျက် နတ်သီချင်းတို့သည်လည်းကမ္ဘာကြကုန်၏။ သင်နတ်သားသည် နတ်ကညာ၌ကံကိုးနှင့်ပြည့်ကုန်၍ ကြီးသောအာနုဘော်ရှိ၏။သင်နတ်သား၏အဆင်းအရောင်သည်လည်း အလုံးစုံသော အရုပ်မျက်နှာသို့ဖြာ၍ တောက်ပတွန်းလင်း၏။ လူဖြစ်စဉ်အခါက အဘယ်ကုသိုလ်ကို သင်ပြုဘူးပေသနည်း။ ဤသို့အရှင်မဟာမောဂ္ဂလာန်မေးတော်မူသောအခါ၊ ထိုဆင်ပျံစီးနတ်သားသည် ဤဂါထာဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

အခဋ္ဌပရိတ္တမပုဗ္ဗိနိ၊ ကာသပသာဒဝတော။
ထူပင်္ဂဏံ အဘိရောပေသိ၊ ပသန္နော သေဟိပါဏိဘိ။ ။
တေနမေတာဒိသော ဝဏ္ဏော၊ တေနမေ ဣဒ္ဓိဝိဇ္ဇတိ။
ဥဘယေန ဇိနမေ ဘောဂါ၊ ယေကေစိ မနသောပိယာ။ ။

သမ္ဗန္ဓ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ အခဋ္ဌပ၊ နှစ်ပွင့်သောလျှင် ဖြစ်ကုန်သော။ ဥတ္တမပုဗ္ဗိနိ၊ ကောင်းမြတ်

သော ပန်းပွင့်တို့ကို။ ကသဿပသမ္ဘာဝဝတော၊ ကသဿပမြတ်စွာဘုရား၏။ ထူပဿ်ံ၊ စေတိတော်၌။ ပသန္နော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ဝါ၊ ကိုယ်တိုင်။ အဘိရောပေသိ၊ တင်လှူဘူးပါသည်အရှင်ဘုရား။ ။ဧတနေ၊ ထိုပန်းရှစ်ပွင့် တင်လှူသော ကုသိုလ်ကြောင့်။ မေ၊ တပည့်တော်၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်းတောက်ပစွာဖြစ်ပါသည်ဘုရား။ တေန၊ ထိုကုသိုလ်ကြောင့်။ မေ၊ တပည့်တော်အား။ ဣဒံ၊ ဤတာဝတိံသာနတ်ပြည်၌။ ဣဒ္ဓတိ၊ ပြည့်ဝုံစွာဖြစ်ရပါသည်ဘုရား။ မေ၊ တပည့်တော်၏။ ဘောဂါ၊ စည်းစိမ်တို့သည်။ ယေကေစိ၊ အလုံးရုံ။ မနသောပိယာ၊ စိတ်နှစ်သက်ဘွယ်။ ဥပဋ္ဌဟန္တိ၊ ဖြစ်ပါကုန်၏ဘုရား။

ဆင်ပျံစီးနတ်သားဝတ္ထုပြီး၏။ ။ဒသမ။

* * *

ဒုတိယ ဆင်ပျံစီးနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တော်၌ သိတင်းသုံးနေတော်မူစဉ်အခါ၊ဥပါသကာတေ၊ယောက်သည်သဒ္ဓါတရားနှင့် ပြည့်ဝုံ၏။ ငါးပါးသိလ၌တည်၏။ ဥပုသ်နေ့တိုင်း၌ ရှစ်ပါးသိလက်ခံ ဆောက်တည်၍ နံနက်ဆွမ်းစားချိန်အခါ၌ မိမိဥစ္စာအင်အားရှိသည်အားလျော်စွာ ရဟန်းတို့ကိုလှူဒါန်းကျွေးမွေးပြုဝု၍ မိမိသည်လည်း ဝအောက်စားသောက်ပြီး၍ ဖြူစင်သောအဝတ်ဖြူ၊ပုဆိုးတို့ကိုဝတ်၍ဖြူစင်သော အဝတ်ကို လက်ကတော့ထိုး၍ဆွမ်းစားပြီး ညနေချမ်းအခါ မျှားသောအားဖြင့်ရှစ်မျိုးသောအဖျော်တို့ကိုယူ၍ကျောင်းသို့ သွားပြီးလျှင် ရဟန်းသံဃာတော်တို့အားကပ်လှူ၍ မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်ပြီးလျှင် တရားတော်ကိုနာ၏။ ဤသို့သောနည်းဖြင့် ထိုဥပါသကာသည် ရှိသေစွာ ဒါနသိလကိုမျှားစွာမပြတ်ကျင့်သုံး၍ ရုတေသောအခါ တာဝတိံသာနတ်ပြည်၌နတ်သားဖြစ်၍ ထိုနတ်သား၏ကုသိုလ်ကြောင့် ကိုယ်လုံးဖြူ၊သော နတ်ဆင်ပျံဖြစ်ပေါ်လာ၏။ ထိုနတ်သားသည် ထိုနတ်ဆင်ပျံကိုစီး၍ မျှားစွာသောအခြံအရံနှင့်တကွ ကြီးစွာသော ဒေဝိဒ္ဓိတန်ခိုးဖြင့် အခါမပြတ်ဥယျာဉ်ကစားသွား၏။တနေ့သ၌ကတညုတတရားနှီးဆော်

တိုက်တွန်းရကား၊ မြတ်စွာဘုရား၏ ကျေးဇူးတော်ကို အောင်းမေ့၍ သန်းခေါင်ယာမ်အခါ၌ နတ်ဆင်ပျံကိုစီးလျက်မျှားစွာသော အဖြွဲ့အရံနှင့် တကွ မြတ်စွာဘုရားကိုဖူးမြင်အံ့ဟုကြံလျက် နတ်ပြည်မှဆင်းသက်လာ၍ အလုံးရုံသော ဝေဠုဝန်ကျောင်းတိုက်ကို အရောင်အဝါဖြင့်ထွန်းလင်းစေပြီး၍နတ်ဆင်ပျံ၏အပေါ်မှသက်ဆင်း၍မြတ်စွာဘုရားအထံသို့ဆည်းကပ်၍ရှိသေစွာခိုးပြီးလျှင် လက်အုပ်ချီလျက်ရပ်နေ၏။ ထိုနတ်သားကို မြတ်စွာဘုရား၏ အနီး၌ ရှိသော ဝဏ္ဏီသထေရ်သည် မြတ်စွာဘုရား၏ အမိန့်တော်ဖြင့် ဂါထာဘွဲ့၍ ဤသို့မေးတော်မူ၏။

မဟာနှံ့နာဂံအာဘိရုယှ၊ သဗ္ဗသေတံဂဇုတ္တမံ။
ဝနာဝနံအနုပရိယာသိ၊ နာဂိဂဏာပုရက္ခိတော။ ။
သြဘာသနော့ာဒိသာသဗ္ဗာ၊ သြသဓိဝိယတာရကာ။
ကေနတေတာဒိသောဝဏ္ဏော၊ ကေနတေဂုဏမိဒ္ဓတိ။
ဥပ္ပဇ္ဇန္တိစတောဘောဂါ၊ ယေကေစိမနသောပိယာ။ ။

သဗ္ဗသေတံ၊ ကိုယ်လုံးဖြူ၏သော။ ဂဇုတ္တမံ၊ မြတ်သောနတ်ဆင်ဖြစ်သော။ မဟာနှံ့၊ ကြီးစွာသော။ နာဂံ၊ ဆင်ပျံရတနာကို။ အာဘိရုယှ၊ တက်စီး၍။ နာဂိဂဏာပုရက္ခိတော၊ ဆင်မအပေါင်းခြံရံလျက်။ ဝနာဝနံ၊ ပန်းပွင့်ပန်းခိုင် မွှေးကြ၏လှိုင်သည့် ပန်းမြိုင်ဥယျာဉ်ပျော် ရှင်ဘွယ်ရာ တောမြိုင်သာသို့။ အနုပရိယာသိ၊ လှည့်လည်ပျော်ပါး ကျက်စားသွားလာ၍နေ၏။ သြသဓိဝိယတာရကာ၊ သောကြာကြွယ်ပြောင်ကြီးကဲ့သို့။ ဒိသာသဗ္ဗာ၊ လုံးရုံဆယ်ဖြာ ရပ်မျက်နှာသို့။ သြဘာသနော့ာ၊ ထွန်းလင်းတောက်ပလျက်။ အနုပရိယာသိ၊ လှည့်လည်ကျက်စားပျော်ပါး သွားလာ၍နေ၏။ တေ၊ သင်နတ်သား၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ တာဒိသော၊ ထိုကဲ့သို့ထွန်းလင်း တောက်ပ၍ နေဘိသနည်း။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ တေ၊ သင်နတ်သားအား။ ဂုဏ၊ ဤနတ်ပြည်၌။ ဂုဏ္ဍတိ၊ ပြည့်ရုံစွာဖြစ်သနည်း။ တေ၊ သင်နတ်သား၏။ ဘောဂါ၊ စည်းစိမ်တို့သည်။ ယေကေစိ၊ အလုံးရုံ၊ မနသောပိယာ၊ စိတ်နှစ်သက်ဘွယ်။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏။ ဤသို့ဝဏ္ဏီသထေရ်မေးတော်မူသောအခါ ဆင်ပျံစီးနတ်သားသည်ဤဂါထာတို့ဖြင့်လျှောက်ကြားလေသတည်း။

အဟံမနုဿေသုမနုဿဘူတော၊ ဥပါသကောစက္ခုမတောအဟောသိ။
ပါဏာတိပါတာဝိရတောအဟောသိ၊ လောကေအဒိန္နံပရိဝဇ္ဇယိသံ။
အမဇ္ဇပေါနောစ မုသာအဘာဏိ၊ သကေနဒါရေနတုဋ္ဌောအဟောသိ။
အန္နဉ္စပါနဉ္စပသန္နစိတ္တော၊ သက္ကစ္စံဒါနံဝိပုလံအဒါသိ။
တေနမေတာဒိသောဝဏ္ဏော၊ တေနမေဂုဏမိဒ္ဓတိ။
ဥပဇ္ဇန္တိစမေဘောဂါ၊ ယေကေစိမနုဿေသုပိယာ။ ။

အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ပြည်၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ စက္ခုမတော၊ တရားကိုမြင်သောဉာဏ်မျက်စိ ရှိသော မြတ်စွာဘုရား၏။ ဥပါသကော၊ ရတနာသုံးပါးသို့ ဆည်းကပ်လေ့ရှိသောသူသည်။ အဟောသိ၊ ဖြစ်ပါသည်အရှင်ဘုရား။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝိရတော၊ ရှောင်ကြဉ်သောသူသည်။ အဟောသိ၊ ဖြစ်ပါသည်အရှင်ဘုရား။ လောကေ၊ လူပြည်၌။ အဒိန္နံ၊ သူ့မပေးသောဥစ္စာကို။ ပရိဝဇ္ဇယိသံ၊ မခိုးမယူ ရှောင်ကြဉ်ပါသည်ဘုရား။ အမဇ္ဇပေါစ၊ အရက်လည်း မသောက်ပါဘုရား။ မုသာစ၊ မဟုတ် မမှန်သော စကားကိုလည်း။ နောစအဘာဏိ၊ မပြော ဆိုပါဘုရား။ သကေနဒါရေန၊ မိမိမယားဖြင့်။ တုဋ္ဌောစ၊ ရောင့်ရဲသည်လည်း။ ဝါ၊ သူ့မယားကို မလွန်ကျူးသူလည်း။ အဟောသိ၊ ဖြစ်ပါသည်ဘုရား။ အန္နဉ္စ၊ ဆွမ်းကိုရင်း။ ပါနဉ္စ၊ အဖျော်ကိုရင်း။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။သက္ကစ္စဒါနံ၊ကောင်းမွန်ရိုသေစွာလှူသောအလှူကိုလည်း။ ဝိပုလံ၊များစွာ။အဒါသိ၊ပေးလှူပါသည်ဘုရား။ တေန၊ထိုကြောင့်။ မေ၊ တပည့်တော်၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ တာဒိသော၊ ထိုကဲ့သို့ ထွန်းလင်းတောက်ပ ပါသည်ဘုရား။ တေန၊ ထိုကုသိုလ်ကြောင့်။ မေ၊ တပည့်တော်အား။ ဂုဏ၊ ဤနတ်ပြည်၌။ ဂုဏ္ဍတိ၊ ပြည့်စုံစွာဖြစ်ပါသည်ဘုရား။ မေ၊ တပည့်တော်၏။ ဘောဂါစ၊ စည်းစိမ်ကိုသည်လည်း။ ယေကေစိ၊ အလုံးစုံ။ မနုဿေသုပိယာ၊ စိတ်နှစ်သက်ဘွယ်။ ဥပဇ္ဇန္တိ၊ ဖြစ်ပါကုန်၏ဘုရား။

ဒုတိယဆင်ပျံစီးနတ်သားဝတ္ထုပြီး၏။ ။ကောဒသမ။

* * *

ကြီခင်းစောင့်နတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး လှူဒါန်းအပ်သော ဝေဠုဝန်ခေါ် ဝါးတောကျောင်းတိုက်တော်၌ မွေ့လျော်နေပြုံးသိတင်းသုံး၍နေတော်မူစဉ်အခါ၊ ရဟန္တာအရှင်မြတ် သုံးပါးတို့သည် တခုသောရွာငယ်၌ဝါဆို၍နေကြကုန်၏။ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီး၍ မြတ်စွာဘုရားကို ဖူးမြင်ကုန်အံ့ဟု ရာဇဂြိုဟ်ပြည်ကို ရည်မှန်း၍ ကြွလှမ်းတော်မူခဲ့ကြရာတွင်၊ အနန္တရာမဂ္ဂ လမ်းခရီးအကြား၌ ညနေချမ်းအခါ နေဝင်ကာနီးမှ တခုသောမိန်းမပျိုအိမ်ကြီး၏ ကြီခင်းအနီးသို့ ကြွတော်မူ၍ ကြီခင်းစောင့်ယောကျ်ားကို ဤသို့မေးကြကုန်၏။ ဒါယကာ ကြီခင်းစောင့်၊ ယနေ့ ရာဇဂြိုဟ်ပြည်သို့ ရောက်နိုင်ပါ၏လော။ ဤသို့မေးသောအခါ၊ အရှင်ဘုရားတို့၊ ယနေ့မရောက်နိုင်တော့ပါ။ ရာဇဂြိုဟ်ပြည်သည် ဤအရပ်မှ ယူဇနာခွဲမျှကွာဝေးပါသည်။ အရှင်ဘုရားတို့သည် ဤအရပ်၌ပင်လျှင် ယနေ့ည ကျိန်းဝပ်တော်မူ၍ နက်ဖြန်မှ ကြွတော်မူကြပါ အရှင်ဘုရားတို့ဟူ၍ ကြီခင်းစောင့်ကဆိုလျှင်၊ဒါယကာကြီခင်းစောင့် ဤအရပ်၌အိပ်နေခြင်းငှါ သင့်လျော်သောနေရာကို ရပါမည်လောဟု မေးပြန်သောအခါ၊ အရှင်ဘုရားတို့၊ သင့်လျော်သော နေရာကားမရှိပါ။ သို့သော်လည်း တပည့်တော်သည် အရှင်ဘုရားတို့နေဘို့နေရာကိုသိပါအုံ့ဟု လျှောက်ကြား၍။ ထိုကြီခင်းစောင့်ယောကျ်ားသည် တည်မြဲတိုင်းသောကြီပင်တို့၌ သစ်ခက်မလွှာပ်အသွင်ကဲ့သို့ ဒုတ်ချောင်းတို့ကိုဘွဲ့ချည်၍ ကြီရွက်တို့ဖြင့် အထက်မှမိုး၍ အောက်၌ ကောက်ရိုးတို့ကိုခင်း၍ ရဟန္တာမထေရ်တပါးအားလှူ၏။

ဒုတိယ ရဟန္တာ မထေရ်မြတ်အား ကြီရိုးသုံးချောင်းတို့ဖြင့် ဒုတ်ချောင်း သုံးခု ဝက်ခွ ထိုးသကဲ့သို့ဘွဲ့ချည်၍ မြက်တို့ကိုမိုး၍ အောက်မှ မြက်အခင်းကိုပြုလုပ်၍လှူ၏။ တတိယ ရဟန္တာ မထေရ် တပါးကိုကား၊ ဗိဗိနေသောတဲကုတ်၌နှစ်ချောင်းသုံးချောင်းသောဒုတ်ချောင်းတို့ကိုဝင်း။ သစ်ခက်တို့ကို ဝှင်း ဆောင်ယူဘွဲ့ချည်၍ သဲကန်းတို့ကိုမိုး၍ စိုဝရကုဋိကို ပြု၍ပေး၏။ ထိုရဟန္တာအရှင်တို့သည် ကြီခင်းစောင့်ပြုလုပ်၍ပေးသော နေရာတို့၌ တည်ခို၍အိပ်နေကြကုန်၏။ နံနက်အာရုံတက်သည်ရှိသော်၊ စောစောကပင်လျှင် ဆွမ်းတို့ကိုချက်၍ ဒန်ပူကိုဝင်း၊ မျက်နှာသစ်ရေကိုဝင်း ကပ်လှူ၍ ကြီရည်နှင့်တကွ ဆွမ်းကိုလည်းကပ်လှူ၏။

ထိုရဟန္တာအရှင်မြတ်တို့သည် ဘုဉီးပေး သုံးဆောင်တော်မူကြပြီးလျှင် အနုမောဒနာပြု၍ကြွတော်မူသည်ရှိသော်၊ တပါးတပါးလျှင် ကြံရိုး တချောင်းစိကပ်လှုပ်ပြီးလျှင်၊ ဤသို့ပြုလုပ်ရသောကုသိုလ်သည် တပည့်တော်၏အာဘိုဖြစ်ပါလတံ့ဟုလျှောက်ကြား၍ ထိုကြံခင်းစောင့်သည် အနိုးငယ်မျှ မထေရ်ကြီး၏နောက်မှလိုက်ပို့ပြီးလျှင် ပြန်လာခဲ့၍မိမိ၏ငယျာဝစ္စဒါနကုသိုလ်ကိုအာရုံပြု၍ နှစ်သက်ဝမ်းမြောက်လျစွာ စိတ်ချင်းသာလျက် ပြန်လာ၍နေ၏။

ကြံခင်းရှင်ဖြစ်သော မိန္တာဒိဋ္ဌိပုဏ္ဏားကြီးသည် အိမ်မှလာသည်ရှိသော်၊ ဤရဟန္တာအရှင်တို့နှင့် ရိုးရင်ဆိုင်တွေ့ဆုံမိ၍ အသင်တို့သည် အဘယ်မှကြံရိုးကိုရခဲ့သနည်းဟုမေးလျှင်၊ ကြံခင်းစောင့်ကလှု၍ရသည်ဟု ရဟန္တာအရှင်တို့ကပြောကြားသောအခါ၊မိန္တာဒိဋ္ဌိပုဏ္ဏားကြီးသည် အမျက်ချောင်းချောင်းထွက်၍ ထိုကြံခင်းစောင့် ထိုင်နေရာသို့ ပြေးလာ၍ လက်ရိုက်တင်းပုတ် ကြီးသောဒုတ်နှင့်ရိုက်ပုတ်လိုက်ရာ၊ တချက်ထည်းဖြင့်ပင်လျှင် အသက်ကုန်ခြင်းသို့ရောက်လေ၏။ ထိုကြံခင်းစောင့်သည် မိမိပြုသောကုသိုလ်ကိုအောင်းမေ့လျက်သေသောကြောင့် တာဝတိံသာသုဓမ္မာမည်သော နတ်သဘင်၌ **နတ်သား**ဖြစ်လေ၏။ ထိုနတ်သား၏ကုသိုလ်ကြောင့် ကိုယ်လုံးဖြူ၍ ကြီးစွာသောနတ်ဆင်ပျံကြီးသည် ဖြစ်ပေါ်လာ၏။

ထိုအခါ ကြံခင်းစောင့်သေဆုံးသည်ကိုကြားသိ၍ ထိုကြံခင်းစောင့်၏ အမိအဘ ဆွေမျိုးညာတိ မိတ်သင်္ဂဟတို့သည် ယိုစီးသောမျက်ရည်ဖြင့် ငိုကြွေးကြကုန်လျက် လာကြကုန်၏။ အလုံးရုံသော ရွာသူရွာသား လူအများကိုသည်လည်း လာကြကုန်၏။ ထိုကြံခင်းစောင့်၏ အမိအဘတို့သည် သရီရကိစ္စကိုပြုခြင်းငှါ လုပ်ကိုင်စိမ်းကြကုန်၏။ ထိုအခါ၌ ထိုနတ်သားသည် နတ်ဆင်ပျံကြီးကိုစီး၍ အလုံးရုံသော တူရိယာ အတီးအမှုတ်ကို့ကိုကိမ်းမှုတ်လျက် များစွာသောနတ်သင်္ဃီး အပ္သြအရုံတို့နှင့်တကွ ကြီးစွာသော နတ်ဣဒ္ဓိတန်ခိုးဖြင့် နတ်ပြည်မှဆင်းသက်လာ၍ ထိုလူပရိသတ်တို့ကို မြင်စေလျက် ကောင်းကင်၌ တည်နေ၏။ ထိုအခါ၌ ပညာရှိသော ယောက်ျားတယောက်သည် ထိုနတ်သားကိုမြင်၍ ဤဂါထာတို့ဖြင့် မေးလေ၏။

ကောနုဒိဗ္ဗေနယာနေန၊ သဗ္ဗသေတေနဟတ္ထိနာ။
တ္ဝရိယာ တာဠိတနိဿောသော၊ အန္တလိက္ခေမဟာယျတိ။ ။

အန္တလိက္ခေ ကောင်းကင်၌။ တ္ဝရိယာတာဠိတနိဿောသော၊ တ္ဝရိယာ တို့ဖြင့်ကိုးမှတ်သောအသံရှိလျက်။သဗ္ဗသေတေန၊အလုံးစုံဖြူသော။ဟတ္ထိ နာ၊ ဆင်ပျံရတနာတည်းဟူသော။ ဒိဗ္ဗေနယာနေန၊ နတ်ယာဉ်သာဖြင့်။ မဟာယျတိ၊ ပူဇော်သတိ၊ ပူဇော်၍နေသောသူကား။ ကောနု၊ အဘယ်သူ ဖြစ်ပေသနည်း။

ဒေဝတာနုသိဂန္ဓဗ္ဗော၊ အဒုသင္ကော ပုရိန္ဒဒေါ။
အစ္ဆရာနန္ဒာ တံ ပုစ္ဆာမ၊ ကထံစ္ဆရာနေမု တံ မယံ။ ။

ဒေဝတာ၊ သာမည်နတ်သည်။ အသိနု၊ ဖြစ်လေသလော။ ဂန္ဓဗ္ဗော၊ ကချေသည်နတ်သည်။ အသိနု၊ ဖြစ်လေသလော။ အဒု၊ ထိုသို့မဟုတ်။ ပုရိန္ဒဒေါ၊ ရှေးဦးစွာအလှူပေးတတ်သော။ သင်္ကော၊ သိကြားမင်းသည်။ အသိနု၊ ဖြစ်လေသလော။ အစ္ဆရာနန္ဒာ၊ မသိကုန်သော အကျွန်ုပ်တို့သည်။ တံ၊ သင့်ကို။ ပုစ္ဆာမ၊ မေးမြန်းပါကုန်၏။ မယံ၊ အကျွန်ုပ်တို့သည်။ တံ၊ သင့်ကို။ ကထံစ္ဆရာနေမု၊ အဘယ်သို့သိရပါကုန်အံ့နည်း။

ဤသို့မေးသည်ရှိသော်၊ ကြီခင်းစောင့်နတ်သားသည် ဤဂါထာဖြင့် မေးသည့်အားလျောင်စွာ ဖြေကြားလေသ တည်း။

နမှိဒေဝေါနဂန္ဓဗ္ဗော၊ နမှိသင်္ကောပုရိန္ဒဒေါ။
သုဝမ္မာနာမယေဒေဝါ၊ တေသံအညတရောအဟံ။ ။

အဟံ၊ ငါသည်ကား။ ဒေဝေါ၊ သာမည်နတ်သည်။ နအမှိ၊ မဟုတ်။ ဂန္ဓဗ္ဗော၊ ကချေသည်နတ်သည်လည်း။ နအမှိ၊ မဟုတ်။ ပုရိန္ဒဒေါ၊ ရှေး ဦးစွာ အလှူတတ်သော။ သင်္ကော၊ သိကြားမင်းသည်လည်း။ နအမှိ၊ မဟုတ်။ သုဝမ္မာနာမ၊ သုဝမ္မာအမည်ရှိကုန်သော။ယေဒေဝါ၊အကြင်နတ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေသံ၊ ထိုသုဝမ္မာနတ်တို့တွင်။ အဟံ၊ ငါသည်ကား။ အညတရော၊ တယောက်အပါအဝင်ဖြစ်၏။ ။[ငါသည်ကား၊ သမည်နတ် လည်းမဟုတ်။ ဂန္ဓဗ္ဗမည်သော ကချေသည်နတ်လည်းမဟုတ်။သိကြား မင်းလည်းမဟုတ်။သုဝမ္မာနတ်သဘင်၌နေကုန်သောနတ်တို့တွင် ငါသည် **သုဝမ္မာနတ်**တဦးပင်ဖြစ်၏ဟူ၍ဖြေသတည်း။]

ထိုကြီခင်းစောင့်နတ်သားဏ၏ စကားကိုကြားလျှင်၊ ထိုယောက်ျားသည် လက်အုပ်ကိုချီတင်လျက် ဤဂါထာဖြင့် မေးမြန်းပြန်၏။

ပုဏ္ဏာမဒေဝသုဓမ္မံ၊ ပုထုံကတ္တာနု အဉ္ဇလိ။
ကိံ ကတ္တာမာနုသေကမ္မံ၊ သုမေဓ ဥပပဇ္ဇသိ။ ။

ဒေဝ၊ သုဓမ္မာနတ်သဘင်ခ္ပဲနေသောနတ်သား။ ပုထုံ၊ ပြည့်စုံစွာသော။ အဉ္ဇလိ၊ လက်အုပ်ကို။ ကတ္တာနု၊ ချီတင်ခြင်းကို ပြု၍။ ဝါ၊ လက်အုပ်ချီ၍။ သုဓမ္မံ၊ သုဓမ္မာနတ်သားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ပုဏ္ဏာမ၊ မေးပါကုန်အုံ့။ မာနုသေ၊ လူ့ပြည်ခ္ပဲ။ ကိံ ကမ္မံ၊ အဘယ်ကုသိုလ်ကံကို။ ကတ္တာ၊ ပြုလုပ်၍။ သုမေဓ၊ **သုဓမ္မာနတ်သား** အဖြစ်သို့။ ဥပပဇ္ဇသိ၊ ဖြစ်ရပါသနည်း။

ကြီခင်းစောင့်နတ်သားက ဤဂါထာဖြင့်ဖြေ၏။

ဥဿာဂါရံတိဏာဂါရံ၊ ဝဏ္ဏာဂါရဉ္စယောဒဒေ။
တိဏ္ဍုံအညတရံဒဝ္ဗာ၊ သုဓမ္မံဥပပဇ္ဇတိ။

ဥဿာဂါရံ၊ ဥဿုအာဂါရံ၊ ကြီရိုးဖြင့် ဆောက်လုပ်သော ကျောင်းကို ၎င်း။ တိဏာဂါရံစ၊ မြက်မိုးကျောင်းကိုလည်း။ ဝဏ္ဏာဂါရဉ္စ၊ အဝတ်တို့ဖြင့်မိုးသောကျောင်းကိုလည်း။ တိဏ္ဍုံ၊ သုံးမျိုးသော ကျောင်းတို့တွင်။ အညတရံ၊ တခုခုသော ကျောင်းကို။ ယော၊ အကြင်သူသည်။ ဒဒေ၊ ဆောက်လုပ်၍လျှက်။ သော၊ ထိုသူသည်။ သုမေဓ၊ သုဓမ္မာနတ်သား အဖြစ်သို့။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ဤသို့လျှင် ကြီခင်းစောင့်နတ်သားသည် မိမိဆောက်လုပ်၍လျှက်ခဲ့သော ကျောင်း က လေး သုံး ခုကို လက်ညှိုး ထိုးကာပြလျက်၊ ငါသည်ကား အခြားသူမဟုတ်၊ ကြီခင်းစောင့်ပင်ဖြစ်၏။ ဤကြီရိုးကျောင်းကလေး၊ မြက်မိုးကျောင်းကလေး၊ အဝတ်မိုးကျောင်းကလေးတို့ကို ငါဆောက်လုပ်၍ လှူခြင်းကြောင့် သုဓမ္မာနတ်သား ငါဖြစ်ရ၏။ သို့သော်လည်း သုံးကျောင်းလုံးကိုဆောက်လုပ်၍လှူမှ နတ်ပြည်ခ္ပဲဖြစ်သည်မဟုတ်။ ထိုသုံးကျောင်းတို့တွင် တကျောင်းကျောင်းကိုဆောက်လုပ်၍ လှူသောသူသည်လည်း နတ်ပြည်ခ္ပဲ ဖြစ်၏ဟူ၍၊ မေးသောပုဏ္ဏာကို ဖြေဆိုပြီးလျှင် ရတနာသုံးပါး၏ဂုဏ်ကို ထုတ်ဝေါ်ပြောဟောလျက်၊ အမိအဘတို့နှင့်

တကွ ဝမ်းမြောက်ဝမ်းသာစကားပြောဆိုပြီးလျှင် နတ်ပြည်သို့ပြန်သွားလေသတည်း။

ထိုအရပ်၌ စည်းဝေး ရောက်လာကုန်သော လူအပေါင်းတို့သည် ကြီခင်းစောင့်နတ်သားဏ်စကားကိုကြား၍ မြတ်စွာဘုရား၌ဖြင်း။ ရဟန်းသံဃာတော်၌ဖြင်း၊ အလွန်ကြည်ညိုခြင်း ဖြစ်ကြကုန်၍ မျှားစွာသော အလှူဝတ္ထုတို့ကိုစိုရင်း၍ ဝေဒူဝန်ကျောင်းတိုက်သို့သွားပြီးလျှင် ဘုရားအမှုးရှိသော သံဃာတော်တို့အား ကြီးစွာသော အလှူကြီးကို ပေးလှူ၍ ထိုကြီခင်းစောင့်နတ်သားအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြကုန်၏။

မြတ်စွာဘုရားသည် တရားတော်ကိုအကျယ်အားဖြင့် ဟောတော်မူ၍ သရဏဂုံတို့ဖြင်း။ ငါးပါးသီလတို့ဖြင်းတည်စေ၏။ ထိုလူအပေါင်းတို့သည်လည်း တည်မြဲသောသဒ္ဓါတရားရှိကုန်သည်ဖြစ်၍ ဒိဋ္ဌိတို့ရှာသို့ပြန်ကြပြီးလျှင် ထိုကြီခင်းစောင့်သေဆုံးသောနေရာ၌ ကျောင်းဆောက်လုပ်၍ထားပြီးလျှင် မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား ကိုးကွယ်၍နေကြလေကုန်သတည်း။

[ထိုကြီခင်းစောင့်နတ်သားသည် ဆင်ပျံရတနာကိုရသောကြောင့် တကိယနာဂဝိမာနဟူ၍ပါဠိတော်၌ သံဂါယနာတင်ထား၏။

ကြီခင်းစောင့်နတ်သားဝတ္ထုပြီး၏။ ။ဒုတိယသမ။

* * *

ဒုဋ္ဌရထနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူပြီးသည်ရှိသော၊ ဓာတ်တော်ကို့ကိုဝေဘာန်၍ ထိုထိုမြို့ရွာကို့၌ စေတီတည်၍ ကိုးကွယ်ကြကုန်သည်ရှိသော၊ အခရင်မဟာဂဏသပ အမှုးရှိသော မထေရ်ရဟန္တာကြီးတို့သည် သုတ် အဘိမ္မော ဝိနည်းတရားတော်တို့ကို သံဂါယနာတင်ရန် ငါးရာဂုနိသော ရဟန္တာကြီးတို့ကို ရွေးချယ်ပြီး၍ ထိုရဟန္တာမထေရ်ကြီးတို့သည် ဝါဆိုလပြည့်နေ့မတိုင်ရောက်မီ၊ ဝေနေယျသတ္တဝါတို့ကိုငဲ့ညှာထောက်ထားအားစည်သနား၍ တရားရေဒီတိုက်ကျွေးဆုံးမ ဟောပြခြင်းငှါ၊ ဒိဋ္ဌိတို့ဖျက်တပည့်ပရိသတ်နှင့်တကွ ထိုထိုမြို့ရွာသို့

ဒေသစာရီလှည့်လည်သွားလာ ရောက်ရာအရပ်ဒေသ မြို့ရွာတို့၌ တရားဟောကာ နေတော်မူကြကုန်၏။

အရှင်မဟာကစ္စည်း ရဟန္တာအရှင်မြတ်သည်လည်း မဇ္ဈိမဒေသမှ အနောက်ဖြစ်သော ပစ္စန္တဒေသ တခုသောတောအရပ်၌ တောကျောင်းကလေးတခုတွင် နေတော်မူ၏။ ထိုသို့နေတော်မူသောအခါ၌ အသက်တိုင်း ပေါ်တမြို့၌ အသက်မင်း၏ သားတော် သုဇာတကုမာရမည်သော မင်းသားသည် မြို့မှထွက်ခွါ၍ တောသို့ဝင်ပြီးလျှင် တောမရဆိုးတို့ကို အမှီပြု၍ တောခို၌ပင်နေလေသတည်း။

သုဇာတမင်းသား၏ရှေးကံအကြောင်း

ထိုသုဇာတကုမာရမင်းသားသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ သိလဖြင့် တည်လျက် ပုထုဇနဘ၀ကိုသေခြင်းဖြင့် သေဆုံးပြီး၍ တာ၀တိံသာနတ်ပြည်၌ နတ်သားဖြစ်ပြီးလျှင် နတ်သက်တနှီးရှိသလောက်တည်နေ၍ ဘုတေးပြန်သော်လည်း နတ်ပြည်၌ပင်လျှင် ဖြစ်ပြန်၍ အဘနဘန်အကြိုင်ကြိုမ်နတ်စည်းစိမ်ကိုစံစားလျက် သုဂတိဘုံ တို့၌သာလျှင် ကျင်လည်၍ ငါတို့မြတ်စွာဘုရားပွင့်တော်မူ၍ ဝါတော်သုံးဆယ်ရှိသောအခါ၊ အသက်တိုင်း၌ ပြည့်ရှင်မင်း၏ အဂ္ဂမဟေသီ မိဖုရားကြီး၀မ်းတွင် ပဋိသန္ဓေယူ၍ဖွားမြင်သောအခါ သုဇာတကုမာရဟူ၍အမည်ကိုမှည့်၏။ ထိုသုဇာတကုမာရမင်းသားသည် မျှားစွာသော အခြွေအရံတို့နှင့်ကြီးပွားလျက်၊ ထိုသုဇာတမင်းသား၏ မယ်တော်ဖြစ်သော မိဖုရား နတ်ရွာစံသည် ရှိသော်၊ ခမည်းတော်ဖြစ်သော အသက်မင်းကြီးသည်တပါးသောမင်းသို့တယောက်ကိုမိဖုရားကြီးအရာ၌ထား၏။ ထိုမိဖုရားသည်လည်း သားယောကျ်ားဖွားမြင်၏။ ထိုမိဖုရားယေါ်၏ သားကိုမြင်လျှင် မင်းကြီးသည်နှစ်သက်သောစိတ်ရှိ၍၊ ရှင်မိဖုရား သင်အလိုရှိရာဆုကိုတောင်းလော့ဟုဆို၏။ ထိုမိဖုရားသည်နှုတ်ဖြင့်ပေးသောဆုကိုအလိုရှိသောအခါ တောင်းပါမည်အရှင်မင်းမြတ်ဟုဆို၍ နှုတ်ဖြင့်ပင်လျှင်ဆုကိုယူထား၏။ သုဇာတကုမာရမင်းသားတဆဲ့ခြောက်နှစ် အရွယ်သို့ရောက်သည်ရှိသော်၊ နောက်မိဖုရားယေါ်သည် မင်းကြီးအထံသို့သွား၍ အရှင်မင်းမြတ်၊အရှင်မင်းမြတ်သည်အကျွန်ုပ်၏သားကိုမြင်၍နှစ်သက်သောစိတ်ရှိသောကြောင့် အလိုရှိရာဆုကိုတောင်းလော့ဟုဆိုပါ၏

ထိုဆုကို အကျွန်ုပ်သည် ယခုအခါအလိုရှိပါ၏။ ပေးပါလောဟုဆို၏။ ထိုအခါ၌ ရှင်မိဖုရား၊ သင့်ရှာကို တောင်းလော့၊ ငါပေးအံ့ဟုဆိုလျှင်၊ အရှင်မင်းမြတ်၊ အကျွန်ုပ်၏ သားတော်အား တိုင်းပြည်ကိုအပ်နှင်း၍ မင်းအဖြစ်ကိုပေးပါလော့ဟု မိဖုရားဆိုလျှင်။ ဟယ်-သူယုတ်မ၊ ပျက်လေလော့။ ငါ၏သားကြီး သုဇာတကုမာရသည် နတ်သားကဲ့သို့ ထင်ရှားစွာရှိပါလျက်၊ အဘဲ့ကြောင့် ဤဆုကို သင် တောင်း ရ သ နည်း ဟု ပယ်ရှားလိုက်၏။ ထိုနောက် မိဖုရားသည် အ ကြိမ် ကြိမ် အဘနဲဘနဲ တောင်း၍ မရသည်ရှိသော်၊ တနေ့သ၌၊ အရှင်မင်းမြတ်၊ အကယ်၍ သစ္စာ၌တည်ပါလျှင် ပေးပါမည်ဆိုသောစကားအတိုင်းပေးပါလောဟု ဆို၍တောင်း၏။ ထိုအခါ၌ အသကမင်းကြီးသည်၊ ငါကား-မစုံစမ်း မဆင်ခြင်မိဘဲ ဤမိဖုရားအား ဆုပေးလိုက်မိ၏။ ဤမိဖုရားသည်လည်း ဤသို့ဆို၍တောင်း၏ဟု နှုတ်မသာဖြစ်၍ သုဇာတကုမာရမင်းသားကို ခေါ်ပြီးလျှင်၊ ထိုအကြောင်းကိုပြောကြား၍ မျက်ရည်ကျလျက်နေ၏။

သုဇာတမင်းသားသည်လည်း ခမည်းတော်မင်းကြီး မျက်ရည်ကျလျက် နေသည်ကိုမြင်လျှင် နှုတ်မသာခြင်းဖြစ်၍ မျက်ရည်ကျပြီးလျှင်၊ ခမည်းတော်မင်းမြတ်ခွင့်ပြုတော်မူပါလော့။ အကျွန်ုပ်သည်တခြားတပါး သောအရပ်ဒေသသို့သွားပါတော့အံ့ဟုဆို၏။ ထိုစကားကိုကြားလျှင်ပင် ခမည်းတော်မင်းကြီးက၊ ချစ်သား၊ တောအရပ်၌ မြဲတည်၍ပေးပါအံ့။ ချစ်သားနေပါလော့ဟုဆိုလျှင်။ သားတော်က အလိုမ၌ဖြစ်၏။ ချစ်သားပါ၏မိတ်ဆွေဖြစ်သောမင်းတို့၏တိုင်းပြည်သို့ ပို့၍ထားပါအံ့ဟုဆိုလျှင်လည်း မင်းသားသည် အလိုမ၌သည်ဖြစ်၍၊ ခမည်းတော်မင်းမြတ်၊ အကျွန်ုပ်သည်တောတွင်းသို့သွားပါအံ့ဟူ၍ဆို၏။ ထိုအခါ၌ခမည်းတော်မင်းကြီးသည် သားတော်ကြီးကို ပွေ့ဖက်၍ ဦးထိပ်၌ရှတ်နမ်းခြင်းကိုပြု၍ ပြီးလျှင်။ ချစ်သားငါနှုတ်ရှာစံသောအခါ ဤတိုင်းပြည်သို့ပြန်လာ၍ မင်းပြုပါလော့ဟုဆို၍ လွှတ်လိုက်၏။ ထိုအခါ၌ သုဇာတကုမာရမင်းသားသည် တောအတွင်းသို့ဝင်၍ မဆိုးတို့ကိုအမှီပြုလျက်နေလေ၏။

တနေ့သ၌ သုဇာတမင်းသားသည် သမင်တောသို့သွားသောအခါ၊ ခေါ်ဆောင်လာသို့က အဘော်မိတ်ဆွေ ဖြစ်ဘူးသော တောစောင့်နတ်သားတယောက်သည် ထိုမင်းသား၏အကျိုးကို အလိုရှိသည်ဖြစ်၍ သမင်အရောင်ဟူ၍ဆောင်လျက် ထိုမင်းသား မြင်ရာအရပ်မှ ပြားယောင်း

သွေးဆောင်ကာ ပြေးသွားရ၏ အရှင်မဟာကစ္စည်းထေရ် နေတော်မှုရာ တောကျောင်းကလေးအနီးသို့ရောက်သောအခါ ပျောက်ကွယ်သွား၏။ သုဇာတမင်းသားသည် ဤသမင်ကိုမိအောင် ဖမ်းယူနှုံ့ဟုပြီး၍ လိုက်သောအခါ အရှင်မဟာကစ္စည်းနေတော်မှုသော တောကျောင်းကလေး အနီးသို့ရောက်လျှင် ထိုသမင်ကိုမမြင်၍ တောင်ကြည့် မြောက်ကြည့် ကြည့်ရှုသည်ရှိသော်၊ သစ်ရွက်မိုးကျောင်းကလေး၏ပြင်အပ၌ ထိုင်နေ တော်မှုသော အရှင်မဟာကစ္စည်းထေရ်ကိုမြင်လျှင် အနီးဌ်လေးကို မြေ မှာထောက်၍ရင်နေလေ၏။ အရှင်မဟာကစ္စည်း ထေရ်ဖြတ်သည် ထို မင်းသားကိုကြည့်ရှုတော်မှု၍ အစမှအဆုံးတိုင်အောင် အကြောင်းမျိုးစုံ ကို အကုန် အစင် သိတော်မူပြီး ဖြစ်သော်လည်း ချီးမြှောက်တော်မူလို သောကြောင့် မသိလေရောင် ပုံဟန်ဆောင်၍ ဤဂါထာဖြင့် မေးတော် မူ၏။

ဒဠ္ဍမ္ဘေနိသာဒသ၊ ဓနုံ ဩလုန္ဓတိ ဌိတော။
ခတ္တိယောနုသိရာဇ၏ ဩ၊ အဒုလုဗ္ဘော ဝနာစရော။ ။

ဒဠ္ဍမ္ဘနိသာဒသ၊ မြဲခိုင်လှစွာ အနှစ်မာသောသစ်သားဖြင့်။ ကတံ၊ ပြုလုပ်သော။ ဓနုံ၊ လေးကို။ ဩလုန္ဓ၊ မြေမှာထောက်၍။ တိဋ္ဌတိ၊ ရပ်နေ ဘိ၏။ တွံ၊ သင်သည်။ခတ္တိယော၊ မင်းမျိုးစာတ်နွယ်ဖြစ်သော။ ရာဇ၏ဩ၊ မင်းသားသည်။ အသိနု၊ ဖြစ်လေသလော။ အဒု၊ ထိုသို့မဟုတ်။ လုဗ္ဘော၊ ကြမ်းကြုတ်စွာသော။ ဝနာစရော၊ တောမှာကျက်စား မှီဆိုးသားသည်။ အသိနု၊ ဖြစ်လေသလော။

မင်းသားသည် ဤဂါထာဖြင့် မိမိ၏နာမည်ကိုလျှောက်ကြား၏။

အသကာမိပတိသာဟံ၊ ဘဏ္ဍော ပုတ္တောဝနေစရော။
နာမံမေဘိကၠုတောဗြူ၊ မိ၊ သုဇာတောဗုတ္ထိမံ ဝိဒု။ ။

ဘဏ္ဍော၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ အသကာမိပတိ သ၊ အသကမင်း၏။ ပုတ္တော၊ သားကြီးဖြစ်ပါ၏။ ဝနေ၊ လူသူမနှီး တောမြို့ကြီးဌ်။ စရော၊ လှည့်လည်၍နေရပါ၏။ ဘိကၠု၊ အရှင်ရဟန်း။ မေ၊ တပည့်တော်၏။ နာမံ၊ အမည်ကို။ တော၊ အရှင်ဘုရားအား။ ဗြူ၊ မိ၊ လျှောက်ကြားပါအုံ့။ မံ၊ တပည့်တော်ကို။ သုဇာတောဗုတ္ထိ၊ သုဇာတ မင်းသားဟူ၍။ ဝိဒု၊ သိကြပါကုန်၏။

တပည့်တော်သည် အသကတိုင်းကိုအစိုးရသော ပြည်ရှင်မင်း၏ သားတော်အကြီး သုဇာတမင်းသားဖြစ်ပါသည်။ ယခုအခါ တောမြို့ကြီးအတွင်း၌ မုဆိုးတို့နှင့်အတူတကွနေ၍ သားသမင်တို့ကိုလိုက်လှမ်းရှာဖွေလျက် အရှင်ဘုရား၏နေရာ တောကျောင်းသို့ ရောက်လာရာတွင် သားသမင်ကိုမမြင်၊ အရှင်ဘုရားကိုမြင်၍ရပ်နေပါသည်အရှင်ဘုရားဟု လျှောက်ကြားသောအခါ၊အရှင်မဟာကစ္စည်းထေရ်မြတ်သည်ပဋိသန္ဓာ ရကိုပြုလို၍ ဤဂါထာတို့ကိုမိန့်တော်မူ၏။

သ္မာဂတံတေ မဟာပုညေ၊ အထောတေအဒုရာဂတံ။
ဇော်ဏောဥဒကမာဒါယ၊ ပါဒေပက္ခာလယသုတေ။
ဣဒံပိပါနိယံသိတံ၊ အာဘာတံ ဂိရိဂဗ္ဘရာ။
ရာဇပုတ္တတတောပိတ္မာ၊ သန္ဓိတသ္မိံဥပါဒိသ။ ။

မဟာပုညေ၊ ဘုန်းကံကြီးမားသော။ ရာဇပုတ္တ၊ မင်းသား။ တေ၊ သင်မင်းသားအား။ သ္မာဂတံ သုအာဂတံ၊ ကောင်းသော လာခြင်းဖြစ်၏။ တေ၊ သင်မင်းသားအား။ အဒုရာဂတံ၊ မကောင်းသော ရောက်ခြင်းမဟုတ်။ ဇော်ဏော၊ ဤသုံးဆောင်ရေအိုးမှ။ ဥဒကံ၊ ရေကို။ အာဒါယ၊ ယူ၍။ တေ၊ သင်၏။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလယသု၊ ဆေးကြောလော့။ ဣဒံပိပါနိယံ၊ ဤသောက်ရေသည်လည်း။ သိတံ၊ မြေစွာ၏။ ဂိရိဂဗ္ဘရာ၊ တောင်ချောက်ကြားမှ။ အာဘာတံ၊ ဆောင်ယူခတ်ထား၏။ တတော၊ ထိုသောက်ရေအိုးမှ။ ပိတ္မာ၊ သောက်ပြီး၍။ သန္ဓိတသ္မိံ၊ အခင်းပေါ်၌။ ဥပါဒိသ၊ ဝင်၍ထိုင်နေလော့။

ဤသို့အရှင်မဟာကစ္စည်းထေရ်မြတ်က၊ သုံးရေ သောက်ရေ နေရာ အခင်းတို့ဖြင့် ပဋိသန္ဓာရပြုတော်မူသောအခါ၊ သုဇာတမင်းသားသည် ကြည်ညိုခြင်းရှိသည်ဖြစ်၍၊ အရှင်မြတ်၏စကားသည် အကျိုးနှင့် ယှဉ်သော စကားဖြစ်ပေ၏။ အရှင်ဘုရားသည် အဘဲ့ကြောင့်တောထည်းခို နေတော်မူပါသနည်း။ အရှင်ဘုရားသည် တောခိုနေခြင်း အကျိုးတရား တော်များကို ဟောကြားတော်မူပါလျှင် မှတ်သားနာယူ၍ ကျင့်ကြံလို ပါကြောင်းနှင့် မင်းသားကတောင်းပန်လျှောက်ကြားသောအခါ၊ အရှင် မဟာကစ္စည်းထေရ်မြတ်သည် ဤဂါထာတို့ဖြင့်တရားဟောတော်မူ၏။

အဟိ သာသဗ္ဗပါဏိနံ၊ ကုမာရမ္ဘာကရုစ္ဆတိ။
ထေယျာစအတိစာရာစ၊ မဇ္ဇပါနာစအာရတိ။ ။
အာရတိ သမစရိယာစ၊ ဗာဟုသစ္စံကတညုတာ။
ဒိဋ္ဌေဝ၀ေမ္ဘေပါသံသာ၊ ဝမ္ဘာ၎တော ပသံသိယာ။ ။

ကုမာရ၊ သုဇာတာမင်းသား။ အမှာကံ၊ ငါတို့သည်။ သဗ္ဗပါဏိနံ။ သမင် ခွေး ယုန် အလုံးစုံသောသတ္တဝါတို့ကို။ အဟိ သာ၊ ညှင်းဆဲ နှိပ်စက် သတ်ဖြတ်ခြင်းမရှိသည်ကို။ ရုစ္ဆတိ၊ နှစ်သက်၏။ ထေယျာ၊ သူ၏ ဥစ္စာကို ခိုးယူခြင်းမှ။ အာရတိစ၊ရှောင်ကြဉ်ခြင်းသည်၎င်း။ အတိစာရာ၊ သူ၏မယားကိုလွန်ကြူးခြင်းမှ။ အာရတိစ၊ ရှောင်ကြဉ်ခြင်း၎င်း။ မဇ္ဇပါနာ၊ အရက်ကဖော်သောက်ခြင်းမှ။ အာရတိစ၊ ရှောင်ကြဉ်ခြင်း၎င်း။ အာရတိ၊ဆိုခဲ့ပြီးသောမကောင်းမှုတို့မှရှောင်ကြဉ်လျက်။ သမစရိယာစ၊ ဒါနသီလစသောကောင်းမှုတို့ကိုပြုခြင်းသည်၎င်း။ ဗာဟုသစ္စမ္ပု၊ ကျမ်းဂန်ပိဋကတ် ပရိယတ်၌ အကြားအမြင် အမှတ်အသား များခြင်းသည်၎င်း။ ကတညုတာ၊ သူပြုသောကျေးဇူးကို သိခြင်းသည်၎င်း။ ဒေတောမ္ဘာ၊ ထိုဆိုခဲ့ပြီးသောတရားတို့သည်။ ဒိဋ္ဌေဝ၀ေမ္ဘေ၊ မျက်မှောက်ကာလ ယခုဘ၀၌လည်း။ ပါသံသာ၊ချီးမွမ်းထိုက်သောတရားတို့တည်း။ ပသံသိယာ၊ ပညာရှိတို့လည်း ချီးမွမ်းအပ်ကုန်၏။ ပါ၊ ဒိဋ္ဌေဝ၀ေမ္ဘေ၊ မျက်မှောက်ကာလ ယခုဘ၀၌။ ပါသံသာ၊ ပအာသံသာ၊ အာသံတဗ္ဗာ၊ အမျိုးကောင်းသားတို့ လိုလားအပ်ကုန်၏။ လိုလားသဖြင့် ကျင့်သုံးအပ်ကုန်၏။ ပသံသိယာ၊ နောင်ဘ၀၌ချီးမွမ်းထိုက်ကုန်၏။

ဤသို့ အရှင်မဟာကစ္စည်းထေရ်မြတ်သည် ထိုမင်းသားနှင့် သင့်လျော်သောတရားအကျင့်ကို ဟောပြတော်မူပြီး၍၊ အနာဂတံသဉာဏ်တော်ဖြင့် ထိုမင်းသား၏အသက်ကိုကြည့်ရှုတော်မူသည်ရှိသော်၊ ငါးလမျှသာလျှင် အသက်ရှည်လတ္တံ့သော အကြောင်းကို မြင်တော်မူ၍ ထိုမင်းသားအား ထိတ်လန့်ခြင်းကို ဖြစ်စေလျက် သံဝေဂစိတ်ဖြင့် ထိုအကျင့်တရား၌ မြဲခိုင်စွာကျင့်သုံးစေခြင်း၌၊ ဤဂါထာကိုဟောတော်မူပြန်၏။

သန္တိကေမရဏံတုယံ၊ ဩရံမာသေဟိပဋ္ဌဟိ။
ရာဇပုတ္တာဝိဇာနာဟိ၊ အတ္တာနံပရိမောစယ။ ။

ရာဇပုတ္တ၊ သုဇာတဟု၊ နာမကျော်ကြား၊ အိမင်းသား။ တုယ္ခံ၊ သင်မင်းသား၏။ မရဏံ၊ သေခြင်းသည်။ သန္ဓိကေ၊ အနီးကပ်၍နေ၏။ ပဠုဟိမာသေဟိ၊ ငါးလတို့မှ။ ဩရံ၊ အတွင်းဌာဖြစ်၏။ ဝါ၊ ငါးလအတွင်းဌာ သေခြင်းဖြစ်လတ္တံ့။ ဝိဇာနာဟိ၊ သိလေလော့။ အတ္ထာနံ၊ မိမိကိုယ်ကို။ ပရိမောစယ၊ အပါယ်ဘေးမှ ကင်းလွတ်ပါစေလော့။

ထိုအခါ၌ သုဇာတမင်းသားသည် သံဝေဂစိတ်ထိတ်လန့်ခြင်းဖြစ်၍ သေခြင်းမှ လွတ်ကင်းရာအရပ်ကို သွားလိုရကား၊ အရှင်မဟာကစ္စည်းထေရ်မြတ်ကို လက်အုပ်ချီလျက် ဤသို့မေးမြန်းလျှောက်ကြား၏။ အရှင်ဘုရား၊ တပည့်တော်သည် အဘယ်အရပ်သို့သွား၍ သေခြင်းဘေးမှ လွတ်ကင်းပါမည်နည်း။ အဘယ်သို့ပြုလုပ်၍သေခြင်းဘေး ကင်းဝေးပါမည်နည်း။အဘယ်မန္တြာနဲ့အဘယ်အတတ်ပညာဖြင့်သေခြင်းဘေး ကင်းလွတ်အောင်ပြုလုပ်ရပါမည်နည်း။ သေခြင်းဘေးမှ လွတ်ကင်းကြောင်းတရားကို ဟောကြားတော်မူပါ အရှင်ဘုရားဟု တောင်းပန်လျှောက်ကြားလေသတည်း။

ထိုအခါ၌ အရှင်မဟာကစ္စည်းထေရ်မြတ်သည် ဤသို့မိန့်တော်မူ၏။ သုဇာတဟု နာမကျော်ကြား အိုမင်းသား။ သေခြင်းဘေးမှ လွတ်ကင်းသော အရပ်ဟူ၍ တစုံတခုမျှမရှိ။ သေခြင်းဘေးလွတ်ကင်းအောင် ပြုလုပ်နိုင်ခြင်းလည်းမရှိ။ ဘယ်မန္တြာနဲ့ ဘယ်အတတ်ပညာဖြင့် သေခြင်းဘေးကင်းလွတ်ခြင်းမရှိ။မျှားသောဥစ္စာစည်းစိမ်ရှိသောသူတို့သည်ရင်း။ ကိုယ်ပြည်ကိုအစိုးရသော ပြည်ရှင်မင်းကို့သည်ရင်း။ သေခြင်းဘေးမှ မလွတ်ကင်းကြကုန်။ မင်းမျိုး ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးကို့သည် ၊င်း။ နွားစကျွား သူတောင်းစားမျိုး တို့သည်ရင်း၊ သေခြင်းဘေးမှ မကင်းလွတ်ကြကုန်။ ဗေဒင်သိုးပုံကို တတ်သောပုဏ္ဏားတို့သည် ၊င်း။ ဈာန်အဘိညာဏ်ကိုရသော ရသေ့ဆရာကြီးတို့သည်ရင်း။ သေခြင်းဘေးမှမလွတ်နိုင်ကြကုန်။ မိမိကိုယ်ကိုစွန့်၍သွားကြရကုန်၏။

ကိုလေသာအာသဝေါကုန်ပြီးသော ဘုရား ရဟန္တာတို့သည်လည်း သေခြင်းဘေးမှမလွတ်နိုင်ကြကုန်။ အလုံးစုံသောသူတို့သည် သေခြင်းဘေးကိုတွေ့ကြရကုန်၏ သေပြီးသည့်နောက်အပါယ်သို့မရောက်အောင် မကောင်းမှုကို့ကိုရှောင်ကြဉ်၍ ကောင်းမှုကုသိုလ်ကိုသာပြုလုပ်ရမည်ဟူ၍ ဟောကြားတော်မူသောအခါ၊ သုဇာတမင်းသားသည် အလွန်

ကြည်ညိုခြင်းဖြစ်၍ အရှင်ဘုရားအား ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏။ အရှင်ဘုရားဟု လျှောက်ကြားသောအခါ၊ သုဇာတမင်းသား၊ သင်မင်းသားသည် ငါ့ကိုကိုးကွယ်ရာဟူ၍ မဆည်းကပ်လင့်။ သကျမုဏိ သာကိုဝင်မင်းသားဖြစ်တော်မူသောမြတ်စွာဘုရားကိုသာလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့ဟုမိန့်တော်မူသောအခါ။

ထိုမြတ်စွာဘုရားသည် အခုဘယ်အရပ်မှာရှိပါသနည်း၊တပည့်တော်သည် သွားရှိမှီးမြင်ပါအုံ့ဟုလျှောက်ကြားသောအခါ၊ ဤယခုငါနေသောအရပ်မှ အဂ္ဂေ့မဏ္ဍိမဒေသအရေပ်၌ မြတ်စွာဘုရားပွင့်တော်မူ၍ ယခု ပရိနိဗ္ဗာန်ပြုတော်မူလေပြီဟုမိန့်တော်မူသောအခါ၊ အရှင်ဘုရား၊ အကယ်၍ မြတ်စွာဘုရားရှိတော်မူပြားအုံ့၊ ယူဇနာတထောင်ရှိသောအရပ်သို့လည်း သွားရှိမှီးမြင်ပါအုံ့။ ယခုပရိနိဗ္ဗာန် ပြုတော်မူပြီးဖြစ်၍ သွားသော်လည်း မြတ်စွာဘုရားကိုမှီးမြင်ရတော့မည်မဟုတ်ပါ။ သို့သော်လည်း ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ တပည့်တော်ဆည်းကပ်ပါ၏ဟုဆိုရ၍ ဤဂါထာဖြင့် သရဏာဂုံပဋ္ဌသိကို ဆောက်တည်ခံယူလေသတည်း။

ဥပေမိသရဏံဗုဒ္ဓံ၊ မေဠ္ဟာပိအနုတ္တရံ။
သံဃဉ္စနုရဒေဝသ၊ ဂန္ဓာမိ သရဏံ အဟံ။ ။
ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊ လောကေအဒိန္နံပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နောစမုသာဘဏာမိ၊ သကေနဒါရေနစဟောမိတုဋ္ဌော။ ။

ဘဉ္ဇေ၊ အရှင်ဘုရား။ အဟံ၊ သုဇာတဟု နာမထင်ပေါ် တပည့်တော်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ဆည်းကပ်ပါ၏။ အနုတ္တရံ၊ အတုမရှိ မြတ်တော်မူသော။ မေဠ္ဟာပိ၊ တရားတော်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ဆည်းကပ်ပါ၏။ နရဒေဝသ၊ လူနတ်တို့ထက် မြတ်တော်မူသော ဘုရားရှင်၏။ သံဃဉ္စ၊ တပည့်သား သံဃာတော်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂန္ဓာမိ၊ ဆည်းကပ်ပါ၏။

ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။ ခိပ္ပံ၊ လျင်မြန်စွာ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏။ လောကေ၊ လောကဌ်။ အဒိန္နံ၊ သူမပေးသော ဥစ္စာကို။ ပရိဝဇ္ဇယာမိ၊ ရှောင်ကြဉ်ပါ၏။ အမဇ္ဇပေါ၊ အရက် ကဖေါ်ကိုလည်း မသောက်ပါ။ မုသာစ၊ မဟုတ်သော စကားကိုလည်း။

နောစ၊ဘဏာမိ၊ မပြောဆိုပါ။ သကေနဒါရေနစ၊ မိမိမယားဖြင့်သာလျှင်။ ဘုဇ္ဇော၊ ရောင့်ရဲ တင်းတိမ်၍နေသည်။ ဟောမိ၊ ဖြစ်ပါအုံ့။

[ဤဂါထာတို့ကို ပါဠိအနက်ရအောင်ကျက်၍ နေ့တိုင်းဆောက်တည်သော ယောဂျားသည် ငါးပါးသိလနှင့် သရဏဂုံသုံးပါးဆောက်တည်ခြင်းဖြစ်၏။]

ဤဂါထာတို့ဖြင့် ဆောက်တည်၍ သရဏဂုံပဉ္စသိ တည်ပြီးသော သုဇာတာမင်းသားကို အရှင်မဟာကစ္စည်းထေရ်မြတ်သည် ဤသို့မိန့်တော်မူ၏။ သုဇာတာမင်းသား၊ သင် သည် ဤတောကြီး အတွင်းခွဲ တယောက်ထည်းနေသဖြင့် အကျိုးမရှိ။ သင်မင်းသား၏အသက်သည် ရှည်မြင့်စွာမတည်။ ငါးလအတွင်းခွဲသာလျှင် သေရလတံ့။ ထိုကြောင့် အဘခမည်းတော်၏အထံသို့ပြန်သွား၍ ဒါနအစရှိသောဂုဏ်ကောင်းမှုတို့ကိုပြုလုပ်၍ နတ်ပြည်သို့ ရောက်စေရေ၏ဟုမိန့်တော်မူ၍ မိမိအထံ၌ရှိသော ဓာတ်တော်တို့ကို ကိုးကွယ်စေရန်ပေး၍ လွှတ်လိုက်၏။ ။

[အတ္ထနောသန္တိကေ ဓာတုယောဒတ္တာ ဝိသဇ္ဇေသိ။ ။ဝိမာနဝတ္ထု အဋ္ဌကထာ။]

ထိုအခါခွဲ သုဇာတာမင်းသားသည်၊ အရှင်မြတ်ဘုရား၊ တပည့်တော်သည် အရှင်ဘုရား၏စကားဖြင့် ထိုအဘခမည်းတော်၏နေရာတိုင်းပြည်သို့ ပြန်သွားပါအုံ့။ အရှင်ဘုရားသည်လည်း တပည့်တော်အား အစဉ်သနားသဖြင့် ခမည်းတော်၏နေရာ တိုင်းပြည်သို့ ကြွလာတော်မူပါမည့် အကြောင်းနှင့်လျှောက်ကြားတောင်းပန်လျှင်၊ အရှင်မဟာကစ္စည်းထေရ်သည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူ၏။ သုဇာတာမင်းသားသည် အရှင်မဟာကစ္စည်းထေရ်သည်းခံထေပ်မူသည်ကိုသိ၍ ရှိသေစွာဂါရဝပြုလျှင် လက်ချာရစ်လည်သည်ကိုပြု၍ခမည်းတော်မင်းကြီး၏တိုင်းပြည်သို့ ပြန်၍ ဥယျာဉ်တော်ခွဲဝင်၍နေပြီးလျှင် မိမိရောက်သောအကြောင်းကို မင်းကြီးအားပြောကြားစေ၍၊ ခမည်းတော်မင်းကြီးသိသောအခါ အကြွေ့အရုံနှင့်တကွ ဥယျာဉ်တော်သို့လာ၍ ကွဲကွာ၍နေရသော သားတော်ကြီးကိုပွေ့ဖက်၍ နုနုးတော်တွင်းသို့ သွင်းပြီးလျှင် အဘိသိက်သွန်း၍ မင်းမြှောက်ခြင်းဌာ အလုံ့ဖျံကြောင်းကို ပြောကြားလျှင်၊ သုဇာတာမင်းသားသည်, ခမည်းတော်မင်းမြတ်၊ အာဏာနှိပ်စီ၏အသက်သည် အနည်းငယ်မျှရှိပါတော့၏။

ဤမှနောက်ကို လေးလရောက်လျှင် သေရခြင်းဖြစ်ပါလတ္တံ့။ မင်းအဖြစ်ဌာဝယ်အကျိုးရှိတော့အုံ့နည်း။ အကျွန်ုပ်သည် ခမည်းတော်ကိုအမှီပြု၍ ကောင်းမှုကုသိုလ်တို့ကိုသာလျှင် ပြုပါတော့အုံ့ဟုဆိုပြီး အရှင်မဟာကစ္စည်းထေရ်၏ဂုဏ်ကျေးဇူးကိုဝင်း။ ရတနာသုံးပါး၏ အာနုဘော်ကိုဝင်း ပြောကြားပြီး ပြည်ရှင်မင်းမြတ်သည် သံပေဂစိတ်ထင်တ်လန့်ခြင်းသို့ရောက်၍ ရတနာသုံးပါးဌဝင်း၊ အရှင် မဟာ ကစ္စည်း ထေရ်ဌဝင်း၊ ကြည် ညှို ခြင်း ဖြစ် ၍ ကြီး စွာ သော ကျောင်းတိုက်ကြီးကို တည်ထားဆောက်လုပ်ပြီးလျှင် အရှင်မဟာကစ္စည်းထေရ်၏အထံသို့ တမန်စေလွှတ် ပင့်လျှောက်စေ၏။

အရှင်မဟာကစ္စည်းထေရ်မြတ်သည်လည်း မင်းကြီးနှင့်တကွ လူအပေါင်းတို့အား ချီးမြှောက်ခြင်းဌါ ကြွလာတော်မူ၏။ပြည်ရှင်မင်းမြတ်သည် အခြွေအရံနှင့်တကွ အဝေးမှပင်လျှင် ခရီးဦးကြိုဆိုပြီး အရှင်မဟာကစ္စည်းထေရ်ကို ကျောင်းတိုက်တော်အဝင်းသို့ပင့်ဆောင်၍ လေးပါးသော ပစ္စည်းတို့ဖြင့် ရိုသေကောင်းမွန်စွာ လုပ်ကျွေးလှုက် သရဏာဂုံတို့ဌဝင်း။ ငါးပါးသိလတို့ဌဝင်း ကောင်းစွာတည်၏။

သုဇာတမင်းသားသည်လည်း သိလတို့ကိုဆောက်တည်၍ အရှင်မဟာကစ္စည်းထေရ်နှင့်တကွ ရဟန်းတို့ကို ကောင်းစွာလုပ်ကျွေးလှုက် အလှူစသော ကောင်းမှုတို့ကိုပြု၍ တရားတော်ကိုနာပြီးလျှင်၊ လေးလတို့ပတ်လုံး လုပ်ကျွေးလျက်နေရာမှ လေးလလွန်၍ ငါးလအရောက်တွင် ရုတိုက္ခ၍ တာဝတိံသာနတ်ပြည်ဌနတ်သားဖြစ်လေ၏။ ထိုနတ်သား၏ ဘုန်းကံအားဖြင့် ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်သော ခုနစ်ယူဇနာမျှရှိသော နတ်ရထားသည် ဖြစ်ပေါ်လာ၏။ တထောင်မက မျှားလှစွာသော နတ်သွေးတို့သည်လည်း ခြံရံကုန်၏။

အသကဘိုင်းကို အစိုးရသော ပြည်ရှင်မင်းကြီးသည် သားတော်ကြီး၏အလောင်းကို သင်္ဂြိုဟ်ရန် ရဟန်းသံဃာတော်အပေါင်းတို့အားကြီးစွာသော အလှူကြီးကိုဖြစ်စေ၍ စေတီပူဇော်ခြင်းကိုပြု၏။ မျှားစွာသော လူပရိသတ်တို့စည်းဝေးရောက်လာကုန်၏။ အရှင်မဟာကစ္စည်းထေရ်သည်လည်း ရဟန်းပရိသတ်နှင့်တကွ ကြွလာတော်မူ၏။

ထိုအခါ၌ ထို **သုဇာတနတ်သား**သည် မိမိပြုဘူးသောကောင်းမှုကံကို စဉ်းစားဆင်ခြင်သည်ရှိသော်၊ အရှင်မဟာကစ္စည်းထေရ်၏ကျေးဇူး

ကြီးသည်ကို အောင်းမေ့၍ မထေရ်မြတ်ကိုလည်း ငါ့ဦးခိုး။ သာသနာတော်၏ဂုဏ်ကျေးဇူးကိုလည်း ထင်ရှားအောင် ငါပြုအံ့ဟုကြံ၍ နတ်ရထားကိုစီးလျက် မျှားစွာသောနတ်သမီးအပြီအရံနှင့်တကွ လူအများတို့မြင်အောင် ထင်ရှားသောကိုယ်ဖြင့်လာ၍ ရထားမှဆင်းသက်ပြီးလျှင် အရှင်မဟာကစ္စည်းထေရ်၏ခြေတော်အရုံကိုဦးတိုက်ရှိခိုးပြီးလျှင် လက်အုပ်ကို ချီတင်လျက် ရပ်နေလေသတည်း။

ထိုအခါ၌ အရှင်မဟာကစ္စည်းထေရ်မြတ်သည် သိတော်မူလျက်ပင်လျှင် လူအများကို ထင်ရှားစေခြင်းငှါ ဤသို့မေးတော်မူ၏။ နတ်သမီးကညာများစွာ ဝန်းရံလျက် ငါ၏ရှေ့မျက်မှောက်တွင် ရှိခိုး၍ရပ်လာသော အဘုနတ်သား။ သင်၏နတ်ရထားကြီးသည် နေ၏အရောင်ကဲ့သို့ ကောင်းကင်၌ထွန်းလင်းတောက်ပလျက်နေ၏။ ထက်ဝန်းကျင်မှ ခုနစ်ပန္တရာရှိ၏။ ရွှေပြားတို့ဖြင့် ထက်ဝန်းကျင်မြီးကာလျက် ရထားလှည်းသန့်ဦး၌ ပုလဲပတ္တမြားတို့ဖြင့် ဆန်းကြယ်စွာစီချယ်၍ ရွှေပန်းပြောက် ငွေပန်းပြောက် ကျောက်မျက်ရွဲတို့ဖြင့် ကောင်းစွာစီမံ ဖန်ဆင်းလျက် တင့်တယ်လှပ၏။

ရထားလှည်းပက်စွယ်၌ ကျောက်မျက်ရွဲဖြင့် စီချယ်အပ်၏။ ရထားယမ်းပိုးသည်လည်း နီသောပတ္တမြားဖြင့်စီထားအပ်၏။ ရွှေတန်ဆာ ငွေတန်ဆာကိုဖြင့်ဆင်အပ်ကုန်သော သံရွှေနတ်မြင်းကို့သည်လည်း စိတ်ကဲ့သို့လျင်မြန်၍ တင့်တယ်လှပကုန်၏။ ထိုသင်နတ်သားသည် သံကြားမင်းကဲ့သို့ ရွှေရထားပေါ်၌ စည်းစိမ်ခံစားလျက် သွားလာနေထိုင်ရ၏။ ဤကဲ့သို့ကြီးကျယ်စွာသောနတ်စည်းစိမ်ကို အဘယ်သို့သော ကုသိုလ်ကောင်းမှုကိုပြုလုပ်၍ ရပါသနည်း။ သင်နတ်သားအား ငါမေးမြန်းပါဒုံ။ ငါမေးသောစကားကိုဖြေကြားလျှောက်တင်ဦးလော့။

ထိုအခါ၌ **သုဇာတနတ်သား**သည် ဤသို့လျှောက်ကြား၏။ အရှင်ဘုရား၊ တပည့်တော်သည် ရှေးဘဝ၌ သုဇာတမင်းသားဖြစ်ပါသည်ဘုရား။ အရှင်ဘုရားသည်တပည့်တော်ကိုသနားတော်မူသဖြင့်:သရဏာဂုံသုံးပါးနှင့်တကွ ငါးပါးသိက္ခာကိုဆောက်တည်ပါစေ၏။ တပည့်တော်၏အသက်ကုန်အံ့သောအကြောင်းကိုသိတော်မူ၍ ဤဓာတ်တော်ကိုပူဇော်လေလော့ဟူ၍ မြတ်စွာဘုရား၏ဓာတ်တော်ကိုလည်း ပေးသနားတော်မူပါသည်ဘုရား။ ထိုဓာတ်တော်တို့ကို တပည့်တော်သည် ပန်းနံ့သာ

တို့ဖြင့်ပူဇော်၍ ထိုကုသိုလ်ဖြင့်ရတော်သောအခါ တာဝတိံသာနတ်ပြည်၌ နန္ဒဝန်ခေါ် ဥယျာဉ်တော်ဝယ် များစွာသောနတ်သမီးတို့ ဝန်းရံလျက် မွေ့လျော်ရပါသည်ဘုရားဟူ၍ လျှောက်ကြားသတည်း။

သုဇာတောနာမဟုံဘန္တေ၊ ရာဇပုတ္တောပုရေအဟုံ။
တွဉ္စမံအနုကမ္ပာယ၊ သညမတ္တံ နိဝေသယိ။ ။
ဒိဏ္ဍာယုကဉ္စမံဥတ္တာ၊ သရိရံပါဒါသိသဏ္ဌိနော။
ဣမံသုဇာတပူဇေဟိ၊ တန္တေ အဏ္ဌာယဟေဟိတိ။ ။
တာဟံဂန္ဓေဟိမာလေဟိ၊ ပူဇယိတ္တာသမ္ဗုဟျုတော။
ပဟာယမာနုသံဒေဟံ၊ ဥပပန္နောမှိနန္ဒနေ။ ။
နန္ဒနေစဝနေရမ္မေ၊ နာနာဒိဇဂဏာယုတေ။
ရမာမိနစ္စဂီတေဟိ၊ အစ္ဆရာဟိပုရက္ခိတော။ ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုရေ၊ ရှေးဘဝ၌။ သုဇာတောနာမ၊ သုဇာတအမည်ရှိသော။ ရာဇပုတ္တော၊ မင်းသား၊သည်။ အဟုံ၊ ဖြစ်ပါသည်ဘုရား။ တွဉ္စ၊ အရှင်ဘုရားသည်လည်း။ မံ။ တပည့်တော်ကို။ အနုကမ္ပာယ၊ အစဉ်သနားသဖြင့်။ သညမတ္တံ၊ ငါးပါးသီလ စောင့်ထိန်းခြင်း၌။ နိဝေသယိ၊ ဆောက်တည်စေမှ သွင်းထားပြု၏။

စ၊ ထိုမှတပါး။ ဒိဏ္ဍာယုကံ၊ အသက်ကုန်ခါနီးသော။ မံ၊ တပည့်တော်ကို။ ဥတ္တာ၊ အရှင်ဘုရားသိတော်မူ၍။ သုဇာတ၊ မင်းသားသုဇာတ။ ဣမံ၊ ဤဓာတ်တော်ကို။ ပူဇေဟိ၊ ပူဇော်လေလော့။ တံ၊ ထိုပူဇော်ခြင်းသည်။ တေ၊ သင်မင်းသားအား။ အဏ္ဌာယ၊ အကျိုးစီးပွားသည်။ ဟေဟိတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ဆို၍။ သဏ္ဌိနော၊ မြတ်စွာဘုရား၏။ သရိရံ၊ ဓာတ်တော်ကို။ ပါဒါသိ၊ ပေးလိုက်ပါ၏ဘုရား။

တံ၊ ထိုဓာတ်တော်ကို။ အဟံ၊ တပည့်တော်သည်။ ဂန္ဓေဟိ၊ နံ့သာတို့ဖြင့်ဂင်း။ မာလေဟိ၊ ပန်းတို့ဖြင့်ဂင်း။ ပူဇယိတ္တာ၊ ပူဇော်၍။ သမ္ဗုဟျုတော၊ သမ္ဘာဥယုတော၊ ကောင်းစွာစောင့်ရှောက် လုံ့လပြုလျက်။ မာနုသံ၊ လူပြည်၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ပဟာယ၊ ပယ်စွန့်၍။ နန္ဒနေ၊ တာဝတိံသာနတ်များစွာတို့ ချမ်းသာပျော်စံ၊ နန္ဒဝန်ခေါ်ဥယျာဉ်တော်၌။ ဥပပန္နော၊ နတ်သားဖြစ်လျက်။ အမှိ၊ ဖြစ်ပါ၏ဘုရား။

ရမ္မေ၊ ပျော်ဘွယ်ရာရှိသော။ နာနာဒိဗ္ဗဂဏာဝယုတော၊ အထူးထူး အပြားပြား များစွာဂဠုနံသော နတ်ဌက်ကို့ဖြင့် ပျော်မြူးလျက်ရှိသော။ နန္ဒနေဝနေ၊နန္ဒဝနံခေါ်ဥယျာဉ်တော်၌။အစ္ဆရာဟာ၊ နတ်သင်္ဘောတို့ဖြင့်။ ပုရက္ခိ တော၊ ခြံ့ကုလျက်။ နစ္စဂီတောဟာ၊ ကခြင်း သီချင်းတို့ဖြင့်။ ရ'မာမိ၊ ပျော်မွေ့ ရပါသည်ဘုရား။

သုဓာတနတ်သားသည် အရှင်မဟာကဿပဦးထေရ်မြတ်မေးတော်မူ သည်ကို ဖြေကြားလျှောက်တင်၍ ရှိသေစွာခိုးပြီးလျှင်၊ အမိအဘ ခမည်းတော် မယ်တော်တို့ကိုလည်း စကားပဋိသန္ထာရနှုတ်ခွန်းဆက်သ၍ နတ်ရထားကြီးကိုစီးပြီးလျှင် နတ်သင်္ဘောအကြီးအငယ်နှင့်တကွ နတ်ပြည် သို့ပြန်သွားလေ၏။ ထိုနောက် အရှင်မဟာကဿပဦးထေရ်မြတ်သည် ထို သုဓာတနတ်သားလျှောက်ကြားသောဂါထာများနှင့်တကွ အကြောင်း အကျိုးတို့အလုံးစုံကို သံဂါယနာတင် အရှင်မြတ်တို့အား လျှောက် ကြားလေ၏။ထိုသုဓာတနတ်သား၏ဝတ္ထုဂါထာကို သံဂါယနာတင် အရှင်မြတ်တို့သည် ပုဗ္ဗရထဝိမာနဟူ၍ နောက်ဆိုလတံ့သောဝတ္ထုကို ထောက်၍ သံဂါယနာတင်ထားကြကုန်၏။

ပုဗ္ဗရထဝိမာနသုဓာတနတ်သားဝတ္ထုပြီး၏။ ။တောရုဏ ။

* * *

မဟာရထဝိမာန—ဂေါပါလနတ်သားဝတ္ထု

ဤကမ္ဘာမှပြန်၍ရောက်ကြပြီးနောက် ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရားပွင့်တော်မူ၏။ ထိုအခါ၌ အမျိုးကောင်းသူ တယောက် သည် ဝိပဿီမြတ်စွာဘုရားအား ဖွေပန်းပူဇော်ခြင်းပူဇော်၍ ဤကုသိုလ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောဘဝတို့၌ ဖွေဖြင့်ပြီးသော ရင်လွှမ်းတနံ ဆာကိုဝတ်ဆင်ရပါစေသောဟူ၍ဆုတောင်းခြင်းကိုပြု၏။ ထိုအမျိုးသူ သည် ထိုဘဝမှစ၍ များစွာသော ကမ္ဘာကာလပတ်လုံး သုဂတိဘုံတို့၌ သာလျှင်ကျင်လည်၍၊ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ၊ ဗာရာဏသီပြည် ကာသိတိုင်းကို အစိုးရသော ကိကိမင်းကြီး၏ ,အဂ္ဂ မဟေသီဝမ်းတွင် ပဋိသန္ဓေတည်၍ ဖွားမြင်သောအခါ ဖွေဖြင့်ပြီး သော ရင်လွှမ်းတနံဆာကို ရသောကြောင့် ဥဒုမ္ဗရာဒေဝီမင်းသမီးဟူ သောအမည်ဖြင့် နတ်ကညာကဲ့သို့အလွန်အဆင်းလှသောမင်းသမီးဖြစ်၏။

ထိုဥရန္ဆဒမာလာမင်းသင်္ဘီးဏီ၏ဆရာကား ဂေါပါလပုဏ္ဏားဖြစ်သတည်း။ ထိုဂေါပါလပုဏ္ဏားသည်ရဟန်းသံဃာတော်နှင့်တကွ ကဿပမြတ်စွာဘုရားအား အသဒိသဒါန အတုမရှိသော အလှူကြီးကိုလှူ၍ ကဿပမြတ်စွာဘုရားသည် ဥရန္ဆဒမင်းသင်္ဘီးကိုဂင်း။ ထိုဂေါပါလပုဏ္ဏားကိုဂင်းရည်မှတ်၍ တရားဟောတော်မူ၏။

ထိုဂေါပါလပုဏ္ဏားသည် ပါရဒိမရင့်သေး၍ တရားတော်ကိုနာရသော်လည်း မဂ်ဖိုလ်ကိုမရမူ၍ပုထုဇနိအဖြစ်ဖြင့်ရှတော၍ ဆည်းပူးအပ်သော ဧကောင်းမှုကုသိုလ်၏ အစွမ်းအားဖြင့် တာဝတိံသာနတ်ပြည်၌ ယူဇနာတရာရှိသောဘုံဗိမာန်၌ အကုဋေမက၊ မျှားလှစွာသော နတ်သင်္ဘီးကညာတို့ဖြင့်ခြံရံလျက် ရတနာခုနစ်ပါးဖြင့်ပြီးသော နတ်မြင်းတဝေါင်ကသောနတ်ရထားကိုရ၍ နတ်သားဖြစ်ပြီးလျှင် ဂေါပါလနတ်သားဟုကျော်စောထင်ရှား၏။ ထိုဂေါပါလ နတ်သားသည် ကဿပမြတ်စွာဘုရား၏လက်ထက်တော်မှစ၍ ငါတို့ဂေါတမမြတ်စွာဘုရားလက်ထက်တော်ကိုင်အောင် ဘုရားနှစ်ဆူတို့၏အကြားခံ အဆင့်ဆင့်အားဖြင့် နတ်ပြည်တို့၌သာလျှင် နတ်သားဖြစ်၍ငါတို့ဂေါတမမြတ်စွာဘုရားပွင့်တော်မူသောအခါလည်း ထိုရှေးကပြုခဲ့ဘူးသော အပရာပရိယ ကုသိုလ်ကံကြောင်းအားဖြင့် ထိုဆိုခဲ့ပြီးသော နတ်ရထားဘုံဗိမာန်နတ်စည်းစိမ်တို့ဖြင့် စံစားလျက်**ဂေါပါလနတ်သား**ဟူသောအမည်သည်သာလျှင်ဖြစ်၏။

ထိုအခါ၌ အရှင်မဟာ မောဂ္ဂလာန် ထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီလှည့်လည်တော်မူလျှင်၊ဂေါပါလနတ်သားသည်လည်း ဗိမာန်၏ ဘုံဗိမာန်မှထွက်၍ နတ်မြင်းတဝေါင်ကသော ခုနစ်ယူဇနာရှိသော နတ်ရထားကြီးကိုစီး၍ မျှားစွာသောနတ်သင်္ဘီးအခြံအရံဖြင့်ခြံရံ၍ကြီးစွာသော ဒေဝိဋ္ဌိ နတ်တန်ခိုးဖြင့် ဥယျာဉ်ကစားခြင်း၌ ထွက်လာသည်ရှိသော် အရှင်မဟာမောဂ္ဂလာန်ကိုမြင်၍ အလွန်ရိုသေစွာသောစိတ်ဖြင့် နတ်မြင်းတဝေါင်ကသော ရထားကြီးပေါ်မှသက်ဆင်း၍ငါးပါးသောတည်ခြင်းဖြင့်ရှိခိုး၍ လက်အုပ်ကို ချီပြီးလျှင် ရပ်နေ၏။ ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ထိုဂေါပါလ နက်သားအား နှစ်ဆဲ့လေးဂါထာတို့ဖြင့် ချီးမွမ်းထောမနာသြဘာပေးလျက်မေးတော်မူ၏။

အိုဂေါပါလအမည်ရှိသောနတ်သား။ သင်နတ်သားသည် နတ်မြင်းတဝေါင်ကသော နတ်ရထားကြီးကိုတက်စီးလျက် တာဝတိံသာ နတ်

ပြည်ကို အစိုးရသော သိကြားမင်းကဲ့သို့ ဥယျာဉ်မြေ အနီးသို့ သွားရ၏။ သင်နတ်သားရ၏ ရထားရံတိုင်တို့သည် အလုံးစုံရွှေဖြင့်ပြီး၏။ တဆံ့ငါး ရက်မြောက်သောနေ့၌ ငွေလမင်းကဲ့သို့ တင့်တယ် ထွန်းလင်းတောက်ပ ခြင်းရှိ၏။ သင်၏ရထားသည် ရွှေဇာပြောက် ရွှေကွန်ယက်တို့ဖြင့် ဆင်မြန်းလျက်မုံးလွှမ်းအုပ်ခြုံ၍နေ၏။အထူးထူးသောအဆင်းရှိသောရတနာ တို့ဖြင့် ဆန်းကြယ်ယစ္ဆာစိချယ်လျက်ရှိ၏။အလွန်နှစ်သက်ဖွယ်ရာ သားယာ စွာသော သိချင်းသံတူရိယာသံတို့ဖြင့် ညည်ညာစွာတီးမှုတ်လျက်သိဆိုကြ ကုန်သော အသံတို့ဖြင့်ကောင်းမွန်သော အသံကိုလည်းကြားရ၏။စာမရိ သားမြိုးယင်တို့ကိုကိုင်ကာ ယပ်ခပ်၍နေသောနတ်သူငယ်ဖြင့်လည်း အလွန် တင့်တယ်တောက်ပ၍နေ၏။

သင်နတ်သား၏ရထားပုံးတောင်းလည်း ရထားလှည်းဘီးစက်တို့၏ အလည်၌တန်ဆာဆင်ထားသော ရထားစက်ဘီးအကွပ်နှင့် ရထားစက် ဘီး ထောက်ကန်တို့ဖြင့်တောက်ပလျက်၊ ရထားပုံးတောင်း၌ တရုမက သောအရေးအကြောင်းတို့ဖြင့်ဆန်းကြယ်စွာ၏။ ကောင်းကင်၌လျှပ်စစ် ရောင်ကဲ့သို့တောက်ပ၏။ အဆူးထူးသော ပန်းခိုင်ပန်းနွယ်တို့ဖြင့် တင့် တယ်စွာ ရောင်ပြမ်း ဆင်မြန်းလျက်ရှိ၏။ သင်၏ရထား လှည်းဘီးအကွပ် သည်လည်း ရောင်ခြည်တထောင်ဆောင်သော နေဝန်းကဲ့သို့ ထွန်းလင်း သောအရောင်ရှိ၏။ သင်၏ရထားလှည်းဘီးထောက်ကန်ရံတိုင်တို့၌ ဆင် မြန်းကုန်သောရွှေခြ။ကုန်ရွက်တို့မှသားယာစွာသောအသံသည် အင်္ဂါငါး ပါးရှိသောတူရိယာကို ညီညာစွာတီးမှုတ်သောအသံကဲ့သို့ သာယာ နာ ချင်ဘွယ်သောအသံရှိ၏။ သင်၏ရထားဦးခွံလည်းဆန်းကြယ်စွာသော ပတ္တမြားလုံးကို တပ်ဆင်၍ထား၏။ အခါးပပ်သင်မ်း စင်ကျယ်တောက်ပ သောအရောင်ဖြင့် ထွန်းလင်းတောက်ပ၍နေ၏။ပြိုးပြိုးပြက်ပြက်အရောင် ထွက်၍နေ၏။ ထိုပတ္တမြားလုံးခွံ ရွှေအဆင်းရှိသောအရေးအကြောင်းတို့ ဖြင့်လည်းတင့်တယ်စွာချယ်လှယ်အပ်၏။ထိုရွှေအဆင်းရှိသောအရေးအ ကြောင်းတို့၏အကြားခွံကျောက်မျက်ရွှဲအဆင်းရှိသော အရေးကြောင်း တို့သည်လည်းရှိကုန်၏။ ထိုရွှေဖြင့်ပြီးသော အရေးအကြောင်းကျောက် မျက်ရွှဲဖြင့်ပြီးသော အရေးအကြောင်းတို့ဖြင့်အလွန်တင့်တယ်စွာ၏။

ဂေါပါလနတ်သား၊ သင်၏ရထားကြီးခွံ ကကုန်သော ဤနတ်မြင်း ဘဆောင်တို့သည် တင့်တယ်လျှောက်ပတ် သင့်မြတ်ကောင်းမွန်သော

မြီးဆံ၌ကုန်၏။ပတ္တမြားဖြင့်ပြီးသောစာမရိုသားမြီးဥဒေါင်းမြီးတို့ဖြင့်ဆွဲ ဆင်ထားအပ်သော ကကြိုးတန်ဆာ၌ကုန်၏။ ဝါ၊ ပတ္တမြားရောင် မြစိန်း ရောင်၌ကုန်သော ကဲကြိုးတန်ဆောင်းဖြင့်ဆင်မြန်းလျက်၌ကုန်၏။ ဤနတ် မြင်းတာထောင်တို့သည် အလုံးအရပ် လျှောက်ပတ်တင့်တယ် ကြီးငယ်မ ထင် ပုံပြင်တူစွာ ညီညာကြိုင်းထွား ကြီးမားသောကိုယ်လုံးကိုယ်ပေါက် ခြေထောက်လက်နှတင့်တယ်စေ၍လက်ခြေကြွလွန်းပျံသန်းမည့်ပုံဟန် လျှင်မြန်သောအဟုံလည်း၌ကုန်၏၊ကြီးသောအာနုဘော်လည်း၌ကုန်၏။ ကိုယ်အား လက်အား ခြေထောက်အားတို့ တက်ကြွားလျင်မြန် ခုန်ပျံ မည့်နယ်၊ တင့်တယ်သော သွားခြင်းလည်း၌ကုန်၏။

သင်နတ်သား၏စိတ်အလိုကိုသိကုန်၍ညီညာစွာရုံးဆောင်၍သွားကုန် ၏။အခြေလေးချောင်းတို့ကိုညီညာစွာလှမ်းကုန်၍ညီညာစွာနင်းကြကုန် ၏။ ညှင်းညှင်းသာသာငြိမ်သက်စွာသော ခြေလှမ်းလည်း၌ကုန်၏။ ခြေ လှမ်းမပျက်ရောက်ရက်မခတ်မဆတ်မရမ်းခြေလှမ်းခြေနင်းကြမ်းထမ်း ခြင်းလည်းမ၌ကုန်။ထိုနတ်မြင်းတာထောင်တို့သည် ရွှင်လန်းဝမ်းမြောက် သော အမူအရာလည်း၌ကုန်၏။ [သခင်ကိုကြောက်ရွံ့၍ ရုံးဆောင်ရသ ကဲ့သို့ စိတ်နှောက်ကြွသောအမူအရာမ၌ကုန်]။ ရွှင်လန်းသောအမူအရာ ဖြင့် အမြီးကိုလည်း ညီညာစွာခါကြ လှုပ်ကြကုန်၏။ညီညာစွာဆင်မြန်း၍ ထားကုန်သော ကကြိုးတန်ဆာတို့ကိုလည်း လှုပ်ကြခါကြကုန်၏။

ထိုနတ်မြင်းတာထောင်တို့၌ ဆင်မြန်းလျက်နေသော ဘွေမြ။ဘွေ ဆည်း လည်း ဘွေခေါင်းလောင်း အစရှိသော တန်ဆာတို့၏ အသံသည်လည်း တူရိယာငါးပါးတို့ကို ကိုးမှတ်သော အသံကဲ့သို့ကြားရကုန်၏။ ရထား လှည်းဘီး စက်ပုံးတောင်းတို့မှ မြည်သောအသံအားဖြင့်ရင်း။ နတ်မြင်း တာထောင်တို့၏ညီညာစွာနင်းသွားသော မြင်းခွါသံအားဖြင့်ရင်း၊ ပန်းစုံ ပန်းနွယ် ဆန်းကြယ်သော စိတြာဝန် နတ်ဥယျာဉ်တော်အတွင်း၌၊ ဂန္ဓဗ္ဗ မည်သော သဘင်သည် နတ်သားနတ်သမီးတို့သည် ညီညာစွာတီးမှုတ်၍ နေသော တူရိယာတို့၏အသံကဲ့သို့ကြားရကုန်၏။

[ကိဠာဝိအသာအာကာသေန ဂန္ဓဗ္ဗာ၊ မဓုရသ ပနခုရနိပါတာ သဒ္ဒသ ဥပလဒ္ဓိ ဟောတုဘူတေန ကမ္မုနာတေသံ ခုရနိကျေပေ ပဋိ ဃာတော လဗ္ဘတိတိ ဝဒန္တိ]။ ။ဝိမာနဝတ္ထုအဋ္ဌကထာ။

အိုဂေါပါလအမည်ရသောနတ်သား။ သင်နတ်သား၏ရထားကြီးပေါ် ၌ ဝန်းရံကာခြံရုံ၍တည်နေကြကုန်သောအဖြူအရုံနတ်သမီးတို့သည် သမင်မငယ်၏ မျက်လုံးကဲ့သို့ မှိန်းမှိန်းသာသာ ကြည့်ရှုသော မျက်လုံးလည်းရှိကုန်၏။ ကျယ်ပြန့်ရင်ကြော့ သွယ်ကော့သော မျက်ခုံးလည်းရှိကုန်၏။ ပြုံးချိုသော မျက်နှာလည်းရှိကုန်၏။ ချစ်ဖွယ်သော စကားကိုလည်း ပြောဆိုတတ်ကုန်၏။ ကျောက်မျက်ရွှေတို့ဖြင့် ဆန်းကြယ် တင့်တယ်စွာသော ဇာပြောက်ပုဝါတို့ကို။ ဝါ၊ ဇာဘော်လီ ဇာအင်္ကျီတို့ကို ဝတ်ဆင်သောကိုယ် ရှိကြကုန်၏။ နူးညံ့ချောညက်သော အရေအသားလည်း ရှိကြကုန်၏။ အခါခပ်သိမ်း အမြဲမပြတ် နတ်ဆင်း ကခြေသည်တို့ ခြံရုံ၍ ပူဇော်လေးမြတ်စွာနေကြကုန်၏။

ထိုနတ်ဆင်းတို့သည် မိမြန်းသောနတ်ဝတ်ထမီ အင်္ကျီပုဝါတို့ကို ဝတ်ဆင်ကြကုန်လျက် ကျယ်ပြန့်ရင်ကြော့ မျက်တောင်ကော့နှင့် အလွန်နှစ်သက်ဖွယ်သော မျက်နှာရှိကြကုန်၏။ ထိုနတ်ဆင်းတို့သည် သင်နတ်သားကို ရှိသေစွာရှိခိုးကြကုန်၍ လက်အုပ်ချီကာနေကြကုန်၏။ သင်နတ်သားကိုရှိခိုးကာ လက်အုပ်ချီလျက်ခြံရုံကာနေကြကုန်သော ထိုနတ်ဆင်းတို့သည် ကောင်းမြတ်သော နတ်မျိုးနတ်နွယ်၌ ဖြစ်ကြကုန်သော အမျိုးကောင်းနတ်ဆင်းတို့ဖြစ်ကြကုန်၏။

ကောင်းမွန်တင့်တယ်သော ကိုယ်ပေါက် ကိုယ်လုံးရှိကြကုန်၏။ ရွှင်လန်း နှစ်သက်ဖွယ်သော အမူအရာရှိကြကုန်၏။ ရွှေလက်ကောက် ရွှေလက်ကြပ် တန်ဆာတို့ကို ဝတ်ဆင်ကုန်လျက် မကြီးမငယ် အလယ်အလတ် သင့်မြတ်သောကိုယ်ရှိကြကုန်၏။ ဆင်နှာမောင်းကဲ့သို့ အရင်းမှစ၍ အဖျားသွယ်သောပေါင်ရှိကြကုန်၏။ လုံးဝန်းဝိုင်းစက် ဝင်းကြွမောက်မိုက်သော သားမြတ်အရုံရှိကြကုန်၏။ ချောညက်လုံးသွယ်သော လက်ချောင်းရှိကြကုန်၏။ အလွန်လှသော မျက်နှာရှိကြကုန်၏။ ရှုချင်ဘွယ်သော အဆင်းရှိကြကုန်၏။ ထိုကဲ့သို့လှပ ယဉ်ကျေးသောနတ်ဆင်းကညာတို့သည် သင်နတ်သား၏ရထားကြီးပေါ် ၌ တည်နေကာ ခြံရုံကြကုန်လျက် လက်အုပ်ချီကာနေကြကုန်၏။

သင်နတ်သားကိုခြံရုံကာ ရှိခိုး၍နေကြကုန်သော နတ်ဆင်းကညာတို့တွင် အချို့သော နတ်ဆင်းကညာတို့သည် ဆံထုံးကိုကောင်းစွာထုံး၍ နေကြကုန်၏။ အချို့သောနတ်ဆင်းကညာတို့သည် ပန်းကုံး ပန်းခိုင် ပန်း

ပွင့်တို့နှင့်ရောယှက်ထွေးလိန်သော ဆံပင်ရှိကြကုန်၏။ နွဲ့နွဲ့နယ်နယ် ပျို့ရွယ်သော ထိုနတ်သျှီးကညာတို့သည် အညိုအမျှဝတ်ဆင်ကြကုန်လျက် ပတ္တမြားပုလဲတို့ဖြင့် ပြောင်ပြောင်လက်လက် အရောင်ထွက်ကြကုန်၏။ ပြိုးပြိုးပြက်ပြက်အရောင်ထွက်သောဆံပင်ဆံထုံးရှိကြကုန်၏။ ထိုနတ်သျှီးကညာတို့သည်လည်း သင်နတ်သားဏ် စိတ်အလိုကျအောင် သင့်လျော်စွာသော အမူအရာဖြင့်ခြံရံကြကုန်၏။

နားသွယ်ပန်း ဦးစောက်ပန်းတို့ကို ပန်ဆင်ကြကုန်သော နတ်သျှီးကညာတို့သည်ဝင်း။ ပဒုမ္မာကြာပန်း ဥပ္ပလကြာပန်းတို့ကို ပန်ဆင်ကြကုန်သော နတ်သျှီးကညာတို့သည်ဝင်း။ ဆန်းကြယ်စွာသော အဝတ်တန်ဆာတို့ကိုဝတ်ဆင်ကြကုန်လျက်စန္ဒကူးနံ့သာကိုလိမ်းကျံကုန်လျက် သင်နတ်သားကို ခြံရံကာရှိခိုးကြလျက် လက်အုပ်ချီကာ နေကြကုန်၏။ ထိုနတ်သျှီးကညာတို့သည် သင်နတ်သားဏ် စိတ်အလိုကျအောင် မွေ့လျော်ပျော်ရွှင်စေကြကုန်၏။

လည်ပင်းခွံဆင်မြန်းသော တန်ဆာတို့သည်ဝင်း။ လက်တို့ခွံဆင်မြန်းကုန်သောတန်ဆာတို့သည်ဝင်း။ ခြေတို့ခွံဆင်မြန်းကုန်သောတန်ဆာတို့သည်ဝင်း။ ဦးခေါင်းခွံ ဆင်မြန်းကုန်သော တန်ဆာတို့သည်ဝင်း။ တန်ဆောင်မုန်းလအခါဝယ် တက်ရှိထွန်းသောနေရောင်ကဲ့သို့ အရပ်ဆယ်မျက်နှာဖြာ၍ ထွန်းလင်းတောက်ပသော အရောင်ရှိကုန်၏။ ထိုနတ်သျှီးတို့ခွံ ဆင်မြန်းကုန်သော ပန်းကုံး ပန်းခိုင်တို့မှ မွှေးပြန့်သော အနံ့တို့ကို လှိုင်စေကုန်လျက်၊ နတ်မြင်းတထောင်တို့ ရှုန်းဆောင်ကြသော လေဟုန်အားဖြင့် လေပြေလေညှင်း တိုက်ခတ်သည်ရှိသော်၊ ထိုနတ်သျှီးကညာတို့ခွံဆင်မြန်းသော တန်ဆာတို့မှ နှစ်သက်ဖွယ် သာယာစွာသော အသံတို့သည် မြည်ကုန်၏။

ရထားခွံဆင်မြန်းသော တန်ဆာတို့ကိုဝင်း။ နတ်မြင်းတထောင်တို့ခွံ ဆင်မြန်းသော တန်ဆာတို့ကိုဝင်း။ နတ်သျှီးကညာတို့ခွံ ဆင်မြန်းသော တန်ဆာတို့ကိုဝင်း။ လေဟုန်တိုက်ခတ်သဖြင့် မြည်သောအသံတို့သည် စောင်းသံကဲ့သို့ သင်နတ်သားဏ် နှလုံးကိုလည်း မွေ့လျော်စေကုန်၏။ နတ်သျှီးကညာတို့ဏ် စိတ်နှလုံးကိုလည်း မွေ့လျော်ပျော်ရွှင်စေကုန်၏။ ဥယျာဉ်မြေသို့သွားရာ လက်ျာ လက်ဝဲ ဝန်းရံ၍ တီးမှုတ်ကြကုန်သော နတ်စောင်းသံတို့သည်ဝင်း။ အင်္ဂါငါးပါးရှိသောတူရိယာတို့ကိုတီးမှုတ်

ကြသောအသံတို့သည်ရင်း။ ညီညီညာညာ သာယာချိုလွင် ပျော်ရွှင်စဘွယ် နှစ်သက်ဖွယ်ဖြင့် အသွယ်သွယ်အဖြာဖြာ လက်ချာလက်ဝဲ သံမစဲအောင် မြည်ကုန်သည်ရှိသော၊ သင်နတ်သားကိုမြင်ရ၍နေကြကုန်သော ဤနတ်သမီးကညာတို့သည် သိုချင်းကို သိုဆိုကုန်လျက် လှည့်လည်၍ ကခုန်မြူးပျော်ကြ၏ကုန်၏။

ထိုနတ်သမီးကညာတို့သိုဆိုသော သိုချင်းသံတို့သည် နတ်စောင်းသံ တူရိယာအသံတို့နှင့် ညီညွတ်သင့်လျော်ကုန်၏။ ထိုနတ်သမီးကညာတို့ သိုဆိုသောသိုချင်းသံ၊ တီးမှုတ်ကြသော နတ်စောင်းသံ တူရိယာသံ ထိုအသံတို့နှင့် သင့်လျော် ညီညွတ်အောင် အချို့နတ်သမီးကညာတို့သည် ကခုန်ကြ၏ကုန်၏။ သိုချင်းသံ စောင်းသံ ဗုံသံ နဲ့ ပလွေ စီးချက်သံတို့နှင့် ညီလျော်အောင် နတ်သမီးကညာတို့သည် ကခြင်းကိုပြုကြကုန်၏။ အချို့နတ်သမီးကညာတို့သည် ပဒုမ္မာကြာပွင့်ပေါ်၌ လှည့်လည်၍ ကခုန်ကြကုန်၏။

အချို့နတ်သမီးကညာတို့သည် ကြည့်ရှု၍ နေကြကုန်၏။ အချို့ နတ်သမီးကညာတို့သည် သိုချင်းကို သိုဆိုကြကုန်၏။ အတီးအမှုတ် အဆိုအက ညီညာကြကုန်လျက်၊ သင်နတ်သားကို မွေ့လျော်ပျော်ရွှင်စေရန် အပျော်ဆက်ကြကုန်သော နတ်သမီးကညာတို့ဖြင့် ဝန်းရံ၍ ကြီးကျယ်သော စည်းစိမ်ချမ်းသာကိုစံစားလျက် သိကြားမင်းကဲ့သို့ သင်နတ်သားသည် ပျော်မွေ့စွာနေရ၏။

၈၀၂၀၂လ အမည်ရသောနတ်သား၊ သင်နတ်သားသည် လူဖြစ်သော ရှေးဘဝ၌ အဘယ်ကုသိုလ်ကံကိုပြုလုပ်ဘူးပေသနည်း။ ဥပုသ်သီလကို စောင့်သုံးခဲ့ဘူးသလော။ အဘယ်သို့သောအကျင့်ကို ကျင့်ဘူးသနည်း။ အဘယ်သို့သောအကျင့်ကို နှစ်သက်ခြင်းရှိဘူးသနည်း။ သင်နတ်သား ပြုလုပ်ဘူးသော ကုသိုလ်ကံကို ၎င်းမောဂ္ဂလာန်ထေရ်အားလျှောက်ကြားဦးလော။ သင်နတ်သားသည် အလုံးရုံသော နတ်သမီးကညာအပေါင်းဘို့ကိုလွှမ်းမိုး၍ တင့်တယ် တောက်ပ တန်ခိုးကြီးလေ၏။ ဤကဲ့သို့လွှမ်းမိုးတောက်ပတန်ခိုးကြီးရခြင်းသည် ဒါနကုသိုလ်၏အကျိုးလော။ သီလကုသိုလ်၏အကျိုးလော။ လက်အုပ်ချီမိုးရှိခိုးသောအပ္ဆလိ ကမ္မကုသိုလ်၏အကျိုးလော။ ထိုအကြောင်းကို ယခုမကြာ လျှောက်ကြားပါလော။

ဤသို့အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်မေးမြန်းတော်မူသောအခါ၊ **ထိုဂေါပါလနတ်သား** သည် ဤသို့လျှောက်ကြားလေ၏။ ။လက်ပဲတော်ရုံ တန်ခိုးထန်သော မောဂ္ဂလာန်မည်မှတ် အရှင်မြတ်ဘုရား။ စက္ခုသောတ စသည်ခြောက်ထွေ ဣန္ဒြေကို လေးထွေသော မဂ်ဉာဏ်ဖြင့် အောင်နိုင်သောကြောင့် ဇိတိန္ဒြိယ ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။ ထိုသော၊ သစ္စာလေးရပ် တရားမြတ်ကို တတ်တတ်ထင်ထင်သိမြင်တော်မူသောကြောင့် ဗုဒ္ဓဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။ အင်္ဂါလေးပါးရှိသော ဝိရိယတော်နှင့်လည်း ပြည့်စုံတော်မူ၏။ အဝေဒမရှိသော ဝိရိယရှိတော်မူ၏။ နတ် ဗြဟ္မာ လူ သုံးဘုံသူတို့ထက် ကြီးမြတ်တော်ထမူသော။ လောကသုံးနွင် ဘုံသုံးပြင်၌ အမြတ်ဆုံးပဋိပုဒ်လည်း ဖြစ်တော်မူ၏။ ကောဏာဂုံ မြတ်စွာဘုရား၏ သာသနာတော် ကွယ်သည်မှစ၍ပိတ်ဖုံးနေသောနိဗ္ဗာန်တံခါးကိုလည်း ဖွင့်ပြတော်မူ၏။ နတ်တကာတို့ထက် ကဲလွန်၍ မြတ်သော ဒေဝဒေါ နတ်တကာအပေါင်း ခဝပ်ညောင်း၍ ဦးခေါင်းနှိမ်ချ ရှိခိုးရသော နတ်မြတ်လည်း ဖြစ်တော်မူ၏။ တရာမက မျှားလှစွာသော ပါရမီပညာသမ္ဘာရကြောင့်ဖြစ်သော ယောဂျားမြတ်တို့၏ လက္ခဏာတော်နှင့်လည်း ပြည့်စုံတော်မူ၏။ ရန်သူအပေါင်းကို ထောင်းထောင်းညက်ကြေ နှိမ်နင်းစေနိုင်သော အားတော်ရှိသော ဆင်ပြောင်ကြီးနှင့်လည်း တူတော်မူ၏သော။ ညြစ်ယလေးဖြာ သံသရာမှ ကောင်းစွာ ကူးမြောက်တော်မူပြီး၏သော။ သိဂီဂြေ ဇမ္ဗူ၊ရစ်ရွှေကဲ့သို့ အလွန်တင့်တယ်သော အဆင်းတော်နှင့်ပြည့်စုံတော်မူ၏သော။ ကသိဏမြတ်စွာဘုရားကို ဖူးမြင်ရပါသောကြောင့် မြင်သည်နှင့်တပြိုင်နက် ကြည်ညိုသောစိတ်ဖြစ်၍ အလွန်စင်ကြယ်သန့်ရှင်းသောစိတ်ဖြစ်လာပါ၏အရှင်မောဂ္ဂလာန်ဘုရား။

ထိုကဲ့သို့စင်ကြယ်သန့်ရှင်းသောစိတ်ဖြင့်တရားတော်ကိုလည်း နာပါသည် အရှင်ဘုရား။ တရားတော်ကို ရှိသေစွာနာပြီး၍ ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာ မွန်မြတ်စွာတို့ကို ကောင်းစွာစီရင်၍ မြတ်စွာဘုရားနှင့်တကွ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းလုပ်ကျွေးပါသည် အရှင်ဘုရား။ တိစီဝရိက် သင်္ကန်းကိုလည်း လှူပါသည် အရှင်ဘုရား။ ထိုကဲ့သို့ ဆွမ်းလုပ်ကျွေးသောအခါ၌ ပန်းပွင့်တို့ဖြင့် ကြဲဖြန့်၍

ခင်းထားသော ပန်းမွေ့ရာအခင်းတို့၌ ထိုင်နေတော်မူစေ၍ တစုံတခု ပြိတ္တယ်သော စိတ်မရှိဘဲ ဖြူစင်သန့်ရှင်းသော စိတ်ဖြင့် ပြိုင်ဘက်မမူ အာဂူမရှိ၊ အသဒိသ၊ 'ဒါနလွန်ကြ။ အထူးအဆန်း လှူဒါန်းဘွယ်တို့ကို လှူဒါန်းပူဇော်ပါသည့်အရှင်ဘုရား။

ထိုကဲ့သို့ကြီးကျယ်ထူးဆန်း လှူဒါန်းဘွယ်အဖြာဖြာတို့ဖြင့် ကသိပ မြတ်စွာဘုရားနှင့်တကွ သံ ဃာ တော် တို့ အား လှူဒါန်းပူဇော်သော အသဒိသဒါနကုသိုလ်ကြောင့်၊ ဂေါပါလအမည်ရှိသော တပည့်တော်သည် ရုတေသည်မှနောက် နတ်ပြည်သို့ရောက်၍၊ ကသိပ မြတ်စွာဘုရားလက်ထက်တော်မှစ၍ ယခုဂေါတမ မြတ်စွာဘုရား လက်ထက်တော်တိုင်အောင် ဘုရားနှစ်ဆူတို့၏အကြားခံ့ အဆင့်ဆင့်သော နတ်ပြည်ခံ့ နတ်သားဖြစ်၍ ဤကဲ့သို့ကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားစံစားနေရပါသည့် အရှင်မဟာမောဂ္ဂလာန်ဘုရား။

ဤသို့လျှင် ဂေါပါလ နတ်သားသည် မိမိပြုဘူးသော ကုသိုလ်ကို အရှင်မဟာမောဂ္ဂလာန်အား လျှောက်ကြားပြီး၍၊ ထိုကဲ့သို့ ကြီးကျယ်သော နတ်စည်းစိမ်ကို အလုံးရုံသော လူအပေါင်းဘို့အား ပြည့်ရုံစွာ တည်စေ၍ ခံစားစံစားစေခြင်းငှါ အလိုရှိသည်၏အဖြစ်ကိုလည်း။ မြတ်စွာဘုရားခံ့ မိမိကြည်ညိုသောအဖြစ်ကိုလည်း လျှောက်ကြားလိုရကား၊ ဤနှစ်ဂါထာတို့ကို ဆိုလေသတည်း။

အာယုံစ ဝဏ္ဏဉ္စ သုခံဗလဉ္စ၊ ပဏိတာရှပံ အဘိကင်္ခတာမုနိ။
အန္နဉ္စပါနဉ္စဗဟုံ သုသင်္ခတံ၊ ပတိဋ္ဌပေတဗ္ဗံ အသက်မာနသေ။
နှ ဣမသ္မိံ လောကေပရသ္မိံ ဝါပန၊ ဗုဒ္ဓေနသေဋ္ဌောစ သမောဝိဇ္ဇတိ။
ယမာဟုနေယျာနံ ပရမာဟုတိ ဂတော၊ ပုညတ္ထိကာနံဝိပုလပ္ပလေသိနံ။

ဘဒန္တ၊ အရှင်ဘုရားမောဂ္ဂလာန်။ မုနိ၊ မောနကျင့်လပ် အရှင်မြတ်။ ပဏိတာရှပံ၊ တင့်တယ်ကောင်းမြတ် တောင့်တအပ်သော။ အာယုံစ၊ အသက်ရှည်ခြင်းကိုလည်း။ ဝဏ္ဏဉ္စ၊ အဆင်းလှခြင်းကိုလည်း။ သုခဉ္စ၊ ချမ်းသာခြင်းကိုလည်း။ ဗလဉ္စ၊ ကျန်းမာ စွမ်းသန်၊ အားအန် တောင့်တင်းပြည့်ရုံခြင်းကိုလည်း။ အဘိကင်္ခတာ၊ တောင့်တလိုလားသောသူသည်။ သုသင်္ခတံ၊ ကောင်းစွာစီရင်အပ်သော။ အန္နဉ္စ၊ ဆွမ်းကိုလည်း။ ပါနဉ္စ၊ အဖျော်ကိုလည်း။ ဗဟုံ၊ များစွာ။ အသက်မာနသေ၊ ငြိုကပ်တွယ်တာခြင်း

မရှိကုန်သော ဘုရားရဟန္တာတို့၌။ ပတိဋ္ဌမေတဗ္ဗံ၊ လှူဒါနိုးပူဇော် ဖူးမျှော် ဆည်းကပ် တည်ထားအပ်၏။

ဤမသို့လောကေ၊ ဤလောကခ၌ဝင်း။ ပရေသို့ဝါပန၊ တပါးသော လောကခ၌ဝင်း။ ဗုဒ္ဓေန၊ မြတ်စွာဘုရားထက်။ သေဋ္ဌောစ၊ မြတ်သော သူလည်း။ နု၊ မရှိပါဘုရား။ သမောဝ၊ တူသောသူသည်ပင်လျှင်။ နဝိဇ္ဇတိ၊ မရှိပါဘုရား။ ယော၊ အကြင်မြတ်စွာဘုရားသည်။ အာဟုနေယျာနံ၊ အလှူခံပုဂ္ဂိုလ်တို့ထက်။ ပရမံ၊ လွန်မြတ်သော။ အာဟုတိ၊ ပူဇော်ရာ ပုဂ္ဂိုလ်အဖြစ်သို့။ ဂတော၊ ရောက်တော်မူ၏။ ကေသံ၊ အဘယ်သူတို့၏။ ဂတော၊ ပူဇော်ရာသို့ရောက်သနည်းဟူမူကား။ ပုညတ္ထိကာနံ၊ ကောင်းမှု ကို အလိုရှိကုန်သောသူတို့၏ဝင်း။ ဝိပုလပ္ပလေသိနံ။ ပြန့်ပြောများပြား စွာသောအကျိုးကိုအလိုရှိကုန်သောသူတို့၏ဝင်း။ ပရမံ၊ လွန်မြတ်သော။ အာဟုတိ၊ ပူဇော်ရာသို့။ ဂတော၊ ရောက်တော်မူ၏။

[လောကခ၌ အကျိုးကြီးခြင်းကို အလိုရှိကုန်သောသူတို့၏ ပူဇော်ရာ ကိုးကွယ်ရာ လွန်မြတ်စွာသော အလှူခံပုဂ္ဂိုလ်တို့တွင် မြတ်စွာဘုရား သည် အမြတ်ဆုံးဟူ၍ဆိုလိုသည်]။

ဤသို့လျှောက်ကြားသော **ဂေါပါလ**နတ်သား၏စိတ်သည် နိဝရဏာ ကင်းသည်ဖြစ်၍ နူးညံ့ခိုင်ခန့်သည်၏အဖြစ်ကို သိတော်မူသော အရှင် မဟာမောဂ္ဂလာန်ထေရ်မြတ်သည် သစ္စာလေးပါးတို့ကိုပြ၍တရားဟော တော်မူ၏။ တရားတော်၏အဆုံး၌ ဂေါပါလနတ်သားသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

ထိုဂေါပါလနတ်သား၏ဝတ္ထုကိုသံဂါယနာတင်အရှင်မြတ်တို့သည် မဟာရထ ဝိ မာ နဟူ သော အမည်ဖြင့် သံဂါယနာ တင်ထားတော်မူ ကုန်၏။

ဂေါပါလနတ်သားဝတ္ထုပြီး၏။ ။စုဒ္ဓသ။

ပုရိသပဏမဝဂ်ပြီး၏။

* * *

အိမ်ထောင်စုံနတ်သား ဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တော်၌ သိတင်းသုံးတော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည်၌ မောင်နှံစုံအိမ်ထောင်၍ နေကြသောအမျိုးသား အမျိုးသမီး နှစ်ယောက်တို့သည် ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံကြကုန်၏။အကျင့်သိလ အာစာရနှင့်လည်း ပြည့်စုံကြကုန်၏။ ထိုမောင်နှံ ဘုံနှစ်ယောက်တို့သည် ရဟန်းယောက်ျား ရဟန်းမိန်းမတို့၏ သောက်တော်ရေတွင်းနှင့်တူစွာ၊ ရတနာသုံးပါးတို့ကို ရည်မှတ် ဆည်းကပ် ကိုးကွယ် လွှဒ်နိုးကြကုန်၍ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ကြ လျက်နေ၍၊ ရုတေသောအခါ တာဝတိံသာနတ်ပြည်၌ ထိုမောင်နှံစုံ နှစ်ယောက်တို့သည် အတူတကွဖြစ်ကြကုန်၏။ ထိုမောင်နှံစုံ နတ်သား နတ်သမီးတို့၏ဘုံဗိမာန်သည်တဆဲ့နှစ်ယူဇနာရှိ၏။ထိုနတ်သားကို မောင်နှံစုံအတူတကွဖြစ်ကြသောကြောင့် အိမ်ထောင်စုံနတ်သားဟူ၍ဆိုအပ်၏။ ထိုမောင်နှံစုံနှစ်ယောက်တို့သည် အတူတကွ နတ်စည်းစိမ်ကိုခံစား၊ ကာ နေကြရကုန်၏။ ထိုအခါ၌အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ဒေသစာရီ လှည့်လည်မြဲ ဖြစ်တော်မူသည့်အတိုင်း တာဝတိံသာ နတ်ပြည်သို့ ဒေသစာရီလှည့်လည်တော်မူလျှင် ထိုအိမ်ထောင်စုံနတ်သားကို မြင်၍။ ။ယထာဝနံစိတ္တလတံပကာသတိ။ ။အစရှိသောဂါထာတို့ဖြင့် မေးတော်မူ၏။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ စိတ္တလတံ၊ ထူးထွေဆန်းကြယ် ပန်းနွယ်ပန်းရံ ပြည့်စုံစွာရှိ၏သော။ ဝနံ၊ ပန်းပွင့် ပန်းခိုင် မျှားနံ့ လိုင်လျက် ပန်းမြိုင် ပန်းတောဖြစ်၍နေသော။ ဥယျာနသေဋ္ဌံ၊ စိတ္တလတာ၊ သညာ မည်ခေါ် ဥယျာဉ်တော်သည်။ တိဒသာနံ၊ တာဝတိံသာ နတ်များစွာ တို့၏။ ဥတ္တမံ၊ လွန်မြတ်သော ဥယျာဉ်တော်ဖြစ်၍။ ပကာသတိ၊ ထင် ရှားလှစွာဖြစ်ပေါ်လာ၏။ ပကာသတိယထာ၊ ထင်ရှားလှစွာ ဖြစ်ပေါ် လာသကဲ့သို့။ တဘူပမံ၊ တထာဥပမံ၊ ထိုစိတ္တလတာ၊ သညာမည့်ခေါ်၊ ဥယျာဉ်တော်နှင့်အတူသာလျှင်။ တုယ္ဟံ၊ သင်နတ်သား၏။ ဣဒ္ဓိဗိမာနံ၊ တဆဲ့နှစ်ယူဇနာကြီးကျယ်စွာသော ဤဗိမာန်ကြီးသည်။ အန္တနှုလိကော့၊ ရေးခြစ်စရာ ဘယ်ဟာတခု ဝတ္ထုအဆုံးမတည်မထင် ကောင်းကင် ပြင်၌။ ဩဘာသယံ၊ အရောင်အဝါ ထွန်းတောက်စွာလှုက်။ တိဋ္ဌတိ၊

ပန်းဆိုင်းမသွေ တည်၍နေ၏။ ။တို့၊ သင်နှတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နှတ်တန်ခိုးသို့ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊ ကြီးစွာသောအစွမ်း ရှိနိုင်စေ၏ အာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်သောအခါက။ ကိုံ ပုညံ၊ အဘယ်ကုသိုလ်ကို။ အကာသိ၊ ပြုလုပ်ပေသနည်း။

ဤသို့ အရှင်မဟာမောဂ္ဂလာန် မေးတော်မူသောအခါ၊ ဝမ်းမြောက်လွန်စွာသော **အဂါရိယ** ဓာတိမ်ထောင်ရုံ နှတ်သားသည် ဤဂါထာတို့ဖြင့် လျှောက်ကြားလေသတည်း။

အဟမ္ပိ ဘဒ္ဒရိယာစ မနုဿလောကေ၊
ဩပါနဘူတာ ဃရမာဝသိမှ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊
သက္ကစ္စဒါနံ ဝိပုလံ အဒမှ။ ။

ဘဒ္ဒေ မောဂ္ဂလာန၊ . အရှင်မဟာ မောဂ္ဂလာန်ဘုရား။ မနုဿလောကေ၊ လူ့ပြည်၌။ **အဟဉ္စ**၊ တပည့်တော်သည်ရင်း။ ဘဒ္ဒရိယာစ၊ တပည့်တော်၏ မိန်းမသည်ရင်း။ ဩပါနဘူတာ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏သောက်တော်ရေတွင်းသဖွယ်ဖြစ်၍။ ဃရံ၊ ဓာတိမ်၌။ အာဝသိမှ၊ မောင်နှံနှစ်ဖော် သူတော်စင်လှ ကျင့်သိုလဖြင့် နေကြပါကုန်၏ အရှင်ဘုရား။ အန္နဉ္စ၊ ဆွမ်းကိုရင်း။ ပါနဉ္စ၊ အဖျော်ကိုရင်း။ ပသန္နစိတ္တာ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကိုကြည်ညိုသောစိတ်ရှိကြကုန်သည်ဖြစ်၍။ သက္ကစ္စဒါနံ၊ ကောင်းမွန်သန့်ရှင်း ပြုလုပ်ခြင်းဖြင့် လှူဒါန်းခြင်းကို။ ဝိပုလံ၊ များစွာ။ အဒမှ၊ လှူဒါန်းကြပါကုန်၏အရှင်ဘုရား။

ဤသို့နှတ်သားကလျှောက်ကြားသောအခါ အရှင်မဟာမောဂ္ဂလာန်သည် လူပြည်သို့ပြန်လာ၍ ထိုဓာတိမ်တောင်ရုံ နှတ်သား၏ ဝတ္ထုကို လူအပေါင်းတို့အား ဟောကြားတော်မူသတည်း။ ထိုလူအပေါင်းတို့သည် နှတ်သား မောင်နှံရုံကဲ့သို့ဖြစ်စေရန် များစွာသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့အား ရိုသေကိုင်းညွှတ်သောစိတ်ဖြင့် လှူဒါန်းပူဇော်ကြကုန်၏။

အဂါရိယ ဓာတိမ်ထောင်ရုံနှတ်သားဝတ္ထုပြီး၏။

* * *

ဒုတိယ အိမ်ထောင်စုံနတ်သားဝတ္ထု

ဤသို့ဆိုခဲ့ပြီးသော အိမ်ထောင်ရုံနတ်သားကဲ့သို့ ဘုရားရှင်ပြည့်၌ မောင်နှံရုံ အိမ်ထောင်၍ နေကြကုန်သော အမျိုးသား အမျိုးသမီး နှစ်ယောက်တို့သည်လည်း ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏ ရေတွင်းသဖွယ်ဖြစ်၍ အကျင့်သီလနှင့်ပြည့်စုံစွာ ဥစ္စာပစ္စည်းတို့နှင့်လည်း ပြည့်စုံ၍ လှူဒါန်းပူဇော်ကာနေကြလျက် စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ မောင်နှံရုံနှစ်ယောက်လုံးပင်လျှင် အတူတကွ နတ်သား နတ်သမီးဖြစ်ကြ၍ အရှင်မဟာမောဂ္ဂလာန် ဒေသစာရီကြွချိန်ရောတွင် ထိုဒုတိယ အိမ်ထောင်ရုံနတ်သားကိုလည်း မေးတော်မူ၍ ပထမအိမ်ထောင်ရုံ နတ်သား ဖြေကြားသော ဂါထာတို့ဖြင့်ပင်လျှင် ဖြေကြားလျှောက်တင်လေသတည်း။

ဒုတိယ အိမ်ထောင်ရုံနတ်သားဝတ္ထုပြီး၏။

* * *

တတိယကနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ဘုရားပြည် ဝေဠုဝန်ကျောင်းတိုက်တော်၌ သိတင်းသုံးတော်မူစဉ်၊ ဝေဠုဝန်ကျောင်းတိုက်တော် ဒါယကာဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် သရက်သီး အချိန်အခါ မဟုတ်သည်၌ သရက်သီးကို စားလိုသော ချဉ်ခြင်းသည်ဖြစ်၍၊ ဥယျာဉ်မှူးကိုခေါ်၍ ဤသို့ပြောဆို၏။ အချင်း ဥယျာဉ်မှူး၊ ငါသည် သရက်သီးအလိုရှိ၏။ ငါ့အား သရက်သီးတို့ကို ဆောင်ယူ၍ ဆက်သ,လော့ဟု ဆို၏။ အရှင်မင်းမြတ်၊ ယခုအချိန်အခါ၌ သရက်သီးတို့သည် မရှိပါကုန်။ သို့သော်လည်း ကျွန်တော်မျိုးရှာကြံ၍ဆက်သပါအုံ့။ အရှင်မြတ်သည် အနည်းငယ်မျှသောကာလကို ဆိုင်းငံ့တော်မူပါ၊လော့ ဟု လျှောက်တင်သော အခါ ကောင်းပြီအချင်း ဥယျာဉ်မှူး လျင်မြန်စွာရှာကြံ၍ဆက်သလော့ဟု ဆို၏။

ဥယျာဉ်မှူးသည် ဥယျာဉ်တော်သို့သွား၍ သရက်ပင်၏ အရင်းခို မကောင်းသော ငြေကြီးတို့ကို ထုတ်ပယ်တူးဆွ၍ ပစ်ပြီးလျှင် ကောင်းသော ရေတို့ဖြင့်လည်း သွန်းလောင်း၏။ ထိုကဲ့သို့ကောင်းသောမြေတို့ကို လောင်းမှု၍ ချိုသောရေတို့ကိုသွန်းလောင်းသောအခါ၌ ထိုသရက်ပင်သည် မကြာမြင့်မီပင် အပွင့်တို့ကို ပွင့်ကုန်၏။ အသီးနှုတ်ကိုလည်း သီးကုန်၏။ ထိုကဲ့သို့ပွင့်၍သီးကုန်သောသရက်ပင်မှ ရှေးဦးစွာ သရက်သီး လေးလုံးတို့သည် ဆေးဒန်းမြင်းသိုလာအဆင်းကဲ့သို့ ဝင်းဝင်းဝါဝါ မှည့်ရွှမ်းကာဖြင့် အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်တို့ကို ဆွတ်ချေကာ ကောင်းစွာဆောင်ယူ၍ ဗိမ္ဗိသာရမင်းကြီးအား ဆက်သရန်သွားသော ဥယျာဉ်မှူးသည် လမ်းခရီးအကြာင်းခို ဆွမ်းခံလာတော်မူသော အရှင်မဟာ မောဂ္ဂလာန်ကိုမြင်လျှင် ဤသို့စိတ်အကြံဖြစ်၏။

ဤသရက်သီးတို့သည် မွန်မြတ်သော သရက်သီးတို့ဖြစ်ကုန်၏။ ဤမွန်မြတ်သောသရက်တို့ကို ဤအရှင်မောဂ္ဂလာန်ထေရ်မြတ်အား လှူတော့အံ့။ ငါ့ကိုပြည့်ရှင်မင်းကြီးသည် သတ်လိုလျှင်လည်း သတ်ပေစေတော့။ တိုင်းပြည်မှ နှင်ထုတ်လိုလျှင်လည်း နှင်ထုတ်ပေစေတော့။ ဤသရက်သီးကို မင်းကြီးအားဆက်သရလျှင် ဒိဋ္ဌမွေဖြစ်သောအကျိုးကို အနည်းငယ်မျှသာ ဆုတောင်းပေး၍ရလတံ့။ အရှင်မဟာမောဂ္ဂလာန်အား လှူရလျှင် ဒိဋ္ဌမွေသမ္ပရာယိက၊ ဤဘဝ နောက်ဘဝ ပမာဏမရှိ အကျိုးမသိသော အကျိုးတို့ကိုရလတံ့ဟုကြံ၍၊ ထိုသရက်သီးမှည့်လေးလုံးတို့ကို အရှင်မဟာ မောဂ္ဂလာန်အားလှူပြီး၍၊ ဗိမ္ဗိသာရမင်းကြီးအထံသို့ သွားပြီးလျှင် ထိုဥယျာဉ်မှူးသည် ထိုအကြောင်းကိုလျှောက်တင်လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ဥယျာဉ်မှူးလျှောက်တင်သောစကားတို့ကို ရုံစမ်းရန် မင်းချင်းယောကျ်ားတို့ကိုခေါ်၍၊ အချင်းတို့၊ ဤဥယျာဉ်မှူးလျှောက်တင်သောစကား ဟုတ်သည် မဟုတ်သည်ကို ရုံစမ်းကြကုန်လော့ဟုဆိုလျှင်၊ မင်းချင်းတို့သည် ရုံစမ်းကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်သည်ကား၊ ထိုသရက်သီးတို့ကို မြတ်စွာဘုရားအား ကပ်လှူ၏။ မြတ်စွာဘုရားသည် ထိုသရက်သီးတို့တွင် တလုံးသော သရက်သီးကို အရှင်သာရိပုတ္တရာအား ပေးတော်မူ၏။ တလုံးသောသရက်သီးကို အရှင်မဟာကဿပထေရ်အားပေးတော်၏။ တလုံးသော သရက်သီးကို မြတ်စွာဘုရား ဘုဉ်းပေးတော်မူ၏။

ရုံစမ်းကြကုန်သော မင်းချင်းတို့သည် ထိုအကြောင်းကို ဗိမ္မိသာရ မင်းကြီးအားလျှောက်တင်ကြကုန်၏။ ဗိမ္မိသာရမင်းကြီးသည် မင်းချင်းတို့ လျှောက်တင်သောစကားကိုကြားလျှင်။

[ဗိရောဝတာယံပုရိသော အတ္တနောဗိဝိတံပရိဧဒိတ္ဝာ ပုညပသုတော အဟောသိ]။ ။

အယံပုရိသော၊ ဤယောကျ်ားကား။ ဗိရောဝတာ၊ ရဲတင်းစွာဘိ၊ ပညာရှိပ၊်တကား။ အတ္တနောဗိဝိတံ၊ မိမိအသက်ကို။ ပရိစဒိတ္ဝာ၊ စွန့်၍။ ပုညပသုတော၊ ကောင်းမှုကိုဆည်းပူးသည်။ အဟောသိ၊ ဖြစ်ပေ၏။

ဤသို့ဆို၍ နှစ်သက်သော ဗိမ္မိသာရမင်းကြီးသည် ထိုဥယျာဉ်မှူးအား ပုဆိုးအဝတ်အစုံနှင့်တကွ တခုသောရွာကို ရွာစားပေးတော်မူလေ၏။ ရွာစားပေးပြီး၍၊ အချင်းဥယျာဉ်မှူး၊ သင်သည်သရက်သီးအလှုပြုင့် ကောင်းမှုကို ဆည်းပူး၏။ ထိကောင်းမှု၏အကျိုးကို ငါ့အားအမျှပေးဝေလော့ဟုဆို၏။ အခြားမင်းမြတ်၊ ကျွန်တော်မျိုးလှူသော သရက်သီးအလှုကောင်းမှု၏အကျိုးကို အခြားမင်းမြတ်အား အမျှပေးဝေပါ၏။ အခြားမင်းမြတ်အလိုရှိသောကောင်းမှုအကျိုးကိုယူတော်မူပါလော့ဟု လျှောက်တင်လေ၏။

ထိဥယျာဉ်မှူးသည် နောက်အခါတဘုံတခုသောရောဂါဖြင့်ရုတေ၍ တာဝတိံသာနတ်ပြည်၌နတ်သားဖြစ်၍ သရက်သီးလှူသော ကုသိုလ်အားဖြင့် **ဖလဒါယကနတ်သား** ဟု ခေါ်ကြလေ၏။ ထိနတ်သား၏ ဘုံဗိမာန်သည် တဆဲ့ခြောက်ယူဇနာရှိ၏။ ရွှေအတိပြီး၏။ ကုဋေဘုံရှိ ဘုံဆောင် အထွတ်ပေါင်း ခုနစ်ရာရှိ၏။ အလွန်ဖြင့်တက်၏။ ကျောက်မျက်ရွဲဖြင့်ပြီးသော သည်တိုင်တို့ဖြင့်တင့်တယ်တောက်ပသောအရောင်ရှိ၏။ အထွတ်အချွန် ကောင်းမွန်ရုံလင် အမှန်းတင်၍ တန်ဆာဆင်အပ်သော ကုဋေဘုံရှိ ဘုံဆောင်ခုနစ်ရာတို့တွင် တခုတခုသော ကုဋေဘုံရှိ ဘုံဆောင်၌ နတ်သိုးကညာ ခြောက်ဆဲ့လေးယောက်စီနေကြကုန်လျက် သိချင်းသီဆိုကာ ကွင်ပျော်စွာ ကမ္ဘီးခြင်နေကြကုန်၏။

ချိုသောအသံရှိကုန်သော နတ်စောင်းတို့သည် မြည်ကြကုန်၏။ ဝါ၊ နတ်စောင်းတို့ကိုတီးကြကုန်၏။ ထို**ဖလဒါယက**နတ်သားသည် နတ်သိုးတို့တီးမှုတ်ကခုန်သီချင်းဆိုကာဖျော်ဖြေ၍နေကြကုန်သောဘုံဗိမာန်အလယ်၌ စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့ကို စားခါသောက်ခါ

နတ်စည်းစိမ်ကို ခံစားစံစားလျက်နေ၏။ အရှင်မဟာ မောဂ္ဂလာန်သည် နတ်ပြည်သို့ကြွတော်မူ၍ အဘိညာဏ်ဖြင့် သိတော်မူလျက်ပင်လျှင် ထို နတ်သားအား ရှေးကပြုဘူးသော ကုသိုလ်ကို မေးတော်မူလို၍။ ။ ဥစ္စမိဒံမဏိထူဏံဝိမာနံ။ ။အစရှိသောဂါထာတို့ကိုဆိုတော်မူ၏။

ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ ဥစ္စံ၊ မြင့်လှစွာသော။ မဏိထူဏံ၊ ပတ္တမြားသည်တိုင်လည်းရှိ၏။ သမ္မန္ဒတော၊ ထက်ဝန်းကျင် အကျယ် အပြန့်အားဖြင့်၊ သောဠသယောဇနာနိ၊ တဆဲ့ခြောက်ယူဇနာ ရှိကုန်၏။ ဥဋ္ဌာရာ၊ ကောင်းမွန်တင့်အပ်၊ မွန်မြတ်ကုန်သော။ ကဥ္စုဂဂါရာ၊ အထွတ် အချွန် ကောင်းမွန်ရုံလင် တန်ဆာဆင်၍ အမှန်းတင်သော ဘုံဆောင်တို့သည်။ သတ္တသတာ၊ ခုနစ်ရာရှိကုန်၏။ ဝေဠုရိယထမ္ဘာ၊ကျောက်မျက်ရွဲဖြင့်ပြီးသော သည်တိုင်ရှိကုန်၏။ ဝါ၊ သည်တိုင်တို့၌ ကျောက်မျက်ရွဲတို့ဖြင့် မွန်းမံချယ်စိလျက်ရှိကုန်၏။

သုဘာ၊ တင့်တယ်ခြင်းရှိကုန်၏။ ရုစိရတ္တာ၊ အရောင်လက်လက် ပြိုးပြိုးပြက်ပြက်ကုန်၏။ တတ္ထ၊ ထိုတဆဲ့ခြောက်ယူဇနာ ကျယ်စွာ မြင့်ခေါင်၊ ဘုံဆောင်ဝေယံ၊ နတ်ဗိမာန်၌။ ကွံ၊ သင်နတ်သားသည်။ အဗ္ဘသိ၊ ပျော်မွေ့စွာနေရ၏။ ပိဝသိ၊ နတ်ပြည်၌ဖြစ်သော အပျော်အမျိုး မျိုးကိုလည်း သောက်ရ၏။ ခါဒသိစ၊ နတ်ပြည်၌ဖြစ်သော ခဲဘွယ် စားဘွယ်အမျိုးမျိုးကိုလည်း စားရ၏။

ဝဋ္ဌ။ ချိုလွင်သောအသံရှိကုန်သော။ ဒိဗ္ဗာစရိကာ၊ နတ်စောင်းကို့ကိုလည်း။ ပဝဒန္တိ၊ တီးမှုတ်ကြကုန်၏။ အဠ္ဠကာ၊ ခုနစ်ရာသော ဘုံဆောင်တာခုတာခု၌၊ ရှစ်ခုရှစ်လိအားဖြင့် ခြောက်ဆဲ့လေးယောက်စီ ဖြစ်ကုန်သော။ သိကွိတာ၊ ကခြင်းသီခြင်း၌သင်ကြားပြီးဖြစ်ကုန်၍ ကောင်းစွာ နားလည်တတ်မြောက်ကုန်သော။ သာဓုရူပါ၊ အဆင်းရုပ်ရေ၊ အနေ အထိုင်လုပ်ကိုင်ပြုမူစင်ကြယ်သန့်ရှင်း ကောင်းမွန်ခြင်းရှိကုန်သော။ ဥဋ္ဌာရာ၊ မွန်မြတ်သောစည်းစိမ်ရှိကြကုန်သော။ တိဒသစရာ၊ တာဝတိံသာ နတ်ချမ်းသာဖြင့် ကောင်းစွာနေလေ့ရှိကြကုန်သော။ ဒိဗ္ဗာစကညာ၊ နတ်သျှီးကညာတို့သည်လည်း။ နစ္စန္တိ၊ ကကြကုန်၏။ ဂါယန္တိ၊ သီချင်းဆိုကြကုန်၏။ ပမောဒန္တိ၊ ရှင်မြူးပျော်ပါးကြကုန်၏။

တွံ၊ သင်နတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နတ်ဂုဏ်ဒွိတန်ခိုးသို့ ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊ ကြီးသောအနုဘော်ရှိသည်။ အသိ၊ ဖြစ်

ပေ၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ကိုယ်ပည့်၊ အာဘယ်ကောင်းမှုတို့။ အကာသိ၊ ပြုဘူးသနည်း။

ဤသို့အရှင်မဟာမောဂ္ဂလာန် မေးတော်မူသည်ကို ဤဂါထာတို့ဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

ဖလဒါယိဖလံဝိပုလံလဘတိ၊ ဒဒမုဒုကတောသုပသန္နမနော။
သံပမောဒတိသဂ္ဂဂတောတိဒိဝေ၊ အနုဘောတိစပုညဖလံဝိပုလံ။
တမေဝါဟံမဟာမုနိ၊ အဒါသိစတုရောဖလေ။
တသ္မာဟိဖလံအလမေဝဒါတုံ၊ နိစ္စံမနုဿေသုခဏ္ဍိကေသု။
ဒဇ္ဇာနိဝါပဏ္ဍယတာသုခါနိ၊ မနုဿသောဘဂ္ဂတံဂုဏ္ဍတာဝါ။ ။

မဟာမုနိ၊ မောနုကျင့်လပ် အရှင်မြတ်။ ဖလဒါယိ၊ သစ်သီးလှူသော တပည့်တော်သည်။ ဝိပုလံ၊ သစ်သီးများစွာ မယှဉ်သောအောင် လွန်စွာပြုံ့ပြောကြီးမားစွာသော။ ဖလံ၊ အကျိုးကို။လဘတိ၊ရပါ၏အရှင်ဘုရား။ ဥဒုကတောသု၊ မဂ်ဉာဏ်လင်းဖြောင့်၊ ကွေးထောင့်မကြဲ၊ အကျင့်မှန်သော ရဟန်းတော်တို့၌။ပသန္နမနော၊ကြည်ညိုသောစိတ်ရှိလျက်။ဒဒံ–ဒဒန္တော၊ လှူခြင်းကြောင့်။ သဂ္ဂဂတော၊ နတ်ပြည်သို့ရောက်သည်ဖြစ်၍။ တိဒိဝေ၊ တဝေတိံသာ၌။ သံပမောဒတိ၊ ပျော်ပါးမွေ့လျော်စွာနေရပါ၏။ ဝိပုလံ ကြီးကျယ်များစွာသော။ ပုညဖလံစ၊ ကောင်းမှုကုသိုလ်၏ အကျိုးကို လည်း။ အနုဘောတိ၊ ခံစားရပါ၏အရှင်ဘုရား။

အဟံ၊ တပည့်တော်သည်။ တမေဝ–တံဝေ အရှင်ဘုရားကိုပင်လျှင်၊ စတုရောဖလေ၊ သရက်သီးလေးလုံးတို့ကို။ အဒါသိ၊ လှူဘူးပါ၏ အရှင်ဘုရား။ တသ္မာဟိ–တသ္မာဝေ။ ထိုကြောင့်ပင်လျှင်။ နိစ္စံ အဓိပ္ပါယ်သင်း။ သုခဏ္ဍိကေသု ချမ်းသာကိုအကြိုရှိသော။ မနုဿသုခါ၊ လူသည်ရှင်း။ ဒဇ္ဇာနိ၊ နတ်ပြည်ဖြစ်ကုန်သော။ သုခါနိ၊ ချမ်းသာတို့ကို။ ပဏ္ဍယတာ၊ ပဏ္ဍယန္တော၊ တောင့်တလိုလားသော။ မနုဿသုခါ၊ လူသည်ရှင်း။ မနုဿသောဘဂ္ဂတံ၊ လူကောင်း လူမွန်အဖြစ်ကို။ ဂုဏ္ဍတာ–ဂုဏ္ဍတော၊ အလိုရှိသော။ မနုဿသုခါ၊ လူသည်ရှင်း။ ဖလံ၊ သရက်ပိန်းနဲ၊ သလဲသြဇာ၊ မာလကာ အစရှိသော သစ်သီးကို။ ဒါတုံ၊ ရဟန်းတော်တို့အား လှူဒါန်းခြင်းငှါ။ အလမေဝ၊ သင့်လျောတော့သည်သာတည်း။

ဖလဒါယကနတ်သားဝတ္ထုပြီး၏။ ။တတိယ။

* * *

အာဂန္တုရဟန်းတပါးအား တည့်ခ်ိမ္ဘတည်းခိုရန် အိမ်တပိုင်းကို ကျောင်းကဲ့သို့လျှ၍ နတ်သားဖြစ်သော

မောင်နှံစုံနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် တောရွာ ငယ်တခု၌ဝါဆို၍ဝါကျွတ်သောအခါ ပဝါရဏာပြုပြီး၍ မြတ်စွာဘုရား ကို မျှးမြင်ရန် ရာဇဂြိုဟ်ပြည်သို့ လာသည်ရှိသော်၊ လမ်းခရီးအကြာင်း၌ နေဝင်လုကာနီးဖြစ်၍ ရွာတခု၏ အတွင်းသို့ဝင်၍ တည်းခိုရန် နေရာကို ရှာသည်ရှိသော်၊ ဥပါသကာတယောက်ကိုမြင်၍မေး၏။ ဒါယကာ၊ ဤ ရွာအတွင်း၌ ရဟန်းတို့အားတည်းခိုရန် သင့်လျော်သောနေရာကို ရနိုင် ပါမည်လော။ ဤသို့မေးသောအခါ၊ ဥပါသကာသည် ကြည်ညိုသော စိတ်ရှိ၍ အိမ်သို့ပြန်ပြီးလျှင် မယားနှင့်တိုင်ပင်ပြီးလျှင် မထေရ်မြတ်၏ တည်းခိုရန်နေရာကို မိမိအိမ်တပိုင်းကိုပိုင်းခြား၍ ဂုတင်ညောင်စောင်း ကောင်းမွန်စွာနေရာကိုခင်း၍ခြေဆေးရေခြေဆေးခုံတို့ကိုထား၍ မထေရ် မြတ်ကိုပင့်ပြီးလျှင် ခြေတို့ကိုဆေးပြီးသော်၊ ဆင်မီးကိုညှိထွန်း၍ အိပ်ရာ ခင်းတို့ကိုခင်၍ ကျောင်းကဲ့သို့ တည့်ခ်ိမ္ဘတည်းခို ကျိန်းဝပ်တော်မူရန် လျှောက်၏။

နံကာ်ဖြန်နံနက်လင်းသောအခါလည်း မထေရ်မြတ်ကို ဆွမ်းလုပ်ကျွေး၍ အဖျော်ရည် အလို့ငှါ ထန်းလျက် သကာခဲကိုလည်းလှူ၍ မထေရ် မြတ်ကြွသွားတော်မူလျှင် နောက်မှလိုက်၍ပို့ပြီးလျှင်ပြန်လာ၏။ နောက် အခါ၌ ထိုဥပါသကာ၊ ဥပါသကီ မောင်နှံစုံ နှစ်ယောက်တို့သည် တစုံ တခုသောရောဂါဖြင့် စုတေသည်ရှိသော်၊ တာဝတိံသာ နတ်ပြည်ဝယ် တဆဲ့ နှစ်ယူဇနာ ရှိသော ရွှေဗိမာန်၌ ဖြစ်ကြကုန်၏။ ထိုမောင်နှံစုံ နတ်သားကို အရှင်မဟာမောဂ္ဂလာန် နတ်ပြည်သို့ ဒေသစာရီကြွတော် မူသောအခါ ဤဂါထာတို့ဖြင့် မေးတော်မူ၏။

စန္ဒော ယထာဝိဂတဝလာဟကေနဘော၊
သြဘာသယံ ဂဗ္ဘတိ အန္တလိက္ခေ။
တထူပမံတုယ္ဘမိဒံဝိမာနံ၊

သြဘာသယံ တိဋ္ဌတိ အန္တလိက္ခေ၊
ဒေဝိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ။
မနုဿဘူတောကိမကာသိပုညံ။ ။

ဘောဒေဝပုတ္တ၊ အိုနုတ်သား။ စန္ဒာ၊ ငွေလမင်းသည်။ သြဘာသယံ၊ အရောင်အဝါထွန်းလင်းစွာလျက်။ ဝိဂတဝလာဟကေ၊ တိမ်တိုက်ကင်းသော။ အန္တလိက္ခေ၊ ရေးခြစ်စရာ မထင်လာသော။ နဘေ၊ ထက်လဟာပြင် မိုးကောင်းကင်၌။ ဂန္ဓတိယထာ၊ သွားသကဲ့သို့။ တထုပမံ-တထာဥပမံ၊ ထိုဥပမာအတူသာလျှင်။ ဘုယ္ယံ၊ သင်နုတ်သား၏။ ဣဒ်ဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ အန္တလိက္ခေ၊ ရေးခြစ်မထင်၊ မိုးကောင်းကင်၌။ သြဘာသယံ၊ အရောင်အဝါ ထွန်းလင်းစွာလျက်။ တိဋ္ဌတိ၊ တည်နေ၏။ တွဲ၊ သင်နုတ်သားသည်။ မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိလျက်။ ဒေဝိဒ္ဓိပတ္တော၊ နတ်ဣဒ္ဓိတန်ခိုးသို့ ရောက်သည်။ အသိ၊ ဖြစ်၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ကိံ ပုညံ၊ အဘယ်ကောင်းမှုကို။ အကာသိ၊ ပြုလုပ်ဘူးပေသနည်း။

ဤသို့ အရှင်မောဂ္ဂလာန် မေးတော်မူလျှင် ထိုနတ်သားသည် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ဤဂါထာတို့ဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

အဟမ္ပိဘာရိယာစမနုဿလောကေ၊
ဥပဿယံအရဟတောအဒမှ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စဒါနံ ဝိပုလံ အဒမှ။ ။

ဘန္တေ၊ အရှင်မဟာ မောဂ္ဂလာန် ဘုရား။ မနုဿလောကေ၊ လူ့ပြည်၌။ အဟမ္ပိ၊ တပည့်တော်သည်လည်း။ ဘာရိယာစ၊ တပည့်တော်၏ဇနီးသည်လည်း။ အရဟတော၊ ရဟန္တာတပါးအား။ ဥပဿယံ၊ တည်ရှိမှု တည်းခိုအိပ်စက်တော်မူရန် အိမ်တပိုင်းကို။ အဒမှ၊ လှူဘူးပါသည်အရှင်ဘုရား။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိကြသော တပည့်တော်တို့ မောင်နှံရုံတို့သည်။ အန္နဉ္စ၊ ဆွမ်းကိုလည်း။ ပါနဉ္စ၊ အဖျော်ကိုလည်း။ သက္ကစ္စဒါနံ၊ ရိုသေကောင်းမွန်စွာပြု၍ လှူဒါနိုင်သောအလှူကို။ ဝိပုလံ၊ ပြန့်ပြောများပြားစွာ။ ဝါ၊ ပိုပိုလျှံလျှံ။ အဒမှ၊ လှူပါကုန်၏အရှင်ဘုရား။

ပထမ မောင်နှံရုံနတ်သား ဝတ္ထုပြီး၏။ ။စတုတ္ထ။

* * *

ရဟန်းအမျှားကိုတည်းခိုရန်လှူသော

ဒုတိယ မောင်နှံစုံနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တော်၌ သိတင်းသုံးတော်မူစဉ်အခါ၊ မျှားစွာသော ရဟန်းတို့သည် တောရွာ တခု၌ ဝါဆိုကြကုန်ပြီး၍ ဝါကျွတ်သောအခါ ပဝါရဏာပြုကြကုန်ပြီး၍ မြတ်စွာ ဘုရားကို မျှားမြင် ကြဲလိုကုန်သည်ဖြစ်၍၊ ရာဇဂြိုဟ်ပြည်သို့ ရည်မှတ်၍လာကြကုန်သည်ရှိသော်၊ လမ်းခရီး၌ နေဝင်လုကာနီးဖြစ်၍ တခုသော ရွာအတွင်းသို့တည်မှ တည်းခိုကြရန် ရဟန်းတို့အား သင့်လျော်သောနေရာကို ကြည့်ရှု ရှာဖွေကြ ကုန်သည်ရှိသော်၊ ဥပါသကာ တယောက်ကိုမြင်၍မေးမြန်းရာ၊ထိုဥပါသကာသည် ကြည်ညိုသောစိတ်ဖြင့် မိမိအိမ်သို့ပြန်၍ မယားနှင့်တိုင်ပင်ပြီးလျှင်၊ မိမိအိမ်တပိုင်းကို ပိုင်းခြား၍ နေရာတို့ကို ကောင်းမွန်စွာ ခင်းထားပြီးလျှင်၊ ထိုရဟန်းတို့အား အိမ်ပေါ်သို့ပင့်၍ တည်မှ တည်းခို နေထိုင်ရန် လှူ၏။ နံနက်မိုးသောက် အလင်း ရောက်သော အခါလည်း ထိုရဟန်းတို့အား ဆွမ်းလုပ်ကျွေးပြီး၍ ကြွသွားတော်မူကြသောအခါ၊ နောက်မှလိုက်၍ပို့ပြီးလျှင် တော်ရာသို့ရောက်မှ ပြန်လာ၏။ နောက်အခါ၌ ထိုဥပါသကာ လင်မယားမောင်နှံစုံတို့သည် တစုံတခုသောရောဂါ၊ဖြင့်ရုတေသည်ရှိသော် တာဝတိံသာ နတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော ရွှေဖိမာန်ဝယ် မောင်နှံစုံ နတ်သားဖြစ်ကြ၍ အရှင်မဟာမောဂ္ဂလာန် နတ်ပြည်သို့ ဒေသစာရီကြွ၍ တော် မူသောအခါ၊ ဤဂါထာဖြင့်မေးတော်မူ၏။

သူရိယောဃ်ယထာ ဝိဂတဝလာဟကေ နဘော၊
သြဘာသယံ ဂန္ဓတိ အန္တလိက္ခေ။
တထူပမံ ဘုယ္ယမိဒံ ဝိမာနံ၊
သြဘာသယံ တိဋ္ဌတိ အန္တလိက္ခေ။
ဒေဝိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ၊
မနုဿဘူတောကိမကာသိပုညံ။ ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဝိဂတဝလာဟကေ၊ တိမ်တိုက်ကင်းသော။အန္တလိက္ခေ၊ ရေးခြစ်မထင် လဟာပြင်ဖြစ်သော။နဘော၊အာကာ

ဝေဟာင် မိုးကောင်းကင်၌။ သူရိယော၊ နေမင်းသည်။ ညြာဘာသယံ၊ ထွန်းလင်း တောက်ပလျက်။ ဂန္ဓိတိယထာ၊ သွားသကဲ့သို့။ တဏ္ဍုပမံ၊ ထိုဥပမာအတူသာလျှင်။ ဝုယ္ဟံ၊ သင်နှတ်သား၏။ ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ အနန္တ လိကွေ၊ ရေးခြစ်မထင်မိုးကောင်းကင်၌။ ညြာဘာသယံ၊ ထွန်းလင်းတောက်ပလျက်။ တိဋ္ဌတိ၊ တည်နေ၏။ တွံ၊ သင်နှတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နှတ်ဂုဏ်ဒွိတနံခိုးသို့ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါ။ ကိံ ပုညံ၊ အဘယ်ကုသိုလ် ကောင်းမှုကို။ အကာသိ၊ ပြုလုပ်ပေသနည်း။

ဤသို့-အရှင်မဟာ မောဂ္ဂလာန် မေးတော်မူလျှင် **ထိုမောင်နှံစုံ နှတ်သား**သည် ဤဂါထာဖြင့် ဖြေကြားလေ၏။

အဟဘ္ဒ ဘရိယာစ မနုဿလောကေ၊
ဥပသယံ အရဟတော အဒမှ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊
သက္ကစ္စဒါနံ ဝိပုလံ အဒမှ။ ။

(အနက် ပထမ ရှေးဝတ္ထုဦးပေးခဲ့ပြီ)

ဂုဏိယ-မောင်နှံစုံနှတ်သားဝတ္ထုပြီး၏။

* * *

ဆွမ်းတကြွမ်လောင်းသော ဘိက္ခာဒါယကနှတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝနံကျောင်းတော်ကြီးတော်၌ ရောပိုက်ရှင်ပြုံး သိတင်းသုံးတော်မူစဉ်အခါ၊ မထင်ရှားသော ရဟန်းတပါးသည် အမှန်ရှည်သောခရီးဖြင့်သွားသောကြောင့်၊ မောပင်းသော ကိုယ်ဖြင့် တခုသောရွာသို့ရောက်၍ သက်နီးချဉ်ပြုံးလျှင် ရွာတွင်းသို့ ဆွမ်းခံဝင်၍ တခုသောအိမ်တံခါးဝ၌ရပ်လေ၏။ ထိုအိမ်ရှင်ယောကျ်ားတယောသည် လက်ကျွန်ကိုဆေးပြီး၍ ထမင်းစားဆုံဟုထိုင်နေလျက် ထမင်းခွက်၌ ထမင်းကိုယူ၍ထည့်နေစဉ် ထိုရပ်နေသောရဟန်းကိုမြင်၍ ထမင်းခွက်၌ ထည့်သောထမင်းကို ရဟန်း၏ သပိတ်သို့ လောင်းသောအခါ၊ အချို့အဝက်ကိုသာလောင်းလေဟု ရဟန်းကဆိုလျက်ပင်လျှင် အကုန်လုံးခွက်ကိုမှောက်၍ လောင်းလိုက်လေ၏။

ထိုရဟန်းသည် ဆွမ်းအနုမောဒနာပြု၍ ပဲသွားတော်မူ၏။ ထိုဒါယကာသည်၊ ခရီးပမ်းသဖြင့် ဆွမ်းဆာလှသော ရဟန်းကို ငါမစားဘဲ အကုန်လုံး လောင်း၍ လှူလိုက်ရပေသည်ဟု အခါခါ အောင့်မေ့လွက် အလွန်ရှင်လန်းဝမ်းမြောက်ခြင်း ဒိတိသောမနဿကိုရ၏။ ထိုဒါယကာသည် နောက်အခါ၌တစုံတခုသောရောဂါဖြင့်စုတေလျှင် တာဝတိံသာနတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာ ရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ ဆွမ်းတကြိမ် လောင်း၍ နတ်သား ဖြစ်သောကြောင့် **'ဘိက္ခာဒါယက** နတ်သားဟူ၍ခေါ်၏။

အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ဝင်ကြာမကြာ ဒေသစာရိကြွ၍တော်မူလျက်၊ စည်းစိမ်ကြီးမားသော နတ်သားနတ်သမီးတို့ ပြုလုပ်ဘူးသော ကုသိုလ်ကောင်းမှုကို မေးမြန်းတော်မူ၍ တရားဟောတော်မူလေ့ရှိတော်မူသည့်အတိုင်း၊ ထိုနတ်သားကိုလည်း ဤဂါထာဖြင့် မေးတော်မူ၏။

ဥစ္စမိဒံ မဏိထူဏံ ဝိမာနံ၊ သမန္တတောဘဒ္ဒါဒသယောဇနာနိ၊
ကုဒ္ဒါဂါရာ သတ္တသတာ၊ ဝေဠုရိယထမ္ဘာ ရုစိရတ္တတာသုဘာ။ ။
ဒေဝိဒ္ဓိပတ္တော်သိ မဟာနုဘာဝေါ၊ မနုဿဘူတော ကိမကာသိပုညံ။

ဘောဒေဝဗုဒ္ဓ၊ အိုနတ်သား။ မဏိထူဏံ၊ ပတ္တမြားသည်တိုင်တို့ဖြင့်ပြီးသော။ ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးသည်။ ဥစ္စံ၊ မားမားစွင့်စွင့်ကြီးမြင့်လှ၏။ သမန္တတော၊ ထက်ဝန်းကျင် အကျယ်အပြန့်အားဖြင့်။ ဒွါဒသယောဇနာနိ၊ တဆဲ့နှစ်ယူဇနာရှိကုန်၏။ ကုဒ္ဒါဂါရာ၊ အထွတ်အချွန်ကောင်းမွန်စုံလင် အမွန်းတင်သော ဘုံဆောင်တို့သည်။ သတ္တသတာ၊ ခုနစ်ရာရှိကုန်၏။ ဝေဠုရိယထမ္ဘာ၊ ကျောက်မျက်ရွှဲ သည်တိုင် ရှိကုန်လျက်။ ရုစိရတ္တတာ၊ ပြိုးပြိုးပြက်ပြက်ထွက်သော အရောင်ရှိသည် အဖြစ်ကြောင့်။ သုဘာ၊ တင့်တယ်လှစွာ၏။ ကင်္ဂ၊ သင်နတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နတ်ဣဒ္ဓိတန်ခိုးသို့ ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်စဉ် အခါက။ ကိံ ပုညံ၊ အဘယ်ကောင်းမှုကို။ အကာသိ၊ ပြုလုပ်ပေသနည်း။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မေးတော်မူလျှင် ထို **'ဘိက္ခာဒါယက** နတ်သားသည် ဝမ်းမြောက်လှစွာ ဤဂါထာဖြင့် ဖြေလျှောက်၏။

အဟံမနုဿသု မနုဿာဘူတော၊
ဒိသွာနဘိကွ္ခုံ တာသိတံ ကိလန္တံ။
ဧကောဟံဘိက္ခဝေ ပဋိပါဒယိသံ၊
သမဂ္ဂီဘဏ္ဍေန တဒါအကာသိ။ ။

ဘဏ္ဍန်း၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿာဘူတော၊ လူဖြစ်စဉ်အခါက။ တာသိတံ၊ ဆွမ်းဆာလှသောကြောင့်။ ကိလန္တံ၊ ပင်ပမ်းခြင်းရှိသော။ ဘိက္ခုံ၊ ရဟန်းတပါးကို။ ဒိသွာန၊ မြင်ရပါ၍။ အဟံ၊ တပည့်တော်သည်။ ဧကံ ဘိက္ခုံ၊ တကြိုင်တခါ တထပ်စာသောဆွမ်းကို။ ပဋိပါဒယိသံ၊ လောင်းလှူလိုက်ရပါ၏ အရှင်ဘုရား။ တဒါ၊ ထိုအခါ၌။ ဘဏ္ဍေန၊ ဆွမ်းဖြင့်။ သမဂ္ဂီ၊ ပြည့်စုံအောင်။ ဝါ၊ ဝလောက်အောင်။ အကာသိံ၊ ထမင်းခွက်ပါမှောက်၍ လောင်းလှူခြင်းကို ပြုဘူးပါသည်ဘုရား။

ဘိက္ခာဒါယကနတ်သားဝတ္ထုပြီး၏။

* * *

မယောခင်းစောင့်နတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန၊ နာမသောမော၊ ဝါးတောထိုင်းကာ၊ ကျောင်းတိုက်သာ၌၊ ဣရိယာပထ ညီမျှနေ့ကြင်း စံမြန်းမွေ့လျော် နေတော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည်သား နွမ်းပါးဥစ္စာ ဆင်းရဲစွာသော ဒါယကာတယောက်သည် မယောလယ်ခင်းစောင့်ရှောက်ခြင်းဖြင့် အသက်မွေးခြင်းနေရ၏။ ထိုသူဆင်းရဲဒါယကာသည်၊ တနေ့သ၌ နံနက်စာအခိုး၌ ကုမာသ - မည်သော မယောမုန့်ကို။ ဝါ၊ ချုံ့မုန့်ကိုရလျှင် ကောင်းစွာယူဆောင်၍ မယောလယ်ခင်းသို့ရောက်မှ စားတော့အုံ့ဟု သွားပြီးလျှင် မယောလယ်ခင်းသို့ ရောက်သောအခါ တခုသောသစ်ပင်ရင်းခံ၌ထိုင်နေ၏။

ထိုခဏခဏ၌ မထင်ရှားသော ရဟန္တာတပါးသည် ခရီးသွားတော်မူရာ၊ နေမှန်းတည့်လုမှ ထိုမယောခင်း နေရာသို့ရောက်၍ မယောလယ်ခင်းစောင့်နေသော သူဆင်းရဲ ဒါယကာနေထိုင်သော သစ်ပင်ရင်းသို့ ကြွရောက်တော်မူ၏။ မယောခင်းစောင့် ဒါယကာသည် မထေရ်မြတ်ကို

ကြည်ညိုရှိ၍၊ အရှင်ဘုရား၊ တရုတ်တခုသော ဆွမ်းအားဟာရများကို ရဟန်းပြုလေ့ဟုလျှောက်ကြား၏။ ရဟန္တာအရှင်မြတ်သည် စကားတုံ့ပြန်မခံ၊ တုတ္ထိဘာဝဖြင့် ဆိတ်ဆိတ်သာ နေတော်မူ၏။

ထိုမယောခင်းစောင့် သူဆင်းရဲဒါယကာသည် ဆွမ်းမစားရသေးကြောင်းကို စဉ်းစားဆင်ခြင်ကာသိလေလျှင်၊ အရှင်ဘုရား၊ မွန်းတည့်လုနီးသောအခါမှ ဆွမ်းခံ လှည့်လည်၍ စားခြင်းငှါ မတတ်နိုင်ပါ။ တပည့်တော်အား အစည်သနားမူ၍ ဤမယောမုန့်ကို ဘုဉီးပေး သုံးဆောင်တော်မူပါအရှင်ဘုရားဟုဆို၍ မထေရ်မြတ်အား ဒိဗိစားရန်ဆောင်ယူခဲ့သော မယောမုန့်ကို ကပ်လှူ၏။ ရဟန္တာမထေရ်မြတ်သည် ထိုသူဆင်းရဲ ဒါယကာအား အစည်သနားခြင်းဖြင့် ထိုသူဆင်းရဲ ဒါယကာ ကြည်ညိုရှိနေစဉ်ဆင်းရဲသောသူတို့ စားသုံးသော ဂျုံမုန့်ကို မြိန်ယှက်စွာ ဘုဉီးပေးသုံးဆောင်တော်မူပြီးလျှင် အနုမောဒနာပြု၍ ကြွသွားတော်မူ၏။

ထိုမယောခင်းစောင့်သူဆင်းရဲဒါယကာသည်၊ ဤကဲ့သို့သောရဟန်းတော် အရှင်မြတ်အား ဆွမ်းမစားရသေးမီ၊ နေမွန်းတည့်လု နီးသော အချိန်၌ မယောမုန့်ကို လှူရပေ၏။ တကားဟု အောင့်မေ့ကာ လွန်စွာ ကြည်ညိုဝမ်းမြောက်သောစိတ်ဖြစ်၍နေ၏။ နောက်အခါ တရုတ်တခုသော ရောဂါဖြင့် ရုတ်တလျှင် တာဝတိံသာ နတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာ ရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ ရှေးကအမည်အားဖြင့် **မယောခင်းစောင့်** နတ်သား ဟူ၍ခေါ်၏။

ထိုအခါ၌ အရှင်မဟာ မောဂ္ဂလာန်ထေရ်မြတ်သည် တာဝတိံသာ နတ်ပြည်သို့ ဒေလစာရိုကြွ၍တော်မူ၍ ထို**မယောခင်းစောင့်** နတ်သားကို မြင်လျှင်။ ဥစ္စမိဒံ မဂ္ဂါတူ ဂဏံ ဝိမာနံ၊ ဟူသော ဂါထာဖြင့်ပင်လျှင် မေးတော်မူ၏။ (အနက်ကိုလည်း ရှေးဝတ္ထုမှာ ရှုကုန်ရာ၏)

ထိုအခါ၌ **ယဝပါလ** အမည်ရသော မယောခင်းစောင့် နတ်သားသည် ဤဂါထာဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

အဟံမနုဿေသု မနုဿဘူတော၊
အဟောသိ ယဝပါလကော။
အဒ္ဒသံဝိရဇံဘိက္ခုံ၊ ဝိပ္ပသန္နမနာဝိလံ၊
တာသဿ အဒါသဟံဘာဂံ၊ ပသန္နာသေဟိပါဏိဘိ။
ကုမာသပိဏ္ဍံဒတ္တွာန၊ မောဒါမိနန္ဒနေ ဝနေ။ ။

ဘဏ္ဍေ၊ အရှင်မဟာမောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ မနုဿ သု၊ လူ့ပြည်တို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ယဝပါလကော၊ မယောခင်းစောင့်သည်။ အဟောသိ၊ ဖြစ်ဘူးပါသည့် အရှင်ဘုရား။ ဝိပ္ပသန္နံ၊ ကြည်လင်သော။ အနာဝိလံ၊ မနောက်ကြဲသော။ ဝိရဇံ၊ တဏှာ ကင်းသော။ ဘိက္ခုံ၊ ရဟန်းကို။အဒ္ဒသံ၊ မြင်ရပါ၏အရှင်ဘုရား။ တာသု၊ ထိုရဟန်းအား။ ပသန္နော၊ ကြည်ညိုသော။ အဟံ၊ တပည့်တော်သည်။ ဘာဝံ၊ မိမိစားရန်အဘို့ဖြစ်သော။ ဝါ၊ မိမိစားဘို့ယူဆောင်ခဲ့သော။ ကုမာ သပိဏ္ဍံ၊ မယောမုန့်ဆိုင်ကို။ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ဝါ၊ ကိုယ်ကိုင်။ အဒါသိံ၊ ကပ်လှူပါသည့် အရှင်ဘုရား။ ကုမာသပိဏ္ဍံ၊ မယောမုန့်ဆွမ်းကို။ ဒတ္တွာန၊ ကပ်လှူသောကြောင့်။ နန္ဒနဝနေ၊ တာဝတိံသာ နတ်မျိုးစွာတို့ပျော်ရာစံလွန် နန္ဒဝန်ခေါ် ဥယျာဉ်တော်၌။ မောဒါမိ၊ ပျော်ပျော်ပါးပါး နတ်အမျိုးနှင့် စံစားမွေ့လျော်စွာ နေရပါသည့် အရှင်ဘုရား။

ယဝပါလကနတ်သားဝတ္ထုပြီး၏။

* * *

ကုဏ္ဍလိနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ခေါ် ဂြေကျောင်းတော်၌ မွေ့လျော်နေပြီး သိတင်းသုံး၍နေတော်မူစဉ်အခါ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန် အဂ္ဂသာဝကာ ရဟန္တာကြီး နှစ်ပါး တို့သည် တပည့်ပရိသတ်ရဟန်းသံဃာတော်အကြီးအရံတို့နှင့်တကွ၊ ကာသိတိုင်း တို့၌ ဒေသစာရီ လှည့်လည်တော် မူကြသောအခါ နေဝင်သောအချိန် ကာလ၌ တခုသောကျောင်းတိုက်သို့ဆိုက်ရောက်တော်မူကြကုန်၏။

ထိုအကြောင်းကိုကြား၍ ထိုကျောင်းတိုက်သံဃာများ ဆွမ်းခံသော ဆွမ်းခံရှာ၌ ဥပါသကာတယောက်သည် ကျောင်းတိုက်သို့လာ၍ ဂိုဏိုး ပြီးလျှင် ခြေဆေးရေ၊ ခြေနယ်ဆင်တို့ကိုဂင်း။ ဖွေသော အဆင်းဂိုသော အခင်းလွမ်းကိုဂင်း။ ဆိမ်ဖီးကိုဂင်း ဆောင်ယူကာ ကပ်လှူ ခင်းကျင်း၍ နက်ဖြန်အလို့ငှါ ဆွမ်းဖြင့်ပင့်ဘိတ်၍နောက်တနေ့၌ကြီးစွာသော မဟာ ဒါနအလှူကြီးကို ပေးလှူလေသတည်း။ အဂ္ဂသာဝကာ ရဟန္တာကြီးတို့

သည် ထိုဒါယကာအား တရားအနုမောဒနာပြုကြပြီးလျှင် ဗဲသွားတော်မူကြကုန်၏။

ထိုဥပါသကာဒါယကာသည် နောက်အခါကာလတစုံတခုသောရောဂါဖြင့်စုတေလျှင် တာဝတိံသာနတ်ပြည်ဝယ်.တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ ပဏ္ဍာမြားနားဇောင်းဖြင့် ထူးကဲစွာဝတ်ဆင်လျက်ရှိသောကြောင့် **ကုဏ္ဍလီ** နတ်သားဟူ၍ ခေါ်၏။ ထိုနတ်သားကို အခ္ဂါမဟာ မောဂ္ဂလာန် နတ်ပြည်သို့ ဒေသစာရီ ကြွချိသောအခါ ဤဂါထာတို့ဖြင့် မေးတော်မူ၏။

အလက်တောမလျှဧရောသုဝဏ္ဏော၊ သုကုဏ္ဍလိကပ္ပိတကေသမသု၊
အာမုတ္တဟာဏ္ဍာဘရဏော ယသဿိ၊ ဒိဗ္ဗေဝိမာနမ္ဟိယထာသိစန္ဒိမာ။ ။
ဒိဗ္ဗာစရိဏာပဝဒန္တိ ဝဂ္ဂု၊ အဗ္ဗဗ္ဗကာသိကိ့ဘာသာရုရုပါ၊
ဒိဗ္ဗာစကညာတိဒသစရာ ဥဗ္ဘာရာ၊ နုစ္ဆန္တိ ဂါယန္တိ ပမောဒယန္တိ စ။ ။
ဒေဝိဒ္ဓိပတ္တောသိမဟာနုဘာဝေါ၊ မနုဿဘူတောကိမကာသိပုညံ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ကျုံ၊သင်နတ်သားသည်။ အလက်တော၊ ရှေးကပြုဘူးသော ကုသိုလ်ဖြင့် အလိုလိုဖြစ်သော တန်ဆာတို့ကို ဆင်မြန်းလျက်။ မလျှဧရော၊ အလိုလို ဖြစ်သော ပန်းတို့ကို ပန်ဆင်လျက်။ သုကုဏ္ဍလိ၊ အလိုလို ကံအား လျော်စွာ ဖြစ်ပေါ်လာသော ပဏ္ဍာမြားနားဇောင်းကိုနားနှစ်ဘက်တွင်ညီညာစွာပန်ဆင်လျက်။ကပ္ပိတကေသမသု၊ ကောင်းစွာပြုပြင်၍ထားသော ဆံပင်မုတ်ဆိတ်ရှိလျက်။ အာမုတ္တဟာဏ္ဍာဘရဏော၊ ကောင်းစွာ ဝတ်သော လက်စွပ် တန်ဆာရှိလျက်။ ဝါ၊ ပဏ္ဍာမြားလက်စွပ် လက်မှာဝတ်လျက်။ ယသဿိ၊ မျှားသော အခြံ့အရံရှိလျက်။ စန္ဒိမာယထာ၊ နက္ခတ်အလယ် တင့်တယ်စွာသော ငွေလမင်းကဲ့သို့။ ဒိဗ္ဗေဝိမာနမ္ဟိ၊ နတ်ဘုံဗိမာန်၌။ အသိ၊ ဖြစ်ရပေ၏။

ဝဂ္ဂု။ ချိုသော အသံရှိကုန်သော။ ဒိဗ္ဗာစရိဏာ၊ နတ်စောင်းတို့ကို လည်း။ ပဝဒန္တိ၊ တီးကြကုန်၏။ အဗ္ဗဗ္ဗကာ၊ ရှစ်ခု ရှစ်လီ ခြောက်ကျိပ် လေးယောက် ရှိကုန်သော။ သိကိ့ဘာ၊ က,ခြင်း သိခြင်းဌ သင်ကြားတတ်မြောက်ပြီးဖြစ်ကုန်သော။ သာဓုရုပါ၊ ကောင်းသောအဆင်းရုပ်ရှိကုန်သော။ တိဒသစရာ။ တာဝတိံသာ နတ်ချမ်းသာဖြင့် ကောင်းစွာနေလေ့ ရှိကုန်သော။ ဥဗ္ဘာရာ၊ မွန်မြတ်သော စည်းစိမ် ရှိကြကုန်သော။

ဒိဗ္ဗာစက္ခုရှိ၏၊ နတ်သွားကသော်လည်း ကလည်း ကကြကုန်၏။ ဂါထာနှင့်စပ်၍ သီ-လည်း သီဆိုကြကုန်၏။ ပမောဒယနှင့်စပ်၍ ဝမ်းမြောက်ခြင်းပြုကြကုန်၏။

တို့၊ သင်နတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နတ်ဂုဏ်ဒီတန်ခိုးသို့ ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက၊ ကိုယ်ပည့်၊ အာဘယ်ဂုဏ်ရှိလတ္တံ့။ အကာသိ၊ ပြုလုပ်ဘူးသနည်း။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မေးတော်မူသော်အခါ ဤဂါထာဖြင့် ဖြေကြားလျှောက်တော်သတည်း။

အဟံမနုဿေသသုမနုဿဘူတော၊ ဒိသ္မာနသ မဇ္ဈေသိလဝန္တေ၊
သမ္ဘဒ္ဒနဝိဟာရေ ဝေယ္ယာ ဝတ္ထိ၊ ဗဟုသုတေ တတ္ထ ကတ္ဝယ္ဟုပဝေန္ဒေ။
အန္ဒုဒ္ဓပါနပ္ပဘဝေ ဝသန္ဒေ၊ သက္ကစ္စဒါနံ ဝိပုလံ အဒါသိ။ ။

ဘဝေ့ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ သိလဝန္တေ၊ သီလရှိပုဂ္ဂိုလ်သော။ သမ္ဘဒ္ဒနဝိဟာရေ၊ ပြည့်ရုံသော ဝိဟာရ၌ ရှိကုန်သော။ ဝေယ္ယာ ဝတ္ထိ၊ မျှားမြှောင်သော အခြံအရံ အကျေးအစေ ရှိကုန်သော။ ဗဟုသုတေ၊ မျှားသောအကြားအမြင်ရှိကုန်သော။ တတ္ထ ကတ္ဝယ္ဟုပဝေန္ဒေ၊ တဝှာကုန်ပြုတ် အရဟတ္တမဂ်လိဉာဏ် မြတ်နိုးဖွယ်နှင့်သို့ ရောက်တော်မူကြကုန်သော။ သမ္ဘဒ္ဒေ၊ အဠဝကာ၊ သမ္ဘဒ္ဒမည်ခေါ် ရဟန်းတော်တို့ကို။ ဒိသ္မာနသ၊ မြင်ရပါသောကြောင့်။ ပသန္ဒစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ အန္ဒုဒ္ဓ၊ ဆွမ်းကိုပင်း။ ပါနဉ္စ၊ အဝတ်ကိုဌင်း။ သက္ကစ္စဒါနံ၊ ကောင်းမွန်စွာပြု၍လှူသော သက္ကစ္စဒါနကို။ ဝိပုလံ၊ များပြားစွာ။ အဒါသိ၊ လှူဘူးပါသည်အရှင်ဘုရား။

ဂုဏ္ဍလိနတ်သားဝတ္ထုပြီး၏။

* * *

ဒုတိယဂုဏ္ဍလိနတ်သားဝတ္ထုသည်လည်း ခေါ်ဆိုပုံအတူပြစ်၏။

* * *

ဥဒ္ဓာရနတ်သားဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ၊ ဝေတ်တော်တို့ကို ဝေဘန်၍ ထိုထိုမြို့ရွာတို့၌ စေတီတော်တည်ထား ကိုးကွယ်ကြပြီးသည် ရှိသော်၊ ပိဋကတ်သုံးပုံတို့ကို သံဂါယနာတင်ရန် ရဟန္တာငါးရာတို့ကို ရွေးချယ်ပြီး၍ အရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာကြီးတို့သည် ဝါဆိုသော အခါကာလသို့ မရောက်သေးမီ၊ ထိုထိုအရပ်ဒေသတို့၌ ကပည့်ပရိသတ်တို့နှင့် ဒေသစာရီလှည့်လည် မြန်းကြွနေကြကုန်သည်ရှိသော်၊ အရှင်ကုမာရကဿပ ထေရ်သည် ရဟန်းငါးရာတို့နှင့် အတူတကွ သေတဗျာမြို့သို့ကြွတော်မူ၍၊ သိုဝီသပါဝနယင်းကိုက်တောင်၌ နေတော်မူ၏။

ထိုအခါ၌ ပါယာသိရာဇညမင်းသည်၊ သိုဝီသပါဝနယင်းကိုက်တောင်၌ အရှင်ကုမာရကဿပထေရ်နေတော်မူကြောင်းကိုသိ၍ မျှားစွာသော လူအပေါင်းတို့ဖြင့်ခြံရံလျက် ဆည်းကပ်ရောက်လာ၍ စကားပင့်သန္ဓာရ ပြုပြီးလျှင် သင့်တင့်ရာ၌ထိုင်နေလျက် **ပရလောက** မရှိဟူသော ဒိဋ္ဌိ၏ အယူဝါဒကို လျှောက်ကြားလျှင်၊ အရှင်ကုမာရကဿပ ထေရ်မြတ်သည်နေလတို့ကို ဥပမာ ဥဒါဟရုဏ်ဆောင်၍ပြခြင်း အစရှိသောတရား စကားကိုဖြင့် ပရလောက ရှိကြောင်းကို ပြောဟောလျက် ဆန်းကြယ်လှစွာသော ဥပမာတို့ဖြင့် ဒိဋ္ဌိဝိနိစ္ဆယ ဘမည်ရှိသော အထူးထူးသော နည်းတို့ဖြင့် ဆန်းကြယ်စွာ ပါယာသိရာဇညသုတ်ကို ဟောတော်မူ၍ သမာဓိဋ္ဌိအယူဝါဒ၌တည်စေ၏။

(ထိုပါယာသိရာဇညသုတ်သည် သုတ်မဟာဝါပါဠိတော်၌ သံဂါယနာတင်အပ်သော နောက်ဆုံး ဒသမသုတ်ဖြစ်၏။ အလုံးရှိသူတို့ကြည့်ရှုရာ၏။ အလွန်ဆန်းကြယ်စွာသော ဥပမာစကားတို့ရှိကုန်၏။)

ထိုပါယာသိရာဇညမင်းသည် စင်ကြယ်သော အယူဝါဒရှိသည်ဖြစ်၍ သမဏာပြုဟ္မဏာရဟန်းပုဏ္ဏားတို့ကိုရင်း။ ကပဏာကိုးကွယ်ရာမဲ့အထည်းကျန်သောသူတို့ကိုရင်း။ အဒ္ဓိက ခရီးသွားအာဂန္တု တို့ကိုရင်း။ မျှားစွာသော လူအပေါင်းတို့ကိုရောက်လာသမျှလှူဒါန်းစွန့်ကြဲလျက်နေ၏။ ထိုသို့လှူဒါန်းစွန့်ကြဲသော်လည်း၊ အစ္ဆာသယ စိတ်နေစ်တ်ထား အလိုဆန္ဒ ညံ့ဖျင်းသေးနှပ် သည်၏ အဖြစ်ကြောင့်၊ ညံ့ဖျင်းသော အစာအာဟာရ

အဝတ်ပုဆိုးစသည်တို့ကိုသာလျှင် လှူဒါန်းစွန့်ကြ၏။ အလွန်ကောင်းမွန်ခြင်းမရှိ၊ ဝတ်ဖြစ်ရုံ စားနိုင်ရုံမျှ ဆန်ကွဲထမင်း ပုန်းရည်ဟင်း ညံ့ဖျင်းသော အဝတ်တို့ကို လှူဒါန်းစွန့်ကြ၏။

ဤသို့ကောင်းမွန်ခြင်းမရှိ ညံ့ဖျင်းသော ထမင်းအဖျော် အဝတ်အရုံတို့ကို လှူဒါန်းသော်လည်း စိတ်နေစိတ်ထား လေးမြတ်ရိုသေသန့်ရှင်းစွာ မပြုလုပ်ခြင်း၊ အသက်ကုန်စွဒါနဖြင့် ရုတေသောအခါ နတ်ပြည်ခြောက်ထပ်တွင် အနိမ့်ဆုံးဖြစ်သော စာတုမရာဇာဇာဖိနတ်ပြည်၌ဖြစ်၏။

ထိုရာဇညမင်း၏ ကိန္နရီကြီးယောက်ျားကို ဆောင်ရွက်လုပ်ကိုင်နေသော ဥဇ္ဇာရလုလင်သည်ကား၊ ထိုအလှူ၌ ကြောင့်ကြစိုက်၍ ရှိသေလေးမြတ်စွာ ပြုလုပ်ခြင်းကြောင့် ဒိဗိဥစ္စာပင်မဟုတ်သော်လည်း၊ သက်ကုန်ကုသိုလ်ဖြစ်၍ ရုတေသောအခါ တာဝတိံသာနတ်ပြည်ဝယ် တဆဲ့နှစ်သောနှစ်ရှိသော ရွှေဗိမာန်ကြီး၌ နတ်သားဖြစ်၍ ရှေးကအမည်အားဖြင့် ဥဇ္ဇာရနတ်သားဟုခေါ်၏။ ထို **ဥဇ္ဇာရနတ်သား** သည် အခန့်ကုမာရဂကဿပ ထေရ်မြတ်၏ ဂုဏ်ကျေးဇူးတော်ကို အောင်းမေ့သဖြင့်၊ ကတညုတာဂုဏ်ကိုထင်စွာပြုလျက်၊ ဗိမာန်နှင့်တကွ အခန့်ကုမာရဂကဿပ ထေရ်မြတ်အထံသို့ လာပြီးလျှင်၊ ဘုံဗိမာန်ပေါ်မှ ဆင်းသက်၍ ငါးပါးသော တည်ခြင်းဖြင့် ဂါရဝပြီးလျှင် လက်အရပ်ကိုချီတင်လျက် ခေ့ တောင်ဝတ်ရုပ်နေ၏။ ထို **ဥဇ္ဇာရနတ်သား**ကို အခန့်ကုမာရဂကဿပထေရ်မြတ်သည် ဤဂါထာဖြင့်မေး၏။

ယာဒေဝရာဇသသဘာသုမ္ဘော. ယဇ္ဇာနဆ္ဆဘိ၊ ဒေဝသံ ဃောသမဂ္ဂေါ။
တထူပမံ ကုယ္ယမိဒံ ဝိမာနံ၊ ဩဘာသယံ တိဋ္ဌတိ အန္တလိက္ခေ။ ။

ဘောပေဝပုတ္တ၊ အိုနတ်သား။ ဒေဝရာဇသ၊ သိကြားမင်း၏။ ယာသဘာ၊ အကြင်-စည်းဝေး ညီလာခံရာ နတ်သဘာ၏ ဇရပ်ကြီးကို။ သုဓမ္မာ၊ သုဓမ္မာဇရပ်ကြီးဟူ၍။ ဘုန္တိ၊ ဆိုအပ်၏။ ယဇ္ဇ-ယသံ-သဘာယံ၊ အကြင်သုဓမ္မာမည်တွင် နတ်သဘာ၏စည်းဝေးရာဇရပ်ကြီး၌။ သမဂ္ဂေါ၊ ညီညွတ်စွာသော။ ဒေဝသံဃော၊ နတ်အပေါင်းသည်။ အဆ္ဆဘိ၊ ထိုင်နေ၏။ တထူပမံ-တထာဥပမံ၊ ထိုသုဓမ္မာမည်တွင် နတ်သဘာ၏စည်းဝေးရာ ဇရပ်ကြီးနှင့် အတူသာလျှင်။ ကုယ္ယံ၊ သင်နတ်သား၏။ ဣဒံ ဝိမာနံ၊ ဤ-ဘုံဗိမာန်ကြီးသည်။ အန္တလိက္ခေ၊ ရေးခြစ်မထင် မိုး

ကောင်းကင်၌။ သြဘာသယံ၊ ထွန်းလင်းတောက်ပလျက်။ တိဋ္ဌတိ၊ တည်နေ၏။ တို့၊ သင်နတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နတ်ဂုဏ်ဒွိတန်ခိုးသို့ ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော် ရှိသည်။ အသိ၊ ဖြစ်၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ကိံ ပုညံ၊ အဘယ် ကုသိုလ်ကို။ အကာသိ၊ ပြုလုပ်ပေသနည်း။

ဤသို့မေးမြန်းတော်မူသောအခါ၊ ဥတ္တရနတ်သားသည် ဤဂါထာဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

အဟံမနုဿေသုမနုဿဘူတော၊
ရညောပါယာသိသအဟောသိမာဏဝေါ။
လဒ္ဓါနံသံဝိဘာဂံအကာသိ။
ဒိယာစမေ သိလဝန္တော အဟေသုံ၊
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော။
သက္ကစ္စဒါနံ ဒိပုလံ အဒါသိံ။ ။

ဘန္တေ၊ ကုမာရကသပ၊ နာမထင်ရှား အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူပြည်တို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ရညောပါယာသိသ၊ ပါယာသိရာဇာ့ညမင်း၏။ မာဏဝေါ၊ ဝေယျာဝစ္စ ကိစ္စကြီးငယ် ပြုဘွယ်ဟူသမျှ ဆောင်ရွက်ရသော ဥတ္တရလုလင်ဟု သည်။ အဟောသိ၊ ဖြစ်ပါသည်အရှင်ဘုရား။ ဝနံ၊ ဥစ္စာကို။ လဒ္ဓါ၊ ရသည် ရှိသော်။ သံဝိဘာဂံ၊ ခွဲခြမ်းဝေဘန်ခြင်းကို။ အကာသိ၊ ပြုပါသည်အရှင် ဘုရား။ မေ၊ တပည့်တော်သည်။ ဒိယာ၊ ချစ်ခင်မြတ်နိုးအပ်ကုန်သော။ သိလဝန္တော၊ သီလရှိသော ရဟန်းတို့သည်။ အဟေသုံ၊ ဖြစ်ပါကုန်၏ အရှင်ဘုရား။ အန္နဉ္စ၊ ဆွမ်းကိုလည်း။ ပါနဉ္စ၊ အဖျော်ကိုလည်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိလျက်။ သက္ကစ္စဒါနံ၊ ရိုသေကောင်းမွန်စွာပြု၍ လှူ ဒါနိုးခြင်းကို။ ဒိပုလံ၊ များစွာ။ အဒါသိံ၊လှူပါသည်အရှင်ဘုရား။

ဥတ္တရနတ်သား၀တ္ထုပြီး၏။

* * *

ပရိသဝိမာန ဒုတိယ၀ဂ်ပြီး၏။

* * *

စိတ္တလတာနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မွေ့လျော်နေကြပြီး သိတင်းသုံးတော်မူစဉ်အခါ၊ ဆင်းရဲလွန်စွာသော ဒလိဒ္ဓဥပါသကာ တယောက်သည်၊ သူတပါးတို့၏အလုပ်ကို အခစားလုပ်၍ အသက်မွေးရ၏။ ဥစ္စာမဲ့၍ဆင်းရဲသော်လည်း သဒ္ဓါတရားနှင့်ပြည့်စုံ၏။ အိုမင်းကုန်သော အမိအဘဘတို့ကိုကျွေးမွေး၍နေ၏။ လင်ယောကျ်ားအိမ်သို့လိုက်၍နေကုန်သော မိန်းမတို့သည် မိမိအစိုးတရပြုလုပ်တတ်ကြကုန်၏။ ယောကျ်ားမတို့ကို ကောင်းမွန်စွာ ပြုလုပ်တတ်သော်မိန်းမကို အလွန်ရခဲကုန်၏ဟူ၍ ဆင်ခြင်စဉ်းစားလျက် မယားမယူဘဲ အမိအဘဘတို့ စိတ်ဆင်းရဲခြင်းဖြစ်မည်ကိုစောင့်ရှောက်လျက်၊ ကိုယ်ကိုင်ပင်လျှင် ပြုစုလုပ်ကျွေး၍နေ၏။ ငါးပါးသီလ တို့ကိုစောင့်၏။ ရှစ်ပါးသီလ ဥပုသ်သုံးခြင်းကိုလည်းပြု၏။ တတ်အားသမျှ ဒါနကိုလည်းပြု၏။ ထိုဒလိဒ္ဓဥပါသကာသည် နောက်အခါ၌ တရုံတရသော ရောဂါဖြင့် စုတေသည်ရှိသော်၊ တာဝတိံသာနတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာရှိသော ဘုံဗိမာန်၌ နတ်သားဖြစ်၍ စိတ္တလတာဥယျာဉ်တော်ကဲ့သို့ တင့်တယ်တောက်ပသော ဘုံဗိမာန်ရှိသောကြောင့်၊ **စိတ္တလတာ**နတ်သားဟူ၍ခေါ်၏။ ထိုနတ်သားကို အရှင်မဟာမောဂ္ဂလာန်သည် ဤကဲ့သို့ ထာဖြင့် မေးတော်မူ၏။

ယထာဝနံ စိတ္တလတံ ပကာသတိ။
ဥယျာနသေဋ္ဌံ တိဒသာန မုတ္တမံ။
တထူပမံ တုယ္ဟမိဒံ ဝိမာနံ။
သြဘာသယံ တိဋ္ဌတိ အနန္တ လိကၠေ။
ဗေဝိဋ္ဌပဏ္ဍောသိ မဟာနုဘာဝေါ၊
မနုဿဘူတောကိမကာသိ ပုညံ။ ။

(ဤဂါထာ၏အနက်ကို ပထမအိမ်ထောင်ရုံနတ်သားဝတ္ထု၌ ပြန်၍ရှုကြည့်ကြကုန်ရာ၏။)

အရှင်မဟာမောဂ္ဂလာန်မေးတော်မူသောအခါ၊ စိတ္တလတာနတ်သားသည် ဤဂါထာဖြင့် ဖြေကြားလျှောက်တင်လေသတည်း။

အဟံမနုဿေသု မနုဿဘူတော၊
ဒလိဒ္ဓေါ အတာဏောကပဏောကမ္မကရော အဟောသိံ။
ဇိဏ္ဏေ စမာတာပိတရော အဘာရိံ။
ပိယာစ မေသိလဝန္ဒေါ အဟောသုံ၊
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော။
သက္ကစ္စဒါနံ ဝိပုလံ အဒါသိံ။ ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တည့်တောင်သည်။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ဒလိဒ္ဓေါ၊ သူဆင်းရဲဖြစ်၍။ အတာဏောကပဏောကမ္မကရော၊ ကိုးစားရာမရှိသော။ ကပဏော၊ အထည်းကျန်သော သူသည်။ အဟောသိံ၊ ဖြစ်ပါသည် အရှင်ဘုရား။ ကမ္မကရော၊ သူတပါး တို့၏အလုပ်ကို အခစားလုပ်၍ အသက်မွေးရပါ၏။ ဇိဏ္ဏေ၊ အိုမင်းကုန်သော။ မာတာပိတရော စ၊ အမိအဘတို့ကိုလည်း။ အဘာရိံ၊ လုပ်ကွေးပြုရရပါသည် အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ သိလဝန္ဒေါ၊ သိလရှိကုန်သော ရဟန်းတို့ကို။ ပိယာစ၊ ချစ်မြတ်နိုးအပ် ကုန်သည်လည်း။ အဟောသုံ၊ ဖြစ်ပါကုန်၏ဘုရား။ ပသန္နစိတ္တော၊ ရဟန်းတို့ကို ကြည်ညိုသော စိတ်ရှိလျက်။ အန္နဉ္စ၊ ဆွမ်းကိုလည်း။ ပါနဉ္စ၊ အဖျော်ကိုလည်း။ သက္ကစ္စဒါနံ၊ ကောင်းမွန်ရိုသေစွာပြု၍လှူဒါန်းခြင်းသက္ကစ္စဒါနကို။ ဝိပုလံ၊ စေတနာပြန့်ပြောစွာထား၍။ အဒါသိံ၊ လှူပါသည်အရှင်ဘုရား။

စိတ္တလတာနတ်သားဝတ္ထုပြီး၏။

* * *

နန္ဒနနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနန်ကျောင်းတော်၌ မွေ့လျော်ပျော်ပိုက် နှစ်ချိုက်စွာလျှ၊ ယာပထဖြင့် ညီမျှသင့်လျော်နေတော်မူ စဉ်အခါ၊သာဝတ္ထိပြည်သားဖြစ်သော သူဆင်းရဲတယောက်သည် အရွယ်ရောက်၍ သားမယား သိမ်းပိုက်ခြင်းကိုပြုပြီးလျှင်၊ အမိအဖ အရိုတို့ကိုလည်း လုပ်ကျွေး၏။ တတ်အားသမျှ ရဟန်းတို့အားလည်း လှူဒါန်း၏။ ငါးပါးသီလကိုလည်း မကျိုးမပေါက်ရအောင် စောင့်ရှောက်၏။ ရှစ်ပါးသီလဥပုသ်ကိုလည်း သီတင်းနေ့တိုင်း မပြတ်မလပ် ကျင့်သုံး၏။ ထို

ဆင်းရဲယောက်ျားသည် နောက်အခါ တစုံတခုသောရောဂါဖြင့် ရုတေ
ရှေ့ တာဝတိံသာနတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်၌
နတ်သားဖြစ်၍ နန္ဒဝနဥယျာဉ်တော်ကဲ့သို့ မွေ့လျော်ဘွယ်သောဘုံဗိမာန်
ရှိသောကြောင့် **နန္ဒန** နတ်သားဟူ၍ခေါ်၏။

ထိုအခါ၌ အခ္ဂ္ဂိမဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့
ဒေသစာရီကြွ၍တော်မူလျှင်၊ ထိုနန္ဒနနတ်သားကို မြင်၍ ဤဂါထာဖြင့်မေး
တော်မူလေသတည်း။

ယထာဝနံနန္ဒနံ ပကာသတိ၊ ဥယျာနသေဋ္ဌံတိဒသ္သနမဂ္ဂတံ။
တထူပမံတုယ္ဘမိဒံဝိမာနံ၊ သြဘာသယံတိဋ္ဌတိအန္တလိက္ခေ။ ။
ပေရိဋ္ဌပဏ္ဍောသိမဟာနုဘာဝေါ၊ မနုဿဘူတောကိမကာသိပုညံ။

ဘောဒေဝပုတ္တ၊ အဲဒိနတ်သား။ တိဒသာနံ၊ တာဝတိံသာနတ်တို့၏။
ဥတ္တမံ၊မြတ်သော။ နန္ဒနံဝနံ၊နန္ဒဝနံအမည်ရှိသော။ ဥယျာနသေဋ္ဌံ၊ ဥယျာဉ်
တော်မြတ်သည်။ ပကာသတိယထာ၊ထင်ရှားလွန်းဖြစ်ပေါ်လာသကဲ့သို့။
တထူပမံ၊ ထိုဥပမာအဘူသာလျှင်။ ဘုယ္ယံ၊ သင်နတ်သား၏။ ဣဒံဝိမာနံ၊
ဤဗိမာန်ကြီးသည်။ အန္တလိက္ခေ၊ ကောင်းကင်၌။ သြဘာသယံ၊ ထွန်း
လင်းတောက်ပလျက်။ တိဋ္ဌတိ တည်နေ၏။ တံ၊ သင်နတ်သားသည်။
ပေရိဋ္ဌပဏ္ဍော၊ နတ်ကွန်ပြိတနိုင်ငံသို့ ရောက်သည်ဖြစ်၍။ မဟာနုဘာဝေါ၊
ကြီးသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်
စဉ်အခါက။ ကိံ ပုညံ၊ အဘယ်ကုသိုလ်ကို။ အကာသိ၊ ပြုဘူးသနည်း။ ။

ဤသို့မေးတော်မူသည်ရှိသော၊ နန္ဒနတ်သားသည် ဤဂါထာဖြင့် ဖြေ
ကြားလျှောက်ထားအပ်သတည်း။

အာဘံမနုဿသုမနုဿဘူတော၊ ဒလိဒ္ဒေ ကိ ဝေဏော ကပဏော
ကမ္မကရော အဟောသိံ၊ ဒိဋ္ဌေဓမ္မေ ဝိတရော အာသိံ ဒါယာ စ မေ
သိလဝေနာ အဟောသုံ။ အန္ဓဗ္ဗဓိနဗ္ဗပသန္နစိတ္တော၊ သက္ကစ္စဒါနံ ဝိပုလံ
အကာသိံ။ ။

(ဤဂါထာအနက် စိတ္တဇလတာဝတ္ထုဟု ဆိုပြီးဖြစ်၏၊)

နန္ဒန နတ်သားဝတ္ထုပြီး၏။

* * *

မဏိထူဏနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်အခါ၊ မျှားစွာကုန်သော မထေရ်ကြီး ရဟန်းတို့သည် တောကျောင်းတို့၌ နေကြကုန်၏။ ထိုမထေရ်ကြီးရဟန်းတို့၏ ဆွမ်းခံသွားရာလမ်း၌ တယောက်သောဥပါသကာယောက်ျားသည် မည်ညှင်းသောနေရာကို ညှိုးညှင်းအောင်ပြုလုပ်၏။ ထိုဆွမ်းခံသွားရာလမ်း၌ ဆုံးပြောင့် ခလုပ်တို့ကိုတူးဆွ၍နှုတ်ပစ်၏။ ချုံရှုတ်မျက်နှယ် ချုံငယ်ချုံဖုတ်တို့ကို သုတ်သင်ရှင်းလင်း၍ပယ်ရှား၏။ မိုးတွင်းကာလ၌ မိုးရေစီးသွားရာ မြောင်းငယ်တို့၌တံတားကိုခင်း၍ထား၏။ ဟင်းလင်းအပြင်ဖြစ်သော နေရာတို့၌ အရိပ်ရှိသောသစ်ပင်တို့ကိုစိုက်ပျိုး၏။

သောက်ရေတွင်းတို့၌ ရေသန့်ရှင်း ကောင်းမွန်စွာ ရှိထွက်အောင် တွင်းချေးဖြစ်သော ရွှံ့နွစ် ညွှံစီးတို့ကိုဝင်း။ မြေကြီးတို့ကိုဝင်း ထုတ်ဆယ်၍ သောက်ရေတွင်းကို ကျယ်အောင် နက်အောင်ပြုပြင်၏။ ရေခပ်ဆိပ်တို့ကိုလည်း ကောင်းမွန်စွာပြုပြင်လုပ်ကိုင်၍ထား၏။ တတ်စွမ်းသမျှသော အလှူဒါနကိုလည်းပြု၏။ သံလကိုလည်း စောင့်ထိန်း၏။ ထိုဒါယကာသည် နောက်အခါ၌ရုတ်တရ၍ တာဝတိံသာနတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ မြင့်သော ပဏ္ဍာမြားသည်ကိုင်ဖြင့် တင့်တယ်တောက်ပသော ဘုံဗိမာန်ရှိရကား **မဏိထူဏ** နတ်သားဟူ၍ ထင်ရှား လေသတည်း။ ထို-မဏိထူဏ နတ်သားကို အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ဤသို့မေးတော်မူ၏။

မဏိထူဏ နာမထင်ရှား၊ အိုနတ်သား။ ဤနတ်ဘုံဗိမာန်ကြီးသည် အလွန်မြင့်လှစွာသောပဏ္ဍာမြားသိတိုင်လည်းရှိ၏။ ထက်ဝန်းကျင် ပတ်လည် အလျား အနံ အားဖြင့်လည်း တဆဲ့နှစ်ယူဇနာ ကျယ်ဝန်းစွာ၏။ ကျောက်မျက် ရွဲဖြင့်ပြီးသော သည်ဘုံကိုတို့ဖြင့် အရောင်လက်လက် ပြိုးပြိုးပြက်မျှ ထွန်းတောက်ပလျက်၊ ကုဋေဂဏန်း၊ သဏ္ဌာသတာ၊ ခုနစ်ရာကုန်သော ဆောင်ဘုံအထွဋ် အညွှန့်အတက် ဖိတ်ဖိတ်လက်သော ဘုံဆောင်ဘုံနန်းတို့ဖြင့် တင့်တယ်လှစွာ၏။

ဤသို့ကြီးကျယ် တင့်တယ်လှစွာ အရောင်ပြာ၍ထွက်သော ဘုံဗိမာန်ကြီးခို မျမ်းသာစွာနေသော သင်နတ်သားသည် နတ်ပြည်ခို့သာဖြစ်ပေါ်လာသော စားဘွယ်သောက်ဘွယ်တို့ကိုစားသောက်၍နေရ၏။ ချိုသော အသံဂ၀ိုက်နေသော နတ်စောင်းတို့ကိုတီးမှုတ်ကြကုန်လျက် နတ်ပြည်ခို့ဖြစ်သော တူရိယာငါးပါးတို့ဖြင့် ဖြေဖျော်၍ ဝန်းရံကြကုန်သော နတ်ကညာကို့သည်လည်း ရွှေတန်ဆာအဝတ်တို့ကိုဝတ်ဆင်လျက် ကခြေးကြကုန်၏။ ဤကဲ့သို့ကြီးကျယ်စွာသောနတ်စည်းစိမ်ကို အဘယ်ကုသိုလ် ကောင်းမှုကြောင့် ခံစားစံစားရှိနေရပါသနည်း။ ။ရှေးဘဝ၌ သင်ပြုဘူးသော ကုသိုလ်ကို ငါ့အားလျှောက်ကြားဦးလော့။

ဤသို့-အရှင်မဟာမောဂ္ဂလာနဲ့ မေးတော်မူသောအခါ မင်းထူဏာနတ်သားသည် ဤဂါထာကိုဖြင့်လျှောက်ကြား၏။

အဟံမနုဿေသု မနုဿဘူတော၊
ဝိဝေနေ, ပဝေ သက်မနံ အကာသိ။
အာရာမရုက္ခာနံစ, ရောပယိသံ၊
ဒိယာစမေ သိလဝေန္တော အဟောသုံ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စဒါနံ ဝိပုလံ အဒါသိ။ ။

ဘဝနေ့ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူပြည်ကို့ခို့။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ဝိဝေနေ၊ တောကျောင်း၊ တောင်ကျောင်းသို့သွားရာဖြစ်သော။ ပဝေ၊ ဆွမ်းခံလင်းခို့။ သက်မနံ၊ တံတားခင်းခြင်းကို။ အကာသိ၊ ပြုဘူးပါသည်အရှင်ဘုရား။ အာရာမရုက္ခာနံစ၊ ကျောင်းကိုက်အရာဝင်အတွင်း ဇမြခြင်းရှိသော သစ်ပင်တို့ကိုလည်း။ ရောပယိသံ၊ အရိပ်ဇရေနဲ့ စိုက်ပျိုးဘူးပါသည် အရှင်ဘုရား။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ အန္နဉ္စ၊ ဆွမ်းကိုရင်း။ ပါနဉ္စ၊ အဖျော်ကိုရင်း။ သက္ကစ္စဒါနံ၊ ကောင်းမွန်စွာသောအလှူကို။ ဝိပုလံ၊ ဧစတနာပြန့်ပြောစွာ။ အဒါသိ၊ လှူဘူးပါသည်အရှင်ဘုရား။

မင်းထူဏာနတ်သားဆိုပြီး၏။

* * *

ရွှေတောင်ထိပ်ဗိမာန်ပျက်နတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှသုံးဂါဝုတ်ကွာသောအနွေကဝိန္ဒ မြို့၌ သိတင်းသုံးနေတော်မူစဉ်အခါ သင်္ဃါကြည်ညိုခြင်းရှိသော ဥပါသကာ တယောက်သည် ထိုအနွေကဝိန္ဒမြို့ဂါ၏အနီး၌ မဂ္ဂီကပင်ကုတမည်သော တောင်ထိပ်ဝယ် အလုံးရုံသော ကျောင်းတိုက် အရောင်နှင့်ပြည့်ရုံစွာ ဂန္ဓကုဋိတိုက်တော်ကို မြတ်စွာဘုရားနှင့် သင့်လျော်စွာဆောက်လုပ်၍ ထိုဂန္ဓကုဋိတိုက်တော်အတွင်း၌ မြတ်စွာဘုရားအားပင့်ထား၍ လုပ်ကျွေးကိုးကွယ်၏။ မိမိသည်လည်း အမြဲစောင့်သုံးသော နိုယာဝေထိလ၌ တည်လျက် စင်ကြယ်သောသီလရှိ၏။ ထိုဥပါသကာသည် ရုတေသောအခါ၊ တာဝတိံသာနတ်ပြည်ဝယ် နတ်သားဖြစ်၏။ ထိုနတ်သား၏ ဘုံဗိမာန်သည် တောင်ထိပ်ပေါ်၌ ဂန္ဓကုဋိတိုက်တော်ကို ဆောက်လုပ်၍ လှုဒါနိုးပူဇော်သော ကုသိုလ်ကံအားလျော်စွာ ရွှေတောင်ထိပ်ပေါ်တွင် မွေ့လျော်ဘွယ်သော ဘုံဗိမာန်ဖြစ်၏။ ထိုကြောင့် **ရွှေတောင်တိပ်ဗိမာန်ပျက်နတ်သား** ဟူ၍ ထင်ရှားလေသတည်း။ ။ထိုနတ်သားကို အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည်။ ။သောဝဏ္ဏမယေပဇ္ဇတသ္မိံ။ အစရှိသောဂါထာတို့ဖြင့် မေးတော်မူ၏။

သောဝဏ္ဏမယေ၊ ရွှေဖြင့်ပြီးသော။ ဝါ၊ ရွှေအတိပြီးသော။ ပဇ္ဇတသ္မိံ၊ တောင်ထိပ်ပေါ်၌။ ဗိမာနံ၊ ဘုံဗိမာန်သည်။ သဗ္ဗတော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပဘံ၊ ထွန်းတောက်၏။ ဟေမဇာလပဋိစ္ဆန္နံ၊ ရွှေဇာပြောက်, ရွှေကွန်ယက်တို့ဖြင့် ဖုံးကာ၍နေ၏။ ကိင်္ကိဏိကဇာလကပ္ပိတံ၊ ရွှေချပ်ကွန်ရွက်တို့ဖြင့် တံဆာဆင်အပ်၏။

သဗ္ဗေ၊ အလုံးရုံကုန်သော။ ထမ္ဘာ၊ သည်တိုင်တို့ကို။ အဠံသာ၊ ဂျစ်မျှောင့်တို့ကို။ သုကတာ၊ ကောင်းစွာပြုအပ်ကုန်၏။ ဝေဠုရိယမယာ၊ ကျောက်မျက် ရွဲဖြင့်ပြီးကုန်၏။ ဝါ၊ ကျောက်မျက် ရွဲတို့ဖြင့် ချယ်စီသော သည်တိုင်တို့ဖြစ်ကုန်၏။ဂေါမေကာယအံသိယာ၊တခုတခုသောအမျှောင့်၌။ ရတနာသတ္တနိမ္မိတာ၊ ရတနာခုနစ်ပါးတို့ဖြင့် ဘန်ဆင်းအပ်ကုန်၏။

ဝေဠုရိယာစ၊ ကျောက်မျက် ရွဲဖြင့်ရင်း။ သုဝဏ္ဏသသစ၊ ရွှေဖြင့်ရင်း။ ဖလိကာစ.ဖလိုဖြင့်ရင်း။ရူပိယသသစ၊ငွေဖြင့်ရင်း။မသာရဂလ္လမရတ္တာဟိစ၊

ပတ္တမြားပြောက် ပုလဲတို့ဖြင့်ရင်း။ လောဟိတာဂ်မဏိဟိစ၊ ပတ္တမြားနှင့် တို့ဖြင့်ရင်း။

စိတြာ၊ ဆန်းကြယ်ကုန်၏။ မနောရမာ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဘူမိ၊ ဘုံအာဆင့်ရှိ၏။

တဗ္ဗ ထိုဘုံဗိမာန်၌။ ရဇော၊ မြူမှုံသည်။ နဒ ဥဒ္ဓံသတိ၊ ထကြွညစ်ပေမရှိ။ ပ်ိတာ၊ ရှေသော အာဆင်းရှိကုန်သော။ ဂေါပါနသိဂဏာ၊ အချင်အပေါင်း တို့သည်။ ကဉ္စုံ၊ အထွတ် အမှန် အချုန် အတက်ကို။ နိဗ္ဗိတာ၊ ကောင်းစွာဘန်ဆင်းကုန်လျက်။ ဝါရေ၌၊ ဆောင်ကုန်၏။

(အမြီးအချင်တို့၏ အစွန်းပေါ်၌ အထွတ် အမှန် အချုန် အတက် ပန်းပြောက် ပန်းဆွဲတို့ကို ဆင်မြန်းလျက်နေသည်ဟူလို)။ ထိုအထွတ်အချုန် ပန်းပြောက် ပန်းဆွဲတို့သည် ရတနာခုနစ်ပါးတို့ဖြင့်စီချယ်၍ ဖ်တ်ဖ်တ် လက်မျှတောက်ပသောအရောင်ရှိကုန်၏။

စာဒုရောဒိသာ၊ ဘုံဗိမာန်၏လေးမျက်နှာအရပ်တို့မှ။ စတ္တာရိ၊ လေးခုကုန်သော။ သောပါဏာနိ၊ စောင်းတန်းလှေခါးတို့ကို။ နိဗ္ဗိတာ၊ ဘန်ဆင်းအပ်ကုန်၏။ နာနာရတနဂဿ ဟိ၊ အသွားထွားသော ရတနာကိုက်ခန်းတို့ဖြင့်။ အာဒိစ္စော၀၊ နေဗိမာန်ကဲ့သို့။ ဝိရောစတိ ထွန်းလင်းတောက်ပတင့်တယ်လှ၏။

တဗ္ဗ၊ ထိုဘုံဗိမာန်၌။ သမန္တာ၊ ထက်ဝန်းကျင် ပတ်လည်ဖြစ်ကုန်သော။ စတုရောဒိသာ၊ အရပ်လေးမျက်နှာတို့မှ။ စတသော၊ လေးခုကုန်သော။ ဝေဒိယာ၊ ပွတ်လုံးပွတ်ဘိုင်တို့ကို။ ဘာဝ၀ဏ္ဏမိတာ၊ အကန့် အကန့် သီးသန့်ပိုင်းခြား အဘို့အားဖြင့်။ ဝိဘတ္တာ၊ ပြုလုပ်ဝေဘန် စိမ်ဘန်ဆင်း၍ထားအပ်ကုန်၏။

ပဝေ၊ တင့်တယ်တောက်ပ မွန်မြတ်လှစွာသော။ တတ္ထ ဝိမာနေ၊ ထိုဘုံဗိမာန်ကြီး၌။ မဟာပုဗ္ဗဘော၊ ကြီးမားသောကိုယ်ရောင် ကိုယ်ဝါရှိသော။ ဒေ၀ပုတ္တော၊ နတ်သားသည်။ ဝဏ္ဏေန၊ အဆင်းအရောင်အားဖြင့်။ ဥဒ်ပဇ္ဇိ၊ တက်၍ထွန်းသော။ ဘာဝေါ၀ ယ၀၊ နေမင်းကဲ့သို့။ အတိရောစ သိ၊ အလွန်တင့်တယ်လှ၏။ ဝါ၊ အလွန်နှစ်သက်ဘွယ်ရှိလှ၏။

ဒေ၀ပုတ္တော၊ နတ်သား။ တေ၊ သင်နတ်သား၏။ ဣဒံဖလံ၊ ဤဗိမာန်ကြီး ထင်နိုထင်ညိုးမျှကြီးမားလှသောစည်းစိမ်ချမ်းသာတေဇာမြင့်မောက်ထွန်းတောက် ကဲမိုး ဤအကျိုးသည်။ ဒါနဿ၊ အလှူပေးခြင်းဒါနကုသိုလ်၏။

ဖလံ၊ အကျိုးပေလော။ အထော၊ ထိုသို့မဟုတ်။ ဝါပန၊ တပါးတည်။ သိလသ၊ သက်သတ်ရှောင်ပြု ခိုးမှုပယ်ခွါ မိန်းမခြားပယ်ရှား လှည့်စား မဖက် အရက်ကဖော် အပျော်သောက်စား မိုက်မှားကင်းပ ကျင့်သိလ ၏။ ဖလံ၊ အကျိုးထူးပေလော။ အထော၊ ထိုမှတပါး။ အဠလိကမ္မသ၊ ရဟန်းသံဃာ မြင်သောအခါ၌ သဒ္ဓါ ရှင်ကြည် လက်အုပ်ချီလျက် အဠလိကမ္မ မြတ်ပုညဖြစ်။ ဖလံ၊ အကျိုးထူးပေလော။ တံ၊ ထိုအကြောင်းကို။ ပုစ္ဆိတောဝ၊ ငါမေးတော်မူ၏။ မေ၊ ငါ့အား။ အက္ခာဟိ၊ အသေ့လျှောက်စွာ ဖြေလျှောက်ပါလော့။

ဤသို့ အရှင်မဟာမောဂ္ဂလာန် မေးတော်မူသောအခါ။ ထိုနတ်သားသည် ဝမ်းမြောက်လှသောစိတ်ရှိသည်ဖြစ်၍ မေးတော်မူသောပုစ္ဆာကို ရှိသေစွာဖြေကြားလျှောက်တင်လေသတည်း။

အဟံအန္ဓကဝိန္ဒသ္မိံ၊ ဗုဒ္ဓသာဒိစ္စဗန္ဓုနော။
ဝိဟာရံ သင္ဃုနော ကာရေသိံ၊ ပသန္နော သေဟိပါဏိဘိ။ ။
တဏ္ဍုဂန္ဓဉ္စ မာလဉ္စ၊ ပစ္စယဉ္စ ဝိလေပနံ။
ဝိဟာရံ သင္ဃုနော အဒါသိ၊ ဝိပ္ပသန္နေန စေတသာ။ ။
တေန,မယ္ဟံ,ဣဒံ,လဒ္ဓံ၊ ဝသံဝတ္တေ မိနန္ဒနေ၊
နန္ဒနေစ, ဝနေ, ရမ္မေ နာနာဒိဗ္ဗဂဏာယုတေ။
ရမာမိနစ္စဂိတေဟိ၊ အစ္ဆရာဟိ ပုရက္ခတော။ ။

ဘဏ္ဍာ၊ အရှင်မောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ အန္ဓကဝိန္ဒသ္မိံ၊ အန္ဓကဝိန္ဒမြို့၌။ ဗုဒ္ဓသ၊ သစ္စာလေးပါးကို ပိုင်းခြားကုန်စင်သိမြင်တော်မူသော။ အာဒိစ္စဗန္ဓုနော၊ နေမင်းအဆွေ ဖြစ်တော်မူသော။ သင္ဃုနော၊ မြတ်စွာဘုရားအား။ ပသန္နော၊ ကြည်ညိုသောစိတ်ရှိလျက်။ သေဟိပါဏိဘိ၊ မိမိလက်ကိုဖြင့်။ ဝါ၊ ကိုယ်တိုင်။ ဝိဟာရံ၊ ကျောင်းကို။ ကာရေသိံ၊ ဆောက်လုပ်၍ လှူဒါနိုးပူဇော်ပါသည်အရှင်ဘုရား။

တဏ္ဍု၊ ထိုကျောင်းတော်၌။ ဂန္ဓဉ္စ၊ နံ့သာကိုရင်း။ မာလဉ္စ၊ ပန်းကိုရင်း။ ပစ္စယဉ္စ၊ အသုံးအဆောင်ပစ္စည်းကိုရင်း။ ဝိလေပနဉ္စ၊ လိမ်းကျံစရာနံ့သာရည် နံ့သာပျောင်းကိုရင်း။ ဝါ၊ ပြစ်ပြစ်သွေး၍ထားသော နံ့သာရည်ကိုရင်း။ အဒါသိ၊ လှူဒါနိုးပူဇော်ပါသည် အရှင်ဘုရား။ သင္ဃုနော၊

မြတ်စွာဘုရားအား။ ဝိပ္ပသနေနှု၊ ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟာရံ၊ ကျောင်းကို။ အဒါသိ၊ လှူပါသည်အရှင်ဘုရား။

တေန၊ ထိုကုသိုလ်ကံကြောင့်။ မယံ၊ တပည့်တော်သည်။ ဣဒံ၊ ဤ ဝိမာနကြီး ထိန်ထိန်ညီးမျှ ကြီးမားလှသော စည်းစိမ်ချမ်းသာ တေဇာ မြင့်မောက် ထွန်းတောက်ကဲမိုး ဤအကျိုးကို။ လဒ္ဓံ၊ ရပါသည် အရှင် ဘုရား။ နန္ဒနေ၊ တာဝတိံသာနတ်များစွာတို့ ပျော်ရာဌာန ဇမြဲသာလွန် နန္ဒဝနခေါ်ဥယျာဉ်တော်၌။ ဝသံ၊ မိမိအလိုသို့။ ဝတ္တေမိ၊ လိုက်၍နေနိုင်ပါ သည် အရှင်ဘုရား။ စ၊ ထိုမှတပါး လျှောက်ကြားစရာ အထူးမှာကား။ ရမ္မေ၊ ပျော်မွေ့စရာ လွန်စွာဇမြဲ သာယာလှသော။ ဝါ၊ ဇမြဲသာယာ ပျော်စံရာဌာန ကောင်းမွန်လှသော။ နန္ဒနေဝနေ၊ နန္ဒဝနခေါ် မွေ့လျော် ဘွယ်ရာ နတ်များစွာတို့ လွန်စွာနှစ်သက် ပန်းခက်ပန်းရုံ မွှေးထုံသာ မော ပန်းမြိုင်တော၌။ နာနာဒိဗ္ဗဂန္ဓာယတေ၊ စိမ်းညို ပြောက်ကြား ထွေပြားဆန်းကြယ် အသွယ်သွယ် အဖြာဖြာ ဌက်များစွာတို့ ဝဲကာပြန် ကာ သွားလာကူးသန်း ထူးဆန်းရိပ်မြုံ ဌက်ပေါင်းစုံလှသော။ နန္ဒနေ ဝနေ၊ နန္ဒဝနမည်သိုး ဥယျာဉ်ကြီး၌။ အန္ဓရာဟိ၊ နတ်သြီးကညာ ပေါင်းများစွာတို့ဖြင့်။ ပရိကိဏ္ဏတော၊ ဝှေ့နောက် ဝဲယာခြိုရံကာလျှင်။ နစ္စ ဂီတေဟိ၊ ကခြင်း သီချင်းတို့ဖြင့်။ ဝါ၊ အဆို အက အတီးအမှုတ်တို့ဖြင့်။ ရမာမိ၊ ပျော်ပျော်ပါးပါးနေရပါသည်အရှင်ဘုရား။

ဤတောင်ထိပ်ဝိမာနပျော်နတ်သားဝတ္ထုပြီး၏။

* * *

သရက်ခြုံစောင့်နတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝနကျောင်းတိုက်တော်၌ ကျောင်းပိုက်မွေ့လျော်နေတော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည်သားဖြစ်သော သူ ဆင်းရဲ ယောကျ်း တယောက်သည် သူတပါးတို့၏သရက်ခြုံ၌ အခစား နေ၍သရက်ပင်တို့ကို ရေလောင်းကာ စောင့်ရှောက်ရ၏။ ထိုယောကျ်း သည် တနေ့သ၌နွေလတို့၏ နောက်ဆုံးဖြစ်သော အာသဠှိမာသဝါဆို လ၌ အလွန်ပူလှစွာသောနေပူ၌ သရက်ခြုံ၏အနီး လမ်းခရီးဝယ် ကိုယ်မှ ရိုးစီးသောချွေးတို့ဖြင့်ကြွေလာတော်မူသောအရှင်သာရိပုတ္တရာကိုမြင်လျှင်

အလွန်ရှိသေ လေးမြတ်စွာသောစိတ်ဖြင့် အနိုးသို့ကပ်၍ ဤသို့လျှောက်ကြားဖို့။ အရှင်ဘုရား နွေကာလ နေပူကြီးခဲ့ အလွန်ပူအိုက်လှပါသည်။ ဤသရက်ခြံအတွင်းသို့ ဝင်တော်မူ၍ အမောအပမ်းပြေလျက် တပည့်တော်အား အစည်သနားသဖြင့် နားနေတော်မူပါဦး အရှင်ဘုရားဟူ၍ လျှောက်ကြားသောအခါ၊ အရှင်သာရိပုတ္တရာ ထေရ်မြတ်သည် အထူးအားဖြင့် ထိုဒါယကာ၏သဒ္ဓါကြည်ညိုခြင်းကို ဘိုးပွားစေ၍ အကျိုးမျှားစိမ့်သောဌာ သရက်ခြံအတွင်းသို့ဝင်တော်မူ၍တခုသောသရက်ပင်ရင်းခဲ့ ထိုင်နေတော်မူ၏။

ထိုအခါခဲ့ သရက်ခြံစောင့်ယောက်ျားသည်၊ အရှင်ဘုရားရေချိုးတော်မူခြင်းဌာ အလိုတော်ရှိပါပြီးအံ့၊ တပည့်တော်သည် ရေတွင်းမှရေကို ခပ်၍အရှင်ဘုရားအား ရေချိုးပါစေအံ့။ သောက်ရေကိုလည်း ကပ်လှူပါအံ့ဟူ၍လျှောက်ကြားသောအခါ၊ အရှင်သာရိပုတ္တရာသည် တုဏ္ဍိဘာဝဖြင့် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူ၏။ ထိုအခါခဲ့ သရက်ခြံစောင့်ယောက်ျားသည် ရေတွင်းမှရေကိုခပ်ယူ၍ စစ်ပြီးလျှင် မထေရ်မြတ်ကို ရေချိုးစေ၏။ ရေချိုးပြီး၍ လက်ခြေတို့ကို ဆေးပြီးလျှင် သောက်ရေကို လည်းကပ်၏။ မထေရ်မြတ်သည် သောက်ရေကိုသောက်တော်မူ၍ ငြိမ်းဇေသော ပင်ပမ်းပူလောင်ခြင်းနှိုး၍။ ဝါ၊ ခရီးပမ်းခြင်း, နေပူခြင်း, ငြိမ်းဇေသည်ဖြစ်၍ ရေလှူခြင်းအကျိုး, ရေချိုးစေခြင်း အကျိုးတရားတို့ကို အနုမောဒနာတရားဟောကြားပြီး၍ ကြွသွားတော်မူ၏။

ထိုသရက်ခြံစောင့် ယောက်ျားသည် အလွန်ပူပြင်းသောအခါခဲ့ ကြွလာတော်မူသော အရှင်သာရိပုတ္တရာထေရ်မြတ်အား အပူဇြိမ်းအောင်ချိုးရေ သောက်ရေတို့ကို လှူရသဖြင့် ငါ့အား မျှားစွာသော ကောင်းမှုကုသိုလ်ဘိုးပွားပေ၏တကားဟု ဝမ်းမြောက်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ဒုတေသောအခါ တာဝတိံသာ နတ်ပြည်ဝယ် နတ်သားဖြစ်၍ တဆဲ့နှစ်ယူဇနာရှိသော ရွှေဖိမာန်ခဲ့စံစားလျက် ရှေးကအမည်အားဖြင့် **သရက်ခြံစောင့်နတ်သား** ဟု ထင်ရှားလေသတည်း။

ထိုနတ်သားကို အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည်။ ။ ဥစ္စမိဒံ မဂ္ဂိယဏံ ဝိမာနံ။ ။အစရှိသောဂါထာတို့ဖြင့် မေးတော်မူ၏။ ။ထိုနတ်သားသည် ဝမ်းမြောက်လှစွာ ဤဂါထာတို့ဖြင့် ဖြေကြားလျှောက်တင်လေ၏။

ဂိမ္မာဏံ ပန္ဓိမေမာသေ၊ ဗောဓိပေန္တေ ဒိဝင်္ဂရေ။
ပရေသံ ဘဒ္ဒကောပေါသော၊ အမ္မာရာမ မသိဋ္ဌတိ။ ။
အထတေနာဂမာဘိက္ခု၊ သာရိပုတ္တောတိဝိသုတော။
ကိလန္တနုရုပေါ ကာယေန၊ အကိလန္တော ဝဝ စေတသာ။ ။
ဘံစဒိသ္မာနုအာယန္တံ၊ အဝေါစံအမ္မသိဋ္ဌကော။
သာရိကံဘန္တေ နာပေပဟ္ပဲ၊ ယံမမသဿသုခါဝဟံ။ ။
တသ္သမေအနုကမ္ပာယ၊ နိက္ခိပိ ပတ္တစီဝရံ။
နိသီဒိ ခုက္ခမ္ဟလသ္မိံ၊ ဆာယာယ ဇေကစီဝရော။ ။
ဘဋ္ဌအန္ဓေန ဝါရိနာ၊ ပသန္နေ မနသောနရော။
နာပယိ ခုက္ခမ္ဟလသ္မိံ၊ ဆာယာယ ဇေကစီဝရံ။ ။
အမ္ဗောစ သိတ္ကြော သ ဝမဏော နာပိတော။
မယာစပုညံ ပသုတံအနပ္ပကံ။
ကုတိသော ဒိတိယာ ကာယံ။
သဗ္ဗံ ဖရတိ အတ္တနော။ ။
ဘဒ္ဒေဝ ဗြော့ကံ ကမ္မံ၊ အကာသိ ဘာယဇာတိယာ။
ပဟာသ မာနုသံ ဒေဟံ၊ ဥပပန္နမ္ဟိ နန္ဒနံ။ ။
နန္ဒနေစ ဝနေ ရမ္မေ၊ နာနာဒိဇဂဏာယုတေ။
ရမာဒိနုဗ္ဗကိတေဟိ၊ အစ္ဆရာဟိ ပုရက္ခိတော။ ။

ဘဒ္ဒန္တ၊ အခ္ခ၏မဟာမောဂ္ဂလာနဒေဝရား။ ဂိမ္မာနံ၊ နွေလက်ိုး၏။ ပန္ဓိမေ၊ နောက်ဆုံးဖြစ်သော။ မာသေ၊ ဝါဆိုလဆန်းအချိန်အခါ၌။ ဒိဝင်္ဂရေ၊ နေ့ကိုပြုတတ်သောနေမင်းသည်။ ပတောပေန္တေ၊ အလွန်ပူသည်ရှိသော်။ ပရေသံ၊ သူတပါးကို၏။ ဘဒ္ဒကော၊ ထမင်းရိက္ခာ အစေးဖြင့် အသက်မွေးရသော။ ပေါသော၊ သူဆင်းရဲ ယောက်ျားဖြစ်သော တပည့်တော်သရက်ခြုံစောင့်သည်။ အမ္မာရာမံ၊ သရက်ခြုံကို။ အသိဋ္ဌတိ၊ ရေသွန်းလောင်းရပါ၏အခင်ဘုရား။

အထ ထိုသို့ရေသွန်းလောင်း၍နေသောအချိန်အခါ၌။ တေန၊ ထိုသရက်ခြုံသို့။ သာရိပုတ္တောတိဝိသုတော၊ အခင်သာရိပုတ္တရာဟူ၍ ကျော်စောခြင်း ရှိတော်မူသော။ ဘိက္ခု၊ ရဟန်းသည်။ စေတသာ၊ စိတ်ဖြင့်။ အကိလန္တော ဝ၀ မပင်ပန်းသော်လည်း။ ပင်ပန်းခြင်း မရှိသည်သာလျှင်

ဖြစ်သော်လည်း။ ကာယေန၊ ကိုယ်ဖြင့်။ ကိလေနာ ရှုပေါ၊ ပင်ပန်းသောရုပ်ရေဖြင့်။ အဂမာ၊ ရောက်လာပါသည်အရှင်ဘုရား။

အာယနွံ၊ ရောက်လာတော်မူသော။ တံစ၊ ထိုအရှင်သာရိပုတ္တရာအရှင်မြတ်ကိုလည်း။ ဒိသွာန၊ မြင်ရပါ၍။ အမ္မသိဠ္ဠကော၊ သရက်ပင်ကို ရေလောင်းလျက်နေသောတပည့်တော်သည်။ အဝေါစံ၊ လျှောက်ကြားပါသည်အရှင်ဘုရား။ ကိံ၊ အဘယ်သို့လျှောက်ကြားသနည်းဟူမူကား။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တံ၊ အရှင်ဘုရားကို။ သာရေကံ၊ ကောင်းစွာ။ နှာပေပဋှံ၊ ရေသပ္ပါယ်ပါအံ့ဘုရား။ ယံ၊ အကြင် အရှင်ဘုရားအား ရေသပ္ပါယ်ရခြင်းသည်။ မမ၊ တပည့်တော်သူဆင်းရဲ အား။ သုခါဝဟံ၊ ချမ်းသာကိုဆောင်သည်။ အသ၊ ဖြစ်ရာပါ၏ အရှင်ဘုရား။ဣတိ၊ ဤသို့လျှောက်ကြားပါသည်ဘုရား။ တဿမေ ထိုသို့လျှောံကြားသောတပည့်တော်အား။ အနုကမ္ပာယ၊ အစဉ်သနားတော်မူသဖြင့်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ နိက္ခိပိ၊ ချတော်မူ၍။ ရုက္ခမူလသ္မိံ၊ သစ်ပင်ရင်းခို။ ဆာယာယ၊ သရက်ပင်အရိပ်ခို။ ဇကစီဝရော၊ တထည်သော သင်္ကန်းကို ဝတ်တော်မူလျက်။ နိသိဒိ၊ ထိုင်တော်မူ၏။

တဋ္ဌ၊ထိုသို့ထိုင်တော်မူသောအရှင်သာရိပုတ္တရာအရှင်မြတ်ကိုလည်း။ ပသန္နမနသော၊ ကြည်ညိုသောစိတ်ရှိသော။ နရော၊ သရက်ပင်စောင့်ဖြစ်သော သူဆင်းရဲသည်။ အဿ၊ ကြည်လင်စွာသော။ ဝါရိနာ၊ ရေဖြင့်။ ရုက္ခမူလသ္မိံ၊ သရက်ပင်ရင်းခို။ ဆာယာယ၊ သရက်ပင်အရိပ်ခို။ ဇကစီဝရံ၊ တထည်သောသင်္ကန်းဖြင့်။ ဝါ၊ ရေလဲသင်းပိုင်ဖြင့် နေတော်မူသောအရှင်သာရိပုတ္တရာကို။ နှာပယိ၊ရေသပ္ပါယ်ပါသည်အရှင်ဘုရား။

သော၊ ထိုအရှင်သာရိပုတ္တရာအား ရေသပ္ပါယ်ရသော တပည့်တော်သည်။ မယာစ၊ ငါသည်ကား။ အမ္ဘောစ၊ သရက်ပင်ကိုလည်း။ သိဂ္ဂေါ၊ ရေလောင်းရပေပြီ။ သမဏောစ၊ ရဟန်းမြတ်ကိုလည်း။ နှာပိတော၊ ရေသပ္ပါယ်ရပေပြီ။ အနုပဂတံ၊ မျှားစွာသော။ ပုညံစ၊ ကောင်းမှုကိုလည်း။ ပသုတံ၊ ဆည်းပူးရပေပြီ။ ဣတိ၊ ဤသို့နှလုံးပြု၍။ သဗ္ဗံ၊ အလုံးစုံသော။ အတ္ထနော၊ မိမိ၏။ ကာယံ၊ ကိုယ်ကို။ ဒိတိယာ၊ နှစ်သက်ခြင်း ဒိတိစိတ်ဖြင့်။ ဖရတိ၊ ပြန့်နှံ့၍နေပါ၏အရှင်ဘုရား။

ဣဿာ၊ ဤမျှလောက်ဖြစ်သော။ တဒေဝ ကမ္မံ၊ ထိုကုသိုလ်ကံကိုသာ လျှင်။ တာယ ဇာတိယာ၊ ထိုဘဝ၌။ အကာသိ၊ ပြုရပါသည်အရှင်ဘုရား။

တေနကမ္မေန၊ ထိုမျှလောက်ပြုရသောကုသိုလ်ကံဖြင့်။ မာနုသံ၊ လူပြည်၌ ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ပဟာယ၊ ပယ်စွန့်ခဲ့၍။ နန္ဒနံ၊ နှစ်သက်ဘွယ်ရာ ဥယျာဉ်သို့။ ဥပပန္နံ၊ ရောက်ရသည်။ အမှိ၊ ဖြစ်ပါ၏အရှင်ဘုရား။

စ၊ ထိုမှတပါး လျှောက်ကြားစရာ အထူးမှာကား။ ရေမွှေ၊ ပျော်မွေ့စရာ လွန်စွာဖြေ သာယာလှသော။ နန္ဒနေဝနေ၊ နန္ဒဝနခေါ် မွေ့လျော်ဘွယ်ရာ နတ်မျိုးစွာတို့။ လွန်စွာနှစ်သက် ပန်းခက်ပန်းရုံ ပြွမ်းထုံသာမော၊ ပန်းတောပန်မြိုင်ဖြစ်၍နေသော။ နာနာဒိဗ္ဗဂဏာယုတော၊ စိမ်းညိုပြောက်,ကြား၊ ထွေပြား,ဆန်းကြယ်၊ တင့်တယ်ဘွယ်ရာ ဌက်မျိုးစွာတို့၊ ပျံကာ,ဝဲကာ၊ သွားလာကူးသန်း၊ ထူးဆန်းရိပ်မြုံ ဌက်ပေါင်းစုံလှသော။ နန္ဒနေဝနေ၊ နန္ဒဝနဟု သာလွန်တင့်တယ် ပန်းမြိုင်လယ်၌။ အဆွေရာဟိ၊ နတ်သင်္ဃာကညာ ပေါင်းမျိုးစွာတို့နှင့်။ ပုရက္ခိတော၊ ရှေ့နောက်ဝဲယာ၊ ဝန်းရံကာဖြင့်။ နစ္စဂီတေဟိ၊ ကခြင်း သီချင်းတီးမှုတ်ခြင်းတို့ဖြင့်။ ရမာမိ၊ ပျော်မွေ့ပျိုးပါးပါး နေရပါသည်အရှင်ဘုရား။

သရက်ခြုံစောင့်နတ်သားဝတ္ထုပြီး၏။

* * *

ဂေါပါလနတ်သားဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ ဥယျာဉ်တော်ဖြစ်သော ဝေဠုဝနမင်းကျောင်းခွဲ ကိန်းအောင်းမွေ့လျော်စံပျော်တော်မူစဉ်အခါ၊ ရာဇဂြိုဟ်ပြည်သား မထင်ရှားသော နွားကျောင်းသားယောကျ်ားတယောက်သည် နံနက်စာအလို့ငှါ ပုဆိုးပိုင်းဖြင့် ကုမာသမယောမနှင့်ကိုထုပ်၍ယူပြီးလျှင် မြို့တွင်းမှထွက်ခဲ့၍ နွားတို့၏ကျက်စားရာ ရေသောက်ရာဖြစ်သောမြေအပြင်သို့ရောက်၍နေ၏။ ထိုနွားကျောင်းသား၌ အခွင့်မပြေမောဝင်လာနိုင်သည့် ဤသူသည်ကား ယခုပင်လျှင် သေခြင်းကိုပြုလတ္တံ-ဟု မြင်တော်မူ၍။ ငါ့အား-ကုမာသ မယောမနှင့်ကို လှူ၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်လတ္တံဟု- သိတော်မူလျှင်၊ ထို-နွားကျောင်းသား၏နေရာအနီးသို့ကြွသွားတော်မူ၏။

ထို-နွားကျောင်းသားသည် နေအမှိန် ဂိုဏေးသည်ကို ကြည့်ရှု၍ ဖေထေး မြတ်အား ကုမာသမယောမနှင့်ကိုလှူလိုသောစိတ်ဖြစ်၏။ ထိုဈာန်၌

နွားတို့လည်း ပဲခင်းကိုဝင်၍ စားကုန်၏။ ထိုအခါ၌ နွားကျောင်းသား သည် ဤသို့အကြံဖြစ်၏။ အသို့နည်း အရှင်မဟာ မောဂ္ဂလာန်ထေရ်မြတ် အား၊ ရှေးဦးစွာမနှဲ့လှူရမည်လော။ ထိုသို့မဟုတ်နွားတို့ကို ပဲခင်းမှထုတ် နှင်ရမည်လောဟုကြံပြီးမှ ဤသို့ကြံပြန်၏။ပဲခင်းရှင်သည် ငါ့အား အလို ရှိသလိုပြုပေစေတော့။ မထေရ်မြတ်ကြွသွားတော်မူလျှင် မနှဲ့မလှူလိုက် ရဘဲ အလှူ၏အန္တရာယ်ဖြစ်ရာ၏။ ယခုပင်လျှင် ငါသည် မထေရ်မြတ် အား၊ မယောမနှဲ့ကို ကပ်လှူတော့အုံ့ဟုကြံ၍ မထေရ်မြတ်အား မယော မနှဲ့ကိုကပ်လှူ၏။

အရှင်မဟာ မောဂ္ဂလာန် ထေရ်မြတ်သည် အစဉ် သနားခြင်းကို အကြောင်းပြု၍အလှူခံတော်မူ၏။ ထိုသို့လှူပြီး၍ နွားတို့ကိုပဲခင်းမှ ထုတ် နှင်ခြင်းငှါ ဘေးအန္တရာယ်ရှိမရှိကို မကြည့်ရှုဘဲ လျင်မြန်စွာသွား၍ ဖြေ ဖြင့် တိုက်ခိုက်မိသော ဖြွေဟောက်သည်ကိုက်လေ၏။ မထေရ်မြတ်သည် လည်း ထိုနွားကျောင်းသားအား အစဉ်သနား၍မယောမနှဲ့ကိုသုံးဆောင် တော်မူခြင်းငှါ အားထုတ်၏။ နွားကျောင်းသားသည်လည်း နွားတို့ကို ပဲခင်းမှနှင်ထုတ်၍ပြန်လာ၏။

မထေရ်မြတ်သည် မယောမနှဲ့ကို ဘုဉ်းပေးတော်မူလျက် နေသည်ကို မြင်၍ အလွန်နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် ကြည့်ရှုကာနေ ၏။(ဗိမိခြေ၌ဖြွေဟောက်ကိုက်သည်ကိုဂရုမစိုက်။ထိုဆာ၌ ပြင်းထံသော မြွေဆိပ်သည် တကိုယ်လုံးလွှမ်းမိုး၍ ဦးခေါင်းသို့ ရောက်သည်ရှိသော၊ သေခြင်းသို့ရောက်ရှာလေသတည်း။ သေဆုံးပြီးနောက် တာဝတိံသာ နတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာ ဗြောဇိမာန်၌နတ်သားဖြစ်၍ ရှေးက အမည်အားဖြင့် **ဂေါပါလနတ်သား** ဟု ထင်ရှားလေသတည်း။

အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည်လည်း တာဝတိံသာ နတ် ပြည်သို့ ဒေသစာရီကြွချီတော်မူ၍သိတော်မူလျက်ပင်လျှင်၊ထို**ဂေါပါလ နတ်သား** ကိုမေးတော်မူ၏။ အဘယ်သို့မေးတော်မူသနည်းဟူမူကား။ ။ ဂေါပါလဟု နာမထင်ရှား အိုနတ်သား။ သင်နတ်သားသည် ရှည်ကြာ လေးမြင့်၊ သင့်တင့်မြဲခိုင် တည့်တံ့နိုင်သော ဆောင်ပျံဘုံဆင့် ဗိမာန်ဖြင့် ဝယ်၊ တင့်တယ်ထွန်းလင်း၊ ငွေလမင်းကဲ့သို့၊ ပုလဲပတ္တမြား၊ ဆင်၍ထား သော လက်စွပ် လက်ကြိတ်၊ ဟတ္ထာဘရဏာ၊ လက်ဝတ်တံဆာရှိလျက် များသောအခြံအရံလည်းရှိ၏။ တံဆာဆင်ကာ၊ ပန်းပန်ကာဖြင့် ကောင်း

စွာ ဝတ်ရုံသော နတ်ဝတ်ပုဆိုး ကောင်းစွာပန်ဆင်သော နားဆောင်း၊ ကောင်းစွာပြုပြင်အပ်သော ဆံပင်မုတ်ဆိတ်ရှိလျက်၊ ငွေလမင်းကဲ့သို့ တင့်တယ်တောက်ပအလွန်လှ၏။

ချိုသောအသံရှိကုန်သော နတ်စောင်းတူရိယာတို့ကို တီးမှုတ်ကြကုန်သော ခြောက်ကျိပ် လေးယောက်ကုန်သော နတ်သိုးကညာ တို့သည်လည်း က,ခြင်း သီခြင်း, တီးမှုတ် ခြင်းတို့ဖြင့် အပျော်ဆက်ခါ ခြံရံကြကုန်၏။ သင်နတ်သားသည် ကြီးစွာသောနတ်ဂုဏ်ဒွိတန်ခိုးရှိ၏။လူဖြစ်စဉ် အခါက အဘယ်ကောင်းမှု ကုသိုလ်ကို သင်ပြုလုပ်သနည်း။ အဘယ် ကုသိုလ်ကောင်းမှုကိုပြုသောကြောင့် ဤကဲ့သို့ထွန်းလင်းတောက်ပသော အရောင်အဆင်းရှိသနည်း။သင်နတ်သား၏အဆင်းအရောင်သည် အလုံးစုံသော အရပ်မျက်နှာသို့ သွယ်ဝိုက်ထွန်းလင်း တောက်ပခြင်းရှိ၏။ ငါ မေးတော်မူသည်ကို လျင်စွာခဏ ဖြေကြားဦးလော။

ဤသို့အခွင့်မဟာမောဂ္ဂလာန် မေးတော်မူသည်ရှိသော်၊ ထိုနတ်သားသည် ဝမ်းမြောက်သောစိတ်ဖြင့် ဖြေကြားလျှောက်တင်လေ၏။ ။ ထိုနတ်သား ဖြေကြားလျှောက်တင်သောဂါထာကို ကောင်းစွာမှတ်သားမှတ်ယူ ပြည်သို့ပြန်ကြွလာသောအခါ အခွင့်မဟာမောဂ္ဂလန်ထေရ်မြတ်သည် မြတ်စွာဘုရားအား လျှောက်ကြား၏။

မြတ်စွာဘုရားသည် ရဟန်းပရိသတ်တို့အား။ ။ ဒိသ္ဝာနဒေဝံ ပဋိပုစ္ဆိ ဘိက္ခဝေ။ ။အစရှိသောဂါထာတို့ဖြင့် ဟောကြားတော်မူ၏။ ။ ထိုဂါထာတို့၏အနက်ကား ဤသို့တည်း။

ဘိက္ခဝေ၀၊ ချစ်သားရဟန်းတို့။ ဘိက္ခဝေ၀၊ မဟာမောဂ္ဂလာန် အမည်ရှိသော ရဟန်းသည်။ ဒေဝံ၊ ဂေါပါလ နတ်သားကို။ ဒိသ္ဝာန၊ မြင်ရ၍။ ပဋိပုစ္ဆိ၊ မေးမြန်းလေ၏။ကိုဏ် အဘယ်သို့မေးမြန်းလေသနည်းဟူမူကား။ စိရဋ္ဌိတိကော၊ ရှည်ကြာလေးမြင့်၊ သင့်တင့်မြဲခိုင်၊ ဟည်တံ့နိုင်သော။ ဥဿေဝိမာနမ္ဟိ။ ဆောင်ပျံဘုံဆင့်၊ ဗိမာန်မြင့်၌။ အာမရတ္တဟတ္ထာဘရဏောဝ၊ ကောင်းစွာဝတ်ဆင်၍ထားသော ပတ္တမြားပုလဲလက်စွပ်၊ လက်ဝတ် တံဆွဲရှိလျက်။ ယသသာ၊ အခြံအရံ မျှားစွာရှိလျက်။ ဒိဗ္ဗေဝိမာနမ္ဟိ၊ နတ်ဗိမာန်၌။ စန္ဒိမာယ်ထာ တင့်တယ်ထွန်းလင်းငွေလမင်းကဲ့သို့။ ယသသာ၊ မျှားသောအခြံအရံလည်းရှိ၏။

အလက်တော၊ တံဆာဆင်လျက်။ မာလဂေါ်ပန်းပန်လျက်။ သုဝဏ္ဏာ၊ နတ်ဝတ်ပုဆိုးကို ကောင်းစွာဝတ်ရုံလျက်။ သုကဏ္ဍလီ၊ ပတ္တမြားနားဆွဲကို ကောင်းစွာပန်ဆင်လျက်။ ကပ္ပိတကေသမသည်၊ ကောင်းစွာ ပြုပြင်၍ထားသော၊ ဆံပင်မုတ်ဆိတ်လည်းရှိ၏။

ဝဂ္ဂု၊ ချိုသော အသံရှိကုန်သော။ ဒိဗ္ဗာစဝိဏာ၊ နတ်စောင်းတို့ကို လည်း။ ပဝဒန္တိ၊ တီးကြကုန်၏။ သိက္ခိတာ၊ ဂ,ခြင်း သင်ခြင်းခံ လိမ္မာ ကုန်သော။ သာဓုရုပါ၊ ကောင်းသော အမူအရာသဘော ရှိကုန်သော။ တိဒသစရာ၊ တာဝတိံသာနတ်ပြည်ခံ ပျော်ပါးခြင်းနေကုန်သော။ ဥဒ္ဓာရာ၊ မွန်မြတ် ကောင်းမွန်သော အဆင်း အရောင် ရှိကုန်သော။ အဋ္ဌ ဋ္ဌကာ၊ ခြောက်ကျိပ်လေးရောက်ရှိကုန်သော။ ဒိဗ္ဗာစကညာ၊ အဆင်းလှစွာ နတ် ကညာတို့သည်။ နစ္စန္တိ၊ ကကြကုန်၏။ ဂါယန္တိ၊ သီချင်းကိုသီဆိုကြကုန် ၏။ ပမောဒယန္တိ၊ မွေ့လျော်နှစ်သက် အပျော်ဆက်ကြကုန်၏။

မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ တွံ၊ သင်နတ်သား သည်။ ဒေဝိဒ္ဓိပတ္တော၊ နတ်ဣဒ္ဓိတန်ခိုးသို့ရောက်သည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ကိံ ပုညံ၊ အဘယ်ကောင်းမှုကို။ အကာသိ၊ ပြုလုပ်ဘူးပေသနည်း။ ဣတိ၊ ဤသို့။ ဘိက္ခု ငါ၏တပည့်ကြီး လက်ဝဲတော်ရုံ မောဂ္ဂလာန် မည်သော ရဟန်းသည်။ ပဋိပုစ္ဆိ၊ မေးမြန်း လေ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မောဂ္ဂလာနေန၊ ငါ၏တပည့်ကြီး လက်ဝဲတော်ရုံ၊ မောဂ္ဂလာန်မည်မှတ်၊ ရဟန်းမြတ်က။ ပုစ္ဆိ၊ တော၊ မေး အပ်သော။ သောဒေဝပုတ္တော၊ ထိုနတ်သားသည်။ ပဋိ၊ အမေးပုစ္ဆာ ပြုသနာကို။ ဝိယာကာသိ၊ ထင်စွာစကား၊ တင်လျှောက်ကြား၏။

အဟံမနုဿေသု မနုဿဘူတော၊
သင်္ဃမှရက္ခိသံ ပရေသံ ဧနုယော။
တတောစ အာဂါ သမဏော မမန္တိကေ။
ဂါဝေါစ မာသေ အ ဂမံသု ခါဒိတုံ။ ။
ဒုယဇ္ဈ ကိစ္စံ ဥဘယတ္ထ ကာရိယံ၊
ဣဒ္ဓေဝံ ဘန္တေ တဒါ,ဝိ စိန္တေသိံ
တတောစ,သည်ံ ပဋိလဒ္ဓ ယောနိသော။
ဒဒါမိ ဘန္တေ တိ ခိပိံ အနန္တကံ။ ။

အဟံ၊ တပည့်တော်သည်။ မနုဿသူ၊ လူ့ပြည်တို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ပရေသံ၊ သူတပါးတို့၏။ ဝေနယော၊ နွားမတို့ကို။ သင်္ဘမ ပေါင်းရ၍။ ရက္ခိဿံ၊ ကြောင်းရပါသည်အရှင်ဘုရား။(နွားမတွေ အမျိုးကိုရုပေါင်း၍ ထိန်းကြောင်းရသည်ဟူလို)။ တတော၊ ထိုနောက်။ သမဏော၊ မြတ်စွာဘုရား၏တပည့်ကြီး လက်ဝဲတော်ရံ မောဂ္ဂလာန်မည့် မှန်း မြတ်ရဟန်းသည်။ မမ ဣဒေ၊ တပည့်တော် နွားကြောင်းသော နေရာအနီးသို့။ အာဂါ၊ ကြွလာပါသည်အရှင်ဘုရား။ ဂါဝေါစ၊ နွားတို့ သည်လည်း။ မာသေ၊ ပဲကြီးပဲလွန်းတို့ကို။ ခါဒိတုံ၊ ခဲစားခြင်းငှါ။ အဂမံ သု၊ သွားကြပါကုန်၏ဘုရား။

အဇ္ဇ၊ ယခုလိုနေရသောအခါ၌။ ဒွယံ၊ အရှင်မောဂ္ဂလာန်ကိုမုန့်ကပ်ရန် နွားတို့ကို တားဆီးရန် နှစ်တန်ဖြစ်၍ နေသော။ ကိစ္စံ၊ ပြုဘွယ်ကိစ္စကို။ ဥဘယဠ္ဠ၊ နှစ်ကိစ္စလုံးပင်လျှင်။ ကာရိယံ၊ ပြုလုပ်ရမည်ဖြစ်၍ နေပါ၏ တကား။ ဣဒ္ဓေဝံ၊ ဤသို့။ တဒါ၊ ထိုနှစ်ကိစ္စကြုံ၍တွေ့ဆုံသောအခါ၌။ အဟံ၊ တပည့်တော်သည်။ ဝိဘိန္ဒေ သိ ဘန္တေ၊ အထူးကြံမိ ပါသည် ဘုရား။

တတောစ၊ ထိုကြံပြီးနောက်မှလည်း။ ယောနိသော၊ အသင့်အားဖြင့်။ သည်ံ၊ တရားဘက်သို့သက်ဝင်သောအမှတ်သညာကို။ ပဋိလဒ္ဓ၊ ရပါ၍။ ဒဒါမိ ဘန္တေ တိ၊ လျှပါ၏ဘုရားဟုဆို၍။ အနန္တ ကံ၊ ပုဝါပိုင်းဖြင့် ထုပ် ထားသောမုန့်ထုပ်ကို။ ခိပိ ံ စ၊ အရှင်မောဂ္ဂလာန်၏လက်တော်သို့အရေး တကြီးပစ်ချ၍လျှရပါသည်ဘုရား။

သော၊ ထိုတပည့်တော်သည်။ ဝုရိတော၊ အဆောလျင်စွာ။ မာသ ဘေတ္တုံ ပဲခင်းသို့။ အယံ၊ ဤပဲခင်းသည်။ ပုရာဘဒ္ဒတိ၊ မယျက်စီးမီ။ အဝါ သ ရိ ံ ပြေးသွားရပါသည်ဘုရား။ (မွန်းတည့်လုနီးဖြစ်သောအချိန်အခါ၌ ရောက်လာသော အရှင်မောဂ္ဂလာန်ကို မုန့်လှူချင်သောစိတ်ဖြစ်၍ ပဲခင်း ဂိုရာသို့သွားသော နွားတို့ကို နောက်မှသွား၍တားဆီးမောင်းနှင်ခဲ့ဟုကြံ လျက်၊ ပုဝါပိုင်း ပုဆိုးပိုင်းဖြင့်ထုပ်၍ ပခုံးပေါ်၌ ထားသော မုန့်ထုပ်ကို ဖြေ၍ မနေနိုင်ဘဲ၊ အရေးတကြီး မုန့်ထုပ်ကို အရှင်မောဂ္ဂလာန်၏ လက် တော်သို့ လျှပါ၏ဘုရားဟုပစ်ချ၍ ပဲခင်းသို့နွားမတွေ့ဝင်၍မစားမီ ပြေး သွားရသည်ဟူလို)။

တတောစ ကဏ္ဍော ဥရဂေါ မဟာဝိသော၊
အခုံသိ ပါဒေ တုရိတသ မေသတော။

တတောစ၊ ထိုနောက်၌ပင်လျှင်။ ဝါ၊ မုန့်ထုပ်ကို လက်ပေါ်သို့ပစ်ချ၍ လှုပြီးသောနောက်မှပင်လျှင်။ ကဏ္ဍော၊ မည်းနက်သော။ ဥရဂေါ၊ မြွေဟောက်သည်။ တုရိတသသတော၊ လျင်စွာပြေးသွားသော။ မေ၊ တပည့်တော်၏။ ပါဒေ၊ ခြေ၌။ အခုံသိ၊ ကိုက်ပါသည်အရှင်ဘုရား။

သွာဟံအန္ဓောမှိ ဒုက္ခေန ပိဋ္ဌိတော။
ဘိက္ခုစ တံယာမံ မုဠ္ဠတ္ထာ အနုန္တကံ။
အဟာသိ ကုမာသံ မမာနုကမ္ပာယ။
တတောဒုတော ကာလက်တောမှိ ဒေဝတာ။ ။

သွာဟံ-သောအဟုံ၊ ထိုမြွေကိုက်သော တပည့်တော်သည်။ အန္ဓော၊ နာကျင်သည်ဖြစ်၍။ ဒုက္ခေန၊ ဆင်းရဲခြင်းဖြင့်။ ပိဋ္ဌိတော၊ နှိပ်စက်သည်။ အမှိ၊ ဖြစ်ပါ၏ဘုရား။ ဘိက္ခုစ၊ မောဂ္ဂလာနမည်မှန်း မြတ်ရဟန်းသည်လည်း။ တံယာမံ၊ ထိုမွန်းတည့်လုနီးစွာ၊ အမျိုးအခါ၌။ အနုန္တကံ၊ မုန့်ထုပ်ကို။ မုဠ္ဠတ္ထာ၊ ဖြေ၍။ မမာနုကမ္ပာယ၊ တပည့်တော်ကိုအစဉ်သနားခြင်းဖြင့်။ ကုမာသံ၊ မယောမုန့်ကို။ အဟာသိ၊ ဆောင်ယူတော်မူပါသည်အရှင်ဘုရား။ တတော၊ ထိုနောက်မကြာမီပင်လျှင်။ ကာလက်တော၊ သေဆုံး၍။ ဒုတော၊ ဘဝပြောင်းလျက်။ ဒေဝတာ၊ နတ်သည်။ အမှိ၊ ဖြစ်ရပါသည်ဘုရား။

ဂေါပါလနတ်သား သည် လူဖြစ်စဉ်အခါက၊ ဆင်းရဲလွန်စွာ သူတပါးတို့၏နွားတို့ကို ထိန်းကြောင်း၍နေရသော သူဆင်းရဲ လူမွဲဘဝမှ ဒုတေလျှင် အလွန် ချမ်းသာသော နတ်သားဘဝသို့ရောက်၍ ဘယ်အကြောင်းကြောင့် ဤသို့ချမ်းသာ ကြီးမားစွာသော စည်းစိမ်ကို ရပါလိမ့်မည်နည်းဟုဆင်ခြင်၍၊ အရှင်မောဂ္ဂလာနအား မယောမုန့်လှူသော ကုသိုလ်ကြောင့်၊ ချမ်းသာ စည်းစိမ် ကြီးမားသော နတ်သား ဘဝသို့ရောက်ရပါတကားဟု အောင်းမေ့လျက် အရှင်မဟာ မောဂ္ဂလာန်ကို ကျေးဇူးတင်လှသောကြောင့် အကြိမ်ကြိမ်ဦးနှိမ်ညွှတ်ကျိုး လက်ခုံမိုး၍ ဂိုဏိုးခြင်းကိုပြုလေသတည်း။

တဒေဝကမ္မံ ကုသလံ ကတံမယာ၊
သုခဠကမ္မံ အနုဘောမိ အတ္ထနာ။
တယာဟိဘဉ္ဇေ အနုကမ္ပိတောဘုသံ၊
ကတညုတာယ အဘိဝါဒယာမိတံ။ ။

ဘဉ္ဇေ အရှင်မောဂ္ဂလာန်ဘုရား။မယာ၊တပည့်တော်သည်။တဒေဝ-တံဇေဝကမ္မံကုသလံ၊ ထိုမနုဿလူသော ကုသိုလ်ကံကိုသာလျှင်။ ကတံ၊ ပြု ဘူးပါသည်ဘုရား။ အတ္ထနာ၊ မိမိသည်။ ကမ္မံ ပြုလုပ်သော ကုသိုလ်ကံ ၏အကျိုးကို။ သုခဠ ချမ်းသာစွာသာလျှင်။ အနုဘောမိ၊ ခံစားရပါသည် အရှင်ဘုရား။ တယာဟိ၊ တယာဇေဝ၊ အရှင်ဘုရားသည်သာလျှင်။ ဘုသံ၊ လွန်စွာ။ အနုကမ္ပိတောဘော၊ သနားခြင်းရှိပါသည်ဘုရား။ တံ၊ တပည့်တော် အား သနားသဖြင့် မနုဿလူခံသော အရှင်ဘုရားကို။ ကတညုတာယ၊ ကျေးဇူး တင်လှသဖြင့်။ အဟံ၊ တပည့်တော်သည်။ အဘိဝါဒယာမိ ဦးခေါင်းညွှတ်ကျိုး လက်ရုံမိုးချီရှိခိုးပါ၏ဘုရား။

သဒေဝကေ လောကေ သမာရကေစ၊
အညော မုနိနတ္ထိ တယာနုကမ္ပကော။
တယာဟိ ဘဉ္ဇေ အနုကမ္ပိတောဘုသံ၊
ကတညုတာယ အဘိဝါဒယာမိ တံ။ ။

ဘဉ္ဇေ အရှင်ဘုရား။ သဒေဝကေ နတ်နှင့်တကွသော။ သမာရကေ၊ မာရ်ပမာသတ်နှင့်တကွသော။ လောကေစ၊ သုံးလောကခွဲလည်း။ တယာ၊ အရှင်ဘုရားထက်။ အနုကမ္ပကော၊ တပည့်တော်အား သနားတတ်သော။ အညော၊ တပါးသော။ မုနိ၊ ရဟန်းသည်။ နတ္ထိ၊ မရှိပါဘုရား။ တယာဟိ၊ တယာဇေဝ၊ အရှင်ဘုရားသည်သာလျှင်။ ဘုသံ၊ သူတပါးတို့ထက် ပိုလွန်စွာ။ အနုကမ္ပိတောဘော၊ တပည့်တော်အား သနားခြင်း ရှိပါပေ၏ ဘုရား။ ကတညုတာယ၊ အရှင်ဘုရားအား ကျေးဇူးတင်လှသဖြင့်။ တံ၊ အရှင် ဘုရားကို။ အဘိဝါဒယာမိ လက်အုပ်ချီမိုး ဦးနှိုက်ကျိုးချီ ရှိခိုးပါ၏ဘုရား။

အရှင်ဘုရားလာ၍ မုနိုဿလူခံပေသောကြောင့် တပည့်တော်မှာ နတ်စည်းစိမ်ကိုရ၍ ဖြေချမ်းသာ နေရပါသည်ဘုရား။ အရှင်ဘုရားကျေးဇူး ကို အောင်းမေ့သဖြင့် ရှိခိုးပါ၏ဘုရားဟူ၍ **ဂေါပါလနတ်သားက** လျှောက်ကြားလေသတည်း။

ဂေါပါလနတ်သားဝတ္ထုပြီး၏။

* * *

မှားဘက်တော်ကလျှာကမြင်းနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မွေ့လျော်ရှင်ပြုံးသိတင်းသုံးတော်မူစဉ်အခါ၊ အရှင်မဟာမောဂ္ဂလာန်ထေရ် မြတ်သည်၊ ကြွေချိုတော်မူမြဲဖြစ်သော တာဝတိံသာနတ်ပြည်သို့ ဒေသစာရိကြွေချိုတော်မူသောအခါ၊ ကလျှာကမြင်းနတ်သားသည် ဗိမာန်ဘုံဗိမာန်အတွင်းမှထွက်၍နတ်ရထားကိုစီးလျက် ကြီးစွာသော ဒေဝိဒ္ဓိတန်ခိုးဖြင့် မျှားစွာသောအဝေဒြအရံတို့နှင့်တကွ ဥယျာဉ်ကစားထွက်လာသောအခါ အရှင်မဟာ မောဂ္ဂလာန်ကိုမြင်၍ ရှိသေလေးမြတ်စွာ နတ်ရထားပေါ်မှ လျင်မြန်စွာ ဆင်းသက်၍ မထေရ်မြတ်ကို ငါးပါးသော တည်ခြင်းဖြင့် ဂါရိုး၍ လက်အုပ်ချီလျက်ရပ်နေ၏။

ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်သည် ဤဂါထာတို့ဖြင့် မေးတော်မူ၏။

ပုဏ္ဏမာသေယထာစန္ဒော၊ နက္ခတ္တပရိဝါရိတော။
သမန္တာ အနုပရိယာတိ၊ တာရကာဗိပတိသသိ။ ။
တထူပမံဇုဒ်ဗျမှ၊ ဒိဗ္ဗံ ဒေဝ ပုရဂ္ဂိစ၊
အတိရောစတိ ဝဏ္ဏေန၊ ဥဒယန္တော ဝရံသိမာ။ ။

ပုဏ္ဏမာသေ၊ မိုးခိုးမြှုတိခ်ိ၊ သူရိန်မတွေ့၊ လပြည့်နေ့၌။ နက္ခတ္တပရိဝါရိတော၊ နက္ခတ်ပန်းနွယ်၊ ဆန်းကြယ်ထူးထွေ၊ ဘော်ရွှေမျှားစွာ၊ ဝန်းရံပါသော။ တာရကာဗိပတိ၊ သရ်ျာသရ်ျ၊ ရံရွှေခညောင်း၊ ကြယ်အပေါင်းတို့ဖ

်မင်းလည်းဖြစ်ထသော။ သသိ၊ ဇိုဝိတစာဂ။ ဒါနုပရမတ်၊ အမြတ်အလှူ၊ ကြည်ဖြူခင်မင်၊ မိုးတွင်ခုန်ဆင်း၊ ရွှေယုန်မင်းကို၊ သောင်းတွင်းဇမ္ဗူ။ နတ်လူသိမြင်၊ မိုးကောင်းကင်ဝယ်၊ ပေါ်ထင်တာရှည်၊ ကမ္ဘာတည်အောင်၊ တောင်ဆိုနတ်ဆေး၊ ရောင်လျှံပြေးလျက်၊ မြသွေးငွေသား၊ သိကြားပုံနှိပ်၊ ဂုဏ်အတိတ်ဖြင့်၊ ယုန်တံဆိပ် အရေးလည်း ရှိထသော။ စန္ဒာ၊ ရောင်လျှံထွန်းလင်း၊ ငွေလမင်းသည်။ သမန္တာ၊ မြင့်မိုရ်ခါးပန်း၊ ယုဂန်ခန်းဝယ်၊ ပျံသန်းဝေဟင်၊ ထက်ဝန်းကျင်မှ။ အနုပရိယာတိယထာ၊ စကြာ ယွန်းချီ၊ လေးကွန်း မှီအောင်၊ လည့်လည် သွားလာ သကဲ့သို့။ တထူပမံ–ဘထာဥပမံ၊ ထိုဥပမာ၊ အတူသာလျှင်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။

ဤဒံဗျမှုစ၊ ဤနှတ်ဗိမာန်ကြီးသည်လည်း။ ဒေဝပုရမှာ၊ နှတ်ပြည်၌။ ရုံသိမာ၊ အရောင်လျှံဝင်း၊ ထွန်းလင်းစွာရှိသော။ ဥဒယန္တောဝ၊ တက်လတ်သော နေမင်းကဲ့သို့။ ဝဏ္ဏေန၊ အရောင်အဆင်းအားဖြင့်။ အတိရောစတိ၊ အလွန်တင့်တယ်တောက်ပ၏။

ဝေဠုရိယသုဝဏ္ဏသ၊ ဖလိယာရူပိယသ ဝါ။
မသာရဂလ္ဂ မဏ္ဍာဟိ၊ လောဟိတင်္ဂမဏိဟိစ။ ။
စိတြာ မနောရမာဘူမိ၊ ဝေဠုရိယသသန္ထုတာ။
ကုဋာဂါရာ သုဘာရမ္မာ၊ ပါသာဒေါ တေ သုမာပိတော။ ။

ဝေဠုရိယသ ဝါ ကျောက်မျက် ရွဲဖြင့်ရင်း။ သုဝဏ္ဏသ ဝါ ရွှေဖြင့်ရင်း။ ဖလိယာ ဝါ ဖလင်ဖြင့်ရင်း။ ရူပိယသ ဝါ ငွေဖြင့်ရင်း။ မသာရဂလ္ဂ မဏ္ဍာဟိ ဝါ ပဋ္ဌမြားပြောက် ပုလဲတို့ဖြင့်ရင်း။ လောဟိတင်္ဂမဏိဟိစ ပဋ္ဌမြားနီမြတို့ဖြင့်ရင်း။ နိမ္မိတာ၊ ဘုန်းဆင်းအပ်ကုန်၏။ ဝါ၊ စီချယ်၍ထား အပ်ကုန်၏။ ဘူမိ၊ မြေအပြင်သည်။ ဝေဠုရိယသ၊ ကျောက်မျက် ရွဲဖြင့်။ သန္ထုတာ၊ ခင်းထားသည်ဖြစ်၍။ မနောရမာ၊ နှလုံးမွေ့လျော်ဘွယ်။ စိတြာ၊ ဆန်းကြယ်လှစွာ၏။ ကုဋာဂါရာ၊ အထွဋ်အမှန်၊ အချွန်အတက်၊ ပန်းခက်ပန်းဆွဲတို့သည်။ သုဘာ၊ လှပတင့်တယ်ကုန်သည်ဖြစ်၍။ ရမ္မာ၊ မွေ့လျော်ဖွယ်ပါးဘွယ်ဖြစ်ကုန်၏။ တေ၊ သင်နှတ်သား၏။ ပါသာဒေါ၊ ဘုံပျံထူးဆန်း ပြာသာဒ် နန်းသည်။ သုမာပိတော၊ ဖလိုရွှေ ပဋ္ဌမြား၊ ငွေသားပုလဲ၊ မျက် ရွဲကျောက်ရောင်၊ တောက်ပြောင်ထိန်ဝင်း၊ ဘုန်းဆင်းချယ်ဦ. ကောင်းစွာတည်၏။

ရမ္မာစတေပေါက္ခရဏီ၊ ပုထုလောမနိသေဝိတာ။
အနေ္ကာဒဏကာ ဝိပ္ပသန္နာ၊ သောဏ္ဍကါဠုကသန္ထုတာ။ ။
နာနာပဒုမသဏ္ဍန္နာ၊ ပုဏ္ဍရိက သမောဟတာ။
သုရဘိ သမ္ပဝါယန္တိ၊ မနုညာ မာလုတေရိတာ။ ။

တေ၊ သင်နှတ်သား၏။ ပေါက္ခရဏီ၊ ချိုးရေနံသုံးရန်၊ အသင့် ဖန်သော ရေကန်ကြီးသည်။ ရမ္မာစ၊ မွေ့လျော်တင့်တယ်၊ ပျော်ဘွယ်ရာလည်း ဖြစ်၏။ ဝါ၊ တေ၊ သင်နှတ်သား၏။ ရမ္မာ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ပေါက္ခရဏီစ၊ ချိုးရေနံသုံးရန် ကံစီမံသောရေကန်ကြီး သည်လည်း။ ပုထုလောမနိသေဝိတာ၊ ငါးယောင်ဆောင်ကာ၊ ရေမှာ

ကျက်စား၊ငါးနတ်သားတို့၏ပျော်ပါးမှီရိုရှိ လည်းဖြစ်၏။ အဆွေဘဒကာ၊ ကြည်လင်သောရေလည်းရှိ၏။ ဝိပ္ပသနာ၊နောက်ကြွေခြင်းမရှိပေ။ သောဏ္ဏ ဝါဠုကသည်တော၊ ရွှေရောင်အဆင်းရှိသော သဲတွင်ဖြင့်လည်း ခင်းဖြန့် လျက်တည်၏။ နာနာပဒုမသဏ္ဌာန်နှာ၊ အထူးထူးသော ပဒုမ္မာကြာမျိုးတို့ ဖြင့်လည်း ဖုံးလွှမ်းလျက်တည်၏၊ ပုဏ္ဏရိကသမောဟတာ၊ ပုဏ္ဏရိက် ကြာမျိုးတို့ဖြင့် လွှမ်းမိုးအုပ်ခြုံ၍တည်၏။ မာလုတေရိတာ၊ မာလုတ ဇရိတာ၊ လေညှင်းလေပြေ၊ တိုက်ခတ်လေသော်။ မနုညာ၊ စိတ်နှစ်သက် ဘွယ်ရှိအောင်။ သုရဘိ၊ ကောင်းသောအနံ့ကို။ သမ္ပဝါယန္တိ၊ မွှေးပျံ့ သင်းကြိုင်၊ ထုံလှိုင်ကုန်၏။

တာသုတေ ဥဘတောပသေသ၊ ဝနဂုမ္ဗာ သုမာပိတာ။
ဥပေတာ ပဒုမ္ဘရကေ္ခဟိ၊ ဖလရကေ္ခဟိစ ဥဘယံ။ ။

တေ၊ သင်နတ်သား၏။ တာသု၊ ထိုရေကန်ကြီး၏။ ဥဘတောပသေသ၊ နုံပါးနှစ်ဘက်တို့၌။ ဝနဂုမ္ဗာ၊ ပန်းနွယ်, ပန်းရုံ, ပန်းပင်ချုံတို့ကို။ သုမာ ပိတာ၊ ကောင်းစွာစီမံ ဖန်ဆင်းလျက် တည်ကုန်၏။ ပဒုမ္ဘရကေ္ခဟိစ၊ ဝေ ဖြိုင်ဖြာတင့်၊ ပင်လုံးပွင့်သော သစ်ပင်ပန်းပင်တို့နှင့်ရင်း။ ဖလရကေ္ခဟိစ၊ သီးနှုသီးကင်း၊ရွှန်းပျင်းအမှည့်၊အသီးရှိသောသစ်ပင်တို့နှင့်ရင်း။ ဥဘယံ၊ ဥဘယေဟိ၊ အသီးအပွင့်၊ အသင့်အလျော်၊ ရှင်ပျော်ဘွယ်ရာ၊ ဝေဆာရိပ် မြုံ၊ နှစ်ပါးရုံသော သစ်ပင်တို့နှင့်။ ဥပေတာ၊ ပြည့်စုံပါ၏ပေ၏။

သောဝဏ္ဏပါဒေ ပလ္လင်္ကော်၊ မဒုကေ ဂေါဏသန္ထုတေ။
နိသိန္နံဒေဝရာဇံ ဝ၊ ဥပတိဋ္ဌန္တိ အဗ္ဘုရာ။ ။
သဇ္ဇာဘရဏသဏ္ဌာန်နှာ၊ နာနာမာလာ ဝိဘူသိတာ။
ရမန္တိ တံ မဟိဒ္ဓိကာ၊ ဝသဝတ္တိဝ မောဒသိ။ ။

သောဝဏ္ဏပါဒေ၊ ရွှေသားအတိ၊ အခြေရှိသော။ ပလ္လင်္ကော်၊ ပန်းပြောက် ပန်းနွယ်၊ ဆန်းကြယ်လှစွာ၊ ရတနာဖြင့်၊ တန်ဆာဆာရင်း၊ ရွှေပလွင်၌။ မဒုကေ၊နူးညံ့စွာသော။ဂေါဏသန္ထုတေ၊သားမွေးအခင်း၌။ ဒေဝရာဇံ ဝ၊ သိကြားမင်းကဲ့သို့။ နိသိန္နံ၊ နေထိုင်သော။ တံ၊ သင်နတ်သားကို။ အဗ္ဘုရာ၊ နတ်သျှီးကညာတို့သည်။ ဥပတိဋ္ဌန္တိ၊ ဆည်းကပ်ခစား၊ ပျော်ပါးရှင်ပြ၊ ဝန်းရံကြကုန်၏။ သဇ္ဇာဘရဏသဏ္ဌာန်နှာ၊အလုံးရုံသောနတ်ဝတ်တံဆာတို့ ဖြင့် ဖုံးလွှမ်းဝတ်ရုံကြကုန်သော။ နာနာမာလာဝိဘူသိတာ၊ အထူးထူး

သောပန်းတို့ကို ပန်ဆင်ကြကုန်သော။ ဝါ၊ ပန်းအမျိုးမျိုးတို့ဖြင့် ပန်ဆင်လျက်ရှိကြကုန်သော။ ဝါ၊ ဒေါနသရဖီ၊ နှင်းဆီဂမုံး၊ ကြက်ရုံးစမ္ပါယ်၊ တင့်တယ်ဝေမြှင်း ပန်းခိုင်ပန်းကုံး၊ ဆံထုံးဆံပင်၊ ရင်ထက်ရင်အောင်၊ ပန်ဆင်၍နေကြကုန်သော။ မဟာဒ္ဓိကာ၊ ကြိုးမားသောတန်ခိုးဖြင့်အမျိုးမျိုးဘန်ဆင်း၍နေနိုင်ကြကုန်သော။ အဆ္ဆရာ၊ နတ်သွေးကညာတို့သည်။ တံ၊ သင်-နတ်သားကို။ ရမ္ဘာ မွေ့လျော်နှစ်သက်၊ အပျော်ဆက်ကြကုန်ဏေ့။ တို့၊ သင်-နတ်သားသည်။ ဝသဝတ္တီဝ၊ ဝသဝတ္တီ နတ်မင်းကြီးကဲ့သို့။ မောဒသိ၊ မွေ့လျော်ပျော်ပါးစွာနေရပေဏေ့။

ဘေရိသင်ဒုဒ္ဓိဂ်ါဟိ၊ ဝိဏာဟိပဏဝေဟိစ။
မနုသိ ရတိ သမ္ပန္နော၊ နစ္စ ဂီတေ သုဝါဒိတေ။ ။

ဘေရိဟိုစ၊ စည်ကြီး စည်ငယ်တို့ဖြင့်ပင်း။ သင်ဒုဒ္ဓိဟိုစ၊ ခရာသင်း-နှဲ-ပလွေ တို့ဖြင့်ပင်း။ ဒုဒ္ဓိဂ်ါဟိုစ၊ ဗုံတို့ဗုံရည်၊ မရိုးစည် တို့ဖြင့်ပင်း။ ဝိဏာဟိုစ၊ နတ်စောင်း အမျိုးမျိုးတို့ဖြင့်ပင်း။ ပဏဝေဟိုစ၊ နတ်စည် အမျိုးမျိုးတို့ဖြင့်ပင်း။ နစ္စဂီတေ၊ က,ခြင်း သီချင်းတို့ကို။ သုဝါဒိတေ၊ ညီညီညာညာ ကောင်းစွာတီးမှုတ် က,ခုန်ကြသည်ရှိသော်။ တေ၊ သင်-နတ်သား။ဏေ့။ မနုသိ၊ စိတ်ဌ။ ရတိသမ္ပန္နော၊ မွေ့လျော်ပျော်ပါးခြင်းနှင့်ပြည့်စုံပေဏေ့။ (သင်ဏေ့စိတ်ထဲ၌ ပျော်ပျော်ပါးပါးနေသည်ဟူလို)။

ဒိဗ္ဗာ၊ တေ ဝိဝိဓာ ရူပါ ဒိဗ္ဗာ သဒ္ဒါ အဓိဂတာ ရသာ။
ဂန္ဓာ စ တေ အဓိပ္ပေတာ၊ ဖောဋ္ဌဗ္ဗာ စ မနောရမာ။ ။
တသ္မိံ ဝိမာနေ ပဝရေ၊ ဒေဝပုတ္တော မဟာပုဘာ။
အဘိရောစယိ ဝေဿဝ၊ ဥဒယဉ္စ ဝတာ ဝုဠုမာ။ ။

ဒိဗ္ဗာ၊ နတ်ပြည်ရှိ ကံကြောင့်ဖြစ်ကုန်သော။ ဝိဝိဓာ၊ အထူးထူးအပြားပြား မျိုးစွာကုန်သော။ ရူပါစ၊ ကြည့်ရှုဖွယ်ဟူယပ်၊ တင့်တယ်လှပသော အဆင်းတို့သည်ပင်း။ ဒိဗ္ဗာ၊ နတ်ပြည်ရှိကံကြောင့်ဖြစ်ကုန်သော။ သဒ္ဒါစ၊ နားအရသာကို၊ ကုန်သော အသံတို့သည်ပင်း။ အဓိဂတာ ထိုပြင်။ ဒိဗ္ဗာ၊ နတ်ပြည်ရှိ ကံအားလျော်စွာ အလိုလိုဖြစ်ကုန်သော။ ရသာ၊ စားဖွယ်သောက်ဖွယ် လျှက်ဖွယ်များစွာ အရသာ အမျိုးမျိုး တို့သည်ပင်း။ တေ၊ သင်-နတ်သား၏။ အဓိပ္ပေတာ၊ အလိုရှိတိုင်း ဖြစ်ပေါ်လာကုန်၏။ ဒိဗ္ဗာ၊ နတ်ပြည်ရှိ အလိုလိုဖြစ်ကုန်သော။ ဂန္ဓာ စ၊ စန္ဒကူး နှင့် ပြု-မွှေးကြ။

ထုံစွာ၊ နံ့သာအမျိုးမျိုးတို့သည်ရင်း။ တေ၊ သင်နတ်သား၏။ အဓိပ္ပေတာ၊ အလိုရှိတိုင်းဖြစ်ပေါ်လာကုန်၏။ မနောရမာ၊ နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော။ ဖေါ်ဌပ္ပါစ၊ အခင်းအရံ အလုံးစုံသော အတွေ့ကောင်းတို့သည်လည်း။ တေ၊ သင်နတ်သား၏။ အဓိပ္ပေတာ၊ အလိုရှိတိုင်း ဖြစ်ပေါ်လာကုန်၏။ ပဝေ၊ မွန်မြတ်လှစွာသော။ တတ္ထ ဝိမာနေ၊ အဆင်းအသံ အနံ့အရသာ၊ အတွေ့အာရုံ အလုံးစုံနှင့် ပြည့်စုံစွာရှိသော ထိုဘုံဗိမာန်ကြီး၌။ မဟာပဘာ၊ ကြီးသော အရောင် အဝါရှိသော။ ဒေဝပုတ္တော၊ နတ်သားသည်။ ဥဒယန္တော၊ တက်၍ထွန်းလင်းသော။ ဘာဏုမာဝ၊ နေမင်းကဲ့သို့။ ဝဇ္ဇေန၊ အဆင်းအရောင်ဖြင့်။ အတိရောစသိ၊ အလွန် တင့်တယ်တောက်ပပေ၏။

ဒါနသာ တေ ဣဒံဖလံ၊ အထော သီလသာ ဝါပန။
အထောအဠ္ဠလိကမ္မသာ၊ တံမေ အက္ခာဟိ ပုစ္ဆိတော။ ။

ဘောဒေဝပုတ္တ၊ ရတနာရောင်ရှိန်၊ ဂင်နိုထင်နိုညီးညီး၊ ဗိမာန်ကြီးငယ်၊ နတ်သို့မီးကဉာ၊ မျှားစွာခြွေရုံ၊ စည်းစိမ်ခံလျက်၊ ဘုန်းကံကြီးမား၊ အို-နတ်သား။ တေ၊ သင်နတ်သား၏။ ဣဒံ၊ ဤအကျိုးထူးသည်ကား။ ဒါနသာ၊ ဒါနကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးပေလော။ အထော၊ ထိုသို့မဟုတ်။ ဝါပန၊ တနည်းတဘုံ၊ သီလသာ၊ သီလ၏။ ဖလံ၊ အကျိုးထူးပေလော။ အထော၊ ထိုသို့မဟုတ်။ အဠ္ဠလိကမ္မသာ၊ ရတနာသုံးပါး ရဟန်းမျှားကို၊ စိတ်ထား ရှင်ကြည်၊ လက်အုပ်ချီသော၊ အဠ္ဠလိကမ္မကုသိုလ်၏။ ဖလံ၊ အကျိုးထူးပေလော။ မေ၊ ငါသည်။ ပုစ္ဆိတော၊ မေးတော်မူ၏။ တံ၊ ထို အကြောင်းကို။ အက္ခာဟိ၊ ယခုမကြာ လျှောက်ကြားပါလော။

ဤသို့အရှင်မဟာမောဂ္ဂလာန် မေးတော်မူသောအခါ၊ ဖွားဘက်တော် ကဿကနတ်သားသည် ဖြေကြားလျှောက်တင်လေသတည်း။

လက်ဝဲတော်ရံ တန်ခိုးထန်သည်၊ မောဂ္ဂလာန်မည်မှတ် အရှင်မြတ်။ တပည့်တော်သည်ကား အခြားသူမဟုတ်ပါ။ မြတ်စွာဘုရား၏ဖွားဘက်တော် ကဿကမြင်းဖြစ်ပါသည်အရှင်ဘုရား။ မြတ်စွာဘုရားသည်၊ ရမ္မ-သုရမ္မ-သုဘ-ရွှေနန်းမသုံးဆောင်ဝယ် တသောင်းရှစ်ထောင်သော သာကီဝင်မင်းသို့၊ ရှုမငြီးတို့နှင့် စည်းစိမ်ပျော်ပါး၊ စံစားတော်မူလျက် နေစဉ်အခါ၊ စီးတော်ယာဉ် မြင်းတော်မြတ် ဖြစ်ပါသည်ဘုရား။ သူ့အရှေ့, သူနာ,

သူသေ,ရဟန်း, လေးခဏ်းသောသံဝေဂနိမိတ်ဖြင့် ကြောက်ထိတ်လန့်ဖြတ်၊ ဘုံသုံးရပ်ကို၊ ကျဉ်းကြပ်နှောင်ဆည်း၊ သံတောင်ကြီးကဲ့သို့၊ ငြီးငွေ့စိတ်ကြီ၊ သန်းခေါင်ယာမ်ဝယ်၊ မောင်ဆန်ကိုနှိုးခေါ်၍၊ တပည့်တော်ကဿကမြင်းမြတ်အား အလောင်းတော်မြတ်ဘုရား၊သိद္ဓတ်မင်းသားက ဤသို့စကားမိန့်ကြားပါသည်။

မိန့်ကြားပုံကား။ ။ချစ်ဆွေမြင်းလှ၊ ကဿက။ ယနေ့ည မတ္တိမယာမ သန်းခေါင်ယာမ်အတွင်းဌ ငါ့အားဆောင်ခြင်း၍စီးတော်မြင်းဖြစ်ပါလော့၊ ငါသည်ဘုရားစင်စစ်၊ မင်းခေါင်ဖြစ်၍၊ လောကဘုံနေ၊ မျှားဝေဏှောကို၊ ခေမာသောင်ဂူ ပြည်နိဗ္ဗာန်သို့၊ ဆောင်ယူကယ်တင်ပေအုံ့။ ။ဤသို့ မြွက်ကြားမိန့်စကားကို၊ ကြားပါရသောတပည့်တော်သည် အလွန်နှစ်သက်ရွှင်လန်း၊ ဝမ်းမြောက်လှစွာ၊ ပါမောဇ္ဇပီတိစိတ်ဖြင့်၊ အလောင်းတော်မြတ်ဗျား၊ သိद္ဓတ်မင်းသားကို၊ကျောက်ကုန်းဖြင့်ဆောင်ယူ၍၊ သန်းခေါင်ယာမ်မှ၊ထက်ဝက်ကျသော၊ အာဒုရတ္တာ၊ညဉ့်ကာလဖြင့်၊ နံနက်မိုးသောက်အလင်းရောက်သော်၊ပြည်ကြီးသုံးပြည်ထောင်ကိုကျော်လွန်၍၊ အနောမာမြစ်သာဆိပ်ကမ်းသို့ ကြွမြန်းဆိုက်ရောက်ပါသည်အရှင်ဘုရား။

အဟံကပိလဝတ္ထုသ္မိं၊ သာကိယာနံ ပုရုတ္တမေ။
သုဒ္ဓေါဒနသသပုတ္တသ၊ ကဿကော သဟာဧောအဟုံ။ ။

ဘဏ္ဍန္တေ၊ အရှင်ဘုရားမောဂ္ဂလာန်။ အဟုံ၊တပည့်တော်သည်။ကပိလဝတ္ထုသ္မိं၊ ကပိလဝတ္ထုအမည်ရှိသော။ သာကိယာနံ၊ သာကီဝင်မင်းမျိုးတို့၏။ ပုရုတ္တမေ၊ ပြည်တော်မြတ်ဌ။ သုဒ္ဓေါဒနသ၊ သုဒ္ဓေါဒနမင်းကြီး၏။ ပုတ္တသ၊ သားတော်ဖြစ်သော။ သိद္ဓတ်မင်းသား၏။ သဟာဧော၊ ဖွားဘက်တော်ဖြစ်သော။ ကဿကော၊ ကဿကမြင်းတော်သည်။ အဟုံ၊ ဖြစ်ပါသည်ဘုရား။

ယဒါသောအာဒုရတ္တာယ၊ ဇောဓာယ မဟာနိက္ခမိ။
သော ဘံ မုဒုဟိ ပါဏိဟိ၊ ဓာလတမ္ဗနခေဟိမံ။ ။
သတ္တိုံ အာကောဋေယိတ္ထာန၊ ဝဟာသမ္ဘာတိစဗြဝိ။
အဟံ လောကံ တာရယိသံ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။ ။

ဘဏ္ဍန္တေ၊ အရှင်မဟာ မောဂ္ဂလာန်ဘုရား။ ယဒါ၊ အကြင်လေးဖြာနိမိတ်၊ သံဝေစိတ်ဖြင့်၊ ကြောက်ထိတ်လန့်ဖြာ၊ ဖြစ်သောခါဌ။ သော၊ ထို

သိဒ္ဓတ်မင်းသား ဘုရားလောင်းတော်သည်။ အာဗုရတ္တာယ၊ သန်းခေါင်ယာမ်အခါ၌။ ဗောဓာယ၊ ဘုရားဖြစ်အံ့သောငှါ။ မဘိနိက္ခမိ၊ အဘိနိက္ခမိ၊ တောထွက်တော်မူ၏။ တဒါ၊ ထိုအခါ၌။ သော၊ ထိုဘုရားလောင်းသိဒ္ဓတ်မင်းသားသည်။ တံမံ၊ ထိုအကျွန်ပ်ကလေးကမြင်းတော်ကို။ မုဒုဟိ၊ နူးညံ့ကုန်သော။ ဇာလတမ္ဘနခေဟိ၊ ခွေကွန်ယက်ပမာ၊ နီမြန်းစွာသော လက်သည်းရှိကုန်သော။ ပါဏိဟိ၊ လက်ဝါးတော်တို့ဖြင့်။ သဏ္ဌိ ၊ တင်ပါးကို။ အာကောဋေယိတွာန၊ ဖြေးညှင်းသာယာ ပွတ်ခါသုံးသပ် ပုတ်ခတ်တော်မူ၍။ သမ္ဘ၊ ချစ်ဆွေမြင်းလှ ကလေးက။ ဝဟ၊ ဆောင်ယူပါလေ့။ အဟံ၊ ဘုရားလောင်းလျှာ မင်းမြတ်ငါသည်။ ဥတ္တမံ၊ မြတ်သော။ သမ္ဘောဓိ ၊ သမ္ဗုဒ္ဓတ ဉာဏ် တော် သို့။ ပတ္တော၊ ရောက်တော် မူသည်ရှိသော်။ လောကံ၊ ဗြဟ္မာနှတ်လူ သုံးဘုံသူကို။ တာရယိဿံ၊ ထုတ်ဆယ် ကယ်တင်ပေအုံ့။ ဣတိစ၊ ဤသို့လည်း။ ဗြဟိ၊ မိန့်တော်မူ၏။

တံမေဂိရံ သုဏာန္တိ သသ၊ ဟာသေသမေဝိပုလောအဟု။
ဥဒဂ္ဂစိတ္တော သုမနော၊ အဘိသိသိ တဒါအဟံ။ ။
အဘိရုဠ္ဠ မံ ဥတ္တော၊ သကျပုတ္တံ မဟာယသံ။
ဥဒဂ္ဂစိတ္တော မုဒိတော၊ ဝဟိသံ ပုရိသုတ္တမံ။ ။

ဘာမျှော၊ အရှင်ဘုရား။ တံဂိရံ၊ ထိုအလောင်းတော်မင်းမြတ် မိန့်ဆိုအပ်သောစကားသံကို။ သုဏာန္တိ သသ၊ ကြားရပါသော။ မေ၊ တပည့်တော်၏။ ဟာသေသ၊ ရွှင်လန်းသောစိတ်သည်။ မေ၊ တပည့်တော်အား။ ဝိပုလော၊ လွန်စွာပြန့်ပြောစွာ။ အဟု၊ ဖြစ်ပါသည်ဘုရား။ ဥဒဂ္ဂစိတ္တော၊ အားတက်သော စိတ်ရှိသော။ သုမနော၊ ဝမ်းသာသောစိတ်ရှိသော။ အဟံ၊ တပည့်တော် ကလေးကမြင်းသည်။ တဒါ၊ ထိုအခါ၌။ အဘိသိသိ၊ ကျောက်ကုန်းဖိကာ ခံလင့်ပါ၏။ မံ၊ ကျောက်ကုန်းဖ်ကာ ခံလင့်ပါသော တပည့်တော်ကို။ အဘိရုဠ္ဠ၊ တက်စီးတော်မူသော။ မဟာယသံ၊ မျှားမြတ်သောအမြဲအရံ အကျော်အစော ရှိတော်မူသော။ သကျပုတ္တံ၊ သာကီဝင်မင်းသားလောင်းမြတ်မျှားကို။ ဥတ္တော၊ ကျောက်ကုန်းထက်သို့ တက်စီးတော်မူသည်ကိုသိပြီး၍။ ဥဒဂ္ဂစိတ္တော၊ အားတက်သော စိတ်ရှိသော။ မုဒိတော၊ ဝမ်းမြောက်သောစိတ်ရှိသော။ အဟံ၊ တပည့်တော်သည်။ ပုရိသုတ္တမံ၊ အလောင်းတော်နှတ်၊ယောက်ျားမြတ်ကို။ ဝဟိသံ၊ နှောမာကင်းရောက်ညဉ့်ချင်းပေါက်အောင် ကူးမြောက်ရွက်ဆောင်ပါသည်အရှင်ဘုရား။

ပရေသံ ဝိဇိတံ ဂတ္ဝါ၊ ဥဂ္ဂတာသ္မိ ဒိဝကၠရေ။
မမံဆန္ဒဉ္စ ဩဟာယ၊ အနုပေက္ခာ သော အပက္ကမိ။ ။
တာသ တမ္ပနခေပါဒေ၊ ဇိဂ္ဂါယ ပရိလေဟိသံ။
ဂန္ဓဗ္ဗနိ စ မဟာပိရံ၊ ရုဒမာနော ဥဒိက္ခိသံ။ ။

ဘန္တေ၊ အရှင်မဟာ မောဂ္ဂလာန်ဘုရား။ သော၊ ထိုသိဒ္ဓတ်မင်းသား လောင်းမြတ်ဖျားသည်။ ပရေသံ၊ တပါးသောမင်းတို့၏။ ဝိဇိတံ၊ နိုင်ငံ အတွင်းသို့။ ဂတ္ဝါ၊ ရောက်တော်မူ၍။ ဒိဝကၠရေ၊ နေသည်။ ဥဂ္ဂတာသ္မိ၊ ထွက်သည်ရှိသော်။ ဝါ၊ အနောမာဂမ်းသို့ရောက်၍ နေထွက်သည်ရှိသော်။ မမံ၊ တပည့်တော်ကိုရင်း။ ဆန္ဒဉ္စ၊ ဗွားဘက်တော် ဆန္ဒအမတ်ကိုရင်း။ အနုပေက္ခာ၊ ငဲ့ကွက်တွယ်တာခြင်းမရှိဘဲ။ အပက္ကမိ၊ ဖဲသွားတော်မူ၏။

(ငါ၏စိုးတော်မြင်းဟူ၍ရင်း။ ငါ၏နောက်လိုက် အလုပ်အကျွေးဟူ၍ရင်း၊ တွယ်တာခြင်းတဏှာမရှိဘဲ ကြွသွားတော်မူသည်ဟူလို)။

တာသ ထိုဘုရားလောင်း၏။ တမ္ပနခေ၊ နိုသောခြေသည်းရှိသော။ ပါဒေ၊ ခြေတော်တို့ကို။ ဇိဂ္ဂါယ၊ လျှာဖြင့်။ ပရိလေဟိသံ၊ လျှက်ပါသည် ဘုရား။ ဂန္ဓဗ္ဗနိ၊ ကြွသွားတော်မူသော။ မဟာပိရံ၊ လုံ့လကြီးစွာလောင်းမြတ်လျှာကို။ ရုဒမာနော၊ ငိုကြွေးလျက်။ အဟံ၊ တပည့်တော်သည်။ ဥဒိက္ခိသံ၊ ကြည့်မျှော်လျက်နေပါသည်ဘုရား။

အဒဿနေန ဟံ တာသ၊ သက္ကပုတ္တသ သိရိမတော။
အလတ္ထ ဂရုကာဗာဓံ၊ ခိပ္ပံ မေ မရဏံ အဟု။ ။

ဘန္တေ၊ အရှင်ဘုရားမောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ သက္ကပုတ္တသ၊ သာကီဝင်မင်းသားဖြစ်တော်မူသော။ သိရိမတော၊ အသရေတော်ရှိသော။ တာသ၊ ထို–သိဒ္ဓတ်မင်းသား၊ လောင်းမြတ်ဖျားကို။ အဒဿနေန၊ မမြင်ရခြင်းကြောင့်။ ဂရုကာဗာဓံ၊ လေးသောရင်ကွဲနာကို။ အလတ္ထ၊ ရပါသည်ဘုရား။ မေ၊ တပည့်တော်၏။ မရဏံ၊ သေရခြင်းသည်။ ခိပ္ပံ၊ လျင်စွာ။ အဟု၊ ဖြစ်ပါသည်ဘုရား။

ထို ကဏ္ဍကမြင်းသည် ယခုနောက်ဆုံးဘဝ၌သာလျှင် ဘုရားလောင်းနှင့် တွေ့ကြုံရသည်မဟုတ်၊ ; များစွာသော ရှေးဘဝတို့၌လည်း အလောင်းတော်နှင့် အတူတကွ ပါရမီဖြည့်ဘက်ဖြစ်၍ ချစ်ခင်လှသော

ဒိယဝိပ္ပယောဂ ဆင်းရဲကိုသည်းမခံနိုင်ရကား၊ နှလုံးကွဲ၍ မရဏာပွဲ ဝင်ရတော့သည်ဟူလို။ ။

သောဟိအနေကာသုဇာတိသုမဟာသင်္ဂြိုဟ် ဒဠ္ဍဘဏ္ဍကောဟုတ္ထာ၊ အာဂတောဟု။ တသ္မာဒိယဝိပ္ပယောဂဒုက္ခံ သဟိတုံနာသက္ခိ။ ။ အဋ္ဌကထာ။

ငါ၏အရှင်သခင် အလောင်းတော်မြတ်သည် သမ္ဘာသမ္ဘောဓိ ဘုရားအဖြစ်သို့ ရောက်စေခြင်းငှါ၊ ငါတို့ကို တွယ်တာခြင်းမပြုဘဲ ကြွသွားတော်မူသည်ဟူ၍ အလွန် စင်ကြယ် သန့်ရှင်းသော ဝမ်းမြောက်ခြင်း၊ ဝိတိပါမောဇ္ဇဖြစ်ရကား၊ သေသည်၏အခြားမဲ့၌ တာဝတိံသာနတ်ပြည် ဝယ် **ကလ္ယာကနတ်သား**ဟု ထင်ရှားစွာဖြစ်လေသတည်း။ အလွန်တရာ မွန်မြတ်ကြီးကြယ်စွာသောနတ်စည်းစိမ်ဘုံဗိမာန်ကြီးသည် ထင်းရှားစွာ ဖြစ်ပေါ်လာ၏။ ထိုအကြောင်းကို အရှင်မဟာမောဂ္ဂလာန်အား၊ ဤဂါထာ ဖြင့် လျှောက်ကြားလေသတည်း။

တသေဝ အာနုဘာဝေန၊ ဝိမာနံ အာဝသာမိဒံ။
သဗ္ဗကာမဂုဏူပေတံ၊ ဒိဗ္ဗံ ဒေဝပုရမ္ပိစ။ ။

ဘာကြောင့်၊ အရှင်မောဂ္ဂလာန်ဘုရား။ အဟံ၊ ဘုရားလောင်းကို ကြည်ညိုသော တပည့်တော်သည်။ တဝေဝ၊ ထိုကြည်ညိုသော ကုသိုလ်၏ သာလျှင်။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ ဝါ၊ ဘုရားဖြစ်လတ္တံ့ဟု ကြည်ညိုသောကုသိုလ်ကြောင့်။ ဒေဝပုရမ္ပိ၊ နတ်ပြည်၌။ ဒိဗ္ဗံ၊ နတ်တို့၏ ဝမ္မတာအားဖြင့်ဖြစ်သော။ သဗ္ဗကာမဂုဏူပေတံ၊ အလုံးစုံသော အလိုဆန္ဒကာမဂုဏ်နှင့်ပြည့်စုံသော။ ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးကို။ အာဝသာမိ၊ ရရှိချမ်းသာစွာနေရပါသည့်ဘုရား။

(ဤပုဂ္ဂိုလ်သူမြတ်သည်၊ မရှေးစင်စစ် ဘုရားဖြစ်လတ္တံ့ဟူသော စိတ်ဖြင့် ဘုရားလောင်းကိုကြည်ညိုသောကုသိုလ်ကြောင့်၊ နတ်စည်းစိမ်ကို ရသည်ဟူလို။ ဘုရားစင်စစ် ဖြစ်တော်မူပြီး၊ ဘုရားရှင်၌ ကြည်ညိုသော ကုသိုလ်စိတ်မှာကား၊ အဘယ်မျှလောက် အကျိုးကြီးမည်ကိုလည်း ဆိုဘွယ်မရှိဟူလို။ ။ ဘုရားလောင်းကိုကြည်ညိုရုံမျှဖြင့် နတ်စည်းစိမ်ကို ရသေး၏။ ဘုရားကိုကြည်ညိုရာ၌ ဆိုဘွယ်မရှိပြီ)။

ဘုရားလောင်းကိုကြည်ညိုဿဒကသိုလ်အဓိကာရသည်၊ နတ်စည်းစိမ် ချမ်းသာကိုမျှရသည်မဟုတ်သေး။ နတ်စည်းစိမ်မျှမက၊ နိဗ္ဗာန် ချမ်းသာကိုလည်း ရနိုင်သေး၏။ ထိုအကြောင်းကို ထင်စွာပြလိုသော ဖွားဘက်တော် **ကဿကမြင်းနတ်သား** သည် ဤဂါထာကိုလျှောက်ကြား ပြုနိုသတည်း။

ယဋ္ဌ မေ အဟုဝါဟာသော၊ သဒ္ဓံ သုတ္တာန ဗောဓိယာ။
တေနေဝ ဂုသလမူလေန၊ ဖုသိသံ အာသဝက္ခယံ။ ။

ဝါ၊ လောကီ စည်းစိမ်မှတပါး၊ လောကုတ္တရာ စည်းစိမ်ကိုလည်း လျှောက်ကြားပါဦးအုံ့။ ဘန္တေ၊ အရှင်ဘုရား။ ဗောဓိယာ၊ သဗ္ဗညုတ ဉာဏ်ကိုရ၍ဘုရားဖြစ်ရာ၌။ ဝါ၊ ဘုရားလောင်း၏ ဗောဓိဉာဏ်တော်၌။ ယဋ္ဌသဒ္ဓံ(အဟံလောကံတာရယိဿံ၊ပဇ္ဇောသမ္ဘောဓိမဂ္ဂမံ။)ဟူသော အကြင်စကား အသံတော်ကို။ သုတ္တာန၊ စဦးပထမ ကြားနာရ၍။ မေ၊ တပည့်တော်၏။ ဟာသော၊ ရွှင်လန်း ဝမ်းမြောက်သော စိတ်သည်။ အဟု၊ ဖြစ်ပါသည်ဘုရား။ တေနေဝ ဂုသလမူလေန၊ ထိုဂုသိုလ်ကံရင်း ဖြင့်။ ဝါ၊ ထိုဂုသိုလ်ကို မူလအကြောင်းရင်းပြု၍။ အာသဝက္ခယံ၊ အာသဝေါဂုနိခမ်းရဟန္တာအဖြစ်သို့။ ဖုသိသံ၊ရောက်ရပါအုံ့။ ဝါ၊ ရဟန္တာ ဖြစ်၍ နိဗ္ဗာန်ချမ်းသာကိုရလတံ့ဖြစ်ပါသည်ဘုရား။

ဤသို့လျှင် ကဿကမြင်းနတ်သားသည် နော်ဂါကာလ၌အရဟတ္တ မဂ်ဉာဏ်ကိုရ၍ ရလတံ့အကြောင်းဖြစ်သော အဓိကာရပါရမီဂုသိုလ်ကံကို အကြောင်းပြု၍ ရဆဲရလတံ့ဖြစ်သော ဘဝသမ္ပတ္တိကိုလျှောက်ကြား ပြီး၍၊ ယခုအခါ၌ မိမိသည် မြတ်စွာဘုရား၏ အထံတော်သို့ ဖူးမြင်ရန် သွားလို၍ ခေးဦးစွာ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်ကို ဒိမိုးယ်စား ပြု၍ ဒိဋ္ဌိုးစေလိုသောအကြောင်းကို ဤဂါထာဖြင့် လျှောက်တင်ပြန်၏။

သစေဟိ ဘန္တေ ဂစ္ဆေယျာသိ၊ သဏ္ဌ၊ ဗုဒ္ဓသ သန္တိကေ။
မမ ပဏ္ဍိ ဝစနေန၊ သိရသာ ဝန္ဒာသိ ဝန္ဒိတုံ။ ။

ဘန္တေ အရှင်မဟာ မောဂ္ဂလာန်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ ဗုဒ္ဓသ၊(ဖြစ်ချင်၊ ဖြစ်။ မဖြစ်ချင်၊ မဖြစ်) သစ္စာလေးရပ် တရားမြတ်ကို၊ တတ်တတ်ထင်ထင်၊ သိမြင်တော်မူပြီးသော။ သဏ္ဌ၊ မြတ်စွာဘုရား၏။

သန္ဓိကေ၊ အထံတော်ပါးသို့။ သစေဂန္ဓေယျာသိ၊ အကယ်၍သွားတော်မူနှင့်ငြားအုံ့။ မမ၊ တပည့်တော်၏။ ဝစနေနပိ၊ စကားဖြင့်လည်း။ မမံပိ၊ တပည့်တော်၏လည်း။ ဝစနေန၊ စကားဖြင့်။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝါ၊ ဦးနှိမ်ချ၍။ ဝန္ဒနံ၊ ကဏ္ဍကမြင်းနတ်သားက ရှိခိုး လိုက် ကြောင်း ကို။ ဝဇ္ဇာသိ၊ လျှောက်ကြားပါလေအရှင်ဘုရား။

ဤသို့ဗွားဘက်တော် **ကဏ္ဍကမြင်းနတ်သား**လျှောက်ကြားသော အခါ၊ အရှင်မဟာမောဂ္ဂလာန်က။ အို-ဗွားဘက်တော်မြင်းကျွန်နတ် မြင်း။ သင်သည်လည်း မြတ်စွာဘုရားအထံသို့ ကိုယ်တိုင်ရောက်၍ ဖူးမြင်ခြင်းဌာ မသွားဘဲနေမည်လောဟုမေးတော်မူလျှင်။ တပည့်တော်သည်လည်း ကိုယ်ကိုင်သွား၍ ဖူးမြင်ပါအုံ့ဘုရား။ သို့သော်လည်း တပည့်တော်၏ ဒေဝိဒ္ဓိနတ်တန်ခိုးထက် အရှင်ဘုရား၏ အဘိညာဏ္ဌဒ္ဓိတန်ခိုးက၊ သာ၍ လျင်မြန် ထက်သန်တော် မူသောကြောင့် အရှင်ဘုရားသည် ရှေးဦးစွာ သွားလိုလျှင် အရင်ပထမရောက်လိမ့်မည်ဖြစ်ပါသောကြောင့် တပည့်တော်၏ကိုယ်စားရှိခိုးပါမည်အကြောင်း လျှောက်ကြားပါသည်ဘုရား။ မြတ်စွာဘုရားတို့ကို ဖူးမြင်ခြင်းဌာ အလွန်ရှုခဲလှပါသည့် အရှင်ဘုရား ဟူ၍လျှောက်၏။

အဟံပိ ဒဋ္ဌုံ ဂန္တ္မိသံ၊ ဇိနံ အပ္ပဋိပုဂ္ဂလံ။
ဒုလ္လဘံ ဒဿနံ ဟောတိ၊ လောကနာထာနုတာနဒိနံ။ ။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံပိ၊ တပည့်တော်သည်လည်း။ အပ္ပဋိပုဂ္ဂလံ၊ တူသောပုဂ္ဂိုလ်မရှိသော။ ဇိနံ၊ ငါးမာန်အောင်မြင်ဘုရားရှင်ကို။ ဒဋ္ဌုံ၊ ဖူးမြင်ခြင်းဌာ။ ဂန္တ္မိသံ၊ သွားပါအုံ့။ တာဒိနံ၊ဣဋ္ဌာနိဋ္ဌ၊ ဝေ့ဃသမ္ပတ္တိ၊ စိတ်ကမမြုံ၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူကုန်သော။ လောကနာထာနံ၊ နတ် လူ ဗြဟ္မာ၊ သုံးဖြာသတ္တဝါ၊ ဘုံလောက၏။ ဦးချည့်တင်ကျိုးရှိခိုးပူဇော် ဖူးမျှော်ထိုက်စွာ ကိုးကွယ်ရာဖြစ်တော်မူသောမြတ်စွာဘုရားတို့အား။ ဒဿနံ၊ ဖူးမြင်ရခြင်းကို။ ဒုလ္လဘံ၊ ရခဲသည်။ ဟောတိ၊ ဖြစ်ပါသည်ဘုရား။

ဗွားဘက်တော် **ကဏ္ဍကမြင်းနတ်သား** သည် အရှင်မဟာမောဂ္ဂလာန်အား လျှောက်ကြားပြီးနောက် မကြာမီပင်လျှင် မြတ်စွာဘုရားအထံသို့သွား၍ သန်းခေါင်ယာမ် အခါတွင် ရှိသေစွာရှိခိုးလျက်

ရပ်နေ၏။ မြတ်စွာဘုရားသည် တရားဟောတော်မူ၏။ ကဿက မြင်းနတ်သားသည် **သောတာပန်** တည်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ထိုနေရာ၌ပင် ကွယ်လေ၏။ ထိုအကြောင်းကို ပြတော်မူလိုသော သင်္ဂါယနာတင်အရှင်အာနန္ဒာသည် ဤဂါထာတို့ကိုဟောတော်မူ၏။

သော ကတညု ကတဝေဒိ၊ သတ္ထာရံ ဥပသင်္ကမိ။
သုတ္ဝာ ဂိရံ စက္ခုမတော၊ မေ့စက္ခုံ ဝိသောဓယိ။ ။
ဝိသောဓေတ္ဝာ ဒိဋ္ဌိဂတံ၊ ဝိစိကိစ္ဆံ ဝတာနိစ။
ဝန္ဒိတ္ဝာသတ္ထုနောပါဒေ၊ တတ္ထေဝန္တရဓာယထ။ ။

သော၊ ထိုဖွားဘက်တော် ကဿက မြင်းနတ်သားသည်။ ကတညု ကတဝေဒိ၊ မြတ်စွာဘုရား၏ကျေးဇူးတော်ကိုသိသည်ဖြစ်၍။ သတ္ထာရံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိ၊ ဆည်းကပ်လေ၏။ စက္ခုမတော၊ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဂိရံ။ တရားစကားကို။ သုတ္ဝာ၊ ကြားနာရ၍။ မေ့စက္ခုံ၊ သောတာပတ္တိဉာဏ်မျက်စိကို။ ဝိသောဓယိ၊ သုတ်သင်နိုင်လေ၏။ ဝါ၊ နိဗ္ဗာန်ကို ရှေးဦးစွာမြင်၍ သောတာပန်တည်လေ၏။ ဒိဋ္ဌိဂတံ၊ ဒိဋ္ဌိဂတသမ္မယုတ်ဖြစ်သော လောဘမူစိတ်လေးခုကိုရှင်း။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာနှင့်ယှဉ်သော မောဟမူစိတ်ကိုရှင်း။ ဝါ၊ ဝိစိကိစ္ဆာသဟဂတစိတ်ကိုရှင်း။ ဝတာနိစ၊ နွားအကျင့်ခွေးအကျင့် ကဲ့သို့ မတ်တတ်စား မတ်တတ်ကျင်ချီးစွန့်၍ အဝတ်မဝတ်ကျင့်နိုင်လျှင် ကိလေသာခေါင်းပါးစင်ကြယ်၏ဟုအယူရှိသော မိစ္ဆာဒိဋ္ဌိအဂ်ကျင့်ကို ရှင်း။ ဝိသောဓေတ္ဝာ၊ ပယ်ရှားသုတ်သင် စင်ကြယ်စေပြီး၍။ သတ္ထုနော၊ မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒိတ္ဝာ၊ ရှိခိုးပြီး၍။ တတ္ထေဝ၊ ထိုနေရာ၌ပင်လျှင်။ ဝါ၊ မြတ်စွာဘုရား၏ ရှေ့တော်၌ပင်လျှင်။ အန္တရဓာယထ၊ ကွယ်ပျောက်လေ၏။ ဝါ၊ ကိုယ်ကိုကွယ်ပျောက် နတ်ပြည်ရောက်သွားလေ၏။

(ကဿကမြင်းနတ်သားဟု ဆိုသော်လည်း ပကတိမြင်းမဟုတ်။ ကဿက မြင်းဘဝမှရုတ်တရက်ဖြစ်သောကြောင့်၊ ကဿကမြင်းနတ်သားဟူ၍ ထင်ရှားစွာခေါ်ဆိုကြသောအမည်ဖြစ်သည်။

ဖွားဘက်တော်ကဿကမြင်းနတ်သားဝတ္ထုပြီး၏။

* * *

အနေကဝဏ္ဏနတ်သားဝတ္ထု

ဤကမ္ဘာမှပြန်၍ရေသည်ရှိသော်၊ကမ္ဘာသုံးသောင်းထက်ခြိုင့်တော်မူသော သုမေဓမြတ်စွာဘုရား လက်ထက်တော်၌ အမျိုးကောင်းသားတယောက်သည်၊ သာသနာတော်၌ ရဟန်းပြုပြီး၍ မဆုတ်မနစ် လဒ္ဓိကုက္ကုစ္စက၊ သံဝေဂများလှသောစိတ်ဖြင့် ခုနစ်နှစ်ပတ်လုံး ရဟန်းတရားကို အားထုတ်ပါသော်လည်း ပါရမီမပြည့်ခဲ့သေး၍။ ဝါ မဂ်ဖိုလ်ကိုရလောက်သော ပါရမီအခြေခံမရှိသေး၍ မဂ်ဖိုလ်မရဘဲနေ၏။ ထိုနောက် လူဝတ်လဲ၍ ငါးပါးသီလကို အမြဲစောင့်ထိန်းလျက်၊ လပြည့်, လကွယ်, သီတင်းနေ့တို့၌ ရှစ်ပါးသီလဥပုသ်ကိုစောင့်သုံးလျက် တရား၌ လိုလားသောဆန္ဒရှိသည်ဖြစ်၍၊ မြတ်စွာဘုရား၏ဝတ်တော် ဌာပနာရာဖြစ်သော စေတီတော်၌ တမြက်လဲခြင်း အစရှိသော စေတိယင်္ဂ ဝတ်ကိုပြုလျက်။ တပါးသော သူတို့ကိုလည်း စေတီတော်ကို ပူဇော်လှူဒါန်း ဝတ်ပြုစေရန်ကိုက်တွန်းနှိုးဆော်၍၊ တရားတော်ကိုနာ၍ အသက်ထက်ဆုံး ဂုဏသိုလ်ကောင်းမှုကို ဆည်းဘူးလျက် လှည့်လည်သွားလာနေ၏။

ထိုရဟန်းလူထွက် ဥပါသကာသည် သက်တန်းကုန်၍ ရုတေသောအခါ တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်၏။ ထိုနတ်သားသည် ကုသိုလ်ကံမြင့်မြတ်ရကား၊ သိကြားမင်းအစရှိသောနတ်အပေါင်းတို့၏ ပူဇော်လေးမြတ်ရာဖြစ်၍၊ ထိုတာဝတိံသာနတ်ပြည်မှ သက်တန်းကုန်၍ ရုတေပြန်သော်လည်း၊ ထိုနတ်ပြည်တို့၌ခဏင်း။ လူ့ပြည်၌ခဏင်း ကောင်းမှုကုသိုလ်၏အကျိုးကို အဆင့်ဆင့်စံစား၍ ကျင်လည်ခဲ့သည်ရှိသော်၊ ထိုကုသိုလ်ကံကြောင်းဖြင့် ပင်လျှင်၊ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသော ဗုဒ္ဓပ္ပါဒကာလ၌တာဝတိံသာနတ်ပြည်၌ဖြစ်၍**အနေကဝဏ္ဏနတ်သား**ဟူ၍ ခေါ်ကြကုန်၏။

ငါတို့-မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနံကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ်အခါ၊ အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ဒေသစာရီကြွချီတော်မူလျှင်၊ ထိုအနေကဝဏ္ဏနတ်သားသည် အရှင်မဟာမောဂ္ဂလာန်ကိုမြင်လျှင် ရှိသေဖြတ်ခိုးခြင်းရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် လက်အုပ်ကိုချီလျက်ရပ်နေ၏။ ထိုအခါ၌ ထိုနတ်သား၏ စည်းစိမ်ချမ်းသာ ကြီးမားဆန်းကြယ်ပုံကိုချီးကြ။ ထောမနာ ပြုဘာပေးလျက် ဤသို့မေးတော်မူ၏။ ။မေးပုံကား။ ။

အနေကဝဏ္ဏာ၊ ညိုရွှေစသည်၊ ထွေလိဆန်းကြယ်၊ ရောင်နွယ်လျှံဝင်း၊ ဗိမာန်တွင်းဝယ်၊ အဆင်းသဏ္ဌာန်၊ ပုံဟန်ရုပ်ဆင်၊ အသွင်အမျိုးမျိုးလည်း ရှိထသော။ ဒရသောကနာသနံ၊ ပူပန်စိုးရိမ်၊ မည်ကြီးမြိန်အောင်၊ ချိုးနှိမ်ပယ်ချ၊ စိတ်ဇေမြလျက်၊ သောကပူလောင်ခြင်းကိုလည်း၊ ပယ်ဖျက်နိုင်ထသော။ အနေကစိတ္တံ၊ တပါးမက၊ မျှားလှသွယ်သွယ်၊ ဆန်းကြယ်ထူးထွေသော အရုပ်အဆင်းလည်း ရှိထသော။ ဝိမာနံ၊ ဘုံဗိမာန်ကြီးပေါ်သို့။ အာရုယှ၊ တက်ခါနေ၍။ အနန္တရာဂဏေန၊ နတ်သင်္ဃီးကညာ အပေါင်းတို့ဖြင့်။ ပရိဝါရိတော၊ ခြံရံလျက်။ သုနိမ္မိတော, ကောင်းစွာဘန်ဆင်း၍နေသော။ ဘူတပတိဝ၊ နတ်တို့သေဋ္ဌနင်း၊ သိကြားမင်းကဲ့သို့။ တံ၊ သင်နတ်သားသည်။ မောဒသိ၊ ပျော်ပါးရ၏။ ဝုဿသိ၊ နှစ်နှစ်ပြိုက်ပြိုက် နေရ၏။ အဘိရမသိ၊ အလွန်အကြူး အထူးမွေ့လျော်ရ၏။

ယသေနစ၊ အခြံအရံအားဖြင့်ရင်း။ ပညေနစ၊ ဘုန်းကံအားဖြင့်ရင်း၊ ဣဒ္ဓိယာစ၊ တန်ခိုးအားဖြင့်ရင်း။ သမသမော၊သင်နှင့်တူမျှသောသူသည်။ နတ္ထိ၊ မရှိ။ ဥတ္တရိ၊ သင်ထက်ပိုလွန် ဘုန်းကြီးသောသူသည်။ ဝုတော၊ အဘယ်မှာ ရှိတော့မည်နည်း။ ဝါ၊ တနည်းသော်ကား။ ယသေနစ၊ အစိုး ရ ခြင်း အား ဖြင့် ရင်း။ ဣဒ္ဓိယာစ၊ ဒေဝိဒ္ဓိတန်ခိုး အားဖြင့်ရင်း။ ဝါ၊ တနည်းကား။ ယသေနစ၊ ပြည့်စုံခြင်းအားဖြင့်ရင်း။ ဣဒ္ဓိယာစ၊ အလိုရှိရာ ကာမဂုဏ်ကိုရခြင်းအားဖြင့်ရင်း။ ဝါ၊ တနည်းကား။ ယသေနစ၊ ကိုယ်တွေ့ဃောသသကျော်စောခြင်းအားဖြင့်ရင်း။ ဣဒ္ဓိယာစ၊ ပြည့်စုံခြင်းအားဖြင့်ရင်း။ သမသမော၊ တူသောသူသည်။ နတ္ထိ၊ မရှိ။ သင်္ဂေါ၊ အလုံးစုံကုန်သော။ ဒေဝါ၊ ဘီဒသဂဏာ၊ တာဝတိံသာနတ်အပေါင်းတို့သည်။ သမ္ဗဟု၊ ပုံဝင်းဝန်းချီ။ သသိ၊ လရနံ ရေးကံ ဆိပ်ရှိသော လပြည့်ဝန်းကို။ ဒေဝါ၊ နတ်လူကြီးသည်။ နမဿန္တိ ဣဂ၀ ရှိခိုးကြကုန်သကဲ့သို့။ ဟံ၊ ထိုသင်နတ်သားကို။ နမဿာမိ၊ ရှိခိုးကြကုန်၏။

(ကံ–တလုံးက ထို။ တံ–တလုံးက သင်။ ဟံ၊ ထိုကို။ တံ၊ သင့်ကို။ ဟံ ဟံ ထို့သင့်ကို။ ဤသို့အနက်ဆို)။

တေ၊ သင်နတ်သားတို့။ ဣမာစအနန္တရာယေ၊ ဤနတ်သင်္ဃီးကညာတို့သည်လည်း။ သမန္တတော၊ ထက်ဝန်းကျင်ပတ်လည်ဝိုင်းလျက်။ နစ္စန္တိ၊ ကကြ၊ ကုန်၏။ ဂါယန္တိ၊ တေးဆိုကြကုန်၏။ ပမောဒယန္တိ၊ မွေ့လျော်နှစ်သက် အပျော်ဆက်ကြကုန်၏။

မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိသော။ တို့၊ သင်နှတ်သားသည်။ ဒေဝိဒ္ဓိပတ္တော၊ နှတ်ကူဒ္ဓိတန်ခိုးသို့ ရောက်သည်။ အသိ၊ ဖြစ်ပေ၏။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ကိုံပုညံ၊ အဘယ် ကုသိုလ်ကို။ အကာသိ၊ ပြုလုပ်ပေသနည်း။ ကေန၊ အဘယ်ကုသိုလ်ကြောင့်။ ဧဝံ၊ ဤသို့။ ဓလိတာနုဘာဝေါ၊ တောက်ပသော အရောင်အဝါ အာနုဘော်ရှိသည်။ အသိ၊ ဖြစ်ပေသနည်း။

ဤသို့အရှင်မဟာမောဂ္ဂလာန်မေးတော်မူသည်ရှိသော် **အနေကဝဏ္ဏ နတ်သား** သည် ဤဂါထာတို့ဖြင့် လျှောက်ကြားသတည်း။

အဟံ ဘဒ္ဒန္တေ အဟုဝါသိံ ပုဗ္ဗေ၊
သုမေဓနာမသဿ ဓီနသ္သ သာဝကော။
ပုထုဇ္ဇနော အနဗေါဓော ဟသ္ဒ၊
သော သဏ္ဌဝဿာနိ ပဗ္ဗဓိသ္သ ဟံ။ ။

ဘဒ္ဒန္တေ၊ မဟာမောဂ္ဂလာန်၊ တန်ခိုးထံ၍၊ နာမံကျော်သောင်း အရှင်ကောင်။ အဟံ၊ **အနေကဝဏ္ဏ**၊ ဒေဝတွင်ခေါ်၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ကမ္ဘာသုံးသောင်း၊ ကြာညောင်းလွန်စွာ၊ ရှေးအခါ၌။ သုမေဓနာမသ၊ သုမေဓာအမည်တော်ရှိသော။ ဓီနသ၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော ရဟန်းသည်။ အဟုဝါသိံ၊ ဖြစ်ဘူးပါသည် ဘုရား။ အဟံ၊ တပည့်တော်သည်။ အနဗေါဓော၊ သစ္စာလေးပါးကို၊ မသိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ အဟု၊ ဖြစ်ပါ၏ဘုရား။ သောအဟံ၊ ထို တပည့်တော်သည်။ သဏ္ဌဝဿာနိ၊ ခုနှစ်နှစ်ပတ်လုံး။ ပဗ္ဗဓိသ္သံ၊ ရဟန်းပြုဘူးပါသည်ဘုရား။

သော ဟံ သုမေဓသ္သ ဓီနသ္သ သဏ္ဌုနော။
ပရိနိဗ္ဗုတသ္သေဝ ယတိဏ္ဏသ္သ တာဒိနော။
ရတနုစ္စယံ ဟေမဓာလေန ဆန္ဒံ။
ဝဒ္ဒိတ္ဝာ ထူပသ္မိံ မနံ ပသာဒယိံ။ ။
နမာ သိဒါနံ နစ မတ္ထိ ဒါတုံ။
ပရေစခေါ တတ္ထ သမာဒပေသိံ။
ပူဇေထ နံ ပူဇနိယသ္သ ဒါတုံ။
ဧဝံကိရသ္ဝ မိတော ဂမိဿထ။

သောဟာ၊ ထိုဝေ့ပည့်တော်သည်။ ဖိနသ၊ မာရ်ငါးပါးကိုအောင်တော်မူသော။ သတ္တုနော့ လူနတ်တို့၏ဆရာဖြစ်တော်မူသော။ ပရိနိဗ္ဗုတသ၊ ပရိနိဗ္ဗာန်ပြုတော်မူပြီးသော။ ဩဃတိဏ္ဏသ၊ သံသရာဝဲဩဃထဲမှ ကူးမြောက်တော်မူပြီးသော။ တာဒိနော၊ ဣဋ္ဌာနိဋ္ဌ၊ တွေ့သမျှဌ၊ စိတ်ကမဖြုံ၊ တုံလှုပ်မရှိ၊ တာဒိကျေးဇူး၊ ဂုဏ်အထူးနှင့်ပြည့်စုံတော်မူသော။ သုမေဓသ၊ သုမေဓာမြတ်စွာဘုရား၏။ ရတနဋ္ဌယံ၊ ရတနာကိုဖြင့် စိုထားအပ်သော။ ဟေမဇာလေန၊ ရွှေကွန်ရှက်ဖြင့်။ ဆန္နံ၊ ဖုံးအုပ်လျက်ရှိသော စေတီတော်ကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ထူပသ္မိံ၊ စေတီတော်၌။ မနံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်ညိုစေဘူးပြီ။

ဒါနံ၊ လှူဒါနိုးခြင်းသည်။ နမာသိ၊ နအာသိ၊ မဖြစ်ပါဘုရား။ ဒါတုံစ၊ လှူခြင်းဌာလည်း။ နအာဏိ၊ ဥစ္စာမရှိပါဘုရား။ စ၊ ယင်းသို့မလှူနိုင်သော်လည်း။ ပရေခေါ၊ သူတပါးတို့ကိုမူကား။ တဏ္ဍု၊ ထိုစေတီတော်ကိုပူဇော်လှူဒါနိုးခြင်း၌။ သမာဒပေသိံ၊ တိုက်တွန်းဘူးပါသည်အဂၢဘုရား။ ကိံ၊ အဘယ်သို့ဆို၍တိုက်တွန်းသနည်းဟူမူကား။ ပူဇနီယသ၊ ပူဇော်ထိုက်သော ဝတ္ထုဖြင့်။ နံ၊ ထိုစေတီတော်ကို။ ဒါတုံ၊ လှူဒါနိုးခြင်းဌာ။ ပူဇေထ၊ ပူဇော်ကြကုန်လော့။ ဇေဝံ၊ ဤသို့စေတီတော်ကိုလှူဒါနိုးပူဇော်သည်ရှိသော်။ ဣတော၊ ဤလူ့ပြည်မှ။ သဂ္ဂံ အထက်နတ်ပြည်သို့။ ဂမိဿထ၊ ကိုယ်ရောက်ကြလိမ့်မည်ဖြစ်သတတ်။ ရောက်ကြလိမ့်မည်တဲ့။ ဣတိ၊ ဤသို့ပြောဟော၍ တိုက်တွန်းပါသည်ဘုရား။

တဒေဝ ကမ္မံ ကုသလံ ကတံ မယာ။ သုခံ စ ဒိဋ္ဌံ အနုဘောမိ အဇ္ဇနာ။-
မောဒါမဟံ တိဒသဂဏေ သမေ။ နတ္ထိ ဘယံ ဒုဂ္ဂတိယာ ဘဝေ။ နတ္ထိ ဘယံ ဒုဂ္ဂတိယာ ဘဝေ။ နတ္ထိ ဘယံ ဒုဂ္ဂတိယာ ဘဝေ။ နတ္ထိ ဘယံ ဒုဂ္ဂတိယာ ဘဝေ။

တဒေဝ-တံ ဝေ ကမ္မံ ကုသလံ၊ ထိုကုသိုလ် ကံကိုပင်လျှင်။ မယာ၊ တပည့်တော်သည်။ ကတံ၊ ပြုဘူးပါသည်ဘုရား။ ဒိဋ္ဌံ၊ နတ်ပြည်ဌဖြစ်သော။ သုခံစ၊ ချင်းသာကိုလည်း။ အဇ္ဇနာ၊ ကိုယ်တိုင်။ အနုဘောမိ၊ ခံစားရပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိဒသဂဏေ သမေ၊ တာဝတိံသာနတ်အပေါင်း၏။ မဇ္ဈေ အလယ်၌။ မောဒါမိ၊ ပျော်ပျော်ပါးပါး မွေ့လျော်စွာ နေရပါသည်ဘုရား။ တဿပုညဿ၊ ထိုကောင်းမှု၏။ ခယမ္မိ၊ ဂုဏ်ခြင်းသို့လည်း။ နအဇ္ဈဂုံ၊ မရောက်သေးပါဘုရား။ ဝါ၊ ကမ္ဘာသုံးသောင်းထက်ကပြုခဲ့သော်ထိုကောင်းမှုသည် ယခုထက်တိုင်မကုန်သေးပါဘုရား။

အနေကဝဿာနတ်သားဝတ္ထုပြီး၏။

* * *

မဠဒကုဏ္ဍလိနတ်သားဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝနံကျောင်းတော်၌သင်တော်းသုံးနေတော်မူစဉ်အခါ၊ တယောက်သောပုဏ္ဏားသည် ဥစ္စာပစ္စည်းပေါများ ချမ်းသာ၏။ များသောစည်းစိမ်ရှိ၏။ မိန်းမ၌ဒိဋ္ဌအယူရှိသည်ဖြစ်၍ တစုံတခုကိုမျှလှူဒါနိုးခြင်းကိုမပြု။ တစုံတခုလှူဘူးသည်မရှိ။ ထိုကြောင့် **အဒိန္နပုဗ္ဗကသူဌေး** ဟူ၍ကျော်စောတော်၏။ထိုသူဌေးသည် မြတ်စွာဘုရားကိုလည်းမကြည်ညို၊ရဟန်းသံဃာများကိုလည်းမကြည်ညိုဖြင်လိုသောစိတ်ပင်မရှိချေ။ **မဠဒကုဏ္ဍလိ** အမည်ရှိသော သားတယောက်ကိုလည်း။ ချစ်သား၊ ရဟန်းဂေါတမကိုဝင်း။ ထိုရဟန်းဂေါတမ၏ တပည့်ရဟန်းတို့ကိုဝင်း။ ဆည်းကပ်ခြင်းကိုမပြုလင့်။ ကြည့်ရှုမှုးမျှော်ခြင်းကိုလည်းမပြုလင့်ဟူ၍ သင်ပြ၏။ ထိုနောက် ထို-ပုဏ္ဏားဇနီးသား မဠဒကုဏ္ဍလိသည် မကျန်းမမာ ဝိလာနဖြစ်၍နေ၏။ ထိုပုဏ္ဏားသည်ကား၊ ဥစ္စာကုန်မည်စိုးရိမ်သောကြောင့်၊ ဆေးကုခြင်းကိုမပြု။ အနာ ရောဂါ ကိုးတက် လွန်သည်ရှိသော်၊ ဆေးဆရာကိုခေါ်၍ ပြ၏။ ဆေးဆရာသည် ထိုသား၏ကိုယ်ကိုကြည့်ရှု၍ ဆေးကုမရသည်ကိုသိလျှင် ဖဲပြန်၍ သွားလေ၏။ ပုဏ္ဏားကြီးသည် ငါ၏သားသည် အိမ်တွင်းဌေးသည်လျှင် အပြင်သို့ထုတ်ယူခြင်းဌာ ခဲယင်းလိမ့်မည်ဟုနှုတ်ကိုပြု၍ အပြင်တံခါးမတ်ဌာနိုင်ငေ၏။

မြတ်စွာဘုရားသည် နံနက်မိုးသောက်အခါ၌ မဟာကရုဏာဉာဏ်တော်ကိုဖြန့်၍ ကြည့်ရှုတော်မူသည်ရှိသော်၊ ကုန်ပြီးသော အသက်ကြွင်းရှိသော မဠဒကုဏ္ဍလိလုလင်ကိုမြင်တော်မူလျှင်၊ ထိုလုလင်သည် ယနေ့ပင်လျှင်ရုတေ၍ ငရဲ၌ဖြစ်လတ့ံသောကံသည်အနွင့်သာ၍နေ၏။ အကယ်၍ ငါဘုရားသည် ထိုမဠဒကုဏ္ဍလိရှိရာသို့ ကြွသွားတော်မူပြီးမူ။ ငါဘုရား၌ စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်၌ဖြစ်လတ့ံ။ နတ်ပြည်၌ဖြစ်ပြီးမှ သင်းချိုင်းသို့သွား၍ငိုကြွေးသောအဘပုဏ္ဏားကြီးကိုသံဝေဂရစေလတ့ံ၊ ထိုသို့သံဝေဂရပြီးသောပုဏ္ဏားကြီးသည်၊ ငါဘုရား၏အထံသို့လာလတ့ံ။ များစွာသော လူအပေါင်းတို့သည်လည်း စည်းဝေးကြကုန်လတံ့။ ထိုအခါ၌ ငါဘုရား တရားဟောတော်မူ၍ မြောဘိသမယ၊ တရားရခြင်းဖြစ်လတံ့။ ဤသို့သိတော်မူသောမြတ်စွာဘုရားသည် နံနက်အခါ သင်း

ပိုင်တော်ကိုပြင်ကာဝတ်၍ သပိတ်သက်နှီးကိုယူတော်မူ၍ မျှားစွာသော ရဟန်းတို့ဖြင့်ခြံရုံလျက် သာဝတ္ထိပြည်သို့ဆွမ်းခံဝင်တော်မူ၏။

မဋ္ဌကုဏ္ဍလီ၏ အဘပုဏ္ဏားကြီး၏ အိမ်အနီးသို့ ရောက်တော်မူလျှင် ခြောက်သွယ်သောရောင်ခြည်တော်တို့ကိုလွှတ်တော်မူ၏။ **မဋ္ဌကုဏ္ဍလီ လုလင်** သည် ရောင်ခြည်တော် ခြောက်သွယ်ကိုမြင်၍ အဘယ်အရောင် ဖြစ်ပါလိမ့် မည်နည်းဟု ထိုမှ ဤမှ ကြည့်ရှု သည် ရှိသော်၊ မြတ်စွာဘုရားကို မြင်လေ၏။ သုံးဆယ့်နှစ် ပါးသော လက္ခဏာတော်ကြီး၊ နှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်တော်မူလှသော မြတ်စွာဘုရားကိုမြင်ရ၍ ဤသို့အကြံဖြစ်လေ၏။ ဗုဒ္ဓဘာဝ၀ါ ထွင့်မြတ်စွာသည် ဤနေရာသို့ရောက်လာတော်မူပေ၏ တကား။ အကြင်မြတ်စွာဘုရားသည် အဆင်းရုပ်ရေနှင့်ပြည့်စုံတင့်တယ် သည်ရယ်တော်မူလှပါပေ၏တကား။ ကိုယ်တော်မြတ်၏ ရောင်ခြည်တော် ဖြင့်၊ နေ၏အရောင်ကိုလည်း လွှမ်းမိုး၍ထွန်းလင်းတောက်ပတော်မူပေ၏ တကား။

ကိုယ်တော်မြတ်၏ အတ္တဘောတော်ဖြင့်၊ လစန္ဒာ၏အရောင်ကိုလည်း လွှမ်းမိုး၍ထွန်းလင်းသကဲ့သို့ရယ်တင့်တယ်တော်မူပါပေ၏တကား။ ငြိမ်သက် တည်ကြည်ကုန်သော၊ ရဟန်း ပုဏ္ဏား သူတော် သူမြတ်တို့ထက် အဆ ပေါင်း ရာ,ထောင် သိန်း,သန်း,မျှမက ပိုမိ၍ငြိမ်သက် တည်ကြည်တော် မူသော ဣန္ဒြေနှင့် ပြည့်စုံပါပေ၏ တကား။ လောကသုံးခွင် ဘုံသုံးပြင်၌ အမြတ်ဆုံးဖြစ်သော ပုဂ္ဂိုလ်ဟူသည်မှာ၊ ဤမြတ်စွာဘုရား ကိုယ်တော် မြတ်ပင်လျှင်ဖြစ်မည်ထင်၏တကား။ ငါ့အား သနားကြင်နာတော်မူသော မြတ်စွာဘုရားသည် ငါ၏အကျိုးငှါသာလျှင် ဤနေရာသို့ရောက်တော်မူ ပေသည်ထင်၏တကားဟူ၍ မြတ်စွာဘုရားနှင့် ကြည်ညိုလှသော ဗုဒ္ဓါ ရုမ္မဏာဒိတိသည်၊ ဥမ်းဆင်ထိစိမ့်သကဲ့သို့ နှစ်သိမ့် ဝမ်းသာသော ဒိတိ ချမ်းသာကိုခံစားလျက်၊ ညွှတ်တွား ရှိခိုးသောစိတ်ဖြင့် လက်အုပ်ကို ချီတင်လျက်အိပ်နေ၏။ ဝါ၊ အိပ်နေလျက်ပင် လက်အုပ်ချီ၍ဂါထိုးလေ၏။

မြတ်စွာဘုရားသည်လည်း မဋ္ဌကုဏ္ဍလီ လက်အုပ်ချီလျက်နေသည် ကိုမြင်တော်မူလျှင်၊ ဤမျှလောက်သောကုသိုလ်ဖြင့်နတ်ပြည်ချမ်းသာကို ရလောက်ပြီဟု နှုတ်ထွေးတော်ပြု၍ ပဲသွားတော်မူ၏။ ထိုမဋ္ဌကုဏ္ဍလီလုလင် သည်လည်း မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြင့် အိပ်လျက် ဂါထိုး

နေရာမှစုတိကျ၍ တာဝတိံသာနတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ အဘာပုဏ္ဏားကြီးသည်ကား ငိုကြွေးမြည်တန်းလျက် သား၏အလောင်းကို သင်းချိုင်းသို့ပို့ဆောင်၍သင်္ဂြိုဟ်ခြင်း စျာပနကိစ္စကိုပြု၍ ဒုတိယနေ့၌ နံနက်စောစောထပြီးလျှင် သင်းချိုင်းသို့သွား၍၊ ချစ်သား မဠဂုဏ္ဍလိ, ချစ်သား-မဠဂုဏ္ဍလိ, ဟု ခေါ်ဆိုလျက် ငိုကြွေးမြည်တမ်း၏။

မဠဂုဏ္ဍလိနတ်သားသည်ကား၊ မိဘ၏နတ်စည်းစိမ်ကို ကြည့်ရှု၍ အဘယ်ဘဝမှ ဤနတ်ပြည်သို့ ငါရောက်လာပါလိမ့်မည်နည်းဟု ပြုအပ်သော ကုသိုလ်ကံကိုဆင်ခြင်သည်ရှိသော်၊ ရှေးလူဘဝ၌ မြတ်စွာဘုရားကို ကြည်ညိုသော စိတ်ဖြင့် အိပ်လျက် လက်အုပ် ချီခြင်း ကုသိုလ်ကို မြင်လေ၍။ သြော်-မြတ်စွာဘုရားတို့၏ အာနုဘော် ကျေးဇူးတော်သည် ကြီးမြတ်ပါပေ၏တကားဟု အလွန်ကြည်ညိုသည်ထက်ကြည်ညိုသော စိတ်ကို အကြိုင်ကြိုမ် ဖြစ်စေလျက်၊ နောက်မှ တဘန် အစဉ်လျှောက်၍ ကြည့်ရှုပြန်သည်ရှိသော်၊ သင်းချိုင်း၌ငိုကြွေးလျက်နေသော ပုဏ္ဏားကြီးကိုမြင်လေ၏။ မြင်ပြီး၍၊ ဤပုဏ္ဏားသည် ရှေးအခါ၌ ငါ့အားဆေးကုစေခြင်း။ကိုမပြုမူ၍ ယခုမှအကျိုးမဲ့ငိုကြွေးလျက်နေ၏တကား။ ငါသည် ယခုပင်လျှင် ထိုပုဏ္ဏားကို ထိတ်လန့်စေ၍ ကုသိုလ်တရား၌ တည်စေအံ့ဟု နတ်ပြည်မှလာခဲ့၍၊ ရှေးကမဠဂုဏ္ဍလိအသွင်ဖြင့်သာလျှင်၊ အိ-လ,မင်း အိ-နေ,မင်း ဟုဆို၍ ငိုကြွေးလျက် အဘာဖြစ်ဘူးသောပုဏ္ဏားကြီး၏အနီး၌ရပ်နေ၏။ ထိုအခါ၌ ပုဏ္ဏားကြီးသည် ဤသူသည်ကား မဠဂုဏ္ဍလိလာ၍ ဖြစ်သည်ဟု စိတ်၌ မှတ်ထင်လျက်၊ ဤဂါထာဖြင့်မေးလေ၏။

အလက်တော မဠဂုဏ္ဍလိ၊ မာလဓာရိဟာရိစန္ဒနုသဒေါ။
ဗာဟာပဂ္ဂယှကနုသိ၊ ဝနမဇ္ဈေကိံ ဒုက္ခိတောတုဝံ။ ။

အလက်တော၊ အဝတ်တန်ဆာ ကောင်းစွာဆင်လျက်။ မဠဂုဏ္ဍလိ၊ ပြေပြစ်ချောမွေ့စွာသောပတ္တမြားနားဆောင်းကိုပန်ဆင်လျက်။မာလဓာရီ၊ ပန်းပန်လျက်။ ဟာရိစန္ဒနုသဒေါ၊ စန္ဒကူးနီကို တကိုယ်လုံး လိမ်းလျက်။ ဗာဟာ၊ လက်မောင်းကို။ ပဂ္ဂယှ၊ မြှောက်ချီလျက်။ တုဝံ၊ သင်သည်။ ကိံ ဒုက္ခိတော၊ အဘယ်သို့သော ဆင်းရဲခြင်းဖြင့်။ ဝနမဇ္ဈေ၊ တောမြို့အလယ်၌။ ကနုသိ၊ ငိုကြွေး၍နေဘိသနည်း။ ဤသို့ပုဏ္ဏားကြီး မေးသည်ကို မဠဂုဏ္ဍလိနတ်သားသည် ဤသို့ပြောဆို၏။

သောဝဏ္ဏမယော ပဘာသရော။
ဥပ္ပန္နော ရထပဋ္ဌော မမ။
တာသ စက္ကယုဂံ နိန္နာမိ။
တေနဒုက္ခေန ဓဟာမိ ဓိဝိတံ။ ။

မမ ငိုအား။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော။ ပဘာသရော၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော။ ရထပဋ္ဌော၊ ရထားကိုယ်သည်။ ဝါ၊ ရထားအိမ်သည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်လာ၏။ တာသ၊ ထိုရွှေရထား၏။ စက္ကယုဂံ၊ စက်ဘီးအဝုံကို။ နိန္နာမိ၊ မရပါ။ တေနဒုက္ခေန၊ ရထားစက်ဘီးနှစ်ခုကိုမရသော ထိုဆင်းရဲခြင်းဖြင့်။ ဓိဝိတံ၊ အသက်ကို။ ဓဟာမိ၊ ဖွဲ့နှဲ့ရတော့အုံ့။ ။ဤသို့မဋ္ဌကုဏ္ဍလိနတ်သားဆိုသည့်နိုင်သော်၊ ပုဏ္ဏားကြီးက ဤသို့ဆိုပြန်၏။

သောဝဏ္ဏမယံ မဏိမယံ၊ လောဟိတက်မယံ အထ ရူပိယမယံ။
အာစိက္ခထ မေ ဘဒ္ဒမာဏဝ၊ စက္ကယုဂံ ပဋိပါဒယာမိ တေ။ ။

ဘဒ္ဒမာဏဝ၊ အိုရဲလူလတ်ကျို။ သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ စက္ကယုဂံ၊ စက်ဘီးအဝုံကို။ ဒုဝိ။ မဏိမယံ၊ ပတ္တမြားဖြင့်ပြီးသော။ စက္ကယုဂံ၊ စက်ဘီးအဝုံကို။ ဒုဝိ။ လောဟိတက်မယံ၊ ပတ္တမြားနီဖြင့်ပြီးသော။ စက္ကယုဂံ၊ စက်ဘီးအဝုံကို။ ဒုဝိ။ အထ၊ ထိုသို့မဟုတ်။ ရူပိယမယံ၊ ငွေဖြင့်ပြီးသော။ စက္ကယုဂံ၊ စက်ဘီးအဝုံကို။ ဒုဝိ။ အာစိက္ခထ၊ အလိုရှိရာ ပြောကြားပါလော့။ တေ၊ သင်လုလင်ကျို့အား။ အဟံ၊ ငါသည်။ ပဋိပါဒယာမိ၊ ပြီးစီးအောင် ပြုလုပ်ရှိပေးပါအုံ့။

ဤသို့ပုဏ္ဏားကြီးကဆိုသည့်နှင့်သော် **မဋ္ဌကုဏ္ဍလိနတ်သား သည်** ဤပုဏ္ဏားကြီးကား ဗိမိသားကိုဆေးမကုလိုတဲ့ သေဆုံးပြီးမှ ဗိမိသားနှင့်ပတ်သောဝါကိုမြင်၍ပိုကြွေးလွန်၊ ရွှေစက်ဘီး, ငွေစက်ဘီးအစရှိသည့်ကိုလုပ်ပေးအုံ့ဟုဆို၏။ ထိုပုဏ္ဏားကိုစကားဖြင့်နှိပ်၍ဆိုဦးအုံ့ဟုကြံလျက် အသင်ပုဏ္ဏားကြီးသည် ငါ့အားကြီးစွာသောစက်ဘီးကိုပြုလုပ်၍ပေးနိုင်အုံ့လောဟုမေး၏။ ထိုအခါ ပုဏ္ဏားကြီးက သင်အလိုရှိသောစက်ဘီးကို သင်အလိုအကဲ့ကြီးကြီးမားမားဖြစ်အောင် လုပ်ပေးပါအုံ့ဟု ပုဏ္ဏားကြီးကဆိုလျှင် အသင်ပုဏ္ဏားကြီးတတ်နိုင်ပါလျှင် အထက်ကောင်းကင်ရှိရှိသော **နေ, လ,** တို့ကို လှည့်ဘီး စက်ဘီး ပြုလုပ်ရန် ငါအလိုရှိ၏ဟု နတ်သားကပြောဆိုလေ၏။

ထိုအခါ ပုဏ္ဏားကြီးက၊ သင်သည်မိုက်လှစွာ၏တကား။မရေနှင်သော နေ,လ,ကိုစက်ဘီးပြိုလုပ်ခြင်းဌါနအလိုရှိဘိ၏။ သင်သည်နေလကိုအလိုရှိ၍ ငိုကြွေးလျှင် သေခြင်းသို့ရောက်လတံ့ဟုငါထင်၏။နေ,လ,နှစ်ခုတို့ကို ဘယ်အခါမှရလိမ့်မည်မဟုတ်ဟုပုဏ္ဏားကြီးကဆိုသောအခါ၊နတ်သား က ပုဏ္ဏားကြီးကို ဤသို့ဆိုလေ၏။

အိုပုဏ္ဏားကြီး၊ ငါအလိုရှိ၍ငိုကြွေးသော နေ,လ,တို့ကို မြင်ရပါသေး၏။ သေသောသူကိုမြင်ရတော့သည်မဟုတ်။ မီးရှို့၍လောင်ကြွမ်းလေပြီ။ သင်နှင့်ငါသည် အဘယ်သူကသာလွန်၍မိုက်ပါသနည်းဟုဆိုသော အခါ၊ပုဏ္ဏားကြီးသည်သတိသံဝေဂရသဖြင့်၊ဤလုလင်ဖျိုသည်ဟုတ်မှန်သောစကားကိုဆိုပေသည်။ နေ,လ,ကိုအလိုရှိ၍ငိုသောသူကဲ့သို့ ငါသည်ကား၊ သေသောသူကိုအလိုရှိ၍ငိုကြွေးဘိ၏။ ငါကပင်လျှင် သာလွန်၍ မိုက်ရာကျချေ၏တကားဟု ငိုကြွေးခြင်းကို ငြိမ်းဇေစေ၍ ဤဂါထာတို့ကို ဆိုလေ၏။

အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံ ဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စိ၊ သဗ္ဗံ နိဗ္ဗာပယေဒရံ။ ။
အဗ္ဘုဠ္ဠံ ဝတ မေ သလ္လံ၊ သောကံ ဟဒယ နိဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အနူဟိဒိ။ ။
သွာဟံ အဗ္ဘုဠ္ဠသလ္လော သ္မိ၊ သိတိဘူတော သ္မိ နိဗ္ဗုတော။
နသောစာမိ နရောဒါနိ၊ တဝ သုတ္တွာန မာဏဝ။ ။

မာဏဝ၊ လုလင်ဖျို။ အာဒိတ္တံ၊ သောကမီးဖြင့် ပြောင်ပြောင်တောက်၍နေသော။ မံ၊ ငါပုဏ္ဏားကြီးကို။ သန္တံ၊ အပူငြိမ်းဇေအောင်။ ဃတသိတ္တံ၊ ရေအိုးဖြင့်သွန်းလောင်းသော။ ပါဝကံဝ၊ မီးကဲ့သို့ဝင်း။ ဝါရိနာ၊ ရေဖြင့်။ ဩသဉ္စိဝိယ၊ သွန်းလောင်းဘိသကဲ့သို့ဝင်း။ သဗ္ဗံ၊ အလုံးစုံသော။ ဒရံ၊ ပူပန်ခြင်းကို။ နိဗ္ဗာပယေဝတ၊ ငြိမ်းဇေစေ၏တကား။

မေ၊ ငါ၏။ ဟဒယနိဿိတံ၊ နှလုံးထဲ၌မှီ၍နေသော။ သောကံ၊ စိုးရိမ်ခြင်းဖြစ်သော။ သလ္လံ၊ မြှားငြောင့်ကို။ အဗ္ဘုဠ္ဠံ ဝတ၊ နှုတ်ပစ်ပေ၏တကား။ ယောကပရေတဿ၊ သောကနှိပ်စက်၍နေသော။ မေ၊ ငါ့အား။ ယော၊ အကြင်လုလင်ဖျိုသည်။ ပုတ္တသောကံ၊ သားသေ၌ စိုးရိမ်ပူဆွေးငိုကြွေးခြင်းကို။ အနူဟိဒိ၊ ပယ်ဖျောက်ပေ၏။

သွာဟံ၊-သောအဟံ၊ ထိုငါသည်။ အဗျုဠ္ဠသလ္လော၊ နှုတ်ပယ်ပြီးသော မြှားငြောင့်ရှိသည်။ အသို့၊ ဖြစ်ရပေဏ်။ သိတိဘူတော၊ ငြိမ်သည်ဖြစ်၍။ နိဗ္ဗုတော၊ ငြိမ်းသည်။ အသို့၊ ဖြစ်ပေဏ်။ တဝ၊ သင်လုလင်ဟျိုဏ်။ ဝစနံ၊ စကားကို။ သုတ္ဝာန၊ ကြားရ၍။နသောစာမိ၊ မစိုးရိမ်တော့ပါ။ နရောဒါမိ၊ မငိုကြွေးတော့ပါ။

ထိုနောက်နှတ်သားသည် မဠဂုဏ္ဍလိလုလင်ဟျိုဏ်အသွင်ကို ယုတ်သိမ်း၍ မိမိနှတ်သား၏ အသွင်ဖြင့်နေသည်ကို မြင်ရသော ပုဏ္ဏားကြီးသည် ဤဂါထာဖြင့်မေးလေ၏။

ဒေဝတာ နုသိ ဂန္ဓဗ္ဗော၊ အဒုသဏ္ဍော ပုရိန္ဒဒေါ။
ကောဝါ တွံ ကာသဝါ ပုတ္တော၊ ကထံ ဇာနေမုတံ မယံ။ ။

ကွဲ့၊ သင်သည်။ ဒေဝတာနုသိ၊ နှတ်သားဖြစ်လေသလော။ ဂန္ဓဗ္ဗောနုသိ၊ ဂန္ဓဗ္ဗဖြစ်လေသလော။ ပုရိန္ဒဒေါ။ ရှေးဦးအလှူ ပေးဝေလှူသော။ သဏ္ဍောနုသိ၊ သိကြားမင်းဖြစ်လေသလော။ ကောဝါ၊ အဘယ်သူပေနည်း။ ကာသဝါပုတ္တော၊ အဘယ်သူ၏သားပေနည်း။ တံ၊ သင့်ကို။ မယံ၊ ငါကို့သည်။ ကထံ ဇာနေမု၊ အဘယ်သို့သိရပါအံ့နည်း။

ရှေးဘဝက အဘဖြစ်ဘူးသော ပုဏ္ဏားကြီးအား **မဠဂုဏ္ဍလိ နှတ်သား**သည် ရှေးဘဝက သားဖြစ်ကြောင်းကို ပြန်ပြောင်းကာ ဇာတ်လှန်၍၊ နှတ်သံနှင့်ပြောကြားသောဂါထာကား ဤသို့ပေတည်း။

ယံစ ကန္ဒသိ ယဉ္စ ရောဒသိ၊ ပုတ္တံ အာဠဟာနေ သယံ ဒဟိတ္ဝာ။
သွာဟံ ကုသလံ ကရိတ္ဝာ ကမ္မံ၊ တိဒသာနံ သဟဗျတံ ဂတောဿ။ ။

ဗြဟ္မဒတ္တ၏ ဓိုပုဏ္ဏားကြီး။ တွံ၊ သင်ပုဏ္ဏားကြီးသည်။ အာဠဟာနေ၊ သင်းချိုင်းဌ။ သယံ၊ ယမန်နေ့သေဆုံး၊ တုံးလုံးအိပ်နေသော။ ယံစပုတ္တံ၊ အကြင်သားကို။ ဒဟိတ္ဝာ၊ မီးရှို့ပြီး၍။ ကန္ဒသိ၊ မယ်ဘွဲ့မောင်ဘွဲ့၊ ဖွဲ့နွဲ့ရည်မှန်း ငိုမြည်တမ်း၏။ ရောဒသိစ၊ သက်ပြန်လျှိုက်ဖု၊ ရှိုက်ခါဆို၍၊ ငိုလည်းငိုကြွေး၏။ သော၊ သင်ပုဏ္ဏားကြီး၊ ရင်ကိုတီး၍၊ သက်ကြီးလျှိုက်ဖု၊ ရှိုက်ခါငိုသော၊ ထိုသားသည်ကား။ အဟံ၊ အခြားတပါး၊ သူမျှားမဟုတ်။ မဠဂုဏ္ဍလိ၊ ဘွဲ့ထူးချီသော ငါနှတ်သားပင်ဖြစ်၏။ သွာဟံ၊ သောအဟံ၊ ထိုမဠဂုဏ္ဍလိ၊ နာမည်ကျော်ကြား၊ ငါနှတ်သားသည်။

ကုသလံကမ္မံ၊ ကုသိုလ်ကံကို။ ကရိတ္ဝာ၊ ပြုလုပ်၍။ တိဒသာနံ၊ တာဝတိံသာ နတ်တို့၏။ သဟာဗျတံ၊ အတူတကွဖြစ်ရာဝတိံသာသို့၊ ဂတောရောက်ရပေ၏။

ဤသို့မဋ္ဌကုဏ္ဍလိနတ်သားက၊ ရှေးဘဝ၌သားဖြစ်ကြောင်းကို ပြောကြားသောအခါ၊ သင်နတ်သားသည် ရှေးဘဝ၌ အကျွန်ုပ်၏ သားဖြစ်ကြောင်းကို ပြောဆို၏။ တစုံတခု ကုသိုလ် ကောင်းမှု ပြုလုပ်သည်ကို ကျွန်ုပ်မမြင်ရပါ။ တစုံတခု လှူဒါနိုး သည်ကိုလည်း မမြင်ရပါ။ ဥပုသ်သိတင်းစောင့်သုံးခြင်းကိုလည်းမမြင်ရပါ။ အဘယ်သို့သောကုသိုလ်ကံဖြင့် နတ်ပြည်သို့ရောက်ပါသနည်းဟူ၍ ပုဏ္ဏားကြီးကမေးသောအခါ။

သင်၏သားဖြစ်သောငါသည် မကျန်းမမာ သေခါနီးမှ၊ မြတ်ဗုဒ္ဓကို တခဏမျှမူးမြင်ရ၍၊ ဓိဝိပရာမှနေလျက် လက်အုပ်ချီခြင်းကို ပြုလိုက်၏။ ထိုလက်အုပ်ချီသော ကုသိုလ်ဖြင့်ပင်လျှင်၊ တာဝတိံသာ နတ်ပြည်သို့ရောက်၍ နတ်သား ငါဖြစ်ရ၏ဟူ၍ **မဋ္ဌကုဏ္ဍလိနတ်သားက** ပြောကြားသောအခါ၊ အံ့ဩခြင်း ဖြစ်သောစိတ်ဖြင့်၊ ဤဂါထာကို ဆိုလေသတည်း။

အဇ္ဇရိယံ ဝတဗ္ဗ္ဗတံ ဝတ၊ အဠ္ဠလိကမ္မသသအယမိဒိသဝိပါကော။
အဟံပိ မုဒိတမနော ပသန္နစိတ္တော၊ အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာမိ။ ။

အဇ္ဇရိယံဝတ၊ အံ့ဩဘွယ်ရှိစွတကား။ အဗ္ဗ္ဗတံဝတ၊ မဖြစ်းဘူးမြဲဖြစ်လေစွတကား။ အယံ၊ ဤနတ်သားသည်။ အဠ္ဠလိကမ္မသ၊ လက်အုပ်ချီခြင်း၏။ ဤဒိသဝိပါကော၊ ဤကဲ့သို့ အကျိုးကိုဖြစ်စေ၏ တကား။ အဟံပိ၊ ငါသည်လည်း။ မုဒိတမနော၊ ဝမ်းမြောက်သော စိတ်ရှိလျက်။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ အဇ္ဇေဝ၊ ယခုပင်လျှင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဝဇာမိ၊ ဆည်းကပ်ပါတော့အုံ့။

ထိုအခါ၌ မဋ္ဌကုဏ္ဍလိနတ်သားသည် ထိုပုဏ္ဏားကြီးအား သရဏာဂုံပဋ္ဌသိတ္ထိ၌တည်စေရန်ဆုံးမလိုရကား၊ ဤဂါထာကိုဆို၏။

အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာဟိ၊ ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာပဒါနိ ပဉ္စ၊ အခဏ္ဍဖုလ္လာနိ သမာဒိယဿု။ ။

အခ္ဆေ၀ ယခုပင်လျှင်။ ဗုဒ္ဓ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဝန္ဒာဟိ.. ဆည်းကပ်လေလော့။ ဓမ္မဉ္စ၊ တရားတော်ကိုရင်း။ သံဃဉ္စ၊ သံဃာတော်ကိုရင်း။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဝန္ဒာဟိ၊ ဆည်းကပ်လေလော့။ တထေ၀၊ ထိုအတူပင်လျှင်။ အခဏ္ဍာဗုလ္လာနိ၊မကျိုးမပွင့်ကုန်သော။ ပဠုသိကဿာပဒါနိ၊ ငါးပါးသိလသိက္ခာပုဒ်တို့ကို။ သမာဒိယသု၊ ဆောက်တည်လေလော့။

ပုဏ္ဏားကြီးသည်လည်း နတ်သားဆုံးမကိုင်းလိုက်နာလို၍ ဤဂါထာကို ဆိုလေသတည်း။

အတ္ထိကာမောသိ မေ ယက္ခ ဟိတကာမော သိ ဒေ၀တေ။
ကရောမိ ဝုယ္ဟံ ၀စနံ၊ တွံ သိ အာစရိယော မမ။ ။

ယက္ခ၊ နတ်သား။ တွံ၊ သင်နတ်သားသည်။ မေ၊ အကျွန်ုပ်၏။ အတ္ထိကာမော၊ အကျိုးကိုလိုလေသောသူသည်။ အသိ၊ ဖြစ်ပေ၏။ ဒေ၀တေ၊ နတ်သား။ တွံ၊ သင်နတ်သားသည်။ မေ အကျွန်ုပ်၏။ ဟိတကာမော၊ အစီးအပွားကို အလိုရှိသောသူသည်။ အသိ၊ ဖြစ်ပေ၏။ ဝုယ္ဟံ၊ သင်နတ်သား၏။ ၀စနံ စကားကို။ကရောမိ၊ လိုက်နာ၍ပြုလုပ်ပါအုံ့။ တွံ၊ သင်နတ်သားသည်။ မမ၊ အကျွန်ုပ်၏။ အာစရိယော၊ ဆရာသည်။ အသိ၊ ဖြစ်ပေ၏။

ဤသို့သရဏာဂုံပဉ္စသိက္ခာ၌ တည်ပါအုံ့ဟု၀နံခံသော ပုဏ္ဏားကြီးအား တရားစကားဟောကြားဆုံးမပြီး၍ မဗ္ဗဟုဏ္ဍလိနတ်သားသည် ထိုနေရာ၌ပင်လျှင် ကွယ်လေ၏။ ပုဏ္ဏားကြီး သည်လည်း မြတ်စွာဘုရားကျောင်းတော်သို့ ခေါ်ဆောင်လေ၏။ လူအပေါင်းတို့သည် ကျောင်းတော်သို့ ပုဏ္ဏားကြီး သွားသည်ကို မြင်ကြသောအခါ။ ဤပုဏ္ဏားကြီးသည် ခေါ်အခါက မြတ်စွာဘုရားကျောင်းတော်သို့တကြိမ်တခေါက်မျှရောက်ဘူး သွားဘူးသည်မဟု။ ယခုမျှမမှီသားသေ ဆုံးသဖြင့် ပုဏ္ဏားကြီးရောက်သောကြောင့်သွားခဲ့လေ၏။ မြတ်စွာဘုရားသည် အာဘယ်ကဲ့သို့ တရားကိုဟောလိုခဲ့မည်နည်း။ ငါတို့သည် နာကြားကုန်အုံ့ဟုအားချင်းချင်းခေါ်ယူ၍ ပုဏ္ဏားကြီးနောက်သို့လိုက်ကြကုန်၏။

ပုဏ္ဏားကြီးသည်လည်း မြတ်စွာဘုရားခြေတော်သို့ ရောက်အောင်သွား၍ စကားပဋိသန္ထာရပြုပြီးလျှင် ဤသို့လျှောက်ကြား၏။ အခ္ခ၊ ဂေါတမဘုရား။တရုံတခုသောအလှကိုမလှဘဲ၊သီလကိုလည်းမဆောက်တည်ဘဲ၊ သက်သက်အားဖြင့်အနှစ်ဘုရားတို့၌ကြည်ညိုရုံမျှဖြင့် နတ်ပြည်

ဌ ဖြစ်နိုင်ပါမည်လော။ ။ဤသို့မေးလျှောက်လျှင်၊ အသင်ဗုဏ္ဏားကြီး သည် နံနက်စောစောက **မဋ္ဌကုဏ္ဍလိနတ်သား** ကိုယ်တိုင်လာ၍ပြော သည်ကိုကြားသိရပြီမဟုတ်လောဟု မြတ်စွာဘုရားမိန့်တော်မူ၏။

ထိုခဏာ၌ မဋ္ဌကုဏ္ဍလိနတ်သားသည် မိမိဘုံဗိမာန်နှင့်တကွ ထင်ရှား သောကိုယ်ဖြင့် နတ်ပြည်မှဆင်းသက်ရောက်လာ၍ မြတ်စွာဘုရားကိုရှိခိုး ပြီးလျှင် လက်အုပ်ချီတင်လျက်ရပ်နေ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ထိုပရိသတ် အပေါင်းတို့အား၊ ထို--မဋ္ဌကုဏ္ဍလိ နတ်သား ပြုလုပ်သော ကုသိုလ်ကိုဟောကြားတော်မူ၍ တည်ကြည် ခိုင်ခန့် နူးညံ့သော စိတ်ရှိ သော ပရိသတ်အား လေးပါးသောသစ္စာကိုပြ၍ တရားဟောတော်မူ၏။ တရားတော်အဆုံး၌ နတ်သားနှင့်တကွ ပုဏ္ဏားကြီးသည်ရင်း။ ပရိသတ် အပေါင်းသည်ရင်း၊ ရှစ်သောင်းလေးထောင်မျှ တရားရကြကုန၏။

စတုရာသိတိယာ ပါဏာသဟဿာနိ ဓမ္မာဘိသမယော အဟောသိ။
ဝိမာနဝတ္ထုအဋ္ဌကထာ-ဏာ ချပ်။ ။

စတုရာသိတိယာ ပါဏာသဟဿာနိ၊ ရှစ်သောင်းလေးထောင်ကုန် သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊ တရားရခြင်းသည်။ အဟော သိ၊ ဖြစ်၏။ ။မဂ်ဖိုလ်ရကြကုန်၏ဟူလို။ ။

မဋ္ဌကုဏ္ဍလိနတ်သားဝတ္ထုပြီး၏။

* * *

အရှင်ဂဝံပတိထေရ်၏ဝတ္ထု

အရှင်ဂဝံပတိထေရ်မြတ်သည် ကာသပမြတ်စွာဘုရား၏လက်ထက် တော်၌ နွားတို့ကို ထိန်းကျောင်း စောင့်ရှောက်၍ အသက်မွေးရသော ဂေါပါလ နွားကျောင်းသား ဖြစ်၏။ တနေ့သ၌ အာသဝေါ ကိလေသာ ကုန်ခမ်းတော်မူပြီးသော ရဟန္တာအရှင်မြတ်တပါးသည် တခုသောရွာ၌ ဆွမ်းခံလှည့်လည်၍ မျှလောက်ရုံရသော ဆွမ်းကိုဆောင်ယူကာ၊ ရွာ၏ အပြင်ဘက် တခုသောအရပ်၌ ဆွမ်းစားခြင်းကိစ္စကိုပြု၍နေတော်မူ၏။

ထိုအခါ၌ နွားကျောင်းသားသည် ထိုရဟန္တာအရှင်မြတ်ကိုမြင်လျှင် ကြည်ညိုခြင်းဖြစ်၍အရှင်မြတ်အား၊နေပူဖြင့်ပင်ပန်းခြင်းမရှိစေသတည်း ဟု နှလုံးပြု၍ လေးခုသော ကုက္ကို့ကိုင်းတို့ကို မဏ္ဍာပ် ပြုလုပ်၍ လှူ၏။ မဏ္ဍပ်၏ပတ်လည် ထက်ဝန်းကျင်၌လည်း ကုက္ကိုပင်တို့ကိုစိုက်ပျိုး၍လှူ၏။ကုက္ကိုပင်ရင်း၌လည်း သနှဲ့ရင်းစင်ကြယ်စွာသုတ်သင်ရှင်းလင်း၍သဲ ဖြူခင်းခြင်းကိုပြု၏။ ဒိဒိစားသုံးရန် အစာအာဟာရကိုလည်း လှူဒါန်း ဆက်ကပ်၏။

ထိုနွားကျောင်းသားဘဝမှရုတေသည်ရှိသော် စာတုမဟာရာဇ် နတ် ပြည်ဝယ် ရွှေဗိမာန်ကြီး၌နတ်သားဖြစ်၏။ ထိုနတ်သား၏ ကံအားလျော် စွာ ထိုရွှေဗိမာန်ကြီး၏ ထက်ဝန်းကျင် ပတ်လည်ဝန်းရံ၍ ကုက္ကို့ပင်တို့ သည် ဖြစ်ကုန်၏။ အဆင်းအနံ့တို့နှင့်ပြည့်စုံစွာအခါခပ်သိမ်းတင့်တယ်၍ နေ၏။ ထို့ကြောင့် ထိုရွှေဗိမာန်ကြီးသည် ကုက္ကိုပင်တို့ဖြင့် ဝန်းရံသော သေရိသကဗိမာန်ကြီးဟူ၍ထင်ရှား၏။

ထိုနတ်သားသည် ထိုနတ်ဘုံဗိမာန်ကြီးမှရုတေ၍ ဗာရာဏသီပြည် ဝယ် သူဌေးသားဖြစ်လာ၏။ **ဂဝံပတိ** ဟူသောအမည်ဖြစ်၏။ ငါတို့ မြတ်စွာဘုရားတရားတော်ကိုနာရ၍ ရဟန္တာဖြစ်၏။ ။(ထိုသူဌေးသား အရှင်ဂဝံပတိနှင့်မိတ်ဆွေသဟာယဖြစ်သောသူဌေးသားတို့သည်ကား။ **အရှင်ယသ** ထေရ်။ **အရှင်ဝိမလ** ထေရ်။ **အရှင်သုဗာဟု** ထေရ်။ **အရှင်ပုဏ္ဏဇိ**ထေရ်။ ဤအရှင်မြတ်တို့သည်၊ ပဉ္စဝဂ္ဂိငါးဦးတို့ ပထမ ရဟန္တာဖြစ်ပြီးနောက်။ ဒုတိယ ရဟန္တာဖြစ်ကြသော မထေရ်မြတ်တို့ ဖြစ်ကုန်၏။ ။ဝိနည်းမဟာဝါဂါ၌တော်၊ စတုဂိဟိသဟာယ ပဗ္ဗဇ္ဇာ အခန်း ၂၃-၂၄-နံပါတ်၌လာ၏)။ ။

ရဟန္တာဖြစ်ပြီးသော**အရှင်ဂဝံပတိ**ထေရ်မြတ်သည် ဗိမိနတ်သား ဖြစ်၍နေခဲ့ဘူးသော **သေရိသကရွှေဗိမာန်ကြီး**သို့ပဗ္ဗာစိတ္တာရှေးက နေ ဘူးသော အလေ့အားဖြင့် မပြတ်သွား၍ နေ့သန့်ခြင်းကို ပြုတော်မူ၏။ (ဤသေရိသက ရွှေဗိမာန်ကြီးသည် အရှင်ဂဝံပတိထေရ်၏ ကုသိုလ်ကံ ကြောင့်ဖြစ်သော ရွှေဗိမာန်ကြီးဖြစ်၏။အရှင်ဂဝံပတိထေရ်နတ်သားဖြစ် ၍ရုတေပြီးနောက်၊ ထိုရွှေဗိမာန်ကြီးသည် ပကတိတည်နေ၍ ကျန်ရစ် ၏။ နတ်သား နတ်သို့ ပြောင်းပယောက်မျှ မရှိ။ အလွန်တိတ်ဆိတ်၏။ ဥတု သည်ပါယင်ပြောသာယာ၏)။

ထိုနောက်မိန္တာအယူရှိသောပါယာသိရာဇညမင်းသည် ဆန်းကြယ်သောစကားကိုဆိုတတ်သော အရှင်ကုမာရကဿပ၏တရားစကားဖြင့် သမ္မာဒိဋ္ဌိအယူဖြစ်၍ အလှူကောင်းမှုကိုပြုသောကြောင့်၊ ထိုသေရိသက ရွှေဗိမာန်၌ ဘုမ္မစိုရ်းနတ်ဖြစ်၏။ လူ့ပြည်၌တည်းသောရဟန်း၏ကျောင်း၌ တည်းသောရဟန်း ဆက်၍နေသကဲ့သို့ဖြစ်၏။

အရှင်ဂဝံပတိ ထေရ်မြတ်သည် နေ့သန့်ခြင်း၌ ဤသေရိသက ရွှေဗိမာန်ကြီးသို့ မပြတ်သွားနေကြဖြစ်၍ ကြွသွားတော်မူပြီးလျှင် နေ့သန့်ခြင်းကိုပြု၍နေတော်မူ၏။ ထိုအခါ၌ **ပါယာသိရာဇညနတ်သား**သည် အရှင်ဂဝံပတိအထံသို့ ရှိသေစွာလာ၍ ဦးခိုးလျက်ရပ်နေ၏။ ရပ်နေသော ပါယာသိရာဇည နတ်သားကို**အရှင်ဂဝံပတိ** ထေရ်မြတ်က(ငါ့)ရှင်၊ သင်ကား အဘယ်သူနည်းဟုမေးတော်မူ၏။ တပည့်တော် ပါယာသိရာဇည ပါဘုရားဟုလျှောက်ကြား၏။ ပါယာသိရာဇည၊ သင်သည် ကုသိုလ်အကုသိုလ်တို့၏ အကျိုး အပြစ်သည် မရှိဟူ၍ မိန္တာဒိဋ္ဌိ အယူ ရှိသည်မဟုတ်လောဟု မေးတော်မူလျှင်၊ အရှင်ကုမာရကဿပ ထေရ်မြတ်၏ တရားစကားကိုကြားနာရ၍ မိန္တာဒိဋ္ဌိ အယူ လွတ်ကင်း ပါကြောင်းနှင့် လျှောက်ကြား၏။

ပါယာသိရာဇည၊ သင်၏အလှူ၌လုံ့လစိုက်၍ဆောင်ရွက်သော**ဥတ္တရလုလင်** ကား၊ အဘယ်မှာဖြစ်သနည်းဟုမေးတော်မူလျှင်။ ဥတ္တရလုလင်သည် ကောင်းမွန်စွာအရှိအသေသက္ကစ္စဒါနကိုကိုယ်တိုင်လှူသောကြောင့် တာဝတိံသာ၌ဖြစ်ပါသည်ဘုရား။ တပည့်တော်သည်ကား၊ မကောင်းမမွန် မရှိမသေ အသက္ကစ္စဖြင့် ကိုယ်တိုင်မဟုတ်၊ သူတပါးကို စေခိုင်း၍ လှူခြင်းကြောင့် စာတုမဟာရာဇ နတ်ပြည်၌ ဘုမ္မစိုရ်းနတ် ဖြစ်ပါသည်ဘုရား။တပည့်တော်သည်တိတ်ဆိတ်စွာသော**သေရိသကရွှေဗိမာန်**၌ ဖြစ်ပါသည်။ အရှင်ဘုရားသည် လူတို့ပြည်သို့ ပြန်ကြွတော်မူသောအခါ၊ ကောင်းမွန်စွာသောသက္ကစ္စဒါနကို ကိုယ်တိုင်လှူကြကုန်လော, ဟူ၍ပြောကြားတော်မူပါအရှင်ဘုရား။ တပည့်တော်၏ အခြေအရံဖြစ်ကုန်သော သူတို့ကိုလည်း သက္ကစ္စဒါနကို ကိုယ်တိုင်လှူ၍ ဤသေရိသက ရွှေဗိမာန်ကြီး၌ဖြစ်ရန် ဆုတောင်းကြကုန်လောဟူ၍ ပြောကြားတော်မူပါဘုရားဟု လျှောက်ကြား၏။

အခ္ဂ၏ဝံပတိထေရ်မြတ်သည် ရာဇာနှတ်သားလျှောက်ကြားသည့် အတိုင်း လူပြည်သို့ပြန်လာသော အခါ၊ မျှားစွာသော လူတို့ကိုပြောပြ၍ ထိုလူတို့သည် နှတ်ပြည်သို့ရောက်ကြကုန်၏။ ပါယာသိရာဇာ အဖြို့ အရံဖြစ်သော လူတို့သည်ကား၊ သင်္ကန်းကုသိုလ်ကိုပြု၍လည်း ဆုတောင်းခြင်းနှင့်သော ကြောင့် သေရိသကရွှေဗိမာန်ဌပင်လျှင် ဖြစ်ကြကုန်၏။

(ပါယာသိသမ ပန ရာဇာသမ ပရိစာရိကာ သင်္ကန်းဒါနံဒတ္ဝာပိ နိကန္တိဝသေနဂတ္တာ တသ္မိ ဝသ္မိကေ နိဗ္ဗတ္တာ။ ။သုတ်မဟာဝါ အဋ္ဌကထာ၊ ပါယာသိရာဇာသုတ်ဖွင့် ၃၂ ဝိမာနဝတ္ထုအဋ္ဌကထာ ကို-ချပ်)။

* * *

ဆန်းကြယ်သော စကားကိုဆိုတတ်သော ဇေတဒဂ်ရအရှင် ကုမာရကဿပ ထေရ်၏ဝတ္ထု

ထိုအရှင်ကုမာရကဿပထေရ်မြတ်သည် ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက်တော်၌ သေဋ္ဌေးသားဖြစ်ကြောင်း။ ။သေဋ္ဌိပုတ္တော အဟောသိ။ ။မူလပဏ္ဏာသအဋ္ဌကထာ-၂၇။ သုတ်မဟာဝါအဋ္ဌကထာ-၃၂၃။ ဟေလဝေဟာတိပနအဂိုတ္တရအဋ္ဌကထာ ယံဝုတ္တံ။ ။ထေရဂါထာ အဋ္ဌကထာ။ ။တဒါဟံ ဗြဟ္မဝေဿော ဟုတ္ဝာ။ ဝိသုတောဝေဒပါရဂူ။ ။အပဒါနဠ ပါဠိတော် ၃၂ ၀ ၌ ပုဏ္ဏားဖြစ်ကြောင်းကိုဟောတော်မူ၏။ ။အဋ္ဌကထာ စကားဖြင့် ပုဏ္ဏားဖြစ်သော်လည်း သာမညပုဏ္ဏားမဟုတ်၊ သေဋ္ဌေးဖြစ်ကြောင်းကို သိအပ်၏။

ထိုဗြဟ္မဝေဿမဟာသာလပုဏ္ဏားသေဋ္ဌေးသားဖြစ်သော အရှင်ကုမာရကဿပ၏အလောင်းသည်၊ ရဟန်းတပါးကို ပဒုမုတ္တရမြတ်စွာဘုရားသည် ဆန်းကြယ်သော တရားစကားကို ပြောဟောခြင်း၌ ဇေတဒဂ်ထားတော်မူသည်ကိုမြင်၍ ခုနစ်ရက်ပတ်လုံးဘုရားအမှီးနှင်သော သံဃာတော်ကို အားကြီးစွာသော အလှူကြီးကိုပေး၍။ ငါသည်လည်း နောက်ကမ္ဘာကို၌ပင်တော်မူလတံ့သော မြတ်စွာဘုရား၏ လက်ထက်တော်၌ ဆန်းကြယ်သော တရားစကားကို ပြောဟောတတ်သော သာဝကရဟန္တာ ဖြစ်ရပါလို၏။ ပဋိညာဉ်တည်၍ ဗျာဒိတ်ရသော အခါ၊ မျှားစွာသော ကုသိုလ်ကောင်းမှုကိုပြု၍ ရုတေသော အခါ တာဝတိံသာနတ်ပြည်၌ဖြစ်၏။

ဤကမ္ဘာအတွင်းခွဲပွင့်တော်မူသော ကဿပမြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသောနောက်၌ လူ၏ဘဝကိုရ၍ ရဟန်းပြုပြီးလျှင်တရားကိုအားထုတ်သော်လည်း တရားထူးကိုမရဘဲရှုတေသော်တာဝတိံသာနတ်ပြည်၌ဖြစ်၏။

အဘယ်သို့တရားကိုအားထုတ်သနည်းဟူမူကား။ ။ကဿပမြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည်ရှိသော်၊သာသနာတော်သည် ဆုတ်ယုတ်၍ နတ်အပေါင်းတို့သည် ဆံပင်ကိုဖါးရယားချကုန်လျက်၊ ငိုကြွေးကြကုန်၏။ ထိုအခါ၌ကြီးစွာသောမြေလှုပ်ခြင်း၊ သမုဒ္ဒရာမြည်ဟိန်းခြင်း၊ နတ်စည်ရွန်းခြင်း၊ မိုးကြိုးကျခြင်း၊ ဥက္ကာကျခြင်း၊ ရမဂေတု-ကိတ်ငြိုဟ်ထွက်ခြင်း၊ ကြယ်အခိုးထွက်ခြင်း၊ အုံ့သြဘွယ်တို့သည်ဖြစ်ကုန်၏။

ထိုအခါ၌ ရဟန်းခုနစ်ပါးတို့သည် သံဝေဂဖြစ်ကြကုန်၍ ဤသို့ကြံကြကုန်၏။ ငါတို့သည် သာသနာတော်နှင့်ကင်း၍အသက်ရှင်ခြင်းသည် အကျိုးမရှိ။ တောအုပ်အတွင်းသို့ဝင်၍တရားကိုအားထုတ်ကြကုန်အုံ့ဟုကြံစည်ကာတိုင်ပင်၍တောထွက်သွားကြသောအခါ ထိုတောအုပ်ကြီး၏အတွင်း၌ မြင့်လှစွာသော တောင်စောက်ကြီးကိုမြင်၍ လှေခါးထောင်လျက် တက်ပြီးလျှင် တောင်ထိပ်ပေါ်သို့ရောက်သောအခါ လှေခါးကိုဖြုတ်၍ချပြီးလျှင်၊ အကြီးဆုံးဖြစ်သော မထေရ်ကြီးက ဤသို့ပြောဟောဆုံးမ၏။

ငါ့ရှင်တို့၊ဘုရားပွင့်သောအခါကာလကိုအလွန်ရခဲစွာ၏။သဒ္ဓါတရားနှင့်ပြည့်စုံသော အဖြစ်ကိုလည်း အလွန်ရခဲစွာ၏။ သာသနာတော်သည်လည်း ကွယ်လုနီးဖြစ်၍ အနည်းငယ်မျှသာကြွင်းကျန်တော့၏။ မြတ်စွာဘုရားပွင့်တော်မူသော ကာလကိုလွန်၍ သာသနာပသို့ ရောက်ကြကုန်သော သတ္တဝါတို့သည် အဆုံးမရှိနိုင်သော ဆင်းရဲဒုက္ခအတွင်းသို့ ကျရောက်ကြကုန်၏။ ထိုကြောင့် ငါ့ရှင်တို့သည် မြတ်စွာဘုရားသာသနာမကွယ်ပမီ၊ တရားကို အားထုတ်ကြ ကုန်လော။ အကြင်-ရဟန်းသည် တရားထူးကိုရ၍ တန်ခိုးဖြင့်ကောင်းကင်သို့ ပျံသွားနိုင်လျှင်၊ ထိုရဟန်းသည် ဆွမ်းခံ၍စားရာ၏ဟု ကတိကဝတ်ပြု၍ တရားကို အားထုတ်ကြသောအခါ၊ သံဃထေရ်သည် တတိယနေ့၌ ရဟန္တာဖြစ်၍ ကောင်းကင်သို့ ပျံပြီးလျှင် အနောတတ္တာအိုင်၌ မျက်နှာသစ်၍ မြောက်ကျွန်းသို့သွား၍

ဆွမ်းခံပြီးလျှင်၊ ငါ့ရှင်တို့၊ ဤဆွမ်းကိုစား၍ မမေ့ မလျော့ ကမ္မဋ္ဌာန်းတရားကို အားထုတ်၍ရှုကြကုန်လေဟု ဆိုဏ်။

ကြွင်းသောရဟန်းတို့က၊ ငါ့ရှင်တို့၊ အကြင်ရဟန်းသည် ဝေးဦးစွာ တရားထူးကိုရအံ့။ ထိုရဟန်းသည် ဆွမ်းခံ၍ကွေးရာ၏ဟု ဂတိကဝတ် ပြုခြင်းမရှိကြကုန်။ ထိုကြောင့် ဤဆွမ်းကိုမစားလိုကုန်၊ တရားကိုသာ အားထုတ်ကြကုန်အံ့ဆိုလျှင်။ ထိုရဟန္တာမထေရ်ကြီးသည် ချမ်းသာရာ အရပ်သို့သွား၍နေပြီးလျှင် သက်တန်းဆုံးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။

နောက်တနေ့ လေးရက်မြောက်၌ ဒုတိယထေရ်သည် အနာဂါမိဖိုလ်ရ၌တည်၍ အဘိညာဏ်တို့ကိုလည်း ရသည်ရှိသော်၊ ထိုဝေးမထေရ်ကြီးအတူပင်လျှင် ဆွမ်းခံ၍ကွေးသည်ကို ပယ်ရှားကြကုန်သောကြောင့် ဒုတိယထေရ်သည်လည်း သက်တန်းဆုံးသည်ရှိသော် ရုတေ၍ **သုဒ္ဓါဝါသဘုံ**၌ ဖြစ်လေ၏။

ကြွင်းကုန်သော မထေရ်ငါးပါးတို့သည် တရားထူးကိုဖြစ်စေခြင်းဌာ မတတ်နိုင်သည်ဖြစ်၍ မဂ်ဖိုလ်ကိုမရကြကုန်။ကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်လျက်ရုတေ၍နှတ်ပြည်၌ဖြစ်ကြကုန်၏။ ငါတို့ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌၊ ထိုငါးပါးသော မထေရ်တို့တွင်၊ တပါးသော ထေရ်သည်**အရှင်ကုမာရကဿပ**ထေရ်ဖြစ်လာ၏။တပါးသည်**အရှင် ဒဗ္ဗ** ဖြစ်လာ၏။ တပါးသည် **ပဏ္ဏုသာတိမင်း**ဖြစ်လာ၏။ တပါးသည် သမုဒ္ဒရာဆိပ်ကမ်း အာရုက္ခတွင်ကြီး**မာဟိယဒါရုစိရထေရ်** ဖြစ်လာ၏။ တပါးသည် **သဘိယထေရ်**ဖြစ်လာ၏။

(ကုမာရကဿပ။ ဒဗ္ဗမလ္လပုတ္တ။ ပဏ္ဏုသာတိ။ ဗာဟိယ။ သဘိယ။ သုဒ္ဓါဝါသဘုံ၌ဖြစ်သော မထေရ်နှင့်တကွ ခြောက်ပါးတို့သည် တရားကျင့်ဘက် မိတ်ဆွေဟောင်းများဖြစ်ကြကုန်၏။)

ထိုမိတ်ဆွေဟောင်းခြောက်ပါးတို့တွင် အရှင်ကုမာရကဿပသည် ကား၊ ရာဇဂြိုဟ်ပြည်၌ သေဋ္ဌေးသူဌေး၏ဝမ်းတွင် ပဋိသန္ဓေတည်နေ၏။ ထိုသေဋ္ဌေးသူဌေးသည် ပဋိသန္ဓေတည်သည်ကိုမသိမူ၍ လင်ယောကျ်ားကို အခွင့်တောင်းပြီးလျှင် ရဟန်းမိန်းမပြုလုပ်၏။ ရဟန်းမိန်းမပြုပြီးမှ ကိုယ်ဝန်ရင့်လာ၍ ပဋိသန္ဓေတည်နေကြောင်းကိုသိကြကုန်သော ရဟန်းမိန်းမတို့သည် အရှင်ဒေဝဒတ်ကိုလျှောက်ကြကုန်၏။

အရှင်ဒေဝဒတ်က ထိုကိုယ်ဝန်တည်သော ရဟန်းမိန်းမကို ဖျက်ဆီး ကြကုန်လေ့ဟုဆိုလျှင်၊ ထိုကိုယ်ဝန်တည်သော ရဟန်းမိန်းမက၊ ငါ သည် အရှင်ဒေဝဒတ်ကိုရည်မှန်း၍ ရဟန်းမိန်းမ ပြုလုပ်သည်မဟုတ်။ မြတ်စွာဘုရားကိုသာ ရည်မှန်း၍ ရဟန်းမိန်းမ ပြုလုပ်၏။ ထိုကြောင့် မြတ်စွာဘုရားအထံသို့ပို့ကြကုန်လောဟုဆို၍ပို့ကြသောအခါ၊ မြတ်စွာ ဘုရားသည် ဥပါလိထေရ်ကို လွှဲထားတော်မူလျှင်၊ ဥပါလိအရှင်မြတ် သည် ဝိသာခါစသော ဥပါသိကာမိန်းမကြီးတို့ကိုခေါ်စေ၍၊ ရဟန်းမိန်းမ မပြုလုပ်မိရသောကိုယ်ဝန်လော။ ရဟန်းမိန်းမပြုလုင်ပြီးမှရသော ကိုယ် ဝန်လောဟု စုံစမ်းကြည့်ရှုစေ၍၊ ဝိသာခါ ဒါယကာမကြီးက၊ ရဟန်း မိန်းမမပြုလုပ်မိရသောကိုယ်ဝန်ဖြစ်ကြောင်းကိုကြည့်ရှု၍ လျှောက်ကြား သောအခါ။ အရှင်ဥပါလိထေရ်က၊ အပြစ်မရှိကြောင်းကို ဆုံးဖြတ်တော် မူ၍ မြတ်စွာဘုရားသည် ဥပါလိထေရ်ကိုချီးမွမ်းတော်မူ၏။ ဇကနိပါတ် နိဂြောဓဇာတ်ကိုလည်း ဟောတော်မူ၏။

(ဇကနိပါတ်ဇာတ်ဝတ္ထုစာအုပ် မျက်နှာနံပါတ် ၆၇ ၌ အကျယ်ကို ရှုကြော့။)

ထိုရဟန်းမိန်းမသည် ရွှေဆင်းတုနှင့်တူသော ဘုန်းကံရှိသော သား ယောကျ်ားကိုမွေးမြင်၍၊ ထိုသားကလေးကို ပယောဂနဒီကောသလမင်း ကြီးကယူဆောင်၍ မင်းသားငယ်တို့၏ အဆောင် အရွက်ဖြင့် သား ပြု၍ မွေး ထား ပြီး လျှင်၊ အရှင် မဟာ ကဿပ ကို အ ကြောင်း ပြု ၍ **ကဿပ**ဟူသောအမည်ကိုမှည့်၏။ မင်းသားတို့၏ အဆောင်အရွက်ဖြင့် ကြီးပွားသောကြောင့် **ကုမာရကဿပ** ဟူ၍ အမည်တွင်၏။ ခုနစ်နှစ်ရှိ သောအခါ ပယောဂနဒီကောသလမင်းကြီးသည် ပွဲလမ်းသဘင် တန်ဆာ ဆင်၍ မြတ်စွာဘုရားအထံတော်သို့ ပို့ဆောင်ပြီးလျှင် ရှင်သာမဏေပြု သောကာလ၌။ မြတ်စွာဘုရားက **ကဿပ**ကို ခေါ်ချေလော့ဟုမိန့်တော် မူသောအခါ အဘယ်ကဿပ ပါနည်း မြတ်စွာဘုရားဟု မေးလျှောက် လျှင်၊ ဤခဲတွယ်ကိုကုမာရကဿပအား ပေးကြကုန်လော့,ဟူ၍မိန့်တော် မူသည့်ကိုရင်း အကြောင်းပြု၍ **ကုမာရကဿပ** ဟူသော အမည်ဖြင့် အလွန်ထင်ရှားစွာဖြစ်၏။

အထူးအဆန်း ရဟန်းမိန်းမက သားမွေးသည်ဟူ၍ ကောင်္ဂာဟလ ဖြစ်ရာတွင်၊ အရှင်ဥပါလိထေရ်က အပြစ်မရှိကြောင်းကို ဆုံးဖြတ်သည်

လည်းတကြောင်း။ ကောသလမင်းကြီးက သားပြု၍ မွေးထားသည် လည်းတကြား။ မြတ်စွာဘုရားက ခဲဘွယ်မုံ့, သစ်သီး တို့ကို ပေး၍ ကုမာရကဿပဟုခေါ်တော်မူသည်လည်းတကြောင်း၊ ပါရမီဆုတောင်း အားလျော်စွာဆန်းကြယ်စွာသောစကားတို့ကိုပြောဆိုတတ်သည်လည်း တကြောင်း။ ဤသို့စသော ထင်ရှားကျော်စောခြင်း ဂုဏ်သတင်းတို့ဖြင့် လူအများတို့သိကြကုန်၏။ ။အပဒါနိပါဠိတော် ၃၂၁။ သုတ်ဟောဝါ အဋ္ဌကထာ ၃၂၃။ မူလပဏ္ဏာသအဋ္ဌကထာ ၂၅။ ။ဤကျမ်းတို့ဌ ရာဇဂြိုဟ်ပြည်၌ သူဌေးသား ဘိကျွန်ရဟန်းငယ်မ၏ သားဖြစ်ကြောင်းဆို ကုန်၏။

မိလိန္ဒပဉ္ဍာပါဠိတော်ဌကားဥဒါယီ၏မယားဟောင်းဘိကျွန်၏သား ဖြစ်ကြောင်းကိုဆို၏။

ဘိကျွန် အက်စာတံ ဥပနိဿာယနှင့်သာ သမ္ဘော် ကာသာဝေ ပုဗ္ဗ။ အထခေါ် အာယသ္မာဥဒါယီ ကံဘိကျွန်နှင့် တေဒဝေ စ၊ ဂန္ဓဘာဂိနိ ဥဒကံ အာဟရ အနုရဝါသကံ ခေါဝိသာမိတိ။ တဒေတာ သာ ကိကျွန် ဥဒကနိသမယေ ကံ သမ္ဘော် ကေဒေသံ မုခေန အဂ္ဂဟေသိ၊ ကေဒေသံ အက်စာ၊တာ ပကိုပ် ၊တာန ထေရောကုမာရကဿပေါ နိဗ္ဗတ္တော။ ။

မိလိန္ဒပဉ္ဍာပါဠိတော် ၁၀၅။

မယားဟောင်းဖြစ်သောဘိကျွန်၏အက်စာတော်ကို တစ်မှစ်မှ,ကြည့်ရှု သော အခုဥဒါယီအား သမ္ဘောသုတ်သည် သင်္ကန်းခွ,ပွင့်၏။, ကွက်၏။ ထိုအခါ၌ သင်းပိုင်ကိုရှော်ရနံရေကိုယူခဲ့လျှောဟုဆို၏။ထိုဘိကျွန်သည် ဥဒကုပန်းပွင့်၍စဲသော အခါ၌ သုတ်ကိုခံတွင်းဖြင့်ရုတ်၏။ အက်စာတ်သို့ လည်း ထည့်သွင်း၏။ ထိုကြောင့် ကုမာရကဿပထေရ်မွေးဖွားဖြစ်ဟူ၍ မိလိန္ဒပဉ္ဍာ၌ဆို၏။

ကုဏ္ဍိနိဟံ ရာဇဂဟေ၊ စာတောသေဋ္ဌိကုလေအဟု။
အာပန္နသတ္တာ၊မမာတာ၊ ပဗ္ဗဇိ အနဂါရိယံ။ ။
သဂဿံ ဝိဒိတ္တွာန၊ ဒေဝဒတ္တမုပါဂမုံ။
သေ အဝေါစဝိနာသေထ၊ ပါပိကံ ဘိကျွနိ ဟုမံ။
ကုမာရနိ ပိမုနိ ဇေန္ဒနဲ ဇိ ခေနအနုကမ္ပိတာ။
သုဒ်ဒိနိ အစနိ မယ်ံ၊ မာတာ ဘိကျွနုပသသယေ။

တံဝိဒိတ္ထာမဟိပါလော၊ ကောသလောမံအပေါသယိ။
ကုမာရပဋိဟာရေန၊ နာမေနဟံစကာသပေါ။
မဟာကာသပမာဂမ္မ၊ အဟံကုမာရကာသပေါ။ ။

(ကုမာရကာသပဆေရိဟောတော်မူသောအပဒါနိပါဠိတော် ၃၂၁)။

အဟံ၊ ကုမာရကာသပ နာမကျော်ထင် ငါအရှင်သည်။ ဤဒါနိ၊ ယခုနောက်ဆုံးဖြစ်သောဘဝ၌။ ရာဇဂဟော၊ ရာဇဂြိုဟ်ပြည်၌။ သေဋ္ဌိကုလေ၊ သေဋ္ဌေးမျိုး၌။ ဇာတော၊ ပဋိသန္ဓေနေသည်။ အဟု၊ ဖြစ်ပြီ။ မေ ငါ၏။ မာတာ၊ အမိဖြစ်သောသေဋ္ဌေးသျှီးသည်။ အာပန္နသတ္တာ၊ ကိုယ်ဝန်တည်လျက်။ အနဂါရိယံ၊ ရဟန်းမိန်းမအဖြစ်ကို။ ပဗ္ဗဇိ၊ ကိုယ်ဝန်တည်မှန်းမသိဘဲ လင်ကိုခွင့်တောင်း၍ရဟန်းပြု၏။

သဂဿ၊ ကိုယ်ဝန်ရှိသည်ကို။ ဝိဒိတ္ထာန၊ သိသောအခါ။ ဒေဝဒတ္တံ၊ အရှင်ဒေဝဒတ်၏အထံသို့။ ဥပါနယျုံ၊ ပို့ဆောင်ကြကုန်၏။ သော၊ ထိုအရှင်ဒေဝဒတ်က။ ပါပိကံ၊ ယုတ်မာသော။ ဣမံဘိက္ခူနိုံ၊ ဤဘိက္ခုနိမကို။ ဝိနာသေထ၊ ဖျက်ဆီးကြကုန်လောဟု၍။ အဝေါစ၊ ဆိုလေ၏။

ဣမာနိဂိ၊ ဤသားမိန်းစ်ယောက်တို့ကိုလည်း။ မုနိန္ဒေန၊ မုနိငါးပါးတို့ကို အစိုးရတော်မူသော။ ဇိနေန၊ မြတ်စွာဘုရားသည်။ အနုကမ္ပိတာ၊ ညှာတာထောက်ထား သနားတော်မူသည်ဖြစ်၍။ မယံ၊ ငါ၏။ မာတာ၊ အမိဖြစ်သောဘိက္ခုနိမသည်။ ဘိက္ခုနုပသယေ၊ ဘိက္ခုနိမတို့ကျောင်း၌။ သုဝိနိ၊ ချမ်းသာစွာ။ အဇနိ၊ မွေးမွားလေပြီ။

တံ၊ ထိုဘိက္ခုနိမ သားမွေးသည်ကို။ ဝိဒိတ္ထာ၊ သိတော်မူ၍။ မဟိပါလော။ မြေကိုအစိုးရ၍ စောင့်ရှောက်တော်မူသော။ ကောသလော၊ ကောသလမင်းသည်။ ကုမာရပဋိဟာရေန၊ မင်းသားငယ်တို့၏အဆောင်အရှက်ဖြင့်။ အပေါသယိ၊ မွေးမြူ၏။

မဟာကာသပံ၊ အရှင်မဟာ ကာသပကို။ အာဂမ္မ၊ အကြောင်းပြု၍။ နာမေန၊ အမည်အားဖြင့်။ အဟံ၊ ငါသည်။ ကာသပေါ၊ ကာသပမည်၏။ တေန၊ ထိုနှစ်ပါးသော အကြောင်းကြောင့်။ အဟံ၊ ငါသည်။ ကုမာရကာသပေါ၊ ကုမာရကာသပမည်၏။

အရှင်ကုမာရကဿပထေရ်သည် ရာဇညမင်းကို ဆန်းကြယ်စွာသော ပုံဥပမာ တရားစကားတို့ဖြင့် ပြောဟောကြောင်း။

အရှင်ကုမာရကဿပထေရ်မြတ်သည်၊ငါးရာမျှလောက်သောရဟန်းတို့ဖြင့်ခြံရံလျက်ကောသလတိုင်းတို့၌ဒေသစာရိကြွချီတော်မူ၍ သေတဿမြို့သို့ဆိုက်ရောက်တော်မူလျှင်၊မြို့၏မြောက်ဘက် သီဟသပါဝနမည်သော ယင်းတိုက်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ မှားစွာကူးနှုန်းသော လူအပေါင်းတို့သည် အရှင်ကုမာရကဿပ အထံသို့ ဆည်းကပ် သွားရောက်ကြကုန်၏။ သေတဿမြို့၌ ကောသလမင်းက မြို့စားပေး၍ အုပ်စိုးနေသော **ပါယာသိရာဇညမင်း** သည်လည်း ထိုလူအပေါင်းတို့နှင့် အတူတကွ အရှင်ကုမာရကဿပ အထံသို့ ဆည်းကပ် သွားရောက်၍ သင့်တင့်သောနေရာ၌ထိုင်နေပြီးလျှင် ဤသို့လျှောက်ကြားလေ၏။

အရှင်ကုမာရကဿပ၊ တပည့်တော် ရာဇညမင်းသည် ဤသို့အယူရှိပါ၏။ ဤလူ့ပြည်လောကမှ တပါးသောလောကသည်မရှိ ။ ကောင်းကင်ကျ သြပပါတိက သတ္တဝါလည်းမရှိ။ ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးအပြစ်လည်းမရှိ။ ဤသို့တပည့်တော်အယူရှိပါ၏။

(နတ္ထိ ပရလောကော၊ နတ္ထိသတ္တာ သြပပါတိကာ၊ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံဖလံဝိပါကော)။ ။

ဤသို့ရာဇညမင်းကလျှောက်ကြားသောအခါ အရှင်ကုမာရကဿပ ထေရ်သည် ဤသို့မိန့်တော်မူ၏။ ။ရာဇညမင်း၊ ဤသို့အယူရှိခဲ့သော်၊ သင့်ကိုပင်လျှင် ငါမေးဦးအုံ့။ သင်နှစ်သက်ရာကို ဖြေဆိုဦးလော့။ ဤကောင်းကင်ပြင်၌ သွားလာ၍နေသော 'စန္ဒိမ သူရိယ လ, နေ, တို့သည် ဤလူ့ပြည်လောကလော။ လူ့ပြည်မှတပါးသော လောကလော။ နတ်လော,လူလော။ ဤသို့အရှင်ကုမာရကဿပထေရ်မြတ် မေးတော်မူသော အခါ၊ ပါယာသိရာဇညမင်းသည် ဤသို့အကြံဖြစ်၏။ ဤရဟန်းသည် ခြေးဦးစွာကပင်လျှင် စန္ဒိမသူရိယ၊ လ,နေတို့တို့ဥပမာထုတ်ဆောင်ပေ၏။ ထိုကြောင့် ပညာအားဖြင့် ထွန်းလင်းတောက်ပသော စန္ဒိမ သူရိယ၊ လ, နေတို့ကဲ့သို့ သူတပါးတို့မလွှမ်းမိုးနိုင်လတံ့။ အကယ်၍ ငါသည်၊ ဤ လ, နေတို့ကား၊ လူ့ပြည်လောကတည်း ဟူ၍ ဖြေဆိုပြားအုံ့။ ဤသို့ဖြေဆို

သည်ရှိသော်၊ ‘ဤလေတို့သည်အဘယ်ကိုမှီ၍နေကြသနည်း။ အဘယ်မျှ လောက်ကြီးသနည်း။ အဘယ်မျှ မြင့်သောကောင်းကင်ဗဟိုတည်သနည်း၊ သူမေးလတ္တံ့။ ဤသို့လည့်ပတ်၍သူမေးခဲ့သော်၊ ငါမဖြေနိုင်။ ထိုကြောင့် ဤသို့စသည်ဖြင့် လည့်ပတ်၍ ဤလေတို့သည် လူ့ပြည်မှ တပါးသော လောကဟူ၍သာလျှင် ငါဖြေတော့အံ့။ ဤလေနှင့်ပြီ လနတ်သား နေနတ် သားတို့မရှိဟူ၍လည်းငါမဆိုနိုင်။ ထိုကြောင့် လူမဟုတ် နတ်တို့ဖြစ်ကုန် ၏ဟူ၍ ငါဖြေတော့အံ့။ ဤသို့ကြံပြီးလျှင်၊ အရှင်ကုမာရဂ္ဂသပ။ ဤလ နေကို့သည် လူ့ပြည်မှတပါးသောလောကဖြစ်ကုန်၏။ လူ့ပြည်လောက မဟုတ်ကြပါကုန်။ နတ်တို့ ဖြစ်ကြပါကုန်၏။လူမဟုတ်ကြပါ၊ကုန်။ဤသို့ ဖြေကြားလေသတည်း။

ထိုအခါအရှင်ကုမာရဂ္ဂသပထေရ်သည် မိန္ဓာအယူရှိသောရာဇာ ညမင်းအား၊ ဤသို့မိန့်တော်မူ၏။ ပါရာသိရာဇာညမင်း။ ဤလေတို့သည် လူ့ပြည်လောကမဟုတ်။ တပါးသောလောကဖြစ်ကြောင်း။ လူမဟုတ်၊ နတ်တို့ဖြစ်ကြောင်း။ ဤအကြောင်းမျှားကြောင့်၊ လူ့ပြည်မှ တပါးသော လောကရှိသည်ဟူ၍ မှတ်လေလော။ ကောင်းကင်ကျ ဩဇပဝါတိက သတ္တဝါရှိသည်ဟူ၍လည်းမှတ်လေလော။ ကောင်းမှုကံ မကောင်းမှုကံ တို့၏အကျိုးအပြစ်ရှိသည်ဟူ၍မှတ်လေလော့။

ဤစန္ဒိမသူရိယ ဥပမာတို့ကို ထုတ်ဆောင်၍ အရှင်ကုမာရဂ္ဂသပ ထေရ် ဟောပြသည်ကို သဘောကျသဖြင့် မိန္ဓာအယူ ပျောက်ကင်း၍ သွားသော်လည်း၊ ထိုရာဇညမင်းသည် အရှင်ကုမာရဂ္ဂသပထေရ်မြတ် ၏ ဆန်းကြယ်စွာသော ပုံဥပမာစကားတို့ကို ကြားနာလိုရကား၊ မိန္ဓာ အယူမပျောက်ကင်းသကဲ့သို့ ဆက်၍လျှောက်ကြားပြန်၏။

အဘယ်သို့လျှောက်ကြားသနည်းဟူမူကား။အရှင်ဘုရား၊ အကယ်၍ အရှင်ဘုရားသည် ဤစန္ဒိမသူရိယဥပမာကို ထုတ်ဆောင်၍ ပြကြားသော် လည်း၊ တပည့်တော်ရာဇညမင်းသည်၊ ဤလူ့ပြည်မှ တပါးသော ဝရ လောကမရှိ။ ဩဇပဝါတိက သတ္တဝါမရှိ။ ကောင်းမှုကံမကောင်းမှုကံတို့ ၏ အကျိုးအပြစ်မရှိဟူ၍သာလျှင် အယူရှိပါသည်ဘုရားဟူ၍ လျှောက် ကြား၏။

ထိုအခါ၊ ရာဇညမင်း၊ သင်သည် ဤကဲ့သို့ အယူရှိရာ၌ တစုံတရာ အကြောင်းမျှားရှိသေးသလော။ ရှိပါသေးသည်အရှင်ဘုရား။ အဘယ်

သို့ရှိသနည်း။ ဤသို့မေးသောအခါ ရာဇညွှမင်းသည် ဤသို့လျှောက်ကြား၏။ အရှင်ကုမာရကသဟပ၊ တပည့်တော်၏ညာတိသင်္ဂဟမိတ်ဆွေ ခင်ပွန်း ချစ်ကြွေမိုးဝင်သူတို့သည် သူ့အသက်ကိုလည်းသာတ်ကြကုန်၏။ သူ့ဥစ္စာကိုလည်း ခိုးယူကြကုန်၏။ သူ့အိမ်ရာကိုလည်း လွန်ကြ။းကြကုန်၏။ မုသာဝါဒကိုလည်းပြောဆိုကြကုန်၏။ ဂုံးတိုက်စကားကိုလည်း ပြောဆိုကြကုန်၏။ ကြမ်းကြုတ်သော စကားကိုလည်း ပြောဆိုကြကုန်၏။ ထိုညာတိ သင်္ဂဟမိတ်ဆွေ ခင်ပွန်း ချစ်ကြွေမိုးဝင်သူတို့သည် မကျန်းမမာ အနာရောဂါဖြင့် သေလွန်နီးဖြစ်သောအခါထိုသူတို့၏အထံသို့သွား၍ ဤသို့ပြောပါ၏။ အို-မိတ်ဆွေတို့၊ အချို့သော ရဟန်း ပုဏ္ဏားတို့က၊ မကောင်းမှုကိုပြုသောသူတို့သည် သေသောအခါ ငရဲပြည်သို့ရောက်ကြကုန်၏ဟူ၍ပြောဟောကြကုန်၏။

မိတ်ဆွေတို့သည်ကား၊ မကောင်းမှုကံကို ပြုသောသူတို့ ဖြစ်ကုန်၏။ သေပြီးနောက် ငရဲပြည်သို့ရောက်သောအခါ၊ ငါ၏အထံသို့ ပြန်၍ပြောကြကုန်လော။ ဤသို့မှာထားလိုတ်ပါ၏။ ဘယ်သူတယောက်မျှပြန်လာ၍ မပြောကြားပါ။ တမန်ကိုလည်း မစေလွှတ်ကြပါ။ ထိုအကြောင်းကြောင့် မကောင်းမှုကံ အပြစ်ရှိသည်ဟူ၍ တပည့်တော် အယူမရှိပါ။ ဤသို့ ရာဇညွှမင်းက လျှောက်ကြား ပြန်သောအခါ၊ အရှင်ကုမာရကသဟပ ထေရ်သည် ဤသို့မိန့်တော်မူ၏။

ပါယာသိရာဇညွှမင်း။ သင်၏အထံသို့ခိုးသူကိုဖမ်းယူ၍ လူတို့က ပို့ကြသောအခါ၊ ဤခိုးသူကို ထောင်မှူးအာဏာသား ခိုးသတ်ယောက်ျား တို့၏ လက်တွင်းသို့အပ်နှင်း၍ ဤခိုးသူကို လက်ပြန်ကြိုး မြဲခိုင်စွာ ချည်နှောင်၍၊ ခေါင်းတုံးတိုရိပ်ပြီးလျှင် ကြမ်းသောအသံရှိသော စည်ကိုတီး လျက် မြို့ပြင်တောင်တံခါးသို့ ထုတ်ဆောင်၍ ဦးခေါင်းကို ဖြတ်ကြလော ဟု စေခိုင်းသောအခါ၊ ခိုးသတ်ယောက်ျား အာဏာသား ထောင်မှူးတို့သည် လက်ပြန်ကြိုးချည်၍ ယူဆောင်ကြကုန်၏။ ထိုအခါ ခိုးသူက ခိုးသတ်ယောက်ျား အာဏာသား ထောင်မှူးတို့ကို ဆိုင်းငံ့ကြပါဦးလော။ အကျွန်ုပ်၏အဓိအဘဘဆွေမျိုးတို့ကို ပြောဆိုပန်ကြားပြီးမှ အကျွန်ုပ် ပြန်လာပါအုံ့ဟု တောင်းပန်၍ ရနိုင်မည်လော။ ထိုသို့မဟုတ်၊ တောင်းပန်လျက်ပင်လျှင် ဦးခေါင်းကိုဖြတ်၍သတ်မည်လော။

တောင်းပန်လျက်ပင်လျှင် ဦးခေါင်းကိုဖြတ်၍သတ်ပါလိမ့်မည်ဘုရား။

လူသားစင်စစ်ဖြစ်သောခိုးသူသည် လူသားစင်စစ်ဖြစ်သောခိုးသတ်ယောက်ျား အာဏာသားထောင်မှူးတို့အထံ၌ တောင်းပန်၍ မရပါဘဲနှင့် ငရဲသူဖြစ်သော သင်၏ဆွေမျိုးတို့သည် ငရဲထိန်းတို့အထံ၌ အဘယ်မှာ တောင်းပန်၍ ရနိုင်မည်နည်း၊ ရာဇာညမင်း။ ဤသို့သော အကြောင်းဖြင့်လည်း ပရလောကရှိသည် ဟူ၍ဂင်း။ ဩပပါတိကသတ္တဝါ ရှိ၏ဟူ၍ ဂင်း။ ကောင်းမှု မကောင်းမှုတို့၏ အကျိုး အပြစ် ရှိ၏ဟူ၍ သင်မှတ်ယူလေလော့။

အရှင်ကုမာရကဿပ၊ အကယ်၍ အရှင်ဘုရား ဟောပြ ဩဝါဒပြုသော်လည်း၊ လူပြည်မှတပါး၊ ငရဲပြည်နှတ်ပြည်ဟူသော ပရလောကမရှိဟူ၍ တပည့်တော်အယူရှိပါသည်ဘုရာ။ အယူရှိခြင်း၏ အကြောင်းမှာကား။ တပည့်တော်၏ အချို့သော မိတ်ဆွေများသည် သူ့အသက်ကို မသတ်ကြကုန်။ သူ့ဥစ္စာကိုလည်း မခိုးကြကုန်။ သူ့အိမ်ရာကိုလည်း မလွန်ကြ။ ကြပါကုန်။ထိုမိတ်ဆွေများသည် ကောင်းမှုကိုသာပြုကြပါ.ကုန်၏။ ထိုမိတ်ဆွေများမကျန်းမာ၍ သေခါနီးလျှင် တပည့်တော်သည် ထိုမိတ်ဆွေများထံသို့သွား၍၊ အရှိမိတ်ဆွေတို့၊ အချို့သော ရဟန်းပုဏ္ဏားတို့က ကောင်းမှုကိုပြုသောသူတို့သည် သေလျှင် နတ်ပြည်သို့ရောက်ကြကုန်၏ ဟူ၍ ပြောပေါ်ကြကုန်၏။ ထိုအချို့သော ရဟန်း ပုဏ္ဏားတို့၏ စကား မှန်ပြားအုံ့။ သင်တို့သည် သေသောအခါ နတ်ပြည်သို့ ရောက်ကြကုန်လတံ့။ နတ်ပြည်ရောက်သောအခါ.ငါ၏အထံသို့ပြန်၍ပြောလာကြပါကုန်လော ဟူ၍ မှာထားလိုက်ပါ၏။ ဘယ်သူတစုံတယောက်မျှ နတ်ပြည်ကလာ၍မပြောလာကြပါ။ တမန်ကိုလည်းမစေလွှတ်ပါ။ ထိုကြောင့် ငရဲပြည် နတ်ပြည်ဟူသော ပရလောကမရှိ၊ လူတို့သေလျှင် သစ်ပင်များ သေသကဲ့သို့ ပျောက်ပျက် ပြတ်စဲ၍ သွား၏ဟု အယူရှိပါသည်ဘုရားဟု လျှောက်ကြားပြန်၏။

ထိုအခါ အရှင်ကုမာရကဿပထေရ်သည် မစင်တွင်းခ်ိန်စမ်းနှုန်းသော ယောက်ျားဥပမာကိုထုတ်ဆောင်၍ပြတော်မူ၏။ ပြုံကား။ ။ဒိုရာဇည မင်း၊ ငါသည် ဥပမာဆောင်၍သင်အား ဟောပြပေအုံ့။ အချို့သောပညာရှိတို့သည် ဥပမာဖြင့်ပြောဟောသောတရားတော်၏ဒေသနာအဓိပ္ပါယ်ကို သိကြကုန်၏။ ဥပမာမည်သည်ကား။ မစင်တွင်းထည်းသို့ ဦးခေါင်းနှင့် တကွ အလုံးရုံနစ်မြုတ်နေသောယောက်ျားတယောက်ကို ထိုမစင်တွင်း

မှ ထုတ်ဆောင်၍တင်ကြကုန်လျှင်ဟု သင်သည်စေခိုင်း၍ မစင်တွင်းမှ ထုတ်ဆယ်ကယ်တင်ကြပြီးလျှင်၊ တကိုယ်လုံးလူး၍နေသော မစင်တို့ကို နှီးပြားဖြင့်ချစ်၍ရေချိုးပြီးလျှင် အမွှေးနံ့သာတို့ဖြင့်လိမ်းကျံ၍ ကောင်းသော အဝတ်ပုဆိုးတို့ကို ဝတ်ရုံစေ၍ အဘိုးထိုက်တန်လှစွာသော ပန်းတို့ကိုပန်စေ၍ တန်ဆာတို့ကို ဆင်စေ၍၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်သို့တင်ထားမ၊ ငါးပါး အာရုံကာမဂုဏ်တို့ဖြင့် မွေ့လျော်ပျော်ပါး၍နေစေပြားအုံ့။ ထိုသို့နေသောယောကျ်ားသည်နောင်တဘဝနိမစင်တွင်းသို့ ဆင်းလိုသောစိတ်ဖြစ်နိုင်ပါဦးမည်လော။

ဆင်းလိုသောစိတ်မဖြစ်နိုင်ပါဘုရား။ ။အဘယ့်ကြောင့်နည်း။ ။ မစင်တွင်းသည် စက်ဆုတ်ဘွယ်ရှိသောကြောင့်ပါဘုရား။

ထိုအတူပင်လျှင် နတ်တို့အား လူကိုကို မစင်တွင်းကဲ့သို့ စက်ဆုတ်ဘွယ်ဖြစ်၏။ စက်ဆုတ် ရွံရှာဘွယ်မှတ်ထင်၏။ ယူဇနာတရာလောက်ကနေ၍ လူတို့၏အနံ့သည် နတ်တို့မှာ အလွန်နှိပ်စက်ခြင်းဖြစ်၏။ အလွန်နံ့စော်ခြင်းဖြစ်၏။ နတ်ပြည်သို့ရောက်ကြကုန်သော သင်၏မိတ်ဆွေတို့သည် အဘယ်မှာ သင်အားပြောကြားလာတော့အုံ့နည်း။ မစင်တွင်းကို ရှောင်ကွင်းသကဲ့သို့ လူတို့ကို ရှောင်ကွင်း တော့မည် သာတည်း။ ဤအကြောင်းဖြင့်လည်း နတ်ပြည်ဟူသော ပရဝေလောကရှိသည်ဟူ၍ သင်မှတ်ယူလေလော့။ ။

ဒေဝသဿဒ္ဓိကဘုတ္တုံနှစ်တွာ တိကဘုတ္တုံဝတ္ထာနိ ပရိဝတ္တေတွာအလက်တ ပရိမဏ္ဍိတာနံ စက္ကဝတ္တိအာဒီနမ္ပိ မနုဿာနံဂန္ဓော ယောဇနသတေဒ္ဒိ တာနံ ဒေဝတာနံကဏ္ဌေ အာသတ္တကုဏပံ့ဝိယ ဗာဓတိ။ ။သုတ်မဟာဝါ အဋ္ဌကထာ ၃၂၅။ ။

ဤမစင်တွင်းဥပမာဖြင့် **အရှင်ကုမာရကဿပ** ဟောပြသော**အခါ၊ ပါယာသိရာဇညမင်း**သည် ဤသို့တဘဝနဲ့လျှောက်ကြားပြန်၏။ အဘယ်သို့ လျှောက်ကြားသနည်းဟူမူ။

အရှင်ကုမာရကဿပ၊ မစင်တွင်းဥပမာဖြင့် အရှင်ဘုရားပြောဟောပြီးသော်လည်းလူပြည်မှ တပါးသောနတ်ပြည် ငရဲပြည်ဟူသော ပရဝေလောကမရှိဟူ၍ အယူရှိပါ၏။ အယူရှိခြင်း၏ အကြောင်းသော်ကား၊ တပည့်တော်၏ဆွေမျိုးတို့သည် ငါးပါးသီလကို ဆောက်တည်၍ ကျင့်

ကြပါကုန်၏။ ထိုဆွေမျိုးတို့ မကျန်းမာ၍ သေခါနီးလျှင်။ သင်တို့သည် ငါးပါးသီလ ရှိကြသောကြောင့် သေသောအခါ တာဝတိံသာနတ်ပြည် သို့ရောက်လတ္တံ့ဟု၍ ပြောဟောကြသော ရဟန်းပုဏ္ဏားတို့၏စကား မှန်ပြီးအုံ့။ သင်တို့သည် တာဝတိံသာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့။ ။ တာဝတိံသာ နတ်ပြည်သို့ ရောက်သောအခါ ငါ၏အထံသို့ လာပြော ကြပါကုန်လော၀ှု၍ မှာကြားလိုက်ပါ၏။ ဘယ်သူတယောက်မျှလာ၍ မပြောကြပါ။ ထိုအကြောင်းကြောင့်၊ နတ်ပြည်ဟူသော ပရလောကမရှိ ပဟူ၍ အယူရှိပါသည်ဘုရား။

ဒါယကာ ရာဇာ၊ သင့်ကိုငါမေးဦးအုံ့။ သင်နှစ်သက်ရာကို ဖြေဆို ဦးလော့။ဒါယကာရာဇာ၊ လူပြည်၌နှစ်ပေါင်းတရာသည် တာဝတိံသာ နတ်ပြည်၌ တနေ့တည်ခဏ ဖြစ်၏။ ထိုနေ့ညခဏဖြင့် ရက်ပေါင်း သုံးဆယ် သည် တလဖြစ်၏။ ထိုလဖြင့် တဆဲ့နှစ်လသည် တနှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်းတထောင်သည် တာဝတိံသာနတ်တို့၏အသက်ဖြစ်၏။ငါးပါး သီလတည်ကုန်သော သင်၏ဆွေမျိုးသားချင်းတို့သည် တာဝတိံသာ နတ်ပြည်သို့ရောက်၍ နတ်စည်းစိမ်ကိုစံစား၍ နှစ်ရက် သုံးရက် ရှိသော အခါ၊ ထိုနတ်တို့သည် အမှတ်ရလာ၍၊ ငါတို့သည် တာဝတိံသာ နတ် ပြည်၌ နှစ်ရက်သုံးရက်မျှရှိသေးသည်။ ပါယာသိရာဇာညမင်းအား ပြော ကြားကုန်အုံ့ဟုကြိုး၍ ပြောကြားလာခြင်းဌာ ဖြစ်နိုင်မည်လော။

မဖြစ်နိုင်ပါအရှင်ဘုရား။ ။အဘယ်ကြောင့်နည်း။ တာဝတိံသာ၌ နှစ်ရက် သုံးရက်ရှိလျှင် လူ့ပြည်၌ နှစ်ပေါင်းနှစ်ရာသုံးရာလွန်၍တပည့် တော်တို့သေပြီးနောက်ကာလကြာမှဖြစ်၍နေရာ၏။အဘယ်မှာ ထိုအမျိုး အဆွေဖြစ်သော နတ်တို့သည် ပြောကြားတော့မည်နည်း။

သို့သော်လည်း တာဝတိံသာ နတ်တို့သည် ဤမျှလောက် အသက် ရှည်သည်ဟူ၍ အရှင်ဘုရားကိုအဘယ်သူပြောပါသနည်း။ တပည့်တော် မယုံနိုင်ပါဟူ၍ဆက်ခါလျှောက်ပြန်၏။

ထိုအခါ အရှင်ကုမာရကဿပသည် ဇစ္စန္ဓဝန်းတွင်းကလား ဥပမာ ဖြင့်ဟောပြတော်မူ၏။ ဟော်ပြပုံကား။ ဒါယကာရာဇာ၊ဥပမာဆိုသည် ရှိသော်၊ ဝန်းတွင်းကလား ဇစ္စန္ဓပုဂ္ဂိုလ်သည်၊ အပြို, အနို, အညို, အဖြူ၊ အထွေထွေသောအဆင်းတို့ကိုရင်း။ နေလနက္ခတ်တာရာတို့ကိုရင်း။မမြင် ဘူးသည်ဖြစ်၍ ထို-အပြို အနိုအစရှိသော အဆင်းတို့သည်ရင်း။ နေ လ

နက္ခတ်တာရာတို့သည်ရင်း၊ မရှိကြကုန်။ အဆင်းတို့ကိုမြင်သောသူ၊ နေ လ နက္ခတ် တာရာ တို့ကို မြင်သောသူတို့လည်း မရှိကုန်။ ထိုအဆင်းတို့ ကိုရင်း။ ထိုနေလနက္ခတ်တာရာတို့ကိုရင်း ငါမမြင်ရကုန်။ ထိုကြောင့် မရှိကုန်။ ဤသို့ဆိုကြားအံ့။ ထိုသို့ဆိုသော ဇရပ္ပန္ဓ ဝမ်းတွင်းကလီးသည် ကောင်းသောဆိုခြင်းဟုတ်ပါ၏လော။

ကောင်းသော ဆိုခြင်းမဟုတ်ပါဘုရား။ ထိုအဆင်း နေ လ နက္ခတ် တာရာတို့သည် အမှန်စင်စစ်ရှိပါကုန်၏ဘုရား။

ထိုအတူပင်လျှင် ဒါယကာရာဇည်၊သင်သည် ဝမ်းတွင်းကလီးဇရပ္ပန္ဓ ပုဂ္ဂိုလ်ကဲ့သို့၊ တာဝတိံသာနတ်ပြည်ကို ဒိဗမမြင်သောကြောင့် မရှိဟူ၍ ပြောဆိုကြ၏။ ဒါယကာရာဇည်၊ တာဝတိံသာနတ်ပြည်ကို သင်၏မံသ စက္ခုဖြင့်မှတ်ထင်သကဲ့သို့မမှတ်သင့်။ အကြင်ရဟန်းသူမှန် သူမြတ်လွန် တို့သည် ဆိတ်ငြိမ်သော တောကျောင်း, တောင်ကျောင်း, ပိတ်ပေါင်း, မြှောင်ဂူ, လှိုဏ်ဂူ,တောင်ခေါင်း, ဝိုအောင်းနေထိုင်၍ရှိကြကုန်၏။ ထိုရဟန်း သူမှန် သူမြတ်လွန် တို့သည် မမေ့မလျော့ မပေါ့သော လုံ့လဝိရိယဖြင့် နေ့ညထံပြင်း အားထုတ်ခြင်းဖြင့် **ဒိဗ္ဗစက္ခုအဘိညာဏ်ကို** သုတ်သင် ရှင်းလင်းကြကုန်၍၊ ထိုဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ဤလူ့ပြည်လောကကို လည်း မြင်ကြကုန်၏။ တပါးသောလောကကိုလည်း မြင်ကြကုန်၏။ ဤ ကဲ့သို့ နတ်ပြည်လောကကိုရှုအပ်၏။ သင်သည်မံသစက္ခုဖြင့် မြင်သကဲ့ သို့ မရှုရာ။ ဤအကြောင်းဖြင့်လည်း လူ့ပြည်မှ တပါးသော နတ်ပြည် ငရဲပြည် ပရဝေလောကရှိသည်ဟူ၍ သင်မှတ်ယူလေလော။

ရာဇည်မင်းသည် တဘန်ဆက်၍ ကပ်ချက်ကိုပြုပြန်၏။ ပြုပုံကား။ ။ အရှင်ကုမာရကဿပ၊ ဤဒိဗ္ဗစက္ခုဖြင့် တာဝတိံသာနတ်ပြည်ကိုမြင်ရ၏ ဟု အရှင်ဘုရားမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော်လည်း ကပည့်တော် မယုံကြည်နိုင်။ မယုံကြည်နိုင်သေး အကြောင်းသည်ကား။ ဤသူတော် ကောင်း သူမြတ်လွန် ရဟန်းမှန်တို့သည် တာဝတိံသာနတ်ပြည်ကိုမြင် ရသည်ဖြစ်ငြားအံ့။ ဂုဏ်ရိုလက်ကိုပြုသော သူတော်ကောင်းသည် သေ သည်မှနောက်၊တာဝတိံသာနတ်ပြည်သို့ရောက်ငြားအံ့။ အဆိပ်ကိုသော် လည်း စားချေသေဂုနိုရာ၏။ လက်နက်ဖြင့်လည်း ဒိဒိကိုယ်ကိုသတ်၍ သေဂုနိုရာ၏။ ဇဲကြိုးချိုသော်လည်း သေကုနိုရာ၏။ ကမ်းပါးပြတ်က

သော်လည်း ချစ်သေကုန်၏။ ထိုသိလရှိကုန်သော သူတော်ကောင်း သူမြတ်လွန် ရဟန်းမွန်တို့သည် သေသည်မှနောက်၊တာဝတိ$ သာနတ်ပြည်သို့ ရောက်သည်ဟူ၍ မသိမမြင်သောကြောင့်သာလျှင်၊ အဆိပ်ကိုလည်းစား၍ မသေဝန့်ကြကုန်။ ဓိဓိကိုယ်ကို လက်နက်ဖြင့်သတ်၍လည်း မသေဝန့်ကြကုန်။ ကြိုးဖွဲ့ချ၍လည်း မသေဝန့်ကြကုန်။ ကင်းပါးပြက်က ချ၍လည်း မသေဝန့်ကြကုန်။ ဤအကြောင်းများကြောင့် လူပြည်ထက် ချမ်းသာသော တာဝတိ$ သာနတ်ပြည်မ၌ဟူ၍တပည့်တော်အယူရှိပါ၏ဟူ၍ လျှောက်ကြား၏။

ထိုအခါ အရှင်ကုမာရကဿပ သည် သားလော, သို့မဟုတ် ဝမ်းကိုခွဲ၍ကြည့်သော ကိုယ်ဝန်ဆောင်ပုဏ္ဏားမ ဥပမာဖြင့် ပြတော်မူ၏။

ပြဿနာ။ ။ဒါယကာရာဇာ၊ ရှေးအခါက တယောက်သော ပုဏ္ဏားဌီ မယားနှစ်ယောက်ရှိကုန်၏။ တယောက်သောမယားဌီ သားမွေး၍ ဆယ်နှစ် ဆယ့်နှစ်နှစ်အရွယ်ရှိ၏။ တယောက်သော မယားသည်ကား၊ ဖွားလုနီးကိုယ်ဝန်ဆောင်ဖြစ်၏။ ထိုအခါဌီ ပုဏ္ဏားကြီးသည် သေဆုံးလေ၏။ ထိုအခါဌီ သားဖြစ်သောသူငယ်က မိခွေးဖြစ်သော ကိုယ်ဝန်ဆောင် ပုဏ္ဏားမကို ဤသို့ပြောဆိုလေ၏။ ဘောတီ၊ အရှင်မ။ အလုံးရုံသော အဘ၏ ဥစ္စာ ဩ ငွေ ဆန်ရေစပါးတို့သည် ငါ့လက်ဌမ၌၊ အလုံးရုံ သင့်လက်ဌသာရှိ၏။ အဘ၏အမွေကို ငါ့အားအပ်နှင်းလောဟူ ဆို၏။ ဤသို့ဆိုသည်ရှိသော် ကိုယ်ဝန်ဆောင်ပုဏ္ဏားမက၊ ချစ်သား-ငါဌီ မိုးပွားရုံမျှ ဆိုင်းပါဦးလော။ အကယ်၍သားယောကျ်း ဖွားမြင်ငြားအုံ့။ ငါ၏သားလည်း တဝက်ရထိုက်၏။ အကယ်၍ သို့မိန်းမဖွားမြင်ငြားအုံ့။ ထိုသို့ကို သင့်ကိုပင် ငါပေးစား၍ စည်းစိမ်ခံစားဘော် ဖြစ်ပါလိမ့်မည်ဟုပြောဆို၏။

ဒုတိယအကြိမ် သားဖြစ်သောသူငယ်က၊ အဘ၏အမွေကို အပ်နှင်းလောဟုတောင်းပြန်၏။ ဒုတိယအကြိမ် တောင်းသောအခါလည်း၊ ချစ်သား-ဆိုင်းပါဦးလော။ ငါဌီသားယောကျ်းဖွားမြင်ငြားအုံ့၊ ငါ၏သားလည်းတဝက်ရထိုက်၏။ သင်တယောက်ထည်းသာရထိုက်သည်မဟုတ် အကယ်၍ သို့မိန်းမဖွားမြင်ငြားအုံ့။ သင်၏မယားဖြစ်၍ စည်းစိမ်ခံစားဘော် ဖြစ်ပါလိမ့်မည်ဟုဆို၏။

တတိယအကြိမ်လည်း၊ ငါ၏အဘအမွေဥစ္စာတို့ကို အပ်နှင်းပါလော ဟု တောင်းပြန်၏။ (အဘ၏အမွေဥစ္စာကို သားယောကျ်ားသာလျှင် ရထိုက်သော ပုဏ္ဏားမျိုးဖြစ်ပုံတူ၏)။ ။ သားဖြစ်သူက တတိယအကြိမ် တောင်းသောအခါ၊ ထိုကိုယ်ဝန်ဆောင်ပုဏ္ဏားမသည်၊ ငါ၏ဝမ်းဠ သားလော-သမီးလော သိရအောင်ခွဲ၍ ကြည့်အုံ့ဟု ခါးငယ်ကိုကိုင်၍ အခမ်းတွင်းသို့ဝင်ပြီးလျှင် မိမိဝမ်းဗိုက်ကိုခွဲလေ၏။ မွေးဖွားလတံ့သော မိမိ သားငယ်အတွက် အမွေလုဘက်ဖြစ်သော ကိုယ်ဝန်ဆောင် ပုဏ္ဏားမ သည် မိုက်သည့်အလျောက် ပျက်စီးခြင်းသို့ရောက်လေ၏။

ဒါယကာ ပါယာသိရာဇာ၊ ထိုအတူပင်လျှင် သင်သည်လည်း မိမိ ဝမ်းဗိုက်ကိုခွဲ၍ကြည့်ရှုသော ကိုယ်ဝန်ဆောင်ပုဏ္ဏားမကဲ့သို့ ပရဒေသ ကိုကြည့်ရှုသဖြင့် ပျက်စီးခြင်းသို့ရောက်လတံ့။ ဒါယကာပါယာသိရာဇာ သိလခ၏ကုန်သော ရဟန်းသူမှန် သူမြတ်လွန်တို့သည် မိမိအသက်မကုန် သေးမီ။ ဝါ၊ မကုန်သေးသော မိမိအသက်ကို သတ်ဖြတ်ခြင်း မပြုကုန် သည်သာတည်း။ မိမိအာယုသင်္ခါရအသက်ကုန်ခြင်းကိုင့်လင့်ကြကုန်၏။ ရုံမက်ခြင်းတွယ်တာခြင်းကားမရှိကြကုန်။ ထိုကြောင့် အရှင်သာရိပုတ္တရာ ထေရ်မြတ်သည် ဤဂါထာကိုဟောတော်မူ၏။

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတဒေကောယထာ။ ။
နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
နိက္ခိပိဿံ ဣမံကာယံ၊ သမ္ပဇာနော ပဋိဿတော။ ။

(ထေရဂါထာပါဠိတော်-တိုသနိပါတ် ၁၇၁။ သုတ်မဟာဝါ အဋ္ဌကထာ ၃၂၆)။

အာဝုသောဘိက္ခဝေ၊ ငါ့ရှင်ရဟန်းတို့။ အဟံ၊ သာရိပုတ္တရာ။ သညာ မည်ခေါ် ငါ၏ထေရ်ကျော်သည်။ မရဏံ၊ သေခြင်းကိုလည်း။ နာဘိနန္ဒာမိ၊ နှစ်သက်တော်မမူ။ ဇီဝိတံ၊ အသက်ရှင်ခြင်းကိုလည်း။ နအာဘိနန္ဒာမိ၊ နှစ်သက်တော်မမူ။ ဘတဒေကော၊ အစေးလုပ်သောသူသည်။ နိဗ္ဗိသံ၊ အဘိုးအခကို။ ပဋိကင်္ခတိ၊ ယထား တောင့်တမျှော်လင့်သကဲ့သို့။ ကာလဉ္စ၊ အသက်ဖြတ်နေ ကုန်ဆုံးကာလ အခိုက်မျှကို။ ပဋိကင်္ခါမိ၊ မျှော်လင့်ပေ၏။ ။လ။ သမ္ပဇာနော၊ ပညာဆင်ခြင်ခြင်းရှိလျက်။ ပဋိဿတော၊ သတိရှိ လျက်။ ဣမံကာယံ၊ ဤကိုယ်ကို။ နိက္ခိပိဿံ၊ စွန့်ပစ်ပယ်ချပေအံ့။

ဒါယကာ ပါယာသိရာဇညာ၊ ပညာရှိဖြစ်ကုန်သော ရဟန်းသူမွန် သူမြတ်လွန်တို့အား အသက်ရှင်ခြင်းသည် အကျိုးရှိသည်သာတည်း။ ပညာရှိသူတော်ကောင်းတို့ အသက်ရှည်သရွေ့ကာလပတ်လုံး မျှားစွာကုသိုလ်ကောင်းမှု တိုးပွားကုန်၏။ မျှားစွာသော လူတို့အကျိုးငှါ ကျင့်ကြံကုန်၏။ မျှားစွာသောနတ်လူတို့၏ ချမ်းသာစီးပွားခြင်းငှါ ဖြစ်ကြကုန်၏။ ဤသို့သော အကြောင်းဖြင့်လည်း ပရလောကဖြစ်သော နတ်ပြည် ငရဲပြည်ရှိကြောင်းကိုသင်မှတ်ယူလေလော့။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးအပြစ်ရှိကြောင်းကိုလည်း သင်မှတ်ယူလေလော။ နတ်ပြည် ငရဲပြည်တို့၌ အလိုလိုကံအားလျော်စွာ ကောင်းကင်ကျ ဖြစ်သော သြပပါတိကသတ္တဝါရှိ၏ဟူ၍လည်း သင်မှတ်ယူလေလော့။

ဤသို့ **အရှင်ကုမာရကဿပထေရ်** ဟောပြောသော်လည်း ပါယာသိရာဇညမင်းသည် တဘန်ဆက်၍ ကပ်ချက်ကို ပြုပြန်၏။

ဖြေပုံကား။ ။အရှင်ဘုရားဟောပြောသော်လည်း ပရလောကရှိသည်ဟူ၍ တပည့်တော်မယူနိုင်သေးပါ။ အကြောင်းသော်ကား-ဖခင်၍ဝိသော ခိုးသူတယောက်ကို အသက်ရှင်စင်ပင်လျှင် အိုးကြီးအတွင်းသို့ သွင်း၍ အိုးဝကိုပိတ်ပြီးလျှင် စိုသောသားရေဖြင့်ရစ်ပတ်၍၊ စိုသောမြေညက်ဖြင့် ထူစွာလိမ်းကျံလျက် မီးဖိုပေါ်သို့တင်ထား၍ မီးတိုက်ကုန်၏။ ဤခိုးသူသေပြီဟူ၍ သိသောအခါ၊ အိုးကိုချ၍ မြေညက်တို့ကို ခွါ၍ အိုးဝကို ဖြေးဖြေးသာသာဖွင့်၍ အသက်ထွက်သွားသည်ကို မြင်ရအောင် ကြည့်ရှုပါကုန်၏။ ပိတ်၍ထားသော အိုးထည်းမှ အသက်ထွက်သွားသည်ကို မမြင်ရပါ၊ ဤအကြောင်းကြောင့်လည်း သေသေသူတို့၏အသက်သည် တပါးသော လူပြည်,နတ်ပြည်၌ ဖြစ်၏ဟူ၍ အယူမရှိပါ။ ဤနေရာတွင် ပျောက်ပျက်ကုန်းဆုံး၍ သွား၏ဟု အယူရှိပါသည် ဘုရားဟု လျှောက်ကြား၏။

လူတို့သေလျှင် အခြားဘဝသို့ပြောင်းသွားသည်မဟုတ်၊သစ်ပင်မျှားကဲ့သို့ ပျောက်ပျက်ကုန်ဆုံးသည် ဟူသော ဥဒ္ဓေဒဝါဒဖြင့် ရာဇညမင်းပြောဆိုသောစကားဖြစ်၏။)အဘယ်ကြောင့်နည်းဟူမူ အသက်ထွက်၍ သွားသည်ကို မမြင်ရသောကြောင့်တည်း။ ဤကား-ရာဇညမင်း၏ ကပ်ချက်တည်း။)

ဤကဲ့သို့ ရာဇညမင်းကပ်သောအချက်ကို အရှင်ကုမာရကသပ ထေရ်မြတ်သည် ဤသို့ပယ်ဖျက်၍ဟောပြတော်မူ၏။

ဒါယကာရာဇည၊ သင်သည် နေ့အခါ၌အိပ်ပျော်၍ မွေ့လျော်ဘွယ်ရှိသော ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်၊ ပန်းတော၊ ပန်းမြိုင် ဥယျာဉ်ရေကန်တို့၏ အတွင်းသို့ လှည့်လည် သွားရောက်နေသည်ဟု အိုင်မက်မြင်ဘူးပါ၏လော။

မြင်မက်ဘူးပါ၏ဘုရား။

ထိုအိမ်မက်မြင်သောအခါ၌ သင်၏အသက်ဖြစ်သော စိတ်ဝိညာဏ်သည် ထိုပန်းဥယျာဉ် ပန်းတော ပန်းမြိုင်တို့၏ အတွင်းသို့ လှည့်လည် သွားလာ၍နေ၏။ ထိုအခါ၌ အိပ်ဖန်စောင့်ဖြစ်သောသူတို့သည် သင်၏ အသက်ဖြစ်သော စိတ်ဝိညာဏ်သည် ဥယျာဉ် ပန်းတော အတွင်းသို့ ထွက်သွားသည်ကိုမြင်ကြကုန်၏လော။

မမြင်ကြပါအရှင်ဘုရား။

မသေဘဲ အရှင်လပ်လပ်ဖြစ်သောသင်၏ အသက်ဓိဝိနိုစိတ်ဝိညာဏ်ကိုပင် အိပ်ဖန်စောင့်တို့ မမြင်ကြပါဘဲနှင့် အသက်သေပြီးသောသူ၏ စိတ်ဝိညာဏ် အသက်ထွက်သွားသည်ကို အဘယ်မှာမြင်နိုင်မည်နည်း။ ဤအကြောင်းဖြင့်လည်း ပရဂုလောကရှိသည်ကို သင်မှတ်ယူလေလော့။

(ဤနေရာ၌ စိတ်ဝိညာဏ်ကို အသက်ဟူ၍ ရာဇညမင်းအယူရှိသည်ကို သိတော်မူ၍ အယူအားလျော်စွာဖြေဆိုသောစကားဖြစ်၏။)

အရှင်ကုမာရကသပ ဟောပြသော်လည်း တမျိုးကြံ၍ကပ်ပြန်၏။

ကပ်ပုံကား။ ။အရှင်ဘုရား ဟောပြသော်လည်း မယုံနိုင်သေးပါ။ အကြောင်းသော်ကား ခိုးသူတယောက်ကို တပည့်တော်အထံသို့ ပို့လာသောအခါ၊ ထိုခိုးသူကိုအသက်ရှင်စဉ် မှုန်ခွင်ခွဲမှုန်၍ လည်ပင်းကို ကြိုးဖြင့်စီး၍အသက်မရှူနိုင်အောင်သတ်ပြီးလျှင်သေသောအခါ တဘန်မှုန်ခွင်ခွဲမှုန်၍ကြည့်ပါ၏။ အသက်ရှင်သောကာလ၌ပေါ့ပါ၏။ အသက်သေပြီးသောကာလ၌လေးပါ၏။စိတ်ဝိညာဏ်အသက်သည် ဘဝတပါးသို့ ပြောင်းသွားခြားအံ့၊ ရုပ်သက်သက်ကျန်သဖြင့် ပေါ့တန်ရာ၏။ ပေါ့ကား မပေါ့။ ဝဲ၍သာလေးသောကြောင့် ဘဝတပါး ပြောင်းသွားခြင်းမရှိဟူ၍အယူရှိပါ၏။ ထိုကြောင့် ပရဂုလောက ဘဝတပါးရှိသည်ကို မယုံနိုင်ပါဟူ၍လျှောက်ကြား၏။

ဤသို့ရာဇညမင်းလျှောက်ကြားရှိကပ်ပြန်သောအခါ အရှင်ကုမာရ ကဿပသည် ဤဥပမာဖြင့်ဖြေပြန်၏။

ဖြေပုံကား။ ။ဒါယကာပါယာသိရာဇညမင်း၊ ဤလောကဌ အချို့သော ပညာရှိတို့သည် ဥပမာဖြင့် အဓိပ္ပါယ်ကိုသိကြကုန်၏။ ဥပမာဆိုသည်ရှိသော်၊ တနေ့ပတ်လုံး နေပူ၍နေသော သံတွေ့ခဲကို ချိန်ခွင်ဖြင့် ချိန်ရာ၏။ ထိုနောက် အေးသောအခါ၌ တဘန်ချိန်ရာ၏။ အဘယ်အခါ၌ ထိုသံတွေ့ခဲသည် ပေါ့ပါသနည်း။ ပူသောသံတွေ့ခဲက ပေါ့သလော။ အေးသော သံတွေ့ခဲက ပေါ့သလော။

ပူသောသံတွေ့ခဲက ပေါ့ပါသည်ဘုရား။

ဒါယကာရာဇည၊ ထိုအတူပင်လျှင် စိတ်ဝိညာဏ်နှင့်တကွ ကိုယ်ခန္ဓာရှိသောကိုယ်သည် ပူသောကြောင့်ပေါ့၏။ စိတ်ဝိညာဏ်နှင့်တကွ ကိုယ်ခန္ဓာမရှိသောကိုယ်သည် အေးသောကြောင့် လေး၏။ ဤအကြောင်းဖြင့်လည်း ပရလောကဘဝတပါးရှိကြောင်းကို မှတ်ယူလေလော။

ဤသို့အရှင်ကုမာရကဿပ ဟောပြသော်လည်း၊ စိတ်ဝိညာဏ်ကို အသက်ဟူ၍အယူရှိပြီးလျှင် ထိုအသက်သည် ရုပ်ကိုယ်ကောင်မှ ထွက်သွား၍ တပါးသောဘဝသို့ ပြောင်းရွှေ့ခြင်းမရှိပုံကို အကြောင်းရှာကြံ၍ ကပ်ပြန်လေ၏။

ကပ်ပုံကား။ ။အရှင်ကုမာရကဿပဘုရား။ တပည့်တော်၏ အထံသို့ ခိုးသူကိုဖမ်း၍ပို့လာသောအခါ၊ ထိုခိုးသူကို အသက်ရှင်စဉ်ပင်လျှင် အရေအသား အရိုးအကြော ရိုးတွင်းချဉ်ဆင်ကို့ကို မပျက်စီးအောင် သတ်စေ၏။ သေလုနီးဖြစ်သောအခါ ထိုခိုးသူကို ပက်လက် ထား၍ အသက် ထွက် သွား သည် ကို ကြည့်ရှု ပါကုန်၏။ အသက်ထွက်သွားသည်ကို ကြည့်ရှု၍မမြင်ပါ။ တဘန်မှောက်၍ ထားပြီးလျှင် အသက်ထွက်သွားသည်ကို ကြည့်ပါ၏။ အသက် ထွက်သွားသည်ကို မမြင်ပါ။ လက်ျာ နံတောင်းဖြင့် စောင်းထား၍ ကြည့်ရှုသော်လည်း။ လက်ဝဲနံပါးဖြင့် စောင်းထား၍ ကြည့်ရှုသော်လည်း။ အထက်သို့ မတ်တပ် ထောင်ထား၍ ကြည့်ရှုသော်လည်း။ အောက်သို့ ဦးခေါင်း စောက်ထိုး ထား၍ ကြည့်ရှုသော်လည်း၊ အသက် ထွက်သည်ကို မမြင်ပါ။ လက်ဖြင့် ရိုက်ပုတ်၍ ကြည့်သော်လည်း။ အခြံခဲကျောက်ခဲဖြင့် ထုနှက်၍အသက်ထွက်သည်ကိုကြည့်သော်လည်း။ ဒုတ်တောင်ဝှေးဖြင့် ရိုက်ပုတ်၍ ကြည့်ရှုသော်

ရင်း။ ခါးလက်နက်ဖြင့်ပုတ်ခတ်၍ကြည့်သော်ရင်း။ ဆွဲလှုပ်၍ကြည့်သော်ရင်း။ ဆွဲတွန်းလှိမ့်လှုပ်၍ ကြည့်သော်ရင်း။ အသက်ထွက်သွားသည်ကို မမြင်ပါ။ ထိုသေပြီးသောခိုးသူ၏မျက်စိလည်းရှိ၏။ အဆင်းတို့လည်းရှိကုန်၏ မမြင်တော့ပါ။ ထိုခိုးသူ၏နားလည်းရှိ၏။ အသံတို့လည်း ရှိကြကုန်၏ မကြားတော့ပါ။ နှာခေါင်းလည်းရှိ၏ အနံ့တို့လည်းရှိကုန်၏ မနံတော့ပါ။ လျှာလည်းရှိ၏ အရသာလည်းရှိ၏ မရက်တော့ပါ။

(စပ်မှန်း-ခါးမှန်းမသိဟူလို)။

ထိုသေပြီးသောခိုးသူ၏ ကိုယ်ကောင်လည်းရှိ၏။ အတွေ့အထိတို့လည်း ရှိကုန်၏။ တွေ့ထိမှန်းမသိတော့ပါ။ ထိုစိတ်ဝိညာဏ်တည်းဟူသော အသက်သည်ဘယ်ဘဝကိုမျှမထွက်သွားဘဲ၊ ကိုယ်ကောင်ထဲတွင်သာ ပျောက်ပျက်လေတော့၏။ ဤသို့သော အကြောင်းဖြင့် ပရလောကဘဝတပါးပြောင်းသွားခြင်းမရှိဟူ၍ အယူရှိပါသည်ဘုရားဟု လျှောက်ကြားလေသတည်း။

ထိုရာဇည့ေမင်း၏ကပ်ချက်ကို အခ္ခင်ကုမာရကသဃေထံ၌ဖြတ်သည်ဆန်းကြယ်စွာပုံဥပမာစကားဖြင့် ပယ်ဖျက်တော်မူ၏။

ပယ်ဖျက်ပုံကား။ ။ဒါယကာရာဇည့ေ၊ လောကဠပညာရှိတို့သည် ဥပမာဖြင့် သိကြကုန်၏။ ဥပမာသော်ကား။ ရှေးအခါက ခရုသင်းကို သာယာစွာမှုတ်တတ်သောယောကျ်ားတယောက်သည် ခရုသင်းကိုယူ၍ ပစ္စန္တဇနပုဒ်သို့သွား၍ တခုသောရွာသို့ ရောက်လျှင်၊ ရွာလည်ဠံ၌ရပ်၍ သုံးကြိမ်ခရုသင်းကိုမှုတ်လေ၏။ သုံးကြိမ်မှုတ်ပြီးလျှင် ခရုသင်းကိုမြေ၌ချထား၏။ မြေ၌ချထားပြီး၍ တော်သင့်ရာ၌ထိုင်နေ၏။ ထိုအခါ၌ ပစ္စန္တဇနပုဒ်တောရွာသားတို့သည် ဤသို့အကြံဖြစ်ကြကုန်၏။ အမောင်တို့၊ ဤအသံသည် သာယာနာပျော်ဘွယ် ရှိလေ၏ အဘယ်အသံပေနည်းဟု မေးမြန်းပြောဆိုကြပြီးလျှင် ဝိုင်းဝန်းလာရောက်ကြကုန်၏။ ခရုသင်းမှုတ်သောသူကို မေးမြန်းကြကုန်၏။

အချင်းမိတ်ဆွေ၊ ဤအသံသည် သာယာနာပျော်ဘွယ် ရှိလေ၏။ အဘယ်အသံပေနည်းဟု မေးသောအခါ၊ ဤခရုသင်း၏အသံတည်းဟု ပြောဆိုလျှင်။ ထိုတောရွာသားတို့သည် ခရုသင်းကိုပက်လက်ထားပြီးလျှင်၊ အချင်းခရုသင်း၊ အသံကိုမြည်ပါလော။ အိုခရုသင်း၊ အသံကိုမြည်ပါလော့ဟုဆိုကြ၏။ ထိုခရုသင်းသည် အသံကိုမမြည်သည်သာတည်း။

ထိုတောရွာသားတို့သည် တဘန် ခရုသင်းကိုမှောက်၍။ အို ခရုသင်း အသံကိုမြည်ပါလော့ဟုဆိုကြကုန်၏။ ခရုသင်းသည်ကား အသံကို မမြည်။ ထိုအတူ-လက်ျာနံပါးဖြင့် ခရုသင်းကို စောင်းထား၍ လက်ဝဲနံပါးဖြင့် ခရုသင်းကိုစောင်းထား၍။ အို-ခရုသင်းအသံကို မြည်ပါလော့ ဟုဆိုကြကုန်၏။ အဘယ်မှာခရုသင်းက အသံမြည်နိုင်မည်နည်း။

ထိုတောရွာသားတို့သည် ခရုသင်းကို အထက်သို့ မြှောက်၍။ အို-ခရုသင်း အသံကို မြည်ပါလောဟု ဆိုကြကုန်၏။ ခရုသင်းက အသံကို မမြည်။ တဘန်အောက်သို့စောက်ထိုးထား၍။ အို ခရုသင်း၊ အသံကိုမြည်ပါ လောဟုဆိုကြကုန်၏။ ခရုသင်းက အသံကိုမမြည်။ ဤသို့အသံမမြည် သော ခရုသင်းကိုဆွဲလှုပ်၍ဆိုကြကုန်၏။ အသံမြည်ပါလော့, အသံကို မြည်ပါလောဟူ၍ တွန်းလှုပ်ကြကုန်၏။ လက်ဖြင့်ပုတ်ခတ်ကြကုန်၏။ ခုတ်တောင်ဝှေးဖြင့် ပုတ်ခတ်ကြကုန်၏။ တဘန် ခါးလက်နက်ဖြင့် ပုတ် ခတ်၍။ အို-ခရုသင်း၊ အသံကိုမြည်ပါလော့ဟုဆို၍ ဆွဲလှုပ်ခြင်း။ တွန်း လှုပ်ခြင်း။ ဆွဲကာ တွန်းကာလုံ့မှ၍။ အို-ခရုသင်း၊ အသံကိုမြည်ပါလော ဟု ဆိုသော်လည်း၊ ခရုသင်းသည်ကား အသံကိုမမြည်သည်သာတည်း။

ဒါယကာရာဇာ၏ ထိုအခါ၌ ခရုသင်းမှုတ်သော ယောကျ်ားသည် ဤသို့အကြံဖြစ်၏။ ဤတောရွာသားတို့သည် မိုက်လှစွာ၏တကား။ မသင့် မေ့လျော်သောအကြောင်းဖြင့်ခရုသင်း၏အသံကိုရှာဘိ၏တကားဟုအကြံ ဖြစ်ပြီးလျှင်၊ ထိုတောရွာသားတို့မြင်စဉ်ပင်လျှင်။ ဝါ၊ ကြည့်ရှုနေကြစဉ် ခရုသင်းကိုယူ၍ သုံးကြိမ်အသံမြည်အောင်မှုတ်၍ ပဲသွားလေ၏။

ထိုအခါ၌တောရွာသားတို့သည်ဤသို့သိကြကုန်၏။ သြော်ဤခရုသင်း သည်ကား-ယောကျ်ား၏လုံ့လဝိရိယဖြင့် မှုတ်တတ်သောလေမှ အသံ ကို မြည်ပါတကားဟုသိကြကုန်၏။

ဒါယကာရာဇာ၏ ထို့အတူသာလျှင်၊ ဤကိုယ်ကောင်ကြီးသည်လည်း **စိတ်ဝိညာဏ်**နှင့်တကွရှိမှသာလျှင် သွားခြင်း လာခြင်း ရပ်ခြင်း ထိုင် ခြင်းကိုလည်း ပြုနိုင်၏။ မျက်စိဖြင့်အဆင်းကိုမြင်နိုင်၏။ စိတ်ရှိမှသာလျှင် နှားဖြင့်အသံကိုကြားနိုင်၏။ စိတ်ရှိမှသာလျှင် နှာခေါင်းဖြင့်အနံ့ကို နံနိုင် ၏။ စိတ်ရှိမှသာလျှင် လျှာဖြင့်အရသာကိုသိနိုင်၏။ စိတ်ရှိမှသာလျှင် ကိုယ်ဖြင့် အတွေ့အထိကို သိနိုင်၏။ စိတ်ရှိမှသာလျှင် အာရုံကိုသိနိုင်၏။ ဤသို့သိကြကုန်၏။ စိတ်မရှိလျှင် ဤကိုယ်ကြီးသည် ဘာကိုမှသိတော့

သည်မဟုတ်။ဤသို့သောအကြောင်းဖြင့်လည်း**ပရလောကဘဝတဲ့ပါး**ရှိသည်ကိုမှတ်ယူလေလော။

ရာဇာညမင်းသည် တဘန်ကပ်၍လျှောက်ပြန်၏။ ။အရှင်ဘုရား၊ဤသို့ပေါ်ပြဲသော်လည်း တပည့်တော်မယူနိုင်ပါ။ အကြောင်းသော်ကား-။ တပည့်တော်၏အထံသို့ ခိုးသူကိုပို့လာသောအခါ၊ ဤခိုးသူ၏ **အသက်**ကို မြင်ရအောင်၊ အပေါ်ရေပါးကို ခွါကြကုန်လော်ဟုဆို၍ ခွါကြကုန်၏။ **အသက်**ကိုမမြင်ပါ။အတွင်းအရေထူကိုခွါ၍ကြည့်သော်လည်း**အသက်**ထွက်သွားသည်ကိုမမြင်ပါ။ အသားကိုခွါ၍ကြည့်သော်လည်း အသက်ကို မမြင်ပါ။ အကြောကိုဖြတ်၍ ကြည့်သော်လည်း အသက်ကိုမမြင်ပါ။ အရိုးကိုဖြတ်ခွါ၍ ခွဲ၍ကြည့်သော်လည်း အသက်ကိုမမြင်ပါ။ ရိုးတွင်းချင်ဆီကိုဖျက်ခွါ၍ကြည့်သော်လည်း အသက်ကိုမမြင်ပါ။ ဤသို့သော အကြောင်းဖြင့် ဤ**အသက်**သည် ဘဝတပါးပြောင်းသွားဖို့ဟူ၍မယူနိုင်ပါဘုရားဟုလျှောက်ကြားသော်**အ**၁၊

ဒါယကာပါကာသိရာဇာည၊ ဥပမာဖြင့်ပြဦးအုံ။ အချို့ပညာရှိတို့သည် ဥပမာဖြင့် အနက်အဓိပ္ပါယ်ကိုသိကြကုန်၏။ ခေါ်းအခါ၌ မီးကင်လုပ်ကွေ့လေ့ရှိသောပုဏ္ဏားတယောက်သည် သစ်ရွက်မြီး တည်းအုံ့ကလေးဖြင့် မီးကိုလုပ်ကွေ့၍နေရာ။ တခုသော လှည်းကုန်သည်မှ ကျ၍နေရစ်သော သူငယ်ကလေးကိုကောက်ယူ၍မွေးမြူထား၏။ ထိုသူငယ် ဆယ်နှစ် ဆဲ့နှစ်နှစ်အရွယ် ရှိသောအခါ တရုံတရုသောကိစ္စဖြင့် ဇနပုဒ်သို့သွားမည် ရှိသောအခါ သူငယ်ကိုမှာတား၏။ ချစ်သား၊ ငါသည် ဇနပုဒ်မြို့သို့သွား ရန် ကိစ္စရှိ၍ သွားဦးအုံ့။ ဤမီးကိုရှိသေစွာ လုပ်ကွေ့လော။ မငြိမ်းစေ လင့်။ အကယ်၍ မီးသေငြိမ်းငြားအုံ့။ ဤပဲကွပ်၊ ဤထင်း, ဤမီးပွတ်တန်တို့ဖြင့် မီးကိုဖြစ်စေ၍ လုပ်ကွေ့ လေလောဟု မှာထားပြီးလျှင် ဖဲသွား လေ၏။

ထိုသူငယ်သည် ကစားမြူးတူး၍နေသဖြင့် မီးငြိမ်းသောအခါ ဤသို့ အကြံဖြစ်၏။ ငါ၏အဘသည် ဤသို့မှာထားခဲ့၏။ မီးကိုကောင်းစွာ လုပ်ကွေ့လော။မီးငြိမ်းလျှင်လည်း ဤပဲ့ကွပ် ထင်း မီးပွတ်တံတို့ဖြင့် မီးကို ဖြစ်စေ၍လုပ်ကွေ့လောဟုမှာထားခဲ့ရာ။ယခုထိမီးသည် ငြိမ်းဖေသေလွန်၍သွား၏။ ငါသည် မီးကိုဖြစ်စေ၍လုပ်ကွေ့အုံ့ဟုကြံ၍ ထိုသူငယ်သည် မီးပွတ်ဘံကို ပဲကွပ်ဖြင့် မီးရှစေအုံ့ဟု နှတ်ခွေ၏။ နှတ်ခွေ၍လည်း မီး

မဖြစ်။ မီးပွတ်တံကို ထက်ခြမ်းခွဲပြန်၏။ မီးမဖြစ်။ သုံးစိတ်သုံးမြှောခွဲပြန်၏။ မီးမဖြစ်။ မီးပွတ်တံကို လေးစိတ်လေးမျှောခွဲပြန်၏။ မီးမဖြစ်။ ငါးစိတ်ခွဲ။ ခြောက်စိတ်ခွဲ။ ဆယ်စိတ်ခွဲ။ အစိတ်တရာခွဲ၍ အစိတ်စိတ်အမြှောမြှောပြု၏။ မီးမဖြစ်။ အစိတ်အမြှောပြုပြီး၍ ဆုံဃယ်ဌာထောင်း၏။ မီးမဖြစ်။ ဆုံဃယ်ဌာ ထောင်းပြီး၍လေတိုက်ရာဌာလွင့်လေ၏။ မီးကား မဖြစ်သည်သာတည်း။

ထိုနောက် အဘာပုဏ္ဏားကြီးပြန်ရောက်၍ မီးကိုလုပ်ကျွေးပါ၏လော ဟုမေးသောအခါ၊ ထိုအကြောင်းကို အဘာပုဏ္ဏားကြီးအား ပြောလေ၏။ ထိုအခါဌာ ဤသူငယ်သည် မိုက်လှစွာ၏ တကား။ မသင့်လျော်သော အကြောင်းဖြင့် မီးကိုရှာမှီ၏ တကားဟုဆို၍ ထိုသူငယ်၏ရှေ့တွင် မီးပွတ်တံဖြင့် မီးပွတ်ခုံဌာပွတ်သည်ရှိသော်မီးရ၍၊ ဤကဲ့သို့မီးကိုရှာမှီမှ ရသည်။ သင်ကဲ့သို့ မသင့်လျော်သောအကြောင်းဖြင့် မီးကိုရှာမှီ၍ ရမြဲ မဟုတ်ဟုဆိုလေ၏။

ဒါယကာရာဇာ၊ထိုအတူပင်လျှင်၊မီးကိုရှာမှီသောသူငယ်မိုက်ကဲ့သို့ သင်သည် ပရဂုလောကကို ရှာမှီဘိ၏တကား။ သင်၏မိန္ဓာအယူကိုစွန့်လော။ယုတ်မာစွာသော မိန္ဓာအယူကိုစွန့်လေလော။ ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားမဲ့ခြင်းဌာ မဖြစ်စေလင့်။ ဆင်းရဲခြင်းဌာ မဖြစ်စေလင့်ဟူ၍ ဟောပြလေသတည်း။

ဤသို့ဆန်းကြယ်စွာသောဥပမာစကားတို့ဖြင့် အရှင်ကုမာရကဿပ ဟောပြသည်ကို မှတ်သားနားထောင်၍ ရောင့်ရဲခြင်းမရှိဘဲ ဆက်၍နားထောင်ကာ ကြားနာ မှတ်သား လိုသောကြောင့် **မိန္ဓာအယူ**ကို မစွန့်သကဲ့သို့ ငြင်းဆန်သောစကားဖြင့်လျှောက်ကြားပြန်၏။

အရှင်ဘုရားသည် ဤသို့ဆိုသော်လည်း ဤအယူဝါဒကိုတပည့်တော် မစွန့်နိုင်ပါ။ ဤသို့မိန္ဓာအယူရှိသည်ကို ကောသလမင်းကြီးသည်ရင်း။ တိရောရဋ္ဌ တိုင်းတပါးမင်းတို့သည်ရင်း သိကြပါကုန်ပြီ။ အကယ်၍ အယူကိုစွန့်ငြားအုံ့။ ဤရာဇာမင်းသည် မိုက်လှ၏။ မလိမ္မာ မကောင်းသော အယူရှိ၏ဟူ၍ဆိုကြပါလိမ့်မည်။ ထိုသို့ဆိုသောသူတို့ကိုစိတ်ဆိုးသဖြင့်လည်း ဤအယူကိုမစွန့်ဘဲနေပါတော့အုံ့။အရှင်ဘုရားဟောပြသော အကြောင်းကိုလည်း ပယ်ဖျက်လိုသဖြင့် မစွန့်ဘဲနေပါတော့အုံ့။ အရှင်ဘုရားကိုယှဉ်ပြိုင်လိုသဖြင့်လည်းမစွန့်ဘဲနေပါတော့အုံ့။ဤသို့ငြင်းဆန်၍

လျှောက်ကြားသောအခါ၊ အရှင်ကုမာရကဿပသည် ဤသို့-ဥပမာ ဆောင်၍ဟောပြပြန်၏။

ဒါယကာရာဇာသည်၊ ဥပမာဆိုသည်ရှိသော်၊ ရှေးအခါကာလ၌ လှည်းကုန်သည်နှစ်ဦးတို့သည် လှည်းငါးရာကိုယ်စီရှိကြကုန်၍ အရှေ့ဇနပုဒ်မှ အနောက်ဇနပုဒ်သို့သွားကြကုန်၏။ထိုနှစ်ဦးသော လှည်းကုန်သည်တို့သည် တခြားဦးခဲ့၍လှည်းငါးရာတို့ဖြင့် ရှေးဦးစွာမောင်းနှင်၍သွားသော လှည်းကုန်သည်သည် ၂ရက် ၃ရက်ခရီးရောက်သောအခါ၊ညီသောကိုယ်သားကိုယ်ခေ နှိုးသော မျက်လုံးရှိသောလူတယောက်သည် စိုသောအဝတ်စိုသောဆံပင်တို့ဖြင့်ကုမဒ္ဒရာကြာပန်းကိုပန်ဆင်လျက်နှင့်အလူးလူးဖ၊သော လှည်းဟီးစက်ဖြင့် ရထားလှည်းကိုစီး၍လာသည်ကိုမြင်လျှင်၊ အသင်ဘယ်ကလာသနည်းဟု လှည်းကုန်သည်မှူးကမေးသည်ရှိသော်၊ ဤမည့်သော ဇနပုဒ်မှလာသည်ဟုပြောလျှင်။ ဤအရပ်မှရှေ့ဖြစ်သောကန္တာရခရီးလမ်း၌ မိုးရွာသလောဟုမေးလျှင်၊ ဟုတ်၏။ ကြီးစွာသောမိုးသည် ရွာ၍ လမ်းခရီး၌ ရေတို့ဖြင့်ပြည့်၍နေ၏။ မြက်ထင်းရေတို့သည် အလွန်ပေါများကုန်၏၊

သင်တို့၏လှည်း၌ပါသော မြက်ဟောင်း ရေဟောင်းတို့ကိုစွန့်ပြစ်၍ ပေါ့သောလှည်းတို့ဖြင့် လျှင်စွာသွားကြကုန်လော။ နွားတို့ကိုမပင်ပန်းစေကုန်လင့်ဟု ပြောသောအခါ၊ လှည်းကုန်သည်မှူးသည် လှည်းကုန်သည် အပေါင်းတို့အား ကိုယ်တွန်းနှိုးဆော်၍ ထို-လူညို မျက်လုံးနီသောကျားပြောသောစကားကို အပယုတ်ထင်မှတ်၍မောင်းနှင်လတ်သော် တရက်ခရီးမှာလည်း ရေမရှိ မြက်မရှိ။ နှစ်ရက်ခရီးမှာလည်း ရေမရှိ မြက်မရှိ။ သုံးရက်လေးရက်ခရီးမှာလည်း ရေမရှိ မြက်မရှိ။ ငါးရက် ခြောက်ရက်ခရီးမှာလည်း ရေမရှိ မြက်မရှိ။ ခုနစ်ရက်ခရီးပို့ရောက်သောအခါ၊ ရေမြက်ထင်းတို့ အခန်းသက်သတ်မတွေ့ရသဖြင့် သေကြေပျက်စီးခြင်းသို့ရောက်ကြကုန်၏။ ထိုလှည်းကုန်သည်တို့၌ပါသမျှ နွားတို့သည်ရင်း။လူတို့သည်ရင်း။အရိုးမျှသာကြွင်းကျန်လေတော့၏။ ဤကားမြက်လှစွာသော လှည်းကုန်သည်မှူး၏ပျက်စီးခြင်းတည်း။

ထိုနောက် ပညာရှိသောလှည်းကုန်သည်မှူးသည် ပထမထွက်သွားသော လှည်းကုန်သည်တို့၏သွားရာ လမ်းခရီးကိုပင်လျှင် မျှားစွာသော မြက်ထင်းရေတို့ကိုတင်ဆောင်၍ ကန္တာရခရီးသို့ လှည်းငါးရာနှင့်တကွ

မောင်းနှင်၍ နှစ်ရက် သုံးရက် ခရီး ရောက်သောအခါ၊ ညှိသောကိုယ်သား ကိုယ်ရေ၊ နီသောမျက်လုံးရှိသောယောက္ချားကိုပင်တွေ့မြင်၍ မေးမြန်းသောအခါ၊ မိုးယမ်းကြီး သည်းထန်စွာရွာ၍ ကန္တာရခရီးလမ်းခွဲ မြက်ထင်း ရေတို့ ပေါများကြောင်းကိုပြောလျှင်။ ပညာရှိသော လှည်းကုန်သည်မှူးသည်၊ လှည်းကုန်သည် အပေါင်းတို့အား ဤသို့-ပြောကြားလေ၏။

အို-လှည်းကုန်သည်အပေါင်းတို့။ ဤယောက္ချားသည် ကန္တာရခရီးလမ်းခွဲ မိုးယမ်းကြီး သည်းထန်စွာရွာ၍ မြက်ထင်းရေတို့ပေါများကြောင်းကို ပြောသော်လည်း၊ ထိုသူသည် ငါတို့၏မိတ်ဆွေလည်းမဟုတ်။ ညာတိ သင်္ဂဟ ဆွေမျိုးတော်စပ်သည်လည်း မဟုတ်။ အဘယ်သို့လျှင် ဤသူ၏စကားကိုယုံကြည်ရပါမည်နည်း။ ငါတို့၌ မြက်ဟောင်းရေဟောင်းတို့ကိုမစွန့်ပြစ်မူ၍သွားကြကုန်အံ့ဟု လှည်းကုန်သည်အပေါင်းတို့ကို နှိုးဆော် တိုက်တွန်း၍ မောင်းနှင်သည်ရှိသော်၊ ခုနစ်ရက်မြောက်သောနေ့၌ ပျက်စီး၍နေသော ပထမလှည်းကုန်သည်တို့၏ ဥစ္စာပစ္စည်းတို့နှင့်တကွ အရိုးတို့ကိုတွေ့မြင်ကြလေ၏။

ထိုအခါ၌ပညာရှိသောလှည်းကုန်သည်မှူးသည် လှည်းကုန်သည် အပေါင်းတို့ကို ဤသို့ပြောဆိုလေ၏။ ငါတို့တွေ့ခဲ့သော မျက်လုံးနီနှင့်လူညှိုကြီးသည်ကား၊ဘီလူးစင်စစ်ဖြစ်တော့သည်ပဌမမောင်းနှင်၍သွားသော လှည်းကုန်သည်မှူးသည် ပညာမရှိ မိုက်လွန်စွာသောကြောင့်၊ ထိုမျက်လုံးနီနှင့် လူညှိုကြီး၏စကားကိုယုံကြည်မိမှား၍ ပျက်ပြားခြင်းသို့ရောက်ကြရလေကုန်၏ဟုပြောဆို၍ ကောင်းမွန်သောဥစ္စာတို့ကိုယူဆောင်လျက် ဘေးကင်းရာအရပ်သို့ သွားရောက်ကြလေကုန်၏။ ကန္တာရ ခရီးခဲကို လွန်မြောက်ကြလေကုန်၏။ ။ဤကား-ပညာရှိသော လှည်းကုန်သည်မှူး၏ ဘေးလွတ်ခြင်းတည်း။

ဒါယကာရာဇာ၊ ထိုလှည်းကုန်သည်နှစ်ဦးတို့တွင် မိုက်လွန်စွာသော လှည်းကုန်သည်မှူးကဲ့သို့ ပရလောကကို မသင့်လျော်သော အကြောင်းဖြင့်ရှာမှေ၍ ပျက်စီးခြင်းသို့ ရောက်လတံ့။ သင်၏မိန်းမအယူကို စွန့်ပြစ်လေလော့။ ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ခြင်းငှါဖြစ်လတံ့။ ချမ်းသာမဖက်၊ သက်သက်ဆင်းရဲခြင်းငှါဖြစ်လတံ့။ သင်သည်အကျိုးမဲ့ ပျက်စီးခြင်းငှါ မဖြစ်စေလင့်။ ဤအယူမိန်းမကိုစွန့်ခွါနိုင်ငြားအံ့။ ပညာရှိ

သော လှည်းကုန်သည်မှူးကဲ့သို့ သံသရာတည်းဟူသော ကန္တာရခရီး ခဲမှခွါ၍ထွက်မြောက် ဘေးကင်းရာသို့ရောက်လတံ့။

ဤသို့ဟောပြီးသော်လည်း ဥပမာအဆန်း စကားတို့ကို ကြားနာလိုသော **ရာဇညမင်း** သည် တဘန်မစွန့်နိုင်ကြောင်းကို လျှောက်ကြားပြန်၏။ ထိုအခါ၌ အရှင်ကုမာရကဿပ ထေရ်မြတ်သည် ဝက်မွေးသမား မစင်ထုတ်ရွက်ထမ်းသောဥပမာစကားကိုဟောကြားတော်မူ၏။

ဒါယကာ-ပါရာသိရာဇာ။ တယောက်သော ဝက်မွေးသမားသည် ဒိမိရွာမှ တပါးသောရွာသို့ သွားရောက်သောအခါ၊ မျှားစွာသော မစင်ချောက်တွေကိုမြင်၍ ငါ့မှာ ဝက်စာရပြီဟု ဝမ်းမြောက်ပြုံးရွှင် ကြည်လင်သောမျက်နှာဖြင့် မျှားစွာသောမစင်ချောက်တို့ကို ဒိမိရွှံ့သောပုဆိုးပိုင်း အဝတ်တဘက်စောင်ပိုင်းဖြင့်ထုပ်ပိုးပြီးလျှင် ဦးခေါင်းထက်၌ ရွက်ထားပြီးသွားလေ၏။ ထိုမစင်ထုပ်ရွက်သော ဝက်မွေးသမားအား၊ ခရီးလင်းအကြားနှင့် မိုးယင်းရွာသဖြင့်ရေစိုသည်ရှိသော်၊ အပေါ်မှာလည်း ပွက်ပွက်၊ ရိုးပြီးပြီးထွက်သဖြင့် စက်ဆုတ်စဖွယ်၊ အလယ်မှာလည်း ရွံ့ဒဏ်ရိုက်ချ၊ အောက်ကလည်း တစက်တစက် မစင်ရေထွက်၍ လက်ဖျား ခြေဖျားမှ မကျွန်အောင် လူးလည်းညစ်ပေစွာ ရွက်လာသည်ကိုမြင်ကုန်သော သူကို၊ အဘယ့်ကြောင့် မစင်တွေကို ရွက်ဆောင်၍ လာဘိသနည်း။ သင်သည် ရူးသွပ်သလောဟုပြောဆိုကြသောအခါ၊ သင်တို့သာလျှင် အရူး။ သင်တို့သာလျှင် အနှုန်း။ ဘာမှန်းသိ၍ သင်တို့ပြောဆိုသနည်း။ ငါထမ်း၍ယူလာသော မစင်တို့သည် ဝက်စာဖြစ်ကုန်၏ဟူ၍ ပြောဆိုလေ၏။

ထိုအဘွားယာယာသည်လည်း ရာဇညမင်းသည်လည်း မစင်ထုပ်ထမ်း ဝက်မွေးသမားကဲ့သို့ထင်ရအောင်ပြုကြို၏တကား။ သင်၏မိန်းမနှင့်အယောကို စွန့်ပြစ်လေလော။ ခဲသည့်ကြားစွာသော ကာလပတ်လုံး ဦးပွားချမ်းသာမဲ့ခြင်းဌာ မဖြစ်စေလင့်။ ဆင်းခဲခြင်းဌာ မဖြစ်စေလင့်။ မစင်ထုပ်ကိုရွက်၍ နေသကဲ့သို့ မဖြစ်စေလင့်။

ဤသို့အရှင်ကုမာရ ထေရ်မြတ်နှုတ်ရှည်သောအခါ ရာဇညမင်းသည် ထိုမိန်းမ၊ အယောကို မစွန့်ပြစ်နိုင်ကြောင်းနှင့်ထပ်လောင်းကာ၊ တဘန်-ငြင်းဆန်ခြင်း လျှောက်ကြားပြန်၏။

ထိုအခါ အဆိပ်လူးသော အစာကိုမျိုသော အံကြူးသမားကဲ့သို့ မဖြစ်စေလင့်ဟူ၍ ဟောပြပြန်သော်လည်း၊ မစွန့်နိုင်ကြောင်းကို တဘန် လျှောက်ကြားပြန်၏။

ထိုအခါ၌ အရှင်ကုမာရကဿပထေရ်မြတ်သည် ရာဇာ့ညီမင်းအား ပိုက်ဆံရှော်၊ ဂုံအိတ်ရှော်ကို ထမ်း၍သွားသော ရှော်ထမ်းသမား ဥပမာ ကိုပြ၍ ဆုံးမတော်မူ၏။

ဒါယကာရာဇာ့ညီ။ဥပမာဆိုသည်ရှိသော်။ ရှေးကာလအခါ၌တစုသော ဓနပုဒ်သည် တစုံတစုသော ဘေးဆိုက်ရောက်၍ စွန့်ပြစ်ထွက်ပြေးကြ ကုန်၏။ထိုအခါ၌မိတ်ဆွေတယောက်က မိတ်ဆွေတယောက်ကို(ချစ်ဆွေ သူငယ်ချင်း။ ဤမည်သောဓနပုဒ်သို့သွားကြပါစို့။ တစုံတစုသောဥစ္စာကို ရခြားအံ့လည်း မသိဟူ၍ ပြောဆိုလျှင်၊ ကောင်းပါပြီ မိတ်ဆွေဟု ဆို၍ မိတ်ဆွေနှစ်ယောက်အတူတကွသွားကြသောအခါ၊ထိုဓနပုဒ်နယ်အတွင်း တစုသော ရွာပျက်သို့ရောက်၍ စွန့်ပြစ်သွားကြကုန်သော ပိုက်ဆံရှော် ဂုံအိတ်ရှော်တို့ကိုမြင်လျှင်၊ မိတ်ဆွေနှစ်ယောက်တို့သည် ထိုရှော်တွေကို ထုပ်ဖွဲ့၍ တထုပ်စီထမ်းပြီးလျှင် တဘန် သွားကြပြန်သော်၊ တစုသော ရွာပျက်သို့ရောက်ပြန်၍ စွန့်ပြစ်သွားကြကုန်သော ပိုက်ဆံချည် ဂုံအိတ်ချည်တို့ကိုမြင်လျှင်၊ တယောက်သောမိတ်ဆွေက၊ သူငယ်ချင်း-ငါတို့ သည် ဥစ္စာလိုရ၍လာကြကုန်၏။ ထိုဥစ္စာကိုရကြကုန်၏။ ဤငါတို့ထမ်းယူ ခဲ့သော ပိုက်ဆံရှော် ဂုံအိတ်ရှော်သည် အဖိုးမထိုက်။ထိုထက်အဖိုးထိုက် သော ပိုက်ဆံချည် ဂုံအိတ်ချည်တို့ကိုတွေ့ပြန်၏။ ထိုကြောင့်အဖိုးမထိုက် သော ပိုက်ဆံချည် ဂုံအိတ်ချည်တို့ကိုထမ်းယူ၍သွားကြပါစို့ဟုပြောဆို သောအခါ။

ဒုတိယမိတ်ဆွေက ဤသို့ဆိုလေ၏။ ဤရှော်ထုပ်ကြီးကို ငါ့အား အဝေးကြီးက ထမ်း၍လာခဲ့ရ၏။ ထိုကြောင့် မစွန့်ပစ်နိုင်။ သင်မူကား- စွန့်ပြစ်လိုလျှင် စွန့်ပြစ်ပါလော့ဟုဆိုလျှင်။ ပထမ မိတ်ဆွေသည် ပိုက်ဆံ ရှော်-ဂုံအိတ်ရှော်တို့ကိုစွန့်ပြစ်၍ပိုက်ဆံချည် ဂုံအိတ်ချည်တို့ကို တုပ်ဖွဲ့၍ ထမ်းပြီးလျှင် သွားကြပြန်သောအခါ စတုသောရွာပျက်သို့ ရောက်ပြန်၍ ပိုက်ဆံချည် ဂုံအိတ်ချည်တို့ဖြင့် ယက်အပ်သော အဝတ်အထည် တို့ကို မြင်၍ ပထမမိတ်ဆွေက၊ သူငယ်ချင်း-အဖိုးထိုက်သော အဝတ်အထည် တို့ကို ထမ်းယူပါစို့။ သင်သည်လည်း ပိုက်ဆံရှော် ဂုံအိတ်ရှော်တို့ကို

စွန့်ပြစ်ပါလော။ ငါသည်လည်း ပိုက်ဆံချည် ဂုံအိတ်ချည်တို့ကိုစွန့်ပြစ်ပါအုံ့ဟုဆိုလျှင်။

ဒုတိယမိတ်ဆွေက၊ ဤရှော်ထုပ်ကြီးကို ငါ့အား အဝေးကြီးက ထမ်းယူ၍လာခဲ့ရ၏။ ထိုကြောင့် မစွန့်ပြစ်နိုင်ဟုဆိုလျှင်။ ဒုတိယမိတ်ဆွေသည် ချည်ထုပ်ကိုစွန့်ပြစ်၍ အဝတ်ပုဆိုးတို့ကို ထမ်းဆောင်၍ သွားကြပြန်သောအခါ၊ တခုသောရွာပျက်သို့ရောက်ပြန်၍ပိုက်ဆံရှော်ဂုံအိတ်ရှော်ပုဆိုးတို့ထက်အဖိုးထိုက်သော ခေါ်မရှော်တို့ကိုမြင်လျှင်။ ပထမ သူငယ်ချင်း မိတ်ဆွေက ဤသို့ဆိုပြန်၏။

အို-မိတ်ဆွေ၊ ဤပိုက်ဆံရှော် ဂုံအိတ်ရှော် အထုပ်ကြီးကို စွန့်ပြစ်၍ ငါသည်လည်း ပိုက်ဆံပုဆိုး ဂုံအိတ်ပုဆိုးတို့ကိုစွန့်ပစ်၍ ခေါ်မရှော်တို့ကို ယူကြပါစို့ဟုဆိုသော်၊ ဒုတိယမိတ်ဆွေက၊ ငါ့အား ဤပိုက်ဆံရှော် ဂုံအိတ်ရှော် အထုပ်ကြီးကို အဝေးကြီးကထမ်းယူ၍ လာရသောကြောင့် မစွန့်ပြစ်နိုင်ဟုဆိုလျှင်။

ဒုတိယမိတ်ဆွေသည် ပိုက်ဆံချည် ဂုံအိတ်ချည်ဖြင့် ယက်သော အဝတ်အထည်အထုပ်ကြီးကိုစွန့်ပြစ်၍ ခေါ်မရှော်တို့ကို ထုပ်ဖွဲ့ထမ်းယူ၍ သွားကြပြန်သောအခါ၊ တခုသောရွာပျက်သို့ရောက်ပြန်၍၊ စွန့်ပြစ်ထားကြကုန်သော ခေါ်မချည်တို့ကိုမြင်လျှင်၊ ရှေးနည်းတူ ပထမမိတ်ဆွေက ပြောလျှင်၊ ဒုတိယမိတ်ဆွေသည်၊ ငါ့အား အဝေးကြီးက ထမ်းလာရသည်ဟုပြော၍မစွန့်နိုင်သောကြောင့်၊ ပထမမိတ်ဆွေသည် အဖိုးမထိုက်သော ခေါ်မရှော်အထုပ်ကြီးကိုစွန့်၍ ခေါ်မချည်တို့ကို ထုပ်ဖွဲ့ထမ်းဆောင်၍ သွားကြပြန်သောအခါ၊ ခေါ်မပုဆိုးတို့ကို မြင်ပြန်၍။ ရှေးနည်းတူ၊ ငါ့အား အဝေးကြီးက ထမ်းယူ၍ လာရသည်ဟု ရှော်ထုပ်ကြီးကို မစွန့်ပြစ်နိုင်လျှင်၊ ပထမမိတ်ဆွေသည် ခေါ်မပုဆိုးတို့ကို ထုပ်ဖွဲ့ထင်း ယူ၍ သွားကြပြန်သောအခါ ခေါ်မဒုဿ၊ ခေါ်မပုဆိုးထက် အဖိုးထိုက်သော ဝါတွေ ဂွမ်းတွေကို မြင်ပြန်၍၊ ရှေးနည်းအတူ ပြောဆိုပါသော်လည်း၊ ဒုတိယမိတ်ဆွေသည် အဝေးကြီးကထမ်းယူ၍လာရသည် မစွန့်နိုင်ဆို၍ ထိုဝါဂွမ်းတွေကိုထုပ်ဖွဲ့ထမ်းယူ၍လာကြပြန်သောအခါ၊ ဝါချည်တွေကို မြင်ပြန်၍ ရှေးနည်းတူပြောဆိုပြန်ပါသော်လည်း၊ ငါ့အား အဝေးကြီးက ထမ်းဆောင်၍လာရသည် ဤ-ပိုက်ဆံရှော် ဂုံအိတ်ရှော် အထုပ်ကြီးကို မစွန့်နိုင်ဟု ဒုတိယမိတ်ဆွေဆိုလျှင်။

ပထမမိတ်ဆွေသည် ဝါဂွမ်းတွေကိုစွန့်ပြစ်၍ ဝါချည်တွေကို ထုပ်ဖွဲ့ထမ်းယူ၍သွားကြပြန်သောအခါ၊ ဝါချည်ဖြင့်ယင်းသော ကပ္ပါသဒုဿ၊ ဝါချည်ပုဆိုးတို့ကိုမြင်ပြန်လျှင်၊ ပထမမိတ်ဆွေက ဤသို့ဆိုပြန်၏။

အိုမိတ်ဆွေသူငယ်ချင်း။ ဤပိုက်ဆံရှာ ဂုံအိတ်ရှာတို့သည် အဝေးကြီးက ထမ်းယူ၍ လာရသော်လည်း အဖိုးထိုက်သည်မဟုတ်။ စွန့်ပြစ်ပါလော။ ဤပုဆိုးအဝတ်တို့ကိုထုပ်ဖွဲ့၍ ထမ်းယူခဲ့ပါလော့။ ငါသည်လည်း ဝါချည်ထုပ်ကြီးကို စွန့်ပြစ်၍ ဝါချည်ဖြင့် ယက်သော အဝတ်အထည်တို့ကိုသာလျှင် ထုပ်ဖွဲ့ထမ်းယူပါအုံ့ဟု ဆိုသော်လည်း ဒုတိယမိတ်ဆွေသည်ပိုက်ဆံရှာထုပ်ကြီးကိုမစွန့်နိုင်သ ဖြင့်ပထမမိတ်ဆွေသည် ဝါချိပုဆိုးအဝတ်အထည်တို့ကိုထုပ်ဖွဲ့ထမ်းယူ၍သွားကြပြန်သောအခါ။

မျှားစွာကုန်သော သံတို့ကိုဂင်း။ မျှားစွာကုန်သော ကြေးတို့ကိုဂင်းမြင်ပြန်၍။ မိတ်ဆွေသူငယ်ချင်း၊ ဤပိုက်ဆံရှာထုပ်ကြီးကိုစွန့်ပစ်၍ ဤသံတို့ကိုဂင်း။ ဤကြေးတို့ကိုဂင်း ယူကြပါကုန်အုံ့ဟု ပြောသော်လည်း၊ ငါ့အား အဝေးကြီးကထမ်းယူ၍ လာရသော ရှာထုပ်ကြီးကိုမစွန့်နိုင်ဟု ဆို၍။ပထမမိတ်ဆွေသည်သာလျှင် အဖိုးမထိုက်သောအဝတ်တို့ကိုစွန့်၍ အဖိုးထိုက်သောသံတို့ကိုဂင်း။ ကြေးတို့ကိုဂင်း ထမ်းယူ၍သွားကြပြန်လျှင်၊ မျှားစွာသောငွေတို့ကိုမြင်၍။ ရှေးနည်းအတူ။ အဖိုးမထိုက်သော ရှာထုပ်ကြီးကို စွန့်ပါလော့။ ဤငွေတို့ကိုထုပ်ယူပါလော့ဟု ဆိုသော်လည်း၊ ငါ့အား အဝေးကြီးကထမ်း၍လာရသောလျှော်ထုပ်ကြီးကိုမစွန့်နိုင်ဟုဆိုပြန်၍ ပထမမိတ်ဆွေသည်သာလျှင် သံတို့ကိုဂင်း။ ကြေးတို့ကိုဂင်း စွန့်ပြစ်၍ငွေတို့ကိုထုပ်ဖွဲ့ထမ်းယူ၍သွားကြပြန်သောအခါ။တခုသော ရွာပျက်သို့ရောက်ပြန်၍ မျှားစွာသောရွှေတို့ကိုမြင်ကြကုန်၏။

ထိုအခါ၌ ပထမမိတ်ဆွေက၊ အို-သူငယ်ချင်း။သင်၏ပိုက်ဆံရှာထုပ်ကြီးကိုစွန့်ပြစ်ပါလော။ ငါသည်လည်း ယခုထမ်းယူလာခဲ့သောငွေတို့ကို စွန့်ပြစ်ပါအုံ့။ ငါတို့နှစ်ယောက်တို့သည် ဤရွှေတို့ကိုထုပ်ဖွဲ့၍ ထမ်းယူကြပါကုန်အုံ့ဟုဆိုသောအခါ။ ဒုတိယမိတ်ဆွေက ဤသို့ဆိုပြန်၏။

အို–မိတ်ဆွေသူငယ်ချင်း။ ဤရှာထုပ်ကြီးကို ငါ့အားအဝေးကြီးက ထမ်းယူ၍လာခဲ့ရ၏။ ထိုကြောင့် ဤရှာထုပ်ကြီးကို ငါမစွန့်နိုင် ဤရွှေတို့ကို သင်အလိုရှိလျှင် ထမ်းယူပါလောဟုဆိုလျှင်။ ပထမမိတ်ဆွေသည် ထမ်းယူလာခဲ့သောငွေတို့ကိုစွန့်၍ရွှေထုပ်တို့ကိုဖွဲ့ပြီးလျှင် ထမ်းယူ၍မိတ်

ဆွေနှစ်ယောက်တို့သည် မိမိရှာသို့ အတူတကွပြန်လာကြ၍ရောက်သော အခါ၊ ထိုမိတ်ဆွေနှစ်ယောက်တို့တွင် ရွှေထုပ်ကြီးကိုထမ်း၍ယူလာသော မိတ်ဆွေကို အမိ အဘ ဆွေမျိုး အပေါင်းတို့သည် ဝမ်းမြောက် ဝမ်းသာ နှစ်သက်စွာဖြစ်၍ ချီးမွမ်းခြင်းကိုခံရလေ၏။

ပိုက်ဆံရှာထုပ်ကြီးကိုထမ်းယူ၍ လာသောသူကိုကား ဘယ်သူမှ နှစ်သက်ဝမ်းမြောက်ခြင်းမရှိသဖြင့် ကဲ့ရဲ့ခြင်းကိုသာခံရလေ၏။

ဒါယကာ ရာဇညမင်းသည်လည်း ထိုဥပမာအတူသာလျှင်။ ဤမိန်းမ ရှာယူကိုစွန့်ပြစ်လောဟုဆိုလျက်မစွန့်ပြစ်နိုင်လျှင်၊ ရွှေတို့ကိုမထမ်းယူဘဲ အဝေးကြီးက ထမ်းလာသောရှာထုပ်ထမ်းယောက်ျားကဲ့သို့ ဘယ်သူမှ နှစ်သက်ချီးမွမ်းခြင်းမရှိနိုင်ဟုဆို၍ ဆုံးမဟောပြောသောအခါ။ အလွန်စိတ်သဘောတွေ့လှသော ရာဇညမင်းသည်၊ ပုရိမေနေဝတ္ထုပမေန၊ အစရှိသော စကားကိုဖြင့် လျှောက်ကြား ဝန်ခံချက် ထားလျက်၊ မှားသော မိန်းမရှာအယူတို့ကိုစွန့်ပြစ်လေသတည်း။

အဟံ၊ တပည့်တော်ရာဇညမင်းသည်၊ ဘောတောကသဿပသား၊ အရှင်ကုမာရကသဿပ၏။ ဝစနံ၊ စကားကို။ ပုရိမေနေဝတ္ထုပမေန၊ ရှေးဦးစွာ ဟောပြသော။ စန္ဒိမသူရိယ-လ-နေဥပမာဖြင့်ပင်လျှင်။ အတ္ထမနော၊ ဝမ်း မြောက်လတ္တာ။ အဘိရဒ္ဓေါ၊ အလွန် နှစ်သက် ကြည်ညိုလှပါ၏။ အရှင် ဘုရား။ အပ်စ၊ ယင်းသို့နှစ်သက် ကြည်ညိုစွာရှိသော်လည်း။ ဝိစ်ကြာန်၊ ဆန်းကြယ် လှစွာတုန်သော။ ဣမာနိ၊ ပညာပဋိဘာနာနိ၊ ဤသို့သော ပညာပဋိဘာနတို့ကို။ ဝါ၊ ပညာပဋိဘာန်၊ ဥာဏ်တော်ကွန့်မြူး၊ အထူး အဆန်း၊ မှတ်တမ်းတင်ဘွယ်၊ ဆန်းကြယ်လှစွာ ဥပမာ စကားတို့ကို။ သောတုကာမောဝေ၊ ကြားနာလိုသောကြောင့်သာလျှင်။ အဟံ၊ တပည့် တော် ရာဇညမင်းသည်။ ဘဝန္တံ ကသဿပံ၊ အရှင်ကုမာရကသဿပကို။ ပစ္စုနိက်ံ၊ ဆန့်ကျင်ဘက် ငြင်းဆန်ခြင်းကို။ ကာတဗ္ဗံ၊ ပြုသင့်သည်ဟူ၍။ အမညိဿံ၊ မှတ်ထင်ပါသည်အရှင်ဘုရား။

အရှင်ကုမာရ နာမထင်ရှား အရှင်ဘုရား၊ အဘိက္ကန္တံ အလွန် နှစ်သက် ကြည်ညိုကွယ်ခ်ိုပါ၏ပေ၏ဘုရား။ အဘိက္ကန္တံ၊ အလွန်ကောင်းလှပါ ၏ပေ၏ဘုရား။ ဧကောက်၍ထားသောအိုးကို လှန်ဘီသကဲ့သို့ပေါ်။ ဖုံးမြှပ်ထား သည်ကို ဖွင့်ပြဘိသကဲ့သို့ပေါ်။ မျက်စိလည် လမ်းမှား ချောက်ကမ်းပါး သို့ ကျခဲ့ရောက်၍နေသောသူအား လက်ကိုဆွဲ၍ လမ်းမှန်ရောက်ရှိညွှန်ပြဘိ

သက့ဲသို့ရှင်း။ မျက်စိအမြင်ရှိသောသူသည် အဆင်းရှုပါရုံတို့ကို မြင်ရဘိ သက့ဲသို့ရှင်း။ ထို့အတူပင်လျှင်၊ အရှင်ဘုရားသည် ဆန်းကြယ်လှစွာ သော ဥပမာစကားတို့ဖြင့် ထင်ရှားသည်ထက် ထင်ရှားအောင် ဟောကြား ညွှန်ပြဆုံးမတော်မူပေ၏ဘုရား။ တပည့်တော် ရာဇညမင်းသည် ယနေ့ကိုအစပြု၍ အသက်ရှည်သမျှ ကာလပတ်လုံး၊ အရှင်ဂေါတမ မြတ်စွာဘုရားကိုရင်း။ တရားတော်ကိုရင်း။ သံဃာတော်ကိုရင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား။

ထိုပြင်တပါးလည်း၊ တပည့်တော်ရာဇညသည် ကြီးစွာသော အလှူကြီးကို လှူလိုပါသည်။ အရှင်ဘုရား နည်းပြတော်မူပါဟု လျှောက်ကြားသောအခါ၊ အရှင်ကုမာရကဿပထေရ်မြတ်သည်၊ နွားကျွဲ ဆိတ် ဝက်ကြက်ဌက် တိရစ္ဆာန်တို့ကိုသတ်ဖြတ်ခြင်းမရှိဘဲ၊ သမ္မာဒိဋ္ဌိအယူရှိသော အလှူခံ ပုဂ္ဂိုလ်တို့ကို လှူရခြင်းသည် မြေကောင်းသောလယ်၌ မျိုးစေ့ကောင်းကို စိုက်ပျိုးကြဲချသကဲ့သို့။ မဟာပဿလမဟာနိသံသ၊ များမြတ်လှစွာသောအကျိုးတို့ကိုရစေတတ်ကြောင်း၊ ကောင်းသောအလှူပေးနည်းကို ညွှန်ပြတော်မူလေသတည်း။ ။ထိုအခါ ရာဇညမင်းသည် အရှင်ကုမာရကဿပထေရ်ကို သံဃာတော်ငါးရာနှင့်တကွပင့်ဘိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလေသတည်း။

ထိုနောက်ရာဇညမင်းသည် ရဟန်း ပုဏ္ဏားခရီးသွား အာဂန္တုသူဆင်းရဲ သူတောင်းစား များစွာသောလူအပေါင်းတို့အား အလှူပေးခြင်းကို ပြုလေသတည်း။ ထိုအလှူ၌ကား၊ ဆန်ကွဲထမင်း ပုန်းရည်ဟင်းတို့ဖြင့် ကျွေးမွေး ပေးကမ်းသတည်း။

ထိုကုသိုလ်နှစ်ရပ်တို့တွင်၊အရှင်ကုမာရကဿပထေရ်အား၊ သံဃာတော် ငါးရာနှင့်တကွ။ ဆွမ်းကျွေးလှူသော ကုသိုလ်ကံက အကျိုးမပေးသေးဘဲ။ လူအပေါင်းတို့အား ဆန်ကွဲထမင်း ပုန်းရည်ဟင်းနှင့်လှူသော အသက္ကစ္ဆ ကုသိုလ်က ရှေးဦးစွာ အကျိုးပေးသဖြင့်၊ ရုတေသောအခါ အရှင်ဂဝံပတိထေရ်မြတ်နှေ့သန့်ခြင်းကိုပြုရာဖြစ်သော သေရိသကဒိမာန်ဟောင်းခွပင်လျှင် တယောက်ထည်းသော နတ်သားဖြစ်၍ ရာဇညနတ်သားဟု ထင်ရှားလေသတည်း။

အရှင်ကုမာရကဿပသည် ရာဇညမင်းအား
တရားဟောသောအခန်းနိဋ္ဌိတံ။

* * *

ပါယာသိရာဇညနှတ်သားသည် ငါးပါးသီလမြဲသော လူတို့အား စောင့်ရှောက်သောအကြောင်း

ထိုပါယာသိရာဇညနှတ်သားသည် ဝေဿဝဏနှတ်မင်းကြီးက၊ ရေမရှိအရိပ်မရှိသော ကန္တာရခရီးလမ်းခွ ခရီးသွားကြကုန်သော လူတို့အား ဘေးအန္တရာယ်မှ ကင်းလွတ်စေခြင်းငှါ အစောင့်အရှောက်ထားသည်ဖြစ်၍ သဲကန္တာရခရီးလမ်းအနီး ဝန္ဓနိတောအုပ်ကြီး၏အတွင်းခွ ဘုံဗိမာန်နှင့်တကွ လာ၍နေပြီးလျှင်၊ ငါးပါးသီလ တည်ကုန်သော သူတော်ကောင်းတို့ကို အထူးစောင့်ရှောက်၏။

ထိုအခါခွ အင်္ဂါတိုင်း မဂဓတိုင်းတို့မှ ကုန်သည်တို့သည် လှည်းပေါင်းတထောင်ကိုဥစ္စာတို့ဖြင့်ပြည့်စေ၍ သိန္ဓုအရပ် သောဝီရအရပ်သို့ သွားသည်ရှိသော်၊ သဲကန္တာရခွ နေ့အခါတွင် နေပူမှကြောက်သောကြောင့် ခရီးမသွားဘဲနေ၍ညဉ့်အခါကျရောက်မှနက္ခတ်ကိုကြည့်ရှု၍ခရီးသွားကြသောအခါ မျက်စိလည်သဖြင့် တပါးသောအရပ်သို့ဆိုက်ရောက်ကြလေကုန်၏။ ထိုကုန်သည် အပေါင်းတို့၏အတွင်းခွ ဥပါသကာ တယောက်သည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏။ အရဟတ္တမဂ်လိုကို ရထိုက်သော ဥပနိဿယနှင့်ပြည့်စုံ၏။ အမိအဘတို့ကိုလုပ်ကျွေးခြင်းငှါ ကုန်သွယ်ခြင်းကိုပြု၏။ ထိုဥပါသကာ သူတော်ကောင်းကို စောင့်ရှောက်ခြင်းငှါ ပါယာသိရာဇညနှတ်သားသည် ဘုံဗိမာန်နှင့်တကွ မိမိကိုယ်ကို ကုန်သည်အပေါင်းတို့အားမြင်အောင်ပြ၍မေးမြန်းလေ၏။

ကုန်သည်တို့သည်လည်း မိမိတို့ရောက်လာသော အကြောင်းကို ရာဇညနှတ်သားအား ပြောကြားကြကုန်၏။ လူတို့သည် နှတ်သားကိုမြင်ရလျက် ထင်ထင်ရှားရှား၊ နှတ်သားနှင့်လူတို့ အတူတကွစကားပြောကြသောအရာသည် လွန်စွာထူးဆန်း အံ့သြဖွယ်ရှိ၏။ ထိုကြောင့် အထူးသဖြင့် ဂရုစိုက်၍ကြားနာ မှတ်သားစေခြင်းအကျိုးငှါ၊ သံဂါယနာတင်အရှင်မြတ်ရဟန္တာတို့သည် ဤနှစ်ဂါထာဖြင့် တိုက်တွန်းမှာထားတော်မူခဲ့လေသတည်း။

သံဂါယနာတင်ရဟန္တာအရှင်တို့
မှာ ထား တော် မူ ခဲ့ သော နှစ် ဂါ ထာ ။

သုဏောထယက္ခသသစဝါဏိဇာနံ၊ သမာဂမောယဏ္ဍတဒါအဟောသိ။
ယထာဂတံဏ္ဍတရိတရေနစာပိ၊ သုဘာသိတံတဉ္စသုဏာထသဗ္ဗေ။
ယောသောအဟုရာဇာပါယာသိနာမ၊ ဘုမ္မာနံသဟဗျဂတောယသသိ။
သောမောဒမာနောသကေဝိမာနေ၊ အမာနုသောမာနုသေနအစ္ဆိဘာသိ။ ။

ဘောဇ္ဈာ၊ အိုသူတော်ကောင်း သူမြတ်လောင်းတို့။ ယက္ခသသစ၊ ရာဇညနတ်သားဖြစ်ရင်း။ ဝါဏိဇာနစ ဝါဏိဇာနံစ၊ကုန်သည်တို့ဖြစ်ရင်း။ (ဝါဏိဇာနစာတိဂါထာဗန္ဓ သုခဏ္ဍံ အနုနာသိကလောပံကတွာ။ ။အဋ္ဌကထာ)။ ယဏ္ဍ၊ အကြင်သဲကန္တာရခရီးလမ်းခွ။ တဒါ၊ ထိုကုန်သည်တို့ မျက်စိလည်၍ လမ်းမှားသောအခါခွ။ သမာဂမော၊ ပေါင်းဆုံတွေ့ကြုံရခြင်းသည်။ အဟောသိ၊ ဖြစ်ဖြီ။ တံ၊ ထိုလူနှင့်နတ်သားထင်ရှားတွေ့ကြုံ ပေါင်းဆုံမိသော အကြောင်းကို။ သုဏောထ၊ နားထောင်မှတ်သား နာကြားကြကုန်လော့။ ယထာ၊ အကြင်သို့သော အချင်းအရာဖြင့်။ ဏ္ဍတရိ တရေနစာပိ၊ နတ်သားနှင့်လူ၊ ကြည်ဖြူနှင်ပြု၊ အလှည့်ကျအားဖြင့်။ ဝါ၊ တလှည့်စီ မေးဖြေသောအားဖြင့်။ သုဘာသိတံ၊ ကောင်းစွာ ပြောဆိုအပ်သော။ ကထံစ၊ စကားသည်လည်း။ အဟောသိ၊ ဖြစ်ဖြီ။ တဉ္စ၊ ထို တလှည့်စီမေးဖြေသောစကားကိုလည်း။ သဗ္ဗေ၊ အလုံးစုံသော သူတော်ကောင်းတို့သည်။ ဝါ၊ အလုံးစုံသောဝတ္ထုစကားတို့ကို။ သုဏာထ၊ နားထောင်မှတ်သား နာကြားကြကုန်လော့။

ဤကား–အထူးအဆန်းဝတ္ထုစကားဖြစ်၍ အထူးသဖြင့် နှီးဆော်ဝိုက်တွန်း မှာထားတော်မူခဲ့သော သံဂါယနာတင်အရှင်ရဟန္တာတို့၏ ဥယျောဇဉ်စကားတည်း။

ယသသိ၊ များသော အခြံအရံ အကျော် အစောရှိသော။ ဘုမ္မာနံ၊ ဘုမ္မစိုးနတ်တို့၏။ သဟဗျဂတော၊ အတူတကွနေခြင်းသို့ရောက်သော။ ဝါ၊ ဘုမ္မစိုရ်းနတ်ဖြစ်သော။ ပါယာသိနာမ၊ ပါယာသိရာဇညအမည်ရှိသော။ ယောသောရာဇာ၊ အကြင်သေတဗျ မြို့စားမင်းသည်။ အဟု၊ ဖြစ်ပြီ။ သော၊ ထိုဘုမ္မစိုရ်းနတ်ဖြစ်သောပါယာသိရာဇညနတ်သားသည်။

သကေဝိမာနေ၊ မိမိဘုံဗိမာန်၌။ မောဒမာနော၊ ဝမ်းမြောက်စွာနေလျက်။ အမာနုသောနတ်သားဖြစ်သောသူသည်။ မာနုသေန၊ လူဖြစ်သောသူနှင့်။ အစ္ဆရာဘာသိ၊ စကားပြောဆို၏။

ပါယာသိရာဇညနတ်သားသည်၊ ကုန်သည်လူအပေါင်းတို့နှင့်စကား ပြောဆို၏ဟူရာ၌၊ အဘယ်သို့စကားပြောဆိုသနည်းဟူမူကား။ ။ထို အင်္ဂါတိုင်း မဂဓတိုင်းတို့မှလည်းပေါင်းတဝေါင်ကို ဥစ္စာတို့ဖြင့်ပြည့်စေ၍ မောင်းနှင်လာကြကုန်သော ကုန်သည်တို့သည် သဲကန္တာရ ခရီးသို့ ရောက်သဖြင့် နေ့အခါ၌ နေ ပူ မှ ကြောက် သော ကြောင့်၊ ညအခါ၌ နက္ခတ်ကိုကြည့်ရှု၍ ခရီးအပြင်းမောင်းနှင် သွားကြသောအခါ။ သွားလို ရင်းဖြစ်သော သိန္ဓုအရပ် သောဝိရ အရပ်သို့ မရောက်မူ၍ ပါယာသိ ရာဇညနတ်သားစောင့်ရှောက်သော ဝန္ဓနိတောအရပ်ကြီး၏အဝသို့မျက်စိ လည် လမ်းမှား၍ လာရောက်ကြကုန်၏။ ထိုအခါ၌ ပါယာသိရာဇည နာသ်သားသည် ထိုကုန်သည်လူအပေါင်းတို့ကိုမြင်၍ ကိုယ်ထင်ပြပြီးလျှင် အကြောင်းကို မေးမြန်းလိုရကား။ ဝကော်အရည ဩမနုဿဟောနေ၊ အစ ဒ်သော ဂါထာကိုဆိုကုန်၏။

ဘောနေ့ဟာ၊ မနုဿာ၊ အိုလူအပေါင်းတို့။ ဝကော်၊ သေရဆုံးလော- မသေလောဟု တွေးတောဘွယ်လည်းရှိ၏သော။ အမနုဿဟောနေ၊ လူ မဟုတ်သော အရပ်လည်းဖြစ်ထသော။ အရည်ရ ပြုမြင်ညှိုပိတ်ဆီး တောကြီး အဝလည်းဖြစ်ထသော။ ကန္တာရေ၊ ရေကိုယူဆောင်၍ သွားရာခရီးလမ်း လည်းဖြစ်ထသော။ အပ္ပေါဒကေ၊ သောက်ရေသုံးရေလည်းမရှိထသော။ အပ္ပဘာကေ၊ အစား အစာလည်း မရှိထသော။ သုဒ္ဓဂ္ဂမေ၊ အလွန်သွား ရောက်ခဲထသော။ ဝဏ္ဏူပထသမဏ္ဍေ၊ သဲကန္တာရ အလယ်၌။ ကော်ဘယာ ကော်ဘယာ၊ ကျိုးဌက်တို့ကို ကြောက် သော ကြောင့် ရောက် လာ ကြ သလော။ (လူမရှိလျှင်ကျိုးဌက်မရှိဖြစ်၍ လူမရှိရာသဲကန္တာရသို့ ရောက် လာခြင်းကား၊ ကျိုးဌက်တို့ကိုကြောက်၍ရောက်လာသလောဟူလို)။ ။ နဠ္ဍမနာ အာဘင်ပျက်ကွက်၊ စိတ်လက်မကြည်၊ ပုံက်စ်လည်၍ရောက်လာ ကြလေသလော။

ကုမ္ဘ ဤသဲကန္တာရ၌။ ဖလာစ၊ သစ်သီးကို့သည်လည်း။ နသန္တိ၊ မရှိကုန်၊ ရုက္ခမယော၊ အမြစ် အဥ ကို့သည်လည်း။ နသန္တိ၊ မရှိကုန်။

ဥပါဒါနံ၊ ဖီးထည့်စရာသစ်သားချောက် သစ်ရွက်ချောက်မျှလည်း။ နတ္ထိ၊ မရှိချေ။ ဣဝ၊ ဤသဲကန္တာရကြီးခို။ ကုတောဘာကွာ၊ အာဘယ်မှာ ထမင်းအစာရှိတော့အုံ့နည်း။ ပံသုဟိစ၊ မြေမှုံ့တို့မှဝင်း။ ဝါဠုကာဟိစ၊ သဲတို့မှဝင်း။ အညတြ၊ ကြဉ်ထား၍။ ကုတော၊ အာဘယ်ဟာတခုရှိတော့ အုံ့နည်း။

တတ္ထာဟိ၊ ခြစ်ခြစ်ပူကုန်သော။ ဥဏ္ဍာဟိ၊ လောလောပူကုန်သော။ ဒါရုဏာဟိ၊ ကြမ်းကြမ်းပူကုန်သော။ ဝါဠုကာဟိ၊ သဲတို့ဖြင့်။ ဥဒ္ဓုဂ်လံ၊ ချောက်တတ်သည်ထက် အလွန်ချောက်တတ်သော။ ဝါ၊ အလွန်သွေ့ ချောက်လှစွာသောမြေအရပ်သည်။ တတ္ထံဣဝ ကပါလံ၊ ခြစ်ခြစ်ပူသော ဖီးအိုးကင်းနှင့်တူ၏။ အနာယသံ၊ ချမ်းသာဘို့အချက် ဆိတ်စက်မျှမရှိ ထသော။ ပရလောကေနု၊ ဘဝတမည် ဇရေပြည်နှင့်။ တုလျှံ၊ တူသော အရပ်ဖြစ်၏။

ဣဒံ၊ ဤသဲကန္တာရကြီးသည်။ လုဒ္ဓါနံ၊ အနေကြင်းကြွတ် ပြောဘုတ် ဘီလူးတို့၏။ ပုရာဏံ၊ နေရာဟောင်းဖြစ်သော။ အာဝါသံ၊ နေရာအရပ် တည်း။ ဘူမိပဒေသော၊ မြေအပြင်သည်။ အဘိသင်္ခရိတ္တာ၊ ချောက် သွေ့ ကြမ်းကြွတ်စေသတည်းဟု ကျိမ်ဆဲ၍ ထားသည်နှင့်တူ၏။ အထ၊ ချောက်သွေ့ကြမ်းထန်းသော သဲကန္တာရကြီးဖြစ်ပါလျက်။ တုမှေ၊ သင် တို့သည်။ ကေနနုဝဏ္ဏေန၊ အာဘယ်အကြောင်းကြောင့်။ ကိံ၊ အာဘယ် ကို။ အာသမာနာ၊ လိုချင်တောင့်တကုန်၍။ ဣမံပဒေသံဟိ၊ ဤအရပ်သို့ သာလျှင်။ အနုပဝိဋ္ဌာ၊ ဝင်ရောက်လာကြကုန်ဘိသနည်း။

သဟာသာ၊ မစည်းစားမဆင်ခြင် ဆောလျှင်စွာသာ။ သမေစ္စ၊ တစုတဝေး တပေါင်းတလုံးတည်း။ လောဘာ၊ လိုချင်လောဘကြီးလှသော ကြောင့်ဝင်း။ ဘယာ၊ တစုံတရာဘေး ကြောက်လန့်ရေးကြောင့်ဝင်း။ အထ ဝါ၊ ထိုသို့မဟုတ်။ သမ္ဘမုဋ္ဌာ၊ မျက်စိလည်ကုန်သောကြောင့်ဝင်း။ အနုပဝိဋ္ဌာ၊ ဝင်ရောက်လာကြကုန်သလော။ ။ဤကား-ရာဇညနတ်သား မေးသောစကားတို့တည်း။

အိုလှည်းကုန်သည်ဖြစ်သောလူအပေါင်းတို့။ သေရအုံ့လော၊ မသေ လောဟု တွေးတောကြောက်ဖွယ် ဘယ်ရွာဘယ်မြို့ လူတို့မရောက် သွေ့ချောက်ကြမ်းထမ်း အပူလွမ်း၍၊ ဇေါ်ဘို့ရာ ဘယ်ဟာမရှိ မျက်စိ တဆုံး၊ သဲလုံးသဲပြင် ပူရှိန်ထင်၍ သစ်ပင်သစ်ရွက် မြက်စိုမြက်ချောက်

ပေါက်သည်မရှိ၊ သဲအတိဖြစ်သော ဤ-ကန္တာရ ခရီးခဲ့၌ အဘယ်အကြောင်းကြောင့်၊ သင်တို့ရောက်လာကြကုန်သနည်းဟူ၍ ရာဇာ နတ်သား မေးသောအခါ၊ လှည်းကုန်သည် လူအပေါင်းတို့သည် ဘုံဗိမာန်နှင့်တကွ၊ ဗြဲချမ်းသာ တင့်တယ်စွာ နေရသောနတ်သားကို မြင်ရ လျှင်၊ ဘုရားကိုတွေ့သလောက် ဝမ်းမြောက်စိတ်ကြေ အမောပြေလျက် ဆွေမျိုးတို့ကိုမြင်သကဲ့သို့ ကြည်လင်သောစိတ်ထားဖြင့် စကားပြောဆို လိုရကား။ မဂဓေသု အင်္ဂေါသုစ သတ္တဝါဟာ။ အစဉ်ရှိသောဂါထာတို့ဖြင့် အကြောင်းကိုပြောကြားလေသတည်း။

မဂဓေသုစ၊ မဂဓတိုင်းတို့၌ဌင်း။ အင်္ဂေါသုစ၊ အင်္ဂတိုင်းတို့၌ဌင်း။ ဇာတာ၊ မွေးဖွားရာဇာတိရှိကုန်သော။ သတ္တဝါဟာ၊ လှည်းကုန်သည် ဖြစ်ကုန်သော။ တေမယံ၊ ထိုအကျွန်ုပ်တို့သည်။ ပုထုတ္တံ၊ များစွာသော။ ပဘာယံ၊ ရောင်းချစရာကုန်ထုတ်ဘဏ္ဍာကို။ အာရောပယိသံ၊ တင်ဆောင်ယူ၍။ ခေတ္တိကာ၊ ဥစ္စာကိုလိုကုန်သောကြောင့်။ ဥဒယံ၊ အမြတ်အစွန်း အတိုးအပွါးကို။ ပတ္ထယမာနာ၊ မျှော်လင့်ပါကုန်လျက်။ သိန္ဓုသောဝိရဘူမိ သိန္ဓုမြစ်ရှိသောအရပ် သောဝီရမြေအရပ်သို့။ ယာမသေ၊ မောင်းနှင်၍ လာခဲ့ပါကုန်၏။ ဒိဝါ၊ နေ့အခါ၌။ ဝိပါသံ၊ ရေဆာမွတ်သိပ်သည်ကို။ အနုဝိဝါသယန္တာ၊ သည်းမခံနိုင် ကုန်သည်ဖြစ်၍။ ယောဂ္ဂါနုကမ္ပဋ္ဌ၊ လှည်းခွ ကကုန်သော နွားတို့၌ သနားခြင်းကိုလည်း။ သမေက္ခမာနာ၊ ကြည့်မျှော်ကြပါကုန်လျက်။ ဝိကာလေ၊ အခါမဲ့ဖြစ်သော။ ရတ္တိ၊ ညဉ့် အခါ၌။ တေနဝေဂေန၊ ထိုကဲ့သို့သော လျင်မြန်ခြင်းဖြင့်။ မဂ္ဂံ၊ လမ်းသို့။ ပဋိပ္ပန္နာ၊ မောင်းနှင်သွားရောက်ကုန်လျက်။ သဇ္ဇေ၊ အလုံးစုံကုန်သော။ တေမယံ၊ ထိုအကျွန်ုပ်တို့သည်။ အာယာမ၊ လာခဲ့ကြပါကုန်၏။

တေမယံ၊ ထိုအကျွန်ုပ်တို့သည်။ ဒုပ္ပယာတာ၊ မကောင်းသောသဲသောင် ပြင်ဌသွားရပါကုန်၍။ အပရဒ္ဓမဂ္ဂါ၊ လမ်းမှားကြကုန်လျက်။ အန္ဓာကုလာ-အန္ဓာဝိယအာကုလာ၊ အကန်းကဲ့သို့ဂတောင်ချောက်ချားဝေဝါးရှိကုန် လျက်။ အရညေ၊ လူသူမနီး ဖြိုင်ပိတ်ဆီးသောတောကြီးအဝင်၌။ ဝိပ္ပနဋ္ဌာ၊ မျက်စိလည်ကုန်လျက်။ သုဒုဂ္ဂမေ၊ သွားရောက်ခြင်းဌာ ခဲရင်းစွာသော။ ဝဏ္ဏာပထသမဇ္ဇေ၊ သဲကန္တာရ၏အလည်ဌ၌။ ပမုဋ္ဌစိတ္တာ၊ ဝေဝါးရောင် လယ်သော စိတ်ရှိကြကုန်လျက်။ ဒိသံ၊ သွားလိုရာအရပ်ကို။ နဇာနာမ၊ ဘယ်မှာရှိသည်ဟုမသိကြပါကုန်။

ယက္ခ၊ နတ်မင်း။ မယံ၊ အကွန့်နိုပ်တို့သည်။ အဒိဋ္ဌပုဗ္ဗံ၊ ရှေးအခါက တကြိမ်တခါမျှမမြင်ဘူးသော။ ဣဒဉ္စဝိမာနသေဋ္ဌိ၊ ဤဘုံဗိမာန်မြတ်ကို။ ဒိသွာန၊ မြင်ရပါ၍။ တဝဉ္စ၊ အရှင်နတ်မင်းကိုလည်း။ ဒိသွာန၊ မြင်ရပါ၍။ တာတုတ္တာရိ၊ တတောဥတ္တာရိ၊ ထိုထက်လွန်ကဲသော။ ဇိဝိတံ၊ သေရအံ့ လော-မသေလောဟု တွေးတောခြင်းရှိသော အသက်ကို။ အာသမာနာ၊ မျှော်လင့်ကြပါလျက်။ ဝါ၊ မျှော်လင့်ဘွယ်ကို။ ဒိသွာ၊ မြင်ပါသောကြောင့်။ ဝါ၊ ကွန့်နိုပ်တို့ အသက်ရှင် ကြောင်းကို မြင်ရပါ၍။ ပတိတာ-ပဟာဋ္ဌာ၊ ရှင်လန်းကုန်လျက်။ သုမနာ၊ ဝမ်းမြောက်ကုန်လျက်။ ဥဒဂ္ဂါ၊ နှစ်သက် ရွှင်ပြ၊ မြူးကြွသောစိတ်ရှိကြပါကုန်၏။ ။ဤကား-ကုန်သည်လူအပေါင်း တို့ကပြောဆိုသောစကားတို့တည်း။

ရွှေရောင်ငွေရောင်၊ ပုလဲရောင်နှင့်၊ မြရောင်ဝေလျှံ၊ ဘုံဗိမာန်ဝယ်၊ ပျော်စံ ရွှင်ပြုံး၊ နှုလုံးကြည်လင်၊ အဆင်တန်ဆာ၊ ဝတ်ဆင်ကာဖြင့်၊ ချမ်းသာဇမြ၊ နေထိုင်ရသောအရှင်နတ်မင်း။ အကွ နိုပ်တို့သည် အင်္ဂတိုင်း နှင့် မဂဓတိုင်းသား ကုန်သည်များဖြစ်ပါကုန်၏။ ဥစ္စာပစ္စည်းကို အလိုရှိ သဖြင့်၊ ကူးသန်းရောင်းဝယ်ခြင်းကိစ္စကိုအရင်းမူ၍၊ သိန္ဓုဖြစ်ချောင်းရှိ သော သိန္ဓုအာရပ် သောဝိရုအာရပ်ကိုသွားရည်မှန်း၍လာခဲ့ရာ။ ဤသဲကန္တာ ရ အစွန်အဖျားကိုဖြတ်သန်း၍ လင်းခရိုးသို့ရောက်အောင်လာကြပါကုန် ၏။ နေ့အခါ၌အပူကိုကြောက်၍ ညဉ့်အခါ၌ လှည်းတို့ကို မောင်းနှင်ရာ မျက်စိ လည် သဖြင့်၊ သဲကန္တာရ အစွန်အဖျား ဖြစ်သော လင်းမှန်သို့ မရောက်မူ၍၊ သဲကန္တာရအလည်သို့ရောက်သဖြင့်၊ တောင်မြောက်မသိ မျက်စိလည်၍နေကြပါကုန်၏။

ဤသို့မျက်စိလည်၍ လိုရာအရပ်ဖြစ်သော သိန္ဓုသောဝိရုအရပ်သည် ဘယ်ဆိုဘယ်လမ်း ဘယ်စခန်းဌာနရှိမှန်းမသိ၊ ဝေဝါးရှိလျက် သေရအံ့ လော-မသေလောဟု တွေးတောကြောက်လန့်၍နေရာတွင် အရှင်နတ် မင်းကိုမြင်ရသဖြင့်၊ အသက်ရှင်ခြင်းကို ရပေတော့အံ့ဟု ရွှင်လန်း ဝမ်း မြောက်သော စိတ်ရှိကြပါကုန်၏ အ ရှင် နတ် မင်း ဟူ ၍ ကုန်သည်လူ အပေါင်းတို့ကပြောဆိုသောအခါ၊ ရာဇညနတ်သားသည် ကုန်သည်တို့ အား၊ ဤကဲ့သို့အံ့သြဘွယ် တင့်တယ်တောက်ပ ကြီးမားလှသော နတ်ဘုံ ဗိမာန်များကို မြင်ဘူးကြပါကုန်၏လောဟု မေးမြန်း လိုရကား။ ။ ပါရံသမုဒ္ဒသဿကမ္ဘမဇ္ဈဝတ္ထုံ၊ အစရှိသောနှစ်ဂါထာကိုဆိုဖြ၏။

တာတာ၊ အိုး-ကုန်သည်ဖြစ်သော အမောင်တို့။ တုမ္မေ၊ အမောင်တို့သည်။ ဘောဂဟေတု၊ ဥစ္စာ စည်းစိမ် ဟူသော အကြောင်းကြောင့်။ သမုဒ္ဒသာ၊ သမုဒ္ဒရာ၏။ ပါရုံ၊ တဘက်ကမ်းသို့ဝင်း။ ဣမဉ္စဝဏ္ဏံ၊ ဤသဲကန္တာရသို့ဝင်း။ ဝေတ္တာစာရုံ၊ ကြိမ်နွယ်ကိုဆွဲ၍တက်သွားရသော။ မဂ္ဂံ၊ လမ်းခရီးခဲသို့ဝင်း။ သက်ုပထံ၊ ခလုပ်တသင်းကိုဆွဲ၍ တက်သွားရသော။ မဂ္ဂံစ၊ လမ်းခရီးခဲသို့ဝင်း။ နဒီယောစ၊ စန္ဒဘာဂါအစရှိသော မြစ်တို့ကိုဖြတ်ကူး၍ဝင်း။ ပဗ္ဗတာနံ၊ တောင်တို့ဖြင့်။ ဒုဂ္ဂါ၊ သွားနိုင်ခဲကုန်သော။ ဝါ၊ သွားခြင်းငှါ ခဲကော်လွှစွာကုန်သော။ ပုထုဒိသာ၊ မျှားစွာသော မြို့ရွာဒေသအရပ်တို့ကို။ ဂန္ဆထ၊ ကူးသန်းရောင်းဝယ်ခြင်းကိစ္စဖြင့် သွားကြရကုန်၏။ ပရေသံ၊ တပါးသောမင်းတို့၏။ ဝိဇိတံ၊ နိုင်ငံသို့။ ပက္ခန္ဒိယာနု၊ သက်ဝင်ကုန်လျက်။ ဝေရဇ္ဇကေ၊ အခြားနိုင်ငံသား လူအမျှားတို့ကို။ ပေက္ခမာနာ၊ ကူးသန်းရေးအတွက် မျှော်လင့်ကြကုန်လျက်။ ဂန္ဆထ၊ သွားကြရကုန်၏။ တဏ္ဍုလ၊ ထိုသွားရောက်ရာအရပ်ဒေသတို့၌။ အဏ္ဍေရကံ၊ အုံ့ညြောဘွယ်တရုံတခုကို။ သုတံဝါ၊ ကြားဘူးသည်ကိုဝင်း။ ဒိဋ္ဌံဝါ၊ မြင်ဘူးသည်ကိုဝင်း။ ဝေါ၊ အမောင်တို့၏အထံမှ။ သုဏောမ၊ ပြောစကားကို နားထောင်လိုပါကုန်၏။

(အမောင်တို့သည်၊ ကူးသန်းရောင်းဝယ်ရေးအတွက် ခက်ခက်ခဲခဲ လမ်းခရီးတို့ကိုသွား၍၊ ထိုထိုမြို့ရွာဒေသသို့ရောက်သောအခါ၊ အထူးအဆန်းအုံ့ညြောဘွယ်ရှိသောအရာဝတ္ထုတရုံတခုမြင်ဘူးကြပါကုန်၏လော၊ မြင်ဘူးကြသောအရာဝတ္ထု တရုံတခုအုံ့ညြောဘွယ်ကိုမြင်ဘူးသည့်အတိုင်း ငါ့အား ပြောကြားပါလော့။ သင်တို့ပြောသည်ကို ကြားသိလိုပါ၏ဟူ၍ ရာဇညနတ်သားကမေးမြန်းလေသတည်း။)

ထိုအခါ၌ ကုန်သည်လူအပေါင်းတို့သည် ကူးသန်းရောင်းဝယ်ရေးအတွက် မျှားစွာသောအရပ်ဒေသမြို့ရွာတို့၌ သွားဘူးရောက်ဘူးကြကုန်သော်လည်း တရုံဘခု အဆုံးအဆန်းအုံ့ညြောဘွယ်တို့ကို၊ အခ္ဂင်နတ်မင်း၏ ဘုံဗိမာန်ကြီးမှတပါး ဘယ်ဟာတခုကိုမျှ မြင်ဘူးခြင်း မရှိပါကြောင်းနှင့် ပြောကြားလိုရကား။ ဤတောပေါ် အဏ္ဏေရတရုံကုမာရ- အစရှိသော ဂါထာတို့ကိုဆိုကြလေသတည်း။

ကုမာရ၊ အင်္ဂါခြေလက် ညံ့သက်ခဲနှယ် သက်နှစ်ဆယ်သို့၊ အခွယ်ပထမ ကုမာရဟု ခေါ်ကြအမျှား သတို့သား။ နောမယံ၊ အာဇွန်ပ်တို့

သည်။ ဤတော၊ ဤဘုံဗိမာန်ကြီးထက်။ အနေ့ဆွေတော်၏၊ အထူးအဆန်း အံ့ဩဖွယ်ရှိသည်ကို။ နသုတံဝါ၊ ကြားဘူးသည်လည်းမရှိပါ။ နဝါဒိဋ္ဌံ။ မြင်ဘူးခြင်းလည်းမရှိပါ။ အဝေါ်တမာနုသကံ၊ လူတို့ထက်ငိုလွန်သော။ သဗ္ဗံ၊ အလုံးစုံသောသတ္တိသားတို့၏ ဘုံဗိမာန်ကြီးကို။ ဒိသ္မာနု၊ မြင်ရပါ၍။ အနောမဝဏ္ဏံ၊ အလွန်လှသော အဆင်းရှိသော သတ္တိသားကိုလည်း၊ ဒိသ္မာနု၊ မြင်ရပါ၍။ တပ္ပါမ၊ အားရနှစ်သက်ခြင်း ဖြစ်လေပါကုန်၏။ ဝါ၊ ဒိသ္မာ၊ မြင်ရ၍။ နတပ္ပါမ၊ ကြည်ဖြူ၍အားမရနိုင်ကြပါ။

ဝေဟာယသံ၊ ကောင်းကင်ခွံ။ ပေါ်ကွေ့ရှည်ညား၊ လေးထောင့်ရေကန် တို့သည်။ သဝဏ္ဏီ၊ ရေပြည့်လျှံလျက်တည်နေကုန်၏။ ဗဟုဇ္ဇမလျာ၊ များစွာသောကြာပန်းရှိကုန်၏။ ဗဟုပုဏ္ဍရိကာ၊များစွာသော ကြာဝတ္ထုရိက် ရှိကုန်၏။ တေ၊သင်သတ္တိသားတို့။ ဝိမာနသမိပေ၊ဘုံဗိမာန်အနီးခွံ။ ဒုမာစ၊ အမျိုးမျိုးသောသစ်ပင်တို့သည်လည်း။ နိစ္စဖလူပပန္နာ၊ အမြဲမပြတ်အသီး တို့နှင့်ပြည့်ဝကြကုန်၏။ တေ၊ ထိုကြာပန်း ပုဏ္ဍရိက် ပန်းသစ်သီး သစ်ပင် တို့သည်။ အတိဝ၊ အလွန်သာလျှင်။ ဂန္ဓေါ၊ မွှေးကြိုင်သောအနံ့ရှိသည် ဖြစ်၍။ သုရဘိ၊ ကောင်းသောအမွှေးနံ့ကို။ ပဝါယန္တိ၊သင်းကြ။ မှုံကြိုင် ထုံလိုင်စေကုန်၏။

ဝေဠုရိယထမ္ဘာ၊ ကျောက်မြက် ရွဲသည်တိုင်တို့သည်။ သတမုသိ တာသေ၊ အတောင်တရာမြင့်လှစွာကုန်၏။ သိလာပဝါဠသမ၊ ကျောက် သလင်း သန္တာအဆင်းအသွေးအားဖြင့်။ အာယတံသာ-အာယတအံသာ၊ ရှည်သွယ်သော အမြှောင့် ရှိကုန်၏။ မသာရဂလ္လာ၊ ပတ္တမြားပြောက်တို့ ဖြင့် စိုချယ်ကုန်၏။ လောဟိတင်္ဂါ၊ ပတ္တမြားနီတို့ဖြင့် တောက်ပကုန်၏။ ဣမေထမ္ဘာ၊ ဤသည်တိုင်တို့သည်။ ဇောတိရသမယာသေ၊ အရောင် အရည်ရှိသော မဏိဇောတိရသ်ကျောက်မျိုးတို့ဖြင့် စိုချယ်ကုန်၏။ တေသု၊ ထိုသည်တိုင်တို့၏။ ဥပရိ၊ အထက်ခွံ။ ဣဒံ၊ ဤဘုံဗိမာန်ကြီးသည်။ သာဝ၊ကောင်းစွာ။ရတနန္တရံ၊ရတနာဖြင့်ချယ်လှယ်မွမ်းမံလျက်တည်၏။

ကဠဂနဝေဒိမိသံ၊ ကဠဂနမည်သောရွှေတို့ဖြင့် စိုချယ်သောရွှေပွတ်လုံး တို့ဖြင့်ကာရံအပ်၏။ တပနိယပဋ္ဋောဟိစ၊ အရောင်တောက်ပကုန်သော ရတနာတို့ဖြင့် မွမ်းမံသော ရွှေပြား ငွေပြား ပတ္တမြားအမိုးတို့ဖြင့်။ သာဓု ဆန္ဒံ၊ ကောင်းစွာမိုးအပ်၏။ ဣဒံ၊ ဤဘုံဗိမာန်ကြီးသည်။ ဇမ္ဗောနဒုတ္ထုတ်-ဇမ္ဗောနဒဥတ္ထုတ်၊ ဦးပြည်းလှော်ပြီးသော ဇမ္ဗူ။ရာဇ်ရွှေတို့ဖြင့်စိုချယ်သည်

ဖြစ်၍။ သုမဒ္ဓေါ၊ အလွန်ပြေပြစ်ချောညက်စွာသော။ ပါသာဒသောပါဏာ ဖလုပပန္နော၊ ပြာသာဒ်ဆောင် စောင်းတန်းလျှောခါး၊ ပျဉ်ပြားအခင်းတို့နှင့် ပြည့်စုံ၏။ ဒဇ္ဇောစ၊ ခိုင်လည်းခိုင်ခန့်၏။ ဝဂ္ဂူစ၊ တင့်တယ်သပ်ရပ်လှ စွာလည်းဂ၊ိ၏။ သုသံဂတောစ၊အလွန်စေ့စပ်ဆက်သွယ်ခြင်းလည်းဂ၊ိ၏။ အတိဝ၊ အလွန်သာလျှင်။ နိဗ္ဗာနကဘမော၊ကြည့်ရှု၍ကောင်း၏။မနုညော၊ နှလုံးမွေ့လျော်ဘွယ်ဂ၊ိ၏။

ရတနန္တရသုတ်၊ ရတနာတို့ဖြင့်တောက်ပသော ပြာသာဒ်ဆောင်တို့၏ အတွင်း၌။ ဗဟုအန္နပါနံ၊ များစွာသော ထမင်း အဖျော်လည်း ဂ၊ိ၏။ အန္ဓာရာသံဂဏေန၊ နတ်သို့အပေါင်းဖြင့်။ ပရိဝါရိတောဝ၊ ခြံရံ၏။ မရဏ အာလမ္ဗရ တူရိယသံဃုဠေါ၊ စည်ဝိုစည်ဂျည်စသော တူရိယာအသံ တို့ဖြင့် ငြိမ့်လေးကြ။ားရင့်၍နေ၏။ ထုတိဝန္ဒနာယ၊ ချီးမွမ်းရှိသေခြင်းဖြင့်။ အဘိဝန္ဒိတောဝ၊ ချီးမွမ်းရှိသေထိုက်၏။ သော၊ ထိုသင်နတ်သားသည်။ နာဂိုဂဏာပဟောခေနာ၊ ကညာအပေါင်းတို့ဖြင့် နှိုးကြားစေလျက်။ မနောဂုဏေ၊ နှလုံးမွေ့လျော်ဘွယ်ဂ၊ိသော။ ဝိမာနပါသာဒဝရေ၊ ဘုံဗိမာန်နန်း ဆောင်ခန်းမြတ်သော်လျှင် ပြာသာဒ်ပေါ်၌။ အစိန္တိယော၊ မကြံစည်နိုင်သော။ သဗ္ဗဂုဏာဥပပန္နော၊ အလုံးစုံသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော။ ဝသသ ဝေဟာ၊ ဝသသဝဏ် အမည်ဂ၊ိသော။ ရာဇာယထာ၊ နတ်မင်းကဲ့သို့။ မောဒသိ၊ မွေ့လျော်စွာနေ၏။

ဟဲ့၊သင်သတို့သားသည်။ဒေဝေါ ဝါ၊နတ်သားလေလော။ယက္ခော ဝါ၊ ဘီလူးသည်လည်း။ အသိ၊ ဖြစ်သလော။ ဥဒဝါ၊ ထိုသို့မဟုတ်။ ဒေဝိန္ဒော၊ ဘိုကြီးမင်းပင်။ အသိ၊ ဖြစ်လေသလော။ ဥဒဝါ၊ ထိုသို့မဟုတ်။ မနုဿ ဘူတော၊ လူသားစင်စစ်ပင် ဖြစ်လေသလော။ ဝါ၊ဘီလူးသဏ္ဌာ ဝါဟာ၊ လွှဲညီးကုန်သည့်လူအပေါင်းကို့သည်။ တံ၊ သင်သတို့သားကို။ ပုစ္ဆိတ်၊ မေးကြပါ၊ကုန်၏။ ကုမ၊ သင်သတို့သားသည်။ ကောနာမယက္ခော၊ အဘယ်မည်သော နတ်မျိုးသည်။ အသိ၊ ဖြစ်ပါသနည်း။

(လူမျိုလူဂ္ဂယ်၊တင့်တယ်၊လှပနှုန်ယင်လှသောပထမအရှယ်ယောက်ျား ကလေးကို ကုမာရ--သတို့သားဟူ၍ခေါ်သည်။ ဒိန်းကလေးကို ကုမာရိ သတို့သမီးဟူ၍ခေါ်သည်)။ ။လွှဲညီးကုန်သည့်လူအပေါင်းတို့က၊နတ်လော ဟူလော သိကြားလော ဘီလူးလော-ဟူ၍ မေးမြန်းသောအခါ၊ ရာဇာ့ည နတ်သားသည် ဤကဲ့သို့ဖြင့်ဖြေကြားလေသတည်း။

သေရိသကောနာမ အဟာမ္ဟိယကျွော၊
ကန္တာရိယော ဝဏ္ဏပထမ္ဟိ ဂုတ္တော။
ဣမံပဒေသံ အဘိပါလယာမိ၊
ဝစနံကရော ဝဿဝဏ္ဏသ ရညော။ ။

တာတာ၊လှည်းကုန်သည်အမောင်တို့။အဟံ၊ငါသည်။သေရိသကော နာမ၊ကုက္ကိုတောဘုံဗိမာန်ဌိနေသောကြောင့် သေရိသကအမည်ရှိသော။ ယကျွော၊ နတ်သားသည်။ အမှိ၊ ဖြစ်၏။ ကန္တာရိယော၊ ခရီးခဲဌိစောင့် ရှောက်ရန် လုံ့လစိုက်၍နေရသော။ ဝဏ္ဏပထမ္ဟိ၊ သဲကန္တာရဌိ။ ဂုတ္တော၊ စောင့်ရှောက်ရသော။ ယကျွော၊ လမ်းစောင့်နတ်သည်။ အမှိ၊ ဖြစ်၏။ ဝဿဝဏ္ဏသရညော၊ ဝဿဝဏ္ဏနတ်မင်းကြီး၏။ ဝစနံ၊ ဤသဲကန္တာရ ခရီးလမ်းဌိ စောင့်ရှောက်ရမည် ဟူသောစကားကို။ ကရော၊ လိုက်နာပြု လုပ်ရသည်ဖြစ်၍။ဣမံပဒေသံ၊ဤသဲကန္တာရအရပ်ကို။ အဘိပါလယာမိ၊ စောင့်ရှောက်ရ၏။

အိုလှည်းကုန်သည်အမောင်တို့။ ငါသည်ကား ကုက္ကိုပင်တောဝန်းရံ သော ဘုံဗိမာန်ဌိနေသောနတ်သားဖြစ်၏။ ဤသဲကန္တာရဌိစောင့်ရှောက် ရမည်ဟူ၍ ဝဿဝဏ္ဏနတ်မင်းကြီး၏အမိန့်နှင့်စောင့်ရှောက်၍နေရ၏ဟု ပြောသောအခါ၊ လှည်းကုန်သည် လူအပေါင်းတို့က။ အမိစ္ဆလန္ဒံ၊ အစ ရှိသော ဂါထာဖြင့်မေးပြန်၏။

တော၊ သင်နတ်သားအား။ ဣဒံ ဗိမာနံ၊ ဤဘုံဗိမာန်ကြီးကို။ အမိစ္ဆလန္ဒံ၊ အကြောင်းမရှိဘဲ အလိုလိုဖြစ်ပေါ်လာ၍ရလေသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်။ ပရိဏာမဇံ၊ ဖြစ်ရိုး ဖြစ်စဉ် ဖြစ်မြဲသဘောအားဖြင့်ဖြစ်ပေါ်လာ ၍ ရလေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ သယံကတံ၊ သင်နတ်သား ကိုယ်တိုင်ပြုလုပ်၍ ရလေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဒေဝေဟိ၊ ဝဿဝဏ္ဏစသောနတ်မင်းကြီးတို့က။ ဒိန္နံ၊ ပေးထားသလော။ ဝါ၊ ပေး ထား၍ရသလော။ တံ၊ သင်နတ်သားကို။ ဝါဏိဇသဏ္ဌဝါဟာ၊ လှည်း ကုန်သည် လူအပေါင်းတို့က။ ပုစ္ဆာမိ၊ မေးကြပါကုန်၏။ သတံ၊ အဘယ် သို့လျှင်။ တယာ၊ သင်နတ်သားသည်။ မနုညံ၊ နှလုံးမွေ့လျော်ဘွယ်ရှိ သော။ ဣဒံ၊ ဤဘုံဗိမာန်ကြီးကို။ လဒ္ဓံ၊ ရပါသနည်း။

ဤသို့လျှည်းကုန်သည်တို့ကမေးပြန်သောအခါ၊ အိုကုန်သည်အမောင်တို့။ ငါ့အား၎င်းဘုံဗိမာန်ကြီးကိုအကြောင်းမရှိဘဲအလိုလိုဖြစ်ပေါ်လာ၍ရသည်လည်းမဟုတ်။ဖြစ်ရိုးဖြစ်စဉ်ဖြစ်မြဲသဘောအားဖြင့် ဖြစ်ပေါ်လာ၍ရသည်လည်းမဟုတ်။ငါကိုယ်တိုင်ပြုလုပ်၍ရသည်လည်းမဟုတ်။,ဝဿဝဏ္ဏစသောနတ်မင်းကြီးတို့ကပေး၍ရသည်လည်းမဟုက်။ငါ၏**ကုသိုလ်ကံ**ကြောင့် ဤကဲ့သို့အထူးအဆန်းအံ့ဩဖွယ်ကြီးမားလှစွာသောရတနာဗိမာနိကြီးကိုရပေ၏ဟူ၍ ရာဇညနတ်သားကပြောသောအခါ။ အဘယ်ကဲ့သို့သောကုသိုလ်ကံကို သင်ပြုလုပ်၍ ရပါသနည်းဟု ကုန်သည်တို့ကမေးသောအခါ။ ရာဇညနတ်သားသည် ဤသို့ဖြေကြားလေသတည်း။

အို-ကုန်သည်အမောင်တို့။ ငါသည် ရှေးဘဝ၌ **ပါယာသိရာဇည မင်း**ဟူ၍ လူအများတို့သိကြ၏။ ဂုသိုလ်ကံ အကုသိုလ်ကံတို့၏အကျိုးအပြစ်မရှိဟူ၍ **နတ္ထိကဒိဋ္ဌိ**အယူကိုလည်းယူ၏။ သတ္တဝါတို့သည် သေသည်မှနောက်၌ သစ်ပင်တို့ သေသကဲ့သို့ ပျောက်ပျက် ပြတ်စဲ၍သွား၏။ နောက်ဘဝဟူ၍ ဖြစ်ခြင်းမရှိဟု **ဥစ္ဆေဒဒိဋ္ဌိ**ကိုလည်းယူ၏။ ထိုအခါ၌ **အရှင်ကုမာရကဿပ**ထေရ်မြတ်သည် ငါ့အား ဆန်းကြယ်လှစွာသော ပုံဥပမာတရားစကားတို့ဖြင့် ဆုံးမပြောဟော၍ဒိဋ္ဌိအယူကင်းပျောက်သောအခါ၊ ရတနာသုံးပါးကို ဆည်းကပ်ယုံကြည်သော ဥပါသကာ၏အဖြစ်ကိုလျှောက်ကြား၍ သူ၏အသက်ကို သတ်ခြင်းမှလည်း ငါရှောင်ကြဉ်၏။ သူ့ဥစ္စာကိုခိုးယူခြင်းမှလည်း ငါရှောင်ကြဉ်၏။ သူ့အိမ်ရာကို ပြစ်မှားခြင်းမှလည်း ငါရှောင်ကြဉ်၏။ မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှလည်း ငါရှောင်ကြဉ်၏။ အရက်ကဲ့သောက်ခြင်းမှလည်း ငါရှောင်၏။ မိမိကာမဝိုဏ်မယားဖြင့် ရောင့်ရဲ၍ ငါနေ၏။ ဤ-ငါးပါးသီလ အကျင့်ကို ငါကျင့်လေ့ရှိ၏။ ဤငါးပါးသီလကို မြဲစွာစောင့်ရှောက်ခြင်းတည်းဟူသော**သီလကုသိုလ်ကံ**ကြောင့် ဤဘုံဗိမာနိကြီးကို ငါရ၏ဟူ၍ ရာဇညနတ်သားကပြောဆို၏။

တာဟံ မ္ဟေကတံ သုဏိတ္မာ၊ ဥပါသကတ္တံ ပဋိဝေဒယိသံ။
ပါဏာတိပါတာ ဝိရတောအဟောသိံ၊ လောကေ အဒိန္နံ ပရိဝဇ္ဇယိသံ။
အမဇ္ဇပေါ နောစမုသာ အဘာဏိံ၊ သကေန ဒါရေနစဟောတိတုဋ္ဌော။

တာတာ၊ အမောင်တို့။ အဟံ၊ ပါယာသိရာဇညအမည်ရသောငါသည်။ တံမြွကထံ၊ ထိုတရားစကားကို။ သုဏိတွာ၊ ကြားနာပြီး၍။ ဥပါသကတို့၊ ရတနာ ၃ ပါးကိုဆည်းကပ်သောဥပါသကာ၏အဖြစ်ကို။ ပဋိဝေဒယိသံ၊ လျှောက်ကြားပြီ။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝိရတောရှောင်ကြဉ်သည်။ အဟောသိ ဖြစ်ပြီ။ လောကေ၊ လောကဋ္ဌ။ အဒိန္နံ၊ သူတပါးကိုမပေးသောဥစ္စာကို။ ပရိဝဇ္ဇယိသံ၊ ရှောင်ကြဉ်ပြီ။ အမဇ္ဇပေါ၊ အရက် ကဖောက်ကိုလည်း မသောက်။ မုသာ၊ မဟုတ်သော စကားကို။ နောစအာဘာဏိ ၊ မပြောဆို။ သကေနဒါရေန၊ မိမိကာမပိုင်မယားဖြင့်။ တုဋ္ဌော၊ ရောင့်ရဲတင်းတိမ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တေဟေ၀ ကမ္မေဟိ အပါပကေဟိ၊ ပုညေဟိမေလဒ္ဓမိဒံဝိမာနံ။ ။

တာတာ၊ အမောင်ကုန်သည်တို့။ အပါပကေဟိ၊ မယုတ်မာကုန်သော။ တေဟေ၀ကမ္မေဟိ၊ ထိုငါးပါးသိလကိုမြဲစွာ စောင့်ရှောက်သော ကုသိုလ်ကံတို့ဖြင့်။ တေဟေ၀ ပုညေဟိ၊ ထိုကောင်းမှုတို့ဖြင့်။ မေ၊ ငါ့အား။ ဣဒံဝိမာနံ၊ ဤဘုံဗိမာန်ကြီးကို။ လဒ္ဓံ၊ ရအပ်ပေသတည်း။

ဤသို့ရာဇညနှတ်သားက ဖြေကြားပြောဟောသောအခါ၊ လှည်းကုန်သည်အပေါင်းတို့က၊ နှတ်သားကိုရင်း၊ ဘုံဗိမာန်ကြီးကိုရင်း၊ မျက်မှောက်ထင်ထင် တွေ့မြင်ရသည်ဖြစ်၍၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးအပြစ်ကိုယုံကြည်သောအားဖြင့်၊ ငါးပါးသိလတည်ကုန်သောလူကောင်းလူမွန်၊ သူမြတ်လွန်တို့၏ဂုဏ်။ ပညာရှိသူတော်ကောင်းတို့ ပြောကြားသော စကား။ သူယုတ်မာတို့၏ အပြစ်တို့ကိုဘော်ပြ၍၊ ကုသိုလ်ကံရှိမှ ချမ်းသာရကြောင်းကို ချီးမွမ်းသောစကားဖြင့် မိမိတို့ယုံကြည်သည်၏ အဖြစ်ကို ပြောဆိုလိုရကား။ ဤဂါထာတို့ကိုဆိုအပ်ကုန်၏။

သဗ္ဗံကိရာဟံသု နရာသပညာ၊ အနုညထာ၀စနံ ပဏ္ဍိတာနံ။
ယဟိ ယဟိ ဂန္ဓတိ ပုညကမ္မော၊ တဟိ တဟိ မောဒတိကာမကာမီ။
ယဟိ ယဟိ သောကပရိဒ္ဒ၀ေါစ၊ ၀ဓောစ ဗန္ဓောစ ပရိက္ကိလေသော။
တဟိ တဟိ ဂန္ဓတိ ပါပကမ္မော၊ နမုစ္စတိဒုဋ္ဌတိယာကဒါစိ။ ။

သပညာ၊ ပညာရှိကုန်သော။ နရာ၊ သူမြတ်လွန်တို့သည်။ သဗ္ဗံ၊ အမှန်ကို။ အာဟံသုကိရ၊ ပြောဆိုသတတ်။ ပြောဆိုကြကုန်သတဲ့။ ပဏ္ဍိတာနံ၊ ပညာရှိတို့၏။ ၀စနံ၊ စကားသည်။ အနုညထာ၊ ချွတ်လွဲခြင်းမရှိကုန်။

ပုညကမ္မော၊ ကောင်းမှုရှိသောသူသည်။ ယဟိ ယဟိ၊ အကြင်အကြင် အရပ်သို့။ ဂစ္ဆတိ၊ သွား၏။ တဟိ တဟိ၊ ထိုထိုသွားလေရာအရပ်၌။ ကာမကာမီ၊ အလိုရှိရာကာမဂုဏ်ကိုရသည်ဖြစ်၍။ မောဒတိ၊ မွေ့လျော်ရ၏။

ပါပကမ္မော၊ ယုတ်မာသောသဘောရှိသူသည်။ ဝါ၊ မကောင်းမှုကို ပြုသောသူသည်။ ယဟိ ယဟိ၊ အကြင် အကြင်အရပ်သို့။ ဂစ္ဆတိ၊ သွား၏။ တဟိ တဟိ၊ ထိုထိုအရပ်၌။ သောကပရိဒ္ဒေဝါစ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းသည်ရင်း။ ဝဝေါစ၊ သတ်ဖြတ်ခြင်းသည်ရင်း။ ဗန္ဓနာစ၊ နှောင်ဖွဲ့ခြင်းသည်ရင်း။ ပရိကိလေသောစ၊ အနှောင့်အရှက်သည်ရင်း။ နမဗ္ဗတိ၊ မလွတ်နိုင်။ ဒုဂ္ဂတိယာ၊ မကောင်းသောအပါယ်ဂတိမှ။ ကဒါစိ၊ တရံတဆစ်။ နမုစ္စတိ၊ မလွတ်နိုင်။

ဤသို့လျှင် ကုန်သည်လူအပေါင်းတို့သည် ရာဇညနှတ်သားနှင့်အတူ တကွ အချင်းချင်းစကားပြောကြား၍နေစဉ်၊ ဘုံဗိမာန်ကြီး၏ တံခါးဝ၌ တည်ရှိသော ကုက္ကိုပင်မှ မည့်ရှမ်းသောအသီးတလုံးသည် ကြွေကျလေ၏။ ထိုကုက္ကိုသီး ကြွေကျသည်ကို မြင်သောကြောင့် ရာဇညနှတ်သား သည်ရင်း။ နှတ်သား၏အခြွေအရံတို့သည်ရင်း။ နှလုံးမသာမျက်နှာညှိုး ကြကုန်၏။အလွန်ကြည်လင်သော အဆင်းရုပ်ရေရှိသောနှတ်တို့မျက်နှာ ညှိုးသည်ရှိသော်၊ အလွန်ကြည်လင်သောရေ၌ ရွံ့ရေ ညွှန်စေးရေတို့ ကျ သည်ရှိသော်၊ နောက်ကြွေခြင်းထင်ရှားလွယ်သကဲ့သို့ နှတ်တို့နှလုံးမသာ ဒေါမနဿဖြစ်သည်ရှိသော်၊ မျက်နှာညှိုးခြင်း အလွန်ထင်ရှားလွယ်၏။ ထိုသို့မျက်နှာညှိုးသည်ကို ကုန်သည်တို့မြင်ကြ၍ ဤဂါထာဖြင့်မေးမြန်း လေ၏။

သံမုဋ္ဌရူပေါ ဇနော အဟောသိ၊
အသ္မိံ မဟာဇ္ဇေ ကာလသိကတောစ။
ဇနဿသိမသ တုယ္ဟဉ္စ ကုမာရ၊
အပစ္ဆယော ကေန နုခေါ အဟောသိ။ ။

ကုမာရ၊ လူမျိုးနှုန်းယ် အရွယ်ပထမ ချောလှနုထွား သတ္တိသား။ အသ္မိံ မဟာဇ္ဇေ၊ စကားပြောဆဲကာလ ထိုခဏ၌။ တုယ္ဟဉ္စ၊ သင်သတ္တိ သား၏ရင်း။ ဇနမသ ဇနဿ၊ သင်၏ အခြွေ အရံ ဖြစ်သော ဤနှတ်သင်ကို

အပေါင်းဏီရှင်း။ ကေနု၊ အာဘယ်အကြောင်းကြောင့်။ အပစ္စယော၊ မနှစ်သက်ခြင်း ဒေါ မ နု သ သည်။ အဟောသိနုခေါ၊ ဖြစ်ရပါသနည်း။ ကလလိကတောဝ၊ ကြည်လင်သောရေ၌ ဆိုးစေးရည်လောင်းသကဲ့သို့။ ဇနော၊ နတ်အပေါင်းသည်။ သံမဏ္ဍရူပေါ၀၊ ဗိုင်တွေသော အမှုအရာကဲ့သို့။ အဟောသိ၊ ဖြစ်ဏီ။

လူပျိုနှုန်ယ်၊ အရွယ်ပထမ၊ ကုမာရဟု၊ ချောလှနုထွား သတို့သား။ ယခုစကားပြောဆဲကာလ၊ တခဏအတွင်း၌၊ ကြည်လင်သောရေတွင်၊ ဆိုးညှန်ရေ၀င်သကဲ့သို့၊ မကြည်မလင်၊ မ ရှင်ရုပ်ဆိုး၊ မျက်နှာညှိုးခြင်းကား၊ အာဘယ်အကြောင်းပါနည်းဟူ၍ ကုန်သည်တို့က မေးသောအခါ၊ ရာဇညနတ်သားသည် ဤဂါထာတို့ဖြင့်ဖြေကြားလေ၏။

ဣမေပိသိရိသ၀နာတာတာ၊ ဒိဗ္ဗာစဂန္ဓာသုရဘိ သမ္ဗ၀ယန္တိ။
တေသံပ၀ါယန္တိ ဣဒ်ဝိမာနံ၊ ဒိ၀ါစ ရတ္တောစ တမံ နိဟန္တာ။
ဣမေသတ္တခေါ ၀ဿသတစ္ဆယေန၊ သိပါတိကာဖလန္တိ ဧကေမေကာ။
မာနုဿကံ ၀ဿသတံ အတိတံ၊ ယဒဂ္ဂေ ကာယမ္ဘိ ဣဒုပပန္နော။ ။
ဒိသ္မာနု ဟံ ၀ဿသတာနိပဋ္ဌ၊ အသ္မိ ဝိမာနေ ဌတ္မာနတာတာ။
အာယုက္ခယာ ပုညခယာစ ဝိသံ၊ တေနေ ၀သောကေနသမုဋ္ဌိတောသ္မိ။ ။

တာတာ၊ အမောင်ကုန်သည်တို့။ ဣမေပိသိရိသ၀နာ၊ ဤကုဋေတို့သည်။ ဒိဗ္ဗာစဂန္ဓာ၊ နတ်ပန်းအနံ့တို့သည်။ သုရဘိ ကောင်းသောယနံ့ကို။ သမ္ဗ၀ါယန္တိ၊ မွှေးထုံသင်းကြိုင်၊ ပျံ့လွင်၍နေကုန်ဏေ။ တေသံ၊ ထိုကုဋေတို့ပန်းတို့ဖြင့်။ ဣဒ်ဝိမာနံ၊ ဤဘုံဗိမာန်ကြီးကို။ ဒိ၀ါစ၊ နေ့၌ရင်း။ ရတ္တောစ၊ ညဉ့်၌ရင်း။ တမံ၊ မြောင်အမှိုက်ကို။ ဟန္တာ၊ ပယ်ဖျောက်လျက်။ ပ၀ါယန္တိ၊ မွှေးနံ့လွင်စေကုန်ဏေ။

ခေါပန၊ ထိုမှတပါး။ ၀ဿသတစ္ဆယေန၊ အနှစ်တရာလွန်သဖြင့်။ ဣမေသတ္တ၊ ဤကုဋေပင်တို့ဏေ၏လည်း။ ဧကေမေကာ၊ တလုံးတလုံးစီကုန်သော။ သိပါဋိကာ၊ အသိုးအိမ်တို့သည်။ ဖလန္တိ၊ သီးကုန်ဏေ။ ၀ါ၊ သီး၍ကြွေကျကုန်ဏေ။ ယဒဂ္ဂေ၊ အကြင်အခါမှစ၍။ ဣဒကာယမ္ဘိ၊ ဤနတ်အပေါင်း၌။ ၀ါ၊ ဤနတ်ဘုံ၌။ ဥပပန္နော၊ နတ်သားဖြစ်သည်ကား။ မာနုဿကံ၊ လူတို့အရေ အတွက် ဖြစ်သော။ ၀ဿသတံ၊ အနှစ်တရာသည်။ အတိတံ၊ လွန်လေပြီ။

တာတာ၊ အမောင်ကုန်သည်တို့။ အဟံ၊ ငါသည်။ အတ္တံ ဝိမာနေ၊ ဤဘုံဗိမာန်၌။ ဌတွာန၊ တည်နေ၍။ ဝဿသတာနိ ပဉ္စ၊ အနှစ်ငါးရာ တို့ကို။ ဒိသွာန၊ မြင်၍။ အာယုကဿယာ၊ နတ်သက်တန်းကုန်ခြင်းကြောင့် ၎င်း။ ပုညခယာ၊ ကောင်းမှုကံကုန်ခြင်းကြောင့်၎င်း။ စဝိသံ၊ ရွှေ့လျှောရတော့ရလတံ့။ တေနေဝသောကေန၊ ထိုဝိုးရိမ်ခြင်းဖြင့်သာလျှင်။ သမုဋ္ဌိတော၊ မှိုင်တွေခြင်းသည်။ အသ္မိ၊ ဖြစ်ပေ၏။

✓ အမောင်ကုန်သည်တို့။ ဤကုဋိပြင်တို့မှ နတ်ပန်းယနံ့တို့သည်၎င်း။ ထွန်းလင်းတောက်ပသော အရောင်တို့သည်၎င်း။ ဤဘုံဗိမာန်ကြီးကို မှေးရနံ့ဖြာ၍ အရောင် အဝါတို့ဖြင့် နေ့ရောညဉ့်ပါ အခါမပြတ် ထွန်းလင်းစေကုန်၏။ ဤကုဋိတော ကုဋိပြင်တို့မှ တလုံးတလုံးစီသော ကုဋိအသီးတို့သည် လူတို့အရေအတွက် နှစ်ပေါင်းတရာရှိမှ အသီးမည့်၍ ကြွေကျကုန်၏။ ငါ၏ အသက် သည်ကား၊ နတ်တို့၏ အရေအတွက်အားဖြင့် ဤနတ်ဘုံဗိမာန်၌ အနှစ်ငါးရာကုန်လျှင် စုတေရလတံ့။ ထိုအကြောင်းကြောင့် ငါတို့သည် နှလုံးမသာ မျက်နှာညှိုးခြင်း ဖြစ်ပေသတည်း။

သိရိသရကျော ဝိမာနဒ္ဓါရေအဌာသိ၊ ယောပညာသာယဝေသဟိ ဖလတိ။ တတော ပညာသဝသာနိ ဂတာနိတိ ဒေဝပုတ္တော တံ သံဝေဂံ အာပဇ္ဇတိ။ ။သုတ်မဟာဝါအဌကထာ ၃၂၇။

ဣမေသဉ္စ ခေါ ဝသသတစ္ဆယေန၊ သိပါဠိကာဖလန္တိ ဇကေမကာ။ ။ ဝိမာနဝတ္ထုပါဠိတော် ၅၇-နံပါတ်။

ဝိမာနဝတ္ထုပါဠိတော်၌ လူတို့အရေအတွက် အနှစ်တရာရှိမှ အသီးတလုံးတလုံးစီ သီးသည်ဟူ၍ဆို၏။ ။သုတ်မဟာဝါအဌကထာ၌ အနှစ်ငါးဆယ်ရှိမှ အသီး သီးသည်ဟု ဆို၏၊ ။စဉ်းစားဆင်ခြင်ရန်။

ဂုဏ်ညနှတ်သားသည် မိမိ၏နတ်သက်တမ်းတိုလှသဖြင့် ဤမှနောက် လူတို့အရေအတွက် အနှစ်ကိုးသန်းရှိသော်လည်း စာတုမဟာရာဇ၏ နတ်ကို့၏အရေအတွက် အနှစ်ငါးရာမျှ နေရသောကြောင့် သေခြင်းသဘောကို ဒေါသပေါ်းမေ့သဖြင့် သံဝေဂဖြစ်လျက် နှလုံးမသာ မျက်နှာညှိုးနွမ်း၊ စိတ်ကုန်ခမ်းမျှမေ့ချင်းသာသောအကြောင်းကိုပြောသောအခါ၊ ကုန်သည် လူအပေါင်းတို့က၊ ဤဂါထာဖြင့် သက်သာရာကိုရစေ၏။ ဝါ၊ သက်သာရာ ရစေခြင်းငှါ၊ ဤဂါထာတို့ကိုဆိုကုန်၏။

ကထံနှုသောစေယျ တထာဝိဓောသော၊
လဒ္ဓါဝိမာနံ အတုလံ စိရာယ။
ယေစာပိခေါ ဣတ္ထရေမုပပန္နာ၊
တေနှုန သောစေယျုံ ပရိတ္တပုညာ။ ။

ကုမာရ၊သတ္ပိသား။သောတ္ထိ၊ထိုသင်သတ္ပိသားသည်။အတုလံ၊အတုမရှိသော။ ဝိမာနံ၊ ဘုံဗိမာန်ကြီးကို။ စိရာယ၊ လူတို့အရေအတွက် အနှစ်ကိုးသန်းမျှ ရှည်ကြာလွန်သော ကာလပတ်လုံး။ လဒ္ဓါ၊ ချမ်းသာကို ရ၍နေ ရ၏။ တထာဝိဓော၊ ထိုကဲ့သို့အသက်ရှည်စွာ ချမ်းသာကိုရသော သင်သတ္ပိသားသည်။ ကထံနှုသောစေယျ၊ အဘယ်ကြောင့်စိုးရိမ်ရသနည်း။ ဝါ၊ စိုးရိမ်ဘို့မသင့်ပါ။ ယေစာပိခေါ၊ အကြင်လူတို့သည်ကား။ ဣတ္ထရံ၊ အနှစ်တရာမျှ တခဏဖြင့်။ ဥပပန္နာ၊ ဘုံပပန္နာ ဤလူ့ပြည်၌ ဖြစ်ကြကုန်၏။ ပရိတ္တပုညာ၊ နည်းသော ဘုန်းကံရှိကုန်၏။ တေ၊ ထိုလူတို့သည် သာလျှင်။ သောစေယျုံ နှုန၊ စိုးရိမ်ဘို့သင့်လှသည်မဟုတ်ပေလော။

လူတို့၏အရေအတွက် အနှစ်ငါးဆယ်သည် စာတုမဟာရာဇာ နတ်တို့အရေအတွက် တနေ့နှင့်တည့်ခို့ရှိ၏။ ထိုနေ့ညခို့ဖြင့် ရက်ပေါင်း သုံးဆယ်သည် တလဖြစ်၏။ ထိုလဖြင့် တဆဲ့နှစ်လသည် တနှစ်ဖြစ်၏။ ထိုနှစ်ဖြင့် စာတုမဟာရာဇာနတ်သက် အနှစ်ငါးရာရှိ၍။ ထိုအနှစ်ငါးရာကို လူတို့က ရေတွက်သည်ရှိသော် နှစ်ပေါင်းကိုးသန်းရှိ၏။ ဤမျှလောက် အသက်ရှည်စွာ ချမ်းသာဖြေ ပျော်ကြိုင်လှသောဘုံဗိမာန်ကြီး၌ စံစား၍ နေရသော သင်သတ္ပိသားသည် စိုးရိမ်ဘို့မသင့်ပါ။ အကွန့်ပ်တို့လူမျှားမှာကား။ စာတုမဟာရာဇာနတ်ပြည်၌ နှစ်ရက် လောက်သာ နေရသော အသက် တရာတန်း၌ အနှစ် တရာရှိလျှင် အိုရ၍ သေရ သော ကြောင့် ကြောက်လန့်ဘွယ် စိုးရိမ်ဘွယ် သံဝေဂရဘွယ်ဖြစ်လှပါသည်ဟု၍ ကုန်သည်လူအပေါင်းတို့ကပြောသောအခါ၊ လူတို့နှင့်နှိုင်းစာသော် ငါတို့နတ်သက်ကား၊ ရှည်လျှားပေ၏ဟုနှုလုံးပြု၍သက်သာရာရသော ရာဇာညနတ်သားသည်၊ ထိုကုန်သည်တို့အား အစောင့်အရှောက်ပြုအံ့ဟု ပြောလိုရကား၊ ဤဂါထာကိုဆို၏။

အနုဏ္ဍဝိ ခြေစဒိယျဥ္စမေတံ၊ ယံ မံတုမ္မေပေယျဝါစံ ဝဒေထ။
တုမ္မေစခေါတာတာမယာနုဂုတ္တာ၊ ယေနိဏ္ဍကံ တေနုပလေထသောတ္ထိ ။

တာတာ၊ အမောင်ကုန်သည်တို့။ မံ၊ ငါ့ကို။ တုမ္မေ၊ သင်တို့သည်။ ပေယျဝါစံ၊ ချစ်ဖွယ်သောစကားကို။ ယံယေန၊ အကြင်ကြောင့်။ ဝဒေထ၊ ဆိုကြကုန်၏။ တံတေန၊ ထိုကြောင့်။ မေ၊ ငါသည်။ အနုဏ္ဍဝိ -အနုဏ္ဍဝိကံ။ သျှံပတ်သင့်လျော်သော။ ခြေဝဒိယျဥ္စ၊ ခြေဝါဒကိုလည်းပြုပေအံ့။ တုမ္မေ၊ ခေါ၊ သင်တို့သည်ကား။ မယာနုဂုတ္တာ၊ ငါစောင့်ရှောက်သည်ကိုခံယူလျက်။ ဝါ၊ မယာ၊ ငါသည်။ အနုဂုတ္တာ၊ စောင့်ရှောက်ခြင်း ရှိကုန်သော။ တုမ္မေ၊ သင်တို့သည်။ ယေန၊ အကြင်သိန္ဓုသောဝိရအရပ်သို့။ ဏ္ဍကံ၊ အလိုရှိ၏။ တေန၊ ထိုသိန္ဓုသောဝိရအရပ်သို့။သောတ္ထိ ၊ ချမ်းသာစွာ။ ပလေထ၊ သွားကြလေကုန်လော့။

အိုအမောင်ကုန်သည်တို့။ သင်တို့သည် ချစ်ဖွယ်သောစကားကိုပြော ဆိုပေ၏။ ထိုကြောင့် သင်တို့ကို ငါစောင့်ရှောက်ပေအံ့။ သင်တို့အား အဆုံးအမခြေဝါဒကိုလည်း ငါပြုအံ့။ သင်တို့အလိုရှိရာ သိန္ဓုသောဝိရ အရပ်သို့ ချမ်းသာစွာသွားကြလေကုန်လော့ဟူ၍ နတ်သားကဆိုသော အခါ၊ ဟုနံသည် လူအပေါင်းတို့သည် နတ်သားအား ကျေးဇူးတင်လျှ၍ ပူဇော်ခြင်းကိုပြုလိုရကား၊ ဤဂါထာကိုဆို၏။

ဂတ္ဝါမယံသိန္ဓုသောဝိရံဘူမိ၊ ဓနတ္ထိကာဥဒယပဏ္ဍယာနာ။
ယထာပယောဂါပရိပုဏ္ဏစာဂါ၊ ကာဟာမသေရိသမဟံဥဇ္ဇာရံ။ ။

ဓနတ္ထိကာ၊ ဥစ္စာကိုလိုကုန်သော။ ဥဒယပဏ္ဍယာနာ၊ အတိုးအပွားအမြတ်အစွန်းကို အလိုရှိကုန်သော။ မယံ၊ အကျွန်ုပ်တို့ ကုန်သည် လူအပေါင်းတို့သည်။ ယထာ၊ အကြင်အချင်းဖြင့်။ ပယောဂါ၊ အားထုတ်ပြုလုပ်ကြကုန်လျက်။ သိန္ဓုသောဝိရဘူမိ၊ သိန္ဓုအရပ် သောဝိရအရပ်သို့။ ဂတ္ဝါ၊ သွားကြကုန်၍။ ပရိပုဏ္ဏစာဂါ၊ ပြည့်စုံသောစွန့်ကြဲခြင်းရှိကုန်လျက်။ ဥဇ္ဇာရံ၊ မွန်မြတ်စွာသော။ သေရိသမဟံ၊ ကုက္ကိုပင်ဘုံနန်း စံမြန်းသော နတ်သားအား ပူဇော်ခြင်းကို။ ကာဟာမ၊ ပြုပါကုန်အံ့။

အသင်နတ်မင်း စောင့်ရှောက်ခြင်းဖြင့် အကျွန်ုပ်တို့ ကုန်သည် လူအပေါင်းတို့သည် ,သိန္ဓုသောဝိရအရပ်သို့သွား၍ ကူးသန်းရောင်းဝယ်ခြင်းကိုရှု ပြည့်စုံသောအခါ၊ အခုသိရိသနတ်မင်းအား ပူဇော်ပါအံ့ဟူ၍

ဆိုသောအခါ၊ ရာဇညနှတ်သားသည် ကုန်သည်တို့အား ဆုံးမသြဝါဒ ပေးလိုရကား၊ ဤဂါထာကိုဆို၏။

မာစေဝသေရိသမဟံအကတ္ထ၊ သဗ္ဗဉ္ဇဝေါဘာဝိသတိ ယံ ဝဒေထ။
ပါပကမ္မာနိဝိဝဇ္ဇယာထ၊ မေမ္မာနုယောဂဉ္စအဓိဋ္ဌဟာထ။ ။

တာတာ၊ အမောင်ကုန်သည်တို့။ သေရိသမဟံ၊ သေရိသအမည်ရှိ သော ကုက္ကိုပင်နှတ်သားအားပူဇော်ခြင်းကို။ မာစေဝအကတ္ထ၊ မပြုကြ ကုန်လင့်။ ယံ၊ အကြင်ကုန်သွယ်ရန်အကြောင်းစကားကို။ ဝေါ၊ သင်တို့ သည်။ ဝဒေထ၊ ဆိုကြကုန်၏။ သဗ္ဗဉ္စ၊ အလုံးစုံသော ထိုကုန်သွယ်ခြင်း သည်လည်း။ ဘာဝိသတိ၊ ပြည့်စုံပြီးစီးခြင်း ဖြစ်လတ္တံ့။ ပါပကမ္မာနိ၊ မကောင်းမှုကံတို့ကို။ ပရိဝဇ္ဇယာထ၊ ရှောင်ကြဉ်ကြလေကုန်လော။ မေမ္မာနု ယောဂဉ္စ၊ တရားတော်အားလျော်သော အလှူဒါနကုသိုလ် ကောင်းမှုကို လည်း။ အဓိဋ္ဌဟာထ၊ ကျင့်သုံးဆောက်တည်ကြလေကုန်လော့။ ဣဒံ၊ ဤသို့မကောင်းမှုကို ရှောင်ကြဉ်ခြင်း။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်း သည်။ သေရိသမဟံ၊ ကုက္ကိုပင်နှတ်ကိုပူဇော်ခြင်းမည်၏။

အိုအမောင်ကုန်သည်တို့။ ကုက္ကိုပင်နှတ်ကို ဂရုစိုက်ပူဇော်ဘွယ်မရှိ။ သင်တို့သည် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်းအစရှိသော မကောင်းမှုကိုရှောင်ကြဉ်ကြလော။ တရားနှင့်အညီအလှူပေးခြင်း၊ဥပုသ် စောင့်သုံးခြင်းစသော ကုသိုလ်ကောင်းမှုကိုလည်း ပြုလုပ်ကြကုန်လော။ ဤသို့ပြုလုပ်ခြင်းသည် ကုက္ကိုပင်နှတ်ကိုပူဇော်သည်မည်၏ဟူ၍ ရာဇည နှတ်သားကပြောဆိုသောအခါ၊ ကုန်သည်တို့သည် နှတ်သားပြောဟော ဆုံးမသည်ကို ဝန်ခံကြကုန်၏။ ထိုနောက် ရာဇညနှတ်သားသည် ဥပါ သကာ လူမှန် လူကောင်း သူတော်ကောင်း သူမှန် သူမြတ်လွန်၏ဂုဏ် ကို ထုတ်ဘော်ညွှန်ပြသောအားဖြင့်။ ဥပါသကောအတ္ထိ ဣမသ္မိံ သံဃေ။ အစရှိသောဂါထာတို့ကိုဆို၏။

ဣမသ္မိံ သံဃေ၊ ဤကုန်သည်လူအပေါင်းတို့အတွင်း၌။ ဥပါသကော၊ ရတနာသုံးပါးကို ရိုသေစွာဆည်းကပ်တတ်သော ဥပါသကာယောက်ျား တယောက်သည်။ အတ္ထိ၊ ရှိ၏။ ဗဟုသုတော၊ တရားကျမ်းဂန်တို့၌ကြည့်ရှု မှတ်သား ကြားနာခြင်းများ၏။ သိလဝတူပပန္နော၊ သိလအကျင့်နှင့် ပြည့်စုံ၏။ သဒ္ဓေါစ၊ ကံအကျိုးကိုယုံကြည်ခြင်း သဒ္ဓါတရားနှင့်ပြည့်စုံ၏။ စာဂိစ၊ စွန့်ကြဲခြင်းလည်းရှိ၏။ သုပေသလောစ၊ သိလအကျင့်၌ ကောင်း

စွာချစ်တတ်၏။ ဝိစက္ခဏောဟု၊ ပြုသင့်မပြုသင့်ထောက်ချင့်ပြီးကာ၊သိတတ်စွာ၏။ သန္တုဿိတောဟု၊ ရောင့်ရဲလွယ်သော သဘောရှိ၏။ မုတိမာ၊ ကမ္မသကညာဏ်အစရှိသည်ဖြင့်၊ ဤဘဝနောက်ဘဝအကျိုးတို့ကိုသိတတ်သော ပညာနှင့်ပြည့်စုံ၏။

သော၊ ထိုသူတော်ကောင်းသူမှန် သူမြတ်လွန်ဖြစ်သော ဥပါသကာ ယောကျ်ားသည်။ သံဇာနမာနော၊ ချစ်လွဲသည်ကိုသိလျက်။ မုသာ၊ ချစ်လွဲသောစကားကို။ နဘဏေယျ၊ မပြောဆို။ ပရူပဃာတာယ၊ သူတပါးကို ညှင်းဆဲခြင်း သတ်ဖြတ်ခြင်းငှါ။ နစေတေယျ၊ မပြုလုပ်။ ဝေဘူတိကံ၊ ကွဲပြားကြောင်းဖြစ်သော။ ပေသုဏံ၊ ဂုံးတိုက်သောစကားကို။ နောကရေယျ၊ မပြောဆို။ သဓိလံ၊ ပြေပြစ်သော။ သဏှဇ္ဇဝါစံ၊ နူးညံ့သော စကားကို။ ဘဏေယျ၊ ဆိုရာ၏။ သဂါရဝေါ၊ ရှိသေခြင်းရှိ၏။ သပ္ပဋိဿော၊ တုတ်ဝပ်ကျိုးနွံစွာ ဆုံးမခံလေ့ရှိ၏။ ဝါ၊ သူတော်ကောင်းတို့ ဆုံးမသည်ကို ရှိသေစွာလိုက်နာလေ့ရှိ၏။ ဝိနီတော၊ ကိုယ်နှုတ်စိတ်ကိုဆုံးမလေ့ရှိ၏။ အပါပကော ယုတ်မာသောသဘောမရှိ။ အဓိသီလေ၊ ဥပါသကာတို့ စောင့်သုံး သင့်သော အဓိသီလဌ။ ဝါ၊ ငါးပါးသီလဌ။ သုဒ္ဓေ၊ စင်ကြယ်၏။ ဝါ၊ ပျက်ခြင်းမရှိ။ ငါးပါးသီလမြဲ၏။

သောဇနို၊ ထိုဥပါသကာသည်။ မာတာပိတုဝိ၊ အဓိကိုရင်း။ ဗီတာပိတုစ၊ အဘကိုရင်း။ ဓမ္မေန၊ တရားသဖြင့် လုပ်ကိုင် ရှာဖွေ၍ရသော ဥစ္စာဖြင့်။ ပေါသေတိ၊ ကျွေးမွေး၏။ အရိယဝုတ္တိ၊ မြတ်သောစင်ကြယ်သော အသက်မွေးခြင်းရှိ၏။ သော၊ ထိုဥပါသကာသည်။ မာတာပိတူနံ၊ အမိအဘတို့၏။ ကာရဏာ၊ အကြောင်းကြောင့်။ ဘောဂါနိ၊ ဥစ္စာတို့ကို။ ပရိယေသတိ ရှာဖွေ၏။ နဲ အတ္ထာယောတု၊ မိမိအကြောင်းကြောင့်မဟုတ်။ သော၊ ထိုဥပါသကာသည်။ မာတာပိတူနဉ္စ၊ အမိအဘတို့၏လည်း။ အစ္ဆယေန၊ သေလွန်သဖြင့်။ နေကွမပေါနော၊ တောထွက်ခြင်းဌ စ်တည့်တည်သည်ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သောရဟန်းအကျင့်ကို။ စရိသတိ၊ ကျင့်လတံ့။

သော၊ ထိုဥပါသကာသည်။ ဥဒ္ဓ၊ ဖြောင့်မတ်၏။ အဝကော၊ ကောက်ကျစ် စဉ်းလဲမရှိ။ အသဌော၊ ညုံလုံး ချိုလုံး ဟိတ်ဟန်လုံးကို အသုံးမပြု။ အမာယော၊ မာယာကာရမရှိ။ ဝါ၊ ညာလုံး လှိုင်းလုံး မရှိ။ လေသကမ္ပေန ပြုကောင်းသကဲ့သို့။ ဝါ၊ ပရိယာယ်ဆင်၍။ နဝေါဟရေယျ၊ မပြောဆို။ သော၊ ထိုဥပါသကာသည်။ တာဒိသော၊ ထိုသို့သဘောရှိ

သော။ ဝါ၊ ထိုကဲ့သို့သော။ သုကတကမ္မကာရီ၊ ကောင်းသောအမှုကို ပြုလုပ်လေ့ရှိ၏။ ဓမ္မေ၊ တရားခို။ ဌိတော၊ တည်၏။ ဒုက္ခံ၊ ဆင်းရဲကို။ ဟ်ဿ်ဿ်၊ အဘာယ်သို့လျှင်။ **ဟ**ောဏ၊ ရနိုင်တော့မည်နည်း။

(ဤကဲ့သို့ငါးပါးသိလတည်သော သူကောင်းသူမှန် သူမြတ်လွန်သည်၊ ငရဲ, တိရစ္ဆာန်, အသူရကာယ်,၊ အပါယ်ဆင်းရဲ ဒုက္ခသို့ မကျရောက်နိုင်ဟူလို)။

ဝါဏိဇာသေ၊ ကုန်သည်အပေါင်းတို့။ တံကာရဏာ၊ ထိုသူတော်ကောင်း ဥပါသကာကို အကြောင်းပြု၍။ အတ္ထနာ၊ ငါနှတ်သားသည်။ ဝါ၊ အတ္ထာနံ၊ ငါနှတ်သား၏ကိုယ်ကို။ ဇာမှာကံ၊ သင်ကုန်သည်ကို့အား။ ပါတုကတော၊ ကိုယ်တိုင် ထင်ထင် မြင်ရအောင်ပြသည်။ အမှိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဝေ့မှေ၊ သင်ကို့သည်။ မှံ၊ တရားကို။ ပသ္သထ၊ ရှုကြကုန်လော့။ ဣဟ၊ ဤသဲကန္တာရခရီးခဲ၌။ ဝေ့မှေ၊ သင်တို့သည်။ အရည်ရ၊ လူသူမနိုး တောကြီးအဝ၌။ အန္ဓာကုလာ၊ သူကာဏ်းကဲ့သို့ တောင်မြောက်ဝေမှန်း၊ယောင်ရမ်းကုန်သည်ဖြစ်၍။ တေန၊ ထိုဥပါသကာ ကို။ အညတြ၊ ချန်ထား၍။ ဘဒ္ဒံဘဝေထ၊ ပြာဖြစ်ကုန်ရာ၏။

(ဤသဲကန္တာရခရီးခဲ၌ ဥပါသကာ တယောက်ကို အကြောင်းပြု၍ သင်တို့ကိုမသေဘဲ ချမ်းသာရာရအောင် ငါစောင်မသည်ဟူလို)။

တံ၊ ထိုဥပါသကာကို။ ပရေန၊ သူတပါးသည်။ ဒိဋ္ဌမာနေန၊ ပိဋ္ဌေန၊ နှိပ်စက်သဖြင့်။ နကုပ္ပတိ၊ စိတ်မဆိုး။ တသ္မာ၊ ထိုကြောင့်။ သပ္ပုရိသေန၊ သူတော်ကောင်းနှင့်။ သင်္ဂမော၊ ပေါင်းဘော်ရခြင်းသည်။ ဟဝေ၊စင်စစ်။ သုခေါ၊ ချမ်းသာ၏။

အိုကုန်သည်အပေါင်းတို့။ သင်တို့ကုန်သည် အပေါင်းတို့၏အတွင်းခဲ့ ငါးပါးသိလမြဲသော သူတော်ကောင်း တယောက် ပါ၏။ ထိုသူတော်ကောင်းကိုအကြောင်းပြု၍ ငါနှတ်သားသည် သင်တို့အား ကိုယ်တိုင်ပြု၍ ကယ်မပေ၏။ ဤသူတော်ကောင်းမပါလျှင် သဲကန္တာရခရီးခဲ့သင်တို့သည် ပြာဖြစ်ကုန်ရာ၏။ ထိုကြောင့် ငါးပါးသိလကိုမြဲစွာစောင့်ရှောက်ကြကုန်လောဟူ၍ ရာဇာည နှတ် သား က ပြောသောအခါ၊ ကုန်သည်အပေါင်းတို့သည်။ ကိုံနာမသော၊ အစရှိသောဂါထာဖြင့်မေးကြကုန်၏။

ယက္ခ၊ နှတ်မင်း။ သော၊ ထိုငါးပါးသိလမြဲသော သူတော်ကောင်းသည်။ကိုံနာမ၊အသို့အမည်ရှိပါသနည်း။ကိုံစကမ္ဘံ၊ကုန်သည်လယ်လုပ်

စသည်တို့တွင် အဘယ်မည်သောအလုပ်အကိုင်ကို။ ကရောတိ၊ပြုလုပ်ပါ သနည်း။ ကိုံနာမဟေယျံ၊အဘယ်သို့အမည်မှည့်ထားပါသနည်း။ ဝေဿ၊ ထိုင်းပါးသိလမြဲသော သူတော်ကောင်း၏။ ဂေါတ္တံ၊ အနွယ်သည်ကား။ ကိုံပန၊ အဘယ်အနွယ်ပါနည်း။ ယဿ၊ အကြင်ငါးပါးသိလမြဲသော သူ တော်ကောင်းအား။ အနုကမ္ပါယ၊ အစဉ်သနားသဖြင့်။ ဝါ၊ ဝဲ့ညှာခြင်း ထောက်ထားခြင်းကိုပြု၍။ ဣဓ၊ ဤအရပ်သို့။ တံ၊ သင်နတ်မင်းသည်။ ဂတော၊ ကိုယ်တိုင်ပြု၍ရောက်သည်။အသိ၊ဖြစ်၏။ နံ၊ ထိုသူတော်ကောင်း ကို။ မယံပိ၊ အာဂ္ဂနိုပ်တို့သည်လည်း။ ဒဠ္ဠကာမမ္ဘ မြင်လိုသိလိုပါကုန်၏။

အသင်နတ်မင်းသည် ငါးပါးသီလမြဲသော သူတော်ကောင်းကို ဝဲ့ညှာ ထောက်ထား သနားခြင်းကိုပြု၍ ကိုယ်တိုင်ထင်စွာ ရောက်၍လာသော၊ ထိုသူတော်ကောင်းသည် ဂျနိုပ်တို့ကုန်သည်အပေါင်းခဲ့ အဘယ်သူ ဖြစ် ပါသနည်းဟူ၍ ကုန်သည်တို့က မေးမြန်းသောအခါ၊ ရာဇညနတ်သား သည်။ ယောကပ္ပကော၊ အစရှိသောဂါထာဖြင့် ညွှန်ပြလေ၏။

ယောဥပါသကော၊ အကြင်ဥပါသကာသည်။ ကပ္ပကော-နှာပိကော၊ ဆတ္တာသည်ဖြစ်၏။ သမ္ဘဝနာမဟေယျော၊ သမ္ဘဝဟူသော အမည်ကို မှည့်ထား၏။ ကောဇ္ဇဝလူပဇီဝိ၊ ခေါင်းဖီးသောဘီး၊ ပျဉ်ပြားစသည်ကို ဖြိ၍ အသက်မွေး၏။ တုမှာကံ၊ သင်တို့၏။ ပေသိယော၊ အစေခံဖြစ်၏။ နံ၊ ထိုသင်တို့အစေခံဖြစ်သော ဆတ္တာသည်ကို။ ဇာနာတ၊ သိကြလေကုန် လော့။ သော၊ ထိုအစေခံသည်။ ဥပါသကော၊ ရတနာသုံးပါးကို ရိုသေ စွာ ဆည်းကပ်တတ်၏။ မာဟိဠ္ဌေ၊ မနှိပ်စက်ကြကုန်လင့်။ သော၊ ထို ဆတ္တာသည်ဖြစ်သော ဥပါသကာသည်။ သုပေသလော၊ ငါးပါးသီလကို ကောင်းစွာချစ်သောသူတည်း။ ။(သန္ဓိ၀-အချို့ရှိ၏။)

အိုကုန်သည်အပေါင်းတို့။ သင်တို့၏အစေခံ **သ မ္ဘ ဝ** အမည်ရှိသော သူသည် ရတနာသုံးပါးကို ရိုသေစွာဆည်းကပ်တတ်သော ဥပါသကာ ဖြစ်၏။**ငါးပါးသီလ**ခွဲမြဲစွာဆောက်တည်၍သီလကိုချစ်သောသူတည်း။ ထိုသင်တို့၏ အစေခံဖြစ်သော ဆတ္တာသည်ကို မရိုမသေ မထိလေးစား မပြုကြကုန်လင့်ဟူ၍ ရာဇညနတ်သားကပြောသောအခါ၊ နတ်သားပြော ပေါသည့်အတိုင်း ဝန်ခံလိုရကား။ ဇာနာမသေ ယံ ကဲ့ ဝဒေသိယက္ခ၊ အစရှိသောဂါထာကိုဆိုကြကုန်၏။

ယကၠ၊ နတ်မင်း။ ယံ၊ အကြင်ဆတ္တာသည် အစေခံကို။ တွံ၊ သင်နတ်မင်းသည်။ ဝဒေသိ၊ ဥပါသကာ သူတော်ကောင်းဟူ၍ ပြောဆိုဏ်။ တံ၊ ထိုဆတ္တာသည်ကို။ မယံ၊ အကွ,နိုပ်တို့သည်။ ဇာနာမသေ၊ သိကြပါကုန်ဏ်။ ခေါ၊ ယင်းသို့သိကြပါသော်လည်း။ နံ၊ ထိုဆတ္တာသည် အစေခံကို။ ဇေဒိသောတိ၊ ဤသို့ငါးပါးသိလမြဲသောသူတော်ကောင်းဟူ၍။ နဇာမသေ၊ မသိကြပါကုန်။ ယကၠ၊ နတ်မင်း။ ယေသံပိ၊ အကွ,နိုပ်တို့သည်လည်း။ တုယ္ဟံ၊ အသင်နတ်သား၏။ ဝစနံ၊ စကားကို။ သုတ္တာ၊ ကြားရ၍။ ဥဋ္ဌာရံ၊ မွန်မြတ်စွာ။ နံ၊ ထိုသူတော်ကောင်းဆတ္တာသည်အစေခံကို။ ပူဇယိသာမ၊ပူဇော်ကြပါကုန်အံ့။

ဤဆတ္တာသည်အစေခံကိုကား၊ ကွ,နိုပ်တို့စေခိုင်း၍နေသောသူဟူ၍သိကြပါကုန်ဏ်။ ငါးပါးသိလမြဲသော ဥပါသကာသူတော်ကောင်းဟူ၍ မသိကြပါကုန်။ ယခုနတ်သား ပြောသောအခါမှ ရတနာသုံးပါးကိုဆည်းကပ်ရိုသေသော ဥပါသကာဟူ၍သိကြပါကုန်ဏ်။ ဤသူတော်ကောင်းဖြစ်သော ဆတ္တာသည်ကို ဤမှစ၍ပူဇော်ကြပါကုန်အံ့။ မြတ်နိုးကြပါကုန်အံ့။ အလေးဂရုပြုပါကုန်တော့အံ့။ မရိုမသေ မထိလေးစား မပြုပါကုန်ဟူ၍ ကုန်သည်အပေါင်းတို့ကပြောဆိုသောအခါ။

ရာဇညနတ်သားသည် ထိုသူတော်ကောင်းဆတ္တာသည် ဥပါသကာတရယောက်ကိုအကြောင်းပြု၍ အလုံးရုံသောကုန်သည် လူအပေါင်းတို့ကို ဘုံဗိမာန်အပေါ်သို့တက်ရောက်စေ၍ကြည့်ရှုစေပြီးလျှင်။ဤကားကောင်းမှုကုသိုလ်ကိုပြုလုပ်၍မကောင်းမှုအကုသိုလ်ကိုရှောင်ကြဉ်လျက် ငါးပါးသိလကိုစောင့်ထိန်းသောသူတို့၏စံစားရာဖြစ်သောနတ်ဘုံဗိမာန်ရေကန်ဥယျာဉ် ဘောဇဉ်ခဲဘွယ် အသွယ်သွယ် အဖုံဖုံ၊ အလုံးရုံသော နတ်ဆိုးအခြွေ အရုံတို့နှင့်တကွ၊ စည်းစိမ်ချမ်းသာကို ခံစား စံစား၍ နေရသော အကျိုးတို့တည်းဟူ၍ ဆုံးမပြောဟောခြင်းငှါ၊ ဤဂါထာကိုဆိုဏ်။

ယေကေစိ မသ္မိံ သဏ္ဌေ မနုဿာ၊
ဒဟရာ မဟန္တာ အထဝါပိ မဇ္ဈိမာ။
သဗ္ဗေ ဝေ အာလဘန္တု ဝိမာနံ၊
ပဿန္တု ပုညာနံ ဖလံ ကဒရိယာ။

ဣမသ္မိံ သတ္တေ၊ ဤလှည်းကုန်သည်အပေါင်းခဲ့။ ဒဟရာ၊ ငယ်သည်လည်း ဖြစ်ကုန်သော။ မဟာနာ၊ ကြီးသည်လည်းဖြစ်ကုန်သော။ မဇ္ဈိမာ၊ အလယ်လည်းဖြစ်ကုန်သော။ယေကေစိမနုဿာ၊အလုံးစုံကုန်သောလှည်းကုန်သည်လူအပေါင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၀၊ အလုံးစုံသာ လျှင် ဖြစ်ကုန်သော။ တေ၊ ထိုလူအပေါင်းတို့သည်။ ဝိမာနံ၊ ငါ၏ဘုံဗိမာန် အပေါ်သို့။ အာလဘန္တု၊ တက်ရောက်ခြင်းငှါ ရကြစေကုန်သတည်း။ ကဒရိယာ၊ ဥစ္စာစုံမက် မလှူရက်သော သူတို့သည်။ ပုညာနံ၊ ကုသိုလ်ကောင်းမှုတို့၏။ ဖလံ၊ အကျိုးကို။ ပဿန္တု၊ ကြည့်ရှုကြကုန်လော။

အိုကုန်သည်လူအပေါင်းတို့။ သင်တို့သည် ငါ၏ဘုံဗိမာန်ကြီးအပေါ်သို့တက်၍ ကြည့်ရှုကြကုန်လော့။ သင်တို့သည် ဥစ္စာကို စုံမက်သဖြင့် မလှူရက်ကြကုန်။ လှူခြင်း၏အကျိုးကို ကြည့်ရှုကြလေကုန်ဟု၍ဆိုသော အခါ၊ ထိုလှည်းကုန်သည်လူအပေါင်းတို့သည် နတ်ဘုံဗိမာန်ကြီးအပေါ်သို့ ငါရှေးဦးစွာတက်မည်၊ ငါရှေးဦးစွာတက်မည်ဟု၊ သူ့ထက်သူ ရှေးဦးစွာရောက်အောင် တက်၍ ကြည့်ရှုကြကုန်၏။ ရာဇညနတ်သားသည် လှည်းကုန်သည် လူအပေါင်းတို့အား၊ ဘုံဗိမာန်ကြီး၏ မွေ့လျော်ဘွယ် အသွယ်သွယ်အဖြာဖြာမျိုးစွာသောအခန်းဆောင်ကို့ကိုပြ၍ဆုံးမသြ၀ါဒပေး၏။

ထိုကုန်သည်လူအပေါင်းတို့သည် သရဏာဂုံတို့ကို ဆောက်တည်၍ ပဉ္စသီလခြကြလေကုန်၏။ သရဏာဂုံ ပဉ္စသီလကို မြဲစွာဆောက်တည်ပြီး၍ ဝမ်းမြောက်ရွှင်လန်းစွာ နတ်ဘုံဗိမာန်ကြီးအပေါ်မှဆင်းလာကြပြီးလျှင်၊ ရာဇညနတ်သား၏ တန်ခိုးအားဖြင့် သိန္ဓုသောဝိရအရပ်သို့ အခေါက်ခေါက်အပြန်ပြန် ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်းကိုပြု၍ ပြည့်စုံသော ဥစ္စာပစ္စည်းကိုရကြ၍ ဘေးအန္တရာယ်မရှိ၊ ပါတလိပုတ်ပြည်သို့ပြန်လာကြပြီးလျှင်၊ မိမိတို့၏နေရာအိမ်တို့၌ သားမယားတို့နှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာ နေကြပြီးလျှင်၊ အကြီးအကျယ် ကျောင်းတိုက်ကြီး ကို တံတိုင်းပရဝုဏ်တို့ဖြင့်ကာရံ၍ ပြာသာဒ်ရှည် ပြာသာဒ်တို့ စင်ကြယ်၊ ဇရပ်–တန်ဆောင်း၊ ရေတွင်း ရေကန်တို့နှင့်အပြည့်အရုံတည်ထားဆောက်လုပ်ပြီးလျှင်၊ ကျေးဇူးတင်သောအားဖြင့်၊ ထိုကျောင်းတိုက်ကြီးကို **သေရိသက** ကျောင်းတိုက်ဟု၍ အမည်ခေါ်ကြကုန်၏။

သမ္ဘဝ အမည်ရှိသော ဆတ္တာသည် ဥပါသကာသည် **ပါရာသိ**ရာဇညနတ်သား နှင့် လှည်းကုန်သည် လူအပေါင်းတို့၊ သဲကန္တာရ ခရီးခဲခဲတွေ့ကြသောအကြောင်းအရာအလုံးစုံတို့ကို သံဂါယနာတင်အရှင် မထေရ်တို့အား လျှောက်ကြားလေ၏။ **အရှင်ယသထေရ်** အမှုးရှိကုန်သော ရဟန္တာကြီးတို့သည် ဒုတိယသံဂါယနာတင်သောအခါ၌ သံဂါယနာတင်ထားကြကုန်၏။ ။သမ္ဘဝအမည်ရှိသော ဆတ္တာသည် ဥပါသကာသည် အမိအဘာတို့သေလွန်ပြီးနောက် ရဟန်းပြု၍တရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်၌တည်၍ ရဟန္တာဖြစ်လေသတည်း။

ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အနှစ်တရာရှိမှဖြစ်သော
ရာဇညနတ်သားဝတ္ထုပြီး၏။

* * *

သုနိက္ခိတ္တနတ်သားဝတ္ထု ။

ငါတို့မြတ်စွာဘုရားပွင့်တော်မမူမီ၊ ရှေးအဘို့ဖြစ်သော အနန္တရကပ် အတွင်း၌ပွင့်တော်မူသောကဿပမြတ်စွာဘုရားလက်ထက်တော်အခါ။ နှစ်ပေါင်းနှစ်သောင်းအသက်ရှည်သောကာလဖြစ်၏။ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ၊ ခေတ်တော်တို့ကို ဌာပနာ၍ ကိုးကွယ်ကြရန် တယူဇနာမြင့်သော ရွှေစေတီကိုတည်၍ပြီးသောအခါ၊ လူအပေါင်းတို့သည် ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်ခြင်းကို ပြုကြကုန်၏။ ထိုအခါ၌ ဥပါသကာတယောက်သည် လူအပေါင်းတို့ ပြန်သွားကုန်သည်ရှိသော်၊ ထိုလူအပေါင်းတို့ပူဇော်သောပန်းတို့ကို စေတီတော်ရင်ပြင်၌ အထားအသိုတင်လျှုပ်မကောင်းသည်တို့ကိုမြင်၍ ထိုပန်းတို့ကိုကောင်းမွန်စွာပြင်ဆင်၍ထားပြီးလျှင်၊ ရှေ့ချင်ဘွယ်ရှိအောင် တဘန်ပူဇော်ပြန်၏။ ထိုကဲ့သို့ သူတပါးတို့ ပူဇော်ပြီးသောပန်းတို့ကို ကောင်းမွန်စွာပြင်ဆင်၍ ရှေ့ချင်ဘွယ်ရှိအောင် တင်လျှုပူဇော်ပြီးလျှင်၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကိုအောင်းမေ့လျက် စိတ်ကိုကြည်ညိုစေ၏။

ထိုဥပါသကာသည် ရုတေသောအခါ၊ ထိုကုသိုလ်ကံဖြင့် တာဝတိံသာ နတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်၌နတ်သားဖြစ်၍၊ ကြီးသော အာနုဘော်ရှိ၏။ မျှားစွာသောနတ်သြီးအခြွေအရံရှိ၏။ ထိုနတ်

သားသည် နတ်ပြည်တို့၌သာလျှင် စည်းစိမ်ချမ်းသာကိုစံစားလျက်နေ၍ ငါတို့မြတ်စွာဘုရားပွင့်တော်မူ၍ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်၊ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် တာဝတိံသာ နတ်ပြည်သို့ ဒေသစာရိကြွချီတော်မူလျှင်၊ ထိုနတ်သား၏ဘုံဗိမာန်တံခါးဝသို့ရောက်တော်မူ၍၊ ထိုနတ်သားသည် ဗိမာန်တွင်းမှလွှတ်၍ ဂိုဏိုးပြီးလျှင် လက်အုပ်ချီလျက်ရပ်၏။

ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည်။ဥစ္စမိဒံမဏိထူဏံ ဗိမာနံ၊ အစရှိသောဂါထာတို့ဖြင့်မေးတော်မူ၏။ ။ထိုသို့မေးတော်မူသော် ထိုနတ်သားသည် ဤဂါထာဖြင့်လျှောက်ကြား၏။

ဒုန္ဒိကွိတ္တံ မာလံ သုနိက္ခိပိတ္ထာ၊
ပတိဋ္ဌပေတ္ထာ သုဂတဿ ထူပေ။
မဟိဒ္ဓိကောစမ္မိ မဟာနုဘာဝေါ၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတော။ ။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ သုဂတဿ၊ မြတ်စွာဘုရား၏။ ထူပေ၊စေတီတော်၌။ ဒုန္ဒိကွိတ္တံ၊သူတပါးတို့ ဖရိုဖရဲတင်လှူ၍ထားသော။ မာလံ၊ ပန်းကို။ သုနိက္ခိပိတ္ထာ၊ ရှုချင်ဘွယ် ကြည်ညှိဘွယ်၊ တင့်တယ်သပ်ရပ်၊ လျောက်ပတ်လှစွာ၊ စိတန်းကာဖြင့်၊ ကောင်းစွာ ပြုပြင်တင်ထား၍။ ပတိဋ္ဌပေတ္ထာ၊ သူတပါးတို့ လှူပြီးသောပန်းကိုပင် ပြင်ဆင်တင်ထားခြင်းကြောင့်။ မဟိဒ္ဓိကောစ၊ ကြီးသောတန်ခိုးဂုဏ်သည်လည်း။အမှီ၊ ဖြစ်ပါ၏အရှင်ဘုရား။မဟာနုဘာဝေါစ၊ ကြီးသောအစွမ်းအာနုဘော်ဂုဏ်သည်လည်း။အမှီ၊ ဖြစ်ပါ၏ဘုရား။ ဒိဗ္ဗေဟိ၊ နတ်ပြည်၌ဖြစ်ကုန်သော။ ကာမေဟိ၊ ငါးပါးအာရုံ ကာမဂုဏ်တို့နှင့်။ သမင်္ဂီဘူတောစ၊ ပြည့်စုံစွာဖြစ်ရခြင်းသည်လည်း။ အမှီ၊ ဖြစ်ပါ၏ဘုရား။

(ဘုရားစေတီတော်၌ သူတပါးတို့ တင်လှူထားသောပန်းတို့ ဖရိုဖရဲ ပြန့်ကြဲ၍နေသည်ကို ကြည်ညှိဘွယ်ရှုချင်ဘွယ်ရှိအောင် စိကာတန်းကာ တင့်တယ်စွာ ပြင်ဆင်၍ထားသောကုသိုလ်ကြောင့်၊ နတ်ပြည်၌ တန်းခိုးအာနုဘော်ကြီးသော နတ်သားဖြစ်၍ ကာမဂုဏ်ငါးပါးတို့ကို အလိုရှိတိုင်း ခံစားကံစား၍နေရပါသည်ဘုရားဟု**သုနိက္ခိတ္တနတ်သား**ကအရှင်မဟာမောဂ္ဂလာန်အားလျှောက်ကြား၏။ အရှင်မောဂ္ဂလာန်သည် လူ

ပြည်သို့ပြန်လာသောအခါ၊ ထိုအကြောင်းကိုမြတ်စွာဘုရားအားလျှောက်ကြားပြန်၏။ မြတ်စွာဘုရားသည် လူပရိသတ်တို့အား ဟောကြားတော်မူ၏။ လူပရိသတ်အပေါင်းတို့သည် သုနိက္ခိတ္တနှတ်သား၏ဝတ္ထုကို မှတ်သား၍ငါတို့သည်လည်း သုနိက္ခိတ္တနှတ်သားကဲ့သို့ မိမိကတစုံတခုသော ဥစ္စာကိုစိုက်ထုတ်၍ကုန်ကျသည်မဟုတ်။ သူတပါးတို့တင်လှူထားသော ပန်းဘို့ကိုတဘန်ပြင်ဆင်၍ ကြည်ညိုဘွယ်ရှိအောင်ပြုလုပ်ရုံမျှဖြင့်ကြီးစွာသော နှတ်စည်းစိမ်ကိုရပေတော့အုံ့ဟုနှလုံးပြု၍ စေတီတော်သို့ဖူးမျှော်ရန်ရောက်သောအခါ၊ သူတပါးတို့ တင်လှူသောပန်းတို့ကို တဘန်ပြင်ဆင်၍ စိတန်းကာ ထားပြီးလျှင် တင်လှူကြကုန်သောကြောင့်၊ ထိုသူတို့သည်လည်း၊ နှတ်ပြည်သို့ရောက်ကြကုန်၏။

သုနိက္ခိတ္တနှတ်သားဝတ္ထုပြီး၏။

ဒိမာနဝတ္ထုတော်ကြီးပြီး၏။

ကျမ်းပြီးနိဂုံး။

ရွှေရောင်ငွေရောင် စိန်ရောင် မြရောင်ပတ္တမြားရောင် ပုလဲရောင်တို့ဖြင့် ပြောင်ပြောင်ပြိုးပြိုး၊ ဒိမာနိကြီးတို့၌၊ နှတ်သံုးနှတ်သားတို့၊ စိတ်ပျော်ပါး၍ စံစားကြသော စည်းစိမ်ချမ်းသာ ကြီးကျယ်ပုံနှင့်တကွ၊ ဒိမာနဝတ္ထုပါဠိတော်ကို၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်နှင့် မြတ်စွာဘုရားဟောကြားတော်မူသည့် ဒိမာနဝတ္ထုပါဠိတော်ကို မကွေးမြို့၊ ရေအောင့်တိုက်နယ်၊ မြို့မိရွာလျှင် ဗွားရာဇာတိ ပဝတ္တိ၊ ရန်ကုန်မြို့သရက်တောကျောင်းတိုက်၊ မြို့မိကျောင်း၌ ကိန်းအောင်းစံပျော်သိတင်းသုံးတော်မူသောသိက္ခာကာမပိဋကတ္တယကောဝိဒ၊ဝိပဿနာကောသလ္လဖြစ်တော်မူသော မြို့မိဆရာတော်ဦးဇေယျသေနအရှင်သူမြတ်သည်ပါရမီအလို့ငှါ၊ ဒိမာနဝတ္ထုပါဠိတော်ဝိမာနအဋ္ဌကထာတို့မှထုတ်နှုတ်၍မြန်မာစကားတို့ဖြင့် သိလွယ်စေခြင်းငှါ၊ ဝတ္ထုသွားဖြင့်ပြုနိုင်ဆို၍ ရေးသားစီရင်အပ်သော**ဒိမာနဝတ္ထုတော်ကြီးသည်**၊ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉) ရက် ကြာသပတေးနေ့တွင်၊ ရန်ကုန်မြို့ ဗဟန်းလမ်း၊ အမှတ် ၂၇၊ မိဘမေတ္တာရွှေတံဆိပ်နှိပ်တိုက်၌၊ စက်တင်ပုံနှိပ်၍ ပြီးစီးပါသတည်း။

 ☆ ☆

ကျမ်းပြီးနေ့ခွဲရက်ချုပ်စာပေမင်း

မကွေးမြို့၊ ရေအောင့်တိုက်နယ်၊ မြို့မိရွာ-မြို့မိကျောင်း ဦးဇေယျသေနသည်၊ နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ်အပါအဝင်ဖြစ်သော ဝိမာနဝတ္ထုပါဠိတော်။ ၎င်းအဋ္ဌကထာ တို့မှ ထုတ် နှုတ် ၍ မြန်မာဘာသာစကားဖြင့် ဝတ္ထုသွားပြန်ဆိုရေးသားစီရင်အပ်သော **ဝိမာနဝတ္ထုတော်ကြီးသည်**၊ မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်စနေနေ့ ညနေချမ်းအချိန်တွင် ပြီးစီးအောင်မြင်သည်။

ကျမ်းပြီးရက်ချုပ်ဂါထာ

နဝုတ္တာဓိကဝဿဒ္ဒိ၊ ဒ္ဒိသတသ္ဓံ သဟာသကေ။
မာဃမာသေတိဟောဇုဏ္ဏေ၊ သာယနသ္မိံ သုနိဋ္ဌိတံ။ ။

ကျမ်းရေးပုဂ္ဂိုလ်၏ဇာတိဘူမိဂါထာ

ယံ ရဋ္ဌံ တမ္ဘဝဏ္ဏေန၊ မဟိတလေန ဒ္ဒိပိတံ။
တမ္ဘဒ္ဒိပေါတိတံ ရဋ္ဌံ၊ ဝေါဟာရေ ပုဇ္ဇကပ္ပိကာ။ ။
နဒ္ဒိယာနိဝတ္ထနမ္ပိ၊ ယံ တံ တိဋ္ဌတိနဂရံ။
နဒ္ဒိနိဝတ္ထနံ ဏတိ၊ ဝေါဟာရေရဋ္ဌဝါသိကာ။ ။
တမ္ဘဒ္ဒိပဝ္ဘယေရဋ္ဌေ၊ နဒ္ဒိနိဝတ္ထနေပုရေ။
ဂါမေနဂရမာဝုကော၊ ဇာတောမ္ဒိ ဂန္ဓကာရရေ။

ဤဂါထာတို့၏အနက်ကို အပဒါနိဝတ္ထု ပထမတွဲ၊ ၈ထိ ၁၀၊ ၈ဆန်း. စာအုပ်တို့၌ကြည့်ရှုရာ၏။

ဦးဇေယျသိန်
မြို့မိကျောင်း
မြို့မိရွာ
မကွေးမြို့ ရေအောင့်တိုက်

☆ ☆